
www.burmeseclassic.com




# ဗိုလ်ချုပ်အောင်ဆန်း

## မိန့်ခွန်းများ

၁၇.၃.၄၅ မှ ၁၉.၇.၄၇ အထိ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ .... .... .... | |
| ၂။ | ဗိုလ်ချုပ်အောင်ဆန်း .... .... .... | ၁ |
| ၃။ | တပ်ထွက်မိန့်ခွန်း .... .... .... | ၄ |
| ၄။ | သရက်ချောင်းရွာမိန့်ခွန်း .... .... .... | ၁၄ |
| ၅။ | ဗမာ့တပ်မတော်တိုင်းမှူးများအစည်းအဝေး .... .... | ၁၆ |
| ၆။ | ပြည်သူ့လွတ်လပ်ရေး .... .... .... | ၁၉ |
| ၇။ | ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး .... .... | ၂၈ |
| ၈။ | သတ္တိရှိလျှင်ရွေးကောက်ပွဲသုံးကြရအောင် .... .... | ၃၈ |
| ၉။ | ကျဆုံးသောရဲဘော်များကျောက်တိုင်မိန့်ခွန်း .... | ၄၈ |
| ၁၀။ | အလယ်ပစ္စယံညီလာခံမိန့်ခွန်း .... .... | ၅၀ |
| ၁၁။ | အမျိုးသားညီညွတ်ရေး .... .... .... | ၉၂ |
| ၁၂။ | ရခိုင်ပြည်အခြေအနေ .... .... .... | ၁၁၁ |
| ၁၃။ | ငါတို့သွားအနိုင်ပိုင်ခဲ့သောနေ့ .... .... .... | ၁၁၇ |
| ၁၄။ | မေဒေးရွှေပြေးမိန့်ခွန်း .... .... .... | ၁၂၄ |
| ၁၅။ | ပညာရေးသည်နိုင်ငံရေးဖြစ်သည် .... .... | ၁၂၅ |
| ၁၆။ | ကမ္ဘာ့အလုပ်သမားနေ့မိန့်ခွန်း .... .... | ၁၂၈ |
| ၁၇။ | ပြည်သူ့လွတ်လပ်မှုချုပ်ချယ်ခြင်းကန့်ကွက်ပွဲမိန့်ခွန်း .... | ၁၃၀ |
| ၁၈။ | လူထုတိုက်ပွဲနေ့မိန့်ခွန်း .... .... .... | ၁၃၅ |
| ၁၉။ | ကွန်မြူနစ်တွေကိုဘာကြောင့်ထုတ်ပစ်ရသလဲ .... .... | ၁၄၁ |
| ၂၀။ | လွတ်လပ်ရေးကို အလျှင်လုပ်ရမည် .... .... | ၁၅၅ |


www.burmeseclassic.com

www.burmeseclassic.com




| | | စာမျက်နှာ |
|---|---|---|
| ၂၁။ | သံတြိုင်ဇရပ်မိန့်ခွန်း .... .... .... | ၁၆၀ |
| ၂၂။ | အားရှိမှအခွင့်အရေးရမယ် .... .... .... | ၁၆၃ |
| ၂၃။ | ဘိလပ်မြန်မာဆွေးနွေးပွဲ .... .... .... | ၁၇၀ |
| ၂၄။ | ယူတတ်မှရမယ် .... .... .... | ၁၇၄ |
| ၂၅။ | မြေစံနစ်ကိုပြုပြင်ပြောင်းလဲချင်တယ် .... .... | ၁၈၂ |
| ၂၆။ | မြန်မာများကစိုးမိုးလို၍မဟုတ် .... .... | ၁၈၅ |
| ၂၇။ | ညီညွတ်စေချင်တယ် .... .... .... | ၁၈၈ |
| ၂၈။ | တောင်းတဲ့အတိုင်းရလိုလက်ခံလာတယ် .... .... | ၁၉၅ |
| ၂၉။ | တနှစ်အတွင်းလွတ်လပ်ရေးရအောင်လုပ်ပေးမယ် .... | ၂၀၁ |
| ၃၀။ | အရေးကြီးသောစက်မှုလုပ်ငန်းများကိုပြည်သူပိုင်လုပ်ရန် .... | ၂၀၈ |
| ၃၁။ | လူထုကိုတပတ်မရိုက် .... .... .... | ၂၁၃ |
| ၃၂။ | ရွေးကောက်ပွဲသတိပေးချက် .... .... .... | ၂၁၉ |
| ၃၃။ | ဂျပန်ကိုချသလိုချမယ် .... .... .... | ၂၂၅ |
| ၃၄။ | စိတ်ချရမဲ့အမတ်များလိုတယ်.... .... .... | ၂၂၉ |
| ၃၅။ | လွတ်လပ်ရေးမှတ်ကျောက် .... .... .... | ၂၃၁ |
| ၃၆။ | တော်လှန်ရေးနှစ်မျိုး .... .... .... | ၂၃၈ |
| ၃၇။ | ဒါတွေလွတ်လပ်ရေးတိုက်ပွဲလား .... .... | ၂၄၂ |
| ၃၈။ | လမ်းနှစ်ခု .... .... .... | ၂၄၃ |
| ၃၉။ | ယကြမှုတွေကိုစစ်တပ်နှင့်နှိမ်တန်လျှင်နှိမ်မယ် .... .... | ၂၅၄ |
| ၄၀။ | လုပ်ငန်းစဉ်ဖြေဘက်ရပ် .... .... .... | ၂၅၅ |
| ၄၁။ | နှစ်သစ်ကူးမိန့်ခွန်း .... .... .... | ၂၇၆ |
| ၄၂။ | ညီညီညွတ်ညွတ်နဲ့တောင့်ခံပါ .... .... .... | ၂၈၃ |
| ၄၃။ | စိတ်ပြောင်းကြစမ်းပါ .... .... .... | ၂၈၄ |
| ၄၄။ | ဖ-ဆ-ပ-လ အမတ်များအတွက် .... .... | ၂၈၉ |
| ၄၅။ | ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံမိန့်ခွန်း .... .... | ၂၉၁ |
| ၄၆။ | မကျေနပ်ယင်ထွက်ပေးမယ် .... .... .... | ၃၁၈ |
| ၄၇။ | ပြန်လည်ထူထောင်ရေး .... .... .... | ၃၂၃ |
| ၄၈။ | အမြဲတမ်းအဆင်သင့်ရှိရမယ် .... .... .... | ၃၄၁ |





| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | ဘယ်သူ့လက်အောက်မှမနေချင်ဘူး .... .... | ၃၄၄ |
| ၅၀။ | တိုင်းပြည်လူထုနှင့်ပူးပေါင်းလုပ်[illegible]ရမည် .... .... | ၃၅၂ |
| ၅၁။ | တိုင်းပြုပြည်ပြုလွှတ်တော် .... .... .... | ၃၆၁ |


## အမှားပြင်ချက်

စာမျက်နှာ ၁၆၊ မိန့်ခွန်းနိဒါန်း၊ စာကြောင်းရေ ၃ တွင် ဂျပန် လက်နက်ချသော ရက်စွဲကို ဩဂုတ်လ ၈ ရက်နေ့ဟု ဖော်ပြထားပါသည်။ ဩဂုတ်လ ၈ ရက်နေ့ အစား, ဩဂုတ်လ ၁၄ ရက်နေ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

www.burmeseclassic.com

# ဓာတ်ပုံများ

၁။ ရှေ့ကိုအနေအထားဖြင့် ... ပြပွဲဖွင့်လှစ်နေစဉ်။

၂။ ကန်တော်မင်ပန်းခြံတွင် ပြုလုပ်သော ပြည်သူ့ လွှတ်လပ်မှု ချုပ်ချယ်ခြင်း ကန့်ကွက်ပွဲသို့ ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိလာစဉ်။

၃။ မြန်မာပြည်တခွင် လှည့်လည်၍ တရားဟောခဲ့စဉ်။

၄။ ဗိုလ်ချုပ် အောင်ဆန်း၏ နယ်လှည့်တရားဟောပွဲများမှ လူထုတစိတ်တဒေသ။

၅။ လေကြောင်းဖြင့် တသွယ်၊ ရေကြောင်းဖြင့် တဖုံ၊ ကုန်းလမ်းဖြင့် တနည်း နယ်လှည့် တရားပွဲများ ပြုလုပ်ခဲ့သည်။

၆။ ပင်လုံညီလာခံ၌ဗိုလ်ချုပ်အောင်ဆန်းကို ဗြိတိသျှ လေဘာအစိုးရ၏ ကိုယ်စားလှယ်ဖြစ်သူ မစ္စတာ ဘော်တွန်မလေနှင့် အတူတွေ့ရစဉ်။

၇။ ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံခရီးတလျှောက် လူထုရှင်းလင်းပွဲ။

၈။ ပင်လုံခရီး တလျှောက် ဗိုလ်ချုပ်အောင်ဆန်း လူထုရှင်းလင်းပွဲများ ပြုလုပ်ခဲ့သည်။

၉။ တောင်သူလယ်သမား ညီလာခံတွင် မြေယာစနစ် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ဗိုလ်ချုပ် အောင်ဆန်း ရှင်းလင်း ပြောကြားနေစဉ်။

၁၀။ လန်ဒန်ရောက် ဗိုလ်ချုပ်အောင်ဆန်းအား လော့ဒ်ပက်သစ်လော့ရင်နှင့် အတူ မြင်ရပုံ။

၁၁။ ဒေလီမြို့ (ဝယ်လင်တန်လေဆိပ်) တွင် ဗိုလ်ချုပ်အောင်ဆန်းကို အိန္ဒိယ ခေါင်းဆောင်ကြီး ပဏ္ဍိတ်ဂျဝါဟာလာနေရူးက ကြိုဆိုခဲ့စဉ်။

www.burmeseclassic.com

www.burmeseclassic.com



၁၂။ ကန်တော်မင်းဇာနီကြီးကြိုဆိုကျင်းပသော ဖဆပလ လူထုညီလာခံသို့ တက်ရောက်လာကြသော လူထုတစ်စိတ်တဒေသ။

၁၃။ ကျူပစ်သီချင်းဟု ဗိုလ်ချုပ်အောင်ဆန်းအား လူထုကြီးက ကြိုဆိုကြိုဆိုကြသည်ကို ဖော်ပြသည့် ကြွေးကြော်သံများဖြင့် ကြိုဆိုကြစဉ်။

၁၄။ ဗမာနိုင်ငံ ဒုပ်မှုင်နှင့် ပြည်ထောင် အစည်းအရုံးကြီး၏ နှစ်ဆယ့်ငါးနှစ်မြောက် အထိမ်းအမှတ် ပြပွဲ ဖွင့်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာပြည် ဘုရင်ခံ ဆာဟူဘတ်ရန့်စ်နှင့် အတူတွေ့မြင်ရစဉ်။

၁၅။ မြန်မာပြည်ကုန်သည်ကြီးများအသင်း နှစ်ပတ်လည် အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေး ဝါဒကို ဗိုလ်ချုပ်အောင်ဆန်း ရှင်းပြနေစဉ်။

# အမှာစာ

ဗိုလ်ချုပ် အောင်ဆန်းသည် အရွယ်ရောက်ကတည်းက နိုင်ငံ လွတ်လပ်ရေး အတွက် ကြိုးပမ်း ရှုန်းကန်ဆောင်ခဲ့သူ တဦး ဖြစ်ကြောင်း အထူး ပြောပြရန် မလိုတော့ပြီဖြစ်သည်။ ကျောင်းသားဘဝ၊ ဒို့ဗမာအစည်း အရုံးဝင် သခင်ဘဝ၊ စစ်သားဘဝ၊ နိုင်ငံ ခေါင်းဆောင်တဦး ဘဝ စသော ဘဝ....အတွေ့တွေ့တို့တွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းများမှာများပြားလှသည်။ ယခု စာအုပ်တွင် ယင်းသို့သော ဟောပြောချက်ပေါင်း များစွာတို့ကို အားလုံး ပါဝင်အောင် မဖော်ပြလိုက်ပါ။ ဗမာ့တပ်မတော်ကြီးစစ်မြေပြင်ထွက်ခဲ့သော ၁၉၄၅ ခု၊ မတ်လ ၁၇ ရက်နေ့မှ သူကျဆုံးသွားသော အချိန် ၁၉၄၇ ခု၊ ဇူလိုင်လ အထိ ယင်းအချိန်ပိုင်း အတွင်း ပြောကြားခဲ့သော ဟောပြောချက်များ ကိုသာ ခုနှစ် ရက်စွဲ အစီအစဉ် အလိုက် ခွဲခြား၍ ဖော်ပြလိုက်ပါသည်။ သူ၏ အင်္ဂလိပ်ဘာသာဖြင့် ဟောပြောချက်များကို မူရင်းအတိုင်း မြန်မာဘာသာ ဟောပြောချက်များ၏ နောက်ပိုင်းတွင် ယှဉ်ခြားဖော်ပြပေး ထားပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကို ပြည့်ပြည့်စုံစုံလေ့လာရခြင်း ကြောင့် သူသည် လူတဦးအနေဖြင့် မည်သို့သောသူဖြစ်ကြောင်း၊ နိုင်ငံ ခေါင်းဆောင်တဦး အနေဖြင့် မည်သည့် အယူဝါဒသမား ဖြစ်ကြောင်း၊ ခေါင်းဆောင်ကောင်း ဆိုသည်မှာ မည်သည်ကို ဆိုလိုကြောင်း စသော အသေးစိတ်အခြင်းအရာများကိုခွဲခြမ်း စိတ်ဖြာ၍ သိမြင်လာနိုင်ပေမည်။ ဤစာအုပ်ပါ မိန့်ခွန်းများအနက် အချို့ကို နတ်မောက်ဘုန်းကျော်ထံမှ ရရှိပြီး၊ အချို့ကို စာပေဗိမာန်မှ ထပ်မံရှာဖွေစုဆောင်း၍ ရိုက်နှိပ်လိုက်ခြင်း ဖြစ်ပါသည်။

အချို့ မိန့်ခွန်းများ ကူးယူရာတွင် ကူညီကြသည့် တပ်မတော် ပေါ်ကွန်းတိုက်၊ တက္ကသိုလ် စာကြည့်တိုက်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီဌာနချုပ်၊ ပညာရေးရာ ဌာနကြီး၏ မော်ကွန်းဌာနခွဲ စသည် တို့ကို အထူး ကျေးဇူးတင်ရှိနေပါကြောင်း။

စာပေဗိမာန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ ဖခင်၊ လွတ်လပ်ရေး ဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် သက္ကရာဇ် ၁၂၇၆ ခု၊ တပေါင်းလဆန်း ၁ ရက် (၁၉၁၅ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်) စနေနေ့တွင် မကွေးခရိုင်၊ နတ်မောက်မြို့ အဖအမိန့်တော်ရ ရှေ့နေ ဦးဖာ၊ အမိဒေါ်စုတို့မှ ဖွားမြင်သည်။

အသက် ခုနစ်နှစ်အရွယ် နတ်မောက်မြို့၊ ဆရာတော် ဦးသောဘိတ၏ ကျောင်းတွင် ပညာသင်၍ အသက် ၁၄ နှစ်အရွယ်တွင် ရေနံချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းသို့ ကူးပြောင်း သင်ကြားရာ ၁၉၃၂ ခုနှစ် အသက် ၁၈ နှစ်တွင် အထက်တန်း ပညာကို အောင်မြင်၍ ထိုနှစ်ကုန်လမှာပင် ရန်ကုန်ကောလိပ်သို့ ရောက်ရှိလေသည်။

၁၉၃၅ ခုနှစ်တွင် တက္ကသိုလ် သမဂ္ဂ အမှုဆောင်နှင့် သမဂ္ဂမှ ထုတ်ဝေသော အိုးဝေစာစောင် စာတည်းအဖြစ် ဆောင်ရွက်သည်။ ၁၉၃၆–၃၇ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသား သမဂ္ဂ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရပြီးနောက် ၁၉၃၇-၃၈ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရပြန်လေသည်။ ဤသို့ ကျောင်းသား အရေးအရာများကို မဆုတ်မနစ် ရှေ့ဆောင်ခေါင်းရွက် ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၃၈ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်မှ ထွက်၍ ဒို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ပြီးလျှင် အတွင်းရေးမှူးအဖြစ် နေ့ညမနား ဆောင်ရွက်လေသည်။

၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် နယ်ချဲ့တို့လက်အောက်မှ ရှင်းရှင်းကြီး လွတ်မြောက်ရမည်ပွဲသော အခွင့်ဖြင့် ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လတွင် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ပြည် ပြင်ပသို့ ထွက်သွားပြီးနောက် မြန်မာပြည် လွတ်လပ်ရေး ရစေမည်ဟူသော ဂျပန်အစိုးရ၏ ကတိကိုယူ၍ ရဲဘော်သုံးကျိပ်နှင့်အတူ စစ်ပညာကို သင်ကြားပြီးလျှင် ၁၉၄၁ ခု ဒီဇင်ဘာလတွင် ၂၆ ရက်နေ့တွင် ယိုးဒယားပြည် ဘန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်းလေသည်။

ထို့နောက်ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးရှေ့ဆောင်သောဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဂျပန်စစ်တပ်များနှင့်အတူ ပူးတွဲချီတက်လာပြီးနောက် နယ်ချဲ့များ လက်မှ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည် သိမ်းပိုက်လိုက်လေသည်။ သို့သော် ဂျပန်စစ်တပ်သည် ကတိဖောက်ဖျက်ရုံသာမက ပြည်သူ လူထုအပေါင်းတို့အား ညှဉ်းပန်းနှိပ်စက်မှုများကို ပြုကျင့်သဖြင့် ဗိုလ်ချုပ် အောင်ဆန်းသည်ဗမာ့တပ်မတော်ကြီးနှင့်တကွ ကပြည်သူလူထုကို ခေါင်းဆောင် လျက် ၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့အား အတိအလင်း စစ်ကြေညာ၍ သတ်သင်ရှင်းလင်းပြီးလျှင် ပြည်သူလူထုကြီးတရပ်လုံးကို ဖက်ဆစ် တို့၏ ကြမ်းကြုတ်ရက်စက်မှုဘေးမှ ကယ်တင်လိုက်လေသည်။

ဖက်ဆစ်ဂျပန်များ ဆုတ်ခွာ ထွက်ပြေးကြပြီးနောက် ဗြိတိသျှတပ်များ ဝင်ရောက်လာရာ၌လည်း ဗြိတိသျှတို့သည် မြန်မာပြည်ကို ကျွန်သက်ရှည်စေ မည့် စက္ကူဖြူစာတမ်းကို ယူလာကြပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သော "ဖ.ဆ.ပ.လ" ခေါ် ဖက်ဆစ်တိုက် ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို အမျိုးသား တပ်ပေါင်းစု ကြီးအဖြစ် ပြန်လည်ဖွဲ့စည်းပြီးလျှင် လွတ်လပ်ရေး အောင်လံကြီးကိုလွှင့်ထူ၍ လွတ်လပ်ရေး တိုက်ပွဲကြီး ဆင်နွှဲလေသည်။ ထို့နောက် ယာယီကြားဖြတ် အစိုးရအဖွဲ့တွင်းသို့ ဝင်ရောက်ဆောင်ရွက်၏။ ဗြိတိသျှတို့ထံ လွတ်လပ်ရေး အတွက် အရေးဆိုရာ ၁၉၄၆ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဘိလပ်သို့ ဖိတ်ကြားခြင်းခံရပြီးလျှင် ၁၉၄၇ ခု ဇန်နဝါရီလ ၂ ရက်နေ့တွင် ဘိလပ်သို့ သွားရောက်လေသည်။ သို့လျှင် ဗြိတိသျှအစိုးရ၏ ဖိတ်မန်ချက်အရ သွား ရမည့်ဆဲဆဲတွင် "ခါးတောင်းကျိုက် မဖြုတ်ကြနှင့်" ဟု ပြည်သူလူထုအား အသင့်ရှိစေရန် မှာကြားခဲ့သည်။ ပြီးနောက် အင်္ဂလန်ပြည်၊ လန်ဒန်မြို့သို့ တက်ရောက်ကာ လွတ်လပ်ရေး အတွက် အရေးဆို၍ "အောင်ဆန်း- အက်တလီ" စာချုပ်ကို ချုပ်ဆိုခဲ့ပြီးလျှင် "တနှစ်အတွင်း၊ လွတ်လပ်ရေး



ရရမည်" ဟူသော ရဲရဲတောက် ကတိကြီးကို ပြည်သူလူထုအား ပေးလေ သည်။ ထို့နောက် ပင်လုံတွင် တပြည်ထောင်လုံး ညီညွတ်ရေးကြီးကို မြဲခိုင် စွာ အုတ်မြစ်ချပြီးနောက် တနိုင်ငံလုံး ကိုယ်စားလှယ်များ ပါဝင်သော တိုင်းပြု ပြည်ပြု လွှတ်တော်ကြီးကို ရွေးကောက်ဖွဲ့စည်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီးကို ရေးဆွဲခဲ့ လေသည်။

ထိုသို့ ပြည်သူလူထုကြီးတရပ်လုံးကို လမ်းပြခေါင်းဆောင်လျက် မိမိ၏ အသက်စည်းစိမ်ကို မှုတခြမ်းမျှ ပမာဏမပြုဘဲ ပြည်သူလူထု၏အကျိုး၊ ပြည် ထောင်စုကြီး၏အကျိုးကိုသာ မျက်မှောက်ပြုလျက် အပြင်းအထန် ကြိုးပမ်း ဆောင်ရွက်နေဆဲမှာပင် ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့၌ လူမသမာတို့၏ လက်ချက်ဖြင့် ပြည်သူလူထု၏ဖခင် ကျေးဇူးရှင်ကြီးသည် လွတ်လပ်ရေး တိုက်ပွဲတွင် ကျဆုံးခဲ့ရလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# တပ်ထွက် မိန့်ခွန်း

ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ကိုယ့်နန်းဖြင့် ခန့်ခန့်ညားညား လွတ်လပ်စွာ နေလာခဲ့သော မြန်မာတို့အား နယ်ချဲ့ဗြိတိသျှတို့က ၁၈၂၄–၂၆ ခုနှစ်များတွင် တကြိမ်၊ ၁၈၅၂–၅၃ ခုနှစ်များတွင်တကြိမ်၊ အကြောင်းအမျိုးမျိုးရှာ၍ စစ်မက်ပြုခဲ့ကြ၏။ ယင်းစစ်ပွဲ နှစ်ကြိမ်တိုက်ခဲ့ပြီးနောက် အကြံသမား ဗြိတိသျှသည် မြန်မာ့နယ်မြေများဖြစ်သော အာသံ၊ မဏိပူရ၊ ရခိုင်၊ တနင်္သာရီနှင့် မြန်မာပြည်အောက်ပိုင်းတို့ကို ဇွတ်အတင်း နယ်ချဲ့သိမ်းယူခဲ့လေသည်။ နောက်ဆုံးအကြိမ်ဖြစ်သော တတိယစစ်ပွဲ၌မူကား ဘုံဘေဘားမားသစ်မှုကို အကြောင်းပြုလျက် ဗြိတိသျှတို့က မြန်မာပြည်ကို တိုက်ခိုက်သိမ်းယူရန် စီစဉ်လေ၏။ ၁၈၈၅ ခု နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မန္တလေးသို့ ဗြိတိသျှတပ်ပေါင်းတို့ရောက်ရှိပြီး သီပေါဘုရင်နှင့် စုဖုရားလတ်တို့ကို ဖမ်းဆီးလိုက်လေသည်။ ၁၈၈၆ ခု ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာပြည်ကိုသိမ်းယူလိုက်ကြောင်း ဗြိတိသျှတို့က ကြေညာသည်။ ထိုအချိန်မှစ၍ မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးရလေသည်။

ဤသို့ သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ဖမ်းဆီးသွားသောအခါ အစ ပဌမ၌ မြန်မာတို့သည် ညောင်ရမ်းမင်းသားကို နန်းတင်၍ ဗြိတိသျှတို့ထွက်ခွါသွားလိမ့်မည်ဟု ထင်ခဲ့ကြ၏။ ကာနယ်စလေဒင်နှင့် ကင်းဝန် မင်းကြီးတို့ ကြီးမှူးသော ယာယီ လွှတ်တော်မှ ထုတ်ပြန်သည့် အမိန့်များကို နားထောင်ခဲ့ကြ၏။ သို့သော် နောက်ပိုင်းတွင် အခွန်ကောက်ခံခြင်း၊ အုပ်ချုပ်ရေး ကိစ္စများတွင် ဗြိတိသျှတို့ အလိုကျ လုပ်လာခြင်းတို့ကြောင့် မြန်မာ့ထီးနန်းကို ဗြိတိသျှတို့ သိမ်းယူကြောင်း မောင်းနှင့်မထုတ်ဘဲနှင့် ဗြိတိသျှတပ်များ မြန်မာ့နယ်မြေမှ ထွက်ခွါသွားကြမည် မဟုတ်ကြောင်း အဖြစ်မှန်ကို သိရှိလာကြလေ၏။ ထိုစဉ်က မြန်မာတို့ အခြေအနေကို ဗြိတိသျှ စစ်အုပ်ချုပ်ရေး ယန္တရားတွင် အရေးကြီးသော ဝက်အူတချောင်းအဖြစ် ပါဝင်ခဲ့ရသူ "ဖီးဒင်းဟော"၏ ကိုယ်တွေ့အဆိုမှာ အောက်ပါအတိုင်း ဖြစ်၏။





". . . မင်းပြောင်း မင်းလွဲ လွန်စွာ မြန်ခြင်းကြောင့် လူထုသည် အခိုက်အတန့်ဘာမျှ မကြံစည်တတ်ဘဲ တွေဝေနေ၏။ မြန်မာတို့၏ အထင်ကား၊ ဗြိတိသျှတို့သည် မကြာမီ ထွက်ခွါသွား၍ မြန်မာဘုရင့် အစိုးရအဖွဲ့သည် ပြန်လည် စိုးမိုး အုပ်ချုပ်မည်ဟု ထင်မှတ်ကြ၏။ ထိုအထင်ကြောင့် သူတို့သည် ၁၈၈၅ ခု နိုဝင်ဘာလမှ ၁၈၈၆ ခု ဇူလိုင်လအထိ သိသိသာသာ ငြိမ်သက်နေကြ၏။ ၁၈၈၆ ခု ဇူလိုင်လ ရောက်သောအခါ ကျွန်ုပ်တို့သည်ကျေးလက် အုပ်ချုပ်ရေးကိစ္စများတွင် ဝင်ရောက် စွက်ဖက်ခြင်းများကို ဆောင်ရွက်လာကြသည်။ မြန်မာလူမျိုးတို့သည် မည်သည့် ချုပ်ချယ်မှုကိုမျှလည်း အလိုရှိသော လူမျိုးမဟုတ်၊ တိတိကျကျအားဖြင့် နိုင်ငံခြားသားများ၏ အုပ်ချုပ်ခြင်းကို နည်းနည်းမျှ လိုလားကြသူများမဟုတ်ကြ၊ ထို့ကြောင့် မြန်မာတို့သည်အတိုက်အခိုက် ကျွမ်းကျင်သူများကို ခေါင်းဆောင် တင်မြှောက်ကာ ကျွန်ုပ်တို့ကို စတင်တိုက်ခိုက်ကြလေတော့၏။ ဤနည်းဖြင့် မြန်မာပြည် အထက်ပိုင်း ဗန်းမော်မှ အလယ်ပိုင်း မင်းလှမြို့အထိ၊ ရှမ်းပြည်မှသည် ချင်းတောင်တန်းများအထိ တပြည်လုံး အုံးအုံးကျွက်ကျွက် ဆူပွက် ပုန်ကန် တိုက်ခိုက်ကြပါတော့သည်။ . . ."

ထိုစဉ်က "ကုလားကျွန် ဖြစ်နေရခြင်းထက် တိုက်ခိုက်ရင်း သေရသည်က မြတ်သေးသည်" ဟု ကြိမ်းဝါး၍ ဗြိတိသျှတို့ကို ခုခံတိုက်ခိုက်နေကြသော မြန်မာ မျိုးချစ်ပုဂ္ဂိုလ်တို့၏ လွတ်လပ်ရေး မြတ်နိုးစိတ်ကား အံ့ချီးဖွယ်ပင်ဖြစ်၏။ တပ်သားပေါင်း ၉,၄၆၇ ယောက်ဖြင့် သီပေါမင်းကို ဖမ်းဆီး၍ တိုင်းပြည်ကို သိမ်းယူခဲ့သော ဗြိတိသျှတို့သည် မျိုးချစ် သူပုန်များကို နှိမ်နင်းအောင် မတိုက်နိုင်ခဲ့ချေ။ ထို့ကြောင့် ဗြိတိသျှ စစ်သေနာပတိ ဆာဖရက်ဒရစ် ရောဘတ်သည် မိမိ၏ စစ်ဌာနချုပ်ရုံးကို မြန်မာပြည်သို့ ရွှေပြောင်းကာ စစ်သား ၃၂,၀၀၀၊ စစ်ရဲ ၈,၅၀၀ တို့ ထပ်မံအင်အား ဖြည့်တင်း၍ မြန်မာ့ မျိုးချစ်တော်လှန်ရေး သမားများကို ဆယ်နှစ်ကျော်မျှ ဆက်လက် နှိမ်နင်းခဲ့ရသည်ဟု ဆိုလေသည်။ မြန်မာပြည်ကိုလည်း စစ်အုပ်ချုပ်ရေးဖြင့် ယာယီ အုပ်ချုပ်ခဲ့လေသည်။

အထက်က ဆိုခဲ့သည့်အတိုင်း ဗြိတိသျှတို့က မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်လာခဲ့ပြီးနောက် ၁၈၉၅–၁၈၉၇ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



(ဆာဖရက်ဒရစ် ဖရိုင်ယာ)ကို ဘုရင်ခံချုပ်ခန့်ထားပြီး၊မြို့ပြအုပ်ချုပ်ရေး အသွင်သဏ္ဌာန်ဖြင့် အုပ်ချုပ်လာပြန်သည်။ ဘုရင်ခံ၏ အကြံပေးအဖြစ်ဖြင့် အမတ် ကိုးဦးကို စိတ်ကြိုက်ရွေးကောက် ခန့်ထားလေသည်။ ၁၉၀၉ ခုနှစ်တွင် "မင်တိုမော်လေ အုပ်ချုပ်ရေး ပြုပြင်မှု" ပေါ်ပေါက်လာရာ၊ ကောင်စီတွင် အမတ်ဦးရေ ကိုးဦးမှ ၁၅ ဦး၊ ထို့နောက် ၁၇ ဦးအထိ တိုးချဲ့ ခန့်ထားလာခဲ့သည်။ ၁၉၂၀ ခုနှစ်တွင်မူကား ဘုရင်ခံ၏ အကြံပေးကောင်စီအမတ် ဦးရေမှာ ၂၈ ဦးအထိ တိုးချဲ့ ခန့်ထားလာသည်။

ဗြိတိသျှလက်အောက် ရောက်ရှိနေသော မြန်မာတို့သည် တိုင်းခြားကျွန်ဘဝအဖြစ်နေရခြင်းကို မည်သည့်အခါကမျှကျေနပ်ကြသည်မဟုတ်။ ၁၉၀၆ ခုနှစ်တွင် (ဝိုင်အမ်ဘီအေ) ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကို စတင် တည်ထောင်ပြီး အမျိုး ဘာသာ၊ သာသနာအတွက် ဆောင်ရွက်ကြ၏။ ၁၉၁၀ ပြည့်နှစ်သို့ရောက်သောအခါ ရန်ကုန်မြို့တွင်သာ မဟုတ်မူဘဲ နယ်အသီးသီးတွင်လည်း (ဝိုင်အမ်ဘီအေ)အသင်းခွဲများကို ဖွဲ့စည်းလာကြသည်။ မြန်မာပြည်လုံးဆိုင်ရာ (ဝိုင်အမ်ဘီအေ)အသင်းသားများ၏ အစည်းအဝေးကို ၁၉၁၁ ခုနှစ်၌ ရန်ကုန်မြို့တွင် စည်းဝေးကြ၏။ ယင်းနိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကြီးမှပင် (ဝိုင်အမ်ဘီအေ) အဖွဲ့များ၏ အသင်းချုပ်ကြီး ဖွဲ့စည်းသင့်ကြောင်း ဆုံးဖြတ်ချက် အမှတ် ၈ ဖြင့် ဆုံးဖြတ် ပြဋ္ဌာန်းခဲ့ကြလေသည်။

သို့ရာတွင် "နိုင်ငံလုံးဆိုင်ရာ(ဝိုင်အမ်ဘီအေ)နှင့် အလားတူ အသင်းများ၏ အသင်းချုပ်ကြီး"ဟု ခေါ်တွင်နေခဲ့ရာမှ "မြန်မာအမျိုးသားအသင်း အဖွဲ့များ၏ အသင်းချုပ်ကြီး"ဟု ပြောင်းလဲ၍ လက်တွေ့ခေါ်ဝေါ် ဆောင်ရွက်လာသည်မှာ ဦးချေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ၁၉၂၀ပြည့် အောက်တိုဘာလ ၂၈ ရက်မှ ၃၁ ရက်နေ့အထိကျင်းပခဲ့သည့် ပြည်မြို့ အစည်းအဝေးကြီးမှစတင်ခဲ့၏။ ဤသို့ခေါ်တွင် ဆောင်ရွက်ရန် ယင်းအစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်အပိုဒ် ၂၄ တွင်ဆုံးဖြတ် ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်လေသည်။ (ဂျီစီဘီအေ) အဖွဲ့ချုပ်ကြီး ပေါ်ပေါက်လာခြင်းသည် မြန်မာ့ ဇာတိမာန်စိတ်ဓာတ်ကို ပိုမိုတောက်ပြောင်လာစေအောင် နှိုးဆွပေးရာရောက်ခဲ့၏။ ယင်း ၁၉၁၁ ခုနှစ်မှာပင် (ဂျီစီဘီအေ)

BURMESE CLASSIC .com



အဖွဲ့ချုပ်အတွင်း ပါဝင်ဆောင်ရွက်သော လူငယ်များ ဦးစီးသည့် သူရိယ သတင်းစာသည် စတင်ပေါ်ထွက်လာပြန်သည်။ သူရိယ သတင်းစာ၏ ရည်သန်ရင်းမှာ ဗြိတိသျှတို့၏ ဖိနှိပ်မှုများကို ဖော်ပြခုခံရန်နှင့် အမျိုးသားတို့ နိုးကြားကြစေရန် ရည်[illegible]ရေးသားရန် အဓိကဟု ဆိုလေသည်။

ထို (ဂျီစီဘီအေ) ဝံသာနုများ ခေတ်တွင် အမျိုးသားစိတ်ဓာတ်၊ လွတ်လပ်ရေး စိတ်ဓာတ်များ အလွန် ပွားများတိုးတက်၍ လာသည်။ မြန်မာ အမျိုးသားတို့၏ ကိုယ့်မင်းကိုယ့်ချင်း လွတ်လပ်ရေး အထိမ်းအမှတ်ဖြစ်သော ခေါင်းတံဆိပ်ကို ပုဝါများ၊ လုံချည်များ၊ အလံများတွင် သုံးစွဲလာကြသဖြင့် ခေါင်းပုဝါ၊ ခေါင်းလုံချည်၊ ခေါင်းအလံများနှင့် တိုင်းရင်းဖြစ် ပင်နီများ အတော်ပင် ခေတ်စားလာခဲ့သည်။

(ဝိုင်အမ်ဘီအေ) အသင်းချုပ်ကြီးမှ (ဂျီစီဘီအေ) အသင်းချုပ်ကြီး အဖြစ်သို့ တိုးတက်ကူးပြောင်းလာသော မြန်မာ့နိုင်ငံရေးသည် အမျိုး ဘာသာ၊ သာသနာဟူသော ကြေးကြော်သံများ တုန်ဟည်းကာ အရှိန်ပြင်းမှာဖြင့် ထတောက်တော့မည့်မီးခဲကဲ့သို့ ရဲရဲညီး၍နေလေ၏။ ယင်းခရစ်နှစ် ၁၉၂၀ ခုနှစ်ကား ဤမျှသာ ထူးခြားပြောင်းလဲခဲ့သည် မဟုတ်သေး။ ထိုနှစ်၌ ရန်ကုန်ကောလိပ် ကျောင်းသားများနှင့်တကွ အခြားကျောင်းများ၊ ကျောင်းသားများတို့က ယူနီဗာစီတီ အက်ဥပဒေပုဒ်မ (၁)(၂) တို့ကို အတည်မပြုရန် တောင်းဆိုကြ၏။ ကျောင်းသားများနှင့် ပြည်သူလူထုက ကန့်ကွက်နေကြသည့် ကြားထဲမှပင် ယူနီဗာစီတီ အက်ဥပဒေကို အတည်ပြုကြောင်း မြန်မာပြည်ဆိုင်ရာ အဟွင်းဆန် ဂဇက်တာ ဩဂုတ်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်၏။ ထို့ကြောင့် ရန်ကုန်ကောလိပ် ကျောင်းသားများသည် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဗဟန်း ဦးအရိယကျောင်းတိုက်သို့သွားပြီး စည်းဝေး ဆွေးနွေးကာ ယင်းအက်ဥပဒေကို သပိတ်မှောက်ရန် ဆုံးဖြတ်လိုက်ကြသည်။ ရန်ကုန်ကောလိပ်ကျောင်းကို သပိတ်မှောက်၍ အမျိုးသားတက္ကသိုလ်၊ အမျိုးသားကျောင်းများ တည်ထောင် ဖွင့်လှစ်ခဲ့ကြသည်။

ယင်းသို့ ဗြိတိသျှတို့၏ ဖိနှိပ်မှုကို စတင်တွန်းလှန်၍ ကျွန်ပညာကို ရဲဝံ့စွာ သပိတ်မှောက်ခြင်းမှာ ထိုခေတ်ထိုအခါက အခြေအနေဖြင့် ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတမျိုးသားလုံး၏ ဇာတိမာန်စိတ်၊ အမျိုးသား စိတ်ဓာတ်များ တဖွားဖွား တက်ကြွလာစေခဲ့၏။ ၁၉၂၀ ခုနှစ်တွင် မန္တလေးမြို့၌ ကျင်းပသော (ဂျီစီဘီအေ) အသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်ကြီးက ကျောင်းသားများ သပိတ်မှောက်လာကြသော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို "အမျိုးသားနေ့"ဟု သတ်မှတ်ရန် ဆွေးနွေးပြီး တနိုင်ငံလုံး နှစ်စဉ် ကျင်းပစေခဲ့သည်။

ယူနိုဗာစီတီ ကောလိပ်ကို သပိတ်မှောက်ပြီး အမျိုးသားကောလိပ် တည်ထောင်ကြသည်။ အမျိုးသားကျောင်းများ တည်ထောင်ပြီး မျိုးချစ်စိတ်၊ တိုင်းချစ်စိတ်ဓာတ်များဝ[illegible]ကြစေရန်ပုံသွန်းလောင်းကြသည်။ ယင်းအမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများကပင် လျှင် မြန်မာ့ လွတ်လပ်ရေး ခေါင်းဆောင်လောင်း သားကောင်းရတနာများကို မွေးထုတ်ပေးခဲ့လေသည်။

အရှိန်ကောင်းကောင်းနှင့် စည်းလုံးညီညွတ်နေခဲ့သော (ဂျီ၊စီ၊ဘီ၊အေ)သည် နဝမကွန်ဖရင့်နှင့် သရက်မြို့တွင်ကျင်းပသော ဒသမအကြိမ်မြောက် ကွန်ဖရင့်များတွင် ကွဲပြဲရန်အကြောင်းပါလာလေ၏။ ညီအတွင်း စည်းလုံးညီညွတ်နေသော (ဂျီ၊စီ၊ဘီ၊အေ) အသင်းချုပ်ကြီးကို ဗြိတိသျှ နယ်ချဲ့သမားက ၁၉၁၉ ခုနှစ်အိန္ဒိယအက်ဥပဒေအရ ဒိုင်အာခီ အုပ်ချုပ်ရေးနှင့် ရိုက်ခွဲလိုက်လေရာ အင်အားကောင်းလှသော (ဂျီ၊စီ၊ဘီ၊အေ) ကြီးမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲပြားသွားလေ၏။ "ဒိုင်အာခီ"ဆိုသော သိုးဆောင်းတို့၏ စကားအဓိပ္ပာယ်မှာ "နှစ်ခြမ်းခွဲ၍ အုပ်ချုပ်သောစံနစ်" ဟု ဆိုလိုသည်။

ကွဲပြားနေသော သမတ ဦးစိုးသိမ်း၏(ဂျီ၊စီ၊ဘီ၊အေ)တွင် သာယာဝတီနယ်မှ ဆရာဦးစံရွှေးဆိုသူ ပုဂ္ဂိုလ်တဦးမှာ စည်းရုံးရေး ကိစ္စများနှင့် (ဂျီ၊စီ၊ဘီ၊အေ) ဝံသာနု လုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်ခြင်းကြောင့် ထင်ရှားလာသည်။

၁၉၃၀ ပြည့်နှစ်တွင် သာယာဝတီနယ်မှ လယ်သမားများက ပိုးခေါင်ပြီး သီးနှံများ ပျက်စီးသဖြင့် အခွန်တော် လွတ်ငြိမ်းခွင့်ကို လျှောက်ထားကြ၏။ ထိုအချိန်က ဒေတ္တဘုရင်ခံ ဖြစ်၍နေသော မြန်မာလူမျိုး



'ဆာရဂျေအေ ဦးမောင်ကြီး'က "မည်သို့မျှသက်သာခွင့်မပေးနိုင်"ဟု ငြင်းလိုက်၏။ ထို့နောက် အစိုးရက အခွန်မပေးနိုင်သော (ဂျီ၊ စီ၊ ဘီ၊ အေ) အသင်းဝင် လယ်သမားများ၏ အိမ်နှင့် ပစ္စည်းများ၊ လှည်း၊ နွား၊ ကြက်၊ ဝက်များကို ဇွတ်အတင်း သိမ်းယူလေသည်။ (ဂျီ၊ စီ၊ ဘီ၊ အေ) အသင်းဝင်များကို ဖိနှိပ်ခြင်း၊ ညှဉ်းဆဲခြင်း၊ ပေါင်ချခြင်း၊ ရွာများကို မီးရှို့ခြင်း၊ သေနတ်ဖြင့် ပစ်ခြင်းများကို ဗြိတိသျှလက်ပါးစေ အစိုးရက ဆက်တိုက်ပြုမူလာလေတော့သည်။ ဖော်ပြခဲ့သော ဦးစံရွှေးခေါ် ဆရာစံနှင့် (ဂျီ၊ စီ၊ ဘီ၊ အေ) ဝံသာနု အသင်းဝင်များ တောင်သူလယ်သမားများသည် "ဤသို့ အငတ်ငတ် အပြတ်ပြတ် ဖြစ်နေရသည့်ကြားမှ ရက်စက်စွာ အဖိနှိပ်ခံနေရခြင်းထက် လွတ်လပ်ရေးအတွက် တိုက်ခိုက်ပြီး သေရတာက မြတ်သေး၏"ဟု သဘောထားလာကြ၏။ ထိုသူတို့သည် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် သာယာဝတီမြို့ အရှေ့ဖက်ရှိ တောင်ညိုခေန်းမှနေပြီး ဗြိတိသျှတို့ကို စစ်ကြေညာကာ ‌စကင် တိုက်ခိုက် ကြလေသည်။

တောင်သူလယ်သမား တော်လှန်မှုကြီးကို ဗြိတိသျှ အစိုးရကလည်း ရက်စက်စွာ ဖိနှိပ်ခဲ့လေသည်။ မြန်မာပြည်ရှိ စစ်တပ်များဖြင့် နှိမ်နင်းမရနိုင်သောကြောင့် အိန္ဒိယမှ စစ်ဗိုလ်တပ်များကို ခေါ်ယူအင်အားဖြည့်တင်း၍ နှိမ်နင်းခဲ့ရ၏။ ရွာများစွာတို့ကို မီးရှို့၏။ မြန်မာ အမျိုးသမီးများကို ဗြိတိသျှ ကြေးစား စစ်သားများက မုဒိမ်းကျင့်ခြင်း၊ ဝံသာနု အသင်းဝင်များကို သေနတ်ဖြင့် ပစ်သတ်ခြင်း၊ ထောင်ချခြင်းစသော လုပ်ငန်းများကို ဗြိတိသျှတို့ မရှက်မကြောက် ပြုလုပ်ခဲ့ကြသည်။

ဆရာစံသည် ဗြိတိသျှတို့ကို လက်နက်ဖြင့် တော်လှန်တိုက်ခိုက်ရင်း နောက်ဆုံး၌ ရှမ်းပြည်မြောက်ပိုင်းရှိ ကျေးရွာတရွာတွင် ငှက်ဖျားမိ၍ အိပ်ရာထဲ လဲနေစဉ် မစ္စတာပေါ်ယက်ခန်း အမည်ရှိပုလိပ် အင်စပိတ်တော်တဦး၏ ဖမ်းဆီးခြင်းကို ခံရ၏။ ထို့နောက် ဗြိတိသျှတို့က ခုံအဖွဲ့ ဖွဲ့စည်း စစ်ဆေးပြီးနောက် ဆရာစံကို ကြိုးပေးသတ်ဖြတ်လိုက်လေသည်။ ဆရာစံ အော်လှန်ရေးသည် ဗြိတိသျှ လက်အောက် ကျရောက်နေသော မြန်မာတို့အား လွတ်လပ်ရေးကို လက်နက်ဖြင့် တော်လှန်ပုန်ကန်ယူမှသာ ရနိုင်မည်ဟူသော သင်ခန်းစာကို ပေးအပ်သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအမြင်နှင့် အယူအဆ သင်ခန်းစာကို အစိကထား၍ (တို့ဗမာ အစည်းအရုံးကြီး)သည် ဗဟုလက်ရုံးတပ်များ၊ ကျောင်းသား သမဂ္ဂတပ်များ၊ အပျော်ထမ်း ရဲတပ်များကို ဖွဲ့စည်းတည်ထောင်၍ လက်နက်ကိုင် တော်လှန်ရေးအတွက် စိတ်ဓာတ်များ သွင်းပေးခဲ့သည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားများနှင့် မြန်မာပြည် တပြည်လုံးရှိ ကျောင်းသားများသည် ကျောင်းသား သမဂ္ဂ အသင်းများကို ဖွဲ့စည်း၍ "ကျွန်ပညာ အလိုမရှိ"ဟု ဟစ်အော်ကြွေးကြော်စ ပြုလာကြ၏။

၁၉၃၆ ခုနှစ်တွင် ကျောင်းသားများသည် ဗြိတိသျှ ကိုလိုနီ ပညာရေး အဆိုရှိကြီးများ၏ မတရားဖိနှိပ်မှုကို တော်လှန်သောအားဖြင့် ရန်ကုန် တက္ကသိုလ်မှ အစပြုကာ အထက်တန်းကျောင်းများပါ သပိတ်မှောက်ကြ မြန်၏။ ယင်း ၁၉၃၆ ခုနှစ် ကျောင်းသား သပိတ်သည်ကျောင်းသားရေး ရာ ပြဿနာနှင့် ပတ်သက်၍ သူတို့၏ တောင်းဆိုချက်များကို တင်ပြသည့် ကာပြည့် မရရှိသော်လည်း အမျိုးသားရေး ရှုထောင့်မှနေ၍ ကြည့်လျှင် များစွာအမြတ်ထွက်သော သပိတ်ဖြစ်ပေသည်။ လွတ်လပ်ရေး ကြိုးပမ်းမှုများသည် လယ်သမား၊ အလုပ်သမားလူတန်းစားတွင်သာမက လူလတ်တန်းစား ကျောင်းသားများ၏ နယ်ပယ်တိုင်အောင် နက်ရှိုင်းစွာ စိမ့်ဝင် ထွန်းကားစ ပြုလာကြောင်း တွေ့ရှိကြရလေသည်။

ဤအတွင်း ၁၉၃၈ ခု နိုဝင်ဘာလ ၃၀ ရက်နေ့တွင် မရန်ချောင်း၊ ချောက်စသော ရေနံမြေ ရပ်ကွက်များတွင် ရေနံမြေ အလုပ်သမားများ သည် ဗြိတိသျှ အရင်းရှင်တို့၏ ဖိနှိပ်မှုများကြောင့် သပိတ်မှောက်နေကြ ၏၊ အလုပ်သမားတပ်ကြီးသည် ဗြိတိသျှ အရင်းရှင် ရေနံကုမ္ပဏီ၏ ဖိနှိပ် မှုများကို ပြည်သူလူထုထံတင်ပြရန်နှင့် အစိုးရထံ ဖြေရှင်းပေးရေးအတွက် တောင်းဆိုရန် ရန်ကုန်သို့ ချီတက်လာခဲ့ကြသည်။ လယ်သီးစား အက် ဥပဒေကို လွှတ်တော်ကအတည်ပြုပေးရန် ဆန္ဒပြသော အားဖြင့် ပဲခူးနယ် မှ လယ်သမားပေါင်း ၂၀,၀၀၀ (နှစ်သောင်းကျော်) တို့သည်လည်း ရန်ကုန် မြို့သို့ ဆန္ဒပြ ချီတက်လာလျက်ရှိ၏။ ရေနံ အလုပ်သမားများ အရေး ကြောင့် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များကို မကွေးမြို့တွင် အစိုးရ က ဖမ်းဆီးထား၏။ ယင်းသို့ ဖမ်းဆီးခြင်းကို ပြန်လည်လွှတ်ရန် ဆန္ဒပြ တောင်းဆိုသော သဘောဖြင့် ၁၉၃၈ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်



ကျောင်းသားများသည် အစိုးရ အတွင်းဝန်များ ရုံးကြီးကို ဝိုင်း၍ အင် အားပြကြသည်။ ထိုသို့အင်အားပြသော ကျောင်းသားများကို အစိုးရက မြင်းနှင့်တိုက်၊ နံပတ်တုတ်နှင့်ရိုက်သဖြင့် ကျောင်းသား ခေါင်းဆောင် ကိုအောင်ကျော် သေဆုံးပြီး ကျောင်းသူကျောင်းသား ၉၈ ဦး ဒဏ်ရာ ရရှိကာ၊ ကျောင်းသား ခေါင်းဆောင်လေးဦး၊ သခင် နှစ်ဦး အဖမ်းခံ ရလေသည်။ လက်နက်ဆို၍အပ်တံချောင်းမျှ မပါရှိသော ကျောင်းသား လူငယ်များကို ဗြိတိသျှ လက်ပါးစေ အစိုးရက ဤသို့ ရက်စက်စွာ ဖိနှိပ် ခြင်းအတွက် တတိုင်းတပြည်လုံးက အစိုးရကို မုန်းတီးလာကြလေသည်။ အမြို့မြို့ အနယ်နယ်တွင် ညဉ့်ပေါင်း အစိုးရ မသာချပွဲများကို ကျင်းပခဲ့ကြ သည်။

ထိုနောက်မီးမှတဆင့် တတိုင်းပြည်လုံးရှိကျောင်းသားများသည် လည်း နေ လှေအောင်း မြင်းစောင်းမကျန် ကျောင်းများကို သပိတ်မှောက်လိုက် ကြပြီးသော် ဗြိတိသျှ အစိုးရ၏ မတရားမှုများကို ဖော်ထုတ်တိုက်ပွဲဝင်ကြ လေသည်။ အလုပ်သမားတပ် အရေး၊ လယ်သမားအရေး၊ ကျောင်းသား များအရေး စသဖြင့် တတိုင်းပြည်လုံးမှာ တော်လှန်ရေး တိုက်ပွဲများဖြင့် မြိုင်မြိုင်ညံလျက် ရှိလေ၏။

မြန်မာဟိုကား လွတ်လပ်ရေး ပန်းတိုင်သို့ မဆုတ်မနစ် ချီတက်လျက် ပင် ရှိကြလေသည်။

၁၃၀၀ (၁၉၃၈) ပြည့်နှစ် အရေးတော်ပုံတွင် ကျောင်းသားများ အရိုက်အနှက် ခံရခြင်းသည်၎င်း၊ မန္တလေးမြို့၌ ရဟန်းတော်များ၊ ပြည်သူ ပြည်သားများနှင့် ကျောင်းသားများ သေနတ်ပစ်ခံရခြင်းသည်၎င်း၊ အ လုပ်သမား၊ လယ်သမားများ ဖိနှိပ်ချုပ်ချယ်မှုခံရခြင်းသည်၎င်း ထိုဖိနှိပ် မှုများသည် လွတ်လပ်ရေးကို စိတ်နှလုံးလျှောက်ဆန္ဒပြ တောင်းဆို၍ မရနိုင်။လက်နက်ကို လက်နက်ဖြင့် ပုန်ကန်မှသာ ရနိုင်မည်ဟူသော အမြင် အသိ သင်ခန်းစာကိုထပ်မံ၍ နှိုးဆော်ပေးရာရောက်လေသည်။ထို့ကြောင့် တို့ဗမာ အစည်းအရုံးဝင် သခင်လူငယ်များ၊ ကျောင်းသားခေါင်းဆောင် များ၊ မျိုးချစ်ပုဂ္ဂိုလ်များတို့သည် လက်နက်ကိုင် တော်လှန်ရေးကို ဆင် နွဲရန်၊ အစီအစဉ်များကို လျှို့ဝှက်စွာ လုပ်ကိုင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်းညီညွတ်ရေးအတွက် "ဗမာ့ထွက်ရပ်ဂိုဏ်း" ကို တည်ထောင်ခဲ့ကြလေသည်။ ပြည်ပ နိုင်ငံတခုခုနှင့် အဆက်အသွယ် ရှာဖွေရာတွင် နောက်ဆုံး၌ မရှောင်မလွှဲသာ ဂျပန်ပြည်သို့ ရောက်ရှိသွားပြီး ပြည်တွင်း ပုန်ကန် ထကြွရေးကိုခေါင်းဆောင်မည့် လူငယ်များအား စစ်ပညာ သင်ကြားပေးရန် စီစဉ်ခဲ့ကြလေသည်။

ပြည်တွင်း၌လည်းမျိုးချစ်တော်လှန်ရေး အင်အားစုများသည်တော်လှန်ရေးအတွင်းသူပုန်အဖွဲ့များကို လျှို့ဝှက်ဖွဲ့စည်း လှုပ်ရှားလျက်ရှိလေသည်။ ၁၉၄၁ ခု ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ယိုးဒယားပြည်ဘန်ကောက်မြို့၌ ထိုမြန်မာ လူငယ်များတို့သည် ယိုးဒယားရောက်ရှိနေသော မြန်မာ လူမျိုးတို့နှင့်ပူးပေါင်းကာ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို စတင် ဖွဲ့စည်းလိုက်၏။ ထို့နောက် မြန်မာပြည်သို့ ချီတက်လာကြပြီးလျှင် ဂျပန်တပ်များနှင့် ပူးပေါင်း၍ ဗြိတိသျှတို့အား မြန်မာ့ မြေပေါ်မှ မောင်းနှင် ထုတ်ခဲ့ကြလေသည်။

ဂျပန်တပ်များ မြန်မာ့မြေပေါ်သို့ ရောက်ရှိလျှင် အဆိုပါ ဂျပန်တပ်များက ပြည်သူလူထုကို ဖိနှိပ်ညှဉ်းဆဲလာကြပြန်သည်။

တိုင်းပြည်၏အခြေအနေကားချည်နဲ့ဆိုးရွားလှသည်။ "ကင်ပေတိုင်" ဟု ခေါ်သော ဂျပန်စစ်ပုလိပ်တို့နှင့် ဂျပန်စစ်သားတို့၏ ရမ်းကားယုတ်မာမှုများ ဒဏ်ကို မရှုမလှ အံကြိတ်ကာ ခံနေကြရသည်ဖြစ်သည်။ ဂျပန်အရင်းရှင်များ ဖြစ်သော ကာနီဘို၊ ဂိုရှိ၊ မစ်ဆူဘီရှိစသော ဂျပန် ကုမ္ပဏီကြီးများကလည်း ဗမာ့စီးပွားရေးကို သွေးစုတ်လျက်ရှိကြသည်။ ဆီ၊ ဝါဂွမ်း၊ ရေနံ၊ ရော်ဘာနှင့် ဆန်စပါးများကို ၎င်းကုမ္ပဏီကြီးတို့က လက်ဝါးကြီးအုပ်ထားကြသည်။ ဂျပန်က ပေးသော လွတ်လပ်ရေးကလည်း အတုအယောင်၊ အမျိုးသမီးနှင့် ဘုန်းတော်ကြီးများကိုပင်မရှောင်၊ ရက်စက်ယုတ်မာမှုများကလည်း တင်းကျမ်း၊ ဗမာ့စီးပွားရေးနှင့် အုပ်ချုပ်ရေးမှန်သမျှ ဂျပန်တို့ မှုသမျှ နေ့ရှိနေကြရလေသော ဘဝကို ဗမာ့တပ်မတော်နှင့် မျိုးချစ်ပုဂ္ဂိုလ် မှန်သမျှက မခံမရပ်နိုင် ဖြစ်လာကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော ဗမာ့တပ်မတော်သည် အထက်မြန်မာပြည်သို့ ထိုးဖောက် ဝင်ရောက်၍လာသော ဗြိတိသျှနှင့် မဟာမိတ်တပ်များကို ချီတက် တိုက်ခိုက်မည်ဟု နည်းပရိယာယ် အသုံးပြု၍ ဂျပန်စစ် အာဏာပိုင်



များနှင့် ဆွေးနွေးကြသည်။ ဂျပန် စစ်အာဏာပိုင်များသည် ဗိုလ်ချုပ်အောင်ဆန်း၏ အစီအစဉ်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်လေရာ စစ်မြေပြင်သို့ တပ်များ ချီတက်မည့် တပ်ထွက်အခမ်းအနား ကျင်းပရန် စီစဉ်လိုက်လေသည်။

ထို့ကြောင့် ၁၉၄၅ ခု မတ်လ ၁၇ ရက်နေ့၌ ဗမာ့တပ်မတော်သည် ရန်ကုန်မြို့ ရွှေတိဂုံဘုရား အနောက်မြောက်ဖက်ရှိ ကွင်းပြင်ကြီး (ယခု တော်လှန်ရေး ပန်းခြံနေရာ) တွင် စစ်ရေးပြ အခမ်းအနားနှင့် တပ်ထွက်ပွဲ အခမ်းအနားကို ကျင်းပကြလေသည်။ ယင်း တပ်ထွက် အခမ်းအနားပွဲတွင် အတိုဆုံးနှင့် အရှင်းလင်း အထိရောက်ဆုံး ပြောကြားသွားသည့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

"ရဲဘော်တို့...

အကျယ်ချဲ့ပြီး ရှေ့ရှည်မပြောချင်ဘူး။ အခု စစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲ တွေနဲ့ ရင်ဆိုင်ရမယ်။ ဗမာပီပီ ဗမာ့သွေးကို ပြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်တွေကလဲ သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့ အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်။

ဗမာ့ရန်သူကို ချေမှုန်းကြ။
အနီးကပ်ဆုံး ရန်သူကို ရှာပြီး တိုက်ကြ။

ဒါဘဲ...။"

www.burmeseclassic.com

www.burmeseclassic.com

# သရက်ချောင်းရွာ မိန့်ခွန်း

စစ်ဝန်ကြီးနှင့် စစ်သေနာပတိဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးသည် တိုင်းအမှတ် ၇ နယ်မြေဖြစ်သော သရက်ခရိုင် အတွင်းတွင် ဖွင့်လှစ်ထားသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အဆိုပါ ဝစ်ဌာနချုပ် စခန်းမှနေ၍ မြန်မာပြည် တပြည်လုံးရှိ ဖက်ဆစ်ဂျပန်တော်လှန်ရေး စစ်ဆင်မှုများကို ဦးစီးကွပ်ကဲလျက် ရှိနေလေသည်။ မျိုးချစ်ဗမာ့ တပ်မတော်သည် ပြည်သူတို့အကူအညီဖြင့် ဖက်ဆစ်ဂျပန်တပ်များကို တွေ့ရာ သင်းချိုင်း ဒေးမဆိုင်း လိုက်လံတိုက်ခိုက်ခဲ့သည်။ အောင်ပွဲများလည်း တခုပြီးတခု ရရှိလာခဲ့သည်။ ဤအတွင်း မဟာမိတ် ဗြိတိသျှတပ်များ၏ တိုးခ်ကသည်း အဖြည်းဖြည်း မြန်မာပြည်အလယ်ပိုင်းနှင့် အောက်ပိုင်း အထိ ဝင်ရောက်ရှိလာခဲ့သည်။ မျိုးချစ်ဗမာ့တပ်မတော်နှင့် မဟာမိတ်တပ်များမှာ ပူးတွဲစစ်ဆင်ရေးအတွက် နားလည်မှု အဆက်အသွယ် ရရှိထားပြီး ဖြစ်သည်။ ဗြိတိသျှ (အင်္ဂလိပ်) တပ်များ ရောက်ရှိလာခြင်းကို မျိုးချစ်ဗမာ့တပ်မတော်အတွင်းရှိ အချို့ရာရှိများက မိမိတို့ကိုယ် ကျိုးကိုပင်ကုယ်တာအတွက် ဝပ်မြော်စိတ်ကူးယဉ်လာကြသည်။ တာဝန်မကျေ ဖြစ်လာကြသည်။ မျိုးချစ်ဗမာ့ တပ်မတော်၏ လုပ်ငန်းစဉ်များကို ခပ်ပေါ့ပေါ့ချင်လာကြသည်။

ထို့ကြောင့် ၁၉၄၅ ခု မေလ ၁၀ ရက်နေ့တွင် သရက်ခရိုင်၊ ကမ္ဘာ့မြို့နယ်၊ သရက်ချောင်းရွာတွင် တပ်စခန်းချနေသော ဗိုလ်ချုပ်အောင်ဆန်းသည် ဝစ်ဌာနချုပ် စခန်းရှိ ရာရှိ၊ အကြပ်တပ်သားများကို ညနေ ၅ နာရီ၌ တန်းစီစေ၍ တော်လှန်ရေး ကာလအတွင်း အပြောင်းထင်ရှားဆုံး သော မိန့်ခွန်းကို ပြောကြားခဲ့ပေသည်။

ရဲဘော်တို့....။

ဒီနေ့ ရဲဘော်တို့ကို ဘာလို့ တန်းစီခိုင်းရသလဲဆိုယင် အားလုံး ရဲဘော် တွေရော.... ဗိုလ်ကြီးတွေ– ဗိုလ်မှူးတွေ ဆိုတဲ့ ခေါင်းဆောင်ပိုင်းကပါ





တာဝန်ယူ ထမ်းဆောင်ကြတဲ့ နေရာမှာ တော်တော့်ကို ပေါ့ဆဆ လုပ်နေကြတာကို တွေ့ရ မြင်ရ ကြားရလို့ဘဲ။

ပွဲဦးထွက် တော်လှန်ရေး အောင်ပွဲလေးတွေကို ရခဲ့ပြီး၊ အဲဒီ အောင်ပွဲလေးတွေ ဆင်နွဲခဲ့နိုင်တာလောက်ကို တကယ့် အောင်ပွဲကြီးတွေလို ထင်ပြီး အဲဒီ အောင်ပွဲတွေ အပေါ်မှာ မိန်းမောနေတာ တွေ့ရတယ်။ ကိုယ့်ကိုယ်ကို ကိုယ်အထင်ကြီးပြီး ဘဝင်မြင့်နေတာ တွေ့ရတယ်။ ရဲဘော်တို့.... ဒီလို မိန်းမောနေယင်၊ အထင်ကြီးနေယင် မှားမယ်လို့ ရဲဘော်တို့ကို တိတိကျကျပြောရတယ်။

အချို့ကလဲ ဒီတော်လှန်ရေး ပြီးယင် 'ပြီးပြီ' လို့ ထင်တဲ့ လူတွေက ထင်သေးတယ်။ ဒါတင် မကသေးဘူး။ အင်္ဂလိပ် စစ်တပ်တို့၊ အင်္ဂလိပ် အုပ်ချုပ်ရေးတို့ လာယင် ဗိုလ်တွေက ဗိုလ်ကြီး၊ ဗိုလ်ကြီးတွေက ဗိုလ်မှူး၊ ဗိုလ်မှူးတွေကလဲ ဗိုလ်မှူးကြီးတွေ ဖြစ်ပြီး၊ ရာထူးတွေ အဆင့်အတန်းတွေ တိုးလာတော့မယ်လို့ ထင်ကြပြီး ဂယောက်နဲ့တယောက် ခြေရာတိုင်းနေကြတယ်။ ဒါတွေကို ကျုပ်သိတာ တော်တော်ကြာပြီ၊ ဒါပေမဲ့ ကျုပ်မပြောချင်သေးလို့ မသိချင်ယောင် ဆောင်နေခဲ့တယ်။ စောင့်ကြည့်ကြသေးတာပေါ့။ ရဲဘော်တို့ ထင်သလို အင်္ဂလိပ်လာယင် ရာထူးဘဲ တိုးကြမလား.... သေနတ်မောင်းဘဲ တပ်ချိုးကြရမလား ဆိုတာ ဟိုအခါကျတော့ သိကြပါလိမ့်မယ်။

ဘယ်လောက်ထိ တာဝန်မဲ့ လုပ်နေသလဲ ဆိုယင် ဗိုလ်ဇေယျကိုကြည့်။ ကျုပ်က တာဝန်နဲ့ လွှတ်လိုက်တယ်။ ခုအထိ ပြန်မလာသေးဘူး။ သူမယား ရှိတဲ့ ဆားတွင်း တက်သွားတယ်လို့ ကြားရတယ်။ အဲဒါသာ ကြည့်တော့။ ဟိုတနေ့ကလဲ ဗိုလ်ဝင်းတယောက်ဟာ ရဲဘော် သုံးလေးယောက်နဲ့ အမဲ ထွက်ပစ်တယ်။ သူတို့တတွေဟာ ပျော်ပွဲစား ထွက်လာတယ်လို့များ ထင်နေသလား မသိဘူး။ အဲဒါလောက် ထိအောင် ရဲဘော်တွေဟာ တာဝန် ထမ်းဆောင်တဲ့ နေရာမှာ ပေါ့ပေါ့ဆဆ ဖြစ်လာတာ တွေ့ရတယ်။ ရန်သူကို အထင်မကြီးသော်လဲ အထင်မသေးသင့်ဘူး ဆိုတာ အစဉ် သတိချပ်စေချင်တယ်။ အင်္ဂလိပ် အုပ်ချုပ်ရေးကို မြှော်ပြီး အတွေးလွန်မနေကြနဲ့။ နားအလယ်လွယ်ဆုံး ပြောလိုက်မယ် 'အခု ဂျပန်က ကျုပ်တို့တတွေနဲ့ တိုင်းရင်းသား အားလုံးကို (....) သွားပေမဲ့ ဆီဆွတ်လို့ တော်သေးတယ်။ အင်္ဂလိပ် လာယင် ဆီမဆွတ်ဘဲ (....) လိမ့်မယ်'။ ဒါဘဲ ကျုပ်ပြောခဲ့မယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ဗမာ့တပ်မတော် တိုင်းမှူးများ အစည်းအဝေး

၁၉၄၅ ခု၊ မတ်လ ၂၇ ရက်နေ့မှ စတင်၍ မျိုးချစ်ဗမာ့တပ်မတော်သည် ဖက်ဆစ်ဂျပန် စစ်တပ်များကို စစ်ကြေညာ၍ တိုက်ခိုက်ခဲ့သည်။ ၁၉၄၅ ခု ဩဂုတ်လ ၈ ရက်နေ့တွင် ဂျပန်တို့ လက်နက်ချကြောင်း ကမ္ဘာသို့ ကြေညာခဲ့သည်။ မျိုးချစ်ဗမာ့တပ်မတော်သည် ဂျပန်တို့ကို တိုက်ခိုက်ခဲ့ရာ၌ ၁၉၄၅ ခု၊ မတ်လမှ မေလကုန်အထိ တိုက်ပွဲပေါင်းများစွာကို တိုက်ခိုက်ခဲ့ရလေသည်။ ယင်းတိုက်ပွဲများကြောင့် ရန်သူဖက်၌ ကျဆုံးသူ ၁၀,၈၂၆ ယောက်၊ ဒဏ်ရာရသူ ၂,၃၀၄ ယောက် သုံ့ပန်း ၂၀၅ ယောက်နှင့် ရန်သူ၏ လက်နက်ခဲယမ်း အများအပြား ဖမ်းဆီးရမိခဲ့သည်။ အရှေ့အာရှတောင်ပိုင်း မဟာမိတ် တပ်ပေါင်းစု စစ်သေနာပတိချုပ် "လော့ဒ်-မေ့ဘင့်ဘက်တန်"၏အစီရင်ခံစာ၌လည်း...."စစ်တောင်းမြစ်ဝှမ်းဒေသတခုတည်း၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် ဂျပန်ပေါင်း ၆,၂၇၂ ယောက် ကျဆုံးခဲ့ရာ ထိုအထဲမှ ၃,၂၀၀ ခန့်မှာ မျိုးချစ်ဗမာ့တပ်မတော်၏ တိုက်ခိုက်မှုကြောင့် ကျဆုံးခဲ့ရပါသည်"....ဟု ဖော်ပြထားသည်။

(ဖဆပလ) အဖွဲ့ချုပ်ကြီးကို မူလစတင်ဖွဲ့စည်းစဉ်က ဗမာ့တပ်မတော်လည်း အခြေခံ အင်အားတရပ်အဖြစ် ပါဝင်ခဲ့သည်။ ဂျပန်ကို ထိထိရောက်ရောက် တိုက်ခိုက်ခဲ့သော မျိုးချစ်ဗမာ့ တပ်မတော်ကြီးက ပြည်သူလူထုသည် (ဖဆပလ)ကို အားပေးကြစေချင်သည်။ (ဖဆပလ) ဦးဆောင်ရာသို့ လိုက်ပါစေချင်သည်။ ထို့ကြောင့် မျိုးချစ် ဗမာ့တပ်မတော် အကြီးအကဲ ခေါင်းဆောင်များ၏ အစည်းအဝေးကို ရန်ကုန်မြို့၌ ၁၉၄၅ ခု၊ ဩဂုတ်လ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နေ့များတွင် စည်းဝေးကျင်းပခဲ့ပြီးနောက် အောက်ပါ နှိုးဆော်စာကို တိုင်းပြည်သို့ ထုတ်ပြန်လိုက်လေသည်။

ယခု အခါ ဂျပန် ဖက်ဆစ်များသည် ကျွန်ုပ်တို့ တပ်မတော်နှင့် နိုင်ငံပေါင်းစုံ မဟာမိတ် တပ်မတော်များ၏ ဝိုင်းဝန်း တိုက်ခိုက်သည်ကို ဖက်ပြိုင်





ခြင်းငှာ မစွမ်းနိုင်တော့ဘဲ လက်နက်ချရန် စကားများပင် ကမ်းလှမ်းပြီးလေပြီ။

ကမ္ဘာ့ စစ်ကြီးကား ပြီးတော့မည်။ သို့ရာတွင် ကျွန်ုပ်တို့ နိုင်ငံသူ နိုင်ငံသားများ၏ အရေးကား မပြီးသေး။ ကျွန်ုပ်တို့နိုင်ငံ၏ အရေးတခုလုံးသည် ကျွန်ုပ်တို့ တပ်မတော်နှင့် လွတ်လပ်ရေး လိုချင်သူ အားလုံး သက်စွန့် ကြိုးပမ်းထမ်းဆောင် လာခဲ့ရသည်နှင့် အမျှ ထိရောက်စွာ အောင်မြင်ရန် အတွက် မြန်မာနိုင်ငံရှိ ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တိုင်းသူ ပြည်သား အပေါင်းတို့သည် လူမျိုးမရွေး- ဘာသာမရွေး- တညီတညွတ်တည်း ဆက်လက်ဆောင်ရွက်ရန် အထူးလိုပေသည်။

ကျွန်ုပ်တို့ တပ်မတော်သား အားလုံးသည်၎င်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် စွန့်စွန့် စားစား ဆောင်ရွက်ခဲ့သူ အပေါင်းတို့သည်၎င်း၊ ဤမျှအပင်ပန်းခံ အဆင်းရဲအနှစ်နာ အသေအကြေခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ လက်တဆုပ်မျှ ရှိသော လူတစု၏ ကောင်းစားမှုကိုသော်၎င်း၊ ကျွန်ုပ်တို့၏ ကိုယ်ရေးကိုယ်တာ တိုးတက်မှုကိုသော်၎င်း၊ ရည်ရွယ်မှန်းဆလျက်ဆောင်ရွက် လုပ်ကိုင်ခဲ့ကြသည် မဟုတ်ဘဲ မြန်မာနိုင်ငံ လူထုအပေါင်း လွတ်လပ်ရေးအတွက် ရည်စူးလျက် လုပ်ကိုင် ခဲ့ကြသည့် အကြောင်းကို ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံသူ နိုင်ငံသား အပေါင်းတို့အား အထူးလေးနက်စွာ ဖော်ပြလိုက်ပေကြောင်း။

ထို့ကြောင့် ကျွန်ုပ်တို့ တပ်မတော် ခေါင်းဆောင် အရာရှိကြီးများအစည်းအဝေးက မြန်မာနိုင်ငံ အတွင်း ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သား အပေါင်းတို့သည် စိတ်ဝမ်းကွဲပြားခြင်း အလျဉ်းမရှိဘဲ၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် အတွင်းသို့ ထိရောက်စွာ ဝင်ရောက် လုပ်ကိုင်ကာ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းအရပ်ရပ်ကို တညီတညွတ်တည်း နွှောင့်နှေးဆိုင်းငံ့ခြင်း အလျဉ်းမရှိဘဲ ဆောင်ရွက်ကြရန် ပြင်းထန်စွာ တိုက်တွန်း လိုက်ပါကြောင်း။

၁။ ဗိုလ်ချုပ်-အောင်ဆန်း။ စစ်သေနာပတိ။
၂။ ဗိုလ်မှူးကြီး-လက်ျာ။ ဒုတိယစစ်သေနာပတိ။
၃။ ဗိုလ်မှူးကြီး-ဇေယျ။ စစ်ဦးစီးမှူး။
၄။ ဗိုလ်မှူးကြီး-နေဝင်း။ ရှေ့တန်း စစ်ဌာနချုပ်မှူး။

www.burmeseclassic.com

www.burmeseclassic.com



၅။ ဗိုလ်မှူး-မောင်မောင်။ တိုင်းအမှတ် (၁) မှူး။
၆။ ဗိုလ်မှူး-အောင်ကြီး။ မြစ်ဝကျွန်းပေါ် တိုင်းမှူး။
၇။ ဗိုလ်မှူး-ကျော်ဇော။ တိုင်းအမှတ် (၄) မှူး။
၈။ ဗိုလ်မှူး-ရဲထွဋ်။ တိုင်းအမှတ် (၆) မှူး။
၉။ ဗိုလ်မှူး-အောင်။ တိုင်းအမှတ် (၇) မှူး။
၁၀။ ဗိုလ်ကြီး- အာဠာဝက။ အလယ်မြန်မာပြည်တိုင်းမှူး။

# ပြည်သူ့ လွတ်လပ်ရေး

## ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ပြည်သူ့ အစည်းအဝေးကြီးတွင် မြွက်ကြားသည့် မိန့်ခွန်း

၁၉၄၅ ခု ဩဂုတ်လ ပဌမပတ်အတွင်း (ဖဆပလ အဖွဲ့ချုပ်)တွင် နိုင်ငံရေး ခေါင်းဆောင်ကြီးများ၏ ဆွေးနွေးပွဲကို ကျင်းပခဲ့၏။ (ဖဆပလ)အဖွဲ့ချုပ်၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်ကို နိုင်ငံရေးခေါင်းဆောင်များသာမဟုတ် ပြည်သူ လူထုကြီးကပါ သဘောပေါက် ထောက်ခံလာအောင်လည်း အရေးကြီး၏။ ထို့ကြောင့် ၁၉၄၅ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် မြို့လုံးကျွတ် လူထုအစည်းအဝေးကြီးကို ကန်တော်ကြီး နေသူရိန်ကပွဲရုံ၌ ကျင်းပကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုအစည်းအဝေးကြီး၌(ဖဆပလအဖွဲ့ချုပ်)၏ရည်ရွယ်ချက်နှင့်လုပ်ငန်းများကို အောက်ပါအတိုင်း ရှင်းလင်း တင်ပြခဲ့သည်။

ကနေ့ မြို့လုံးကျွတ် အစည်း အဝေးခေါ် ရတဲ့ အကြောင်းကတော့ ကျွန်တော်တို့ ဗမာ့တပ်မတော် အပါအဝင် ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး အကြောင်းကို မြို့သူ မြို့သားများနှင့် တိုင်းသူ ပြည်သားများအား ရှင်းလင်း ပြောပြချင်လို့ဘဲ။ ပဌမဆုံး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးနှင့် ပတ်သက်ပြီး ရှင်းလင်းချင်တဲ့ အချက်ကတော့ ဒီအဖွဲ့ချုပ်ဟာ သခင်အဖွဲ့လို့ အများ သိနေတဲ့ တို့ဗမာအစည်းအရုံးနှင့်လဲ မဟုတ်ဘူး။ တို့ဗမာအစည်းအရုံးက တို့ဗမာအစည်းအရုံး သက်သက်၊ အရင်တုန်းက တို့ဗမာ အစည်းအရုံးထဲ ကျွန်တော်တို့ ပါခဲ့ပါတယ်။ အခု အကြောင်းကြောင်းတွေ ကြောင့် ကျွန်တော်တို့ မပါတော့ဘူး။

ဒုတိယ ကျွန်တော် ရှင်းပြချင်တဲ့ အကြောင်းကတော့၊ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးဟာ ကွန်မြူနစ် ပါတီလဲ မဟုတ်ဘူး။ ကွန်မြူနစ် ပါတီက



www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ ဒီအဖွဲ့ချုပ်ကြီးမှာ ဝင်လုပ်နေတာ မှန်တယ်။ ဒါပေမဲ့ သူတို့ပိုင် အဖွဲ့မဟုတ်ဘူး။ ဒီအဖွဲ့ချုပ်ကြီးကို ဂျပန် လက်ထက်မှာ ဂျပန်တွေက တိုင်းသူပြည်သားတွေ အပေါ် အမျိုးမျိုး စော်ကား၊ အမျိုးမျိုး နှိပ်စက်ပြီး ဘာမှ အဆီအသား မရှိတဲ့ လွတ်လပ်ရေး ဗန်းပြသေးစုတ်နေတော့ကျုပ်တို့ တကယ် လွတ်လပ်ရေးကို ရအောင် တကယ်တိုက်ချင်တဲ့ လူတွေကို ပါတီမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး တတိုင်းတပြည်လုံး သွေးစည်းပြီး လုပ်မယ် ဆိုတဲ့ ရည်ရွယ်ချက်နှင့် ၁၉၄၄ ခု၊ ဩဂုတ်လ အစလောက်မှာ တည်ထောင်လာခဲ့တယ်။ အဲဒီလို အဖွဲ့ချုပ်ကြီး မဖွဲ့ခင်ကတော့ ဟိုတစု ဒီတစု ကျုပ်တို့က ကျုပ်တို့ချည်း၊ ကွန်မြူနစ်တွေက ကွန်မြူနစ်တွေချည်း၊ ပြည်သူ့ တော်လှန်ရေးအဖွဲ့က ပြည်သူ့တော်လှန်ရေးအဖွဲ့ချည်း သတ်သတ် ဆောင်ရွက်နေကြလို့ ကျုပ်က စတင်ပြီး အကြံပေးတဲ့ အတိုင်း အားလုံး စည်းရုံးပြီး ဂျပန်ကို တိုက်ကြရအောင်လို့ နှိုးဆော်လို့ ဒီအဖွဲ့ကြီး ဖြစ်ပေါ် လာခဲ့တယ်။ ဒီအဖွဲ့ချုပ်ကြီးကို ဘယ်လို ဖွဲ့စည်းရမယ်။ ဘာရည်ရွယ်ချက်တွေနှင့် ဖွဲ့စည်းရမယ် ဆိုတဲ့ အချက်တွေကို ကျုပ်ကဘဲ စတင်စီမံပေးခဲ့တာဘဲ။ အဲသလို အဖွဲ့ချုပ်ကြီးကို လုပ်တဲ့ အခါ ဘယ်အဖွဲ့ ဘယ်ပါတီရဲ့မူပိုင်သဘောမျိုး အဖြစ်နှင့်မှ ဖွဲ့ခဲ့တာမဟုတ်ဘူး။ တတိုင်းတပြည်လုံးရဲ့ လွတ်လပ်ရေးကို အဓိက ထားပြီး သွေးစည်းဖို့အတွက် ဖွဲ့စည်း ခဲ့တာဘဲ။ သို့ပေမဲ့ တခုတော့ ရှိတယ်။ ကွန်မြူနစ် ဖြစ်ဖြစ်၊ ဘယ်သူ ဖြစ်ဖြစ် အလုပ်လုပ်ယင် အလုပ်လုပ်တဲ့လူ တွင်ကျယ်မယ်ဆိုတာကိုတော့ အားလုံး နားလည်ဖို့လိုတယ်။

ဒါဖြင့် ဒီအဖွဲ့ချုပ်ကြီးဟာ ဘာလုပ်ခဲ့သလဲ၊ အိန္ဒိယပြည်၊ တရုတ်ပြည်မှာ ရှိတဲ့ တချို့ မျိုးချစ် လူငယ်တွေနဲ့ ကျွန်တော်တို့ အဆက်ရပြီး မဟာမိတ်တွေ နှင့် အဆက်ရနိုင်သမျှ ရအောင် လုပ်တယ်။ ပြီးတော့ ဘာနိုင်ငံခြား အဆက်မှ မရရ ရရ ဂျပန်ဖက်ဆစ်များကို အမြန်ဆုံး တိုက်နိုင်အောင် စီမံစိုင်းပြင်းခဲ့တယ်။ နောက်ဆုံး မက်လ ၂၇ ရက်နေ့က စပြီး တပြည်လုံးမှာ ကျုပ်တို့ တပ်မတော်က ကြီးမှူးပြီး ဂျပန်ကို တော်လှန်ခဲ့တယ်။ အဲဒီ အရင်ကလဲ ရခိုင်ပြည်မှာ ရှိတဲ့ အရင် ၁၉၃၆ ခု၊ ကျောင်းသား သပိတ်တုန်းက သပိတ်မှောက် အဖွဲ့ချုပ် လူကြီး တဦး ဖြစ်ခဲ့တဲ့ ကိုညိုထွန်းက ကမကထလုပ်လို့ ဦးပညာသီဟက ခေါင်းဆောင်ပြီး၊ ရခိုင်ပြည် အမျိုးသားများက မဟာမိတ် များပေးတဲ့ လက်နက်များနဲ့ ဂျပန်ကို ပုန်ကန် ခဲ့ကြတယ်။ ကျွန်တော်တို့



ပိုင်းရင်းသားများ ဖြစ်တဲ့ ကချင်တို့၊ ချင်းတို့ကလဲ ဂျပန်ကို တိုက်ခဲ့တယ်။ ကရင် အမျိုးသားများလဲ ဒီကိစ္စမှာ စိုင်းပြင်းခဲ့တယ်။ နောက်ဆုံး သူတို့ဟာ တောင်ငူနယ်မှာ အထူးသဖြင့် အောင်အောင် မြင့်မြင့်နှင့် ဂျပန်ကို တိုက်ခိုက်ခဲ့ကြတယ်။ ကျွန်တော်တို့ တပ်မတော်မှာ ရှိတဲ့ ကရင်တပ်ရင်းကလဲ မြစ်ဝကျွန်းပေါ် အနောက်ပိုင်းကို တာဝန်ယူတိုက်ခဲ့တယ်။

နောက် အထက် ဗမာပြည် မန္တလေးတဝိုက်မှာ ကွယ်လွန်သွားတဲ့ ဗိုလ်မှူးကြီး ဗထူး ကြီးမှူးပြီး၊ ကျုပ်တို့ တပ်မတော်က ဂျပန်ကို တိုက်ခိုက်ခဲ့တယ်။ ဗိုလ်မှူးကြီး ဗထူး တိုက်ပေးတဲ့အတွက် မန္တလေး တိုက်ပွဲဟာ လျင်မြန်စွာ အောင်မြင်ရတယ် ဆိုတာကို ဟိုတုန်းက ဗမာပြည် တိုက်ခိုက်ရေးကို ကြီးမှူး အုပ်ချုပ်ရတဲ့ မဟာမိတ် တပ်မတော် အမှတ် ၁၄ တပ်မှူး လက်ဖတင်နင်ဂျင်နရယ် ဆာဝီလီယန်ဆလင်း ကိုယ်တိုင် ရေဒီယိုက ချီးကျူးပြောခဲ့တယ်။ နောက်ကိုလဲ ဗိုလ်မှူးကြီး ဗထူးဟာ မြို့တွေ ရွာတွေ အမြောက်အမြား သိမ်းပြီး ရှမ်းပြည်ဖက် တက်တိုက်ခဲ့တယ်။ ဗိုလ်မှူးကြီး ဗထူးကို မဟာမိတ် ဒီဝီဇံတပ်မမှူးတိုင်းလိုလို သိကြတယ်။ ချီးကျူးတယ်။ ၄ နံပတ် တပ်မမှူးဖြစ်တဲ့ လက်ဖတင်နင် ဂျင်နရယ် မက်စာဗီက ဗိုလ်မှူးကြီး ဗထူးရဲ့ အကြောင်းကို ( Despatches ) လန်ဒန် ဂေဇက် (ဘိလပ်အစိုးရဂေဇက်) ထဲမှာ ထဲ့ပြီး ကြေညာမယ်လို့ ပြောခဲ့တယ်။ နောက် မိတ္ထီလာမှာ ရှိခဲ့တဲ့ တပ်ရင်း ၅ ကလဲ ဂျပန်ကို တိုက်ခဲ့တယ်။ တပြည်လုံးမှာတော့ မတ်လ ၂၈ ရက်နေ့က စပြီး တိုက်ခဲ့တယ်။ အဲဒီလို တိုက်ခဲ့တဲ့အခါ တောင်ငူဖက်မှာ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ခွဲနှင့် ကျုပ်တို့ တပ်မတော်က ဗိုလ်အကြပ် ၃၀ လောက်ကြီးမှူးပြီး မြောက်ကျား တပ်များ သီးခြားဖွဲ့ပြီးလဲ တိုက်ခဲ့တယ်။ ကျုပ်တို့ တပ်မတော်နှင့် မြောက်ကျားတပ်တွေ တိုက်လိုက်တဲ့ အတွက်၊ ဂျပန်ပေါင်း နှစ်သောင်းထက် မနည်း ကျဆုံးခဲ့တယ်။ သုံ့ပန်းပေါင်း နှစ်ရာ သုံးရာခန့် ဖမ်းမိတယ်။ ဂျပန်သုံ့ပန်း ဒီလောက် ဖမ်းနိုင်တယ်ဆိုတာ တော်တော် ကို ထူးခြားတယ်။ တခြား လူမျိုးတွေနဲ့ စစ်တိုက်ရတဲ့ အခါ သုံ့ပန်း ရဖို့ လွယ်သလောက် ဂျပန်ကို သုံ့ပန်းရဖို့ မလွယ်ဘူး။ ဒီအချက်ကို မဟာမိတ်တွေ ကိုယ်တိုင်က အသိအမှတ် ပြုကြတယ်။ နောက် ကျွန်တော်တို့တပ်တွေ သိမ်းတဲ့ မြို့တွေ၊ ရွာတွေ၊ တိုက်ပွဲတွေ အကြောင်း အစုံ အလင်ကိုတော့ နောက်မှ စာအုပ် စာတမ်း ကျကျ နန

www.burmeseclassic.com

www.burmeseclassic.com


ထုတ်တဲ့ အခါ ခင်ဗျားတို့ သိကြမှာပဲ။ ထူးခြားတဲ့ အချို့ အချက်တွေကို ဖော်ပြရယင် ဂျပန် လက်ဖဝါးနင်း ဂျင်နရယ် တယောက်၊ မေဂျာ ဂျင်နရယ် နှစ်ယောက်နှင့် အခြား အရေးကြီးတဲ့ ဂျပန် အရာရှိ အမြောက် အမြားကို သတ်ဖြတ်ခဲ့တယ်။ တောင်ငူနယ်မှာ မြောက်ကျား တပ်များက ကူညီ တိုက်ခိုက်ခဲ့တဲ့ အတွက် မဟာမိတ်တပ်များ ရန်ကုန် အရောက်မြန်ခဲ့တယ်ဆိုတာကို လဲ မဟာမိတ်များက အသိအမှတ် ပြုခဲ့တယ်။ မှော်ဘီ လေယာဉ်ပျံကွင်းမှာ ဂျပန်လေယာဉ်ပျံ သုံးစင်းကို ဖျက်ဆီးခဲ့တယ်။ ဂျပန်တွေ သိမ်းထားတဲ့ စပါး အမြောက်အမြား၊ ပစ္စည်းအမြောက် အမြားတွေကို အမြေးမြန်တဲ့ အတွက် မီးမရှို့နိုင်ဘဲ ထားပစ်ခဲ့ရတယ်။ အဲဒါတွေထဲက အမြောက်အမြား ပစ္စည်းတွေကို စိန့်မ်ကျတဲ့ နယ်သူနယ်သားတွေကို ဝေပေးနိုင်ခဲ့တယ်။ ပေါင်းတည် ဖက်မှ ချေးတပ်ရှစ်ထောင် လောက်ကို ဂျပန်စစ်ဆီက လွတ်မြောက်သွားနိုင်အောင် လုပ်ခဲ့တယ်။ ရန်ကုန်မှာ ဆိုယင်တဲ တောင်ကိုဖောက်၊ ဖမ်းထားတဲ့ ရဲဘော်တွေ လွတ်ပစ် လုပ်ခဲ့တယ်။ ကျနော်တို့ တိုက်ယိုက်တဲ့ အတွက် ရန်ကုန်မြို့က ဂျပန်တွေ အလျှင်အမြန်ပြီး ဂျပန်အဖွဲ့အစည်း နည်းသွားတယ်။ နောက်ဆုံး စစ်တောင်းမြစ်ဝှမ်း တလျှောက်မှာ ရှုံမှုံ ချွဲချွဲ တိုက်ခိုက်ခဲ့ကြတယ်။

ဒီလို ကျနော်တို့ တိုက်ပွဲကို ကိုယ်မှာရှိတဲ့ သတင်းစာကြီးတွေကရော၊ ဥရောပတိုက်၊ အမေရိက၊ အိန္ဒိယ၊ တရုပ်ပြည်မှာ ရှိတဲ့ သတင်းစာကြီးတွေကရော ချီးကျူးရေးသားနေတယ်။ အထူးသဖြင့် အိလပ်မှာ ရှိတဲ့ နာမည် အကြီးဆုံး လန်ဒန်တိုင်းသတင်းစာကြီးက ခေါင်းကြီးပိုင်းကနေပြီး ကျကျ နန ရေးသားရတယ်။ အရင်တုန်းက ဗမာပြည်ရဲ့ အကြောင်းကို ဒီ သတင်းစာ ခေါင်းကြီးပိုင်းက သာမညလောက် ရေးသားဘူးရုံပဲ ရှိတယ်။ ဒီတခါတဲ့ ကျကျ နန ကျနော်တို့ တပ်မတော်ကို ချီးကျူးရေးသားတယ်။ အိလပ် ပါလီမန်မှာရော၊ သူတို့ ဆက်တဲ့ ကျောက်ပြာတို့ စက္ကူဖြူတို့မှာရော ကျုပ်တို့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးနှင့် တပ်မတော်တို့ အကြောင်းကို အရေးတယူ ပြောဆိုရေးသားရတယ်။ ဒါတောင် သူတို့ ကျုပ်တို့ တိုက်တာတွေ အကုန်မပြောသေးဘူး။ ထိမ်နိုင်သလောက် ထိမ်ထားသေးတယ်။

ဒါဖြင့် ကျုပ်တို့ ဘာအမြတ်ရသလဲဆိုယင် မူလ အစ ကျုပ်တို့ ဂျပန်ကို ထချတုန်းက ဘာကတိမှ ဗြိတိသျှအစိုးရဆီက မရခဲ့ဘူး။ ဒါပေမဲ့ ကျုပ်တို့က ဘာစျေးမှ မဆစ်ဘဲ မှန်တယ်ထင်တဲ့ဖက်က ထွက်တိုက်ခဲ့တယ်၊ ထင်တဲ့ အတိုင်းလဲ ဟုတ်တယ် ဆိုတာ အခု ဖြစ်တဲ့ အဖြစ်အပျက်တွေက သက်သေခံနေတယ်။

ကမ္ဘာကြီး တခုလုံး ဒီလို ကျုပ်တို့ ဂျပန်ကို တိုက်တဲ့ အကြောင်း သိတော့ ကမ္ဘာမှာရှိတဲ့ မဟာမိတ် နိုင်ငံပေါင်းစုံ အကြည်ညိုလဲမပျက်ရအောင်၊ အိလပ် တိုင်းသူ ပြည်သားတို့ကလဲ အမြင်မတင်နိုင်အောင်၊ ပြီးတော့ ဗမာပြည်ကိုလဲ လုပ်ချင်တိုင်း လုပ်လို့ မရဘူး ဆိုတာ သိတော့၊ ဗြိတိသျှ အစိုးရက ခင်ဗျားတို့ချင်းသာ ညှိနှိုင်းပြီးပြောကြ၊ လွတ်လပ်ရေး လိုချင်တောင် ပေးမယ်ဆိုတဲ့ စကားမျိုး ပြောနေရပြီ။ အခု ကမ္ဘာကြီး အခြေ အနေဟာ သိပ်ကောင်းနေတယ်။ ကမ္ဘာကြီးဟာ အများပြည်သူတို့ ဆန္ဒအရ တိုင်းပြည်တိုင်း တိုင်းပြည် တိုင်း ကိုယ်ပိုင်အရေးကို ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေးကို အရင်စစ်ကြီးပြီးစက ထက် ပိုခိုင်ခိုင်မာမာနှင့် အသိအမှတ် ပြုနေရတယ်။ လမ်းကြောင်း ဆန်ဖရန် စစ်စကို ကွန်ဖရင့်မှာ ရုရှားက လက်အောက်နိုင်ငံဟူသမျှ လုံးဝ လွတ်လပ်ရေး ပေးရမယ်။ မပေးနိုင်သေးတဲ့ တိုင်းပြည်တွေကို နိုင်ငံပေါင်းချုပ် သမဂ္ဂ အဖွဲ့တဖွဲ့က အုပ်ချုပ်ရမယ် အစရှိသဖြင့် ပြောခဲ့တယ်။ အင်္ဂလိပ်၊ အမေရိကန် တို့က ဒီလောက် မလုပ်ပါနှင့်၊ လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး လောက်ဘဲ လုပ်ပေးပါလို့ လိုက်လျှောပြောရတယ်။

ဘာဘဲ ဖြစ်ဖြစ် အရင် ကမ္ဘာစစ်ပြီးတုန်းက နိုင်ငံပေါင်းချုပ် အသင်း တုန်းက ဒီစကားမျိုး မပါဘူး။ အခု ပါလာရပြီ။ ဆန်ဖရန်စစ်စကို ကွန် ဖရင့်မှာ တရုပ်ပြည်က ကိုယ်စားလှယ်များက ဗမာပြည်ရဲ့ အရေးကို ထောက်ခံ အားပေးစကား ပြောကြားတယ်လို့လဲ သိရတယ်၊ အရင် နိုင်ငံပေါင်းချုပ် အသင်းထက်၊ အခု နိုင်ငံပေါင်းချုပ် အသင်းက လုံးဝ ခိုင်မာတယ် မဆိုနိုင်တောင် ပိုခိုင်မာတယ် ဆိုတာ ကမ္ဘာ့ သတင်းစာကြီး များက ရေးကြ၊ ပြောကြတယ်။ အရင်က အမေရိကန် ပြည်ဟာ နိုင်ငံပေါင်း ချုပ် အသင်းမှာ မပါဘူး။ အခု ပါတယ်။ အရင်က ပဋိမ ရုရှားကို ဝိုင်းပယ် ထားတယ်။ အခု မပယ်နိုင်တော့ဘဲ သူက လူစွာ တဦး အကြီးအကျယ် ဖြစ် နေတယ်။ အရင်က နိုင်ငံပေါင်းချုပ် အသင်းကို ပြင်သစ်နှင့် အင်္ဂလိပ်က အုပ် စားမယ်ဆိုတဲ့ သဘောလုပ်ထားတယ်။ အခု ဘယ်သူမှ အုပ်စားချင်ပေမဲ့

www.burmeseclassic.com



အုပ်မစားနိုင်အောင် အားချင်းမျှနေတယ်။ ရုရှားကလဲ အားတောင့်တာဘဲ၊ အမေရိကန်ကလဲ အားတမျိုး တောင့်တာဘဲ။ အင်္ဂလိပ်နှင့် အမေရိကန်က ပေါင်းပြီး အုပ်စားမယ် စိတ်ကူးတောင် ရုရှားနှင့် နိုင်ငံကလေးပေါင်းများစွာက ပေါင်းပြီး ဖျက်လိုက်ယင် တဦးအပေါ် တဦး လွှမ်းမိုးဖို့ အင်မတန် ခဲယဉ်းမယ်။ ဘိလပ်မှာရှိတဲ့ လူတွေ၊ ဥရောပမှာရှိတဲ့ လူတွေ၊ ကမ္ဘာမှာ ရှိတဲ့လူတွေကလဲ အားလုံး နိုးကြားပြီး ရှေးက ညာစားကြတဲ့ လူတွေ အကုန်ဖြုတ်ချပစ်ပြီး ဥရောပတိုက်မှာ ဆိုလျှင် ပိုလန်ပြည်မှာ ပိုလန်ပြည်သူ ပြည်သားများအတွက် တကယ် လုပ်တဲ့ လူတွေဟာ တွင်ကျယ်နေတယ်။ အစတုန်းကတော့ ဘိလပ်ကို ပြေးသွားတဲ့ ပိုလန်ပြည်သူ ပြည်သားတွေကို အုပ်စားတဲ့ လူညာအစိုးရ (ပိုလန်ပြည်မှာ သည့်ပြင်လူတွေက တိုက်နေတုန်း၊ သူတို့ဘိလပ်မှာ ထိုင်နေပြီး၊ ညာနေကြတာဘဲ)။ အဲသည် လူညာအစိုးရကို ဖျက်ပြီး တကယ်လုပ်တဲ့ လူတွေနဲ့ ပူးပေါင်းပြီး အစိုးရ အဖွဲ့သစ် ဖွဲ့ရတယ်။ ဘဲလ်ဂျီယန်မှာ လူတွေဟာ ရှင်ဘုရင်ဆိုတဲ့ မျောက်ပြ ဆန်တောင်းတဲ့ စနစ်ကို မကြိုက်တော့ဘဲ၊ အရေးကျတော့ ရှင်ဘုရင်တွေက ဘာမှ ခေါင်းဆောင် ခေါင်းရွက် မလုပ်နိုင်တော့၊ ရှင်ဘုရင် စနစ်ကို ဖြုတ်ကြလိမ့်မယ်လို့ ယူဆတယ်။ ဂရိတ်ပြည်မှာ အဲသည်အတိုင်းဘဲ။ ယူဂိုစလပ်ပြည်မှာတော့ မှချ ဖြုတ်မှာဘဲ။ အဲဒီမှာ မာရှယ်တီးတိုးဆိုတဲ့ ပုဂ္ဂိုလ်ကြီးက လူမျိုးပေါင်းစုံကို ခေါင်းဆောင်ပြီး ဂျာမန်တွေကို အင်မတန် အောင်အောင် မြင်မြင် တိုက်နိုင်တဲ့အတွက် ဒီ ပုဂ္ဂိုလ်ကြီးနှင့် အဖွဲ့တွေဘဲ တက်မှာဘဲ။ ပြင်သစ်မှာဆိုယင် လက်ဝဲ ဂိုဏ်းသားတွေ တက်နေကြပြီ။ မျူနီစီပယ် ရွေးကောက်ပွဲတွေမှာဆိုယင် သူတို့က အားများတယ်။

ဘိလပ်မှာတော့ ခင်ဗျားတို့ သိပြီးတဲ့ အတိုင်း လေဘာပါတီက တက်တယ်။ အရင်တုန်းက တိုင်းပြည်အုပ်စားပြီး သူတို့ ဖျင်းလို့ ဂျာမန် နာဇီဂိုဏ်းတို့၊ အီတလီ ဖက်ဆစ် ဂိုဏ်းတို့ အားကြီးသွားခဲ့တယ်။ နောက်ဆုံး သူတို့မွေးတဲ့မျောက် သူတို့ကို ပြန်ချောက်ခဲ့တယ်။ အဲဒီတော့တောင် ပဌမ ကောင်းကောင်း မတိုက်ဘူး။ ဒါကြောင့် ပဌမ အကြီးအကျယ် ရှုံးခဲ့တယ်။ စစ် မရှေးသင့်ဘဲ ရှေးခဲ့တယ်။ အဲဒီလို ညာစားခဲ့တဲ့ ကွန်ဆာဗေးတစ် ပါတီ ပြုတ်သွားပြီး၊ လေဘာပါတီဟာ အင်္ဂလိပ်ရာဇဝင်မှာ ဒီတကြိမ်ဘဲ အပြတ်အသတ် ရွေးကောက်ပွဲ နိုင်ဘူးတယ်။ အရင်တုန်းက နှစ်ခါ နိုင်ဘူးပါရဲ၊



ပြတ်ပြတ် သတ်သတ် မနိုင်လို့ ကောင်းကောင်း မလုပ်နိုင်ဘူး။ ကြာကြာ မခံဘူး။ အခုတော့ အပြတ်အသတ် နိုင်တယ်။ ဒါတွင် မကဘူး၊ ရှေ့ကို လေဘာပါတီက လူကြီးတွေ သိပ်မရှော်ယင်၊ တတက်ထဲ တက်ဖို့လမ်းဘဲ မြင်တယ်၊ အလားအလာရှိတယ်။ ဒီလို ကမ္ဘာကြီး အခြေအနေက သိပ်ကောင်းတယ်။

ဗမာပြည်က အခြေ အနေကတော့ ကျုပ်အခုနက ပြောခဲ့သလိုဘဲ၊ ကျုပ်တို့ လုပ်ငန်းတွေဟာ ခြေရာ လက်ရာ အကောင်အထည်နှင့် ရှိပြီးသားဘဲ။ ကျုပ်တို့ဟာ ဘယ်သူမှ ပက်ခက်ဘာလဲ မဟုတ်ဘူး၊ ကိုယ်ရည်သွေးပြောတာလဲ မဟုတ်ဘူး၊ ကျုပ်ပြောရဲတယ်။ ဗမာပြည်မှာတိုင်းပြည်အတွက် ကျုပ်တို့ထက် ပိုလုပ်တဲ့ လူ၊ အနစ်နာ ခံတဲ့လူ မရှိဘူးဆိုတာ ကျုပ်ပြောရဲတယ်။ ကျုပ်ခိုလို့ရှိယင် ဂျပန် လက်ထက်မှာ ဖြစ်ဖြစ်၊ အခု ဖြစ်ဖြစ် ကျုပ်လို ချင်ယင် လိုချင်တဲ့ ရာထူးရဖို့ မခဲယဉ်းပါဘူး။ ဂျပန်တွေတုန်းက မင်းဆောင် ရှင်ဘုရင် ဖြစ်နိုင်သားဘဲ ဆိုတဲ့ စကားမျိုး အပြောခံရတာဘဲ။ ဒါပေမဲ့ ကျုပ် ဒီလို ရာထူးတွေကိုသာ ရည်ရွယ်ပြီး နိုင်ငံရေး လုပ်ချင်ယင် အစကတည်းက ဒီလောက် ခဲယဉ်း ပင်ပန်းတဲ့ နိုင်ငံရေး မလုပ်ဘူး မှတ်ပါ။ အခု ဒီလောက် ခဲယဉ်း ပင်ပန်း ဒေါများဟဲ့ အလုပ် (အခုဟာနဲ့လို့သာ အသက်ရှင်နေတာ။ မဟန်ယင် ကြာလှပြီ ကျုပ်သေတာ။ အဲဒီလိုဆိုယင် ခင်ဗျားတို့ ကျုပ်နာမည်တောင် ကောင်းကောင်းပြောရဲမှာ မဟုတ်ဘူး။) ကို လုပ်တယ်ဆိုတာ တိုင်းပြည်လွတ်လပ်ရေး လိုချင်လို့ဘဲ။

ကျုပ်တွင်လား၊ ကျုပ်ခေါင်းဆောင်နေတဲ့ တပ်မတော်သားတွေကအစ ဒီလောက် အပင်ပန်းခံ တိုက်နေတာ။ လခလဲ တပြားမှ မရသေးဘူး။ အဝတ်အစားလဲ ချို့တဲ့တယ်၊ ဆေးဝါးလဲ ကောင်းကောင်း မလုံလောက်ဘူး။ လက်နက် ခဲယမ်းမီးကျောက်လဲ မပြည့်စုံဘူး။ အနားဆိုလို့လဲ မရဘူး၊ မယားမိတ်တွေဆီက အကူအညီဆိုတာလဲ ရသင့်သလောက် မရဘူး။ ဒီပြင် ဆိုယင်လဲ လူငယ်တွေလုပ်ယင် အသင်သေးချင်တဲ့ အချို့လူကြီးတွေရဲ့ မသိမသာ နှောင့်ရှက်မှု၊ သိသိသာသာ နှောင့်ရှက်မှုကိုလဲ ခံရသေးတယ်။ အသက်လဲ စွန့်ရတယ်။ သေတဲ့ လူတွေ သေကုန်ပြီ။ လူစဉ် မမိတဲ့ လူတွေ ရှုံကုန်ပြီ။ အဲဒီလောက် အပင်ပန်းခံပြီး ကျုပ်တို့ တတပ်လုံး တိုက်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ဟာ တနေ့က ကျုပ်တို့ တပ်ခေါင်းဆောင်တွေရဲ့ ကြေညာချက်အတိုင်း၊ လူတစုတည်း ကောင်းစားဖို့လဲ မဟုတ်ဘူး။ ကျုပ်တို့ ကိုယ်ရေးကိုယ်တာ ကောင်းစားမှုအတွက်လောက်သာလဲ မဟုတ်ဘူး။ ကျုပ်တို့ တိုက်နေဟာဟာ၊ တိုင်းပြည်ရဲ့ လွတ်လပ်ရေးနှင့် တိုင်းပြည်၏ လူထုကြီး ကောင်းစားရေးကိုသာ ရည်ရွယ်ပြီး တိုက်တယ်ဆိုတာကို တထစ်ချ သိစေချင်တယ်။ အခု ကျုပ်တို့ တိုင်းမှုး တပ်မှုးတချို့လဲ စစ်မြေပြင်မှာ စစ်သားတွေ စိတ်ထားကို ကျုပ်တို့ထက် ပိုစိုလင်လင် ပြောပြလိမ့်မယ်။ ကျုပ်တို့ တပ်မတော်တခုလုံးဟာ အခုအခါ ကြိမ်မီးအုံးသလို ပွပန်နေတယ်။ စစ်တိုက်တော့မဲ့ ဆဲဆဲ စစ်တိုက်လို့ ကျည်ဆံသင့်သေမဲ့ဆဲဆဲမှာ ဒီတိုက်တာ လွတ်လပ်ရေး ရမှရပ် မလားဟေ့။ ကျုပ်တော့ဖြင့် သွားပြီ၊ တိုင်းပြည်မှာ ကျန်ရစ်မဲ့ ခေါင်းဆောင်မဲ့ လူကြီးတွေကို ပြောလိုက်ပါ။ ကျုပ်တို့ တာဝန်ကျေပြီ၊ ခင်ဗျားတို့ တာဝန်ကျေအောင် လုပ်ပါ၊ မလုပ်ယင်တော့ ကျုပ်တို့ သေကာနောက်ဆက် တိုင်းကဘာလုပ်မယ်၊ ညာလုပ်မယ် အမျှော်သဖြင့် မြည်တမ်းသွားတာတွေဟာ ကျန်ရစ်နေတဲ့ ရဲဘော်တွေနှင့် ကျုပ်တို့ အားလုံး စိတ်ကို အငြိမ်ထိုင်မနေနိုင်အောင် ဖြစ်တယ်။

ဒါကြောင့် တနေ့က ပဲခူးနှင့် ရန်ကုန်မှာ လုပ်တဲ့ တိုင်းမှုးတွေနှင့် ကျုပ်တို့ ရန်ကုန် စင်ရှာနချုပ်မှာ ရှိတဲ့ အရာရှိကြီးတွေ အစည်းအဝေးတွင် ကျုပ်တို့ တိုင်းပြည် ညီညွတ်ရေးဟာ အလုပ်ထင်ရှား ဖြစ်နေပြီ။ ကမ္ဘာလဲတဲ့ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို ဖွဲ့ပြီး ညီညွတ်ရေး ရအောင် လုပ်ပါ ဆိုတဲ့ အတိုင်း ဒီအဖွဲ့ချုပ်ဟာလဲ အခု ကျုပ်တို့ကျေနပ်မှု ဖြစ်တဲ့ အတိုင်း အခု ဒီအစည်းအဝေး ခေါ်တာဘဲ။ အင်္ဂလိပ်ကလဲ အလိုမှာ စကားသုံးထားတယ်။ ခင်ဗျားတို့ကသာ ပြောကြ၊ (ပြောကြဆိုတာ က ညီညီညွတ်ညွတ် ပြောဖို့ဆိုလိုတာ) ခင်ဗျားတို့ လွတ်လပ်ရေး လိုချင်သပ ဆိုယင်ရစေမယ်လို့ ဆိုထားတယ်။ ဒါဟာ အလိုမှာ စကားဘဲ။ သူတို့ တိုးချင်ယင် တိုးနိုင်ပြီ။ ရှောင်ချင်ယင် ရှောင်နိုင်တဲ့စကားဘဲ။ ဒါကြောင့် အခု ဒီအစည်းအဝေးခေါ်ပြီး ဒီရန်ကုန်မြို့မှာ ရှိတဲ့ တိုင်းသူ ပြည်သားတွေက အစ ပြုပြီး၊ တိုင်းပြည်တပြည်လုံးကို ဘယ်သူကမှ ယိမ်းယိုင်သံသယ မရှိအောင် ကမ္ဘာလဲသိ၊ အလုပ်အားဖြင့် ထင်ရှားနေတဲ့ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို တညီတညွတ်တည်း ဝင်ရောက် လုပ်ကိုင်ပြီး ကျုပ်တို့ရဲ့ ပြင်းပြတဲ့ ဆန္ဒဖြစ်တဲ့ လွတ်လပ်ရေးနှင့်



လူများစု ကောင်းစားရေးကို ဖြစ်မြောက်အောင် ကူညီ လုပ်ကိုင်ပေးပါလို့ တိုက်တွန်းတာပါဘဲ။

ဒီပြင်လဲ တိုင်းပြည်ကို လိမ်နေကြတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေဟာ ကိုယ့်အစွမ်းကို အားမကိုးဘဲ လူတွေက ကြည်ညိုတန်ကောင်းရဲ့ ဆိုတဲ့ ပုဂ္ဂိုလ် တဦးဦးကို ဗန်းပြပြီး လာစေကာမူ၊ ဘယ်နည်းနဲ့မှ အားမပေးကြပါနဲ့။ ခင်ဗျားတို့လည်းပင်း ခင်ဗျားတို့ ကြိုးတပ်ချင်ယင်ဖြင့် ကျုပ် ဘာမှ မပြောလိုတော့ဘူး။ သို့သော်လဲ ခင်ဗျားတို့ ဒါမျိုး အလုပ်မခံချင်ယင်၊ ခင်ဗျားတို့ အကျိုးဖြစ်စေချင်ယင် ဒီလူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေကို ရှောင်ရှား ကြပါ။ တိုင်းပြည် လွတ်လပ်ပြီး၊ ခင်ဗျားတို့ အကျိုးတွေကို ထင်ထင်ရှားရှား ဘယ်သူမှ လက်တလုံးခြား မလိမ်နိုင်အောင် စီမံနိုင်မှ ခင်ဗျားတို့ အကျိုး ရှိနိုင်မှာဘဲ။ ကျုပ်နောက်ဆုံး သတိပေးချင်တာက တိုင်းပြည်မှာ လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် ဘယ်လိုလူမှ စိတ်မချနဲ့။ မလိမ်နိုင်အောင် ကြိုးချည်ထားပါလို့ ပြောချင်တယ်။

နိဂုံး မချုပ်မီ တပ်မတော် ကိစ္စကိုလဲ ပြောပြချင်ပါသေးတယ်။ အခု ကျွန်တော်တို့ တပ်မတော်ကို နားမလည်သာ ရှိတဲ့ ဗြိတိသျှ အစိုးရရဲ့ မြန်မာပြည် ဘယ်မတော်ဆိုတာထဲ သိမ်းသွင်းမယ်လို့သာမန်ဆိုထားတယ်။ အဲဒါကို ကျွန်တော်တို့ မရှင်းတဲ့ အချက်တွေ အများကြီး ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ လိုလားချက်များအတိုင်း၊ အဖွဲ့ချုပ်ကြီးက ဒီအစည်းအဝေးကြီးမှာ တပ်မတော်နှင့် ပတ်သက်ပြီး တောင်းဆိုချက်တွေ တင်ပြလိမ့်မယ်။ ဒီအတိုင်း တိုင်းပြည်က ထောက်ခံမယ်ဆိုယင် ကျွန်တော်တို့ တပ်မတော်သားတွေဟာ ကျေတ်မှတ်ပြီး ဝင်ရောက် လုပ်ကိုင်နိုင်မဲ့ အခြေ အနေကို ရနိုင်မယ်လို့ ယုံကြည်တယ်။ ဒါပေမဲ့ မလွတ်လပ်တဲ့ ဗမာပြည်ရဲ့ တပ်မတော်ထဲကို တပ်မတော်မှာ ရှိတဲ့ လူ ၁၀၀ မှာ ၉၉ ယောက်က ဖြစ်နိုင်ယင်၊ အမှုမထမ်းလိုကြဘူး ဆိုတာကိုလဲ လေးလေး နက်နက် ခင်ဗျားတို့ သိစေချင်တယ်။ ဒါကြောင့် လွတ်လပ်တဲ့ တိုင်းပြည်အောက် တပ်မတော် အမြန် ပြန်ရောက်နိုင်အောင် ခင်ဗျားတို့က လွတ်လပ်ရေးကို အေးအေး ချမ်းချမ်း ရယူပေးနိုင်တဲ့ တိုင်းပြည် ညီညွတ်ရေးကို ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးမှာ ဝင်ရောက်ပြီး ရအောင် လုပ်ပေးကြပါလို့ နောက်ဆုံး မှာချင်တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ဖက်ဆစ်တိုက်ဖျက်ရေး
# ပြည်သူ့လွတ်လပ်ရေး

●

## ၁၉၄၅ ခုနှစ် ဩဂုတ်လ စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် မြွက်ကြားသည့်မိန့်ခွန်း

ဂျပန်တော်လှန်ရေး ပြီးဆုံးသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် (ဖဆပလ အဖွဲ့ချုပ်ကြီး) ခိုင်မာတောင့်တင်းလာစေရန် ဝန်စိုက်တကျ ပြုပြင် စည်းရုံးလေသည်။ (ဖဆပလ) သည် အမျိုးသား တပ်ပေါင်းစု ဖြစ် သည့်အတိုင်း ပါတီအသီးသီး၊ လူတန်းစား အဖွဲ့အစည်း အသီးသီး၊ တသီး ပုဂ္ဂလ နိုင်ငံရေး ခေါင်းဆောင်များစသည်တို့ ပါရှိနေရမည်ဖြစ်၏။ ထိုသို့ စုစုစည်းစည်းရှိနိုင်ရန် ထိုပါတီများ၊ လူတန်းစားအဖွဲ့အစည်းများ၊ တသီး ပုဂ္ဂလ နိုင်ငံရေး ခေါင်းဆောင်များသည် (ဖဆပလ)၏ ရည်ရွယ်ချက် နှင့် လုပ်ငန်းစဉ်ကို နားလည် လက်ခံမှသာ စုစုစည်းစည်း ရှိနိုင်မည် ဖြစ် ၏။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေး အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကို (ဖဆပလ) အဖွဲ့ချုပ်သို့ ဖိတ်ကြားပြီးလျှင် ဆွေး နွေးပွဲတခု ကျင်းပခဲ့သည်။ အောက်ပါ မိန့်ခွန်းမှာ ထိုဆွေးနွေးပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းဖြစ်သည်။

ကနေ့ လူကြီးများ အစည်းအဝေး ခေါ်ရခြင်း အကြောင်းမှာ နိုင်ငံအ တွင်း နိုင်ငံရေး ညီညွတ်မှုကို ရှေးရှု၍ ခေါ် ဆိုရခြင်း ဖြစ်ပါတယ်။ အရင်ကလဲ ခေါ်ခဲ့တယ်။ မူလကလဲ ရည်ရွယ်ခဲ့ဘယ်။ နိုင်ငံရေး ညီညွတ်မှုဆိုတဲ့ အဓိပ္ပာယ် ဟာ ဘာလဲဆိုယင်၊ အခု ကျွန်တော်တို့ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ် လပ်ရေး အဖွဲ့ချုပ်ကို တနိုင်ငံလုံးရဲ့ နည်းလမ်းတကျ အတည်ပြုတဲ့အဖြစ်ကို Formal Sanction အမြန်ရောက်အောင်လုပ်ပြီး၊ ဒီ အဖွဲ့ချုပ်ကြီးရဲ့ဝါဒ ရည်ရွယ်ချက် စည်းမျဉ်းများအတိုင်း နိုင်ငံအတွက် ဖက်ဆစ်ဝါဒ ကမ္ဘာ





ကြီး တလျှောက် ပပျောက်သွားရေး၊ မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့် ထူ ထောင်ရေး လုပ်ငန်းစဉ်များကို အများပြည်သူတို့ဆန္ဒနှင့် လျော်ညီစွာ တညီတညွတ်တည်းလုပ်ကိုင်ခြင်းကို ဆိုလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဟာ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များအဖြစ် အောက်ပါအတိုင်း သတ်မှတ် ထားပါတယ်။

က။ ဖက်ဆစ်ဝါဒ ကမ္ဘာတွင် လုံးဝပပျောက်သည်အထိ ဆောင်ရွက် ရန်၊

ခ။ အတ္တလန္တိတ် ကြေညာချက်၊ တီဟီရန် ကြေညာချက် စသော ကြေညာချက်များအတိုင်း ဗမာပြည်သူပြည်သားတို့သည် မိမိ တို့ ကံကြမ္မာကို မိမိတို့ဖာသာ ဖန်တီးနိုင်ရန်၊

ဂ။ ဗမာပြည်ကြီးကို ပြည်သူတို့ဆန္ဒအတိုင်း ပြန်လည်ထူထောင် ရန်၊

ဃ။ ဗမာပြည်အတွင်းရှိ တိုင်းရင်းသား လူမျိုးတိုင်း မိမိတို့ ကံ ကြမ္မာကို မိမိတို့ဖာသာ ဖန်တီးနိုင်ပြီး အားလုံး၏ သဘောနှင့် ညီညွတ်စွာ ထူထောင်သော နိုင်ငံ တည်ထောင်ရန်။

ဒါတွေဟာ အဖွဲ့ချုပ်ကြီးရဲ့ ရည်ရွယ်ချက်များ ဖြစ်ပါတယ်။

ဒီအဖွဲ့ချုပ်ကြီးရဲ့ ရည်ရွယ်ချက်တွေရဲ့ သဘောတရား အကျယ်ကို ရှင်းပြ ပါအုံးမယ်။ အခုကမ္ဘာကြီးမှာ လူတဦးထဲကဖြစ်စေ၊ သို့မဟုတ် လူတစုက ဖြစ်စေ နိုင့်ထက်ကလျှပြုကာ နိုင်ငံ အတွင်းမှာရော၊ နိုင်ငံ အပမှာရော ဖက်ဆစ်ဝါဒဟာ ပြည်တွင်း လွတ်လပ်ရေး၊ ကမ္ဘာ့လွတ်လပ်ရေး၊ ငြိမ်းချမ်း ရေးကို ဖျက်ဆီးခဲ့တယ်။ ဒီလိုဖက်ဆစ်ဝါဒဟာ ဆိုးသွမ်းတယ်ဆိုတာကို ကျွန်တော်တို့ တိုင်းသူ ပြည်သားတွေကိုယ်တိုင် အဲဒီဝါဒ လက်ကိုင်လားတဲ့ ဂျပန်အောက်မှာ သုံးနှစ်သုံးမိုးလောက် နေခဲ့ရလို့ လက်တွေ့ သိရှိခဲ့ပြီးဘဲ။ အခုအခါ ပြည်တပြည်မှာ ဒီလိုဝါဒမျိုးရှိယင် သူတို့ဖာသာသူတို့ ဖြစ်နေကြ တာ ငါတို့နှင့် ဘာဆိုင်သလဲလို့ စောဒကတက်ချင်ကြတဲ့ လူတွေရှိချင်ရှိမယ်။ အဲသည်လို စောဒကကို အဖြေကတော့ ဒီလိုဘဲအရင်က အချို့ တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ၊ လူတွေ သဘောထားကြလို့ ဖက်ဆစ်ဝါဒ လွှမ်းမိုးတဲ့ တိုင်းပြည်တွေက တဖြည်းဖြည်း နယ်ချဲ့ပြီး ရမ်းကားလာတဲ့အတွက် အခုစစ်ကြီးဖြစ်ခဲ့ရတာဘဲ။ ဒီဖြစ်ခဲ့တဲ့စစ်ကြီးဟာလဲ ကျွန်တော်တို့ နိုင်ငံပါမကျန် မီးကူးခဲ့တယ် မဟုတ်ဘူးလားဆိုတဲ့ လက်တွေ့ အဖြေကိုဘဲ ပေးရမှာဘဲ။ အခုခေတ်မှာ စစ်ဟာ တနိုင်ငံထဲမှာလဲ မဖြစ်နိုင်ဘူး။ ဖြစ်ပြန်ယင်လဲ စစ်မီးကူးတတ်တယ်၊ စစ်မီးကူးယင် တကမ္ဘာလုံး ဒုက္ခရောက်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို ကျွန်တော်တို့ဟာ အမြဲတမ်းရနိုင်သလောက်ရအောင် ကြိုးစားရမယ်။

ယခုအခါမှာ ငြိမ်းချမ်းရေးကို အဖျက်ဆီးဆုံး ဝါဒဟာ ဖက်ဆစ်ဝါဒဖြစ်လို့ ဒီဝါဒကမ္ဘာမှာ ဘယ်နေရာမှာဖြစ်ဖြစ် ရှိနေယင် စစ်ဖြစ်နိုင်တာမို့လို့ ဒီဝါဒ ပပျောက်အောင် လုပ်ဖို့လိုတယ်။ ဒီတွင်လားဆိုယင် မကုန်သေးဘူး။ ဒီဝါဒမျိုးဟာ လူမျိုးပြည်မှာလဲ တိုင်းသူပြည်သားတွေကို ချုပ်ချယ်တယ်။ ကမ္ဘာမှာလဲ အင်မတန် ရိုင်းစိုင်းကြမ်းကြုတ်တဲ့လူမျိုးရေးဝါဒကို လက်ကိုင်ထားပြီး ဂိုဏ်းဖွဲ့ ချုပ်ချယ်ဖို့ရည်ရွယ်ချက်ရှိတယ်။ ကမ္ဘာမှာ ကမ္ဘာ့လွတ်လပ်ရေးကို ထိခိုက်တယ်။ ကမ္ဘာ့လွတ်လပ်ရေးကိုထိခိုက်လို့ရှိယင်၊ ကမ္ဘာ့လွတ်လပ်ရေး မရှိနိုင်ဘဲ ဖြစ်သွားမယ်။ ကမ္ဘာ့လွတ်လပ်ရေး မရှိနိုင်ယင် ဗမာ့လွတ်လပ်ရေး ဆိုတာလဲ မရှိနိုင်ဘူး။ အခု တချို့က ပြောကြမယ်၊ စစ်ကြီးဟာ ပြီးသွားပြီ၊ ဖက်ဆစ်တွေလဲ ကျသွားပြီ မဟုတ်ဘူးလားလို့ မေးကြမယ်။ အခု ဖက်ဆစ်ဝါဒဟာ စစ်အားဖြင့် ရှုံးသွားပေမဲ့ ဒီဝါဒ သို့မဟုတ် ဆင်တူရိုးမှား ဝါဒ သက်ဝင်ထားတဲ့ လူတွေ၊ အဖွဲ့တွေ၊ နိုင်ငံတွေ ရှိသေးတယ်။ ဥပမာ စပိန်ပြည်နဲ့ တရုတ်ပြည်မှာ ဒီဝါဒမျိုးတွေ ကြွင်းကျန်နေတုန်းဘဲ။ ဒီဝါဒမျိုးကို အားပေးတဲ့ နိုင်ငံပေါင်းများစွာ တည်ရှိပြီး ပေါင်းစည်းထားတဲ့ စီးပွားရေးအဖွဲ့အစည်းကြီးမျိုးတွေ ( International Trusts, Cartels, Combines ) တွေလဲ ရှိသေးတယ်။ လက်အောက်ခံ တိုင်းနိုင်ငံတွေ၊ အုပ်စိုးချင်တဲ့ တိုင်းပြည်တွေ ရှိသေးတယ်။ ဒါတွေ ရှိနေသမျှ ကမ္ဘာ့ငြိမ်းချမ်းရေးဟာ မတည်မြဲနိုင်ဘူး။ ကမ္ဘာ့ငြိမ်းချမ်းရေးဟာ လုံလုံလောက်လောက်နဲ့ နက်ဖြန် စစ်ပြန်ဖြစ်အုံးမလား။ သဘက်ခါ စစ်ပြန်ဖြစ်အုံးမလား ဆိုပြီး ကမ္ဘာမှာ ရှိတဲ့ ကျွန်တော်တို့ ပြည်သူပြည်သားတွေနဲ့ တခြားတိုင်းသူ ပြည်သားတွေဟာ အေးအေးဆေးဆေးနေခွင့် ရကြမှာ မဟုတ်ဘူး။



ဒါကြောင့် ဖက်ဆစ်ဝါဒ ကမ္ဘာမှာ ပပျောက်ရေးကို ကျွန်တော်တို့ ရည်ရွယ်ချက်ထဲမှာ ထည့်ထားတယ်။ ကမ္ဘာမှာ အဲဒီ ဝါဒမျိုးကို တိုက်ဖျက်မဲ့လူတွေနဲ့ အမြဲပူးပေါင်းပြီး အခွင့် အာဏာရတိုင်း ဆောင်ရွက်ဖို့ဘဲ။

အထူးသဖြင့် ကျွန်တော်တို့ တိုင်းပြည်မှာ ဒီဝါဒမျိုး လုံးဝ မရှိနိုင်အောင် လုပ်ရမယ်၊ အာဏာရှင် ဝါဒ၊ လူမျိုးအချင်းချင်း မုန်းတီးရေး ဝါဒ၊ ဂျပန်ပြည်မှာလို စစ်ကသာ လွှမ်းမိုးရမယ်ဆိုတဲ့ စစ်ဖက်အာဏာရှင်စနစ်၊ သက်ဦးဆံပိုင် ရှင်ဘုရင် စနစ်ဝါဒ၊ အဲဒီဝါဒမျိုး အငယ်စားဖြစ်တဲ့ ပဒေသရာဇ် မြို့စားရွာစား ဝါဒ ( Feudalism ) အထက်ကသာ ခန့်ထားပြီး တိုင်းသူ ပြည်သား ဆန္ဒအရမဟုတ်ဘဲ၊ တိုင်းသူ ပြည်သားတွေနဲ့ ကင်းကွာပြီး မင်းစိတ်ပေါက်တဲ့ အရာရှိတွေခြယ်လှယ်တဲ့ စနစ်ဆိုးတမျိုးရှိနေယင် အများပြည်သူတို့ ဆန္ဒနဲ့ လုပ်ကိုင် ရတဲ့ ဒီမိုကရေစီ ဝါဒ ခေတ်မစားနိုင်တဲ့ ဖက်ဆစ် ဝါဒ ဆင်တူရိုးမှားတွေ ပေါ်လာနိုင်တယ်။ ဒီဝါဒမျိုးတွေ ပေါ်လာယင် တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေး ဆိုတာကို မရနိုင်တော့ဘူး။

ဒါကြောင့်ကျွန်တော်တို့ဟာ ဒီမိုကရေစီ ဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ ဗမာနိုင်ငံထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒါမျိုး မလုပ်နိုင်ယင် ကျွန်တော်တို့ ဗမာပြည်က လူတွေဟာလဲ နစ်နာမယ်။ ကျွန်တော်တို့ ပြည်ကိုလဲ ကမ္ဘာက ကြည့်နေလို့ မရတဲ့ တနေ့ ဂျပန်နဲ့ ဂျာမနီ ဝိုင်းပြီး အနိုင်ခံရသလို အနိုင်ခံရမယ်ဆိုတာကို သတိချပ်ကြရမယ်။ ဒီမိုကရေစီ ဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်။ ဒါဖြင့် ဒီဝါဒဟာ ဘာလဲ ဆိုတာကိုလဲ ရှင်းပြချင်သေးတယ်။

ကျွန်တော်တို့ အမြင်အရဆိုယင် တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုဟာ လူတဦးထဲက ခေါင်းဆောင်မှုမျိုး မဟုတ်ဘဲနဲ့ အဖွဲ့နဲ့ ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။ အဖွဲ့ရဲ့ ဆန္ဒမဟုတ်ဘဲ ငါ့ဆန္ဒ ငါသဘော လုပ်တဲ့ ခေါင်းဆောင်မှုမျိုး မဟုတ်ဘဲ၊ အဖွဲ့ရဲ့ ဆန္ဒယူပြီး အဖွဲ့ရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိတဲ့ ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးရေး တရားဟာလဲ ငါ့လူမျိုးမှ ငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါ့လောက်မမြတ်။ ငါ့လူမျိုးသာ ကမ္ဘာကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေး တရား မဟုတ်ဘဲ ကိုယ့်လူမျိုး ကိုယ်ချစ်ခင်သော်လဲ တခြား လူမျိုးများကို မုန်းတီးခြင်း၊ အထင်သေးခြင်း မဖြစ်ဘဲ ကမ္ဘာမှာ တိုင်းပြည် အချင်းချင်း သင့်မြတ်စွာ တဦးအကျိုး တဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေး တရားမျိုးလဲ ဖြစ်ရမယ်။ ဂျပန်ပြည်မှာ လို စစ်ဘက်က လက်ဝါကြီးအုပ်ပြီး၊ တိုင်းပြည်လွှတ်တော်ကအာဏာမအစိုးမရတဲ့ စစ်အာဏာရှင် ဝါဒမျိုး မရှိရအောင်၊ စစ်ဖက်ကို တိုင်းပြည်လွှတ်တော်က အုပ်စိုးနိုင်ခွင့် ရှိရမယ်။

နေ့ဘက်လွတ်လပ်စွာ ဖော်ပြခွင့် စည်းရုံးခွင့် အစည်းအဝေးခေါ်ခွင့်နှင့် စီတန်းလမ်းလျှောက်ခွင့်၊ လွတ်လပ်စွာ တွေးတောခွင့်၊ ကိုးကွယ်လိုရာ ဘာသာကိုးကွယ်ခွင့်၊ တရားနှင့် မညီသောအဖမ်းအဆီးအချုပ် အနှောင်မှ ကင်းလွတ်ခွင့်၊ ကိုယ်ရေး လွတ်လပ်ခွင့်၊ ကိုယ့်အိမ်ကိုယ်ယာနှင့် နေထိုင်ခြင်းကို မတရားသဖြင့် နှောင့်ရှက်ခြင်းမှ ကင်းလွတ်ခွင့်၊ လူတိုင်း ပညာသင်ကြားနိုင်ခွင့်၊ အခမဲ့ ဆေးဝါး အကူအညီရရှိခွင့်၊ မတရားသဖြင့် စီးပွားချုတ်ချယ်မှုများမှ လွတ်ကင်း ချမ်းသာခွင့်၊ အလုပ်သမား၊ လယ်သမားများ၏ အနည်းဆုံး အခွင့်အရေးများကို အစိုးရကစောင့်ရှောက်ပေးခြင်း၊ လူနည်းစုတိုင်းရင်းသားများ၏ အနည်းဆုံး အခွင့်အရေးများကို အစိုးရက စောင့်ရှောက်ပေးခြင်း၊ တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးတိုင်း ကိုယ့်ဘာသာ၊ ကိုယ့်စလေ့၊ ကိုယ့်ယဉ်ကျေးမှုအတိုင်း ဆောင်ရွက်နိုင်ခွင့်၊ အိုစာနာစာ၊ အထိအခိုက် လျော်ကြေးရပိုင်ငွေ အစရှိသည်တို့ကို အစိုးရကထားပြီး အိုမင်း၍ရင်း၊ နာဖျား၍ရင်း၊ ထိခိုက်နာကျင်၍ရင်း၊ အလုပ် လုပ်ချင်သော်လည်း အလုပ်မရနိုင်၍သော်ရင်း အသက်မွေး ဝမ်းကျောင်း မပြုစွမ်းနိုင်သူများသည် အစိုးရ၏ အထောက်အပံ့ကိုရရှိခွင့်၊ ဒီမိုကရေစီအခွင့်အရေးမျိုးတွေလဲ ရှိရမယ်။

အထက်ပါ အချက်တွေဟာ ဒီမိုကရေစီ ဝါဒတွေရဲ့ အခြေခံတွေဘဲလို့ ယူဆတယ်။ ဒီလို အခြေခံ တရားတွေကို ရည်ရွယ်ရင်း ရှိတဲ့ အဖွဲ့အစည်းဟာလဲ ဒီတရားတွေနှင့် ညီတဲ့ အများဆန္ဒအရရွေးကောက်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ဆောင်ရွက်လုပ်ကိုင်ခြင်း စတဲ့ နည်းစံနစ်မျိုးသာ သုံးရပေလိမ့်မယ်။



အဲဒီလို အခြေခံ အချက်များအရ ကျွန်တော်တို့ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို တည်ထောင်ခဲ့တယ်။ ဒီလို ရည်ရွယ်ချက်တွေ ရအောင် ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးဟာ ဂျပန် လက်ထက် အတွင်းမှာဘဲ ၁၉၄၄ ခု၊ ဩဂုတ်လကစပြီး ပုန်းရှိုးကွယ်ရှိုး လုပ်လာရပြီး ဗမာ့တပ်မတော်နှင့် ပြောက်ကျားတပ်များက တပ်ဦးအနေဖြင့် ဂျပန်ဖက်ဆစ်များကို မဟာမိတ်များဖက်က တိုက်ခိုက်ခဲ့ဒါကို အားလုံး အသိဘဲ။ အခု အခါ ဗမာ့တပ်မတော်နှင့် ပြောက်ကျား တပ်များက ဘာတ်ဖြတ်ခဲ့တဲ့ ဂျပန်ဦးရေဟာ နှစ်သောင်းထက် နဲမှာ ဟုတ်ဘူး။ ဒီလို ကျွန်တော်တို့ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးက ဦးစီးခေါင်းဆောင်ပြီး ဗမာ့တပ်မတော်နှင့် ပြောက်ကျား တပ်များက တိုက်ခိုက်ခဲ့တာကိုလဲ ကမ္ဘာတခုလုံးက အသိအမှတ် ပြုကုန်ကြပြီ။ ဘီလပ်မှာ ရှိတဲ့ တကယ့်သတင်းစာကြီးတွေကရော၊ ဘီလာပ်ပါလီမန်ကရော၊ ဘီလပ်မှာ လုတ်ဝေတဲ့ စက္ကူပြာ- စက္ကူဖြူ စာတမ်းတွေမှာရော ဒီအဖွဲ့ချုပ်ကြီးနှင့် ဗမာ့တပ်မတော်တို့ အကြောင်းကို အရေးတယူပြောကြ၊ ဆိုကြတယ်။ အမေရိကန်ပြည် သတင်းစာတွေမှာရော။ အိန္ဒိယပြည်၊ တရုတ်ပြည် သတင်းစာတွေမှာရော၊ ညီနေ့ပတိုက်မှာရှိတဲ့ မြင်သာနိုင်တဲ့ အစရှိတဲ့ တိုင်းပြည်တွေမှာရော ကျွန်တော်တို့ အဖွဲ့ချုပ်ကြီးရဲ့ ကြိုးပမ်းမှုတွေကို ရေးသားလာရကုန်ပြီ။

ဒါတောင် ဗြိတိသျှတို့ဟာ ကျွန်တော်တို့လုပ်သမျှကို ဖုံးနိုင်သမျှ ဖုံးထားသေးတယ်။ အခု ကျွန်တော်တို့တပ်မတော်က တိုက်ခိုက်တာတွေဟာ သတင်းစာတွေထဲမှာ ပါသင့်သလောက် မပါဘူး။ တချို့နေရာတွေမှာ ကျွန်တော်တို့ ပါဝင်ပြီး တိုက်ပေမဲ့ ကျွန်တော်တို့ မပါဘဲ တိုက်သလို ဂျပန် ကျဆုံးသမျှတွေ ဟာ သူတို့ချည်း တိုက်လို့ ကျဆုံးသလို သတင်းပေးတယ်။ တချို့နေရာတွေ မယ် ကျွန်တော်တို့ချည်း တိုက်ရတယ်။ ဒါတွေကို သတင်းလဲ မပေးဘူး။ ပေးပြန်ယင်လဲ တခြားတပ်တွေတိုက်သလို သတင်းပေးတယ်။ အဲသည်လို သတင်းတွေ ထိမ်ထားတဲ့ အထဲက ကမ္ဘာက ကျွန်တော်တို့ လုပ်ငန်းတွေကို အသိအမှတ် မပြုဘဲ မနေနိုင်အောင် အခု ဖြစ်ခဲ့တယ်။ ဒီလို ကမ္ဘာက ဗမာပြည်ကို ထင်ထင်ရှားရှား အသိအမှတ် ပြုလာခဲ့တာဟာ ဗမာပြည်ရဲ့ ရာဇဝင်မှာ ဒီတကြိမ်ဘဲ ရှိသေးတယ်။

အခု စစ်ကြီးလဲ ပြီးသွားပြီ၊ တိုက်ခိုက်မှုတွေဟာလဲ မကြာခင် ပြီးဆုံးတော့မှာဘဲ။ သို့သော်လဲ ကျွန်တော်တို့ ဗမာပြည်ရဲ့ အရေးက မပြီးသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဗမာပြည်ရဲ့ အရေးဟာ ဗမာပြည်သူပြည်သားတွေ၊ ခေါင်းဆောင်တဲ့ လူတွေ၊ ညီညွတ်စွာနှင့် လုပ်တတ်မယ်၊ လုပ်မယ် ဆိုယင် အေးအေးဆေးဆေးနဲ့ ပြီးမြောက်နိုင်မယ်လို့ ကျွန်တော် ယုံကြည်တယ်။ ကျွန်တော် ခေါင်းဆောင်နေတဲ့ တပ်မတော်ကလဲ ယုံကြည်တယ်။ ဒါကြောင့် တိုင်းပြည်မှာ ညီညွတ်ရေးဟာ အခု အဓိက လုပ်ငန်းပဲ။ ညီညွတ်ရေး ဆိုပေမဲ့ တိုင်းပြည် လွတ်လပ်ရေးနှင့် လူထုဆောင်ရွေးကို အကြောင်းပြုသော အချက်တွေအရ ဆောင်ရွက်မဲ့ ညီညွတ်ရေးမျိုးကိုသာ ဆိုလိုပါတယ်။ ရာထူး စားရေးသာ ဖြစ်တဲ့ ညီညွတ်ရေးမျိုး။ ရွေးကောက်ပွဲ ချိန်ပြီး ငြိမ်းဆင်တာလိုလောက်တက်နိုင်အောင် ညီညွတ်ရေးမျိုးဆိုယင်တော့ ဘယ်နည်းနှင့်မှ ဖြစ်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ အဖို့ ပြောရယင် အရင်ကမှ လူကြီးများ အစည်းအဝေးမှာ ပြောခဲ့သလို ကျွန်တော်တို့ဟာ တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုကို ရှင်း၊ ရာထူးဌာနနဲ့ ကိစ္စများမှာလဲ ကျွန်တော်တို့ မယှိုင်ရေစ္စကြီး လုပ်မထားဘူးဆိုတာ သိစေချင်ပါတယ်။ အခု ကျွန်တော်တို့ဆိုယင် တပ်မတော်တခုလုံးက ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး အတွင်းမှာ တနိုင်ငံလုံးညီညွတ်စွာ လွတ်လပ်ရေး ရအောင် လုပ်ရန် တာဝန်ပေးလိုက်တယ်။

ဒီလိုတာဝန်ပေးလိုက်တာဟာ ဘာပြုလို့ပဲ ဆိုယင် တပ်မတော်သားတွေဟာ ဂျပန်လက်ထက်ကလဲ အမျိုးမျိုး ဆင်းရဲခဲ့တယ်။ အခုဆိုယင်လဲ လခ တပြားမှမရသေးဘဲနှင့် အဆင်းရဲ အပင်ပန်းတွေ အမျိုးမျိုး ခံပြီး ဆယ်က်ကိုစွန့်၍ တိုက်ခဲ့ကြတယ်။ အဲဒီလိုတိုက်ခဲ့ပြီးတော့ ငါတို့ တိုက်ကျိုးနပ်မှ နပ်ပါမလားလို့ တချို့များ တိုက်ရင်း ခိုက်ရင်း ဂျေးခါနီးမှာ စိတ်အလှန်ဖြစ်ပြီး ဗမာပြည်က လူတွေညီညွတ်ပြီး လွတ်လပ်အောင်လုပ်ပါ။ ကျုပ်တို့တော့ လွတ်လပ်ရေး အတွက် ဆိုပြီး တိုက်လို့ သေတော့မယ်လို့ မှာကြားသွားကြသေးတယ်။ အဲဒါတွေကြားပြီး တနေ့က ပဲခူးနှင့် ရန်ကုန်မှာ တိုင်းတပ်မှူးတွေနှင့် ကျွန်တော်တို့ တပ်မတော် အရာရှိကြီးတွေ အစည်းအဝေးက တပ်မတော်တခုလုံး လွတ်လပ်ရေး ကိစ္စနှင့် ပတ်သက်ပြီး စိတ်တထင့်ထင့် ဖြစ်နေကြတာကို မဖြစ်ရလေအောင် တိုင်းပြည်က ညီညီညွတ်ညွတ်နဲ့ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးမှာ လုပ်ကြပါ ဆိုတာ ကျွန်တော်တို့ ကြေညာခဲ့တယ်။



အခု ကျွန်တော် ပြောနေတာဟာ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် ဥက္ကဋ္ဌ အနေနဲ့လဲ ဖြစ်တယ်။ တပ်မတော် သေနာပတိ အဖြစ်နဲ့လဲ ဖြစ်တယ်။ ကျွန်တော်ပြောခဲ့တဲ့စကားတွေဟာ တပ်မတော်မှာ ရှိတဲ့ စစ်သားတွေရဲ့ အစ စိတ်သဘောထားတွေပဲ။ ဒါတွေကို ခင်ဗျားတို့ ပို့ပြီး အကြောင်းအထည်နှင့် မြင်ချင်ယင် ခင်ဗျားတို့ ကျုပ်တို့စစ်သားတွေရှိတဲ့ နေရာကို လိုက်ပြီး ကြည့်ရှုယင် ပိုပြီးသဘောပေါက်ထင်မြင်ကြမယ်။ ဒီစကားကို ကျွန်တော် အပို ပြောတာမဟုတ်ဘူး။ ကာကယ်ခင်ဗျားတို့ လိုက်ကြည့်ချင်တယ်ဆိုယင် ကျွန်တော်တို့ လိုက်ပို့မယ်။ စစ်သားတွေကို ခင်ဗျားတို့ ကိုယ်တိုင် တွေ့ပြီး မေးကြည့်စေချင်တယ်။ အဲဒါကြောင့် ကျွန်တော်လေးလေးနက်နက် ပြောချင်တာက ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို အခြေခံသားပြီး အထက်ပါ သဘောတရားများ အချက် အလက်တွေအရ ကျွန်တော်တို့ လုပ်ထားတဲ့ စည်းမျဉ်း ဝါဒတွေကို ညှိနှိုင်းပြုပြင်ယူပြီး၊ ခိုင်မြဲတောင့်တင်းတဲ့ အဖွဲ့ချုပ်ကြီး ဖြစ်အောင် ခင်ရောက် လုပ်ကိုင်ကြပါ။ မကြာခင်လဲ ကျွန်တော်တို့ဟာ ပြည်လုံးကျွတ်အစည်း အဝေးကြီးခေါ်တော့မယ်။ အဲဒီ ပြည်လုံးကျွတ် အစည်းအဝေးခေါ်တဲ့အခါ အဖွဲ့ချုပ်ကြီးရဲ့ စည်းမျဉ်းဝါဒတွေကို အတည်ပြုပြီး ရှေ့ဆက်လက်အလုပ် လုပ်ရလိမ့်မယ်။ ဒီကြားအတွင်းမှာလဲ မြို့လုံးကျွတ် အစည်း အဝေးကြီးကို ၁၉ ရက်နေ့မှာ ကျင်းပမယ်။ နောက်ပြီ နယ်တိုင်း နယ်တိုင်းမှာ ဒါမျိုးတွေ ကျင်းပပြီး အဖွဲ့ချုပ်ကြီးကို ပြန်လည် ဖွဲ့စည်းရ လိမ့်မယ်။

အခုအထိလဲ ကျုပ်တို့ အဖွဲ့ချုပ်ကြီးဟာ နေ့စဉ်နှင့်အမျှ ဖမ်းဆီးထားတဲ့ လူတွေ ကိစ္စ၊ စစ်ပြေး ဒုက္ခသယ်တွေကိစ္စ၊ ဖက်ဆစ်တိုက်ဖျက်ရေး ကိစ္စ၊ ပြန်လည်ထူထောင်ရေး ကိစ္စတွေမှာ အပြောသာ မဟုတ်ဘဲ အလုပ်နဲ့ လုပ်နေကြတယ်။ ကျွန်တော်တို့ဟာ အသီးသီး လက်ငင်း အလုပ်တွေနဲ့အားတယ် ရယ်လို့ မရှိဘူး။ ကျွန်တော် ကိုယ်တိုင် ဆိုယင်လဲ တပ်တွေရှိရာ သွားကြည့်နေရတယ်။ မကြာခင်ကဘဲ ပြန်ရောက်တယ်။ သို့ပေမဲ့ ကျုပ်တို့ ဘယ်လောက် ပင်ပင် ပန်းပန်း ခေါင်းဆောင်မှုကို ငါတို့ချည်း အုပ်ထားမယ်ဆိုတဲ့ မှတိုင်ထားချင်တဲ့ စိတ်အလျဉ်း မရှိဘဲ။ ဒီအဖွဲ့ချုပ်ကြီး ကြီးပွားတည်တံ့နိုင်အောင် အခုကြလာတဲ့ လူကြီးများက အစပြုပြီး၊ တိုင်းပြည်ရဲ့ လက်ထဲကို အပ်လိုက်ပါတယ်။ အခု အဖွဲ့ချုပ်ကြီး အတွင်းမှာ ဗမာ့တပ်မတော်၊ လူငယ်

www.burmeseclassic.com



များ အစည်းအရုံး၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံအဖွဲ့၊ မျိုးချစ်ပါတီ၊ ရခိုင် အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားအစည်းအရုံးအပြင် အခြား ပုဂ္ဂိုလ်များလဲ ပါဝင်ပြီး ဖြစ်တယ်။ ကျန်တဲ့ အဖွဲ့များ ပုဂ္ဂိုလ်များကိုလဲ ဒီ အဖွဲ့ချုပ်ကြီး အတွင်းဝင်ရောက်ရန် ဖိတ်မန္တကပြုပါတယ်။ အဲဒီလို ဝင် ရောက်လာတဲ့ အဖွဲ့တွေ ပုဂ္ဂိုလ်တွေကို ယခု ပြန်လည် ဖွဲ့စည်းမဲ့ ဗဟို ဦးစီး အဖွဲ့က စဉ်းစားပြီး လက်ခံရပါလိမ့်မယ်။ ဒီကိစ္စနှင့် ပတ်သက်ပြီး အဖွဲ့ချုပ် ထဲပါတဲ့ အဖွဲ့အချင်းချင်း ဆက်သွယ် ရမဲ့စည်းကမ်းတွေကို လေ့လာဆယ် စည်းမျဉ်းတွေ အဲဒါတွေကိုအထွေထွေ အတွင်းရေးမှူးက ရှင်းလင်း ပြောပြ ပါလိမ့်မယ်။

ထို့နောက် အထက်ပါ ကိစ္စနှင့် ပတ်သက်ပြီး ကျကျနန ဆွေးနွေးပြီးတော့ ကျွန်တော်တို့ဟာ အခု စစ်ကြီးပြီးတာနှင့် ပတ်သက်ပြီး လက်ငင်းလုပ်ငန်း များ ပေါ်လာပါတယ်။ ဒီလုပ်ငန်းတွေထဲမှာ စစ်အုပ်ချုပ်ရေး အမြန်ရုပ်စဲ စေဖို့နှင့် ဘာမျိုးသား အစိုးရ တည်ထောင်ရေး ဖြစ်တယ်။ အမျိုးသားအစိုးရ တည်ထောင်ရေး ဆိုဒါဟာ ဘုရင်ခံ ပြောတဲ့ အမှုဆောင်အဖွဲ့မျိုး မဟုတ်ဘဲ၊ တိုင်းပြည် တပြည်လုံး ပြည်တွင်း ပြည်ပ ကိစ္စအရပ်ရပ်တို့ အာဏာ ပိုင်ပြီး၊ တိုင်းရင်းသားများသာ ပါတဲ့ အမျိုးသား အစိုးရကို ဆိုလိုပါတယ်။ အဲဒီလို အဖွဲ့ ဖွဲ့နိုင်မှသာ နောက်လာမဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်တို့ ပြီးတဲ့ အစိုးရ တို့နှင့် ချုပ်ဆိုရမဲ့ စာချုပ်တွေဟာ စီစဉ်လို့ ဖြစ်နိုင်မယ်။ ဒီလို အမျိုးသား အစိုးရဆိုဒါ မဖြစ်ဘဲနဲ့ ကျုပ်တို့ဟာ ဒိုမီနီယံ အုပ်ချုပ်ရေး တောင် ကောင်း ကောင်းနှင့် မြန်မြန်ရချင်မှ ရမယ်။ ဒါကြောင့် အခု ဘုရင်ခံ ပြန်လာယင် ဖွဲ့မဲ့ အစိုးရ အဖွဲ့နဲ့ လွှတ်တော်ဟာ အခရာ ဖြစ်နေတယ်။ ဒီအစိုးရနဲ့ ဒီလွှတ် တော်က လာမဲ့ ရွေးကောက်ပွဲ ကိစ္စနှင့် ပတ်သက်ပြီး တိုင်းပြု ပြည်ပြု လွှတ် တော်က ရွေးကောက်ပွဲမျိုး ဖြစ်အောင် မလုပ်ဘဲ၊ တော်အောင် ရော်အောင် မလုပ်နိုင်ရအောင် အစိုးရကလဲ ကျွန်တော်တို့ သဘောကျ အမျိုးသား အစိုးရ ဖြစ်ရမယ်။ လွှတ်တော်မှာလဲ ကျွန်တော်တို့ သဘောကျ လူတွေ ဖြစ်နိုင် ရမယ်လို့ အဲဒီလို တညီတညွတ်တည်း ပြုလုပ်ဖို့ လိုတယ်။ ဒီလိုတညီတညွတ် စီမံတာကို ဘုရင်ခံက လက်မခံယင် ကျွန်တော့် သဘောပြောရယင် တဦးစီ တဦးစီ ဘုရင်ခံက ခေါ်ပြီး ရာထူးပေးပေး၊ နေရာ ပေးပေး၊ လက်မခံစတမ်း လို့ ဆုံးဖြတ်စေချင်တယ်။



အားလုံး ဒီမှာ ကြွရောက်လာတဲ့ လူကြီးတွေဟာ ပညာရှင်တွေဘဲ။ ဘုရင်ခံပြောသွားတဲ့ စကားတွေဟာ အလိမ္မာ သုံးတဲ့စကားတွေ အများကြီး ပါတယ် ဆိုတာ လဲ သတိထားမိပါလိမ့်မယ်။ ခင်ဗျားတို့က သဘောတူညီကြ မယ်ဆိုယင် ကျုပ်တို့က လုံးဝ လွတ်လပ်ရေးတောင် ခွင့်ပြုဖို့ အဆင်သင့်ဘဲ ဆိုတဲ့ သဘောကို ဘုရင်ခံ ပြောသွားတယ်။ ဒါကြောင့် တိုင်းပြည် သို့ညွတ် ရေးကို အဓိက ထားတဲ့ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်မှာပါပြီး၊ ဒီကိစ္စ အ ရပ်ရပ်တွေမှာ တညီတညွတ်တည်း ယူပါကြရန် ထပ်လောင်း၍ တိုက်တွန်း လိုက်ပါတယ်။

နိဂုံး မချုပ်မီ တပ်မတော် ကိစ္စကို အစီရင်ခံလိုပါတယ်။ အခု ကျွန်ုပ်တို့ [illegible] ကို တပ်မတော်ကို နာမည်သာ ရှိတဲ့ ဗမာပြည် တပ်မတော်ဆိုဒါထဲ သိမ်းသွင်း မယ်လို့ သာမန်သာဆိုတယ်။ အဲသလို သိမ်းသွင်းမယ်ဆိုဒါဟာလဲ ကျွန်တော် တို့ တပ်မတော်ကို မူပြုပြီး သိမ်းသွင်းမယ်ဆိုတဲ့ သဘော မဟုတ်သေးဘူး။ ပြီးတော့ ကျွန်တော်တို့ တပ်မတော်ကို မူပြုပြီး ဗမာပြည် တပ်မတော် တည် ဆောင်တောင် ပဋ္ဌမဆုံး ရှင်းရှင်း လင်းလင်း သဘောတူ ရမဲ့ အချက်တွေရှိပါ သေးတယ်။ ဒီအချက်တွေနဲ့ ပတ်သက်ပြီး အခုအထိ ဟောပြောတဲ့ အနေမျိုး နှင့် တချို့ အချက်တွေ ရှင်းလင်းပြီး တချို့ အချက်တွေ မရှင်းလင်းသေးဘူး။ ဒါကြောင့် အခု အဖွဲ့ချုပ်က တပ်မတော်နှင့် ပတ်သက်တဲ့ အဆိုကို ဆုံးဖြတ် ဖို့ တင်ပြထားပါတယ်။

အခု ကမ္ဘာစစ်ကြီး အတွင်းမှာ ဆော၊ အပြီးမှာရော ကမ္ဘာကြီးဟာ အင်မတန် ပြောင်းလဲနေတယ်။ ဗမာပြည်မှာလဲ ပြောင်းလဲနေတယ်။ ရှေး နည်း ရှေးစံနှစ်အယူမျိုးတွေနှင့် လုပ်လို့ ရမယ်လို့ ထင်တဲ့ လူတွေဟာ ကမ္ဘာ ကြီးမှာလဲ ပပျောက်ကုန်ပြီ၊ ဗမာပြည်မှာလဲ ပပျောက်မှာဘဲ။ ကမ္ဘာ့ တတိုင်း ကြီးမှာ ရှိတဲ့ ဒီ သခ်ိန်းစာတွေကို ကျွန်တော်တို့ဟာ အလေးဂရုပြုပြီး တညီ တညွတ်တည်း နိုင်ငံ၏ လွတ်လပ်ရေးကို အမြန်ရအောင် ကြိုးစားကြပါ၊ အဲဒီ လို ထိထိ ရောက်ရောက် လုပ်နိုင်အောင် ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး အတွင်းသို့ ဝင်ရောက်ကြပါဆိုတာကို နောက်ဆုံး ထပ်လောင်း၍ တိုက်တွန်း ပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# သတ္တိရှိလျှင် ရွေးကောက်ပွဲ လုပ်ကြရအောင်

၁၉၄၅ ခု၊ နိုဝင်ဘာလ ၁၈ ရက်နေ့ ရွှေတိဂုံ စေတီတော် အောက်ခြေ ပစ္စယံ၌ ကျင်းပသော ပြည်သူ့ အစည်းအဝေးကြီးတွင် မိန့်ကြားသည့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ် အောင်ဆန်း၏ မိန့်ခွန်း။

ယနေ့ ပြည်သူ့အစည်းအဝေးကြီး ခေါ်ရသည့် အကြောင်းမှာ ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် နေသူရိန် ပြည်သူ့အစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များအတိုင်း ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးက ဘယ်လို ဆောင်ရွက်ခဲ့သည်။ ဘယ်လောက် ထိရောက်ခဲ့သည်။ ရှေ့တွင် ဘာလုပ်ဖို့ လိုသည် စသည်တို့ကို အစီရင်ခံရန်နှင့် ထိုအစီရင်ခံချက်များအရ ပြဋ္ဌာန်းသင့်သော ဆုံးဖြတ်ချက်များကို ပြဋ္ဌာန်းရန်ပင် ဖြစ်သည်။ အထူးသဖြင့် ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးနှင့် အင်္ဂလိပ်ဘုရင်ခံ နှစ်ဦးနှစ်ဖက်တို့သည် ယာယီ အမျိုးသားအစိုးရ တည်ထောင်ရေးကိစ္စတွင် သဘောကွဲလွဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းသူပြည်သားများအား ရှင်းလင်းပြရန်နှင့် ရှေ့တွင်မည်သို့ စခန်းသွားသင့်သည်ကို ဆွေးနွေးရန်ပင် ဖြစ်ပါသည်။

ဤကိစ္စများနှင့် ပတ်သက်၍ အစီရင်ခံချက် အရပ်ရပ်ကို အထွေထွေ အတွင်းရေးမှူးက ဖတ်ပြပါလိမ့်မည်။ ကျွန်တော်ပြောဆိုလိုသော အချက်များမှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

၁။ ဗမာ့တပ်မတော်ကိစ္စ။ ဗမာ့တပ်မတော် ကိစ္စနှင့် ပတ်သက်၍ သီးခြား အစီရင်ခံစာ တင်ပြပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော် အကျယ်တဝင့် ဤကိစ္စတွင် မပြောလိုပါ။ တချက်နှစ်ချက်လောက်မျှသာ အစီရင်ခံလိုပါ





သည်။ ဗမာ့ တပ်မတော် ကိစ္စနှင့် ပတ်သက်၍ အချို့မလိုသော ပုဂ္ဂိုလ်များသည် ဗမာ့ တပ်မတော်ကို အင်္ဂလိပ်အစိုးရ လက်အောက်ခံ တပ်မတော်အဖြစ် ထားရမလားဟု အမြစ်ပြောကြပါသည်။ ကျွန်ုပ်က ထိုကဲ့သို့ အမြစ်ပြောသူများကို အင်္ဂလိပ် အစိုးရ အုပ်ချုပ်လျက်ရှိသေးသော ဗမာပြည်တွင် အင်္ဂလိပ်အစိုးရ လက်အောက်ခံ စစ်တပ်အဖြစ် မထားလို့ရှိလျှင် ဘယ်လိုလုပ်ထားရမှာလဲဟု မေးလိုပါသည်။ ကျွန်ုပ်တို့က ကျွန်ုပ်တို့ တိုင်းပြည်ကို ကျွန်ုပ်တို့ သဘောကျ ကျွန်ုပ်တို့ အကျိုးအတွက် စီမံဖန်တီးနိုင်သော လွတ်လပ်ရေးကို အလိုရှိကြ၏။ ထိုလွတ်လပ်ရေး ရရာရကြောင်း ကျွန်ုပ်တို့ကြိုးစားခဲ့၏။ ဆောင်ရွက်ခဲ့၏။ ဤကဲ့သို့ ကျွန်ုပ်တို့ ဆောင်ရွက်ခဲ့ပုံကို တိုင်းပြည်တပြည်လုံး အသိဖြစ်၏။ သို့သော် ကျွန်ုပ်တို့ အလိုရှိသော လွတ်လပ်ရေးသည် ကျွန်ုပ်တို့ လက်ဝယ် မရရှိသေး။ ထိုကဲ့သို့ ကျွန်ုပ်တို့ လွတ်လပ်ရေး မရရှိသေးသည်မှာ ကျွန်ုပ်တို့ တိုင်းပြည် လွတ်လပ်ရေး လုပ်ငန်းအင်အားသည် လွတ်လပ်ရေး ရနိုင်သည်အထိ မပြည့်စုံသေး၍သာ ဖြစ်ကြောင်း။

ဗမာ့တပ်မတော်ကိစ္စမှာ ကောင်းကောင်းအားဖြင့် အဖျက်အသိမ်းခံမည်လော၊ သို့တည်းမဟုတ်...စစ်တပ်အဖြစ် တည်ရှိရန် ကြိုးစားမည်လော ဟူသော အမေးနှစ်ရပ်ကို မှတည်၍ ကျွန်ုပ်တို့ လုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။ ဤကိစ္စမှာ လက်ငင်း အရေးဆို၊ လက်ငင်းဆုံးဖြတ်ရမည့်ကိစ္စ ဖြစ်သဖြင့် ဗမာနိုင်ငံ လွတ်လပ်ရေးရသည်အထိ ရွှေဆိုင်းနိုင်သော ကိစ္စမဟုတ်ပေ။ ထိုကဲ့သို့ လွတ်လပ်ရေး ရသည်အထိ ဗမာ့တပ်မတော်ကို အဖျက်အသိမ်းမခံလိုလျှင် အင်္ဂလိပ်နှင့် စစ်တိုက်ရန်သာ ရှိသည်။ သို့သော် စစ်တိုက်ခြင်း၊ နိုင်ငံလွတ်လပ်ရေးအတွက် ဆောင်ရွက်ခြင်း မည်သည်မှာ ကလေးကစားသလို စိတ်ထင်တိုင်းပြုကျင့်အပ်သည့်အရာမျိုး မဟုတ်သဖြင့် အင်္ဂလိပ်လက်အောက်၌ ထားပင် ထားရစေကာမူ စစ်တပ်အဖြစ် တည်ရှိရန် ပဓာန ဖြစ်ရကား၊ မူလကပင် ကျွန်ုပ်တို့သည် ရှင်းရှင်းလင်းလင်း ဆိုထားခဲ့ပေသည်။ နေသူရိန် ပြည်သူ့ အစည်းအဝေးကြီး၌ ကျွန်ုပ်၏ ဥက္ကဋ္ဌမိန့်ခွန်းကို ဖြစ်စေ၊ တပ်မတော်နှင့် ဆိုင်သော ဆုံးဖြတ်ချက်ကိုဖြစ်စေ သေသေချာချာ ဖတ်ကြည့်က ဤအချက်များသည် ရှင်းလင်းသွားပါလိမ့်မည်။ တပ်မတော်နှင့် ပတ်သက်သော သီးခြား အစီရင်ခံချက်ကိုလည်း ခင်ဗျားတို့ ကြားနာသည့်အခါ ရှင်းလင်းပါလိမ့်မည်။ အမှန်စင်စစ် ဤအစီရင်ခံစာကို အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com



၆ ရက်နေ့ ဖဆပလ အဖွဲ့ အစည်းအဝေးတွင် တင်ပြသည့်အခါ သတင်းစာတိုက်များသို့လည်း ဝေငှခဲ့ပြီးဖြစ်ကြောင်း၊ ဗမာ့တပ်မတော်သည် ဗမာပြည်လွတ်လပ်ရေး လုပ်ငန်းအတွက် မိမိစွမ်းအားရှိသမျှ ဆောင်ရွက်ခဲ့ပြီးလေပြီ။ ၎င်းတို့ ဆောင်ရွက်ခဲ့သည့်အတွက် ဗမာတိုင်းပြည်နှင့် ဗမာလူမျိုးတို့၏ ဂုဏ်ရည်သည့်ရှင်း၊ ဗမာ့လွတ်လပ်ရေး လုပ်ငန်းအဆင့်သည်ရှင်း၊ ကမ္ဘာတခုလုံးက အသိအမှတ် အပြုခံရသည့် အခြေသို့ ရောက်ခဲ့ပြီ။ ဗမာ့တပ်မတော်၏ စစ်လုပ်ငန်းများသည် ပြီးဆုံးခဲ့ပြီ။ ဗမာ့တပ်မတော်သည် တာဝန်ကြေခဲ့ပြီ၊ တပ်မတော် ပြင်ပဖက်ရှိ နိုင်ငံရေး သမားများနှင့် တိုင်းသူ ပြည်သားများက ကျန်ရှိသေးသော လွတ်လပ်ရေး လုပ်ငန်းများကို ဆက်လက်၍သာ ပြုလုပ်ရန် ရှိတော့သည်။ ထိုကဲ့သို့ လွတ်လပ်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရာတွင် ဗမာ့တပ်မတော်၏ ရည်ရွယ်ချက်အတိုင်း လျင်မြန်စွာ အောင်မြင်နိုင်ရန် ကျွန်ုပ် နိုင်ငံရေးနယ်တွင်းသို့ ပြန်လည် ဝင်ရောက်ရခြင်းဖြစ်သည်။ ဤကား တပ်မတော်ကိစ္စနှင့် ပတ်သက်၍ ပြောဆိုလိုသော အချက်များပင်တည်း။

၂။ ယာယီ အမျိုးသားအစိုးရ ကိစ္စ။ ဤကိစ္စနှင့် ပတ်သက်၍လည်း အထွေထွေ အတွင်းရေးမှူး၏ အစီရင်ခံစာတွင် ပါရှိ ပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့အဖွဲ့ချုပ်ကြီးသည် ဤကိစ္စတွင်၎င်း၊ အခြားကိစ္စများတွင်၎င်း ဖက်ဆစ်ဆံသည်ဟု အင်္ဂလိပ်ဖက်နှင့် အင်္ဂလိပ်ရှိလူများက တိုးဝိုးတမျိုး ကျယ်ကျယ်တဖုံ၊ ဝေဖန်ချက်ကို ချေပလိုပါသည်။ ကျွန်ုပ်တို့ အဖွဲ့ချုပ်ကြီး၏ ဝါဒ၊ စည်းမျဉ်း လုပ်ငန်း အရပ်ရပ်တွင် မည်သည့် အရာသည် ဖက်ဆစ် ဆံပါသနည်း။ သိုးသိုးသန့်သန့် ကြားရသော သတင်းတရပ်အရ နေ့သူရိန် အစည်းအဝေးကြီးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များမှာ တဖက်သတ် ချမှတ်ခဲ့သလို တချို့ ပြောသည်ဟု သိရပေသည်။ အဘယ်အကြောင်းများကြောင့် ဤကဲ့သို့ တဖက်သတ် ဆုံးဖြတ်ချက်များဟု ပြောနိုင်သနည်း။ ကန့်ကွက်သူ မရှိသဖြင့် ပြောဆိုခြင်းပင်လော။ ကန့်ကွက်သူ မရှိသည်မှာ ကန့်ကွက်ရန် အခွင့်အရေး မရှိ၍ မဟုတ်ဘဲ၊ ထိုကဲ့သို့ အခွင့်အရေး ရှိထားလျက် ထိုစဉ်အခါက ကန့်ကွက်လိုသူများသည် မကန့်ကွက်ခြင်းမှာ အဆိုပါ ကန့်ကွက်လိုသူများ၏ အပြစ်သာ ဖြစ်၍ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး၏ အပြစ် မဟုတ်။ ဘုရင်ခံ၏ ကိုယ်စား ကြေညာချက်တွင်၎င်း၊ အခြား အစိုးရပိုင်း



ဘိုမဟုတ်.... အစိုးရနှင့် မကင်းသူများထံမှ ပြောကြားချက်များတွင်၎င်း၊ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကပင် ဖက်ဆစ်ဆံသလို ရေးသား ပြောဆိုကြ၏။

ဘုရင်ခံသည် သူ့စကားအရပင် ၁၉၃၅ ခု၊ ဗမာပြည် အုပ်ချုပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃၉ အရ အင်္ဂလိပ်ပါလီမံကို သူတဦးတည်း တာဝန်ခံ အုပ်ချုပ်ရသဖြင့် သူမတတ်နိုင်ပါဟူသော သဘောကို ပြောထားပြီးဖြစ်ရာ ဤကဲ့သို့ အုပ်ချုပ်ခြင်းသည် တဦးတည်း အုပ်ချုပ်ခြင်း ဖြစ်သဖြင့် ဖက်ဆစ်ဆံခြင်းဆံလျှင် ဘုရင်ခံသာလျှင် ဖက်ဆစ်ဆံကြောင်း ထင်ရှားလှပေသည်။ အင်္ဂလိပ် ဘုရင်ခံသည် တိုင်းပြည်မှ နောက်လိုက် ဘာမျှ မရှိသောလူပုဂ္ဂိုလ်များ စုပေါင်းထားသော အမှုဆောင်ကောင်စီ ဝန်ကြီးအဖွဲ့ကို ခန့်ထားခြင်းသည် ဘယ်ဒီမိုကရေစီစနစ်နှင့် ကိုက်ညီလို့ ခန့်ပါသလဲ။ ဖက်ဆစ်စနစ် မဟုတ်ပါဘူးလို့ အင်္ဂလိပ်ဘုရင်ခံက ဆိုရဲပါရဲ့လား။ ထိုဘုရင်ခံ၏ အလိုတော်ရှိ ဗမာဝန်ကြီးသစ်များသည် ကျုပ်တို့တပြည်လုံးက အဖွဲ့စုံပါတဲ့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးဆိုဒါ သိပ်ပါလျက်နှင့် ပါတီတဖွဲ့တည်းသာလျှင်ရှိသော တိုင်းပြည်သည် ဖက်ဆစ်တိုင်းပြည်ဖြစ်သည်ဟု ဖြောင်လိမ်သောစကား ယောင်ဝါးသော နိုင်ငံရေး သဘောကို ပြောဆိုလိုက်ရာ သူတို့ကတော့ ဘယ်လို အကြောင်းတွေကြောင့် ဒီမိုကရေစီစနစ်ကို လိုက်တယ်လို့ ပြနိုင်ပါသလဲ။ ရာထူးလိုချင်လို့ ရာထူးယူပါတယ်ဆိုယင် တိုင်းပြည်ကို မလိမ်မကောက်ဘဲ ပြောရာရောက်လို့ တိုင်းသူပြည်သားတွေကို ရိုသေလေးစားတဲ့ သဘောဖြစ်နိုင်သေးတယ်။ ဒီမိုကရေစီကို ကာယကံမြောက် မလိုက်နာနိုင်ပေမဲ့ ဒီမိုကရေစီစိတ်ရှိသေးတယ်လို့ ခေါ်နိုင်သေးရဲ့။ အခုတော့ ဒီမိုကရေစီစနစ်နဲ့လဲ ဘယ်လိုလုပ်လို့မှ သူတို့လုပ်တာ ညီညွှတ်တယ်လို့ မပြောနိုင်၊ တိုင်းပြည်ကိုလဲ ထပ်လှည့်စားပြန်ဆိုတော့ ဒီလိုလူမျိုးတွေကိုမှ ဖက်ဆစ်မဟုတ်ဘူးဆိုလို့ရှိယင် ဘယ်သူ့ကို ဖက်ဆစ်ခေါ်ရမှာလဲ။ နောက်ပြီး ဖက်ဆစ်ဝါဒဆိုဒါ ဘာလဲ သိကြရဲ့လား။ ကျုပ်တို့နားလည်သလောက်ဖြင့် ဖက်ဆစ်ဝါဒဆိုဒါ အကြမ်းပတမ်းကို လက်ကိုင်ထားပြီး ကိုယ့်တိုင်းပြည်မှာလဲတိုင်းသူပြည်သားလူထု အဖွဲ့များ ခေါင်းဆောင်များကို ဖိနှိပ်၊ အခြားလူမျိုးတွေကိုလဲ ငါတို့လောက် မမြတ်ဆိုပြီး အခြားလူမျိုးတွေ အပေါ် လွှမ်းမိုးဖို့ အမြဲလုပ်ပြီး စစ်ကို အမြဲလိုလားနေတဲ့ အဆိုးဝါးဆုံး ဓနရှင် နယ်ချဲ့ဝါဒလို့ ကျုပ်နား

www.burmeseclassic.com

www.burmeseclassic.com



လည်ပါဘဲ။ နယ်ချဲ့ဝါဒနဲ့ ဖက်ဆစ်ဝါဒ ထူးခြားပုံဟာ နယ်ချဲ့ဝါဒကတော့ မိမိတိုင်းပြည်တွင်းမှာ ဒီမိုကရေစီ စံနစ်လုပ်တန်သလောက်လုပ်ပြီး မိမိပိုင်ကျွန်နိုင်ငံတွေမှာတော့ ဖက်ဆစ်ဆံသလောက်ဆံတယ်၊ ဖက်ဆစ်ဝါဒကတော့ ကိုယ့်တိုင်းပြည်မှာရော သူများတိုင်းပြည်မှာရော ဘယ်နေရာမှာမဆို ဖက်ဆစ်နည်းကို သုံးတယ်။ စစ်မဖြစ်ခင်တုန်းက အင်္ဂလိပ် အစိုးရဟာ နယ်ချဲ့အစိုးရပင် ဖြစ်တယ်။ နယ်ချဲ့အစိုးရချင်းမှာတောင် ထိုစဉ်အခါက သူ့ပိုပြီး ရက်ရောတဲ့စိတ်ရှိတယ်။ ဒါဘာဖြစ်လို့လဲ၊ စီးပွားရေး အခြေကြောင့်ဘဲ။

ဟိုတုန်းက အင်္ဂလိပ်အစိုးရဟာ ကမ္ဘာပေါ် အကြီးဆုံးအင်ပိုင်ယာကြီးကို ပိုင်ထားတဲ့အတွက် စီးပွားရေး အခြေမှာ တခြားနယ်ချဲ့ အစိုးရတွေထက်ပိုပြီး တောင့်တင်းတယ်။ မိမိတိုင်းပြည် အလုပ်သမား ဆင်းရဲသားများကိုလဲ ဖြန့်ဖြူးပေးနိုင်တယ်။ လက်အောက်ခံ ကျွန်တိုင်းနိုင်ငံတွေ အပေါ် မှာလဲ ရက်ရောခဲ့တယ်။ ပြင်သစ်ပိုင် အင်ဒိုချိုင်းနား၊ ဒတ်ချ်ပိုင် အင်ဒိုနီးရှားစသော တိုင်းပြည်များတွင် တခြားနယ်ချဲ့ အုပ်ချုပ်ရေး စံနစ်တွေထက်ပိုပြီး ရက်ရောသလောက် ရက်ရောခဲ့တယ်။ သို့သော်လဲ ယခုဗြိတိသျှနယ်ချဲ့ အစိုးရမှာ စစ်ကို နိုင်တယ်ဆိုပေမဲ့ စစ်ကြောင့် ၎င်း၏ အခြေများမှာ အင်မတန်ပင် ယိုင်လဲနေတယ်။ အထူးသဖြင့် ၎င်း၏ စီးပွားရေး အခြေမှာ အလွန်ပင် ချည့်နဲ့နေတယ်။ ရေနစ်အံ့ဆဲဆဲဖြစ်သောသူဟာ ရမိရာမြက်မြက်ကြီး ဆုပ်ကိုင်သလို အင်မတန်ဇယားကောင်းပြီး ဘဝပြောင်းတော့မလောက်ဖြစ်နေတဲ့ ဗြိတိသျှနယ်ချဲ့စံနစ်ဟာလဲ ဖက်ဆစ်စံနစ်ကြီးကို စီးပွားရေးသဘော အိမ်နောက်ဖေးက သွင်းနေတယ်။ အဲဒီလို စီးပွားရေးသဘော ဖက်ဆစ်စံနစ်ကို လုပ်ဆောင်နိုင်အောင် နိုင်ငံရေးသဘောကိုလဲ ရမယ်အမျိုးမျိုးရှာပြီး ဖက်ဆစ်စံနစ်ဘဲ လုပ်လာရပြီ။ ဥပမာဖက်ဆစ်ဆန့်ကျင်ရေး သမားများကို အကြောင်းအမျိုးမျိုး ဖန်တီးပြီး ဖမ်းဆီးလျက် ရှိသေးခြင်း၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးနှင့် ဘုရင်ခံ စေ့စပ်ရာတွင် နောက်ဆုံး အဖွဲ့ချုပ်ကြီးက လိုလားသော တင်းပြည့်ယာယီ အမျိုးသားအစိုးရ မပေးနိုင်ရုံတွင်မက ကုလားပြည်တွင် အင်္ဂလိပ်က ပေးသလောက်ကိုပင် မပေးပြေား သော်လည်း၊ အဖျက်လုပ်ငန်းကို မလုပ်လိုသဖြင့် အဖွဲ့ချုပ်ကြီးက ဘုရင်ခံ တဦးတည်း အုပ်ချုပ်ရေးကိုတိုင်းပြည်သို့ တာဝန်ခံ အုပ်ချုပ်နိုင်သော အစိုးရသဘော အုပ်ချုပ်စေရန် ကျွန်တော်တို့က လျှော့လျှော့ပေါ့ပေါ့ လုပ်တာ



တောင် ပရိယာယ်အမျိုးမျိုးသုံးပြီး ဘုရင်ခံသည်ထင်ရာကိုလုပ်နေခြင်း၊ စစ်ပြီးသော်လည်း ဗမာပြည်ကာကွယ်ရေး ဥပဒေကို မရုပ်သိမ်းသေးခြင်း၊ ချောက်စသော မြို့များတွင် စစ်အုပ်ချုပ်ရေး ရှိသေးခြင်း၊ တနင်္သာရီနယ်ဖက်တွင် ဂျပန်များ လက်နက်ချပြီးပြီဟု သိရှိရသော်လည်း စစ်အုပ်ချုပ်ရေး မရုပ်သိမ်းသေးခြင်း၊ ပုလိပ်[illegible] ဝန်ခံချက်များကို သက်သေခံအဖြစ် ဥပဒေ ဝင်သည်ဟု ဥပဒေ ပြောင်းလဲလားသဖြင့် ဂျပန်ကင်ပေတိုင် စံနစ်အတိုင်း ဖြစ်နေခြင်း၊ ထောင်ခြောက်လအထိ ကျနေသောထောင်ကျ လူများကို အယူခံမရှိဆိုခြင်း....စသော အရာများသည် နိုင်ငံရေး သဘောအရ ဖက်ဆစ်ဝါဒပင် ဖြစ်သည်။ ဂျပန်ဖက်ဆစ်ဝါဒမှာ စစ်ဖက်က အုပ်ချုပ်သော ဖက်ဆစ်ဝါဒဖြစ်၍ ဗြိတိသျှနယ်ချဲ့ဝါဒမှာ ယခုအခါတွင် စီးပွားရေး ဖက်ဆစ်ဝါဒအသွင်သို့ ပြောင်းလဲရန် လွတ်လပ်ရေး ဗန်းပြလျက် နိုင်ငံရေး သံသရာ ရှည်နိုင်သမျှ ရှည်အောင် ကြိုးစားလျက် နိုင်ငံရေး ဖက်ဆစ်ဝါဒကို ရမယ် အမျိုးမျိုးရှာကာ အသုံးပြုနေလေပြီ။ ဤကိစ္စနှင့် ပတ်သက်၍ ယနေ့တင်ပြမည့် စီးပွားရေးနှင့် ပတ်သက်သော အဆိုဖြစ်ဒေါ်ငြိမ်းချမ်းရေးနှင့် ပတ်သက်သော အဆိုများ တင်သွင်းသည့်အခါ ပိုမိုသိရှိနားလည်ကြပါလိမ့်မည်။

ဒုတိယ.... ကျွန်တော်ပြောလိုသော အချက်မှာ ဘုရင်ခံက သော်လည်းကောင်း၊ အချို့သတင်းစာများက သော်လည်းကောင်း ကျွန်ုပ်တို့နှင့် ဘုရင်ခံ သဘောကွဲလွဲခြင်းတွင် ပေါ်လစီကြောင့် ကွဲခြင်းမဟုတ်၊ ပုဂ္ဂိုလ်ရေးကွဲခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဤစကားမှာ လုံးဝမှားသော အချက်ပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ထုတ်ပြန်ချက်များ၊ စာများ၊ ဆုံးဖြတ်ချက်များကို သတင်းစာတိုက်များအားပေးထားရုံမက ကျွန်ုပ်တို့ ဖဆပလဦးစီးအဖွဲ့ အစည်းအဝေး ဆွေးနွေးချက်များကိုပင် နားထောင်ခွင့်ပြုထားပါလျက် ဤကဲ့သို့ မဟုတ်သော စကားကို ဘုရင်ခံက အင်္ဂလိပ် အစိုးရအဖို့ ပြောသည်ကို နားလည်နိုင်သော်လည်း အချို့သတင်းစာများက ရေးသားသည်ကို နားမလည်နိုင်အောင်ပင် ဖြစ်ရတော့ကြောင်း။ ကျွန်ုပ်တို့က ကန္ဒီစာချုပ်အရ ဆောင်ရွက်၍ ဘုရင်ခံက သူ့ စက္ကူဖြူစာတမ်းအရ ဆောင်ရွက်၏။ ကျွန်ုပ်တို့က ဘုရင်ခံ တဦးတည်း အုပ်ချုပ်ရေး အစား အဖွဲ့နှင့်ကာကွယ်နိုင်သော အုပ်ချုပ်ရေးကို တောင်း၍ ဘုရင်ခံက သူယားဆုကနေသော တဦးစီအနေဖြင့်ပါသောဝန်ကြီးအဖွဲ့ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



အလိုရှိ၏။ ကျွန်ုပ်တို့ ပြုလုပ်ခြင်းကား ဘုရင်ခံက ဥပဒေအရ အာဏာချင်စံနစ် သုံးမည့်အရေးကို လုပ်ငန်းစဉ်သဘောတွင် ဒီမိုကရေစီစံနစ်ဖြစ်အောင် လုပ်ချင်၏။ ဤအချက်များကိုကြည့်လျှင် ကျွန်ုပ်တို့သည် ဘုရင်ခံနှင့် သဘောကွဲလွဲရာတွင် ပုဂ္ဂိုလ်ရေး သဘောနှင့်ချည်း ကွဲလွဲခဲ့သည် မဟုတ်၊ စံနစ်သဘော၊ ပေါ်လစီ သဘောလည်း ကွဲလွဲသည်မှာ ထင်ရှားလှပေသည်။ ၎င်းပြင် ပုဂ္ဂိုလ်နှင့် ပတ်သက်၍ ဂရုမစိုက်ရဆိုသည်မှာ အရာရာတွင် မမှန်၊ တိုင်းပြည်တည်းဟူသော စက်ကြီးကို ထူထောင်ရာ၌ စက်ကလည်း ကောင်းရန်လိုသည်။ စက်မောင်းမည့်သူကလည်း ကောင်းရန်လိုသည်။ ဘုရင်ခံက အကြောင်း မလုံလောက်ဘဲ၊ အချို့ပုဂ္ဂိုလ်များကိုပယ်၏။

ဘာကြောင့် ပယ်သနည်း။ ဤကဲ့သို့ ကျွန်ုပ်တို့ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးက တညီတညွတ်တည်း လုပ်သည်ကို မရှုဆိတ်နိုင်၍ ပြုလုပ်ခြင်းသာဖြစ်၏။ ဘုရင်ခံက အင်္ဂလိပ်မနေရှင်များ အကျိုးအတွက် ဤကဲ့သို့ လုပ်ခြင်းကို နားလည်နိုင်သော်လည်း ဗမာအချို့က ဘုရင်ခံ၏ လေကို ထောက်ခံခြင်းသည် တိုင်းပြည်ညီညွတ်ပြီး လွတ်လပ်ရေး မြန်မြန်ကောင်းကောင်းရမှာစိုး၍လော။ ဤကဲ့သို့သော လူမျိုးကို ရာဇဝင်တည်းဟူသော တရားသူကြီးသည် ကျုပ်တို့တိုင်းပြည်နှင့် လူမျိုး၏အကြီးဆုံးသော ရန်သူဟူ၍ ဖျက်မပစ်နိုင်သော အနာရွတ်ထင်အောင် တံဆိပ်ခတ်နှိပ်ပေးဖို့သာ ရှိတော့သည်။ ကျွန်ုပ်တို့အဖို့ကား မည်သို့မှ စိတ်မရှိပေ။ သို့သော် ရာဇဝင်တည်းဟူသော မညှာတမ်း တရားသူကြီး၏ မဖျက်နိုင်သော အပြစ်ပေးမှုကို ဤကဲ့သို့ လူမျိုးများရရှိပါက ကျွန်ုပ်တို့နှင့် မသက်ဆိုင်ဘဲ ဘယ်သူမပြုမိမိမှု ဆိုသလို တိုသူများ၏ အပြစ်သာဖြစ်တော့သည်။

တတိယ.... အချို့ပုဂ္ဂိုလ်များက ဘုရင်ခံနှင့် စကားဆိုရာတွင် တင်းလွန်းသည်ဟု ပြောကြရာ တဖက်တွင် ကျွန်တော်အတော်အတန် ရှင်းလင်းပြသခဲ့သည့်အတိုင်း မည်သည့်နေရာတွင် ကျွန်ုပ်တို့တင်းပါသနည်းဟူ၍ ပြောဆိုသော သူများကိုသာ ပြန်လှန်မေးလိုလှပေကြောင်း။ ဤကား ယခုလက်ရှိ နိုင်ငံရေး အခြေအနေနှင့် ပတ်သက်၍ ကျွန်ုပ် ရှင်းလင်းလိုသည့်အချက်များပင်တည်း။

ယခုလက်ရှိ နိုင်ငံရေး အခြေအနေကို သုံးသပ်ပြီးသည့်နောက် ရှေ့နိုင်ငံရေး အလားအလာနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးလိုပေကြောင်း။ ကမ္ဘာ့



နိုင်ငံရေး အလားအလာမှာ ယခုအခါ ကမ္ဘာ့ရှိနိုင်ငံအသီးသီးသည် စစ်ပန်းကျ နေချိန်ဖြစ်သဖြင့် တကြောင်း။ မိမိနိုင်ငံအသီးသီး ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းအားထုတ်နေရသည့် အချိန် ဖြစ်သဖြင့်တကြောင်း။ တနိုင်ငံနှင့် တနိုင်ငံအကျိုးချင်းညှိနှိုင်း၍ မလုပ်ဘဲ မိမိနိုင်ငံကို ထူထောင်ရန် ခံယဉ်းနေသော အချိန်အခါဖြစ်ကြောင်း။ အင်္ဂလိပ်အစိုးရသည် အလွန်ပင် အင်အားနည်းသော အချိန်အခါဖြစ်၍ ပြဿနာမြောက်မြားစွာနှင့် ရင်ဆိုင်ရှောင်နေရသော အချိန်ဖြစ်နေသဖြင့် သူ့ထင်ရာသူလုပ်ခြင်းငှာ မစွမ်းနိုင်၊ ကျွန်ုပ်တို့၏ လွတ်လပ်ရေး လုပ်ငန်းမှာလည်း အင်္ဂလိပ် အစိုးရ ဖုံးဖိမထားနိုင်အောင် ကမ္ဘာကသိခဲ့ပြီးလေပြီ။ မည်သည့်တိုင်းပြည်၏ ပြဿနာမဆို ကမ္ဘာ့ပြဿနာအထိဆိုက်ရောက်နိုင်သော အချိန်အခါမျိုးတွင် ဗမာပြည်သူပြည်သားများသည် မိမိတို့ လွတ်လပ်ရေး လုပ်ငန်းများတွင် မိမိတို့ချည်း မဟုတ်ဘဲ ကမ္ဘာနှင့်အဝန်းမှ ကျွန်ုပ်တို့၏ လွတ်လပ်ရေးကို လိုလားသော အင်္ဂလိပ်လူထုကြီးအပါအဝင် ကမ္ဘာ့သူ ကမ္ဘာ့သား လူထုကြီးများနှင့် အထူးသဖြင့် ကျွန်နိုင်ငံ ဖြစ်နေကြသော လူမျိုးများ ကျွန်ုပ်တို့အာရှတိုက်များတို့သည် သွေးစည်းနိုင်သမျှ သွေးစည်း၍ဆောင်ရွက်က ပိုမိုထိရောက်စွာ အောင်မြင်နိုင်မည်မှာ အထူးရှင်းလင်းပြောပြစရာ မလိုပေ။

သို့ဖြစ်ရကား ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လွတ်လပ်ရေးကို အေးအေးဆေးဆေး သောနည်းဖြင့် ရနိုင်ရန် ကမ္ဘာတွင် ဝါဒဖြန့်ခြင်း ဘိလပ် အစိုးရနှင့် တိုင်းသူပြည်သားများအား ဗမာပြည်သက်ရှိ အခြေအနေမှန်ကို အတိအကျ သိစေရန်နှင့် ကျွန်ုပ်တို့၏ လိုလားချက်များကို ထောက်ခံလာစေရန် ကိုယ်စားလှယ်များစေလွှတ်၍ ဆောင်ရွက်စေခြင်း ကျွန်ုပ်စတင်အကြံဉာဏ်ပေးခဲ့၍ အိန္ဒိယနိုင်ငံ ကွန်ဂရက် ဥက္ကဋ္ဌစသော ပုဂ္ဂိုလ်များက ထောက်ခံသော အာရှတိုက်ပေါ်စဝန် အစည်းအဝေးကြီးကို အမြန်ခေါ်နိုင်ရန် ကြိုးစားပြီးလျှင် ကျွန်ုပ်တို့အချင်းချင်း ကျွန်ုပ်တို့ နိုင်ငံအသီးအသီး လွတ်လပ်ရေးနှင့် ကောင်းစားရေးများကို ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးစားခြင်း အစရှိသော လုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် လိုပေလိမ့်မည်။ ကျွန်ုပ်တို့နိုင်ငံအတွင်း၌လည်း ယခုရရှိပြီး ညီညွတ်ရေးကို ခိုင်မာသည်ထက် ခိုင်မာစေရန် ကြိုးစားရပေမည်။

ဤကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် ဒီဇဘာလအတွင်း နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီးကို ခေါ်ဆိုထားပေသည်။ ၎င်းပြင် ကျွန်ုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်၏ ဆန္ဒနှင့်သဘောကို အလျင်အမြန် ပြနိုင်သော တိုင်းပြုနိုင်ငံပြု လွှတ်တော်ကြီးအတွက် ရွေးကောက်ပွဲကို အလျင်အမြန် ခေါ်ဆိုစေရန် အနယ်နယ် အရပ်ရပ်တွင် ယခုကဲ့သို့ ပြည်သူ့အစည်းအဝေးများ ခေါ်ဆိုပြီးလျှင် ယနေ့ ကျွန်ုပ်တို့ ဆုံးဖြတ်သည့်အတိုင်း လိုက်နာ ဆုံးဖြတ်ပြီးလျှင် ဘုရင်ခံနှင့်တကွ ဗမာပြည်အစိုးရဘိလပ်အစိုးရ ကမ္ဘာအရပ်ရပ်သို့ သိရှိရန် ပေးပို့ခြင်း၊ ထိုကဲ့သို့ရွေးကောက်ပွဲပြုလုပ်မည့် အရေးတွင် အင်္ဂလိပ်အစိုးရက ရက်မဆွဲနိုင်အောင် မဲစာရင်းပြုလုပ်ခြင်းစသော ရွေးကောက်ပွဲ ပြင်ဆင်ရေး လုပ်ငန်းအရပ်ရပ်တွင် ကျွန်ုပ်တို့တိုင်းသူ ပြည်သားများက အဖွဲ့ချုပ်ကြီး၏ ညွှန်ကြားချက်အတိုင်း ဝင်ရောက်ကူညီခြင်း ပြုရန်လိုပေလိမ့်မည်။

ထိုကဲ့သို့တရားသဖြင့် ကျွန်ုပ်တို့၏ တောင်းဆိုချက်များကို တရားသဖြင့် ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့သည် အေးဆေးစွာ ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ အေးဆေးစွာ ဆောင်ရွက်လိုသည့် အကြောင်းမှာလည်း စစ်ဒဏ် အမျိုးမျိုးကျရောက်ခဲ့သော ကျွန်ုပ်တို့ တိုင်းသူပြည်သားများကို ထောက်ထားညှာတာသဖြင့်သာ ဖြစ်ကြောင်း၊ ကြောက်ရွံ့၍ မဟုတ်ကြောင်း ရှင်းလင်းစွာ သိစေလိုပေကြောင်း။ သို့သော် ကျွန်ုပ်တို့ နိုင်ငံအတွင်း အေးဆေးစွာ ကျွန်ုပ်တို့ အလိုရှိသော လွတ်လပ်ရေးသို့ နိုင်ငံရေးပြောင်းလဲ တိုးတက်မှုသည် ကျွန်ုပ်တို့ နိုင်ငံရေး ခေါင်းဆောင်များအပေါ်၌သာ တာဝန်ရှိရုံမဟုတ်ဘဲ အင်္ဂလိပ်အစိုးရနှင့်တကွ ၎င်းတို့နောက်ပါ အခြွေအရံတို့အပေါ်တွင်လည်း တာဝန်ရှိပေသည်။ ကျွန်ုပ်တို့ အေးဆေးစွာ လုပ်ကိုင်ခြင်းကို အင်္ဂလိပ် အစိုးရပိုင်းက အနှောင့်အယှက်အမျိုးမျိုး ပြုလုပ်လျှင် ကျွန်ုပ်တို့၏ အပြစ်မဟုတ်ဘဲ အင်္ဂလိပ်အစိုးရ၏အပြစ်သာ ဖြစ်မည်ဖြစ်ကြောင်း ယခုကပင် ကြိုတင်သတိပေးရပေကြောင်း။ ယခုအခါ အစိုးရပိုင်းမှ၎င်း၊ ၎င်းတို့နှင့်မကင်းရာ မကင်းကြောင်းလူများမှ၎င်း မဟုတ်သတင်းများကို လူအများချောက်ချားအောင် သွင်းနေပေကြောင်းကို တိတိလင်းလင်းကြေညာလိုပေကြောင်း၊ ဘုရင်ခံမှ အစပြုသော အင်္ဂလိပ် အရာရှိများသည် ရွေးကောက်ပွဲကို လွတ်လပ်စွာ မလုပ်နိုင်သလို ပြောဆိုနေပေကြောင်း။ ကျွန်ုပ်တို့ကလည်း အခြိမ်းအခြောက် အနှောင့်အယှက် အမျိုးမျိုးမှ ကင်းလွတ်သော ရွေးကောက်ပွဲကို အလိုရှိသည်ဖြစ်ရာ အင်္ဂလိပ်အစိုးရသက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ကျွန်ုပ်တို့ပါ ရှင်းလင်းစွာ ဆောင်ရွက်နိုင်ရန် ကမ္ဘာနိုင်ငံပေါင်းစုံ အသင်းကြီးမှ ကိုယ်



စားလှယ်အဖွဲ့ကြီးကို ဖိတ်ခေါ်၍ ကျွန်ုပ်တို့ ဗမာနိုင်ငံတွင် ရွေးကောက်ပွဲကို ကြည့်ကြပ်စီမံစေက အားလုံးအဖို့ ကျေနပ်စရာ ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာ၏ အစစ်အဆေးကိုခံရန် အသင့်ရှိသည့်အပြင် ထိုကမ္ဘာ့ အစစ်အဆေးအရ လွတ်လပ်သော ရွေးကောက်ပွဲကို အမြန်ကျင်းပလော့ဟု ဗြိတိသျှ အစိုးရအား အရေးဆိုလိုက်ပေကြောင်း။

နိဂုံးမချုပ်မီ တိုင်းသူပြည်သားအပေါင်းအား အထူးသဖြင့် ကျွန်ုပ်တို့နှင့် စိတ်တူကိုယ်ပါ ဆောင်ရွက်နေသူ အပေါင်းတို့အား သတိပေးလိုသည်မှာ ကျွန်ုပ်တို့၏ ရန်သူများသည် ကျွန်ုပ်တို့လမ်းမှားစေရန် အစည်းအဝေးများတွင်၎င်း၊ စီတန်းလမ်းလျှောက်ရာတွင်၎င်း ကျွန်ုပ်တို့ အဖွဲ့အစည်းများတွင်၎င်း၊ သူလျှိုဒလန်များသွင်း၍ တာဝန်ရှိသော ခေါင်းဆောင်မှုကို ပယ်ကာ လူအများ အထင်ကြီးအောင် ပရိယာယ်အမျိုးမျိုး၊ ဆူပူခြင်း အမျိုးမျိုး အသုံးပြုပေလိမ့်မည်။ ဗမာကုလား အဓိကရုဏ်းများ၊ ဗမာကရင် အဓိကရုဏ်းစသော လူမျိုးရေး အဓိကရုဏ်းများကို ဖြစ်စေရန် သတင်းအမျိုးမျိုး လွှင့်ခြင်းဖြင့်၎င်း၊ ပရိယာယ် အမျိုးမျိုးဆင်ခြင်းဖြင့်၎င်း လှုံ့ဆော်ပေးလိမ့်မည်။ ၎င်းအပြင် မဟုတ်မမှန် လုပ်ကြံသော သတင်းများကို ရွေးကောက်ပွဲ နီးချိန်တွင် အနှံ့အပြားရိုက်ဝေခြင်း၊ အရေးပါ အရာရောက်မည်ဟု ထင်ရသော ပုဂ္ဂိုလ်များကို ဆင်လုံးအမျိုးမျိုးနှင့် ဖမ်းဆီးခြင်း၊ နယ်သူနယ်သားများကို မှန်ကန်ရာ မဲမပေးဝံ့အောင် နိုင်ရာမှကိုင်၍ အမျိုးမျိုး ခြိမ်းခြောက်ခြင်းစသည်တို့ကို ပြုလုပ်ကောင်း ပြုလုပ်ပေလိမ့်မည်။ ဤကိစ္စမျိုးနှင့် ပတ်သက်၍ တိုင်းသူပြည်သားအပေါင်းတို့သည် လမ်းမမှားကြရန် ယခုကပင် ကျွန်ုပ်တို့ကြိုတင်သတိပေးရပေကြောင်း။ ဤကိစ္စမျိုးနှင့် ပတ်သက်၍၊ ကျွန်ုပ်တို့သည် တသီးတခြား ညွှန်ကြားချက်များကို ထပ်မံထုတ်ပြန်ဦးမည် ဖြစ်ကြောင်း။

တိုင်းသူပြည်သားအပေါင်းအား ဘာသတင်းကြားကြား အရမ်းမယုံပါနှင့်၊ အရမ်းမကြောက်ပါနှင့်၊ အရမ်းမလန့်ပါနှင့်၊ အရမ်းမလုပ်ပါနှင့် ဘယ်အခါမဆို သတိဝီရိယကြီးစွာထားပြီး အမှုဆင်မခံရအောင် နေ့စဉ် မိမိနေထိုင်ပြောဆိုပုံနှင့်တကွ တွေ့ဆုံသော လူအပေါင်း၏ မှတ်တမ်းများကို သေချာစွာ မှတ်သားထားပြီးလျှင် အပြစ်လွတ်အောင် စီစဉ်ထားကြရန် ကျွန်တော်တိုက်တွန်း နှိုးဆော်ခဲ့ပါကြောင်း။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကျဆုံးသော ရဲဘော်များ ကျောက်တိုင် မိန့်ခွန်း

၁၉၄၆ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ၌ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး၏ ပြည်လုံးကျွတ် ပြည်သူ့ညီလာခံကြီးတရပ်ကို ကျင်းပစည်းဝေးခဲ့လေသည်။ ယင်းပြည်လုံးကျွတ် (ဖဆပလ) ညီလာခံကြီး မစမီ အဆိုများ စတင်ရွေးချယ်သော ဇန်နဝါရီလ ၁၇ ရက်နေ့၊ နံနက် ၈ နာရီအချိန်တွင် ရွှေတိဂုံကုန်းတော် အလယ်ပစ္စယံ ကုန်းမြေမြင့်၌ လွတ်လပ်ရေးတိုက်ပွဲ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် ကျဆုံးခဲ့ရရှာသော အာဇာနည်များအား သတိတရလေးစားသောအားဖြင့် ယာယီကျောက်တိုင်စိုက်ထူ၍ အလေးပြုခဲ့ကြသည်။

အောက်ပါ မိန့်ခွန်းမှာ ယင်းအခမ်းအနား၌ ပြောကြားသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားချက်ဖြစ်သည်။

ယနေ့ ကျင်းပသော ပွဲမှာ ဗမာပြည် လွတ်လပ်ရေး အတွက် တိုက်ခိုက်ရာတွင် ကျဆုံးသော ရဲဘော်များကို ရည်စူး၍ ချီးကျူးသည့် အထိမ်းအမှတ်ပွဲဖြစ်ကြောင်း၊ ထိုရဲဘော်များ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်စွန့်ကြသည်ကို အများသိပြီး ဖြစ်ကြောင်း၊ ဤနေရာတွင် စုရုံး၍ အရိုအသေပြုရုံမျှဖြင့် ကျဆုံးသော ရဲဘော်များကို ချီးကျူးရာ ရောက်မည်မဟုတ်ကြောင်း၊ တကယ်ချီးကျူးရာ ရောက်အောင် ၎င်းရဲဘော်များ သွေးနဲ့ စိုက်ပျိုးထားခဲ့တဲ့ လွတ်လပ်ရေး ပန်းပင်ကို ကျွန်တော်တို့က အစဉ်တစိုက် မြေတောင်မြှောက်ပေးပြီး ပေါင်းသင်ပေးရန် လိုကြောင်း၊ ဒီလို ဆက်လက်ပြီး ကြိုးပမ်းလုပ်ကိုင်ကြမှ တကယ်ချီးကျူးရာ ရောက်မည် ဖြစ်ကြောင်း၊ ကျဆုံးသူများကို အမြဲအမှတ်ရနေပြီး တိုင်းပြည်နဲ့ လူမျိုးအကျိုးရှိမဲ့ အလုပ်ကို လုပ်ကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးကို တညီတညွတ်တည်း ရှေးရှုလုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ မလုပ်နိုင်ကြယင် ကျဆုံးသူ ရဲဘော်များကို သစ္စာဖောက်ရာ ရောက်နေမည် ဖြစ်ကြောင်း။





ကျဆုံးသူများထဲတွင် ဗိုလ်မှူး ဗထူးလည်း အပါအဝင်ဖြစ်ကြောင်း၊ ဗထူး၏ လုပ်ရည် ကိုင်ရည်နဲ့ သူရသတ္တိကို အတွင်းသိသူတိုင်း မချီးကျူးဘဲ မနေနိုင်ကြောင်း။ သူသာ ယခု ရှိနေလျှင် ဗမာ့တပ်မတော်မှာ ပဋ္ဌမတန်း ထိပ်ခေါင်းဆောင် ဖြစ်နိုင်ကြောင်း၊ ဂျပန်များ ရှိစဉ်ကလည်း သူ၏ စွမ်းရည်သတ္တိကို ချီးကျူးကြရကြောင်း၊ တော်လှန်ရေး တိုက်ပွဲများတွင် တွဲဖက်လုပ်ကိုင်ကြသော ဗြိတိသျှစစ်ဗိုလ်များကလည်း သူ့ကို အထူးချီးကျူးကြရကြောင်း၊ ၁၄ နံပတ်တပ်မတော်မှ ဗိုလ်ချုပ် ဆာဝီလျံစလင်းကိုယ်တိုင် ချီးကျူးသည်ကို ခံရကြောင်း၊ ကျဆုံးသွားသူများတွင် သူနှင့် အလားတူသူ မည်မျှ ပါဝင်သည်ကို မပြောနိုင်ကြောင်း၊ ဒါကြောင့် စစ်ဖြစ်တာဟာ ကမ္ဘာ့ရဲ့ အစိုးအညှောက်ဖြစ်တဲ့ လူငယ်များစွာ သေကြရကြောင်း၊ ငြိမ်း၍ ငြိမ်းချမ်းရေးအစစ်ကို ရအောင် မလုပ်နိုင်ယင် သူရဲကောင်းတွေကို သစ္စာဖောက်ရာသာ ကျမည် ဖြစ်ကြောင်း။ ။

ရဲဘော်စာစောင် အတွဲ (၁) အမှတ် (၁)
၁၉၄၆ - ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

# အလယ်ပစ္စယံ ညီလာခံ မိန့်ခွန်း

၁၉၄၄ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းလာခဲ့သော ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးသည် ၁၉၄၅၊ ဩဂုတ်လတွင် ဂျပန်စစ်တပ်များ လက်နက်ချပြီးသော အခါ "ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ်" ဟု အမည်ပြောင်းလဲ ခေါ်ဝေါ်စေခဲ့၏။ ထို့နောက် မြန်မာပြည် အနှံ့အပြားမြို့ရွာတိုင်းတွင် (ဖဆပလ) အဖွဲ့ခွဲများကို ပြင်ဆင် ဖွဲ့စည်းပြီးလျှင် လူထုစည်းရုံး လှုပ်ရှားရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခု ဇန်နဝါရီလတွင် မြို့ရွာတိုင်း၌ ဖွဲ့စည်းပြီးသော အဖွဲ့များကို အခြေခံထားလျက် (ဖဆပလ) အဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးကို စည်းဝေး ကျင်းပခဲ့လေသည်။ ယင်း နိုင်ငံလုံးဆိုင်ရာညီလာခံသဘင်ကြီးကို ဇန်နဝါရီ ၁၇ ရက်နေ့မှစတင်ကျင်းပလေရာ ညီလာခံ၌(ဖဆပလ) ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်အောင်ဆန်း ၂၀ ရက်နေ့တွင်ပြောကြားသောမိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

ရဲဘော်တို့....၊

ရာဇဝင် စာတင်ရမည့် ဤပြည်သူ့ညီလာခံသဘင်ကြီးသို့ ကျွန်ုပ်တို့သည် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် လာရောက်ခဲ့ကြပေသည်။ ဤသို့ စုဝေးရခြင်းမှာ ကမ္ဘာသူ ကမ္ဘာသားတို့ ရှေးရိုးစဉ်လာ ဉာဏ်မျက်စေ့ပျယ်စွာဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြသော နည်းနာနိသျှအတိုင်း ဖြစ်ရကား လျော်ကန် သင့်မြတ်ဖြောင့်မတ်သော စုဝေးခြင်းပေတည်း။ ရှေးပဝေဏီကစ၍ ကမ္ဘာသူကမ္ဘာသားတို့သည် ပြဿနာတခုကို တွေ့ကြုံရလျှင်၊ ဤကဲ့သို့ပင် စုဝေးဆွေးနွေးဖြေရှင်းခဲ့ကြပေသည်။ ကျွန်ုပ်တို့ စည်းဝေးရာ ဒေသသည်လည်း ကျွန်ုပ်တို့ရာဇဝင်တွင် ကြက်သရေရောင် တပြောင်ပြောင်ဖြင့် ကောင်းမြတ်သောမင်္ဂလာအပေါင်းနှင့်ပြည့်စုံသောကြောင့်ကျွန်ုပ်တို့ညီလာခံသဘင်သည်လည်းကြက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါပေ၏။ ဤသိင်္ဂုတ္တရကုန်းသည်ကား လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ရှိရာဖြစ်၏။ စေတီတော်မြတ်ကြီးသည် ကျွန်ုပ်တို့လူမျိုး၏ ဝေဖြာသော စေတနာအလျှောက်





ကျွန်ုပ်တို့၏ အမွန်မြတ်ဆုံးသော ဆန္ဒကို ပေါ်လွင်စေခြင်းငှာ တည်ဆောက်ခဲ့သည့်ပြင်ရာ ရွှေရောင်တဖိတ်ဖိတ်နှင့် ကျွန်ုပ်တို့ မြော်မှန်းရာ အထွဋ်အထိပ် ဖြစ်သော နိဗ္ဗာန် ဘုံသစ်တသို့ ညွှန်ပြတော်မူရာဖြစ်သည့် ဆီမီးတန်ဆောင်ကြီး ဖြစ်ပေတော့၏။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ကြည့်ပြန်သော် လွန်ခဲ့သော နှစ်အနည်းငယ် အတွင်းကပင် ကျွန်ုပ်တို့၏ တိုင်းပြည်နှင့် လူမျိုးတို့၏ ကံကြမ္မာကို ဖန်တီးခဲ့သော အရေးတော်ပုံများ ဖြစ်ပေါ်ရာ ဌာနဖြစ်ရကား ဤဒေသသည် ကျွန်ုပ်တို့ အမျိုးသားအတွက် အလွန်ထူးခြားစွာ လေးစားကြည်ညိုရာ ဖြစ်သောဒေသဖြစ်ပေ၏။ ဤမျှမကသေး။ ဤနေရာ-ဤဒေသသို့ ကျွန်ုပ်တို့ ရာဇဝင်တလျှောက်တွင် ကျွန်ုပ်တို့ လူမျိုး၏ ရှေ့ဆောင် ရှေ့သွား ပုဂ္ဂိုလ်အများသည် ကျွန်ုပ်တို့လူမျိုးအတွက်အသက်ကို ပမာဏ မထားဘဲ စွန့်စားရန် လာရောက်ခဲ့ကြဘူးပေပြီ။ အတိုချုပ်မှာ "မြန်မာအစ တကောင်းက" ဟု ဆိုသကဲ့သို့ ဤနေရာ ဤဒေသသည်လည်း ကျွန်ုပ်တို့ လူမျိုး၏ ရာဇဝင်တွင် အခါခါပင် စာတင်ခဲ့ရသော အရေးတော်ပုံများ စတင်ရာ ဒေသပင် ဖြစ်ပေ၏။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို စတင်တည်ဆောက်ရာ အချိန်ကစ၍ ယနေ့အထိ နှစ်ပေါင်း ၂၅၀၀ ခန့်မျှ ရှိလေပြီ။ ဤမျှသော ကာလပတ်လုံး ကျွန်ုပ်တို့၏ ရာဇဝင် အဖြစ်အပျက် ကျွန်ုပ်တို့၏ လူမျိုးအတွက် သတ္တိဗျတ္တိနှင့် အံ့ဘွယ်ဘနန်း သက်စွန့်ကြိုးပမ်း အမှုထမ်းခဲ့ကြသည့် မရေမတွက်နိုင်သော သွားလေသူ မျိုးချစ် ပုဂ္ဂိုလ်အပေါင်းတို့နှင့်တကွ ထိုပုဂ္ဂိုလ်တို့ ပေးအပ်ခဲ့သည့် အမွေအနှစ် တည်းဟူသော အာဇာနည်စိတ် စသည်တို့ကို ကျွန်ုပ်တို့ ယခုအချိန်အခါ၌ သတိရကြပေသိမ့်မည်။ သို့သတိရကြသည့် အားလျော်စွာ ထိုထိုသော အာဇာနည်ပုဂ္ဂိုလ် အပေါင်းတို့အား ကျွန်ုပ်တို့သည် ခဏတာမျှ အရိုအသေပြုပြီးလျှင် ထိုထိုသော အာဇာနည် ပုဂ္ဂိုလ်တို့၏ အဆင့်အတန်းကို မှီအောင် အားထုတ်ကြိုးပမ်းမည်၊ ထိုထိုသော အာဇာနည် ပုဂ္ဂိုလ်တို့၏ လုပ်ငန်းကို ဆုံးခန်းတိုင် ဆက်လက်၍ ဆောင်ရွက်မည်ဟူ၍ သစ္စာပြုကြပါစို့။ ကျွန်ုပ်တို့၏ လူမျိုးသည် ကေန်စင်စစ် ကြီးပွားတိုးတက် တန်ခိုးထွက်ပေတော့မည်။

ကျွန်ုပ်တို့သည် ဤကဲ့သို့ ရာဇဝင်သဘော အခြေခံကို နားလည်ကာ စုဝေးမိကြလေပြီ။ သို့ရာတွင် ဤစုဝေးခြင်းမှာ ပဌမအကြိမ်မဟုတ်ချေ။ ၁၉၂၀ ခုနှစ်ကစ၍ ဤစိတ်ဆန္ဒမျိုးနှင့် စုဝေးခဲ့ကြသည်မှာ အကြိမ်ကြိမ် ရှိခဲ့ပြီ။ အဘယ်ကြောင့် စုဝေးခဲ့ကြသနည်း။ ယခုလည်း အဘယ်ကြောင့် စုဝေးကြ

www.burmeseclassic.com

www.burmeseclassic.com



သနည်း။ ကျွန်ုပ်တို့၏ လူမျိုးသည် ရာဇဝင် တလျှောက်တွင် နိုင်ငံခြားသားတို့ စိုးမိုးအုပ်ချုပ် ကျွန်သားဘောက်လုပ်ခြင်းကို ပဌမဆုံး ခံခဲ့ကြရကား၊ ကျွန်ုပ်တို့ လူမျိုးမှာ အဖက်ဖက်တွင် နင်းပြား ဖြစ်ခဲ့ကြရသောကြောင့် လူချင်းမဟူ သူချင်းမမျှ ကျွန်ုပ်တို့ ဆန္ဒအတိုင်း လူတန်းစေ့ဘဝကို မနေနိုင်ခဲ့ကြချေ။ သို့အတွက် ကျွန်ုပ်တို့လူမျိုးသည် ဤကာလ အတောအတွင်း တဗိုလ်လဲ တဗိုလ်တက်၊ တတပ်ပျက် တတပ်စု၊ လူထုနှင့်ချီ၍ကျွန်ုပ်တို့၏ ဆန္ဒပြည့်ဝအောင်၊ ကြိုးပမ်း စွန့်စားခဲ့ကြပေသည်။ ကျွန်ုပ်တို့၏ လွတ်လပ်ရေး လုပ်ငန်းသည် အတက်အဆုတ် အဖျက်အရှုတ် မည်မျှလောက်ပင် များစေကာမူ တဖြည်းဖြည်း အင်အား တိုးတက်လာခဲ့လေသည်။ အဆင့်ဆင့် အုတ်မြစ်ကစ၍ တည်ဆောက်ခဲ့ရာ ကျွန်ုပ်တို့ ယခု အခြေအနေသို့ ရောက်ရှိခဲ့ပေသည်။ ရှေးယခင်က ဆောင်ရွက်ခဲ့သော မျိုးချစ်ပုဂ္ဂိုလ်များ၏ နည်းနိသျှလုံ့လဥဿဟကို ယခုအချိန်တွင် ကျွန်ုပ်တို့ အထင်သေး အမြင်သေး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကမ္ဘာ့ ရာဇဝင်ကိုကြည့်မူ လွတ်လပ်ရေး လုပ်ငန်းကြီးကဲ့သို့သော တိုးတက်မှုသည် မျက်စိတမှိတ် လျှပ်တပြက်အတွင်းတွင် မဖြစ်နိုင်။ အဆင့်ဆင့် အခြေအနေကို ကြည့်ရှုပြီး လုံးပမ်းနိုင်မှ တိုးတက် အောင်မြင်မှု ရှိနိုင်မည်ကို သတိပြုကြရပေလိမ့်မည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ လွတ်လပ်ရေး လုပ်ငန်းကို တခေတ်နှင့် တခေတ် အဖြစ်သနစ် အခြေမှန်ကို ဝေဖန်ပြီးမှသာလျှင် ဆောင်ရွက်ရမည်ကို ကျွန်ုပ်တို့ နားလည်ကြရပေမည်။ ဤကဲ့သို့ အမြင်မှန်မှသာလျှင် လွတ်လပ်ရေး အောင်ပန်း ဆွတ်လှမ်းနိုင်သော အချိန်ကျရောက်သောအခါ ကျွန်ုပ်တို့သာ မဟုတ်၊ ကျွန်ုပ်တို့လူမျိုး တမျိုးလုံး အစဉ်အဆက် သက်စွန့် ကြိုးပမ်းမှုကြောင့် ကျွန်ုပ်တို့ လူမျိုး လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ကြပေသည်ဟူ၍ သိရှိနားလည်နိုင်ကြပေလိမ့်မည်။

သို့သော်လည်း ယခုအခါ၌ လွတ်လပ်ရေးပန်းတိုင်သို့ မရောက်သေးချေ။ ပန်းတိုင်သို့အရောက် ကျွန်ုပ်တို့ အားခဲ၍ သွားကြရပေလိမ့်ဦးမည်။ ရဲဘော်တို့သည် ကျွန်ုပ်အား ဤခက်ခဲသောလမ်းခရီးတွင် ရှေ့ဆောင်စေလိုကြ၏။ ကျွန်ုပ်ကို ဤကဲ့သို့ ယုံကြည်အားထားမှုကြောင့် ကျွန်ုပ်ကျေးဇူးတင်ပါ၏။ သို့သော်လည်း မကာယ်မထောင့် ဖြောင့်မတ်စွာ ပြောရမည်ဆိုလျှင် ကျွန်ုပ်ရှေ့ဆောင် ပြုမှုကြောင့် မြန်မြန်ထက်ထက် လွတ်လပ်ရေး ပန်းတိုင်ဖက်သို့ နီးကပ်လိမ့်မည် ဟူ၍ ကတိပေးခြင်းကို မပြုလိုပေ။ အဘယ်



ကြောင့်ဆိုသော် လူတဦးတယောက်သည် မည်မျှလောက် စွမ်းပကား ရှိစေကာမူ လူထု၏ အားပေးယိုင်းပင်းမှု မရှိဘဲလျက်၊ ရာဇဝင်တင်လောက်သော လုပ်ငန်းမျိုးကို ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်ပေ၏။

ကမ္ဘာ့ ရာဇဝင်တွင် အလွန် ထက်မြက်သောပုဂ္ဂိုလ်ထူးများ ရှိခဲ့ဘူးပေါ်၏။ သို့ရာတွင် အနည်းငယ်သော လူ့ဘာစုက ရာဇဝင်ကို မပြောင်းလဲ မပြုပြင်နိုင်ချေ။ အထက်၌ ရာဇဝင်၏ ပြောင်းလဲမှုသည် အဆင့်ဆင့် အခြေအနေကို တောက်ချင့်လျက် တိုးမြင့်ခဲ့ကြောင်း ဖော်ပြပြီးခဲ့ပေပြီ။ ရာဇဝင် တလျှောက် သတ္တိ ဗျတ္တိရှိသူကို ကြည်ညိုလေးစား အားကိုးအားထားပြုတတ်သော လူများ၏ စိတ်စေတနာကို သိရှိနားလည်ပါ၏။ လူတဦးတယောက်သည် မိမိ၏သတ္တိ ဗျတ္တိကိုလည်းကောင်း သူတပါးတို့၏သတ္တိ ဗျတ္တိကို လည်းကောင်း ယုံကြည်အားကိုးမှသာလျှင် ကြီးကျယ်ခမ်းနား အကျိုးများအောင် ပြုလုပ်ဆောင်ရွက်နိုင်သည်ကိုလည်း သိရှိနားလည်ပါ၏။ သို့သော်လည်း သတ္တိ ဗျတ္တိရှိသူကို အားထား လေးစားပြုမှုကို အရမ်းမဲ့ ဘုရားတဆူ၊ ဂူတလုံးလုပ်ကာ ကိုးကွယ်မြှောက်စားသည့်အဖြစ် ရောက်စေခဲ့လျှင် ဘုရားအတုများ ပေါ်ပေါက်စေတတ်လေသည်။ ဒုက္ခမြားမြောင် ဤလူ့ဘောင်ကြီးတွင် ဤကဲ့သို့ ဘုရားအတုများကို ကျွန်ုပ်တို့ထပ်မံ အလိုမရှိကြတော့ချေ။ သို့ဖြစ်ရကား၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အားလုံးနှင့် သက်ဆိုင်သော လွတ်လပ်ရေး လုပ်ငန်းအတွက် ဒိုးတူဘောင်ဘက် လက်တွဲလျက် ဆောင်ရွက်ကြပါစို့။ ဤသို့ ဆောင်ရွက်မှသာလျှင် သတ္တိ ဗျတ္တိ ရှိသူများကို အမြင့်မြတ်ဆုံးသော နည်းဖြင့် လေးစားကြည်ညိုရာ ရောက်ပေမည်။ ဤကဲ့သို့ ဆောင်ရွက်မှသာလျှင် ကျွန်ုပ်တို့၏ လုပ်ငန်းကြီး ပြီးစီးအောင်မြင်၍ ကျွန်ုပ်တို့၏ လွတ်လပ်မှုကို ရကြပေလိမ့်မည်။ သတ္တိ ဗျတ္တိ ရှိသူများကိုသာ အားမကိုးမူ၍ လူတိုင်း၊ လူတိုင်းပင် မိမိတို့ကိုယ်တိုင် သတ္တိဗျတ္တိရှိသော သူရဲကောင်းများဖြစ်အောင် စွန့်စားရပေလိမ့်မည်။ သို့မှသာလျှင် ကျွန်ုပ်တို့အားလုံး လွတ်လပ်ရေး အစစ်ကို ခံစားခွင့် ရကြပေလိမ့်မည်။ ဤကဲ့သို့ လွတ်လပ်ရေး အစစ်ကို ခံစားနိုင်ရန် ကျွန်ုပ်တို့သည် လွတ်လပ်ရေး ပန်းတိုင်သို့ ရှေးရှု၍ သွားကြပါစို့။

သို့ဖြစ်ရကား ရှေ့ဆောင်ရှေ့သွား ပုဂ္ဂိုလ်များက ကျွန်ုပ်တို့အား အလွန်ကြီးလေးသော တာဝန်ကို ဆက်လက် ဆောင်ရွက်ရန် ပေးအပ်ထားခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဟု ကျွန်ုပ်တို့ကလည်း ဤတာဝန်ကို ကျေပြွန်စွာ ထမ်းရွက်ရပေလိမ့်မည်။ အဘယ်ကဲ့သို့ ထမ်းရွက်ကြမည်နည်းဟူ၍ ပြဿနာပေါ်လာပေ၏။ ဤပြဿနာကို မဖြေရှင်းမီ ပြဿနာကို ဖြေရှင်းရာဖြေရှင်းကြောင်း သဲလွန်စအပေါင်းတို့ကို ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ ရှာဖွေသင့်သည် ဟူ၍ ယူဆရပေမည်။ အဘယ်ကြောင့် ဆိုသော် ယခုခေတ် ယခုအခါ၌ ကမ္ဘာသူ ကမ္ဘာသားတို့ ရင်ဆိုင် ကြုံတွေ့နေရသော ပြဿနာအပေါင်းတို့သည် တခုနှင့်တခု ရောထွေး ရှက်စပ် ခွဲခြားခြင်းငှာ မတတ်စွမ်းနိုင်သော အခြေအနေသို့ ရောက်ရှိလျက် နေပေသည်။ တနည်းအားဖြင့်ဆိုသော် ကမ္ဘာကြီးတခုလုံးသည် ရှုန်းရင်းဆန်ခတ်နေရာမလပ်အောင် လှုပ်ရှားပြောင်းလဲလျက် ရှိနေပေ၏။ အမျိုးသားရေး၊ လူမျိုးတမျိုးနှင့်တမျိုး ဆက်သွယ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ကြီးပွားရေး၊ ယဉ်ကျေးရေး၊ ဘာသာရေး၊ အကျင့်ကောင်းရေးစသော ထိုထိုသော အရေးတို့သည် စင်စစ်မှာ ဤရောထွေးယှက်သန်းလျက်ရှိသော ကမ္ဘာ့ပြဿနာကြီး၏ အစိတ်အပိုင်းများသာ ဖြစ်သည့်အားလျော်စွာ ခေတ်ကာလနှင့် လိုက်၍ အစဉ်တစိုက် သဘောသဏ္ဌာန် ပြောင်းလဲလျက် ရှိကြပေသည်။ သို့ ပြောင်းလဲလျက် ရှိသောကြောင့် ကျွန်ုပ်တို့သည် ဤအရေး ဤကိစ္စများကို အသီးသီး အသက အသက တခုနှင့်တခု မဆိုင်ဘိသကဲ့သို့ စဉ်းစားခြင်းငှာ မဖြစ်နိုင်တော့ချေ။ ဤအရေး ဤကိစ္စဥဿုံ အလုံးစုံကို ဆင်ခြင်စဉ်းစားသောအခါ၌လည်း ကျွန်ုပ်တို့သည် ခေတ်မမှီသော အတွေးအဆ ခေတ်နောက်ကျ ကျန်ရစ်ခဲ့သော ဥပဒေသတို့ကို လှေနံဓားထစ် လိုက်နာခြင်းငှာ မဖြစ်နိုင်တော့ချေ။ ကျွန်ုပ်တို့နိုင်ငံတွင် ယခုအချိန်အခါ၌ ခေတ်ပြောင်းခေတ်လဲ့ရှိကြောင်း အငြင်းမထွက်ဘဲလျက် သဲသဲမဲမဲ ရှေးကအတွေးအဆ ရှိသူများ ရှိကြပေသေး၏။ အချို့သောသူများသည် ယခုထက်ထိပင် ယုတ်မာညစ်ထေး ရှေးက နိုင်ငံရေးမျိုးကို သိလျက်နှင့်ဖြစ်စေ၊ မသိဘဲလျက်နှင့် ဖြစ်စေ၊ လိုက်စားလျက် ရှိကြသေး၏။

နိုင်ငံရေးမည်သည် ယုတ်မာ ညစ်ထေးသည်ဟု ဆိုရမည်လော။ စင်စစ်မှာ နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည် မဟုတ်။ နိုင်ငံရေးကို ညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာခြင်းသာ ဖြစ်ပေ၏။ နိုင်ငံရေး ဆိုတာ ဘာလဲဟု မေးဘွယ်ရာ ရှိပြန်၏။ ကျွန်ုပ်တို့သည် သာမန်ပုထုဇဉ်များ ဖြစ်သောကြောင့် နိုင်ငံရေးကိုမလုပ်သင့်၊ နိုင်ငံရေးသည် အလွန် မြင့်မြတ်သည့် အတွက် ကျွန်ုပ်တို့နှင့် မတန်မရာ၊ လေးမြတ်စွာ မျှော်ရှုရန်သာလျှင်



ရှိသည်ဟူ၍ ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးဆိုသည်မှာ အချို့ သောလူညာလူလိမ်တို့က တောအုံကနား ကျေးတောသား လူရိုးလူအတို့ကို အတိတ်၊ တဘောင်၊ စနည်း၊ ဘဝေါတို့ကို တွင်တွင်ကြီး ဟောပြော၍ ထိုသူတို့၏ မနော အကြိုက်ကို လိုက်၍ အငိုက်ကို ဖမ်းပြီးနောက် စားပေါက်ထွင်ကြသည့် ကိစ္စဟု ဆိုရမည်လော။ သို့တည်းမဟုတ်၊ နိုင်ငံရေးသည် ကန္တာရ ခရီးမှာ ကြောက်မက်ဘွယ်သော အန္တရာယ်များစွာ ရှိသော အရေးကိစ္စ ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် တတ်သာလျှင် ရှောင်ရှားသင့်သည်ဟု ဆိုရမည်လော။ သို့တည်းမဟုတ်၊ နိုင်ငံရေးသည် ကျွန်ုပ်တို့ ပြောလေ့ပြောထရှိသည့်အတိုင်း၊ အမျိုး-ဘာသာ- သာသနာရေးဟူ၍ပင် ဆိုရဦးမည်လော။

နိုင်ငံရေး သဘော အမှန်မှာ ကျွန်ုပ်တို့ လူသားတို့နှင့် မတန်မဆိုင် မြင့်မြတ် လွန်းသည်လည်းမဟုတ်၊ နိမ့်ကျလွန်းသည်လည်းမဟုတ်၊ မျက်လှည့်ဗေဒင်လည်း မဟုတ်၊ အဂ္ဂိရပ်လည်း မဟုတ်၊ ကြောက်မက်ဘွယ် ကောင်းသော ကန္တာရခရီးလည်းမဟုတ်၊ ဘယ်သူသေသေ ငတေမာပြီးရော-ဟု စိတ်ဇောနှင့် လုပ်သော အရေးကိစ္စလည်းမဟုတ်၊ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေပေါ်တွင် မျှော်စေါ၍ ဆောင်ရွက်ရမည် ဖြစ်သော အရေး ကိစ္စသာလျှင် ဖြစ်ပေ၏။ အတိုချုပ် ဆိုရလျှင် နိုင်ငံရေး ဆိုသည်မှာ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ လူ့လောကတွင် တွေ့ကြုံနေကြရသော ကိစ္စပင် ဖြစ်ပေသည်။ တနည်းအားဖြင့်ဆိုသော် နိုင်ငံရေး ဆိုသည်မှာ လူ့ကိစ္စဟု ဆိုရပေမည်။ ကျွန်ုပ်တို့ စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု အစုစုသည် နိုင်ငံရေးပင်ဖြစ်၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို မဆင်ခြင် မတွေးတော မိစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့နှင့် အမြဲတစေ ဆက်သွယ်နေ၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို ရှောင်ရှားစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့၏ အိမ်၊ ရုံး၊ အလုပ်ရုံ စသည်တို့၌ ပေါ်ပေါက်လျက်ရှိ၏။ ဤဌာနများ၌ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ နိုင်ငံရေးကိုပင် လုပ်နေကြရပေသည်။ အလုပ်သမားသည် အခကြေးငွေ အတွက် အလုပ်လုပ်ရ၏။ တောင်သူလယ်သမားသည် ဝမ်းစာအတွက် လယ်ယာလုပ်ရ၏။ စားရေးစာချီ အမှုထမ်းသည်လည်း လစာငွေအတွက် အလုပ်လုပ်ရ၏။ ကုန်သည်၊ ပွဲစား စသည်တို့သည် အသီးသီး ဝင်ငွေ ရရန် လုပ်ကြရ၏။ အချုပ်မှာ စားသောက်နေထိုင်ရေးအတွက်ပင်ဖြစ်၏။ အလုပ်သမားသည်အခကြေးငွေကို တိုးတက်၍

www.burmeseclassic.com



ရပြီးလျှင်စားသာသောက်သာသောအခြေအနေကိုရလို၏။ တောင်သူလယ်သမားသည် မိမိ၏ လယ်မြေကို တိုးတက်ကောင်းမွန်စေ၍ သက်သာချောင်ချိလို၏။ စာရေး စာချီ အမှုထမ်းတို့သည်လည်း ရုံး၌ တကုတ်ကုတ် လုပ်နေရသော ဘဝထက် လွတ်လွတ်လပ်လပ် ချောင်ချောင်လည်လည် ရှိသောအခြေအနေသို့ ရောက်လိုကြ၏။ ကုန်သည်ပွဲစားတို့လည်း လွယ်လွယ်ကူကူ တိုးချဲ့၍ ကူးသန်းရောင်းဝယ်လိုကြ၏။ ဤကဲ့သို့ လူကိုင်းလူတိုင်း မိမိတို့၏ အခွင့်အရေးကိုရယူလိုခြင်းသည် နိုင်ငံရေးပင် ဖြစ်၏။

သို့ရာတွင် ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော နေထိုင်စားသောက်မှုသည် ပြောင်းလဲလျက် ရှိသည့်အားလျော်စွာ ကျွန်ုပ်တို့ နိုင်ငံရေးသည်လည်း ပြောင်းလဲလျက်ရှိ၏။ ကျွန်ုပ်တို့အားလုံး သက်သက်သာသာ ချောင်ချောင်ချိချိ လူတန်းစေ့အောင်နေနိုင်ရန်အတွက် အခွင့်အရေးများ ပိုမိုရရှိနိုင်အောင် ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို တောင့်တကြပေသည်။ လွတ်လပ်ရေးဆိုရာ၌ နေရေးထိုင်ရေး လွတ်လပ်မှု၊ လူတဦးတယောက် အနေနှင့်ရှင်း၊ တမျိုးလုံးအနေနှင့်ရှင်း တိုးတက်ကြီးပွားအောင် စီမံဆောင်ရွက်နိုင်အောင် လွတ်လပ်မှု၊ ကျွန်ုပ်တို့၏ ကာယ၊ ဉာဏ၊ စိတ္တ အဆင့်အတန်း တိုးမြှင့်အောင် ဆောင်ရွက်နိုင်ရန် လွတ်လပ်မှုတို့ စသည်တို့ကိုဆိုလိုပေသည်။ ဤလွတ်လပ်မှု ရယူလိုမှုသည်ပင်လျှင် နိုင်ငံရေးဖြစ်၏။ သို့ဖြစ်ရကား- နိုင်ငံရေးသည် လူမှု လူရေးမျှသာ ဖြစ်၏။ နိုင်ငံရေးကို ကျွန်ုပ်တို့ နားမလည်စရာ အကြောင်း မရှိချေ။ သို့ပါလျက်နှင့် အချို့သော သူများသည် နိုင်ငံရေး အလုပ်ကို ယုတ်မာညစ်ထေးသည်ဟုဆိုကြ၏။ အချို့ကလည်း နိုင်ငံရေးသည် ကိုးကွယ်ရာ ဘာသာတရားပင် ဖြစ်သကဲ့သို့ ဆိုကြပြန်၏။ ထိုသူတို့၏ အယူအဆတို့မှာ အလွဲလွဲ အမှားမှား ကွဲကွဲပြားပြား ရှိကြပေ၏။

နိုင်ငံရေးကို ဘာသာတရား ဖြစ်သကဲ့သို့ပြောဆိုကြသော သူများမှာ ယုတ်မာညစ်ထေးသော နိုင်ငံရေးသမားများပင်လျှင် ဖြစ်ပေ၏။ ထိုသူတို့၏ ရည်ရွယ်ချက်မှာ ဤကဲ့သို့ ကြီးကြီးကျယ်ကျယ် လည်ဆယ်၍ ပြောခြင်းအားဖြင့် ပြည်သူတို့၏ စိတ်ကိုရှုတ်ထွေးစေ၍ အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ခြင်းငှာ မစွမ်းနိုင်အောင် လုပ်ခြင်းမျှသာ ဖြစ်ပေ၏။ အမှန်မှာ ထိုသူတို့ ပြုလုပ်မှုသည် နိုင်ငံရေးမဟုတ်။ မိမိတို့အကောက်ဉာဏ်ကို သုံး၍ မိမိတို့ကြီးပွားရေး တနပ်စား နိုင်ငံရေးပင် ဖြစ်ပေ၏။ ကိုးကွယ်သည့်



ဘာသာရေးမှာ လူအသီးသီးတို့၏ သက်ဝင် ယုံကြည်မှုဖြစ်၏။ နိုင်ငံရေးမှာကား၊ လူအသီးသီးတို့၏ ပေါင်းသင်းဆက်ဆံမှု သိပ္ပံအတတ်သာလျှင် ဖြစ်၏။ သိပ္ပံအတတ် အနေအားဖြင့် နိုင်ငံရေးသည် လူအသီးသီးတို့၏ အခွင့်အရေးကို စောင့်ရှောက်ရပေ လိမ့်မည်။

အခွင့် အရေးများတွင် လွတ်လပ်စွာ ဘာသာ ကိုးကွယ် နိုင်မှုလည်း ပါဝင်လေ၏။ ဤအခွင့်အရေး ပေးရာ၌ပင် ကျွန်ုပ်တို့သည် နိုင်ငံရေးနှင့် ကိုးကွယ်သည့် ဘာသာရေး နှစ်ဌာနစပ်ကြားတွင် စည်းတား ရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးနှင့် ဘာသာရေးမှာ သဘောမတူ အမှုကွဲပြား တခြားစီ ဖြစ်သောကြောင့်တည်း။ ဘာသာရေးနှင့် နိုင်ငံရေးကို ရောစပ်ပါမူ ဘာသာရေး၏ သဘောတရားကို ဆန့်ကျင်ရာရောက်ပေ၏။ အကြောင်းမူကား၊ ဘာသာရေးသည် နောင်တမလွန် ဘဝများကို (ဝါ) လောကုတ္တရာကို ရှေးရှုသည်ဖြစ်သောကြောင့် လောကအရေးနှင့် များစွာမသက်ဆိုင်ချေ။ နိုင်ငံရေးမှာမူကား လောကီရေးရာသာ ဖြစ်ပေ၏။

လုပ်ငန်းသဘောမှာ လူမှုတိုးတက်ရေးနှင့်ဘာသာရေးတို့သည် အခြေသဘောအားဖြင့် ဆန့်ကျင်စရာ အကြောင်းမရှိဟု ယူဆမိပေသည်။ ဘာသာတရားက သစ္စာ၊ မေတ္တာနှင့် သမ္မာအာဇီဝ၊ သမ္မာကမ္မန္တ စသည်တို့ကို ဓမ္မ အနေနှင့် ဟောကြားခဲ့ရာ လူမှုတွင်လည်း ဤဓမ္မတို့ကို လေးစားကြပေသည်။ သို့ပါလျက်လည်း ဘာသာတရား၏ နာမကို အလွဲသုံးစားပြုကြပြီးလျှင် လူတဦးသည် တဦး၏ ဆင်ခြင်တုံတရား ကင်းမဲ့ခြင်းကို အကြောင်းပြု၍ မတရားသော အမှုတို့ကို ပြုသည်ရှိသော် ပတ်ဝန်းကျင်ရှိ လူစုသည် ထိုမတရားမှုကို လျစ်လျူရှုခြင်း ဘယ်နည်းနှင့်မျှ ပြုနိုင်မည် မဟုတ်ပေ။ အကယ်၍ ဘာသာကို အမှီပြု၍ အသက်မွေးသူတို့သည် ဘာသာ၏ အမည်ကို သုံးလျက် တရားဓမ္မဖြစ်လေဟန် ဟောပြောချက်တခုကို ပြုလျှင် လူအများကို နစ်နာစေမည် ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် လူချမ်းသာကို လိုလားသည့် အားလျော်စွာ တားမြစ်ရပေလိမ့်မည်။ ဤဥပဒေသသည် ကျွန်ုပ်က ထွင်လိုက်သော ဥပဒေသ မဟုတ်ချေ။ ကျွန်ုပ်တို့၏ ရာဇဝင်တွင် အလွန်ကျော်ကြား ထင်ရှားသော အနော်ရထာ ဘုရင်မင်းမြတ်သည် ဤဥပဒေသကို ထိထိရောက်ရောက် လိုက်နာဆောင်ရွက်ခဲ့ဘူးလေသည်။ ရာဇဝင်ကို ကြည့်မူ ဘာသာတရားကိုမှီ၍ အသက်မွေးကြသော သူများကို ခွဲခြား၍ သိနိုင်ကြပေလိမ့်မည်။

www.burmeseclassic.com



ဘာသာတရားသည် ကျွန်ုပ်တို့ လူမှုကို ရှုပ်ထွေးစေသည် မဟုတ်။ ဘာသာတရားကိုမှီ၍ အသက်မွေးကြကုန်သော သူတို့သာလျှင် ရှုပ်ထွေးစေကြ၏။ ဘာသာ တရားကို ကြည့်ပြန်မူ ဤကဲ့သို့သော သူမျိုးကို အားပေးခြင်း မရှိသည်ကို တွေ့မြင်ကြရပေလိမ့်မည်။ သို့သော်လည်း အသီးသီးသော ဘာသာတရားတို့ကို မှီ၍ အသက်မွေးကြကုန်သော သူများ ရှိခဲ့ဘူးလေပြီ။ ဥရောပတိုက်၌ ရဟန်းမင်းကြီးမ ားနှင့် ကေရာဇ် မင်းတို့ အချင်းဖြစ်ပွားခဲ့ပုံ၊ ကျွန်ုပ်တို့ နိုင်ငံ၌ အရည်းကြီးမ ားနှင့် အနော်ရထာမင်းမြတ် အရေး တွေ့ရပုံ။ အနောက်နိုင်ငံကြီးများ နယ်ချဲ့ရာတွင် သမ္မာကျမ်းစာ ကိုင်သူတို့က ရှေ့သွား လုပ်၍ အလံကိုင်သူနှင့် ကုန်သည်တို့က နောက်မှ လိုက်ရပုံ အကြောင်းစုံတို့ကို ထောက်ထားလ က် မည်သည့် ကာလ ဒေသ၌မဆို ဘာသာတရားကိုမှီ၍ အသက်မွေးကြသူမ ား ရှိခဲ့ဘူးကြောင်းကို ကျွန်ုပ်တို့ သတိရကြပေလိမ့်မည်။

ယခုဘာသာတရားကိုမှီ၍ အသက်မွေးသူများဟုဆိုရာ၌ ရှင်းလင်းရန် လိုပေသေး၏။ ဘုန်းကြီးပင် ခေါ်ခေါ် - ရဟန်းပင်ခေ ခေါ် နှစ်မျိုးနှစ်စားရှိ၏။ တမျိုးမှာ ဘာသာတရားကိုမှီ၍ အသက်မွေးသူများသာ ဖြစ်၍ ဘာသာတရား ပြန့်ပွားတိုးတက်မှုကို သတိပြုခြင်းအားထုတ်ခြင်း မရှိချေ။ ဘာသာတရားနှင့် ဆန့်ကျင်သော အမှုမျိုးကိုပင်ပြုကြ၏။ တမျိုးမှာကား ဘာသာတရား တိုးတက်ပြန့်ပွားမှုကို လေးစား၍ လောကီသားတို့၏ အမှုကို ရှေ့ရှုခြင်း မရှိချေ။ ကျွန်ုပ်တို့၏ တိုင်းပြည်တွင် သံဃာတော် အရှင်မြတ်များသည် ရာဇဝင်တလျှောက်လုံး ကျွန်ုပ်တို့ လူမျိုး၏ ရှေ့ကမားမားမတ်မတ်ရပ်လျက် မြင့်မြတ်သော အမှုမျိုးကိုသာ ပြုခဲ့ကြပေ၏။ ရှေးခေတ်များ၌ သံဃာတော် အရှင်မြတ်များသည် ကျွန်ုပ်တို့ တမျိုးလုံးကို ပညာသင်ပေးရန် တာဝန်ကို ထမ်းဆောင်ခဲ့ကြပေသည်။ ယခုခေတ်၌ပင် တောရွာများတွင် သံဃာတော် အရှင်သူမြတ်များ ပညာသင်ကြားပေးလျက် ရှိကြသောကြောင့် မြောက်မြားစွာသော အမျိုးသားတို့သည် စာပေတတ်မြောက်ကြပေ၏။ အချုပ်မှာ သံဃာတော် အရှင်မြတ်များ၏ စေတနာလုံ့လကြောင့် ကျွန်ုပ်တို့၏ စိတ်ဓာတ် မြင့်မြတ်မှု အသွင် အပြင် ယဉ်ကျေးမှုတို့သည် အထူးသဖြင့် တိုးတက်ခဲ့လေသည်။ ထိုအကြောင်းများကြောင့် ကျွန်ုပ်တို့၏ သံဃာတော် အရှင်မြတ်များသည် ကျွန်ုပ်တို့၏ ထူးကဲသော ကျေးဇူး ဥပကာရများကို ခံတော်မူထိုက်ကြပ ပေ၏။ ကျွန်ုပ်တို့နိုင်င



တွင် များသောအားဖြင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ်ကြသည် ဖြစ်သောကြောင့် အခြား ဘာသာတရားများကို မထိခိုက်စေဘဲ ပြောလိုသည်မှာ နှစ်ပေါင်း ၂၅၀၀ အတွင်း လိမ်းကပ်၍ လာခဲ့သော ကြေးညှော်တို့ကို ကျွန်ုပ်တို့ ပွတ်တိုက်ခဲ့နိုင်ပါလျှင် ဗုဒ္ဓဘာသာ သာသနာရောင်သည် ကမ္ဘာ့ပေါ်တွင် အထွန်းပြောင်ဆုံး ဖြစ်လာလိမ့်မည်ဟူ၍ ယူဆရပေမည်။

သို့ဖြစ်သောကြောင့် ယခု သံဃာတော် အရှင်မြတ်များအား သီးခြား၍ လျှောက်ထား လိုပါသည် ဘုရား။ အရှင်သူမြတ်များ ဘုရား။ အရှင်ဘုရားတို့သည် အလွန် ထူးကဲသော ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းမြတ်များ ဖြစ်တော်မူကြပါသည်။ အရှင်ဘုရားတို့က သာသနာတော် ရောင် ထွန်းပြောင်အောင် အားထုတ်တော်မူကြပါ။ ကမ္ဘာလောကကြီးကို သာသနာရောင် အလင်းပေးတော်မူကြပါ။ သို့မှသာလျှင် ကမ္ဘာသူ ကမ္ဘာသားတို့ မေတ္တာတရားပွားများ၍ သမစိတ္တနှင့် ညီရင်းအစ်ကို မောင်ရင်း နှစ်မကဲ့သို့ နေနိုင်ကြပါလိမ့်မည်။ အရှင်သူမြတ်များကို ဘုရားတပည့်တော်တို့ ကိုးကွယ်ဆည်းကပ်ပါသည်။ တကမ္ဘာလုံး ကိုးကွယ်ဆည်းကပ်သည်ကိုလည်း မြင်ချင်ပါသည်။ တပည့်တော်တို့ နိုင်ငံထင်သာမက တကမ္ဘာလုံးမှာပင် မေတ္တာတရား သမစိတ္တ သဘောတရားတို့ကို ပြုပြင်နိုင်သော စွမ်းပကား အရှင်ဘုရားတို့မှာ ရှိပါသည်။ ဤစွမ်းပကား ကိုသုံးရာ၌ အောင်မြင်တော်မူပါလျှင် မနုဿလူတမျိုးလုံး အစဉ်အဆက် နှစ်ပရိစ္ဆေဒရှည်လျားစွာ ရှိခိုးပူဇော်ကြပါလိမ့်မည်။ ဤကဲ့သို့ ဆောင်ရွက်မှုသည် သာသနာ ဖက်ကသာ ကြည့်၍ မြင့်မြတ်သည် မဟုတ်ပါ။ တပည့်တော်တို့၏ နိုင်ငံနှင့် လူမျိုးအတွက် အမြင့်မြတ်ဆုံးသော နိုင်ငံရေးကို ဆောင်ရွက်ရာလည်း ရောက်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံအရပ်ရပ်သို့ ကြွရောက် တော်မူပြီးလျှင် မေတ္တာတရား၊ ညီညွတ်ရေး တရားများကို ဟောတော်မူကြပါ။ မြင့်မြတ်သော လွတ်လပ်ရေး တရားကိုလည်း ဟောတော်မူကြပါ။ မြင့်မြတ်သော လွတ်လပ်ရေးဆိုရာ၌ လွတ်လပ်စွာ ဘာသာတရား ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘာသာတရားကို ကာလဒေသမရွေး ဟောပြောနိုင်မှု၊ ကြောက်ရွံ့စိုးရိမ်ပူပန်ခြင်းမှ ကင်းလွတ်မှု၊ လူအ လူနဘာဝမှ လွတ်မြောက်မှု စသည်တို့ ဖြစ်ပါသည်။ အရှင် သူမြတ်တို့သည် သုံးလူထွဋ်ထား မြတ်စွာဘုရား၊ ဩဝါဒ ပေးတော် မူခဲ့သည့်အတိုင်း 'အပ္ပမာဒေန၊ သမ္ပာဒေထ' မမေ့မလျော့ဘဲ အစဉ်ထာဝရ အားထုတ် ကြတို့ တပည့်တော်တို့ ဗမာလူမျိုးတမျိုးလုံးကို ဆိုဆုံးမတော်မူကြပါဘုရား။ ဤသို့

www.burmeseclassic.com

www.burmeseclassic.com



သော မိမိကိုယ်ကို မိမိသာလျှင် အားကိုးမှုဖြင့် တပည့်တော်တို့၏ လူမျိုးသည် လောကုတ် လောကီ နှစ်လီသော အကျိုးထူးများကို ခံစားနိုင်အောင် ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ အရှင်မြတ်များ၌ ဤကဲ့သို့သော မှန်မြတ်သည့် တာဝန် ဝတ္တရားများရှိပါသည်။ ဤမှန်မြတ်သော တာဝန်ဝတ္တရားများကို ကျေပြွန်စွာ ထမ်းဆောင်တော်မူကြပါဘုရား။ တပည့်တော်တို့မှာ အရှင်သူမြတ်များကို ရိုသေလေးမြတ်စွာ တိုက်တွန်းစကား လျှောက်ထားခြင်းကိုသာ ပြုနိုင်ပါသည် ဆောင်ရွက်သို့ တာဝန်ကျေပြွန်မည် မကျေပြွန်မည်ဟူသော ပြဿနာမှာ အရှင်သူမြတ်များသာ ဖြေရှင်းနိုင်ကြပေလိမ့်မည်။

အရှင်သူမြတ်များကို လျှောက်ထားပြီး၍ ကျွန်ုပ်သည် နိုင်ငံရေးကို ဆက်၍ ပြောရပေဦးမည်။ နိုင်ငံရေးကို ပြော၍ မဆုံးသေးချေ။ စင်စစ်မှာ နိုင်ငံရေးတို့ မည်သည် ပြီးဆုံးခြင်း ရောက်ပြီဟူ၍ မရှိနိုင်ချေ။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့ သံသရာ၌လည်နေရပေ၍ ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်အတိုင်း အကြောင်းနှင့် အကျိုး၊ အတိတ်နှင့် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဆက်စပ်၍ မရပ်မနား ရှည်လျားလှသော ခရီးကို တသွားတည်း သွားနေရပေပြီ။ ဤကဲ့သို့ အကြောင်းတရား-အကျိုးတရား အမျိုးအစားကို လိုက်၍ ဖြစ်ပျက်နေခြင်းသည် ပင်လျှင် နိုင်ငံရေးဖြစ်၏။ ဥပမာအားဖြင့် ကမ္ဘာပေါ်တွင် စစ်ဖြစ်ပွားသည်မှာ အကြိမ်ပေါင်းများလှပြီ။ စစ်သည် ဘာကြောင့် ဖြစ်ရသည်၊ စစ်ဖြစ်သော အကြောင်းကြောင့် ဘယ်ကဲ့သို့သော အကျိုးတရားများ ရှိသည်ကို ကျွန်ုပ်တို့ ဝေဘန်ကြပါစို့။ ကျွန်ုပ်တို့သည် မကြာမီက ဒုတိယ ကမ္ဘာစစ်ကြီးမှ လွန်မြောက်လာခဲ့ကြပေပြီ။ ကျွန်ုပ်တို့ နိုင်ငံတွင် ကြီးကျယ်စွာ သတ္တန္တရကပ် ဆိုက်ရောက်ခဲ့ပေပြီ။ အကြောင်းတရားကား၊ အဘယ်နည်း။ ဖက်ဆစ်ဝါဒသည် အကြောင်းတရားဖြစ်၏။

ဖက်ဆစ်ဝါဒ ဆိုတာဘာလဲဟု မေးစရာရှိ၏။ ဖက်ဆစ်ဝါဒသည် လွန်ခဲ့သော ၂၅ နှစ်လောက်က အီတလီနိုင်ငံတွင် စတင်မွေးဖွားပြီးလျှင် နောက် ဂျာမနီနိုင်ငံတွင် ကြီးပြင်း၍ လာခဲ့ပေသည်။ ဤဝါဒသည် ကမ္ဘာ့အရပ်ရပ်သို့ ပြန့်နှံ့၍ ဂျပန်ပြည်၌လည်း အစေ့အညှောက်မှ အပင်ကြီးပေါက်ခဲ့လေပြီ။ ကျွန်ုပ်တို့ နိုင်ငံသို့ပင်ဆက်လက်၍ ရောက်ပြန်ခဲ့လေသည်။ ဤဖက်ဆစ်ဝါဒ ဆိုသည်မှာ အရင်းရှင်ဝါဒ အဆိုးသွမ်းဆုံးသော ဘဝသို့ ရောက်ခြင်းပင် ဖြစ်၏။ အရင်းရှင်ဝါဒဆိုသည်မှာ ငွေပင်ငွေရင်း အမြောက်အမြား စိုက်



ထုတ်နိုင်သောသူတို့သည် ကမ္ဘာပေါ်တွင် ကြီးနိုင် ငယ်ညှဉ်းဆဲလိုသည့် ယုတ်မာ ညစ်ဆိုး အသားစား၊ ဘီလူးသဘောမျိုးနှင့် နယ်ချဲ့၍ နှိပ်စက်ကလူ ရန်မူသော ဟာကိုယ်ကောင်းအယူဝါဒကို ယူသူများ၏ ဝါဒ ဖြစ်ပေသည်။ အဘယ်ကြောင့် ဤကဲ့သို့ယုတ်မာသော ညစ်ဆိုးဝါဒမျိုးသည် ကျွန်ုပ်တို့ လူ့လောကတွင် ပေါ်ပေါက်၍လာရပေသနည်းဟု မေးဘွယ်ရာရှိ၏။ အဖြေမှာကား အရင်းရှင်တို့ ဝိသမလောဘ လှုံ့ဆော်မှုကြောင့် စီမံဖန်တီးသော အဓမ္မ မတရားမှုများကြောင့်ဟု ဆိုလိုပေသည်။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာလောကတွင် ကမ္ဘာသူကမ္ဘာသားတို့ သက်သာချောင်ချိ လွတ်လပ်စွာ နေထိုင်စားသောက်နိုင်အောင် ပစ္စည်းဥစ္စာ ရတနာအမျိုးမျိုး ရှိပါလျက်နှင့် ဝေနေယျတို့၏ ချမ်းသာသုခကို မထောက်မထား စီးပွားလာဘ်လာဘတို့ကို မိမိတို့ချည်းသာ အဓမ္မ ကြုံးယူလိုကြသောကြောင့် ဆူကြုံနိမ့်မြင့် အတန်အသင့်မဟုတ်ဘဲ မိုးနှင့် မြေထဲ ခြားနားကွဲလွဲလျက်ရှိပေသည်။ နောက်ဆုံး၌ ဖောက်ပြန်ချွမ်းတိုး အမျိုးမျိုးသော ပြဿနာများ ပေါ်ပေါက်လာပြီးလျှင် မရှုနိုင် မရှိက်နိုင် ဟိုက်ယိုင်၍ ပြိုလဲလေတော့၏။ ဤအဓမ္မ ဝါဒကြောင့် ကမ္ဘာပေါ်တွင် လူတဦးနှင့်တဦး၊ လူမျိုးတစုနှင့် တစု၊ နိုင်ငံတဦးနှင့်တဦး မေတ္တာစေတနာ မကူးနိုင်ဘဲ လောဘ၊ ဒေါသ၊ မောဟတရားတို့ကိုသာ ပွားများ၍ လာခဲ့ကြလေသည်။

ဤဝါဒဆိုးကြောင့် တဖက်က ကြည့်ပြန်လျှင် လောကဓာတ်ပညာ တိုးတက်လာခဲ့၏။ လောကဓာတ်ပညာ တိုးတက်လေလေ ဤယုတ်မာသောဝါဒကို လက်ကိုင်ထားသူတို့ အလွဲသုံးစားပြု၍ ယုတ်မာလာလေလေ ဖြစ်သည်ကို တွေ့ရှိရပေ၏။ အရင်းရှင်ဝါဒီသမားတို့သည် တဦးနှင့်တဦး၊ တစုနှင့်တစု၊ တမျိုးနှင့်တမျိုး၊ တနိုင်ငံနှင့် တနိုင်ငံ၊ တုပယှဉ်ပြိုင်သောကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ပပဉ္စတရားသုံးပါး တွင်တွင်ကြီး နယ်ချဲ့လေတော့၏။ နောက်ဆုံး၌ အရင်းရှင်နှင့်အလုပ်သမား နယ်ချဲ့ နိုင်ငံများနှင့် လက်အောက်ခံနိုင်ငံများ အရင်းရှင် အချင်းချင်း၊ နယ်ချဲ့သမား အချင်းချင်း ရန်သူခပင်းတိုးပွား၍ ကမ္ဘာတခုလုံး ကိုးယိုးကားယား ကမောက်ကမ ဖြစ်လာလေတော့၏။

ဤသို့သော အကြောင်းတရားကြောင့် ကျွန်ုပ်တို့ ကမ္ဘာပေါ်တွင် ဤခေတ်ဆိုးကြီး၌ မကြာခဏ လှုပ်လှုပ်ရှားရှား စစ်မက်များပွားများလျက် ရှိနေရပေ၏။ ဤအရင်းရှင်ဝါဒ ကမ္ဘာပေါ်၌ ပြန့်နှံ့နေသရွေ့ကာလပတ်လုံး

www.burmeseclassic.com

www.burmeseclassic.com



တနည်းအားဖြင့် ဆိုသော် ဤအရင်းရှင် ဝါဒ ပပျောက်ပြီးလျှင် ဒြဗ္ဗစုံရ တရားကို အခြေပြုသော "ဆိုရှယ်လစ်ဇင်း"ခေါ် လူအများကောင်းစားရေး ဝါဒ လူထုကောင်းစားရေးဝါဒ မပြန့်ပွား မစည်ကား သရွေ့ကာလပတ်လုံး၊ ကျွန်ုပ်တို့ ကမ္ဘာမြေတွင် အထွေထွေသော ကပ်ကြီးများ ဆိုက်ရောက်လျက်ပင် ရှိကြပေလိမ့်ဦးမည်။ အရင်းရှင် ဝါဒီတို့သည်မိမိတို့ တကိုယ်ကောင်းအတွက် တိုးတက်၍ အမြတ်များများ နည်းအမျိုးမျိုး ပရိယာယ်အသွယ်သွယ်တို့နှင့် ရယူဖို့ကိုသာရှေးရှု လုံးပမ်းနေကြရကား အများကောင်းစားရေး၊ ကမ္ဘာ့ကောင်းစားရေးကို မလိုလားနိုင်ကြချေ။ ထို့အတွက် မိမိတို့ဝါဒ အဆောက်အဦ ယိုင်လဲပြိုပျက်လျက်ရှိသည်ကို ဥာဏ်နီဥာဏ်နက်တို့ဖြင့် ကျားကန်လျက် ရှိနေကြပေပြီ။ ဤသို့ စိုင်းပြင်းမှုကို ကျွန်ုပ်တို့က နယ်ချဲ့ဝါဒဟူ၍၎င်း၊ ဖက်ဆစ်ဝါဒဟူ၍၎င်း အမည်နှစ်မျိုးဖြင့် ခေါ်ရိုးရှိကြပေသည်။

ဤသို့စဉ်လျက် ဤဒုတိယကမ္ဘာစစ်ကြီးတွင် အဘယ်ကြောင့် နယ်ချဲ့ဝါဒီတို့နှင့် ဖက်ဆစ်ဝါဒီတို့သည် ရင်ဆိုင်၍ ယှဉ်ပြိုင်တိုက်ခိုက် ကြပါသနည်းဟု မေးဘွယ်ရာရှိပေ၏။ ဤသို့ အချင်းချင်း စစ်မက်ဖြစ်ပွားခြင်းပင်လျှင် အရင်းရှင် ဝါဒ သဘောအတိုင်းပင် ဖြစ်ပေ၏။ လွန်ခဲ့သောနှစ် အနည်းငယ်အတွင်းက အဖြစ်အပျက်ကို စစ်တွက်ရမည်ဆိုလျှင်သော် ပဌမကမ္ဘာစစ်ကြီး ပြီးသည့်နောက် အင်္ဂလိပ် ပြင်သစ်စသော နယ်ချဲ့နိုင်ငံတို့သည် ဖက်ဆစ်ဝါဒကို မြှောက်ကော်ပင့်ထိုး အမျိုးမျိုး အားပေးခဲ့ကြပေသည်။ ထို့ကြောင့်လည်း အီတလီနိုင်ငံသည် အဘီဆီနီးယား တိုင်းပြည်ကို သွားရောက် ကျူးကျော်သိမ်းပိုက်နိုင်ခဲ့၏။ ဂျပန်ပြည်သည် တရုတ်ပြည်ရှိ မန်ချူးရီးယားနယ်ကို နှိပ်စက်ကလူ တိုက်ခိုက် သိမ်းယူနိုင်ခဲ့၏။ ထို့ပြင် ဖက်ဆစ်ဝါဒသည် စပိန်ပြည်၊ ဂျာမနီပြည် အစရှိသော ဥရောပ နိုင်ငံများတွင် ပေါ်ပေါက်ပြန့်ပြီးလျှင် ကမ္ဘာတခုလုံးသို့ ပြန့်နှံ့လေတော၏။ နောက်ဆုံး၌ ကိုယ်မွေးသည့်မျောက် ကိုယ့်ကိုချောက်၊ သရဲမွေးသည့် အောက်လမ်းဆရာ သရဲ၏ အစာ ဖြစ်ရပြန်သကဲ့သို့ နယ်ချဲ့နိုင်ငံများသည် ဖက်ဆစ်နိုင်ငံများ၏ အံတုခြင်း ရန်ပြုခြင်းကိုခံရလေတော့၏။ ဤသို့ မလွဲသာ၍ အချင်းချင်း ရန်ပြုရသော်လည်း၊ဆိုဗီယက်ရုရှား၊ တရုပ်ပြည် အစရှိသော အများကောင်းစားရေး ဒီမိုကရက်လုပ်ငန်း ကြီးပွားတိုးတက်လျက် ရှိသော နိုင်ငံများ၏ အကူအညီကို မယူဝံ့ဘဲ တိုက်ခိုက်ကြရာ သရဲနှင့်လူ အားချင်းမကျသကဲ့သို့



ကရှုံးရှုံး၊ တကွဲကွဲ၊တဘုံးဘုံး၊ တလဲလဲ ရှိကြသောကြောင့် ဥရောပတိုက်၊ အာရှတိုက်တလွှားတွင် ဖက်ဆစ်ဝါဒီများသာလျှင် အနိုင်ရကြလေတော့၏။

ကျွန်ုပ်တို့နိုင်ငံအတွက်ဆိုရမူ ဗြိတိသျှနယ်ချဲ့သမားတို့သည် ကျွန်ုပ်တို့လူမျိုး၏ ဆန္ဒကို မထောက်မထား ကျွန်ုပ်တို့၏ နိုင်ငံကိုလည်း ကာကွယ်နိုင်အား မရှိပါဘဲလျက် ကျွန်ုပ်တို့ လူမျိုးနှင့် ပူးပေါင်း၍ ကာကွယ်နိုင်အောင်လည်း မဆောင်ရွက်ပါဘဲလျက် ဖက်ဆစ်ဂျပန်ကို ရန်ပြုလေတော့၏။ စစ်ကျေညာစဉ်အခါက ဗြိတိသျှနယ်ချဲ့ ဝါဒသမားတို့သည် ကျွန်ုပ်တို့လူမျိုးကို မိမိတို့နှင့် ပူးပေါင်းတိုက်ခိုက်လိုသော ဆန္ဒရှိလာအောင်လည်း မပြုလုပ်ခဲ့ကြချေ။ ထိုစဉ်အခါက ဗြိတိသျှ နယ်ချဲ့ဝါဒသမားတို့သည် အတ္တလန်တိတ်ချာတာ စာချုပ်တွင် ပါရှိသော စစ်ရည်ရွယ်ချက်များ၊ ငြိမ်းချမ်းရေး ရည်ရွယ်ချက်များတို့သည် ဗြိတိသျှလက်အောက်ခံနိုင်ငံ အိန္ဒိယပြည်၊ ဗမာပြည်တို့နှင့် မသက်ဆိုင်ချေဟူ၍ အတိအလင်း ငြင်းဆိုခဲ့ကြပေသည်။ ဗြိတိသျှနယ်ချဲ့သမားတို့သည် စစ်တိုက်ရာတွင် လုံးဝ ဆုံးရှုံးခြင်းတမျှသော ဘဝသို့ရောက်ခဲ့ကြရလေသည်။ သို့သော်လည်း နောက်ဆုံး၌ မိမိတို့၏ စေတနာကို ဆန့်ကျင်၍ ဆိုဗီယက် ရုရှားနှင့် မဟာမိတ်ပြုရလေတော့၏။ ဂျပန်ဖက်ဆစ်တို့ကို အနှစ်နှစ် အလလ တဦးတည်း ဆန့်ကျင်ခုခံ တိုက်ခိုက်လျက်ရှိသော တရုပ်ပြည်နှင့်လည်း ပူးပေါင်း ဆောင်ရွက်ရပေတော့၏။ ကမ္ဘာပေါ်တွင် ဖက်ဆစ်ဝါဒီတို့၏ လွှမ်းမိုးခြင်း၊ ခြိမ်းခြောက်ခြင်းကို ခံကြရကုန်သော နိုင်ငံအသီးသီးရှိ လူထုကြီးများ၏ အင်အားကိုလည်း စုရုံးကြရလေတော့၏။ ဤသို့အားဖြင့် နယ်ချဲ့ဝါဒီ နိုင်ငံကြီးများသည် ကမ္ဘာပေါ်ရှိ ဒီမိုကရက်လူထုအင်အားကို ကြည်ညိုမှု မရှိဘဲလျက် အားကိုးအားထား မဟာမိတ် ပြုကြလေတော့၏။ သို့ လူထု၏ အကူအညီကို ယူကြရာတွင် ကျေးဇူးတင်သော အနေအားဖြင့် အခွင့်အရေး တန်ခိုး အာဏာများ ပိုမို ပေးကြရပြန်၏။ ဤနေရာ၌ အခွင့်အရေးပေးကြသည်ကို ဗာရာဏသီချဲ့၍ ပြောရန်မလိုချေ။

မှတ်သားရမည့်အချက်မှာ နယ်ချဲ့ဝါဒသည် ဖက်ဆစ်ဝါဒကို လူထုအင်အားနှင့် ဖြိုဖျက်ခဲ့၏။ ထိုသို့ ဖြိုဖျက်ရာတွင် မိမိလည်း ယိမ်းယိုင်တော့၏။ လူထုများ၏ ဒီမိုကရက်အင်အားမှာကား ကမ္ဘာပေါ်တွင် တနေ့တခြား ဒီရေအလား ထိုးတက် ကြီးမားလာပေတော့၏။ လူထုတို့သည် စစ်ကိုသာနိုင်အောင် တိုက်ခိုက်သည်မဟုတ်။ ငြိမ်းချမ်းမှု အကျိုးကျေးဇူးများကို ခံစားရန်

www.burmeseclassic.com

www.burmeseclassic.com

လုံးပမ်းလျက် ရှိကြပေသည်။ ဤသည်ကား ဒုတိယကမ္ဘာစစ်ကြီး ပြီးသော အချိန်တွင် တွေ့မြင်ရသော အခြေအနေပင်တည်း။

ဖက်ဆစ်ဝါဒီတို့သည် ဤစစ်ကြီးတွင် ဆုံးရှုံးကြကုန်၏။ သို့သော်လည်း ဖက်ဆစ်ဝါဒသည် အမြစ်တွယ်လျက်ပင် ရှိသေးသောကြောင့် အသက်ရှင်လျက်ပင် ရှိသေး၏။ ဖက်ဆစ်ဝါဒသည် စပိန်ပြည်တွင် ခိုင်မြဲလျက်ပင် ရှိသေး၏။ အခြား အခြားသော နိုင်ငံများတွင်လည်း ဖက်ဆစ်ဝါဒ၏ အရိပ်နိမိတ်များသည် ပေါ်လျက်ပင် ရှိသေး၏။ ဒီမိုကရေစီ စတင်ပေါ်ထွန်းရာ ဗြိတိသျှ နိုင်ငံ၌ပင် ဆာအော်စဝယ်မိုစလီ ခေါင်းဆောင်လျက် ရှိသော ဖက်ဆစ်ဝါဒသမားများ ရှိသေး၏။ အတိုင်းတိုင်း အပြည်ပြည်တွင် စီးပွားရေး လက်ဝါးကြီးအုပ်သော သူများအဖြစ်ဖြင့် လည်းကောင်း၊ မြောက်မြားစွာသော အသားညို အသားမဲလူမျိုးတို့ကို ဖိနှိပ်ချုပ်ချယ်သူများ အဖြစ်ဖြင့်လည်းကောင်း တွေ့ရပြန်လေသည်။ စင်စစ်မှာ ဖက်ဆစ်ဝါဒ၏ ရေသောက်မြစ်များကို လုံးဝမသုတ်သင်နိုင်သရွေ့ ကာလပတ်လုံး (ဝါ) ကမ္ဘာပေါ်တွင်အားငယ်သော လူမျိုးတို့သည် လွတ်လပ်စွာ နေထိုင်ပူးပေါင်း ဆက်ဆံခြင်းမပြုနိုင်သရွေ့ ကာလပတ်လုံး ငြိမ်းချမ်းရေးကို တည်မြဲအောင် လုပ်ခြင်းငှာစွမ်းဆောင်နိုင်ကြမည် မဟုတ်ချေ။

ယခုအခါ၌ နိုင်ငံပေါင်းစုံ ကုလသမဂ္ဂကိုတည်ထောင်ပြီးသည်မှာမှန်၏။ ၎င်းသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းများမှာလည်း မှန်မြတ်၍ ထောပနာသြဘာပေးထိုက်ပါပေ၏။ ပဌမ ကမ္ဘာစစ်ကြီး ပြီးသည့်နောက် တည်ထောင်ခဲ့သော နိုင်ငံပေါင်းစုံ အသင်းကြီး ဆောင်ရွက်နိုင်သည်ထက် ငြိမ်းချမ်းရေးအတွက်ကို ဆောင်ရွက်နိုင်အောင် အလွန်အားကိုး အားထားပြုနိုင်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီးလေပြီ၊ ရှေးအခါကနှင့်မတူ ယခုဖွဲ့စည်းပြီး နိုင်ငံပေါင်းစုံကုလသမဂ္ဂတွင် အလွန်အထူး တန်ခိုးအင်အားရှိသော ဆိုဗီယက် ရုရှားနှင့်အမေရိကန် ပြည်ထောင်စု နိုင်ငံများသည်လည်း ဝင်ရောက်ဆောင်ရွက်လျက် ရှိကြ၏။ သို့အပြင် တရုပ်ပြည်ကြီးသည်လည်း ခေါင်းဆောင်တဦးအနေနှင့် ပါဝင်ဆောင်ရွက်လျက် ရှိ၏။ စီးပွားရေး ဘဏ္ဍာရေး ပြန်လည်ထူထောင်ရေးများအတွက်၊ ဘရက်တင်ဝု(ဒ်)ခေါ် ကွန်ဖရင့်အစည်းအဝေးကြီး၌ ထူးကဲစွာစီမံပြီး ဖြစ်လေသည်။ ယခုအခါ၌ ဤမျှသာလျှင် ပြုလုပ် ဆောင်ရွက်နိုင်ပေသည်ဟု ကုလသမဂ္ဂလိုလားသူတို့က ပြောကြပေလိမ့်မည်။ ကျွန်ုပ်တို့မှတ်သားသင့်သည်မှာ ဤနိုင်ငံပေါင်းစုံ ကုလသမဂ္ဂသည်



စစ်အောင်မြင်သော နိုင်ငံကြီးများ၏ လက်အောက်ခံ နိုင်ငံများရှိ လက်အောက်ခံ လူမျိုးများအတွက် မည်သို့မျှ မစီမံ မဆောင်ရွက်သေးသောကြောင့် ထိုထိုသောနိုင်ငံငယ်များရှိ လူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး မြှော်လင့်ချက်သည် ရှေးကကဲ့သို့ပင် မသေမချာ မရေမရာပင် ရှိပေသေး၏။

ဤကဲ့သို့ ဝေဘန်ရာတွင် ကျွန်ုပ်ကို ယုံကြည်မှုနည်းသည်ဟူ၍ မယူဆစေလိုပါ။ ယခင်ကမ္ဘာစစ်ကြီး ပြီးစက ငြိမ်းချမ်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဗြိတိသျှ ရာဇဝင် ဆရာတဦးက ဤသို့ ထင်မြင်ချက်ပေးဘူးပါ၏။ "နိုင်ငံအသီးသီးတို့၏ ခေါင်းဆောင်တို့သည် အဖြစ်အပျက်ကြီးကျယ်သလောက် အသွမ်းကျယ်အောင် မလိုက်နိုင်ကြချေ။ ထိုသူတို့သည် ငြိမ်းချမ်းရေးကို ထူထောင်ကြ၏။ ငြိမ်းချမ်းရေးမှာကား၊ ငြိမ်းချမ်းရေး အစစ်မဟုတ်ချေ။ အမေရိကန် စေတနာရှင်တို့ပင်လျှင် အပြောအားဖြင့် လူမျိုးအသီးသီးတို့သည် မိမိတို့၏ ကံကြမ္မာကို မိမိတို့ ဖန်တီးနိုင်ကြ၏ဟု ဆိုခဲ့သော်လည်း လုပ်ငန်းမှာမူ-ရက်(ဒ) အင်ဒီယင်း လူမျိုးများ၊ အာဖရိက လူမျိုးများနှင့် ပတ်သက်သောအခါ ဤဝါဒကို ကျူးကျော်သော သူတို့ကို လျစ်လျူရှုခဲ့၏။ အိန္ဒိယနှင့် အီဂျစ်ပြည်တို့တွင် အင်္ဂလိပ်တို့ လွှမ်းမိုး ကြီးစိုးလျက် ရှိကြသည်ကို ကြောင်တောင် ကြည့်နေကြ၏။ လူတို့၏ မူလ[illegible]သည် မရွေ့မပြောင်းသည်ကို တွေ့ရှိရ၏။ ဥရောပတိုက်မှာပင် ဒီမိုကရေစီ ဝါဒအတွက် စိုးရိမ်စရာ မရှိဟု မဆိုနိုင်သေးချေ။ စစ်အောင်မှုသည် ပပျောက်၍ စိတ်ပျက်ဘွယ်ရာ၊ မနှစ်မြို့ဘွယ်ရာသော အကြောင်းများသည် ပေါ်ပေါက်လျက် ရှိနေပေပြီ" ဟူ၍ ထင်မြင်ချက် ပေးခဲ့ဘူးလေသည်။

သို့ဖြစ်ရကား၊ ယခုအခါ၌ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကြီးလေးသော တာဝန်ဝတ္တရားသည် ဆိုဗီယက် ရုရှား၊ အမေရိကန် ပြည်ထောင်စုနှင့် တရုပ်ပြည်ကြီးပေါ်တွင် ကျရောက်လျက် ရှိနေပေသည်။ ၎င်းနိုင်ငံကြီးများသည် နိုင်ငံပေါင်းစုံ ကုလသမဂ္ဂကို တည့်တည့်မတ်မတ် ခေါင်းဆောင်လျက် ကမ္ဘာသူ ကမ္ဘာသားတို့ ယုံကြည်သက်ဝင် အားကိုး အားထားရာဖြစ်သော ငြိမ်းချမ်းရေးကို ဖန်တီးရပေလိမ့်မည်။ ဆိုဗီယက်ရုရှားတွင် လူမျိုးအသီးသီးတို့သည် အာဇာနည်စိတ်ဓာတ်နှင့် မသေမပျယ် ရဲရင့်စွာ မိမိတို့နိုင်ငံတွင်းတွင် လူထုကောင်းစားရေး ဆိုရှယ်လစ်ဇင်ခေါ် ဝါဒအတိုင်း မဆုတ်မနစ်သော လုံ့လဥဿာဟနှင့် လုံးပမ်းကြသည်သာမက၊ ဒုတိယ ကမ္ဘာစစ်တွင် ဖက်ဆစ်

www.burmeseclassic.com

www.burmeseclassic.com



ရန်သူတို့ကို ညီညာဖြိုဖြို ဝိုင်းဝန်း၍ ခုခံဖျက်ဆီးကြသည်များကို စဉ်းစားမိသောအခါ ကျွန်ုပ်တို့သည် အားမဟာက်ဘဲမနေနိုင်တော့ချေ။ ဆိုဗီယက်ရုရှားကို ကျွန်ုပ်တို့သည် ကြည်ညိုမိ၏။ အားထားမိ၏။ မြှော်ကိုးမိ၏။ လက်အောက်ခံနိုင်ငံများ၏ လွတ်လပ်ရေးအတွက် အရပ်ရပ်၌ အထူးသဖြင့် ဆန့်ဖရန့်စစ်စကိုကွန်ဖရင့်၌ ဆောင်ရွက်မှုများအတွက် ဆိုဗီယက်ရုရှားကို ကိုးစားရာဟု ထင်မှတ်မိ၏။ ဆိုဗီယက်ရုရှားအတွင်း၌ မည်ကဲ့သို့ လူ၏ချမ်းသာသုခကိုမည်ကဲ့သို့ စီမံဖန်တီးလျက်ရှိကြောင်း လူ၏လွတ်လပ်မှုအတွက် ခုခံကာကွယ်တိုက်ခိုက်လျက်ရှိသည်များကို အမှတ်ရသောအခါ အံ့သြမိ၏။ ထိုနည်းတူစွာ နိုင်ငံကြီးငယ်တို့၏ လွတ်လပ်မှုအတွက် ရှေ့တန်းက မားမားမတ်မတ်ရပ်လျက် ပြောဆိုဆောင်ရွက်နေသော အမေရိကန် တိုင်းပြည်၏ စေတနာကြောင့် အားတက်မိ၏။ သမတ ရုစဘဲ့၏ အတ္တလန်တိတ် ချာတာ ဝေဖန်မှု သမတထရူးမင်း၏ နိုင်ငံခြားဝါဒ ၁၂ ချက်တို့ကို ဆင်ခြင်မိ၍ မြှော်ကိုးရာဟု ထင်မိ၏။ ပဌမကမ္ဘာစစ်ကြီး၊ ဒုတိယ ကမ္ဘာစစ်ကြီးကို ထားဘိဦး။ အဆက်ဆက်သော အမေရိကန် သမတကြီးများ၏ ပြောဆိုပြုလုပ်ချက်များကို ထောက်သော် ကမ္ဘာ့လွတ်လပ်မှုအတွက် ခေါင်းဆောင် ဒီမိုကရက် နိုင်ငံကြီးဟူ၍ ယူဆမိ၏။ ကျွန်ုပ်တို့ နိုင်ငံတွင် ဒီမိုကရေစီဆိုသည်မှာ ပြည်သူတို့ကိုယ်တိုင် ပြည်သူတို့အကျိုးအတွက် အုပ်ချုပ်သော အစိုးရဟု သမ္မတ လင်ကွန်း ပြောဆိုချက်ကို မကြာခဏ ပြောဆိုခဲ့ကြဘူး၏။ ကျွန်ုပ်တို့၏ အိမ်နီးပါးချင်း တရုပ်ပြည်ကြီး၏ ကြီးမားသော တန်ခိုးအင်အားကို ကြည့်ပြီးလျှင် ဂုဏ်ယူမိ၏။ မိမိ၏ရန်သူကို မဆုတ်မနစ်သော စိတ်ဓာတ်ဖြင့် နှစ်ပေါင်းများစွာ တဦးတည်း ခိုမ်နင်း၍ အောင်မြင်မှုကို ရယူသည့်အတွက် တရုပ်ပြည်ကြီးကို ကျွန်ုပ်တို့ ချီးမွမ်း ထောမနာပြုဘာပေးရပေမည်။ ပမာမှာ တရုပ်ပြည်၏ အောင်မြင်မှုသည် အာရှတိုက်၏လွတ်လပ်မှု သာမက ကမ္ဘာ၏ လွတ်လပ်မှုအတွက် တိုက်ခိုက် အောင်မြင်မှုဟူ၍ ယူဆရပေမည်။ တရုပ်ပြည်ကြီးတွင် ယခုအခါ၌ ညီညွတ်ရေးလမ်းတွင် ဖြောင့်တန်း တည့်မတ်စွာ သွားနေကြပြီဟူသော သတင်းကို ကြားသိရ၍ ကျွန်ုပ်တို့ အလွန်ဝမ်းမြောက်ရပေသည်။

သို့အတွက် ဤမည်သော နိုင်ငံကြီး သုံးနိုင်ငံသည် တဦးနှင့်တဦး ငြိုးစူခြင်းမရှိဘဲ အတူတူ ပေါင်းသင်းဆက်ဆံ၍ ကမ္ဘာပေါ်တွင် မတရားမှုတို့ကို ပပျောက်စေပြီးလျှင်အလင်းရောင်ပေး၍ လွတ်လပ်မှု ခံစားနိုင်သောခေတ်သစ်ကြီး တူထောင်နိုင်ကြပါစေဟူ၍ မြှော်လင့် အားထားရပေသည်။



ဤနိုင်ငံကြီး သုံးနိုင်ငံသည် နိုင်ငံပေါင်းစုံကုလသမဂ္ဂကိုကမ္ဘာ၏ ငြိမ်းချမ်းမှု ကမ္ဘာ၏ လွတ်လပ်မှု ပေါ်ပေါက်တည်မြဲစေအောင် ခေါင်းဆောင်၍ ဤကုလသမဂ္ဂသို့ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့၏ ခေါင်းဆောင် အစစ်များကို ဖိတ်ကြားသင့်ကြပေသည်။ စကား အလျဉ်းသင့်၍ ပြောလိုသည်မှာ အရှေ့ဖျား ကော်မီရှင်အဖွဲ့၌ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ ကိုယ်စားလှယ်များကို ဗြိတိသျှ အစိုးရက ရွေးချယ်ခန့်ထားခြင်းကို ကျွန်ုပ်တို့ ကန့်ကွက်ရပေမည်။ နိုင်ငံပေါင်းစုံ ကုလသမဂ္ဂသို့ ကျွန်ုပ်တို့၏ နိုင်ငံခေါင်းဆောင် ကိုယ်စားလှယ်များ အဖြစ်ဖြင့် ကျွန်ုပ်တို့ပင် တက်ရောက်သင့်ကြပေသည်။

နိုင်ငံပေါင်းစုံ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော အဖွဲ့ကြီး ဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီး နိုင်ငံငယ် စက်ဆုပ်ဘွယ် ကောင်းသော အတန်းအစား ခွဲခြင်းတို့ကို ပပျောက်အောင် ပြုလုပ်သင့်ကြပေပြီ။ နိုင်ငံကြီး နိုင်ငံငယ်ဆိုရာ၌ ဘယ်အကြောင်းကို ထောက်၍ ဆုံးဖြတ်မည်နည်း။ အကျယ်အဝန်းကို လိုက်၍ ဆုံးဖြတ်မည်လော။ အကျယ်အဝန်းကို လိုက်၍ ဆုံးဖြတ်ခဲ့ပါမူ၊ အိန္ဒိယပြည်ကို အမြဲတစေ နိုင်ငံကြီး ဟူ၍ ယူဆရပေမည်။ သို့ရာတွင် အိန္ဒိယကို နိုင်ငံကြီး ဟူ၍ မယူဆဘဲ အိန္ဒိယထက် သေးငယ်သော ဂျပန်နိုင်ငံကို နိုင်ငံကြီး ဟူ၍ အသိအမှတ်ပြုခဲ့ကြပေသည်။ လူဦးရေကို လိုက်၍ နိုင်ငံကြီးဟု ဆိုရမည်လော။ သို့ဆိုရမည် ဆိုလျှင် အိန္ဒိယပြည်သည် နိုင်ငံကြီးတခုပင်တည်း။ လူဦးရေနည်းသော အီတလီနိုင်ငံကို အဘယ်ကြောင့် နိုင်ငံကြီး ဟူ၍ ယူဆခဲ့ပေသနည်း။ စင်စစ်မှာ နိုင်ငံကြီး ဆိုသည်မှာ ခေတ်မှီအောင် ကြီးပွားတိုးတက်သော နိုင်ငံကို ဆိုလိုပေသည်။

ရုရှားနိုင်ငံသည် အနှစ် ၃၀၀ ခန့်မျှ တာတာလူမျိုးတို့၏ လွှမ်းမိုးခြင်းကို ခံရ၍ အောက်ကျ နောက်ကျ ဖြစ်ခဲ့ဘူး၏။ သို့သော်လည်း ယခုအခါတွင် နိုင်ငံရေး အမည်နှင့်သာ ကြီးကျယ်သည်မဟုတ်။ ကမ္ဘာပေါ်တွင် ဆိုရှယ်လစ်ဝါဒအတိုင်း စီးပွားရေး ကြီးပွားရေး တိုးတက်ပြန့်ပွားရာ ဖြစ်သည့် တဦးတည်းသော နိုင်ငံဖြစ်ပေ၏။ ယခုအခါ၌ ဂရိတ်ဘရစ်တိန်ခေါ် အင်္ဂလိပ်နိုင်ငံသည် ဘယ်ကဲ့သို့သော အခြေအနေသို့ ရောက်ရှိခဲ့သနည်း ဟူ၍ မေးဘွယ်ရာရှိ၏။ ရှင်းရှင်းပြောရလျှင် ဗြိတိသျှ နိုင်ငံသည် နိုင်ငံကြီး မဟုတ်တော့ချေ။ ဗြိတိသျှ အင်ပါယာတွင် နေဝင်သည် ဟူ၍ မရှိဟု ဆိုရိုးရှိ၏။ ယခုအခါ၌ စုပ်စုပ် နေမဝင်သေးသော်လည်း နေဝင်စပြုလေပြီ။ ယခင်အခါက ဗြိတိသျှ အင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ယာသည် နိုင်ငံရေးမျက်စေ့၊ စစ်ရေးမျက်စေ့ အမြင်နှင့်သာ ကြီးကျယ်သည် မဟုတ်။ စီးပွားရေးဘဏ္ဍာရေးတွင်လည်း အင်ပါယာတွင်းသာမက အင်ပါယာ ပြင်ပမှာပင် အမျိုးမျိုး ကြိုးကိုင်လျက် ရှိပေသည်။ ယခုအချိန်၌ ဤသို့ မဟုတ်တော့ဘဲ မိမိ၏ လက်အောက်ခံ အိန္ဒိယ၊ အီဂျစ် စသော နိုင်ငံများ၏ ကြွေးမြီများ ရှိသောကြောင့် မြီစားဘဝသို့ နိမ့်လျော့ခဲ့ပေပြီ။ ကံ ကံ၏ အကြောင်းတရား-အကျိုးတရားကြောင်း၊ (ဝါ) ဖြစ်ပြန် ပျက်ပြန် လောကတရားကြောင့် ဗြိတိသျှ နိုင်ငံသည် ငွေကြေး အထောက်အပံ့ ရရန်အတွက် အမေရိကန် သမ္မတနိုင်ငံကို မကြာခဏ ချော့မော့၍ နေရပေသည်။ ယခင်က ဗြိတိသျှ နိုင်ငံနှင့် အမေရိကန် နိုင်ငံတို့သည် စီးပွားရေး ဘဏ္ဍာရေးတွင် ဂုဏ်တူ ဂုဏ်ပြိုင်ပြုသော်လည်း ယခုအခါ၌ ဗြိတိသျှနိုင်ငံသည် အမေရိကန် နိုင်ငံအား လိမ္မာရေးခြား မျက်နှာချိုသွေး၍ ကြွေးငွေများ ချေးငှါးပါမည့်အကြောင်း တောင်းပန် ခယလျက် ရှိပေ၏။ အမြင်အားဖြင့် ဗြိတိသျှ အင်ပါယာသည် ကည်ရှိလျက်ပင်။ သို့သော်ငြားလည်း အင်ပါယာအတွင်းရှိ လက်အောက်ခံ နိုင်ငံများသည် အင်အားဖြစ်ရာသော အကြောင်းများမဟုတ်။ အားယုတ်ရာသော အကြောင်းများ ဖြစ်ချေသည်။ ဗြိတိသျှနိုင်ငံသည် ဤလက်အောက်ခံ နိုင်ငံများကို ပိုနေမြဲ-ကျားနေမြဲအတိုင်း တည်တံ့အောင် ထားခြင်းငှါ စွမ်းအား မရှိချေ။ ဗြိတိသျှ နယ်ချဲ့ဝါဒီသမားတို့သည် ရာဇဝင်သဘောကို နားလည်ပြီးလျှင် ခေတ်မှီသော အတွေးအခေါ်နှင့် ဤလက်အောက်ခံနိုင်ငံများကို လွတ်လပ်ရေး အစစ်ပေးကာ မိမိပါ တဦးနှင့်တဦးအားလုံး စိတ်ရောကိုယ်ပါ ပူးပေါင်း၍ အတ္တဟိတ ပရဟိတ အကျိုး နှစ်မျိုးအတွက် ဆောင်ရွက်မည်လော။ သို့တည်းမဟုတ်၊ ရှေးရှေးသော အင်ပါယာတို့၏ သွားလေရာ လမ်းသို့ ကောက်ကောက်ပါအောင် လိုက်ပြီးလျှင် ယိုယွင်း ပျက်စီးတွင်းဆုံးကျသောဘဝသို့ ရောက်မည်လော ဟူသောပြဿနာကို ဗြိတိသျှနိုင်ငံကပင်လျှင် ဆောလျင်စွာ ဆုံးဖြတ် ဖြေရှင်းရပေလိမ့်မည်။

ဤဒုတိယ ကမ္ဘာစစ်ကြီး၏ ထူးခြားသော အချက်မှာ နယ်ချဲ့ဝါဒ၏ အသက်ငင်ခြင်းပင် ဖြစ်၏။ အထူးသဖြင့် နယ်ချဲ့ဝါဒသည် အာရှတိုက်တွင် အသက်ထွက်လု နီးပေပြီ။ အာရှတိုက်သည် ယခင်ခေတ်ကနှင့်မတူ၊ ဖမ့်ကွဲပြားအင်အား တိုးတက်၍ ကမ္ဘာ့ နိုင်ငံရေး နယ်တွင်းသို့ ထယ်ထယ်ဝါဝါ ချင်းနင်းဝင်ရောက်လျက် ရှိပေပြီ။ နိုင်ငံပေါင်းစုံ အဖွဲ့ကြီးများ၌ အာရှတိုက် နိုင်ငံများကို လျစ်လျူရှု၍၊ မထည့်ဘဲ မနေနိုင်တော့ချေ။ အာရှ အသံသည်



တဖြည်းဖြည်း ကျယ်လာခဲ့ပေသည်။ အင်ဒိုနီးရှားတွင်၎င်း၊ အင်ဒိုချိုင်းနားတွင်၎င်း၊ ဗမာပြည်တွင်၎င်း၊ အိန္ဒိယတွင်၎င်း အာရှအသံကို တွေ့လျက်ရှိကြပေပြီ။ အထူးသဖြင့် တရုတ်ပြည်တွင် အာရှ အင်အားသည် တိုးတက်လျက် ရှိ၏။ အာရှညီညွတ်မှုနှင့် အာရှအင်အားကို ကမ္ဘာက အသိအမှတ် ပြုရပေမည်။ ကျွန်ုပ်တို့ အာရှ တိုက်သားများကို အစဉ်ထာဝရ နှိမ်နင်း၍ သွေးခွဲခြင်း မပြုနိုင်ချေ။

ကျွန်ုပ်တို့သည် စုပေါင်း၍ အာရှခေတ်သစ်ကို ထူထောင် ကြရမည်။ ဤအာရှခေတ်သစ်မှာ ဂျပန်၏ အရှေ့ အာရှ သာတူညီမျှ စီးပွားရေး စနစ်နှင့် တည်ထောင်သည့် အမည်မျှသာဖြစ်သော ခေတ်သစ်ကဲ့သို့ မဟုတ်ချေ။ နိုင်ငံတဦးက နိုင်ငံတဦးအပေါ်တွင် 'လိုက်နာရမည်' ဟူသောစနစ်နှင့် ခေတ်သစ် ထူထောင်ခြင်း မဟုတ်ချေ။ အာရှတိုက်သူတိုက်သားတို့၏ ညီညွတ်စွာ ပူးပေါင်း၍ အာရှလူမျိုးများ၏ လွတ်လပ်မှု၊ လုံခြုံမှု၊ တိုးတက်မှုကို အစပြု၍ ကမ္ဘာ၏ လွတ်လပ်မှု၊ လုံခြုံမှု၊ တိုးတက်မှုကိုစပ် ဖန်တီးနိုင်အောင် ထူထောင်သော ခေတ်သစ်ကြီးဖြစ်၏။ ဤသို့ခေတ်သစ် တည်ထောင်ရာ၌ ပထမဦးဆုံး အာရှတိုက် နိုင်ငံအသီးသီးတို့သည် မိမိတို့၏ လက်ငင်း ပြဿနာများကို ဖြေရှင်းနိုင်အောင် လုံးပမ်း၍ တဖြည်းဖြည်း တစထစနှင့် အာရှတိုက် ပြောင်းလဲ တိုးတက်မှု၊ ကမ္ဘာတခုလုံး၏ ပြောင်းလဲ တိုးတက်မှုအတွက် ဆောင်ရွက်ကြရပေလိမ့်မည်။

သို့ဖြစ်ရကား ကျွန်ုပ်တို့ အာရှတိုက်တွင်သာမက အာရှတိုက် အပြင်၌မှီတင်း နေထိုင်ကြသော ဖိနှိပ်ချုပ်ချယ်ခြင်း ခံနေရသည့် လက်အောက်ခံ လူမျိုးများသည် လွတ်လပ်သော နိုင်ငံများရှိ စေတနာကောင်းရှိသူများနှင့် အတူ ပူးပေါင်း ဆက်ဆံပြီးလျှင် ကျွန်ုပ်တို့၏ လက်ငင်း ပြဿနာများကို ဖြေရှင်းရပေလိမ့်မည်။ ထိရောက်စွာ ပူးပေါင်း ဆက်ဆံခြင်း မပြုနိုင်လျှင် တဦးနှင့်တဦး ရင်းနှီးစွာ ဆက်ဆံ၍ အကြံဉာဏ် တောင်းယူသင့်ကြပေတော့သည်။ ဤထင်မြင်ချက်များကို အာရှတိုက်ရှိ လူမျိုးပေါင်းစုံတို့ သိစိမ့်သောငှါ ဖော်ပြရပေသည်။

အင်ဒိုနီးရှားနှင့် အင်ဒိုချိုင်းနား မျိုးချစ် တိုင်းရင်းသားတို့သည် အမျိုးမျိုးသော အခက်အခဲများကို ကျော်နင်း၍ မိမိတို့ လွတ်လပ်ခြင်းအတွက် အားထုတ် လုံးပမ်းမှုများကို ပြုလျက် ရှိကြသောကြောင့် ကျွန်ုပ်တို့၏ လူမျိုးကိုယ်စား ကောင်းချီးသြဘာပြုလိုက်ပါသည်။ တောတောင်ရေမြေ ခြားနေသော်လည်း ကျွန်ုပ်တို့သည် ထိုအာဇာနည် လူမျိုးများ၏ လွတ်လပ်မှု

www.burmeseclassic.com



လုပ်ငန်းကို ကျွန်ုပ်တို့၏ လွတ်လပ်မှု လုပ်ငန်းတည်း ဟူ၍ သဘောထားပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည်လည်း ထိုလူမျိုးများကဲ့သို့ပင် လွတ်လပ်ရေး အတွက် လုံးပမ်းလျက် ရှိကြရပေသောကြောင့်တည်း။ ထိုလူမျိုးများသည် မိမိတို့၏ လွတ်လပ်ရေးကို ပြန်လည် ရယူရန် အဓိဋ္ဌာန်ပြုထားသကဲ့သို့ ကျွန်ုပ်တို့သည်လည်း မသေမစောင်း အဓိဋ္ဌာန် လမ်းကောင်းအတိုင်း သောင်းသောင်းဖြဖြ သွားကြမည်။

အင်ဒိုနီးရှားနှင့် အင်ဒိုချိုင်းနားရှိအာဇာနည် လူမျိုးများတို့... ကျွန်ုပ်တို့ အသီးသီး လွတ်လပ်မှုအတွက် ကျွန်ုပ်တို့သည် ယခုအခါ၌ ရင်ဘောင်တန်းအားမထုတ်နိုင်သေးသော်လည်း မကြာမီ ကျွန်ုပ်တို့သည် သင်တို့နှင့် ပူးပေါင်းဆောင်ရွက်မည်။ သင်တို့၏ ကြိုးပမ်းမှုကို ဆက်လက် ဆောင်ရွက်ကြလော့။ သင်တို့သည် အောင်ခြင်း မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံပါစေဟု ဆုတောင်းလိုက်ပါ၏။ မကြာမြင့်မီ သင်တို့၏ လိုအင်ဆန္ဒ တလုံးတဝတည်း ပြည့်စုံပါစေဟူ၍ ထပ်လောင်း၍ ဆုတောင်းလိုက်ပါသည်။ တရုပ်ပြည်ကြီး၏ အကျိုးအတွက်၎င်း၊ အာရှ၏ အကျိုးအတွက်၎င်း၊ ကမ္ဘာ၏ အကျိုးအတွက်၎င်း မြဲမြံစွာ ညီညွတ်ကြပါဟူ၍ တရုပ်ပြည်ကြီးရှိ ပေါက်ဖော်များ မာရှယ် ချန်ကေရှိတ်၊ မော်စီတုန်း၊ ဂျင်နရယ် ချူတေးနှင့် အခြားအခြားသော ခေါင်းဆောင်ကြီးများအား ကျွန်ုပ် တိုက်တွန်းလိုပါသည်။ တရုပ်ပြည်ကြီး၏ ရာဇဝင်အရ ဆက်ခံခဲ့ကြသော ကြီးလေးသော တာဝန်ဝတ္တရားများကို သတိရကြပြီးလျှင် တရုပ်ပြည်ကြီးအတွက်၎င်း၊ အာရှတိုက်အတွက်၎င်း၊ ကမ္ဘာ့အတွက်၎င်း၊ ကျေပွန်စွာ ဆောင်ရွက်နိုင်ကြပါစေသတည်းဟု နှိုးဆော်လိုပါသည်။ ဤသို့ နှိုးဆော် တိုက်တွန်းရသည်မှာ အိမ်နီးချင်း ငြိမ်းချမ်းမှု၊ ကျွန်ုပ်တို့ နိုင်ငံ ငြိမ်းချမ်းမှု၊ အာရှ ငြိမ်းချမ်းမှု၊ ကမ္ဘာ့ငြိမ်းချမ်းမှုကို လိုလားသောကြောင့် ကောင်းမြတ်သော စေတနာရှေ့ထား၍ မင်္ဂလာစကား ပြောကြားခြင်း ဖြစ်ပေသည်။

ထို့နည်းတူစွာ အိန္ဒိယ တိုင်းသားများ၏ လွတ်လပ်စွာ ချမ်းသာသုခကို ခံစားနိုင်စရာ အိန္ဒိယ တိုင်းရင်းသားများနှင့်တကွ မိမိတို့၏ ခေါင်းဆောင်ကြီးများ ဖြစ်ကြကုန်သော မဟတ္တမဂန္ဒီ၊ မစ္စတာဂျင်နား၊ ပန်ဒစ်ဂျဝါဟာလာနေရူး၊ မစ္စတာ အိုက်ဇတ် စသည်တို့ကို ညီညွတ်စွာ မိမိတို့၏ မျှော်မှန်းရာ ပန်းတိုင်သို့ တက်လှမ်းနိုင်ကြပါစေဟု နှိုးဆော် တိုက်တွန်းရပေမည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ လာရောက် နေထိုင်ကြကုန်သော အိန္ဒိယ တိုင်း



ရင်းသားများ၊ ပေါက်ဖော် တရုပ်များနှင့် ပတ်သက်၍ အနည်းငယ် ပြောလိုသည်။ ကျွန်ုပ်တို့သည် ထိုလူမျိုးတို့ အပေါ်၌ သော်၎င်း၊ ကမ္ဘာပေါ်ရှိ အခြားအခြားသော လူမျိုးတို့ အပေါ်၌၎င်း၊ ဣဿာ မစ္ဆရိယ ဗျာပါဒ အာဃာတတရား သဘောထားများ မရှိချေ။ နိုင်ငံခြားသားတို့သည် ကျွန်ုပ်တို့ တိုင်းရင်းသားများနှင့် ဆိုးတူကောင်းဘက်၊ အေးအတူ ပူအမျှ နေထိုင်လိုကြလျှင် ကျွန်ုပ်တို့သည် ညီရင်းအစ်ကိုကဲ့သို့ သဘောထား၍ ကြည်ဖြူစွာ လက်ခံမည်။ နိုင်ငံခြားသားများသည် ကျွန်ုပ်တို့ကို မိတ်ဆွေ အိမ်နီးချင်း သဘောထားနှင့် ကူညီ ယိုင်းပင်းရန် ဆန္ဒရှိပါက ကျွန်ုပ်တို့ကလည်း ကတညုတ ကတဝေဒီ တရားကို ရှိသေစွာ စောင့်ရှောက်မည်။

ကုလားတရုပ်စသော နိုင်ငံခြားသားများကို သတိပေးလိုသည်မှာ ကျွန်ုပ်တို့၏ နိုင်ငံတွင်းရေး၌ သူတထူးက စစ်တုရင်အရုပ်လုပ်၍ ကစားခြင်းကို မခံကြရအောင် သတိထားဘို့ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အချို့သော သူတို့သည် ယခုအခါ၌ ကုလား၊ တရုပ် စသော နိုင်ငံခြားသားများနှင့် ကျွန်ုပ်တို့ တိုင်းရင်းသားများကို ကတုံးကတိုက် လုပ်ကောင်း လုပ်ပေလိမ့်မည်။ ကုလား၊ တရုပ် နိုင်ငံခြားသားများကို ၎င်းတို့သည် မမှန်သော ကတိ၊ မမှန်သော ကမ်းလှမ်းခြင်း အမှုများကို ပြုပေလိမ့်မည်။ သို့အတွက် ၎င်းတို့၏ အလှည့် အပတ်ကို မခံရအောင် သတိထားသင့်ကြပေသည်။ ရှင်းရှင်းပြောရမည် ဆိုလျှင် ကုလား၊ တရုပ် စသော နိုင်ငံခြားသားတို့သည် ကျွန်ုပ်တို့ တိုင်းရင်းသားများ၏ မိတ်ဆွေများ အဖြစ်ဖြင့် နေထိုင်ကြမည်လော၊ သို့တည်းမဟုတ် ရန်သူများ အဖြစ်ဖြင့်နေထိုင်ကြမည်လော ဟူ၍ ဆုံးဖြတ်ရန် လိုပေသည်။ တချိန်တည်းတွင် မိတ်ဆွေနှင့် ရန်သူ နှစ်မျိုးဟူ၍ မဖြစ်နိုင်။

ဥရောပတိုက်သားများအား ပြောလိုသည်မှာ ကျွန်ုပ်တို့သည် ယခုထက်ထိပင် သင်တို့အား မိတ်ဆွေ အနေနှင့် လက်လှမ်းလျက်ပင် ရှိကြသည်။ သို့ရာတွင် ရှေးကကဲ့သို့ သခင်နှင့်ကျွန် သဘောမဟုတ်ဘဲ၊ တန်းတူ သဘောနှင့်ပေါင်းသင်း ဆက်ဆံမှသာလျှင် ၎င်းတို့နှင့် ကျွန်ုပ်တို့မိတ်ဆွေများ ဖြစ်နိုင်ကြပေလိမ့်မည်။

ယခု ကျွန်ုပ်တို့၏ ပြည်တွင်းနိုင်ငံရေးကို စိစစ်ကြပါစို့။ နိုင်ငံတွင်းရေးကို မစိစစ်မီ ကမ္ဘာတခုလုံးကို ခြုံ၍ ဝေဘန်ရသည့် အကြောင်းမှာ ကမ္ဘာ့အရေးနှင့်ဗမာ့အရေး မည်မျှလောက် ရက်စပ်နေသည်ကို ကျွန်ုပ်တို့ လွန်ခဲ့သော ၃–၄ နှစ်အတွင်း တွေ့ကြုံခဲ့ကြသည့် အတိုင်း ကမ္ဘာ့အရေးကို ပဌမ ရှင်း

www.burmeseclassic.com

www.burmeseclassic.com

လင်း၍ ပြခဲ့ရပေသည်။ ဤအချိန် ဤအခါ၌ ကမ္ဘာပေါ်တွင် လုံးဝ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် သဘောရှိသော နိုင်ငံဟူ၍ ကမ္ဘာ့အရပ်ရပ်တွင် မရှိတော့ချေ။ ကျွန်ုပ်တို့ကဲ့သို့ နယ်ချဲ့ဝါဒီ နိုင်ငံကြီးတို့ လက်အောက်တွင် ရောက်နေသော ကျွန်သဘောက် နိုင်ငံကလေးကို မဆိုထားဘိ၊ လွတ်လပ်သော နိုင်ငံကြီးငယ် အသွယ်သွယ်တို့သည်လည်း အထီးတည်း လွတ်လွတ်လပ်လပ် လုံလုံခြုံခြုံ နေခြင်းငှါ မစွမ်းတော့ချေ။ ၁၉၄၀ ခုနှစ်တွင် ပြင်သစ်ပြည်ကြီး ပျက်စီးရပုံကို ထောက်ရှုသော် နိုင်ငံကြီးများသည် နိုင်ငံကလေးများနှင့် မခြား ကျူးကျော် ဝင်ရောက်ခြင်းဘေးမှ မကင်းနိုင်ချေ။ သို့ဖြစ်ရကား၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ လုံခြုံရေးကို ယိုးမယ်ဖွဲ့၍ လွတ်လပ်ရေး မပေးလို မယူလိုကြသော အကြောင်းပြချက်များသည် အနည်းငယ်မျှမင် ခိုင်လုံသည်ဟု မဆိုနိုင်ချေ။ စင်စစ်မှာ ကျွန်ုပ်တို့ နိုင်ငံ လွတ်လပ်ခဲ့ပါမူ ကျွန်ုပ်တို့မှာလည်း မဟာမိတ်များ ရှိပေလိမ့်မည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ မဟာမိတ်များနှင့် ပူးပေါင်း ဆက်ဆံ၍ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ အသီးသီးတို့၏ လုံခြုံမှု စီးပွားရေး၊ ကြီးပွားရေး စသည်တို့အတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်စိမ့်သောငှါ ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို တောင့်တကြ၏။ ရယူလိုကြ၏။ သိမ်းပိုက်ထားလိုကြ၏။ ကမ္ဘာပေါ်တွင် နိုင်ငံကြီးငယ်တို့ ဆက်သွယ်မှီခိုအားထားရမည် ဆိုသော အချက်နှင့် မြန်မာပြည် လုံးဝ လွတ်လပ်ရေး ဆိုသော အချက်နှစ်ခုကို အဘယ်ကဲ့သို့စပ်ဟပ်မည်နည်းဟု မေးဘွယ်ရာ ရှိပေသည်။ ထီးတည်းကျုံကျုံရှိသော နိုင်ငံတဦး အနေနှင့် နေရခြင်းထက် ပြည်ထောင်စု တခုတွင် ပါဝင် ပူးပေါင်းနေရသော နိုင်ငံအဖြစ်က သာ၍ပင် မကောင်းဘူးလားဟုလည်း မေးနိုင်ပါ၏။ ဤစကားသည်မှန်၏ဟု ဖြေရပေမည်။ သို့သော်လည်း ပြည်ထောင်စုတခု ဖွဲ့ရာတွင် တဦးသော နိုင်ငံက တဦးသော နိုင်ငံကို ပါဝင် ပူးပေါင်းခြင်း ပြုရမည်ဟု အတင်းမပြုလုပ်ဘဲလျက် နိုင်ငံ အသီးသီးတို့သည် မိမိတို့ သဘောအလျောက် လွတ်လပ်စွာ ပါဝင် ပူးပေါင်းခြင်းသာ ဖြစ်စေရမည်။ ဥပမာအားဖြင့် ယခင်အခါက ဆိုဗီယက် ရုရှား၏ အင်အားကို ကြောက်ရွံ့မှုကြောင့် ဗြိတိသျှ နန်းရင်းဝန်ဟောင်း မစ္စတာချာချီ အကြံပေးသော ဥရောပတိုက် ပြည်ထောင်စုမျိုးသည် လွတ်လပ်စွာ ပါဝင် ပူးပေါင်းနိုင်သောပြည်ထောင်စု မဟုတ်ချေ။

ပြင်သစ် အင်ဒိုချိုင်းနားခေါ်ပြည်နယ်များ၊ယိုးဒယားပြည် မာလာယာပြည်နယ်များ၊ အင်ဒိုနီးရှားပြည်နယ်များနှင့် ကျွန်ုပ်တို့ မြန်မာပြည်တို့ကို မကြာ



မြင့်မီ ပူးပေါင်း၍ "အင်ဒိုချိုင်းနားပြည်ထောင်စု" ဟူသော အမည် နာမဖြင့် ပြည်ထောင်စုတခု တည်ထောင်ရန် လိုကောင်း လိုလာပေလိမ့်မည်။ ဤကဲ့သို့ ပြောဆိုရာ၌ လေထဲ တိုက်အိမ်ဆောက်ခြင်း သဘောမျိုးနှင့် ပြောသည် မဟုတ်။ ထိုတိုင်းပြည်များသည် ဘာသာရေး၊ လူမျိုးရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ကြီးပွားရေးအဖက်ဖက်တွင် ရာဇဝင် သဘောအရ အလွန်နီးကပ် ဆင်တူသော တိုင်းပြည် နိုင်ငံများ ဖြစ်ကြရာ ၎င်းတို့သည် ပြည်ထောင်စု တခု ဖြစ်လာနိုင်ပေသည်။

သို့အတွက် မိမိ၏ အမျိုးသားကိစ္စကိုသာမက၊ လူတမျိုးနှင့် တမျိုး တနိုင်ငံနှင့် တနိုင်ငံ နည်းလမ်းတကျ ပူးပေါင်း ဆက်ဆံကြခြင်းကိုလည်း ကျွန်ုပ်တို့ သတိမူရပေလိမ့်မည်။ ထိုသို့ ပူးပေါင်း ဆက်ဆံ ဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့အသီးသီးတို့၏ အကျိုးယုတ်တို့ဝေးစွ၊ အမျိုးမျိုး သောအကျိုးထူးများ ခံစားရန်ပင် ရှိသည်ဟု ဆိုလိုပေသည်။ ဤကဲ့သို့ ဆောင်ရွက်နိုင်ပါလျှင် အလွန် မြင့်မြတ်သော ဝံသာနု ရက္ခိတ မိမိ၏အမျိုးကို မိမိစောင့်သည့်အဆူးနှင့် ကမ္ဘာသူ ကမ္ဘာသားတို့နှင့် အကျိုးရှိအောင် နည်းလမ်းတကျ ဆက်သွယ်ပေါင်းသင်းရာလည်း ရောက်ပေသည်။ သို့မှသာလျှင် ကမ္ဘာတဝှမ်းလုံးတွင် ငြိမ်းချမ်းမှု လွတ်လပ်မှု ကြီးပွားမှုရှိနိုင်ပေလိမ့်မည်။ ယခု လောကခေတ်ဆရာကြီးတို့ တွေ့ရှိပြီးဖြစ်သော အနုမြူခေတ်အားကို ကမ္ဘာသူ ကမ္ဘာသားတို့ ချမ်းသာသုခ ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ ထိုအချိန်အခါသို့ ရောက်လျှင် လူတို့သည် အနာရောဂါကင်းရှင်း၍ အသက်ရှည်ပြီးလျှင် လူစည်းစိမ်၊ လူချမ်းသာကို ပျော်ပိုက် ချမ်းမြေ့စွာ ခံစားနိုင်ကြပေလိမ့်မည်။ ကမ္ဘာအရပ်ရပ်သည်လည်း တရပ်နှင့် တရပ် အိမ်ဦးနှင့် ကြမ်းပြင်ချစ်ခင်စွာ ပူးပေါင်း ဆက်ဆံနိုင်သော အိမ်နီးချင်းများ ဖြစ်လာကြပေလိမ့်မည်။ ထိုအချိန်အခါ၌ ကမ္ဘာသူ ကမ္ဘာသားတို့သည် ကမ္ဘာဦးကာကဲ့သို့ ကမ္ဘာ့အိမ်ထောင်စု တခုတည်း အနေဖြင့် အေးချမ်း လွတ်လပ်စွာ နေထိုင်နိုင်ကြပေလိမ့်မည်။ ဤသို့ ယူဆ ပြောဆိုချက်သည် အလွန်မြင့်မြတ်ပါပေသည်။ သို့သော်လည်း အကယ်စင်စစ် မဖြစ်နိုင်ဟု အချို့သော သူတို့က စောဒက တက်ကြပေလိမ့်မည်။ ကမ္ဘာ့ရာဇဝင်အလာ တိုးတက်မှု အဖြာဖြာကို ကြည့်ရှုလျှင် တဖြည်းဖြည်း ပူးပေါင်းဆောင်ရွက်မှုကိုသာ အားပေးနေသည်ကို သတိပြုမိပါလျှင် ဤပြဿနာသည် မည်မျှလောက်ပင် ကြီးစေကာမူ မျက်မြင်ကိုယ်တွေ့ အဖြစ်သို့ မရောက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍မဆိုနိုင်ချေ။ ယခုအချိန်အခါ၌ ကမ္ဘာလုံး ဤအခြေအနေသို့မရောက်နိုင်သေးသည်မှာ မှန်၏။ သို့ရာတွင် နီးစပ်ရာ နီးစပ်ရာ နိုင်ငံများ၊ လူမျိုးများ ပူးပေါင်းလိုကြသော ရည်ရွယ်ချက် စိမံချက်များကို ကျွန်ုပ်တို့ အမြဲတစေ ကြားသိနေရချေပြီ။ ဤသို့ ပူးပေါင်း ဆောင်ရွက်နိုင်အောင် လောကဓာတ်ပညာ အဖြာဖြာတို့က အားပေးလျက် ရှိလေသည်။ သို့ရာတွင် လူတို့၏ စိတ်ထားသည် လောကဓာတ်ပညာ တိုးတက်သလောက် မမြင့်မြတ်သေးသောကြောင့် အဆင်ပြေအောင် မဆောင်ရွက်နိုင်ကြသေးရကား အထင်မှား အမြင်မှားစစ်ပွဲကြီးများပင် ဖြစ်ပွားလျက် ရှိသေး၏။ တနေ့သောအခါ အဇ္ဈတ္တသဏ္ဍာန် မြင့်မြတ်မှုနှင့် ဗဟိဒ္ဓသဏ္ဍာန် တိုးတက်မှုတို့ ကိုက်ညီသောအခါ ကျွန်ုပ်တို့ မျှော်မှန်းရာ ဖြစ်သော ကမ္ဘာ့ အိမ်ထောင်စု ဖြစ်လာမည်မှာ မလွဲကေန်ဟု ဆိုရပေမည်။

အိုဖြစ်ငြားသော်လည်း ဤမျှော်မှန်းရာသို့ မရောက်နိုင်မီ တနိုင်ငံနှင့် တနိုင်ငံ၊ လူမျိုးတမျိုးနှင့်တမျိုး သင့်တင့် နီးစပ်ရာ ပေါင်းသင်း ဆက်ဆံရပေလိမ့်မည်။ ဘယ်သူသေသေ-ငတေမာပြီးရော ဆိုသော သဘောမျိုးနှင့် ပြုလုပ်နိုင်သော အမျိုးသား ကိစ္စ ဟူ၍ မရှိနိုင်တော့ချေ။

ရာဇဝင်ကြောင်းကို ပြန်ပြောင်း၍ ကြည့်ရှုမူ အမျိုးဘာသာ သာသနာတို့သည် ကည်တံ့၍မနေ၊ ရောနှော ပြန့်နှံ့လျက် ရှိလေသည်။ ဘယ်နိုင်ငံတွင်မှ လူမျိုး တမျိုးတည်း မရှိချေ။ လူမျိုးတမျိုးတွင်လည်း အမျိုးမျိုးသော ဘာသာတရားတို့ကို အားထားယုံကြည်မှု ရှိကြပြန်လေသည်။ ဥပမာအားဖြင့် အမေရိကန်နှင့် ဗြိတိသျှကိသည် ဘာသာစကား တူ၏။ လူမျိုးတမျိုးတည်း မဟုတ်ချေ။ ဆိုဗီယက် ရုရှားမှာမူကား လူမျိုးချင်း တူ၏။ ဘာသာစကားချင်း မတူကြချေ။ သို့ဖြစ်ရကား လူမျိုး ဆိုသည်မှာ သူခ ဒုက္ခ အတူ ခံစားကြရ၍ နီးနီးစပ်စပ်အကျိုးချင်း ထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တမျိုးတစားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစုတည်း ပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ် ကိုးကွယ်သည့် ဘာသာတရား ပြောဆိုသည့် ဘာသာစကားတို့ကို အရေးထားရမည် ဖြစ်သော်လည်း စင်စစ်မှာ အေးအတူ ပူအမျှ ကောင်းတူ ဆိုးဘက် ပူးပေါင်းလျက် နေလိုသော အစဉ်အလာ ဆန္ဒပေါ်တွင် ဝံသာနု ရက္ခိတ တရားသည် တည်နေပေ၏။

ယခုခေတ်တွင် လူမျိုးတမျိုးနှင့်တမျိုး ရင်းနှီးစွာ ဆက်သွယ်မှုကြောင့် အတိုင်းတိုင်း အပြည်ပြည်တွင် နိုင်ငံခြားသားတို့သည် မိမိတို့ ရောက်ရှိ နေသိုင်



သော နိုင်ငံများတွင် အမျိုးသား လုပ်လိုသော ဆန္ဒရှိပါက လုပ်နိုင်သော အခွင့်အရေးကို ပေးထားပေသည်။ ရှေးအခါက လူမျိုးရေး တရားကြောင့် တမျိုးနှင့် တမျိုး ကွဲပြားခြားနားခဲ့ကြပေသည်။ ယခုအခါ၌ လူမျိုးရေး တရားသစ်ကြောင့် တမျိုးနှင့် တမျိုး ရင်းနှီး စုရုံးကြပြန်ပေသည်။ ဤသည်ကို ထောက်ခြင်းအားဖြင့် အမျိုးသား အရေးကိစ္စ၏ အဓိပ္ပာယ်သည် ခေတ်အားလျော်စွာ ပြုပြင် ပြောင်းလဲလျက် ရှိနေသည်ကို သိရှိသင့်ကြပေသည်။ ကနည်းအားဖြင့် ကြည့်ပြန်မူ၊ မိမိ အမျိုးကိုသာ တဖက်သတ် စိတ်ထားနှင့် ကြီးပွားစေလိုသော ဆန္ဒရှိ၍ ဖက်ဆစ်ဝါဒကြောင့် ဂျာမန်လူမျိုးတို့ ပျက်စီးရပုံကို မြင်ကြရပြန်၏။ ဂျာမနီပြည်တွင် ဂျာမန်တို့၏ ပြင်းပြသော မျိုးချစ်စိတ်ကို လမ်းကောင်းသို့ မပို့ဘဲ လမ်းမှားသို့ ပို့သော ဖက်ဆစ်ဝါဒီ လူစုကြောင့် အတိဒုက္ခ ရောက်ကြရပေပြီ။ သို့အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝံသာနုစိတ်ကို အလွဲသုံးစား မပြုဘဲလျက် (ဝါ) မျိုးချစ်စိတ်ကို အတိဒုက္ခ ရောက်အောင် အသုံးမပြုဘဲလျက် အမြင်ကျယ်ကျယ်နှင့် သဘောကြီးစွာ ဆောင်ရွက်သင့်ကြပေသည်။

ကျွန်ုပ်တို့၏ အမျိုးသား အရေးကို ကမ္ဘာ့အမြင် အာရှအမြင်နှင့် ကြည့်ရှုပြီးခဲ့လေပြီ။ ကျွန်ုပ်တို့၏ အမျိုးသား လုပ်ငန်းများကို မည်ကဲ့သို့ ဆောင်ရွက်ကြရမည်နည်း၊ အရေးကြီးသော လုပ်ငန်းမှာ အမျိုးသား လွတ်လပ်ရေးကို ပြန်လည် ရယူမှုအတွက် လုံးပမ်းရန် ဖြစ်ပေသည်။ မည်ကဲ့သို့လုံးပမ်းကြမည်နည်း။

ယခုအချိန်အခါ၌ အသီးသီးသော နယ်ချဲ့ နိုင်ငံကြီးများသည် အထူးသဖြင့် ဗြိတိသျှ နယ်ချဲ့နိုင်ငံသည်အင်အား ဆုတ်ယုတ်ခဲ့လေပြီ။ အာရှတိုက်မှာကား အင်အား ပြည့်ဖြိုးလာလေပြီ။ ဗြိတိသျှ နိုင်ငံသည် နိုင်ငံခြားရေးရာကိစ္စ အဖြာဖြာတွင် အမေရိကန်၏ အကူအညီကို တောင်းယူလျက် ရှိနေပေသည်။ အမေရိကန် ပြည်ထောင်စုသည် ဗြိတိသျှ နိုင်ငံကို ကူညီ ယိုင်းပင်းခဲ့သော်လည်း စင်စစ်မှာ ကမ္ဘာ့အရပ်ရပ်တွင် တန်ခိုးလုရန် အမျိုးမျိုး အဖုံဖုံ ဤနိုင်ငံ နှစ်ခုသည် စီမံ ဆောင်ရွက်လျက် ရှိကြသည်ကို တွေ့ရှိရပေသည်။ ဗြိတိသျှ နယ်ချဲ့သမားတို့သည် မိမိတို့ အကျိုးကို ကြည့်၍ စီးပွားရေး၊ ဘဏ္ဍာရေး နယ်များတွင် ရှေ့သွားလုပ်နိုင်ရန် စိုင်းပြင်းလျက် ရှိကြပေသည်။ ဤသို့ စိုင်းပြင်းမှုကို အမေရိကန် ပြည်ထောင်စုက ငွေချေးခြင်းနှင့် ပတ်သက်၍ ဗြိတိသျှ ပါလီမန်တွင် ဆွေးနွေးစဉ်က တကြိမ်၊ ဘရက်တင်ဝုဒ်(ဒ်) ငွေကြေး

www.burmeseclassic.com

www.burmeseclassic.com



စာချုပ် ချုပ်ဆိုစဉ်က တကြိမ် တွေ့မြင်ရလေသည်။ ဗြိတိသျှ နိုင်ငံသည် မိမိတို့၏ စီးပွားရေး၊ ဘဏ္ဍာရေး ခိုင်လုံရန် အတွက် လုံးပမ်းကြသည်ကို ကျွန်ုပ်တို့ အပြစ်ဆိုစရာ မရှိပေ။ ကျွန်ုပ်တို့ အပြစ်ဆိုရန် အချက်မှာ နိုင်ငံချင်း တခုနှင့် တခု ပေါင်း၍ အသီးသီး ဘဏ္ဍာရေး ချောင်လည် စီးပွားရေး တိုးတက်စေလိုသောဆန္ဒ မရှိဘဲလျက် တကိုယ်ကောင်း ကြံသော စီးပွားရေး ဘဏ္ဍာရေး နယ်ချဲ့လိုသော စိတ်ဖြင့် ပြုလိုသော ဗြိတိသျှ နယ်ချဲ့ဝါဒ သမားတို့၏ အပြုအမူများကိုသာ ရှုတ်ချလိုခြင်းဖြစ်ပေသည်။ ဗြိတိသျှ နိုင်ငံတွင် ဆိုရှယ်လစ် ဝါဒီ အမည်ခံသော အချို့သော သူတို့ပင်လျှင် ခေတ်မှီအောင် မတွေးမမြင်နိုင်ဘဲ သမရိုးကျ ကျဉ်းမြောင်းသော စိတ်ဆန္ဒဟောင်း စိတ်ဆန္ဒ ဆေးများဖြင့် ဆောင်ရွက်လျက်ပင် ရှိကြသေး၏။

အတိုချုပ်မှာနယ်ချဲ့ဝါဒ၊ အရင်းရှင်ဝါဒတို့ကို လိုက်နေသရွေ့ ကာလပတ်လုံး အလုပ်မဲ့ပြဿနာ၊ နေထိုင်စားသောက်မှု ချောင်ချိရေး ပြဿနာ စသော စီးပွားရေး၊ ကြီးပွားရေး ပြဿနာတို့ကို ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ပေ။ သို့အတွက် စီးပွားရေး၊ဘဏ္ဍာရေး နယ်တွင် နိုင်ငံအသီးသီး ကောင်းကျိုးအတွက် လွတ်လပ်စွာ ပူးပေါင်းဆက်ဆံမှုကို ကျွန်ုပ်တို့ အားပေးရပေလိမ့်မည်။ ၎င်းနှင့် ဆန့်ကျင်လျှင် ရှုတ်ချရပေလိမ့်မည်။ ဗြိတိသျှ နိုင်ငံသည် မိမိပြည်ထောင်စု အပါအဝင် နိုင်ငံများနှင့် သာတူညီမျှ စီးပွားရေးကြီးပွားရေးတိုးတက်ကြအောင် ဆောင်ရွက်မည် ဆိုလျှင် မိမိ၏ အကျိုးကျေးဇူး၊ ပြည်ထောင်စု အပါအဝင် ဖြစ်သော နိုင်ငံပြည်နယ် အသီးသီးတို့၏ အကျိုးကျေးဇူးကို ဖြစ်ထွန်းအောင် လုပ်နိုင်ပေလိမ့်မည်။ ဗြိတိသျှ လူမျိုးများက အလုပ်သမား အစိုးရကို လွန်ခဲ့သော ရွေးကောက်ပွဲတွင် မြောက်မြားစွာသော မဲဆန္ဒကို ပေး၍ တင်မြှောက်လိုက်ကြသောအခါ ကျွန်ုပ်တို့သည် ဤကဲ့သို့ စီမံဖန်တီးလိမ့်မည်ဟု မြော်လင့်ခဲ့၏။ အလုပ်သမား အစိုးရသည် ဗြိတိသျှ နိုင်ငံတွင်သာမက အပြည်ပြည် အနယ်နယ်တွင် ဆိုရှယ်လစ် ဝါဒကိုထူထောင်လိမ့်မည်ဟု ယုံကြည်ခဲ့၏။ ဆိုရှယ်လစ် ဝါဒ ဆိုရာ၌ ဆိုရှယ်လစ် ဝါဒ တခုလုံးကိုဆိုလို၏။ ဆိုရှယ်လစ် ဝါဒအတိုင်း ကျပ်ပြည့် ဒင်ပြည့်ဆောင်ရွက်နိုင်အောင် ဗြိတိသျှ အလုပ်သမား အစိုးရသည် ရဲရင့် ပြောင့်မတ် တည်ကြည်စွာ စီမံသင့်ပေသည်။ သို့သော်လည်း ကျွန်ုပ်တို့ အပြင်ပန်းမှ နေ၍ မြင်ရသည်မှာအလုပ်သမား အစိုးရသည်စိတ်မပါတပါ ကြောက်ရွံ့ရွံ့ ဆောင်ရွက်နေသည်ကိုတွေ့မြင်ရပေသည်။ အချို့ ကိစ္စများ၌ ဗြိတိသျှဆိုရှယ်လစ်အစိုးရသည် ကွန်ဆာ



ဗေးတစ် အစိုးရထက်ပင် ခေတ်နောက်ကျပေသေး၏။ ဘရက်တင်ဝု(ဒ်) ငွေကြေးစာချုပ်နှင့် ပတ်သက်ချင်း၊ အမေရိကန်က ငွေချေးမှုနှင့် ပတ်သက်ချင်း၊ ဆိုရှယ်လစ်အစိုးရသည် ကွန်ဆာဗေးတစ် ဂိုဏ်းသားတို့နှင့် ဗြိတိသျှ နယ်ချဲ့ဝါဒီ အရင်းရှင်ဝါဒီသမားတို့အလိုကို လိုက်လျော၍ လုပ်ခဲ့ကြသည်ကို ဆင်ခြင်မိသောအခါ အလွန်ဝမ်းနည်းစရာ ကောင်းလှပေသည်။

ဤကဲ့သို့ ကြောက်ကြောက်ရွံ့ရွံ့ ဆုတ်ဆုတ်ကန်ကန် လုပ်နေကြလျှင် မိမိတို့ နိုင်ငံအတွက်ငှင်း၊ အခြားနိုင်ငံများအတွက်ငှင်း မိမိတို့တသက်တာတွင် ရယူဖူးသော အခွင့်ကောင်းကြီးကို ဆိုရှယ်လစ်တို့သည် ဆုံးရှုံးကြပေလိမ့်မည်ဟု ဆိုရပေမည်။ မိမိတို့ အလုပ်သမားပါတီ ပြိုပျက်မည်သာမက ဗြိတိသျှတို့၏ ဂုဏ်နှင့် အကျိုးကို ထိခိုက်ပေလိမ့်မည်။ မိမိတို့ ထိထိရောက်ရောက် မလုပ်နိုင်လျှင် မိမိတို့နိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသော ပြဿနာကြီးများသည် အထူးရှုပ်ထွေး၍ လာပေလိမ့်မည်။ ထိုသို့ ရှုပ်ထွေးလာသောအခါ ဗြိတိသျှနိုင်ငံတွင် ပြည်တွင်းအရေးတော်ပုံ ပေါ်ပေါက်ကောင်း ပေါ်ပေါက်ပေလိမ့်မည်။ ထိုမျှလောက် အခြေအနေဆိုးဝါးလာလျှင် လက်အောက်ခံ နိုင်ငံများသည် မိမိတို့၏ လွတ်လပ်ရေးကို လက်ဝယ်သို့ သိမ်းယူကြရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လက်အောက်ခံ နိုင်ငံများသည် ရာဇဝင်တွင် မကြုံစဖူး အင်အားအထူးရှိသော အခြေအနေသို့ ရောက်နေကြသည်သာမက ကမ္ဘာပေါ်ရှိ လူထုကြီးများ၏ စိတ်ကောင်းစေတနာနှင့် အားပေးအားမြှောက်ပြုခြင်းကိုလည်း ရယူနေကြသောကြောင့် ဖြစ်ပေသတည်း။ ထိုအခါ လက်အောက်ခံ နိုင်ငံပြဿနာကြီးသည် ကမ္ဘာပေါ်တွင် အထူးသဖြင့် အာရှတိုက်တွင် ပြေရှင်းပေတော့မည်။ ဤသည်ကား ဗြိတိသျှနိုင်ငံတွင် ဗြိတိသျှအစိုးရနှင့် ဗြိတိသျှ လူမျိုးတို့ ကြုံတွေ့ရမည်ဖြစ်သော အရေးကိစ္စကြီးပေတည်း။

သို့စဉ်လျက် ဗြိတိသျှနယ်ချဲ့ဝါဒစနစ်သည် ကမ္ဘာပေါ်တွင် စီးပွားရေး ခေါင်းဖြတ်အလုပ်၊ လက်အောက်ခံနိုင်ငံများတွင် စီးပွားရေး ဒမြတိုက်မှု အလုပ်ကို ပြုဆဲပင်ရှိသည်ဟု ဆိုရပေမည်။ ဤသို့ ပြုခြင်းအားဖြင့် ဗြိတိသျှ နယ်ချဲ့စနစ်သည် မိမိ၏သင်းချိုင်း မိမိကိုယ်တိုင်တူးခြင်းမျှ ဖြစ်ပေသည်။ ဤနည်းအားဖြင့် ဗြိတိသျှနိုင်ငံသည် ပြန်လည်တိုးတက်မှုကို မပြုနိုင်ချေ။ မိမိ၏ မူလအခြေအနေသို့ရောက်ရန် လက်အောက်ခံ နိုင်ငံများ၏ အကျိုးကို ပို၍ထိခိုက်နစ်နာစေသောအမှုမျိုးကို ပရမ်းပတာ ပြုလုပ်လျက် ရှိနေပေသည်။ ဤသို့ပြုလုပ်သည်ကို အထက်၌ ဖော်ပြပြီးသော ဘရက်တင်ဝု(ဒ်) ငွေကြေး

www.burmeseclassic.com

www.burmeseclassic.com



စာချုပ်နှင့် အမေရိကန်ထံမှ ငွေချေးရာတွင် တွေ့မြင်ရပေသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ ပြန်လည်ထူထောင်ရေး အမည်ဖြင့် ဆင်းမလာမှုမှ လုပ်လာသော စီမံချက်များအတိုင်း အင်္ဂလိပ် နယ်ချဲ့ဝါဒီ အစိုးရသည် စီးပွားရေး ဒမြကိုက်မှုကို မသိမသာ ခိုးကြောင် ခိုးဝှက် လုပ်လျက်ရှိလေသည်။

ဤစီမံချက်များကို အသေးစိတ် ကျွန်ုပ်မရှင်းလို။ အကြမ်းအားဖြင့် အနည်းငယ် ထင်မြင်ချက် ပေးရပေလိမ့်မည်။ မြန်မာနိုင်ငံတွင် ကယ်ဆယ် ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြုပြင်ထူထောင်ရေးဟူ၍ ပြဿနာ ကြီးသုံးခုရှိ၏။ ဤပြဿနာကြီးများကို ဖြေရှင်းရန် ဗြိတိသျှအစိုးရသည် မည်ကဲ့သို့ စီမံသနည်း။ မိမိတို့စီမံချက်များအတွက် အတိုးမရှိဘဲ ဘိလပ်အစိုးရထံမှ ဘုရင်ခံက ရွှေဒင်္ဂါး ၈၇ သန်း ချေးယူပြီးသည်ဟု ကြားသိရ၏။ အတိုးမရှိ ဟူသော အချက်ကို သတိချပ်စေလိုသည်။ ဗြိတိသျှ အစိုးရသည် အမေရိကန် နိုင်ငံမှ ၂ တိုးနှင့် ချေးယူနေရသည့်အခါတွင် ဗြိတိသျှ အစိုးရက မြန်မာပြည် အစိုးရကို အတိုးမယူဘဲ သဒ္ဓါဗလပွနှင့် မည်ကဲ့သို့ ချေးနိုင်ကြသနည်း။ ရှင်းရှင်းပြောရလျှင် ဤမြောက်မြားစွာသော ရွှေဒင်္ဂါး ၈၇ သန်းသည် ချေးငွေလည်းမဟုတ်၊ အတိုးမရှိသည်လည်းမဟုတ်၊ ဗြိတိသျှက ငွေချေးသည် ဆိုရာ၌ မြန်မာနိုင်ငံက ကြွေးငွေကိုရသည်မဟုတ်၊ ကုန်ဝတ္ထုပစ္စည်းကိုသာ လျှင် ရပေသည်။ ထိုကုန်ဝတ္ထုပစ္စည်းတန်ဘိုးပေါ်တွင် အတိုးအမြတ်ငွေကို ထည့်ပြီးသည်မှာ ထင်ရှားပေသည်။ သို့အတွက် အတိုးမရှိပဲ ချေးငှားသည် ဟူသော ပြောဆိုချက်ကို အရသာတွေ့အောင် ဆားကလေးမြှက်မြှက်ခပ်ပြီးမှ မျိုရပေလိမ့်မည်။ ဗြိတိသျှပါလီမန်နှင့် ဗြိတိသျှလူမျိုးတို့က အမေရိကန် ထံမှ ငွေချေးမှုနှင့်ပတ်သက်၍ စဉ်းစား ဆွေးနွေးကြသောအခါ များသော စိုးရိမ်မကင်းရှိသည့် သူများကို ဗြိတိသျှအစိုးရက ချေးငွေကြောင့် အမေရိကန်တို့က ဗြိတိသျှတို့ကို ကြိုးကိုင်နိုင်မှု မရှိပါကြောင်း ထပ်တလဲလဲ ယုံကြည် အောင် ရှင်းလင်းပြောပြ ရပေပြီ။ ဗြိတိသျှနိုင်ငံတွင် အချို့က အမေရိကန် အစိုးရကို စိုးရိမ်လွန်းသည် စနစ်ကျလွန်းသည်ဟူ၍ အမျိုးမျိုး အပြစ်တင်ကြ လေသည်။ ဗြိတိသျှ အစိုးရက မြန်မာနိုင်ငံကို ငွေချေးသောအခါ၌မူကား ငွေချေးခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့် အကြောင်းအချက်တို့ကိုပင် မသိ မသာ ပြုလုပ်ထားလေသည်။

ကျွန်ုပ်တို့ သတိပြုသင့်သည်ကား ပဌမအချက်၌ ရွှေဒင်္ဂါး ၈၇ သန်းကို ဗြိတိသျှနိုင်ငံ၌ပင် အသုံးပြု၏။ ဒုတိယ အချက်မှာကား မြန်မာလူမျိုးတို့



အတွက် မြန်မာနိုင်ငံကို ပြုပြင်ထူထောင်ရန် မဟုတ်မူ၍ ဗြိတိသျှနယ်ချဲ့ဝါဒီ အရင်းရှင်ဝါဒီတို့၏ အကျိုးစီးပွားကို ပြန်လည်ထူထောင်ရန် သုံးမည်ဖြစ်သော ငွေပင်ငွေရင်း ဖြစ်ပေသည်။ မြန်မာနိုင်ငံ လက်ရှိအစိုးရ စီမံချက်များမှာ ဆိုရှယ်လစ်ဝါဒစကားလုံးတို့ကို သုံးပြီးလျှင် အရင်းရှင်ဝါဒ၏ ရှေးထုံးရှေးနည်း အတိုင်း ကျွေလည်ကြောင်ပတ်နှင့် အမြတ်အစွန်းရဖို့ မြန်မာ့စီးပွားရေးကို လက်ဝါးကြီးအုပ်ဖို့ပင် ဖြစ်ပေ၏။ ဗြိတိသျှ အရင်းရှင်တို့ကို လျော်ကြေးပေး ဖို့ကား စီမံပြီးလေပြီ။ ကျွန်ုပ်တို့နိုင်ငံ၌ တိုင်းသူပြည်သားတို့ အမျိုးမျိုးနစ်နာ ဆုံးရှုံးရသည့်အတွက် လျော်ကြေးပေးမည်၊ အထောက်အပံ့ပေးမည်ဖြစ်သော စီမံချက်များကိုကား မကြားရသေးချေ။

သတိပေးလိုသော အချက်တခုမှာ ကျွန်ုပ်တို့တိုင်းပြည်၌ ပြာပုံတမျှ ပျက်စီးရသော အကြောင်းမှာ ဗြိတိသျှတို့ ၁၉၄၂ ခုနှစ်တွင် ထွက်ပြေး ခါနီး၌ မီးရှို့ မီးတိုက် ဖျက်ဆီးခဲ့ကြသောကြောင့်၎င်း၊ စစ်အတောအတွင်းပင် ဗြိတိသျှ ဗုံးရန်ကြောင့်၎င်း ဖြစ်ပေသည်။ များသောအားဖြင့် ဤအ ကြောင်း နှစ်ကြောင်းကြောင့် ပျက်စီးကြပေသည်။ ထို့အပြင် ကျွန်ုပ်တို့ နိုင်ငံနှင့် ကျွန်ုပ်တို့လူမျိုး နစ်နာဆုံးရှုံးရသည်မှာ ဗြိတိသျှ အစိုးရသည် ကျွန်ုပ်တို့တိုင်းပြည်ကို မကာကွယ်နိုင်ဘဲ ကျွန်ုပ်တို့ကို စွန့်ထားပြီးလျှင် ထွက်ပြေးသွားကြသောကြောင့်ဟု ဆိုရပေမည်။ ဤအချက်ကို ဗြိတိသျှ ပါလီမန်၌ပင် ဝန်ခံပြီးဖြစ်လေပြီ။ ကျွန်ုပ်တို့ မှတ်မိသရွေ့ ပြောရလျှင် မြန်မာပြည် ကာကွယ်မှုသည် ဗြိတိသျှအစိုးရက စရိတ်ကုန်ခံ၍ ပြုရမည့် တာဝန်ဟုပင် ဖော်ပြခဲ့ဘူးပေသည်။ သို့ဖြစ်ရကား ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို ၁၉၄၁ ခု အခြေအနေသို့ရောက်အောင် ပြန်လည်ထူထောင်ရန် အတွက် ကုန်ကျမည်ဖြစ်သော ငွေကြေးများကို ပေးထိုက်ပေသည်။ အရပ် စကားနှင့် ပြောရလျှင် အလကားပေးသည့်အနေနှင့် ပေးထိုက်လေသည်။ ယခုကား ဤသို့မဟုတ်၊ ကျွန်ုပ်တို့နိုင်ငံကို ချေးငှားသည့်အနေနှင့် ချေးငှား လေသည်။ ချေးငှားသည်ဆိုရာ၌ နောက်ဆုံးတွင် မြန်မာနိုင်ငံသူ နိုင်ငံသား တို့ ထမ်းဆောင်ရမည်ဖြစ်သော အခွန်တော်ထဲမှ ပေးဆပ်ရမည်ဖြစ်၍ ကျွန်ုပ် တို့ လူထုထံမှ အခွန်ကောက်ခြင်းပင် ဖြစ်လေသည်။ လူထု၏ အကျိုးရှိလျှင် တော်ပါသေး၏။ ယခုမှာကား လူထု၏ အကျိုးအတွက်မဟုတ်၊ ဗြိတိသျှ အရင်းရှင်တို့၏ အကျိုးအတွက် သက်သက်လောက်ပင် ဖြစ်ပေ၏။ သို့ အတွက် တိုက်ရိုက်ပြောရလျှင် ဤရွှေဒင်္ဂါး ၈၇ သန်းသည် ချေးငွေမဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံသူနိုင်ငံသား (ဝါ) ဗမာလူထုထံမှ အတင်း တောင်းယူသော စစ်လျော်ကြေးငွေသာလျှင် ဖြစ်၏။ ကျွန်ုပ်တို့ ပြည်သူပြည်သားတို့သည် မိမိတို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေရမည်ဝေးစွ၊ တန်ဆာဆင်ထားသော စစ်လျော်ကြေးငွေကိုပင် ပေးရတော့မည်။ ကျွန်ုပ်တို့ ပြည်သူပြည်သားများအတွက် လျော်ကြေးငွေပေးရန် အဘယ်ကြောင့် မစီစဉ်ပါသေးသနည်းဟု အစိုးရကိုမေးရာ အစိုးရက "လွန်ခဲ့သည့် ၃ နှစ်အတွင်း မိမိတို့သည် တိုင်းနိုင်ငံ မြို့ငယ်ခြားတွင် ရှိသောကြောင့် လိုအပ်သော အချက်တို့ကို မစုဆောင်းရသေးပါ၊ စုဆောင်းရအောင်လည်း ထိုစဉ်အခါက မြန်မာနိုင်ငံကို လာရောက်၍ လေထီးနှင့်ဆင်းပြီး ပြည်သူတို့နှင့်တွေ့ဖို့ မဖြစ်နိုင်ပါ"ဟု အူကြောင်ကြောင်ပင် ပြန်၍ ဖြေလိုက်သေး၏။ ကျွန်ုပ်တို့တိုင်းပြည် ပြန်လည်ထူထောင်ရန် ငွေပင်ငွေရင်း လိုသည်မှာ မှန်၏။ သို့သော်လည်း ကျွန်ုပ်တို့သည် တန်ဆာဆင်ထားသော စစ်လျော်ကြေးအဖြစ်ဖြင့် ပေးရမည်ဖြစ်သော ငွေများ၊ စီးပွားရေး လက်ဝါးကြီးအုပ်မှုများနှင့် တဖက်သတ်အကျိုးရှိမည် ဖြစ်သော ငွေပင်ငွေရင်း စိုက်ထုတ်မှုများကို အလိုမရှိချေ။

လယ်ယာစိုက်ပျိုးရေး စီမံချက်၊ သစ်စီမံချက်၊ ဝယ်ယူဖြန့်ဖြူးရေးစီမံချက် စသည်တို့နှင့် ပတ်သက်၍ ပြောလိုသည်မှာ အစိုးရက မက်လောက်သော အဖိုးများကိုပေး၍ အားလုံးသော ပိုလျှံမည့် ကောက်ပဲသီးနှံများကို ဝယ်ယူမည်ဟု ဆိုထားပြန်၏။ မက်လောက်သော တန်ဖိုးများကို တောင်သူလယ်သမားများအား ပေးမည်လော၊ အစိုးရအတွက် အဝယ်တော်လုပ်မည့် နိုင်ငံခြား ကုမ္ပဏီကြီးများအား ပေးမည်လောဟု မေးရပေလိမ့်မည်။ အစိုးရက ဈေးနှုန်းကန့်သတ်မည်ဟု ဆိုပြန်၏။ ဈေးနှုန်းကန့်သတ်ခြင်း စနစ်ကို ကျွန်ုပ်တို့ ကြိုက်နှစ်သက်၏။ သို့ရာတွင် ဈေးနှုန်းမကန့်သတ်မီ အလွန်တန်ဖိုးယုတ်လျော့လျက်ရှိသော ငွေကြေးပြဿနာကို ဖြေရှင်းရပေလိမ့်မည်။ ဤငွေကြေးပြဿနာကို မဖြေရှင်းရမီ ဈေးနှုန်းကို ကန့်သတ်လျှင် ကျွန်ုပ်တို့ တောင်သူ လယ်သမားများ၏ လည်ဇီကို ညှစ်သည်နှင့် အတူတူပင် ဖြစ်၏။ ကျွန်ုပ်တို့ တောင်သူလယ်သမားများ ကျပ်တည်းကျဉ်းမြောင်းသော ဘဝသို့ ရောက်လျှင် နိုင်ငံတွင် ခိုးမှု၊ တိုက်မှု ရာဇဝတ်မှုများ များပြားလာပေလိမ့်မည်။ လက်ရှိ အခြေအနေပင် မည်မျှလောက် ဆိုးနေသည်ကို ဖော်ပြရန် မလိုချေ။ အစိုးရ စီမံကိန်းအရ ထွက်ကုန်ဝင်ကုန်ကို အစိုးရက အုပ်ချုပ်မည်ဟု ဆိုပြန်၏။ ဤသို့အုပ်ချုပ်ရာ၌ ဆိုဗီယက်ရုရှားတွင် အစိုးရက အုပ်ချုပ်နည်းမျိုးမဟုတ်၊ အစိုးရကိုယ်စားလှယ် အဝယ်တော်များကို အသုံးပြုပြီးလျှင် အုပ်ချုပ်ရန် ဖြစ်လေသည်။ ဤအဝယ်တော်များမှာ နိုင်ငံခြား ကုမ္ပဏီကြီးများ ဖြစ်၏။ မြန်မာလူမျိုးတို့သည် ထွက်ကုန်ဝင်ကုန် ကိစ္စတွင် ကျွမ်းကျင်လိမ္မာခြင်းမရှိဟု ဆိုဘား၏။ အကြံဉာဏ်ပေးလျှင် မြန်မာလူမျိုးတို့ မလုပ်နိုင်စရာအကြောင်း မရှိ[illegible]။ အစိုးရက ပြန်လည်၍ စီမံသင့်ပေသည်။



ဤမျှမကသေး။ ဂျပန်ငွေစက္ကူကို တန်ဘိုးမရှိဟု ကြေညာခဲ့သောကြောင့် တနိုင်ငံလုံးတွင် အတိဒုက္ခရောက်ကြရပေသည်။ အာရှတိုက် အရှေ့တောင်ဖက်ရှိ မဟာမိတ်များ သိမ်းပိုက်ထားသော နယ်များတွင် တန်ဘိုးထားသင့်သလောက် ထားပါလျက်နှင့် မြန်မာနိုင်ငံတွင် အဘယ်ကြောင့် တန်ဘိုးလုံးလုံးမရှိဟု ကြေညာခဲ့ပါသလဲ။ ဗြိတိသျှက ထိုနယ်များကို အဘယ်ကြောင့် မျက်နှာလိုက်ပါသလဲ။ ဂျပန်ငွေစက္ကူ ထပ်ပြီး တိုးစရာ အကြောင်း မရှိသည်ဖြစ်၍ ထိုနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံတွင်လည်း တန်ဘိုးပေးသင့်သည်။ မြန်မာပြည်သူပြည်သားတို့၏ ကိုယ်စားလှယ်များ နိုင်ငံပေါင်းစုံအဖွဲ့များတွင် ပါဝင်၍ ဂျပန်ပြည်မှ ဂျပန်ငွေစက္ကူများအတွက် ရထိုက်ရစရာရှိသော တန်ဘိုးကို ရနိုင်အောင် ဗြိတိသျှအစိုးရက စီစဉ်ပေးသင့်သည်။ ဤနှစ်ချက်ကို ဗြိတိသျှအစိုးရက အဘယ်ကြောင့် စီစဉ်မပေးနိုင်သနည်းဟု မေးလိုသည်။

ဤသို့ ပရိယာယ်အမျိုးမျိုးဖြင့် ဗြိတိသျှနယ်ချဲ့ဝါဒီသမားတို့သည် စီးပွားရေး ဖက်ဆစ်ဝါဒကို မြန်မာပြည်တွင် စိုက်ထူရန် စီစဉ်လျက် ရှိနေကြသည်။ ငွေကြေးတန်ဘိုးယုတ်မှု ပြဿနာကြောင့် ကျွန်ုပ်တို့ တိုင်းပြည်တွင် အလုပ်မရှိသူ အမြောက်အမြား၊ ငွေသားငွေစက္ကူ မကိုင်နိုင်သူ အမြောက်အမြားရှိ၏။ သို့စဉ်လျက် ပြည်သူတို့ချောင်ချိအောင် ဗြိတိသျှ အစိုးရသည် လွတ်လပ်စွာ ကုန်ကူးသန်းရောင်းဝယ်ရေးကို အားမပေးဘဲ၊ အခြားနိုင်ငံများကို ချုပ်ချယ်၍ ထားလေသည်။ မိမိတို့နိုင်ငံကလည်း အချိန်မှီ လုံလောက်အောင် ကုန်စည်ဝတ္ထုပစ္စည်း မပေးပို့နိုင်ဘဲလျက် တကိုယ်ကောင်းကြံလိုသောစိတ်နှင့် အခြား နိုင်ငံများက ကုန်စည်ဝတ္ထုပစ္စည်းများပို့ခြင်းကို ပိတ်ပင်ထားလေသည်။ "အန်းရား" ခေါ် နိုင်ငံပေါင်းစုံ ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးအဖွဲ့ကိုပင် တားမြစ်ထားလေသည်။ ဤသို့သော စီမံချက်ဖြင့် ဗြိတိသျှ နယ်ချဲ့ဝါဒီတို့သည် မိမိတို့အကျိုးကို ဖြစ်ထွန်းစေနိုင်

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟု ပြုလုပ်၏။ နောက်ဆုံး၌ မိမိတို့ပင် အကျိုးယုတ်မည်မှာ သိသာနိုင်ပေ၏။

ဥပဒေနှင့်ပတ်သက်၍ အနည်းငယ် ပြောလိုပါသည်။ ဘုရင်ခံ၏ကိုယ်စား တရားဝန်ကြီးတယောက်သည် ဥပဒေသစ်အချို့ကို ပြုထား၏။ ၁၉၄၃ ခု အထူးတရားသူကြီး အက်ဥပဒေ ၅ အရ၊ အထူးတရားသူကြီးတဦးသည် သက်သေထွက်ချက်တို့ကို အတိုချုပ် မှတ်သားရန်သာ လိုသည်။ တရားခံသည်လည်း ခေါ်လိုသော အရေးကြီးသည့် သက်သေများကို ခေါ်ပိုင်ခွင့်မရှိ၊ တရားသူကြီးကသာလျှင် ခေါ်ပိုင်ခွင့်ရှိသည်ဟု ဖော်ပြထား၏။ အချုပ်မှာ အထူးတရားသူကြီးတယောက်သည် သေးငယ်သော ပြစ်မှုများတွင် တချက်လွှတ် အမိန့်ချနိုင်သကဲ့သို့ လူသတ်မှုစသော အမှုကြီးများတွင် တချက်လွှတ် အမိန့်ချနိုင်သည်ဟု ဆိုရာရောက်ပေသည်။ နောက်တချက်မှာ အထူး တရားသူကြီး၏ အပြစ်ဒဏ်ပေးချက်ကို ခံယူရပြီးသည့်နောက် အယူခံပိုင်ခွင့် မရှိချေ။ အဆိုပါ အက်ဥပဒေပုဒ်မ ၆(၁) အရ တရားလွှတ်တော်ကပင်လျှင် ပြန်လည်စစ်ဆေးခွင့် မရှိချေ။ ပုဒ်မ ၆(၂)အရ သေဒဏ်ပေးသော အမှုတမှုတွင် တရားဝန်ကြီးတဦးသာ ပြစ်မှုကို စစ်ဆေးနိုင်သည်။ တနည်းအားဖြင့် ဆိုသော် သေဒဏ်ပြစ်မှုကလွဲ၍ အခြားသော ပြစ်မှုများရသော တရားခံတို့မှာ အယူခံပိုင်ခွင့် မရှိသောဘဝသို့ ရောက်ကြရခြင်းပင် ဖြစ်၏။

၁၉၄၃ ခု တရားရုံးတော်များ အရေးပေါ် အက်ဥပဒေပုဒ်မ ၁၄ အရ တရားခံတဦးသည် ပဌမတန်း၊ ဒုတိယတန်း၊ တတိယတန်း အာဏာရှိသော တရားသူကြီးများက အပြစ်ပေးသောအခါ အယူခံပိုင်ခွင့် မရှိချေ။ တရားခံတဦးသည် အထူးအာဏာရ တရားသူကြီးက ပြစ်မှုပေးသောအခါ ထောင်ဒဏ် ငါး နှစ်က မကျော်လွန်လျှင် အယူခံပိုင်ခွင့် မရှိချေ။ တရားခံတဦးသည် စက်ရှင်တရားသူကြီး သို့မဟုတ် ဝဲ့ဘက် စက်ရှင်တရားသူကြီးက ပြစ်မှုပေးသောအခါ သေဒဏ်မဟုတ်လျှင် အယူခံပိုင်ခွင့်မရှိချေ။ အထူးအာဏာရ တရားသူကြီးရုံး၌ ငါး နှစ်ထက် ကျော်သော ထောင်ဒဏ်ပေးလျှင် တရားလွှတ်တော်သို့ မဟုတ်ဘဲ စက်ရှင် တရားသူကြီးရုံးသို့သာ အယူခံနိုင်သည်။ ယခုအခါ၌ စက်ရှင်တရားသူကြီးသည် အထူးတရားသူကြီးလည်း ဖြစ်နေပြန်သောကြောင့် အလွန် အလုပ်များရာ အယူခံမှုများကို သေချာစွာ စစ်ဆေးနိုင်လိမ့်မည် မဟုတ်ချေ။

အထက်ပါ အက်ဥပဒေပုဒ်မ ၁၄ အရ ပုလိပ်ကို ဖြောင့်ချက်ပေးခြင်း



တို့ကို သက်သေထွက်ချက်ဟူ၍ တရားသူကြီးများက လက်ခံနိုင်သည်။ ထို့အပြင် အမှုစုံစမ်းရေး ပုလိပ်အရာရှိအား ထွက်ဆိုချက်တို့သည်လည်း တရားဝင်ပြန်လေသည်။ သို့အတွက် အမှုစုံစမ်းရေး ပုလိပ်အရာရှိသည် လူတယောက်ကို မဖမ်းမီ၊ မိမိတို့ အလိုရှိသော ထွက်ချက်ကို ရအောင် ပရိယာယ် အမျိုးမျိုးဖြင့် မေးတတ်[illegible]သည်။ တရားခံတဦးသည် ပုလိပ်အရာရှိ၏ ခြိမ်းမှု၊ ချောက်မှု စသည်တို့ကို ပေါ်အောင်လုပ်နိုင်ရန် အလွန်ခဲယဉ်းသည် ဖြစ်ရာ ပုလိပ်လက်ထဲ၌ ဤကဲ့သို့တိုးချဲ့၍ အာဏာပေးထားခြင်းသည် အန္တရာယ်များစွာ ပေါ်ပေါက် ပေလိမ့်မည်။ တရားခံနှင့်ပုလိပ် နှစ်ဦးစကားကို တရားသူကြီးက ဆုံးဖြတ်ဖို့သာ ရှိပေသည်။

မကြာမီက ကျွန်ုပ်သည် ဗြိတိသျှ တရားစစ်ဆေးရေးစနစ်သည် ဂျပန်ကင်ပေတိုင်စနစ်နှင့် တူနေသည်ဟု ပြောခဲ့ဘူးပေပြီ။ ယနေ့ သည့်အတိုင်းပင် ထပ်၍ ပြောလိုသည်။ အချုပ်မှာ ဤဥပဒေသစ်များကြောင့် ကျွန်ုပ်တို့ ပြည်သူပြည်သားများကို ယုတ်မာသော ပုလိပ်မျိုးနှင့် လက်စားချေလိုသော တရားသူကြီးမျိုးလက်ထဲတွင် ဝကွက်၍ အပ်ခြင်းပင် ဖြစ်ပေတော့သည်။ ထိုမျှမကသေး။ တရားစစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေး အရာရှိများက ဝင်ရောက်စွက်ဖက်သည်များကိုလည်း ကျွန်ုပ်တို့ သိရှိကြ၏။ ဤဥပဒေသစ်များကို အရေးကြုံ၍ ယာယီသဘောလုပ်ရပါသည်ဟု ဆိုပြန်၏။ မြန်မာနိုင်ငံ၌ ဘာအရေးရှိနေလို့ပါလဲ၊ စစ်အပြီးတွင် အခြားနိုင်ငံများ၌ လွတ်လပ်မှုများကို ပြန်လည်ရရှိပါလျက် အဘယ်ကြောင့် ကျွန်ုပ်တို့နိုင်ငံတွင် မရနိုင်ပါသလဲ။ ဗြိတိသျှတို့သည်၊ စိတ်ကောင်းစေတနာနှင့် မြန်မာများကို ဂျပန့်လက်တွင်းက ကယ်ဆယ်ဘို့ လာရောက်ပါသည်ဟု ဆိုကြသည်။ ဤဥပဒေသစ်များနှင့် စီးပွားရေး စီမံချက်များသည် ဗြိတိသျှတို့၏ မှန်မြတ်သော စေတနာ၏ ရှေ့ပြေးနိမိတ်များ ဖြစ်သလောဟု မေးလိုပါ၏။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့နိုင်ငံရှိ လူ ၁၇ သန်းတွင် ၁၇ ယောက်မျှသာ ဥပဒေအကြောင်းကို ကောင်းကောင်းနားလည်သည်ဟု ပြောဆိုခြင်းသည် ဆင်သေကို သားရေဖြင့် ဖုံး၍မရသကဲ့သို့ ရှိချေသည်။ ဤကဲ့သို့ ပြောဆိုမှုမျိုးပြုခဲ့သော "လေထီးနှင့်ဆင်းပြီးကာ မေးရမည်လော" ဟူ၍မလောက်လေး မလောက်စား ပြောဆိုမှုမျိုးသည် အရာမရောက်။ ကျွန်ုပ်တို့တိုင်းပြည်တွင် ဗြိတိသျှတို့ကို မုန်းတီးသောစိတ်ကို မြှောက်ပင့်ပေးရာရောက်သည်သာလျှင် ဖြစ်သည်ဟု အာဏာပိုင်တို့အား ကျွန်ုပ်က သတိပေးလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်၌ ဖော်ပြပြီးခဲ့သောနည်း အမျိုးမျိုးဖြင့် ကျွန်ုပ်တို့ နိုင်ငံတွင် စီးပွားရေး စိုက်ထူနိုင်လိမ့်မည်ဟု မြော်လင့်ကြ၏။ ဥပဒေအရဟု ဆိုနိုင်ရန် ဥပဒေကိုပင် မိမိတို့ အလိုကျပြင်လိုက်သေး၏။ ဤမျှ မကသေး။ ဘုရင်ခံကို လုံးဝအာဏာပေး၍ အုပ်ချုပ်စေ၏။ ဥပဒေအရဆိုလျှင် ဘုရင်ခံသည် မြန်မာနိုင်ငံ၏ အာဏာရှင်ဖြစ်၏။ ဤသို့သော အကြောင်းများကြောင့် ဘုရင်ခံနှင့် ကျွန်ုပ်တို့ ယခုအခါ၌ သဘောကွဲလွဲနေကြ၏။ ကျွန်ုပ်တို့သည် မဖြစ်နိုင်သည်ကို မတောင်းဆိုခဲ့ကြချေ။ ဘုရင်ခံသည် မိမိ၏ မိန့်ခွန်းများတွင် အားလုံး နိုင်ငံရေးပါတီကြီးများ၏ ကိုယ်စားလှယ်များဖြင့် မိမိ၏ အမှုဆောင် ကောင်စီကို ဖွဲ့လိုပါသည်ဟု အတန်တန် ဖော်ပြဘူးသည့်အတိုင်း ကျွန်ုပ်တို့သည် ဤကဲ့သို့သော ကောင်စီကို ဖွဲ့ရန်ကိုသာ တောင်းဆိုခဲ့၏။ ဥပဒေအရ အမှုဆောင် ကောင်စီဝင်လူကြီးများသည် ဘုရင်ခံကိုသာ လုံးဝ တာဝန်ရှိသော်လည်း ဒိမိုကရေစီဝါဒအတိုင်း ကောင်စီဖွဲ့သူများသည် တစုတပေါင်းတည်း တိုင်းသူပြည်သား (ဝါ) လူထုကိုသာ တာဝန်ရှိစေလင့်သည်ဟု တောင်းဆိုခဲ့၏။ စင်စစ်မှာ ကျွန်ုပ်တို့သည် မူလရည်ရွယ်ချက်ထက်ပင် တထစ်လျှော့၍ တောင်းဆိုခြင်းဖြစ်၏။

မူလက ကျွန်ုပ်တို့သည် အားလုံးသော အာဏာများကို ပေးအပ်ခြင်း ခံရသည့် ဗမာလူမျိုးများပါဝင်သော ယာယီအမျိုးသားအစိုးရကို တောင်းဆိုခဲ့ပေသည်။ သို့ရာတွင် အပေးအယူသဘောမျိုးဖြင့်ကာကွယ်ရေး၊ နိုင်ငံခြားရေးရာ၊ ကောင်ရိုးနယ်များကိစ္စတို့ကို ဘုရင်ခံလက်ထဲ၌ထားခြင်းကို သဘောတူသည်သာမက ကောင်စီတွင် အင်္ဂလိပ်တို့ကို ထည့်ခြင်းပင် လက်ခံ သဘောတူခဲ့လေသည်။ ဘုရင်ခံ ခန့်အပ်သော အမှုဆောင် ဝန်ကြီးတဦး၏ လက်ထဲတွင် ဘဏ္ဍာရေးကို ထားခြင်းပင်လျှင် ကျွန်ုပ်တို့ လိုက်လျောခဲ့၏။ အချုပ်မှာ ကျွန်ုပ်တို့တောင်းဆိုခြင်းသည် တခုတည်းပင်ဖြစ်၏။ ဘုရင်ခံသည် ဥပဒေအရ တိုင်းပြည်ကို အုပ်ချုပ်ရာတွင် တာဝန်ရှိသော်လည်း ဒိမိုကရေစီဝါဒအတိုင်း အုပ်ချုပ်ရန် တောင်းဆိုခြင်းမျှသာ ဖြစ်ချေသည်။ ဤသို့ တောင်းဆိုရာ၌ ကျွန်ုပ်တို့သည် ပြည်ထဲရေးဌာနကို ကျွန်ုပ်တို့ အုပ်ချုပ်လိုပါသည်ဟု ထည့်၍ပြောခဲ့၏။ ဤသို့ ပြည်ထဲရေးဌာနကိုတောင်းခြင်းသည် မကောင်းသော အကြံနှင့် တောင်းခြင်းမဟုတ်။ ကျွန်ုပ်တို့သည် ဘုရင်ခံ၏ စေတနာကို ယုံကြည်မိသည်တကြောင်း၊ တိုင်းပြည်၏ အခြေအနေ အစဉ်အလာကို ထောက်၍၎င်း၊ တောင်းဆိုခြင်း ဖြစ်ပေသည်။ ရဲဘော်တို့ နား



လည်သည့်အတိုင်း ဤတောင်းဆိုချက်သည် မဖြစ်နိုင်သောတောင်းဆိုချက် မဟုတ်၊ အသင့်အတင့်မျှ တောင်းဆိုခြင်း ဖြစ်ပေသည်။ သို့သော်လည်း ဘုရင်ခံသည် မိမိသာလျှင် သိသော အကြောင်းများကြောင့် ကျွန်ုပ်တို့၏ တောင်းဆိုချက်ကို လက်မခံနိုင်ဘဲ ငြင်းဆိုခဲ့၏။

ကျွန်ုပ်တို့ အပေးအယူ သဘောမျိုးဖြင့် လျှော့ပေါ့၍ တောင်းဆိုခြင်းသည် ကျွန်ုပ်တို့ စိတ်ဓာတ် ညံ့ဖျင်း၍ မဟုတ်၊ ယခုလိုအခါ၌ ကျွန်ုပ်တို့၏ နိုင်ငံနှင့် ကျွန်ုပ်တို့၏ လူမျိုး အကျိုးကို မြန်မြန်ထက်ထက် သည်ပိုးချင်သော ဆန္ဒအတွက် ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် အရေးကြီးသော ဌာနတို့ကို ဘုရင်ခံ လက်ထဲ၌သော်၎င်း၊ ဘုရင်ခံကိုယ်တိုင် ရွေးချယ် ခန့်ထားသော လူကြီးများ၏ လက်ထဲ၌သော်၎င်း ထားခြင်းအားဖြင့် တန်ခိုးအာဏာ များစွာ မရှိသည်ကို သိလျက်နှင့်ပင် တိုင်းပြည် ပြန်လည် ထူထောင်ရေးအတွက် အကျယ်အကျယ် မငြိမ်းဘွယ် မဖြစ်စေရန် ပူးပေါင်း ဆောင်ရွက်လိုသော ဆန္ဒနှင့် စကားကမ်းလှမ်းခဲ့လေသည်။ သို့သော်လည်း ကျွန်ုပ်တို့ အလိုဆန္ဒ အတိုင်း မဖြစ်ခဲ့ချေ။ ကျွန်ုပ်တို့ နိုင်ငံတွင် အာဏာပိုင်များသည် အလွန် သာယာနာပျော်ဘွယ် ကောင်းသော စကားလုံးများကိုသာ သုံးပြီးလျှင် စီးပွားရေး ဖက်ဆစ်ဝါဒ ထူထောင်မှုကို ကြိုးစားနေကြပေပြီ။ ထို့အတွက်ကြောင့်လည်း အာဏာပိုင်တို့သည် ယခုအခါ၌ တိုင်းပြည်၏ အခြေအနေ အဖြစ်သနစ် အကျိုးအကြောင်းအမှန်တို့ကိုသိလျက်နှင့်ပင် မျက်စေ့စုံလုံးမှိတ်၍ ပြည်သူတို့၏ (ဝါ) လူထုဆန္ဒကို ပြောင်ပြောင်ကြီးဆန့်ကျင်ကာ ဗြိတိသျှအစိုးရနှင့် ဗြိတိသျှ လူမျိုးတို့ကို ကျွန်ုပ်တို့၏ လွတ်လပ်မှုအတွက် သွားရောက် ရှင်းလင်း ပြောဆိုဘို့ အခွင့်အရေးကိုပင် မပေးဘဲ နေသည်သာမက ကျွန်ုပ်တို့၏ ဂုဏ်သရေကို ပျက်စီးမှုသော်၎င်း (ဝါ) ကျွန်ုပ်တို့၏ အင်အားကို ယုတ်စီမှုသော်၎င်း ဥာဏ်နီ ဥာဏ်နက် အမျိုးမျိုးနှင့် ပြောဆိုပြုလုပ်လျက် ရှိကြပေပြီ။ ကျွန်ုပ်တို့ကိုလည်း မခံချင်အောင် အမျိုးမျိုး ဆွကြလေသည်။

သို့သော်လည်း ကျွန်ုပ်တို့ကို ဆွ၍ရမည်မဟုတ်ပေ။ နောက်ဆုံး၌ ကျွန်ုပ်တို့ အနိုင်ရမည်မှာ သေချာသည်ကို ကျွန်ုပ်တို့ သိသည်။ ကျွန်ုပ်တို့ အင်အားကို ကျွန်ုပ်တို့သိသည်။ ကျွန်ုပ်တို့ကို ခြေလှမ်းမှားအောင် ဆွ၍ မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့၏ အချိန်ကိုရွေး၍ ကျွန်ုပ်တို့ လူထု မကြိုးပမ်းသင့်သော နေရာတွင် မကြိုးပမ်းစေဘဲ ဖြောင့်ဖြောင့်တန်းတန်း လွတ်လပ်ရေး ပန်းတိုင် လမ်းသို့ ဆက်လက် ချီတက်မည်။ ကျွန်ုပ်တို့သည် လွတ်လပ်ရေးရစေရန် ကြိုးစားရာ၌

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ သတိပြုရမည်မှာ လွတ်လပ်ရေးသည် အကျိုးတရား မဟုတ်၊ လွတ်လပ်ရေးသည် ကျွန်ုပ်တို့၏ဆန္ဒအတိုင်း ကျွန်ုပ်တို့၏ ကံကြမ္မာကို ဖန်တီးနိုင်သော အကြောင်းတရားသာ ဖြစ်ချေသည်။ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို ဟန်ပြအနေနှင့်အလို●ရှိ။ ကျွန်ုပ်တို့ကိုယ်တိုင် တန်ခိုးအာဏာအခွင့်အရေး မရှိသော(ဝါ)အနှစ်မရှိ အကာအတိသာ ဖြစ်သော လွတ်လပ်ရေးကို ကျွန်ုပ်တို့ကိုယ်တိုင် ကြုံတွေ့ဘူးသည် ဖြစ်၍ ၎င်းလွတ်လပ်ရေး အတုမျိုးအတွက် ကျွန်ုပ်တို့ ထပ်မံ ကြိုးပမ်းလိမ့်မည် မဟုတ်ချေ။

ရဲဘော်တို့၊ လွတ်လပ်ရေးဆိုသည့် ဝေါဟာရကိုသာ မကြည့်ရှုပါနှင့်။ ဤလွတ်လပ်ရေးကို ရသောအခါ လွတ်လပ်ရေးကို အကြောင်းပြု၍ လွတ်လပ်မှု အကျိုးတရားများကို ခံစားနိုင်အောင် ယခုကပင် ဤလွတ်လပ်ရေးကို ပရိယာယ် အမျိုးမျိုးဖြင့် မသိမသာ ချုပ်ချယ်မှုတို့ကို ကြီးစွာသော သတိနှင့် ကန့်ကွက်ရပေလိမ့်မည်။ ဤပြဿနာများကို ကျွန်ုပ်တို့ ယခုအခါ၌ တိုင်ပင်ဆွေးနွေး စဉ်းစားလျက် ရှိကြပေသည်။ သို့အတွက် ဘုရင်ခံသည် အဖြစ်သနစ် အစစ်ကို ရှောင်ရှား၍ ကျွန်ုပ်တို့အဖွဲ့ချုပ်ကို နိုင်ငံရေးပြောက်ကျား တိုက်ပွဲနည်းစနစ်ဖြင့် စစ်ဆင်လိုက ဆင်ပါစေ၊ စီးပွားရေး ဖက်ဆစ်ဝါဒတိုက်နည်းကို သုံးလိုကသုံးပါစေ၊ သို့သော်လည်း ကျွန်ုပ်တို့မှာမတုန်မလှုပ် စိတ်ဓာတ် ခိုင်မြဲစွာနှင့် လွတ်လပ်ရေးပန်းတိုင်သို့သာလျှင် ရှေးရှုပြီး ချီတက်လျက် ရှိကြသည်။ ကျွန်ုပ်တို့သည် ဘုရင်ခံ၏ ပြောက်ကျားတိုက်ပွဲများရှုံးမည်ကို သေသေချာချာ သိပြီးဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ပြောက်ကျားတိုက်ပွဲ နည်းစနစ်ကို လူထုက သောင်းသောင်းဖြဖြ အားမပေးဘဲ အောင်မြင်စွာ အသုံးမပြုနိုင်ချေ။ ဘုရင်ခံနောက်၌ လူထုမရှိ၊ ကျွန်ုပ်တို့ အဖွဲ့ချုပ်နောက်၌သာ လူထုရှိသည်ကို သတိပြုကြလော့။

ဤသို့သော အကြောင်းကြောင်းများကြောင့် ကျွန်ုပ်တို့ မည်ကဲ့သို့ စီစဉ် ဆောင်ရွက်ကြမည်နည်း။ ကျွန်ုပ်တို့ အဘယ်ကဲ့သို့ ခြေလှမ်းလှမ်းကြမည်နည်း။

ရဲဘော်တို့၊ အကျွန်ုပ်တို့၏ အဓိက ရည်ရွယ်ချက်သည် ကျွန်ုပ်တို့ အမျိုးသားတို့၏ ကံကြမ္မာကို ကျွန်ုပ်တို့ကိုယ်တိုင် ဖန်တီးနိုင်သော အခွင့်အရေးကို ရယူရန် ဖြစ်ပေသည်။ ဤအခွင့်အရေးကို ရယူနိုင်ရန် ဗြိတိသျှအစိုးရအား ကျွန်ုပ်တို့ အရေးဆိုထားသည်မှာ အရှယ်ရောက်သူတိုင်း မဲပေးနိုင်ခွင့်ရှိသော ရွေးကောက်ပွဲများကို ချက်ခြင်း ကျင်းပပြီးလျှင် တိုင်းပြုပြည်ပြု လွှတ်တော်



ကို အမြန်ဆုံး ခေါ်ပေးရန် ဖြစ်ပေသည်။ ဤသို့ တိုင်းပြုပြည်ပြု လွှတ်တော် မဖြစ်ပေါ်မီအတွင်း ဗြိတိသျှအစိုးရနှင့် ဆက်သွယ်ဆွေးနွေးနိုင်သော အမျိုးသား အစိုးရကို ဖွဲ့စည်းပေးရန်ကိုလည်း ကျွန်ုပ်တို့ အဆိုပြုခဲ့ပေသည်။ သို့မှသာလျှင် ကျွန်ုပ်တို့၏ ပြည်သူ●ကထဲသို့ လွတ်လပ်ရေး ရချိန်တွင် လုံးဝ တန်ခိုးအာဏာပြောင်းလွှဲ ပေးအပ်ရန်အတွက် ကျွန်ုပ်တို့ လိုသမျှသော အစီအစဉ်များကို ကျနစွာ လုပ်နိုင်ပေလိမ့်မည်။ သို့သော်လည်း ဗြိတိသျှအစိုးရသည် ကျွန်ုပ်တို့ အမျိုးသားများအား ဒိုမီနီယံအဆင့်အတန်းကို ပေးပါမည် ဟူ၍ မရေမရာသော ကတိပြုပြီးလျှင် စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခြင်းကိုသာ ပြုခဲ့လေသည်။ ဤဒိုမီနီယံ အဆင့်အတန်းကိုပင် ဘယ်အချိန် ဘယ်အခါ ပေးမည် ဟူ၍ တိတိကျကျ ဖော်ပြခြင်း မရှိပေ။

ကျွန်ုပ်တို့ အမျိုးသားတို့၏ လိုအင်ဆန္ဒကို ဗြိတိသျှ အစိုးရတို့က မဖြည့်သည့်အတွက် ကျွန်ုပ်တို့ ဘာလုပ်ကြမည်နည်း။ ရွေးကောက်ပွဲကို စောစော မပြုလုပ်ပေးလျှင် ဘယ်လို စခန်းသွားကြမည်လဲဟု မေးဘွယ်ရာ ရှိလေသည်။ စင်စစ်မှာ ဗြိတိသျှ အစိုးရသည် ရွေးကောက်ပွဲများကို စောစော ကျင်းပလိုပါက ခဲယဉ်းစရာ အကြောင်း မရှိချေ။ ခြောက်လအတွင်းတွင် စီစဉ်၍ ပြုလုပ်နိုင်၏။ ခြောက်လအတွင်း မပြီးစီးနိုင်ဟု ဆိုလျှင် ဗြိတိသျှ အစိုးရ၌ လုပ်ရည်ကိုင်ရည် မရှိဟု ဆိုရာရောက်ပေသည်။ ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ဘာများ အထူးအထွေ လုပ်စရာ ရှိပါသလဲ။ မဲပေးနိုင်ခွင့်ကိစ္စကို ဆုံးဖြတ်ဘို့နှင့် မဲစာရင်းများ လုပ်ရန်သာ ရှိပါသည်။ အသွားအလာ လမ်းပန်း ခရီးကို ယိုးမယ်ဖွယ်စရာ မရှိပါ။ ယခင်အခါက လမ်းပန်းခရီးမကောင်းသည့် အထဲမှာပင် ရွေးကောက်ပွဲများ ပြုလုပ်လာကြပါသည်။ မဲပေးနိုင်ခွင့် ကိစ္စကို လွယ်ကူစွာ ဆုံးဖြတ်နိုင်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ထင်မြင်ချက်များ ကို ပေးပြီးပါပြီ။ ဤညီလာခံသဘင်မှာလည်း ဤကိစ္စကို ထပ်မံ တင်ပြ ရှင်းလင်းပါမည်။ ထို့အပြင် ဤကိစ္စနှင့် ပတ်သက်၍ အခြားအခြားသော အဖွဲ့များနှင့် ပုဂ္ဂိုလ်များကလည်း ထင်မြင်ချက်ပေးပြီး ဖြစ်ပါသည်။ မဲစာရင်းများကို ခြောက်လအတွင်း ပြီးအောင် လုပ်နိုင်သည်ကို ရှေးက သက်သေ သာဓက ရှိပြီး ဖြစ်ပါသည်။ သည့်အပြင် ဘာအကြောင်း ရှိသေးသလဲ။ လွတ်လွတ်လပ်လပ် မဲပေးနိုင်ဘို့ အခြေအနေ ရှိရမယ်လို့ ဆိုပြန်သည်။ ဤပြောဆိုချက်ကို ကျွန်ုပ်တို့ သဘောတူသည်။ ရွေးကောက်ပွဲ ကျင်းပသည့် အချိန်မှာ တိုင်းပြည်တွင် ငြိမ်းချမ်းမှု ရှိရပေ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ ကမ္ဘာအရပ်ရပ်နှင့် ဗြိတိသျှ နိုင်ငံတွင် ဖြစ်ပွားလျက် ရှိသကဲ့သို့ ကျွန်ုပ်တို့ နိုင်ငံမှာလည်း ခိုးသား ဓားပြမှုများ ဖြစ်ပွားလျက် ရှိသည်မှာ မှန်၏။ သို့ရာတွင် အရှေ့တလွှားတွင် ကျွန်ုပ်တို့ နိုင်ငံသည် အငြိမ်းချမ်းဆုံးသော တိုင်းပြည်ဟူ၍ ကျွန်ုပ်ဆိုလိုသည်။ ကျွန်ုပ် အကြောင်းပြချက်များကို ထောက်ထား၍ ရွေးကောက်ပွဲများကို စောစော ကျင်းပနိုင်ကြောင်း ထင်ရှား၏။

သို့သော်လည်း ရွေးကောက်ပွဲများကို ကျင်းပချင်မှ ကျင်းပပေးလိမ့်မည်။ ကျွန်ုပ်တို့ ဘာလုပ်ကြမလဲ။ ကျွန်ုပ် ပြောချင်တာက ရာဇဝင်သဘောအရ၊ ခေတ်သဘောအရ ဖြစ်ပေါ်နေသည့် ကမ္ဘာ့ခြေလှမ်း၊ ဗမာ့ခြေလှမ်းတို့သည် တလှမ်းတည်း လှမ်းပြီး သွားနေမှာသဲ။ ကျွန်ုပ်တို့ လူထုအားပေးကူညီ ယိုင်းပင်းမှုနှင့် ကျွန်ုပ်တို့ တိုင်းပြည်ကို ကျွန်ုပ်တို့ ပြုပြင် ထူထောင်မည်။ ကျွန်ုပ်တို့၏ လွှတ်လပ်ရေး ပန်းတိုင်သို့ ရှေ့ရှု၍ ချီတက်မည်။ လွှတ်လပ်ရေး ပန်းတိုင်သို့ အဘယ်ကဲ့သို့ ချီတက်မည်နည်း။ ကျွန်ုပ်တို့၏ လုပ်ငန်း အစီအစဉ်ကို ဤညီလာခံသဘင်၌ တင်ပြမည်ဖြစ်၍ ကျွန်ုပ်အကျဉ်းအားဖြင့်သာ ပြောလိုသည်မှာ ဤလုပ်ငန်း အစီအစဉ်သည် အတော်အသန့်ပြည့်စုံသော်လည်း ကျွန်ုပ်တို့သည် အလှမ်းမကျယ်ဘဲ အလယ်အလတ် အရေးကြီးသော လက်ငင်း ပြဿနာများကို ဖြေရှင်းနိုင်အောင် ပဌမဆုံး စတင်ဆောင်ရွက်ရပေလိမ့်မည်။ အရေးကြီးဆုံးသော ကိစ္စများမှာ ကယ်ဆယ်ထောက်ပံ့ရေး၊ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ငြိမ်ဝပ်ပိပြားရေး၊ ပညာရေး၊ အိမ်ဆောက်ရေး၊ ကျန်းမာရေး စသည်တို့ ဖြစ်ပေသည်။ ဤအရေး ဤကိစ္စများကို အောင်မြင်စွာ ပြီးစီးနိုင်အောင် ကျွန်ုပ်တို့သည် ပူးပေါင်း ဆောင်ရွက်ခြင်း သဘောနှင့် ဆောင်ရွက်ကြရပေလိမ့်မည်။

ရွေးကောက်ပွဲများ ကျင်းပစေကာမူ ကျွန်ုပ်တို့အလိုရှိသော တိုင်းပြုပြည်ပြုလွှတ်တော်ကို ခေါ်ပေးချင်မှ ခေါ်ပေးလိမ့်မည်။ တိုင်းပြုပြည်ပြုလွှတ်တော်ကို ခေါ်ပေးမှ ဖြစ်နိုင်သည်မဟုတ်။ ကျွန်ုပ်တို့၏ လုပ်ငန်း သဘောအရ တိုင်းပြုပြည်ပြုလွှတ်တော် ဖြစ်ပေါ်လာလိမ့်မည်ဟု နားလည်သင့်ကြပေသည်။ ရွေးကောက်ပွဲများ ကျင်းပခဲ့ပါလျှင် လူထု၏ အားပေးမှုဖြင့် (၀၂) လူထု၏မဲဆန္ဒကြောင့် ကျွန်ုပ်တို့သည် ရွေးကောက်ပွဲများတွင် အနိုင်ရမည်မှာ မလွဲချေ။ ထိုအခါ ကျရောက်လျှင် ကျွန်ုပ်တို့သည် ဗြိတိသျှအစိုးရ



ကို ဟိတ်ဟိုလင်းလင်း ကျွန်ုပ်တို့၏ လိုအင်ဆန္ဒကို မရရအောင် တောင်းဆိုမည်။ ဤကဲ့သို့ ငြိမ်းချမ်းသော နည်းဖြင့် ကျွန်ုပ်တို့လူမျိုး၏ ကံကြမ္မာကို မဖန်တီးနိုင်လျှင် ကျွန်ုပ်တို့သည် နည်းလမ်းသစ်ထွင်၍ ကျွန်ုပ်တို့၏ တန်ခိုးအာဏာဖြင့် ကျွန်ုပ်တို့၏ လွတ်လပ်ရေးကို ရယူရန် စိုင်းပြင်းမည်။ နည်းသစ်ဟု ဆိုရာ၌ စင်ပြိုင်အစိုးရတည်ထောင်ခြင်းကို ဆိုလိုသည်မဟုတ်။ ၎င်းစင်ပြိုင် အစိုးရ တည်ထောင်ခြင်းထက်ရင်း၊ အနုမြူဗုံးထက်ရင်း အင်အားရှိသော ကျွန်ုပ်တို့ လူထုအားကို ကျနသေချာစွာ စည်းရုံး၍ အသုံးပြုမည်ဟု ဆိုလိုသည်။ ကမ္ဘာပေါ်တွင် လူထုအားကို မည်သည့်အားမျှ ဆန့်ကျင်နိုင်လိမ့်မည် မဟုတ်ချေ။

လူထုကို အဘယ်ကဲ့သို့ ကျနသေချာစွာ စည်းရုံးမည်နည်း။ အဘယ်ကဲ့သို့ ကျနသေချာစွာ အသုံးပြုမည်နည်း။ ပဌမဆုံး အမျိုးသား ညီညွတ်မှုကို ဆောင်ရွက်ရမည်။ အမျိုးသား ညီညွတ်မှု၏ ရှေ့ဆောင်ရှေ့သွားအဖြစ်ဖြင့် ကျွန်ုပ်တို့ ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်နှင့် နယ်အဖွဲ့များကို ဖွဲ့စည်းပြီးခဲ့လေပြီ။ အဖွဲ့ချုပ်နှင့် နယ်အဖွဲ့များကို ခိုင်ခံ့သည်ထက် ခိုင်ခံ့အောင်၊ ကျနသည်ထက် ကျနအောင် ပြုလုပ်ရပေလိမ့်မည်။ အဖွဲ့ချုပ်၏ စည်းမျဉ်းများကို ပြုပြင်နိုင်ရန် ဤညီလာခံကို တင်ပြပြီး ဖြစ်ပါသည်။

အမျိုးသား ညီညွတ်ရေးဆိုတာ ဘယ်ကဲ့သို့သော ညီညွတ်ရေးကို ခေါ်ပါသနည်းဟု မေးရပေလိမ့်မည်။ အမျိုးသား ညီညွတ်ရေး ဆိုသည်မှာ ခေါင်းဆောင်များသာညီညွတ်ခြင်းကို မဆိုလို။ လူမျိုးဘာသာ၊ ယောကျ်ားမိန်းမ၊ ဂိုဏ်း ဂဏမရွေး တနိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်ကကု အမျိုးသားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် ခေါင်းဆောင်းဖြစ်ဖြစ် စိတ်ရောက်သည်ပါ ညီညွတ်ကြသည်ကို ဆိုလိုသည်။

အချို့သော ပုဂ္ဂိုလ်များက ဤအမျိုးသားညီညွတ်ရေးမျိုး ဖြစ်ထွန်းလာအောင် အားလုံးသော အဖွဲ့ဝင်များသည် အသီးသီး အသက အသက မိမိတို့ အဖွဲ့များကို အမျိုးသား အစည်းအရုံးကြီးနှင့် တလုံးတဝတည်း ပေါင်းပစ်သင့်ကြသည်ဟု ထင်မြင်ချက် ပေးကြပေသည်။ ဤပုဂ္ဂိုလ်များက ဤသို့ ထင်မြင်ချက်ပေးခြင်းမှာ အမျိုးသား လုပ်ငန်းကြီးကို လုပ်ရာတွင် အဖွဲ့များ အသီးသီး ရှိခြင်းသည် အင်အားကို ယုတ်လျော့စေသည်ဟူ၍ စိတ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



စေတနာနှင့် စိုးရိမ်ပူပန်ခြင်းကြောင့် ဖြစ်လေသည်။ သို့သော်လည်း အဖွဲ့များကို ဖျက်ပစ် စေကာမူ၊ ပြဿနာအမျိုးမျိုးပေါ်တွင် ရည်ရွယ်ချက်အားဖြင့် တူသော၊ ထင်မြင်ချက်အားဖြင့် တူသော၊ အကျိုးအားဖြင့်တူသော သူများသည် အသီးသီးရှိကြပေလိမ့်ဦးမည်။ သို့အတွက် အဖွဲ့များ သီးခြားရှိသည် မရှိသည်မှာ ပဓာန မဟုတ်။ ၎င်းအဖွဲ့တို့သည် ဂုဏ်တုဂုဏ်ပြိုင် ပါတီစိတ်၊ ပါတီသဘောများနှင့် အလုပ်မလုပ်ကြခြင်းသာ အရေးအကြီးဆုံး အချက်ဖြစ်သည်ဟု ဆိုရပေမည်။

အမျိုးသား အကျိုးစီးပွားအတွက် အမျိုးသားပြဿနာအားလုံးကို ဖြေရှင်းရန် စိုင်းပြင်းရာတွင် ပါတီစိတ်၊ ပါတီသဘောကို စွန့်၍ စည်းစည်းလုံးလုံး စိုင်းပြင်းသင့်ကြပေသည်။ မိမိတို့၏ ထင်မြင်ယူဆချက်များကို(ဝါ)မိမိတို့၏ ဝါဒကို အမျိုးသား အစည်းအရုံးဝင်များအား သာယာ ညင်းပျောင်းကောင်းသော နည်းလမ်းဖြင့်သာ နားလည်လက်ခံအောင် ရှင်းလင်းပြောပြခြင်းအမှုကိုသာ ပါတီဝင်များ အနေနှင့် ပြုသင့်ပေသည်။ အတိုချုပ်မှာ ပါတီဝင်များ၏ လုပ်ငန်းသည် ပါတီသဘောနှင့် ပါတီကိစ္စလုပ်ရန် မဟုတ်။ ဝါဒပြန့်ပွားမှုကိုသာ ပြုသင့်ပေ၏။ ဤအတိုင်းဆိုလျှင် ပါတီများ ရှိစေကာမူ ကျွန်ုပ်တို့၏ အမျိုးသား အစည်းအရုံး၏ အင်အားကို ယုတ်လျော့စေသည် မဟုတ်ချေ။ ဤသဘောသဏ္ဌာန်ကို အမှန်စင်စစ် နားလည်ပြီးလျှင် ရိုးသားဖြောင့်မတ်စွာ အားထုတ်ကြပါမူ ကျွန်ုပ်တို့ အမျိုးသား ညီညွတ်မှုသည် တဆင့်ထက်တဆင့် တိုးမြင့်ခိုင်ခံ့၍ မကြာမီ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ တည်တံ့ပေလိမ့်မည်။ ဤကား ကျွန်ုပ်တို့၏ ပဌမ လုပ်ငန်းတည်း။

ကျွန်ုပ်တို့၏ ဒုတိယ လုပ်ငန်းမှာ ဝါဒဖြန့်ဖြူးရေးကိစ္စ အဖွဲ့ချုပ် အဖွဲ့ခွဲများ စည်းရုံးရေးကိစ္စနှင့် ပြုပြင်ထူထောင်ရေးကိစ္စများ ဖြစ်လေသည်။ ဤကိစ္စများကို ကျေပြွန်အောင် ဆောင်ရွက်နိုင်ရန် ကျွန်ုပ်တို့စေတနာဝန်ထမ်းများ အလိုရှိပေသည်။ စေတနာ တခုနှင့် မပြီးသေး။ ဆိုင်ရာ ဆိုင်ရာကိစ္စများကို စီမံဖန်တီး သင်ကြားပြသနိုင်သော အရည်အချင်းများလည်း ရှိရပေလိမ့်မည်။ တနည်းအားဖြင့် ဆိုသော် အဖွဲ့ချုပ်၏ ဗဟိုဌာနတွင် ကျူကျနန ဖွဲ့စည်းထားသော ရုံးကြီးတခုရှိရပေလိမ့်မည်။ ဤဗဟိုရုံးက နိုင်ငံရေး စီးပွားရေး လုပ်ငန်းများကို စီမံညွှန်ပြ ဆောင်ရွက်ရပေလိမ့်မည်။ သို့အတွက် အမျိုးသား ဝန်ထမ်း အနေနှင့် အရည်အချင်းရှိသော ပုဂ္ဂိုလ်များစွာ အလိုရှိပါသည်။ ဤလုပ်ငန်းများအတွက် မိမိတို့ အရည်အချင်းကို ချင့်၍ ဆိုင်ရာ



ဆိုင်ရာက ကူညီယိုင်းပင်း ဆောင်ရွက်ရန် အဆင်သင့် ရှိပါလျှင် ကျွန်ုပ်တို့၏ အဖွဲ့ချုပ် ဗဟိုရုံးသို့ အမြန်လာရောက်၍ ဓာရင်းသွင်းပြီးလျှင် အမြန်ဆုံး စတင်ဆောင်ရွက်ကြပါရန် ကျွန်ုပ် လေးနက်စွာ တိုက်တွန်း လိုက်ပါသည်။ ထိုထိုသော စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များကို အဖွဲ့ချုပ်နှင့်တကွ တနိုင်ငံလုံးက ကျေးဇူးတင်စွာနှင့် ဘယ်အခါမှ မေ့လိမ့်မည် မဟုတ်ချေ။

ဤမျှနှင့် မပြီးသေး။ အဖွဲ့ချုပ်ရုံးတွင် ခေတ်မီစွာ ဝါဒဖြန့်နိုင်ဘို့ စက်ကိရိယာ တန်ဆာပလာများ ရှိရပေလိမ့်မည်။ အခြား အခြားသော လိုအပ်သည့် ဝတ္ထုပစ္စည်းများလည်း ရှိရပေလိမ့်ဦးမည်။ ဤကဲ့သို့ အလိုရှိအပ်သည်များကို ဖော်ပြပြီးနောက် ဆက်လက်၍ ပြောလိုသည်မှာ လိုအပ်သည်များကို ရနိုင်ရန် ရပုံငွေ လိုကြောင်းပင် ဖြစ်၏။ ရပုံငွေမရှိလျှင် မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့သည် နောက်နောင်ကို ငွေဝင်လမ်းမှန်မှန်ရှိအောင် (ဝါ) အဝင်နှင့် အကုန်အကျ မျှတအောင် စီမံမည်။ သို့ဖြစ်၍ လူထု၏ အစည်းအရုံးဖြစ်သော ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကို လူထုကပင် ထောက်ပံ့ရမည့် တာဝန်ရှိပါသည်။

အထက်၌ ဖော်ပြပြီးသော လုပ်ငန်းများသည် ကျွန်ုပ်တို့ အမျိုးသားတို့၏ လုပ်ငန်းများ ဖြစ်ချေသည်။ ရဲဘော်တို့....အမျိုးသားတို့ကို စည်းရုံးပြီး စိုင်းပြင်းကြပါစို့။ ကျွန်ုပ်တို့၏ ကံကြမ္မာကို ကျွန်ုပ်တို့ ဖန်တီးဘို့အရေးသည် ကျွန်ုပ်တို့၏ လက်တွင်းမှာပင် ရှိ၏။ ကျွန်ုပ်တို့အင်အားကို ကျွန်ုပ်တို့ ယုံကြည်လျှင် ကောင်းကင်တမှတ် ကြယ်ကိုပင် ဆွတ်နိုင်ကြပေမည်။ ကြယ်ကိုကိုပင် ဆွတ်နိုင်ကြလျှင် ကမ္ဘာမြေပေါ်မှာ အဘယ်ကြောင့် လွတ်လပ်ရေး အောင်ပန်းကို မဆွတ်နိုင်ဘဲ ရှိအံ့နည်း။ ကျွန်ုပ်အား၍သည် ညီညွတ်စွာ ကျွန်ုပ်တို့၏ ကာယဗလ- ဉာဏဗလ- သတ္တိဇွဲတို့နှင့် ကျွန်ုပ်တို့၏ ရာဇဝင်တွင် စာတင်နိုင်မည့် လွတ်လပ်ရေး အောင်မြင်မှုအတွက် ဆက်လက် ကြိုးပမ်းကြမည်။

ရဲဘော်တို့၊ ခြေလှမ်းမှန်မှန်နှင့် သွားနိုင်ရန် စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်ကြလော့။ ကျွန်ုပ်တို့၏ လွတ်လပ်ရေးကို ကျွန်ုပ်တို့ မကြာမြင့်မီ ရရှိမည်ဟု တထစ်ချ ယုံကြည်ကြလော့။ အပ္ပမာဒေန၊ သမ္ပာဒေထ။ ။

www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသား ညီညွတ်ရေး

ဇန်နဝါရီလ ၁၇ ရက်နေ့က စတင်ကျင်းပသော (ဖ-ဆ-ပ-လ) ပြည်လုံးကျွတ် ညီလာခံ သဘင်ကြီးသို့ မြန်မာတပြည်လုံးမှလူထုကိုယ်စားလှယ်များနှင့် ပရိသတ်ပေါင်း နှစ်သိန်းကျော်တက်ရောက်ကြ၏။ ယင်းလူထုညီလာခံကြီးတွင် ၂၃-၁-၄၆ နေ့၌ ဗိုလ်ချုပ်အောင်ဆန်းက ညီညွတ်ရေးအဆိုကို အကျယ်တဝင့် ရှင်းလင်း တင်သွင်းခဲ့လေသည်။ အဆိုတင်သွင်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း ပြောသွားခဲ့သည်။

ခုနက ပြည်သူ့ရဲဘော် တပ်အဖွဲ့အဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချတဲ့အနက်မယ် အချက်လေးချက်ပါတယ်။

ကျွန်တော်တို့က ဒီမှာ ဟိုတုန်းက မဟာမိတ် စစ်သေနာပတိချုပ်လော့(ဒ်)လူဝီမောင့်ဘက်တန်နဲ့ ကျွန်တော်တို့ သဘောတူညီချက်အရ ပြန်လည်ဖွဲ့စည်း တည်ထောင်တဲ့ မြန်မာတပ်မတော်ဆိုတာထဲကို ပါဝင်နိုင်မဲ့ ရဲဘော်တိုင်းပါဖို့။ ဘာဖြစ်လို့ ပါရမလဲဆိုတာက ဗမာပြည်ရဲ့ အကျိုးကို သည်ပိုးရာ ရောက်တယ်လို့ ယူဆလို့ဖြစ်တယ်။ ခုတော့ တချို့က ထုံးစံအတိုင်း (အစကတည်းက ဒါတွေကို ကြိုတင်ပြီး မြင်ထားပါတယ်)။ စကတည်းကလဲ ပြောတန်သလောက် ပြောသားပါတယ်။ မလွတ်လပ်တဲ့ အခြေအနေမှာတော့ ရတဲ့စစ်တပ်ရဲ့ အဆင့်အတန်းဟာ မလွတ်လပ်တဲ့ တိုင်းပြည်ရဲ့ အဆင့်အတန်း၊ လွတ်လပ်တဲ့ လူမျိုးရဲ့ အဆင့်အတန်းမျိုးကိုတော့ မျှော်လင့်လို့ မဖြစ်နိုင်သေးဘူး။ အနည်း အကျဉ်းအားဖြင့်ဖြစ်စေ၊ အများအားဖြင့်ဖြစ်စေ၊ နစ်နာချက်တွေ သဘောမကျစရာတွေ ရှိတန်သလောက်ရှိမယ်။ သို့ပေမဲ့ ခုကတည်းကနေပြီးအချေပြီး ပျိုးထားမှ တိုင်းပြည်ရဲ့ အကျိုးကိုဆောင်ရွက်နိုင်မယ်။

ဒါကြောင့်မို့လို့ မင်းတို့ဝင်ကြပါလို့။ အခုကတည်းက ရဲဘော်တွေကိုပြောထားတယ်။ အဲဒီလို ပြောထားပေမယ်လို့ကာ နည်းနည်းပါးပါး အောက်ပိုင်းက နည်းနည်းပါးပါး ပုလိပ်ဘက်ကဖြစ်စေ၊ အစိုးရ အရာရှိပိုင်းက ဖြစ်စေ၊ နောက်ပြီးတော့ အောက်လက်ငယ်သားက ဖြစ်စေ အစရှိသည်အားဖြင့် အနှောင့်အရှက် ပေးတာတွေရှိတယ်။ ခုနလို အဖမ်းအဆီး ခံရတာရှိတယ်။





ခုနလို ဖမ်းတာဆီးတာ ကျွန်တော်တို့ သိတာလဲရှိတယ်၊ မသိတာလဲရှိတယ်၊ သိတဲ့ကိစ္စဆိုယင် ကျွန်တော်တို့တတ်နိုင်သမျှဆောင်ရွက်ဘယ်။ အဲဒီလိုဆောင်ရွက်လို့ လွတ်တာလဲရှိတယ်။ မလွတ်တာလဲရှိတယ်။ အဲတာမျိုးတွေ နည်းနည်းပါးပါးရှိတယ်။ တချို့က စိတ်ပျက်ပြီး မဝင်ချင်ကြဘဲ ဖြစ်နေတဲ့ စိတ်မျိုး ဖြစ်နေတယ်။ အဲဒီလို မဝင်ချင်ကြတဲ့ စိတ်မျိုး မဖြစ်ဘဲနဲ့ (အမှန်စင်စစ် တိုင်းပြည်ရဲ့ လွတ်လပ်ရေးကိစ္စဆိုတာ ကျွန်တော်တို့ ခဏခဏ ပြောနေကြတဲ့အတိုင်း အခက်အခဲတွေ အများကြီးရှိတယ်။ အနှောင့်အရှက်တွေ အများကြီးရှိတယ်)။ ဒါတွေကို ကျော်လွှားပြီး လုပ်ရမယ်။ ခုတမုဟုတ်ခြင်း ဖြစ်နေတဲ့ အခက်အခဲတွေ အနှောင့်အရှက်တွေကို ကျွန်တော်တို့ သိပ်ပြီး အရေးကြီးမပြုဘဲ တပ်ထဲဝင်နိုင်တဲ့ လူတွေအားလုံး ဝင်ကြပါ။ ကျန်တဲ့ မဝင်နိုင်တဲ့ ရဲဘော်ဟောင်းတွေကို ထောက်ပံ့ဖို့ ကိစ္စတွေကို ကျွန်တော်တို့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးနဲ့ တိုင်းပြည်ကပါ ဝိုင်းဝန်းပြီးအားပေးမဲ့အကြောင်း၊ နောက်ပြီးတော့ကာ ဒီလိုတိုင်းပြည်ရဲ့ လွတ်လပ်ရေး၊ ကမ္ဘာ့ရဲ့ လွတ်လပ်ရေးအတွက် ရဲဘော်ရဲဘက်ပြောက်ကျားတွေ ဆောင်ရွက်ခဲ့တဲ့ ပဂ္ဂိုလ်တွေကို ချီးကျူးတဲ့အကြောင်း။ နောက်ပြီးတော့ကာ ဒီလိုဆောင်ရွက်ခဲ့တဲ့ ပဂ္ဂိုလ်တွေကို လေးစားတဲ့သဘောအားဖြင့် ကျွန်တော်တို့ တိုင်းသူပြည်သားတွေက မသော်ငြင်း၊ တိုင်းသူပြည်သားတွေရဲ့ ကိုယ်စားလှယ် အဖွဲ့ကြီး ဖြစ်နေတဲ့ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကသော်ငြင်း၊ ကျွန်တော်တို့ဟာ တိုင်းပြည်နဲ့ လူထုလွတ်လပ်ရေးကို အမြဲတမ်း သစ္စာမဖောက်ဘဲ လုပ်ပါမယ်ဆိုတဲ့ အကြောင်း ပဋိညာဉ် ကတိပေးထားပါတယ်။

အဲဒီလို ပဋိညာဉ်ပေးထားတဲ့အတိုင်း ခုဒီညီညွတ်ရေး အဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ကာ လွတ်လပ်ရေး လုပ်တဲ့ကိစ္စမှာ တတိုင်းတပြည်လုံး သွေးစည်းပြီး စည်းစည်းလုံးလုံး အလုပ်လုပ်မှ ဖြစ်နိုင်မှာမို့ပဲ၊ ဒီလိုမလုပ်ယင် ညီညွတ်ရေး မရဘူးဆိုလို့ရှိယင် တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးဟာ ကျကျနန မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်လို့ရှိယင် ညီညွတ်ရေးကို ပျက်စီးရာ ပျက်စီးကြောင်း လုပ်တဲ့လူတွေ ကျွန်တော်တို့ ကိုယ်တိုင်က ညီညွတ်ရေးကို ဖြစ်မြောက်အောင် တတ်နိုင်သမျှ ရွက်ဆောင်ခြင်း မရှိယင် ခုနတိုင်းပြည်အတွက်၊ လူမျိုးအတွက် အင်မတန် အသက်စွန့်စားပြီး လုပ်ကိုင်ဆောင်ရွက်သွားကြတဲ့လူတွေကို သစ္စာဖောက်ရာ မလေးစားရာ ကျမှာမို့လို့ ဒီညီညွတ်ရေးအဆိုကို ကျွန်တော်တင်သွင်းခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာပြည်သည် အာဏာပိုင် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးခေါ် ၍ ကိုယ်ပိုင် ပြဋ္ဌာန်းနိုင်ခွင့်ရှိသော အခြေအနေသို့ ဆိုက်ရောက်အောင် (ဝါ) လွတ်လပ်ရေးရအောင်အလိုဆုံးသော အရာမှာ ညီညွတ်ရေးပင် ဖြစ်ကြောင်း၊ ညီညွတ်ရေးသည် ကူညီသော အကျိုး၊ တူညီသော အလုပ်နှင့် တူညီသော ရည်ရွယ်ချက်တို့တွင် အခြေပြုရမည်ဖြစ်ကြောင်း"

ခုနေအခါမယ် ဗမာပြည်ဟာ ဘာအလိုဆုံးလဲဆိုလို့ရှိယင် ညီညွတ်ရေးလိုတယ်။ ဘာကြောင့် ညီညွတ်ရေးလိုသလဲ။ ကျွန်တော်တို့ ဗမာပြည်ဟာ အာဏာပိုင် တိုင်းပြုပြည်ပြု လွှတ်တော်ကြီးခေါ် ၍ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်ရှိသော အခြေအနေမျိုး ဆိုက်ရောက်အောင် (ဝါ) လွတ်လပ်ရေး ရအောင် ကျွန်တော်တို့ ဗမာပြည်သူပြည်သားတွေဟာ လွတ်လပ်ရေးရအောင် ဆောင်ရွက်ဖို့ လိုပါတယ်။ လွတ်လပ်ရေးဆိုတော့ကာ ကျွန်တော်တို့ လွတ်လပ်တဲ့ နိုင်ငံတည်ထောင်မယ်ဆိုယင် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကို တည်ထောင်ရမယ်။ အဲဒီတိုင်းပြုပြည်ပြုလွှတ်တော်ကြီးက လွတ်လပ်တဲ့ တိုင်းနိုင်ငံ တည်ထောင်တဲ့အခါကျယင် ဖွဲ့စည်းပုံဥပဒေ အစီအစဉ်တွေ စီမံရမယ်။ ဒီတိုင်းပြည်ကြီးကို ဘာစနစ်နဲ့ အုပ်ချုပ်မလဲ သမ္မတစနစ်နဲ့ အုပ်ချုပ်မလား၊ ဘယ်စနစ်နဲ့ အုပ်ချုပ်မလဲ။ ဘယ်လိုတိုင်းပြည်မျိုး ထူထောင်မလဲ၊ ဘယ်လိုလုပ်ရမလဲဆိုတာ စီစဉ်ရမယ်။ အဲဒီလို စီစဉ်ပြီးတဲ့ အခါကျတော့မှ လွတ်လပ်ရေးလုပ်ငန်းဟာ ပေါ်လာမယ်။

ဂျပန်လက်ထက်တုန်းကဆိုယင် လွတ်လပ်ရေး စီစဉ်မှုအဖွဲ့ဆိုတာ လူမသိဘာမသိ တိတ်တိတ်ပုံးလုပ်လိုက်ပြီး နောက်ဆုံး အချုပ်အချာ အာဏာနဲ့ ပြည့်စုံတဲ့ နိုင်ငံဆိုပြီးတော့ လုပ်လိုက်တယ်။ အဲဒီလိုဟာမျိုး ကျွန်တော်တို့ မလိုချင်ဘူး။ ရှေးအခါက ကျွန်တော်တို့လိုချင်တာက အာဏာပိုင် တိုင်းပြုပြည်ပြု လွှတ်တော်မျိုး၊ တတိုင်းတပြည်လုံးက ဟင်မြောက်လိုက်တဲ့ လွှတ်တော်၊ အကုန်လုံး ယောကျ်ားတိုင်းမိန်းမတိုင်း အရွယ်ရောက်သူတိုင်း မှန်သမျှမဲပေးနိုင်ပြီးတော့ အဲဒီလူတွေက လွတ်လပ်တဲ့ နိုင်ငံသစ်ကြီး ထူထောင်ဖို့ အာဏာပေးလိုက်တဲ့ အာဏာပိုင် တိုင်းပြုနိုင်ငံပြု လွှတ်တော်ရအောင် ကျွန်တော်တို့က ဘာလုပ်ရမလဲဆိုယင် ညီညွတ်ရမယ်၊ မညီညွတ်ယင် မရဘူးလားဆိုတော့ အင်မတန်ကြာမယ်။ ခရီးရှည်မယ်။ ဒီတော့ကာ ညီညွတ်ရေးဟာ အင်္ဂလိပ်လို ပြောရမယ်ဆိုတော့ ( Historical necessity ) အချိန်အခါအလိုက် ဒီတိုင်းပြည် ဒီလူမျိုးရဲ့ အကျိုးကို အကြီးဆုံးဆောင်ရွက်



နိုင်မဲ့ လက်နက်ကြီး ဖြစ်နေတယ်။ အဲဒီတော့ ညီညွတ်ရေးမျိုးရအောင် လုပ်ရမယ်။

"ညီညွတ်ရေးအတွက်ပစ္စည်းမဲ့အလုပ်သမားလူတန်းစားသည်တူညီသော အလုပ်နှင့် တူညီသောရည်ရွယ်ချက်တို့တွင် အခြေပြုကာ အလုပ်သမားများ အဖွဲ့များဖွဲ့၍ခိုင်မြဲသောညီညွတ်ရေးကိုတည်ဆောက်ရန်ဗမာပြည်တွင်အလုပ်သမားတို့အတွက် အစည်းအရုံးတခုသာရှိရန်နှင့် အလုပ်သမားတိုင်း ညီညွတ်ရန် လိုပေကြောင်း။"

ညီညွတ်ရေးဆိုတာ ဘာလဲ နားလည်ဘို့လိုတယ်။ ဒီတော့ကာ ဒီအပိုဒ် ဒီဝါကျမှာ ညီညွတ်ရေးဆိုတဲ့ အကြောင်းကို သရုပ်ဖော်ပြထားတယ်။ တူညီသောအကျိုး၊ တူညီသော အလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ ကျွန်တော်တို့ ညီညွတ်ရေးဆိုတာ ဘာအတွက် ညီညွတ်ရမှာလဲ။ ဘယ်လိုရည်ရွယ်ချက်နဲ့ ညီညွတ်ရမှာလဲ။ ရည်ရွယ်ချက်ဆိုတာ ရှိရမယ်။ ညီညွတ်ရေးဆိုတာက ဘာအတွက် ညီညွတ်ရမှာလဲ။ ရာထူးယူဘို့ ညီညွတ်ရမလား။ ဒါမှမဟုတ်ယင် ဒီတိုင်းပြည်ရဲ့ တိုင်းသူပြည်သားတွေကို နှိပ်စက်ဘို့ ညီညွတ်ရမှာလား။ ဘာအတွက် ညီညွတ်ရမလဲ။ အဲဒီတော့ကာ ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တတိုင်းတပြည်လုံး လူတမျိုးလုံးရဲ့ လွတ်လပ်ရေး။ လူတမျိုးလုံးရဲ့အကျိုး။ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်။ တူညီတဲ့အကျိုး။ တူညီတဲ့အလုပ်။ ဒါတွေကို ရအောင် အဲဒီလို တူညီတဲ့အကျိုး။ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့ အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ပြောရုံနဲ့ မပြီးဘူး။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလဲ တူရမယ်။ အကျိုးမှာလဲတူရမယ်။ ရည်ရွယ်ချက်မှာလဲ တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ခေါ် ထိုက်တယ်။ အဲဒီတော့ကာ ညီညွတ်ရေးအဆိုကို ဒီဝါကျမှာ ဖော်ပြထားတယ်။ နောက်ပြီးတော့ကာ အသေးစိတ်ထပ်ပြီးဖော်ပြထားတယ်။ ဘယ်လို ဖော်ပြထားသလဲဆိုတော့ ....။

"လယ်သီးစား လယ်ကျွန်နှင့် လယ်ယာမြေကအထိုက်အလျောက် ပိုင်ဆိုင် လုပ်ကိုင်သော တောင်သူလယ်သမားများအားလုံးသည် တူညီသောအကျိုး၊ တူညီသောအလုပ်နှင့် တူညီသောရည်ရွယ်ချက်များတွင် အခြေပြုကာ လယ်သမားအဖွဲ့များကို တည်ထောင်ကြရန် ဗမာပြည်တွင် တောင်သူလယ်သမားတို့အတွက် တခုတည်းသောအစည်းအရုံးကို တည်ဆောက်ရန်နှင့် တောင်သူလယ်သမားတိုင်း ညီညွတ်ရန်လိုပေကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ပစ္စည်းဖြစ်နေအောင် မိမိအလုပ်ခွန်အားကလွဲလို့ အလုပ်မလုပ်ယင် ဝော်မယ်ဆိုတဲ့ အခုအခါ ပစ္စည်းမဲ့ အလုပ်သမားများဆိုယင် တူညီတဲ့ ရည်ရွယ်ချက် တူညီတဲ့အလုပ်အပေါ်မှာ အခြေပြုပြီးတော့ကာ အလုပ်သမား အဖွဲ့တဖွဲ့တည်းရှိရမယ်။ အလုပ်သမားအချင်းချင်း ကွဲပြီးတော့ စင်ပြိုင်တွေမရှိစေရဘူး။ တဖွဲ့တည်းရှိပြီး အလုပ်သမားတွေ အချင်းချင်း ကိုယ်တိုင် ညီညွတ်ဘို့လိုတယ်။ နောက်ပြီးတော့ကာ တောင်သူလယ်သမားတွေကလဲ အလုပ်သမားတွေရဲ့နည်းတူ တူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အလုပ်နဲ့ တူညီတဲ့အကျိုး အခြေပြုပြီးတော့ကာ သူတို့အတွက်နဲ့ ဆိုင်တဲ့ တောင်သူလယ်သမား အဖွဲ့အစည်းကြီးတခုတည်းသာရှိပြီးတော့ လယ်သမားတွေက ညီညွတ်ဘို့လိုတယ်၊ ထို့အတူ ဈေးသည်၊ ပွဲစား၊ စာရေးစာချီ၊ ပညာသည် ရွှေနေစသည်တို့သည်လည်း ဆိုင်ရာဆိုင်ရာ သမဝါယမ အသင်းများနှင့် သမဂ္ဂများကို ဖွဲ့စည်း၍ ညီညွတ်ရေး တည်ဆောက်ကြရန် လိုပေကြောင်း”

ဒါက ကျွန်တော်တို့ ရွှေတိဂုံစေတီတော်ကို တည်ဆောက်တဲ့အခါ အုတ်မြစ် အဆင့်ဆင့်အားဖြင့် တည်ဆောက်သလိုဘဲ၊ သူ့ဆိုင်ရာဆိုင်ရာ ဒီ့ပြင် လူပုဂ္ဂိုလ်တွေ တိုင်းသူ ပြည်သားတွေကလဲ၊ မိမိတို့ ဆိုင်ရာဆိုင်ရာ ဒီ့ပြင်လူ ပုဂ္ဂိုလ်တွေ တိုင်းသူပြည်သားတွေကလဲ၊ မိမိတို့ ဆိုင်ရာဆိုင်ရာ အဖွဲ့တွေနဲ့ သမဝါယမအသင်းတွေထောင်၊ ဘာတွေထောင်။ ထောင်ပြီးတော့ကာ တူညီသောအကျိုး၊ တူညီသော ရည်ရွယ်ချက်၊ တူညီ သော အလုပ်တွေကို လုပ်ဘို့ တညီတညွတ်တည်း လုပ်ဘို့လိုတယ် အားလုံး ညီညွတ်ဘို့လိုတယ်။

“ဗမာနိုင်ငံရှိ တိုင်းရင်းသားများသည်လည်း သက်ဆိုင်ရာ လူမျိုးအလိုက် တခုတည်းသော အစည်းအရုံးကို တည်ထောင်၍ ညီညွတ်ကြရန် လိုပေသည်”

အဲဒီမှာလဲ တိုင်းရင်းသားတွေဖြစ်တဲ့ ကရင်၊ ရှမ်း၊ ကချင် အစရှိတဲ့ နယ်တွေကလဲ မိမိတို့ ဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးတွေကို တခုစီ တခုစီ ရှိရမယ်။စင်ပြိုင်မရှိဘို့လဲ ဂရုစိုက်မယ်၊ ကရင်အမျိုးသား အစည်းအရုံး၊ ရှမ်းအမျိုးသား အစည်းအရုံး၊ ကချင်အမျိုးသား အစည်းအရုံး တခုစီရှိဘို့ လိုတယ်၊ အဲဒါတွေကို တည်ထောင်ပြီးတော့ကာ သူတို့အချင်းချင်း ညီညွတ်ရမယ်၊ သူများ မညီညွတ်ခင် ကိုယ့်အချင်းချင်း ညီညွတ်ဘို့က ပဌမဆုံး အရေးကြီးတယ်။ ဥပမာဆိုရင် ခုနေအခါမယ် ကျွန်တော်တို့ နယ်ချဲ့စနစ် သမားတွေက တာတွေကို ခွဲဘို့ လုပ်နေတယ်။ ကရင်ဆိုယင် အစည်းအရုံးတခု၊ ကချင်ဆိုယင်လဲ အစည်းအရုံးတခု။ လယ်သမား အစည်းအရုံး၊ အလုပ်သမားကလဲ ဒီအတိုင်းဘဲ။ ဒါတွေကိုကွဲအောင်၊ ပြိုအောင် အမျိုးမျိုး ကြိုးစားကြမယ်။ ဒီတော့ကို ဒီလိုမလုပ်နိုင်အောင် ပဌမဆုံး ကိုယ့် ဆိုင်ရာဆိုင်ရာ အချင်းချင်းတွေက ညီညွတ်ဘို့လိုတယ်။ နောက်ပြီးတော့ကာ နိုင်ငံရေး ပါတီတို့သည်လည်း လုပ်ငန်း လုပ်နည်းနှင့် ဝါဒတူသော ပါတီအချင်းချင်း ပူးပေါင်းခြင်းဖြင့် ပိုမိုခိုင်မြဲအောင် တည်ဆောက်ရန် လိုအပ်ပေကြောင်း။ ပါတီတွေဆိုပေမဲ့ကလဲ ကျွန်တော်တို့ဗမာပြည်မှာ “ဂျီ-စီ-ဘီ-အေ” ခေတ်လို မဟုတ်ဘူး၊ ဟိုတုန်းကနိုင်ငံရေး ပါတီဆိုတာ မရှိဘူး။ ခုတော့ ရှိနေကြတယ်။ လက်ငုတ်လက်စတွေ ကျန်နေတော့ အစမသိမ်းနိုင်လို့ရှိယင် ကျွန်တော်တို့ဟာ ဒီဟာတွေကို စနစ်တကျဖြစ်တဲ့ ညီညွတ်ရေးကို ရေးရှုပြီး အလုပ်လုပ်နိုင်အောင်စီမံပေးဘို့လိုတယ်။

ဒီတော့ကာ နိုင်ငံရေးပါတီဆိုတဲ့ ဘာဘောကို သေသေချာချာ နားလည်ဘို့လိုတယ်။ ကျွန်တော်တို့ ဗမာပြည်မှာ အရင်တုန်းက တဲ့ နိုင်ငံရေးပါတီတွေကို သေသေချာချာ စမ်းစစ်ကြည့်မယ်ဆိုယင်။ ဘယ်သူ့ကိုမှ ပုတ်ခတ်လိုတဲ့ သဘောမျိုး မဟုတ်ဘဲနဲ့ပြောရယင် အမှန်စင်စစ် ပါတီသဘောရယ်လို့ သိပ်မခေါ်နိုင်ဘူး။ နိုင်ငံရေးစကား ပြောမယ်ဆိုလို့ရှိယင် (Personal Groups) တွေဘဲ၊ဘာမှ စနစ်တကျနှင့် ဖွဲ့စည်းထားတာ မဟုတ်ဘူး။

အမှန်ကတော့ ပါတီဆိုတဲ့ သဘောမျိုးကို တခြားနိုင်ငံတွေက ဖြစ်တာတွေကို လိုက်ကြမယ်ဆိုယင်နိုင်ငံရေးသဘောတရားအတိုင်း လိုက်ကြည့်မယ်ဆိုလို့ရှိယင် ကျွန်တော်တို့ ဥပမာ-ဘိလပ်မှာ လေဘာပါတီဆိုတာ ရှိတယ်။ လေဘာပါတီက ဘယ်သူ့အကျိုးကို အဓိကထားပြီး လုပ်ထားသလဲဆိုလို့ရှိယင် အလုပ်သမားတွေရဲ့ အကျိုးကို ပိုပြီးဆောင်ရွက်တယ်။ တိုင်းသူပြည်သားတွေရဲ့ အကျိုးကို မဆောင်ရွက်ဘူးလားဆိုတော့ ဆောင်တော့ ဆောင်ရွက်တယ်။ ဆောင်ရွက်ပေမယ်လို့၊ ဘယ်လိုအမြင်မျိုးနဲ့ ကြည့်သလဲ ဆိုယင် အလုပ်သမား အတန်းအစားမြင်တဲ့ အမြင်မျိုးနဲ့ ဆောင်ရွက်တယ်။ ကွန်ဆာဗေးတစ်ပါတီ။ အဲဒီပါတီကဆိုလို့ရှိယင် သူတို့အင်မတန် ရှေးကျတဲ့ အယူဝါဒတွေကို ယူပြီးတော့၊ဘယ်နေရာမဆို နိုင်ငံရေးဖြစ်ဖြစ် လက်အောက်ခံတိုင်း နိုင်ငံတွေနဲ့ဖြစ်ဖြစ်၊ တခြားနိုင်ငံတွေနဲ့ ဆက်ဆံရေးဖြစ်ဖြစ်၊ အင်မတန်ခေတ်နောက်ကျပြီးတော့ကာ နောက်ပြန်ဆွဲတဲ့ အယူဝါဒတွေများတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအဖွဲ့မျိုးတွေအထဲမှာ ဘယ်သူတွေပါသလဲဆိုတော့ကာ စက်ပိုင်ကြီးတွေ၊ အရင်းရှင်ကြီးတွေ၊ လယ်ပိုင်ရှင်ကြီးတွေ။ ဒီလိုဟာမျိုးတွေပါတယ်။ နောက်တော့ ဒီလိုအလုပ်သမားနဲ့ အဖွဲ့မျိုးကြားမယ် အလယ်အလတ် မဇ္ဈိမ ပဋိပဒါဆိုတဲ့ စကားအတိုင်းဆိုပါတော့ (သိပ်တော့ မှန်လှတဲ့စကား မဟုတ်ဘူး) အဲဒီလို လူတွေကလစ်ဘရယ်ပါတီဆိုပြီး ဖွဲ့ထားတယ်။ ဥပမာ အမေရိကန်ပြည်မှာကြည့်မယ်ဆိုလို့ရှိယင်၊ ဒီမိုကရက်နဲ့ရီပတ်ပလစ်ကင်ပါတီလို့ခွဲထားတာရှိတယ်၊ လုပ်ငန်းစဉ်နဲ့ ကြည့်မယ်ဆိုယင်၊ တူတာတွေ ရှိတဲ့အခါရှိတယ်၊ ဒါပေမယ့်လို့ တကယ်သူတို့မှာ ကျောထောက်နောက်ခံ ဖြစ်နေတဲ့ လူတွေကိုကြည့်ယင် အဲဒီလူတွေရဲ့ သဘောကိုမှီလို့လဲဖြစ်တယ်။ အလုပ်မှာ ကြည့်လိုက်မယ်ဆိုယင် ဒီပါတီတွေဟာ သူတို့ လူစုတစုရဲ့ အကျိုးကို ပဓာနရှေးဦးစွာကြည့်ပြီး အလုပ်လုပ်နေတဲ့အဖွဲ့ဖြစ်တယ်။ ဒီလိုလုပ်တဲ့အခါကျတော့၊ လူတဦးတယောက်အတွက်ကို ရည်ရွယ်တာ မဟုတ်ဘူး။ ဥပမာ ကျွန်တော်တို့တိုင်းပြည်က နာမည်တပ်ပြီးတော့၊ ဦးဖြူ - ဦးမဲအဖွဲ့ ဘယ်သူ့အဖွဲ့ရယ်လို့ရှိတယ်၊ ဟိုတိုင်းပြည်တွေမှာတော့၊ ဒီမှာလို ဦးဖြူ - ဦးမဲအဖွဲ့မရှိဘူး။ အမေရိကန်ပြည်မှာဆိုယင်၊ဒီမိုကရက်တစ်ပါတီ၊ အင်္ဂလိပ်ပြည်မှာ ကွန်ဆာဗေးတစ်ပါတီ၊ လစ်ဘရယ်ပါတီ၊ လေဘာပါတီ၊ အဲဒါမျိုးဟာဘာလဲဆိုယင် ပုဂ္ဂိုလ်စွဲ အဖွဲ့တွေမဟုတ်ဘူး၊ ဒီအဖွဲ့တွေမှာ၊ ခေါင်းဆောင် မရှိဘူး၊ ပါတီဆိုတာကသာအမြဲတမ်းတည်နေတယ်။ အဲဒီပါတီဆိုတာဟာ သူတို့ဆိုင်ရာလူတွေရဲ့ အကျိုးကိုအဓိကထားပြီး တည်ဆောက်ထားတယ်။ ဗမာပြည်မှာတော့ ဒီလိုမဟုတ်ဘူး၊ နောက်ဆုံးတနေ့မှာ တမျိုး၊ ကျွန်တော်တို့ဗမာပြည်မှာ သေသွားတဲ့ နိုင်ငံရေးခေါင်းဆောင်တချို့ သေသွားပေမယ့်လို့၊ အဲဒီသေသွားတဲ့ခေါင်းဆောင်၊ သေသွားတဲ့ ဆရာတော်ရဲ့ နာမည်ကို ယူပြီး အခုထက်ထိ၊ ဒီနာမည်အစွဲပြုပြီးခေါ် တုန်းရှိသေးတယ်။

ဗမာပြည်မှာ အဲဒီထိအောင် လွဲနေသေးတယ်။ အရင်တုန်းက နည်းနည်းပါးပါးနာမည်ရှားတဲ့လူတွေရဲ့နာမည်ကို အသုံး ပြုချင်တယ်။ အမှန်စင်စစ်ကတော့ ပါတီသဘောမျိုး သက်ဝင်တဲ့အဖွဲ့မျိုး မဟုတ်ဘူး၊ လူလဲမရှိဘူး၊ ဆိုင်းဘုတ်ဘဲရှိတယ်။ နောက်ပြီးတော့ကာ အဲဒါမျိုးတွေရှိတယ်။ သေသွားတဲ့ ကရင်အမျိုးသားတယောက်ရဲ့ နာမည်ကို အစွဲပြုပြီးတော့ ဒီလူ့ရဲ့ အဖွဲ့ဆိုပြီး ဖွဲ့ထားတယ်။ ဒီတော့ ဘယ်နှယ့်ဖြစ်နေသလဲ ဆိုတော့၊ ဒါတွေက သက်သက်နိုင်ငံရေး သဘောတရားဘာမှ မပါတဲ့ အဖွဲ့မျိုးတွေ ဖြစ်နေတယ်။ ကျွန်တော်



တို့က ဗမာပြည်မှာ ဘယ်လိုဖြစ်စေချင်သလဲဆိုလို့ရှိယင် အစွဲရှိတဲ့နာမ ဖွဲ့တွေဟာ လက်ငင်း မဖျက်နိုင်လို့ရှိယင် (နောက်မှ ကျွန်တော်ပြောပြမယ်)။

ကျွန်တော်တို့ ဘယ်လိုတည်ဆောက်ရမယ် ဆိုလို့ရှိယင် ကမ္ဘာ့နိုင်ငံရေးအဆင့်အတန်းနှင့် လိုက်လျောညီစွာ ဗမာပြည်မှာရှိတဲ့နိုင်ငံရေးအဆင့်အတန်းကို မြင့်တင်တဲ့အနေမျိုးဖြစ်အောင် သူ့ဆိုင်ရာဆိုင်ရာ အကျိုးနဲ့၊ လုပ်ငန်းရဲ့သဘောနဲ့၊ ရည်ရွယ်ချက်နဲ့ ဒီလိုရှိပြီးတော့ကာ စနစ် တကျ တည်ထောင်ဖွဲ့စည်းဘို့လိုတယ်။ အဲဒီလိုဖွဲ့စည်းတဲ့အခါမှာ မှိုလိုပေါက်တဲ့ အဖွဲ့ မျိုးများများ မရှိဘဲ ကိုယ့်အချင်းချင်း စုစုသွားကြလို့ရှိယင်၊ ဘာဖြစ်သွားမလဲဆိုယင် တဖြေးဖြေး ပါတီတွေဟာ နည်းပါးလာမယ်၊ နောက်ဆုံးကျတော့ တခုတည်းသောအဖွဲ့အဖြစ်ကိုရောက်အောင် လုပ်ရမယ်၊ ဒီလို လုပ်တဲ့အခါမှာ ကျွန်တော်တို့က ပါတီသဘောမျိုး နားလည်ပြီးတော့ နိုင်ငံရေး ပါတီတွေကို တည်ထောင်ဘို့လိုတယ်။ ဒီတော့ကာ ပါတီတွေ အကြောင်းကျွန်တော် မပြောသေးခင် ခုနကဖွဲ့တဲ့ အလုပ်သမားအဖွဲ့တွေ၊ လယ်သမားအဖွဲ့တွေ၊ သမဝါယမအဖွဲ့တွေ ဘာကြောင့် တည်ထောင်ရမလဲဆိုတာ နဲ့နဲ ပြောပြပါမယ်။ ဒီဟာတွေက ကျွန်တော်တို့ရှေးတုန်းက ညီညွတ်ရေးဆိုပြီးလုပ်ခဲ့တဲ့ အဖွဲ့အစည်းတွေ အမြောက်အမြားလုပ်ခဲ့တယ်။ နောက်ပျက်စီးသွားကြတယ်။ ဘာကြောင့်ပျက်စီးသွားသလဲဆိုလို့ရှိယင်၊ ကျွန်တော်တို့ လိုက်ပြီး စုံစမ်းကြည့်ယင် အကြောင်း အမျိုးမျိုးရှိတဲ့အနက်က အဓိကအကြောင်းကြီးက ဘာလဲဆိုတော့ ဆိုင်ရာဆိုင်ရာလူတွေရဲ့ အကျိုးကို အမြဲတမ်း အားဖြင့် ဆောင်ရွက်နေတဲ့ အစည်းအရုံးမျိုး မဟုတ်ဘူး၊ ဆိုင်ရာဆိုင်ရာလူတွေရဲ့ အကျိုးကို အမြဲတမ်း လုပ်မနေဘူး၊ မထားဘူး၊ လူတွေအဘို့မှာ လွတ်လပ်ရေးဆိုတဲ့ စကားဟာ မြေမသိ မိုးမသိဖြစ်နေတယ်။

အဲဒီတော့ လေဖမ်းဝရမ်းချည်ဆိုတာလို ဖြစ်နေတယ်။ လေဖမ်းဒါတွေနဲ့ တူလို့၊ အကောင်အထည်နဲ့ မမြင်နိုင်ဘူး။

အကောင်အထည်နဲ့ လွတ်လပ်ရေးဆိုတာ၊ နိုင်ငံရေးဆိုတာ ထင်လာအောင်၊ မြင်လာအောင် ဘယ်လိုလုပ်ရမလဲ၊ လယ်သမားဟာ သူနေ့တိုင်းတွေ့နေရတဲ့ကိစ္စတွေကို ဆောင်ရွက်ပေးတဲ့အဖွဲ့ ရှိရမယ်၊ ဒီအဖွဲ့ရှိတဲ့အခါကျတော့ ဒီအဖွဲ့ကြီးမှာ လယ်သမားတွေက အမြဲတမ်း အာရုံစိုက်ပြီးနေလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိယင်သူတို့အကျိုးကို ဆောင်ရွက်နေတဲ့အဖွဲ့ကြီး ဖြစ်တယ်။ သူတို့ရဲ့ပြဿနာတွေကို အမြဲတမ်းလုပ်နေတဲ့ အဖွဲ့ကြီးဖြစ်တယ်။ သူတို့ရဲ့စိတ်

www.burmeseclassic.com



ဝင်စားမှုဟာလျော့မျှါး မသွားနိုင်ဘူး။ အဲဒီလို မဟုတ်ဘဲနဲ့ မြေမထိ မိုးမထိ အဖွဲ့အစည်းတွေ ဖွဲ့ထားလို့ရှိယင် တိုင်းသူပြည်သားတွေကခဏစိတ်ခေတ်တက် တန်း လိုက်ပါပြီးတော့ နောက်ဆုံး စိတ်မပါတဲ့အခါကျတော့မှ အမြဲလူတွေရဲ့ စိတ်ဆိုတာ အမြဲတမ်းပါနေမှာ မဟုတ်ဘူး။ အခုတာ၊ အစည်းအဝေးကြီးတွေ လုပ်တယ်။ သိပ်ပြီးတော့ စိတ်တက် သွားတယ်၊ တော်တော်ကြာ အိမ်ပြန် ရောက် သွားတော့ လူမှုဒုက္ခတွေတွေ့သွားတဲ့အခါကျတော့ လူတွေဟာ စိတ် ပျက်လာရော၊ ဟိုသတင်းကြား ဒီသတင်းကြားဆိုယင် စိတ်ပျက် လာမယ်။ ကိုယ်ဝမ်းစာအတွက် လုပ်ကိုင်စားသောက်ရတဲ့ အတွက်နေ့စာနေ့၊ ညစာ ည ကြောင့် မေ့ပျောက်ကုန်မယ်။

အဲဒီလိုစိတ်မျိုးမရောက်အောင် ဆိုင်ရာဆိုင်ရာလူတွေရဲ့အကျိုးအမြဲကြည့် ပြီး လုပ်နေတဲ့ အဖွဲ့တွေအားဖြင့် ကျွန်တော်တို့က ထိန်းထားရမယ်။ နိုင်ငံရေး ဆိုတာ ခဏတဖြုတ်လုပ်တဲ့ဟာမျိုးမဟုတ်ဘူး။ အမြဲတမ်း လုပ်ရမယ်။ အမြဲ တမ်းရှိနေတယ်။

နိုင်ငံရေးဆိုတာက တခါတရံမှ အစည်းအဝေးလုပ်ပြီးတော့ စင်မြင့်ပေါ် ကပြောတဲ့လူကပြော၊ နားထောင်တဲ့လူကနားထောင်တဲ့ ကိစ္စမျိုးမဟုတ်ဘူး။ အမြဲတမ်းအားဖြင့် တတိုင်းပြည်လုံးမှာရှိတဲ့ တိုင်းသူပြည်သားတွေဟာ၊ မိမိ တို့ရဲ့ ဆိုင်ရာဆိုင်ရာ အကျိုးတွေကို ဆိုင်သလို ဖွဲ့စည်းပြီးတော့ကာ၊ မိမိတို့ ပြဿနာတွေကိုလုပ်ပြီးတော့ကာ ဖြေရှင်းရန်အတွက် အမြဲတမ်းလုပ်နေတဲ့ကိစ္စ၊ ဒီတော့ကာ အားလုံး လူတွေရဲ့အကျိုးကိစ္စ၊ လူတွေရဲ့ နိုင်ငံရေး၊ ဒီတော့ အဲဒီလို ဖြစ်အောင် လုပ်နိုင်ဘို့ဆိုတော့ ဆိုင်ရာဆိုင်ရာ အဖွဲ့တွေက ကြည့်ပြီးထိန်း ထားမှသာ လတွေလဲ အမြဲတမ်း နိုင်ငံရေးမှာ စိတ်ပါဝင်စားပြီးတော့တတိုင်း တပြည်လုံးပေါ်မှာရှိတဲ့ လူတွေဟာ နိုင်ငံရေး သမားဖြစ်လာအောင်၊ နိုင်ငံရေး စိတ်ဝင်စားလာအောင် ဒီလိုအဖွဲ့တွေ ရှိရမယ်။

ပါတီတွေနဲ့ပတ်သက်ပြီးတော့ ပြောရမယ်ဆိုတော့ကာ ဒီပါတီတွေကိုဖျက် ပစ်ယင် မကောင်းဘူးလားလို့ ပြောစရာရှိတယ်၊ ဒီပါတီဆိုဒါက ခုနက ပြော ခဲ့တဲ့အတိုင်း၊ ကျွန်တော် သရုပ်ခော်ပြချက်အတိုင်း၊ လူတစုရဲ့အကျိုးကိုအဓိက ထားပြီးတော့ ဆောင်ရွက်တာ ဖြစ်တယ်။ ဘာဖြစ်လို့ဆိုတော့ကာ ကျွန်တော် တို့ တိုင်းပြည်မှာ လူအမျိုးမျိုးရှိတယ်၊ အလုပ်သမားတွေရှိတယ်၊ လယ် သမားတွေရှိတယ်၊ ဒိပြင်တခြားလူတွေရှိတယ်၊ နောက်ပြီးတော့ အရင်းရှင် တွေ ဘာတွေညာတွေအစရှိသဖြင့်ရှိတယ်၊ တိုင်းပြည်မှာဆိုယင် နယ်ချဲ့အရင်း



ရှင်သမားတွေရှိတယ်၊ (ဥပမာ....စတီး၊ ဘုံဘေဘားမားဘီအိုစီ) ဒီလူတွေဟာ တဦးနှင့် တဦး အကျိုးချင်းမတူညီကြဘူး။ အကျိုးမတူတာတွေကို အကျိုး တူတယ်လို့ သွားပြောယင်မှာအလကားဘဲ၊ အလုပ်သမားနှင့် အလုပ်ရှင်ဟာ အကျိုးချင်း နေရာတကာမှာ မတူဘူး။ အလုပ်သမားက အလုပ်လခကို ပိုရ ချင်တယ်၊ အလုပ်ရှင်ကလျှော့ပေးချင်တယ်၊ အလုပ်ရှင်က ဘာကြည့်သလဲဆို ယင် များသောအားဖြင့် အလုပ်ရှင်က အလုပ်သမားတွေရဲ့ လိုလားချက်တို့ ကာတို့ ညာတို့ကို အလုပ်သမားတွေရဲ့ လခကို သိပ်မပေးချင်ဘူး၊ လျှော့ဘာနိုင် သလောက် လျှော့ပစ်ချင်တယ်၊ စောစောတုန်းက အလုပ်သမားသပိတ်တွေ- သစ်စက်သပိတ်မှောက်တာနဲ့ ပတ်သက်ပြီးတော့ ကျုပ်တို့ကြားပီးပီ။ လခ လျှော့ပစ်လို့ စတီးသစ်စက်တွေ သပိတ်မှောက်တယ်ဆိုတာ။ အမှန်ကအလုပ် သမားတွေရဲ့ လခဟာ ရှေးတုန်းကရတဲ့အခလောက်တောင်မရှိဘူး။ ပြီးတော့ စားကုန်သောက်ကုန်ဈေးတွေက အားလုံးသိကြတဲ့အတိုင်း၊ အများကြီးမြင့် နေတယ်၊ ဒီအထဲမှာရတာကလေးတောင် ပိုမပေးတဲ့အပြင်လျှော့တောင်ပေး ချင်တယ်။ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ အကျိုးမတူဘူး။ ဒါမျိုးတွေရှိ တယ်၊ လယ်သမားနဲ့ လယ်ပိုင်ရှင်ဟာ ဒီလိုဘဲ။ ဥပမာလယ်သမားမှာကြွေးမြီ ဟောင်းတွေဟင်နေလို့ အတိုးရောအရင်း ပါပေးပြီးတဲ့နောက် ကျန်ရှိနေတဲ့ အကြွေးတွေဟာလယ်သမားမျက်စေ့နဲ့ကြည့်မယ်ဆိုယင်ဒီကြွေးတွေကိုလျှော့ ပစ်ဘို့ ကောင်းတယ်။ သို့သော်အဲဒီကြွေးတွေကိုလယ်ရှင်က တောင်းရတယ်။ လယ်ရှင်ရဲ့ မျက်စေ့နဲ့ကြည့်မယ်ဆိုယင်၊ လျှော့ပစ်ချင်မှာ မဟုတ်ဘူး။

အဲဒါမျိုးဖြစ်ပေါ်နေတာတွေကို အဓိကထားပြီး၊ တည်ထောင်တဲ့ အဖွဲ့ မျိုးဆိုတာ၊ ဘယ်တိုင်းပြည်မဆို ပေါ်ပေါက်စမြဲ၊ ပေါ်ပေါက်တတ်တယ်။ ရေဇာဝင်သဘောအတိုင်း ဖြစ်နေတာ၊ ဒီရာဇဝင်သဘောတရားတွေကို လူတွေ ဟာ မလွှဲဖယ်သာနိုင်ဘူး။ မလွှဲမရှောင်နိုင်တော့ကာ၊ ဒီဟာက အနည်းနဲ့ အများ ပေါ်ပေါက်လာတော့ကာ၊ သူ့သဘောတရားနဲ့သူ ဖြစ်လာတာတွေကို ပျောက်ပစ်ဘို့ နည်းတနည်းက ဒီဗမာပြည်မှာ လူတန်းစားမရှိတဲ့အခြေအနေ ရောက်အောင်လုပ်မှ ဖြစ်နိုင်မယ်။ ဒီတော့ကာ လူချင်းအတန်းအစား ကွဲဒါ မျိုး ရှိနေသမျှကာလပတ်လုံး အနည်းနဲ့အများ ပါတီတွေဟာ ပေါ်တန် သလောက် ပေါ်လာမယ်၊ ပေါ်တော့ကာ ဒီလိုပေါ်တဲ့အခါမှာ လွတ်လပ်ရေး ကိုလဲ သဘောဘေ့၊ အယူအဆတွေ အမျိုးမျိုး ဖြစ်လာမယ်။ လွတ်လပ်ရေး ဆိုတဲ့သဘောက အမျိုးမျိုးရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘဖေကြီး ဟောပြောနေကြဆိုယင်လွတ်လပ်ရေးက လေးမျိုးရှိတယ်။ အမှန်ကတော့ လေးမျိုးမဟုတ်ဘူး၊ ဥပမာ–တိုင်းပြည် လွတ်လပ်တယ်ဆိုတာက နိုင်ငံကတော့ လွတ်လပ်တယ်၊ လူမျိုးကတော့ မလွတ်လပ်ဘူး၊ ပြောချင်တာ မပြောရဘူး။ တရားသဖြင့် သူထင်မြင်တာ မပြောရ၊ ဆိုချင်တာ မဆိုရ၊ ရေးချင်တာ မရေးရ၊ လုပ်ချင်တာ မလုပ်ရ၊ အဲဒါမျိုးဟာ ဂျပန်ခေတ်တုန်းက ခံခဲ့ရတယ်။ အဲဒီလိုလွတ်လပ်ရေးမျိုးဟာ ပါးစပ်ပိတ်၊ ကြောက်လန့်ပြီးတော့ အမြဲတမ်းနေရတဲ့ လွတ်လပ်ရေးဖြစ်တယ်။ ခါးမိုးထားတဲ့ လွတ်လပ်ရေးပဲ၊ တိုင်းသူ ပြည်သားတွေမလွတ်လပ်ဘူး၊ ရှေးတုန်းက ဗမာမင်းလက်ထက်မှာ ဒီအတိုင်း၊ တိုင်းသူပြည်သားတွေ မလွတ်လပ်မှုတွေ ရှိတန်သလောက်ရှိတယ်။ ဥပမာ-ရနောင်မင်းသား မောင်တုတ်၊ သီပေါမင်းလက်ထက်တုန်းက ရနောင်မင်းသားမောင်တုတ် လုပ်တာမျိုး၊ ရှင်ဘုရင့်ယောက်ဖလုပ်တာတောဆိုတော့ မပြောရဲကြဘူး။ ဒီမင်းသား မောင်တုတ်က၊ ဘာလုပ်သလဲဆိုယင်၊ ရှင်ဘုရင့်ယောက်ဖဆိုပြီး မြို့ပြင်လေးရပ် ထွက်လယ်၊ ချော်ချော်လှလှသမီးဆိုယင်၊ ဆိုင်ကနွားအိမ်တွေပိဆိုမှဖြင့် အိမ်ရှေ့မှာ သူလုံစိုက်လိုက်တာဘဲ၊ ဒီတော့ သမီးရှင် အုပ်ထိန်းသူများက ကန့်လန့်ကာတွေထောင်ပေးရတယ်၊ မောင်တုတ်ကလဲ ကိစ္စပြီးတဲ့အခါ သည်ပြင်နေရာတွေမှာလဲ ဒီလိုဘဲလုပ်တာဘဲ၊ အဲဒီတော့ကာ တိုင်းသူပြည်သားတွေကမလွတ်လပ်ဘူး၊ တိုင်းပြည်မှာ လွတ်လပ်တယ်ဆိုပေမဲ့၊ ဘယ်သူတွေက တိုင်းပြည်ကို အုပ်ချုပ်မှာလဲ၊ ဘယ်သူတွေက ဘယ်လိုလူတွေ အကျိုးအတွက် လုပ်မလဲဆိုတော့၊ အချို့က ပြောလိမ့်မယ်၊ လွတ်လပ်ရေးဆိုတာ ဘယ်သူအတွက်လဲ လူနည်းစုအတွက်လား၊ လူများစု အတွက်လားဆိုတာ၊ မေးနေစရာ မလိုဘူး လူများစုအတွက်လို့ ပြောမှာဘဲ။

တချို့လူတွေပါးစပ်အားဖြင့်ပြောပေမဲ့လက်တွေ့အားဖြင့်လုပ်တဲ့နေရာမှာ ဒီလိုသဘောထားချင်မှ ထားမယ်။လုပ်တဲ့နေရာမှာတွေ့သေးတယ်။လယ်သမား တွေလယ်မြေရအောင် စီမံပေးတဲ့နည်းတွေ အမျိုးမျိုးရှိတယ်။ ဒီလိုအယူအဆ တွေအမျိုးမျိုး ပေါ်နိုင်တယ်။ နောက်ပြီးတော့ကာ လွတ်လပ်ရာ လွတ်လပ်ကြောင်း လုပ်တဲ့အခါမှာ လူများစုရဲ့လွတ်လပ်ရေးရအောင် လူများစုရဲ့ အားကိုယူပြီး၊ မတည်ပြီး အလုပ်လုပ်မှ ဖြစ်မယ်လို့ဒီလိုအယူအဆတွေရှိတယ်။ တချို့က လွတ်လပ်ရေးဆိုတာဟာ ပဌမရအောင် လုပ်ရမယ်၊ နောက်ပြီးတော့မှ လွတ်လပ်ရေးရတဲ့အခါကျမှ ဖြေမယ်၊ မဲမယ်ဆိုတာကို နောက်မှ စဉ်းစားတာပေါ့လို့ ပြောကြတယ်၊ဒါကကာလဲဆိုတော့ ဝိုးတိုးဝါးတားလုပ်ပြီး



လူများစုတွေကို ဘမ်းပြရုံပြီး၊ တိုင်းသူပြည်သား လွတ်လပ်ရေးရအောင် လုပ်ပေး။ လူများစုကို အငိုက်ဖမ်းပြီး၊ မိမိတကိုယ်ကောင်း တစုကောင်း လုပ်ချင်တဲ့ သဘောဘဲ၊တိုင်းသူပြည်သားလူထုကိုပြပြီးတော့ တနည်းအားဖြင့် ဆိုယင် မျောက်ပြပြီး ဆန်တောင်းတဲ့နည်းမျိုးဘဲ၊ ဒီလိုနည်းနဲ့ လွတ်လပ်ရေး ရတာလား၊ လူများစု လူထုနဲ့လွတ်လပ်ရေး မဖြစ်နိုင်ဘူးလို့ ယူဆတဲ့လူတွေလဲ ရှိကြတယ်၊ အဲဒီလိုအယူအဆတွေရှိတော့ကာ တဦးနှင့်တဦး လူတစုနှင့်တစု သဘော ကွဲပြားလာပြီးတော့၊ ပါတီဆိုတာမျိုးပေါ်ပေါက်လာကြတယ်။

ဒီလိုပေါ်ပေါက်လာတာတွေဟာ ရာဇဝင်အလျောက် ဖြစ်ပေါ်လာတာ ဖြစ်လို့မို့၊ ကျုပ်တို့ အရမ်းတားလို့မဖြစ်နိုင်ဘူး၊ ဘိုးတော်ဘုရား လက်ထက်၊ ရှင်ဘုရင်ကနေပြီးတော့၊ ဦးပေါ်ဦးကို ဒီရေတက်လာတာသွားပြီး ကြိမ်နဲ့ အရိုက်ခိုင်းတော့ကာ ဒီလို မဖြစ်နိုင်ဒါအလုပ်ခိုင်းတော့ ဦးပေါ်ဦးက ပြန် လျှောက်တယ်။ ထိုခေတ်က တိုင်းသူပြည်သားတွေက ရှင်ဘုရင် စိတ်မဆိုး အောင် လျှောက်ရတာကိုး။အရှင်ဘုရား၏ ဘုန်းတော်ကြောင့် ပေးအပ်လိုက် တဲ့ကြိမ်ဒဏ်တော်ကို မခံနိုင်တဲ့အတွက် ဒီရေဟာရှောင်ရှောင်ထလာတယ်ဆိုတဲ့ စကား သွားအမှတ်ရတယ်။ အမှန်စင်စစ်ကတော့ အရှင်ဘုရားလုပ်ခိုင်းတဲ့အ တိုင်း မဖြစ်နိုင်ပါကြောင်း ပရိယာယ်သုံးပြီးတော့လျှောက်တာဘဲ၊ အဲဒီအတိုင်းဘဲ၊ ဒီလိုဖြစ်နေတာတွေက ရာဇဝင်အကြောင်းတရားတွေ၊ ရာဇဝင်သဘောတရား တွေ၊ စုဆောင်ပြီး ပေါ်လာတဲ့အဖွဲ့အစည်းမျိုးဆိုယင် တားဆီးဘို့ခဲယဉ်းမယ်၊ ခဲယဉ်းတော့ဒီခဲယဉ်းတာကိုကျွန်တော်တို့က ဒီအတိုင်းကြည့်နေရမလား၊ ဒီအ တိုင်း ကြည့်နေဘို့မလိုဘူး။ ဒီအတိုင်း ကြည့်နေမယ်ဆိုတာကျွန်တော်တို့က လူဆိုတဲ့ ကျွန်တော်တို့သဘောကိုသေသေချာချာ နားမလည်လို့ ဖြစ်မယ်။

လူဆိုတာ ဖန်တီးနိုင်တဲ့သတ္တိရှိတယ်၊ ခွန်အားရှိတယ်၊ ဘာဘဲဖြစ်ဖြစ်၊ ကမ္ဘာလောကကြီးမှာ ဖြစ်နေတဲ့ သဘာဝတရားတွေ၊ လူကနောက်ဆုံးမှာ လွှမ်းမိုးရမယ်၊ အောင်ကြီးပေးမယ်လို့ ဖဝါးအောက်ရောက်တယ်၊ အဲဒီလိုဘဲ၊ ဘယ်လောက် အပြန့်ကျယ်တဲ့ သမုဒ္ဒရာကြီးတွေကိုတောင်မှ လူရဲ့ဉာဏ်နဲ့ ဖန်တီးလိုက်တဲ့ သင်္ဘောတွေ၊ ရေငုပ်သင်္ဘောတွေ၊ လေယာဉ်ပျံတွေနဲ့ ကူးပြီး သွားလာနိုင်အောင် လူတွေဟာ ဖန်တီးလာခဲ့တယ်။

ဘာသာတရားအရ ပြောရမယ်ဆိုယင်လူကမှ ဘုရားဖြစ်နိုင်တယ်၊ ဒီတော့ ကာ လူမှာ ဖန်တီးနိုင်တဲ့ အစွမ်းသတ္တိရှိတယ်၊ ရာဇဝင်ကို ဘယ်သူက ဖန်တီး သလဲ။ လူကမှ ဖန်တီးတယ် မဟုတ်လား၊ လူက ဖန်တီးတယ်ဆိုတာ၊ အ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းမဲ့ အရမ်း ဖန်တီးဒါကို ပြောဒါမဟုတ်ဘူး၊ အဲဒီလို အတင်းပြောင်းလို့ မရဘူး။ ကျွန်တော်တို့က ဘာနားလည်ရမလဲ၊ ဖြစ်ပေါ်လာတဲ့ လောကရဲ့ အကြောင်းတွေ၊ ရာဇဝင် သဘောတရားတွေကို နားလည်ပီးတော့ အလုပ်လုပ်ရမယ်။ ဘယ်လိုလုပ်ရမလဲဆိုတော့ကာ ဥပမာ-ရေတံခွန်ကြီး ဆင်းလာတာကို ကျွန်တော်တို့ အမျိုးမျိုး သုံးနိုင်တယ်၊ ဒီရေတံခွန်ကြီးကို သေသေချာချာကျကျနန ဖမ်းလိုက်ပြီး၊ ရေတံခွန်က ပါဝါကို လျှပ်စစ်ဓာတ်ရအောင် လုပ်နိုင်တယ်၊ မဖမ်းတတ်၊ မသုံးတတ်ယင်၊ ရေတံခွန်ဟာ လူတွေရဲ့အကျိုး ဆုတ်ယုတ်အောင် လုပ်နိုင်တယ်။

ခုနကကျွန်တော်တို့ တပ်မတော်တွေ၊ ပဲခူးတိုက်ပွဲ၊ စစ်တောင်းတိုက်ပွဲတွေတုန်းက ဂျပန်ရန်ကို စိုးရိမ်ပြီးတော့ အင်မတန် ကြီးကြီးစားစား မြစ်ကျိုးရေကာဘာကို ကာကွယ်ခဲ့တယ်၊ အကယ်၍သာ ရေကာတာကြီးသာပျက်စီးသွားမယ်ဆိုယင်၊ အဲဒီအောက်မှာရှိတဲ့အိမ်တွေ၊ အိုးတွေ၊ လယ်တွေ၊ မြေတွေဟာ၊ အင်မတန် ပျက်စီးသွားမယ်။ ကျွန်တော်တို့တိုင်းပြည်မှာ ရံဖန်ရံခါ အားဖြင့် ရေလွှမ်းမိုးတာ ဖြစ်တယ်မဟုတ်လား၊ ရေလွှမ်းမိုးတာတွေကို ရေမလွှမ်းမိုးရအောင် စီမံနိုင်တဲ့နည်းတွေရှိတယ်၊ ဘာ့ကြောင့် ရေလွှမ်းသလဲ၊ အကြောင်းရှိတယ်၊ ဟိုလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်တုန်းက အခု ဖ-ဆ-ပ-လ အဖွဲ့ကြီးထဲမှာပါတဲ့ ဦးဘဖေတို့ကိုယ်တိုင် ဟိုတုန်းက ချယ်ယာမင် လုပ်ပြီး စုံစမ်းရေးကော်မီတီဆိုပြီးတော့ စုံစမ်းခဲ့တယ်၊ ဒါတွင်မကသေးဘူး၊ ဘာကြောင့် ရေလွှမ်းမိုးတယ်၊ ဘယ်လို စီမံဖို့ကောင်းတယ်၊ အဲဒါမျိုးတွေ အကြံဉာဏ်ပေးတယ်၊ ဒါတွေဟာနတ်ဖမ်းစားတာနဲ့ မဆိုင်ဘူး၊ သိကြားမင်းကလဲ စိတ်ဆိုးလို့ လုပ်တာမဟုတ်ဘူး၊ သူ့အကြောင်းနဲ့သူ ဖြစ်လာတာ သေသေချာချာ နားလည်ပြီးလုပ်ကိုင်လို့ရှိယင်၊ လူတွေဟာ ရေမလွှမ်းမိုးနိုင်အောင် စီမံနိုင်ရမယ်။

ဒီတော့ကာ ရာဇဝင်အကြောင်းတရားတွေနဲ့ စေ့ဆော်လို့ပေါ်လာတဲ့ အဖွဲ့အစည်းမျိုးရှိလာလို့ရှိယင်၊ ဒီလိုအဖွဲ့အစည်းမျိုးတွေကို ကျွန်တော်တို့ ဘယ်လို လုပ်ရမလဲ၊ ရာဇဝင်သဘောတရားတွေ၊ အကြောင်းတရားတွေအရ သေသေချာချာ လုပ်ကိုင်ပြီးတော့ကာ ကျွန်တော်တို့ တိုင်းပြည်နဲ့လူမျိုးအကျိုး ရှိရာရှိကြောင်း လမ်းညွှန်ပြီး သွားနိုင်ရမယ်၊ ဒီလိုမှသာ ကျွန်တော်တို့ လိုချင်တဲ့ ရည်ရွယ်ချက်တူ၊ အကျိုးတူ၊ အလုပ်တူ ညီညွတ်ရေးကိုရအောင် လုပ်နိုင်ပြီး၊ တကယ့် ညီညွတ်ရေးဆီကို လှမ်းသွားနိုင်မယ်။



"ယခုအခါ ဗြိတိသျှ နယ်ချဲ့သမားလက်အောက်မှ လွတ်မြောက်ရေး၌ တူညီသောအကျိုး၊ တူညီသောအလုပ်နှင့် တူညီသော ရည်ရွယ်ချက်များရှိသော အထက်ပါ လူတန်းစား အစည်းအရုံးများ၊ တိုင်းရင်းသား လူစုအဖွဲ့များနှင့် နိုင်ငံရေးပါတီတိုင်းသည် လွတ်လပ်ရေးအင်အားစုပေါင်းဆုံရာ ဖြစ်သော ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးနှင့် တကယ့် အမျိုးသားညီညွတ်ရေးကို ခိုင်မြဲအောင် တည်ဆောက်ကာ ဗမာပြည် လွတ်လပ်ရေးကို အရယူရန် ဤညီလာခံသဘင်ကြီးက ဆုံးဖြတ်ကြောင်း"။

ဒါက ခုနပြောသလို သူ့အလိုလို တူညီတဲ့ အကျိုးတွေနဲ့ ဖွဲ့စည်းပြီးတော့ကာ အားလုံးရဲ့ အကျိုးကို တူညီတဲ့ တမျိုးသားလုံးရဲ့ အကျိုးဟာ ဘာလဲဆိုယင် ခုနေအခါမှာ လွတ်လပ်ရေးဘဲ။ ဘယ်လို လွတ်လပ်ရေးလဲ၊ မလွတ်လပ်တဲ့ ကုန်သည်တွေဟာ အချုပ်အချယ် အမျိုးမျိုး ခံနေရတယ်၊ မလွတ်လပ်တဲ့ တိုင်းနိုင်ငံမှာရှိတဲ့ လယ်သမားတွေလဲ အချုပ်အချယ် ခံနေရတယ်၊ အလုပ်သမားတွေဟာလဲ ဒီအတိုင်းဘဲ ခံနေရတယ်၊ ဒီတော့ကာ အားလုံးဟာ သူ့အလျောက်သူ တူညီတဲ့ အကျိုးရှိတယ်၊ တူညီတဲ့ရည်ရွယ်ချက်ရှိတယ်၊ အဲဒီလိုတူညီတဲ့အကျိုး၊ တူညီတဲ့ ရည်ရွယ်ချက်ရှိတဲ့အတွက် တူညီတဲ့အလုပ် လုပ်မှသာလျှင် ရမယ်၊ ဒီတော့ ဒီလိုရအောင် အင်အားတွေ စုတားတဲ့ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးထဲမှာ အားလုံးဝင်ပြီးတော့ ဒီအဖွဲ့ချုပ်ကြီးရဲ့ခေါင်းဆောင်များ လမ်းညွှန်ရာကို နာခံပြီးတော့ကာ အဖွဲ့အစည်းထဲမှာမပါတဲ့ တိုင်းသူပြည်သားအများအပြားကလဲ ဒီအဖွဲ့ချုပ်ကြီးမှာ တသီးပုဂ္ဂလများအဖြစ် ပါဝင်ပူးပေါင်းပြီးတော့ လွတ်လပ်ရေးကိုအရယူဘို့ ဒီညီလာခံသဘင်ကြီးက ဆုံးဖြတ်ဖို့ဘဲ၊ ပါတီတွေနဲ့ ပတ်သက်ပြီးတော့ကာ သဘောထားကိုပြောပြီးထဲ့အတိုင်း ဒီညီညွတ်ရေးလုပ်တဲ့အခါမှာ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးရဲ့ အမျိုးသားစည်းရုံးခြင်းဟာ၊ ဂျီ-စီ-ဘီ-အေ အစည်းအရုံးနဲ့ မတူဘူး၊ အိန္ဒိယပြည်က လူအများသိနေတဲ့ (Indian National Congress) ကွန်ဂရက် အစည်းအရုံးနဲ့လဲ မတူနိုင်ဘူး၊ နဲနဲ ဆင်တူသလောက် တူတာကို ပြောရယင်၊ ဘိလပ်မှာရှိတဲ့ လေဘာပါတီဆိုတဲ့ အလုပ်သမားအဖွဲ့မျိုးနဲ့တော့ ဆင်သလောက် ဆင်တယ်၊ အဲဒီအလုပ်သမား အဖွဲ့ကဘယ်သူ တွေပါသလဲ ဆိုတော့ အလုပ်သမားအဖွဲ့၊ အလုပ်သမား သမဂ္ဂအဖွဲ့ ( T.U.C )၊ သမဝါယမအသင်း အဲဒီအဖွဲ့တွေ ပါတယ်။ ဒီပြင် တသီးပုဂ္ဂလအားဖြင့် ဖွဲ့စည်း

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့အဖွဲ့တွေလဲပါတယ်၊ နောက်ပြီးတော့ တရုပ်ပြည်မှာ လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်လောက်အခါက်တာ ဆွန်ရက်ဆင် ကြီးမှူးပြီးတော့၊ တရုပ်ပြည်ကြီးရဲ့ သမ္မတနိုင်ငံ တည်ထောင်ဘို့အတွက် တော်လှန်ရေး လုပ်တဲ့အခါတုန်းက တည်ထောင်ခဲ့တဲ့ ကူမင်တန်အဖွဲ့အစည်းခေါ်တဲ့ တရုပ်ပြည်က အမျိုးသားအဖွဲ့အစည်းနဲ့သာ တူသလောက်တူတယ်။

အဲဒီအခါတုန်းက အဲဒီအဖွဲ့ထဲမှာ နိုင်ငံရေးပါတီတချို့ ထည့်ပေးထားတယ်၊ ဒေါက်တာဆွန်ရက်ဆင်ဟာ တသီးပုဂ္ဂလအားဖြင့်လဲဖွဲ့စည်းတယ်။အဲဒီမျိုး ရှိတယ်၊ဒီတော့ လူတွေက ဘဲ့နဲ့ဖြစ်သလဲဆိုတော့၊ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးမှာ အဖွဲ့အသီးသီးတွေလဲပါတယ်၊ လူအသီးသီးတွေလဲပါတယ်ဆိုတော့ တချို့ကဒီအဖွဲ့တွေပါတာကို သဘောမပေါက်နိုင်ဘူး၊အိန္ဒိယကွန်ဂရက်မှာလဲ အဖွဲ့တွေမရှိဘူး၊ဂျီ-ဗီ-ဘီ-အေ တုန်းကလဲ ဒီလိုဘဲ လုပ်တယ်ထင်ပြီး ပြောနေတယ်၊ ကျွန်တော်တို့က အဲဒါတွေကိုသေသေချာချာသိဘို့လိုတယ်။

ကွန်ဂရက်အဖွဲ့ကြီးဆိုလို့ရှိယင် အမြင်အားဖြင့်၊ ဘန်းပြအားဖြင့်အမျိုးသား အစည်းအရုံးသို့ထင်မြင်နေပေမယ်လို့၊အခုအချိန်အခါမှာ အမျိုးသားအစည်းအရုံး မခေါ်နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့အဲဒီနေရာမှာ မူစလင်လူမျိုးတွေရဲ့အားကိုယူပြီးတော့ ဖွဲ့စည်းထားတဲ့ မူစလင်အစည်းအရုံးကအင်မတန်အင်အားကြီးတယ်၊ ဘယ်လိုထိအောင် ထင်ရှားနေသလဲလို့ဆိုတော့ ကာရွေးကောက်ပွဲလုပ်တဲ့နေရာမှာ မူစလင်အတွက်လူ ၃၀ နေရာရထားတယ်၊ ဒီနေရာမှာမူစလင် ၃၀ စလုံးကို မူစလင်အစည်းအရုံးရသွားတယ်၊ ဒီတော့ကာ အိန္ဒိယပြည်ရဲ့ ကွန်ဂရက်အဖွဲ့ကြီးဟာ၊ အမျိုးသား အစည်းအရုံးအနေမျိုး မဟုတ်တော့ဘူး။

ပြည်နယ်တွေမှာလဲဒေသန္တရအဖွဲ့တွေရှိ သေးတယ်၊ကျွန်တော်တို့ အိန္ဒိယပြည် သွားတုန်းကဆိုယင် အဖွဲ့ပေါင်း အများကြီးတွေ့ရတယ်၊ တွေ့ရုံမကဘူး။ ကွန်ဂရက်ထဲမှာ၊ ဒါသဘောမျိုး လွတ်လပ်ရေးကို သဘောအပြောယ်ရှိပြီးတော့ လွတ်လပ်ရေးရအောင်ဘယ်လိုလုပ်ဖို့ကောင်းတယ်ဆိုတဲ့ သဘောတွေဒီအဖွဲ့အစည်းထဲမှာနေပြီးတော့ ညီလာခံသဘင်တွေကျယင် လွတ်လပ်ရေးဆိုတာ ဘယ်လိုသဘောမျိုး ဖြစ်ဖို့ကောင်းတယ်၊ ဒီလွတ်လပ်ရေးကို အမြန်ရအောင် ဘယ်လိုလုပ်ဖို့ကောင်းတယ်ဆိုပြီး သဘောအယူအဆတွေ အများအပြား ကွဲကြတယ်၊အားလုံးသဘောကျပြီးပြီဆိုလို့ရှိယင်၊အများသဘောတူ



ဆောင်ရွက်ကြတယ်၊ ဒါကြောင့် ကွန်ဂရက်မှာလဲ အဲဒီအဖွဲ့မျိုး ရှိတယ်။ အဲဒီလိုအဖွဲ့မျိုးဆိုတာ ဗမာပြည်မှာရှိတဲ့ အဖွဲ့မျိုးကို ပြောတာမဟုတ်ဘူး။

ဗမာပြည်မှာ လူတယောက်ရဲ့ နာမည်ကို အခြေခံပြုပြီးဖြစ်တဲ့ အဖွဲ့၊ ဝေစား(ဝါးစေ)ရေး အဖွဲ့မျိုးမဟုတ်ဘဲနဲ့ ခုနကပြောတဲ့အဖွဲ့ဟာအနေနဲ့အမြန် ပေါ်ပေါက်မယ်။ ပေါ်ပေါက်တဲ့အခါကျတော့ခုနပြောသလို အမျိုးသားအစည်းအရုံးဖြစ်တဲ့ ဖ-ဆ-ပ-လ အဖွဲ့ချုပ်လိုဟာမျိုးမှာ ဝင်ရောက်ပြီးတော့ကာ၊ ဒီ ဖ-ဆ-ပ-လ အဖွဲ့ကြီးရဲ့ ချုပ်ကိုင်ချက်၊ လမ်းညွှန်ချက် ထိန်းသိမ်းခြင်းကိုခံယူပြီး လုပ်မယ်ဆိုယင် ညီညွတ်ရေးကို မထိခိုက်နိုင်ပါဘူး။အဖွဲ့ချုပ်ကြီးက ဘယ်လိုချုပ်ကိုင်ရမလဲ ထိန်းရမလဲဆိုယင် ပါတီအချင်းချင်း ပြိုင်ဆိုင်မှုရှိယင် အကောင်းနည်း ပြိုင်စေရမယ်၊ အဆိုးနည်းမပြိုင်အောင်တားပေးရမယ်။

ဘယ်လိုအကောင်းနည်းပြိုင်ရမလဲဆိုယင်၊ တိုင်းပြည်နှင့် လူမျိုးအတွက်၊ အဖွဲ့ချုပ်ကြီးအတွက် ဘယ်လောက်ထိအောင် စွမ်းဆောင်နိုင်တယ်၊ လုပ်ပြနိုင်တယ်လို့ တဦးနှင့်တဦး ပြိုင်ကြမယ်ဆိုယင် အကောင်းပြိုင်နည်းမျိုးဘဲ။ ဒီလို အကောင်းပြိုင်နည်းမျိုးမဟုတ်ဘဲ၊ တဦးနှင့်တဦး ပျက်စီးရာပျက်စီးကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအကျိုး၊ အဖွဲ့ချုပ်ကြီးရဲ့အကျိုးကို ဂရုမမူဘဲ၊ ပြိုလုပ်ကြမယ်ဆိုယင်၊ ဒါ အဆိုးပြိုင်နည်းဘဲ။ ဒီလိုအဆိုးပြိုင်နည်းမျိုး မရှိအောင် အဖွဲ့ချုပ်ကြီးက တားပေးရမယ်၊ ပြီးတော့ တဦးနှင့်တဦး တဖွဲ့နှင့်တဖွဲ့ ညီညွတ်သည်ထက်ညီညွတ်အောင် လုပ်ပေးရမယ်။ နိုင်ငံရေး ပါတီဆိုဒါမျိုးကို ပါတီသဘောမျိုး ဖွဲ့စည်းတာမျိုး ရှိစေရမယ်။အဲဒီလို စည်းကမ်းတွေသတ်မှတ်ပြီး၊ နိုင်ငံရေးအဖွဲ့တွေကို လက်ခံမယ်ဆိုယင်၊ အဖွဲ့ချုပ်ကြီးဟာလဲ တည်တံ့မယ်၊ အမျိုးသား ညီညွတ်ရေးဟာလဲ ပျက်စရာမရှိဘဲ တဆင့်ထက်တဆင့် တိုးပြီး ခိုင်မြဲသွားမယ်။

ဒီ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးထဲမှာ တသီးပုဂ္ဂလတွေလဲ ပါပါတယ်၊ အခုကွန်ဂရက်ကြီးဘက်တဲ့ လူတွေထဲမှာတသီးပုဂ္ဂလသဘောမျိုးနဲ့ကိုယ်စားလှယ်တွေဟာ၊ ပါတီကိုယ်စားလှယ်တွေထက် များပါတယ်။ ဒီတော့တသီးပုဂ္ဂလလုပ်တဲ့ ပုဂ္ဂိုလ်တွေက ပါတီတွေကိုတော့ ဂရုစိုက်ပြီး၊ ဒို့တော့ဂရုမစိုက်ဘူးလို့ မထင်ပါနှင့်၊ ခင်ဗျားတို့အတွက်လဲ သီးသန့် စည်းမျဉ်းထဲမှာ ထည့်ထားပါတယ်။ အခြေအနေအလျောက်သာ ပါတီတွေကို လက်ခံရတယ်ဆိုတာ နားလည်စေချင်တယ်။ တသီးပုဂ္ဂလလုပ်တဲ့ လူတွေသာ လုပ်တတ်လို့ ရှိယာ ပါတီတွေဟာ အဖွဲ့ချုပ်ကြီး လုပ်ငန်းကို အမြဲတစေ ထောက်ခံအောင် လုပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ပါတယ်၊ ပါတီတွေက မဟုတ်တာလုပ်တဲ့အခါ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးကိုသာ ချွေရှအောင် ရိုက်သွင်းပေး၊ ရိုက်သွင်းမရရင် ဝိုင်းပယ်ပစ်။ လူထုကို အမြဲတမ်း ဖ-ဆ-ပ-လနောက် ရှိအောင်လုပ်ရင် ပါတီတွေဟာ ကောင်းကောင်းနေမှာဘဲ၊ ဒါခင်ဗျားတို့အပေါ်မှာ တည်ပါတယ်။ ခင်ဗျားတို့လုပ်ဖို့ ဖြစ်ပါတယ်။

နိဂုံးချုပ်တွင် လူငယ်ခေါင်းဆောင်များကို ကျုပ်လဲလူငယ်ဖြစ်တဲ့အတိုင်း အထူး မှမေတ္တာရပ်ခံသွားချင်တယ်၊ လူငယ်တွေဟာ တိုင်းပြည်နှင့် လူမျိုးအတွက် ဘယ်လောက်လုပ်တယ်ဆိုတာလဲ လူအများအပြား သိကြတာဘဲ။ လူကြီးတွေဆိုတာလဲ ဒီတိုင်းပြည်မှာ အတော်ဘဲ မရှိကြတော့ဘူး။ လူငယ်တွေရဲ့ခေတ် ရောက်လာပါပြီ၊ ဒီလို မိမိတို့ခေတ် ရောက်လာတဲ့အခါ မိမိတို့ဟာ ရှေးက နိုင်ငံရေးသမားတွေမှားသလို မမှားကြတော့ဘဲ၊နည်းသစ်၊ အလုပ်သစ်၊ စိတ်သစ်၊ နိုင်ငံရေးသစ်ကိုလုပ်ဖို့ အထူးသတိပြုစေလိုပါတယ်။ တဦးနှင့်တဦးလဲ အယုံအကြည် အရမ်းမကောင်းကြပါနှင့်၊ တဦးနှင့်တဦးလဲ ဝေဖန်ယှဉ်း အားမကြီးပါနှင့်၊ ရှေ့ကိုလဲ သိပ်လောမကြီးပါနှင့်၊သိပ်လောကြီးရင် စစ်ကျွံသလိုဖြစ်မယ် ဆိုတာကို သတိပြုပါ၊ စစ်တပ်များဟာ သာမန်စစ်သားရဲ့ ခြေလှမ်းနှင့် နှိုင်းချိန်ပြီး စစ်ချီရသလို တနိုင်ငံလုံး တမျိုးသားလုံး လွတ်လပ်ရေးပန်းတိုင်ကို တပ်လုံးချီတဲ့အခါ ခြေလှမ်း ညီညီညာညာနှင့် တပ်ချင်းပြတ်ပြီး တပ်မကျွံရအောင် ရန်သူက အမှည့်ချွေ၊ ချွေပြီး မတိုက်နိုင်အောင်၊ ရာဇဝင်မှာ မင်းရဲ့ကျော်စွာ စစ်ကျွံသလို မကျွံရအောင် မှန်မှန်ကြီး ချီးသွားဖို့ အထူးအရေးကြီးပါတယ်။ အဲဒီလို ခြေလှမ်းမှန်မှန်နှင့် တနိုင်ငံလုံး တမျိုးသားလုံးရဲ့ လွတ်လပ်ရေးကို ရှေ့ရှုပြီး ညီညွတ်ရေးကို ဆောင်ရွက်တဲ့အခါ လူငယ်များဟာ တပ်ဦးက ခြေလှမ်းမှန်မှန်လှမ်းကြရန် အရေးကြီးပါတယ်။

ဖ-ဆ-ပ-လ ထဲတွင် အချို့လူကြီးများကို အချို့က သဘောမကျ ပုတ်ခတ်ကြတယ်။ သူတို့တတွေ ဟန်ပါမလား။ သူတို့နှင့်ပေါင်းလို့ ဖြစ်ပါမလားလို့ ပြောကြတယ်။ ဘုရားလက်ထက်မှာတောင် အလဇ္ဇီရဟန်းများရှိရင် ကျုပ်တို့ ဖ-ဆ-ပ-လ မှာလဲ ကျုပ်တို့မသိတဲ့ အလဇ္ဇီတွေ ရှိမှာပဲ။ဒါပေမဲ့ဘုရားလက်ထက်က သူဌေးကြီးတဦးလုပ်သလို၊ ဒီလို နိုင်ငံရေး အလဇ္ဇီတွေကိုလဲ ဆက်ဆံစေလိုတယ်။ ဘယ်လိုလဲဆိုရင်၊ ဘုရားလက်ထက်က မဟာဒုတ် ဆွမ်းကျွေးတဲ့အခါ အလဇ္ဇီရဟန်းတပါးကို သူဌေးကြီးတဦးက မဲကျတော့ ကောင်းကောင်းမွန်မွန် သူကို ကျွေးမွေးလွှတ်လိုက်တယ်၊ ဒီတော့ ဟန်းတုက ငါတော့ အမဲမြင်လို့



သဘောရပြီး နောက်တခါ သူဌေးကြီးဆီလာပြီး တရှင်းလာငွားတယ်။ဒီတော့ သူဌေးကြီးက ခြေတော်ကန်နှင့်ထိုးပြီး တရှင်းကို ပေးလိုက်တယ်၊ ဒါကို- ဒီပြင်သူတယောက်ကမြင်တော့၊ ခင်ဗျား အရင်တမျိုး၊ခုတမျိုး ဘာလို့လုပ်သလဲလို့ မေးတဲ့အခါ သူဌေးကြီးက ဒီရဟန်းဟာ အလဇ္ဇီဖြစ်မှန်း ငါသိတယ်၊ အရင်တခါ ငါ့ဆီလာတဲ့အခါ သူဟာ သံဃာရဲ့ကိုယ်စားလှယ်အဖြစ်လာတယ်၊သံဃာကို ကြည်ညိုတဲ့သဘောနဲ့ သူကိုဆွမ်းလုပ်ကျွေးလိုက်တယ်၊ အခုတခါ သူလာတာဟာ ပုဂ္ဂိုလ်အနေနဲ့ ဖြစ်တယ်၊ ဒါကြောင့် ဘုရားဟောအတိုင်း၊ ငါမကြည်ညိုချင်ယင် ဖြစ်တယ်လို့ ပြန်ပြောပြတယ်။ အဲဒီအတိုင်းဘဲ၊ ကျုပ်တို့ ဖ-ဆ-ပ-လထဲမှာပါတဲ့ ခင်ဗျားတို့သိတဲ့အတိုင်း အလဇ္ဇီတွေရှိယင်၊ ဖ-ဆ-ပ-လရဲ့ လုပ်ငန်းကို လုပ်တဲ့အခါ ဖ-ဆ-ပ-လကို ကြည်ညိုသောအားဖြင့် သူတို့ကို ဆက်ဆံပါ၊ သို့သော် သူတို့ဖာသာသူတို့ လုပ်တဲ့အခါ ဖ-ဆ-ပ-လမှ စာ အထောက်အထား မပါဘဲ၊ သူတို့အကျိုး သူတို့ လုပ်တဲ့အခါ ခင်ဗျားတို့ မထောက်ခံပါနှင့် ခင်ဗျားတို့ သဘောအတိုင်းဘဲ၊ ဒီလိုလူတွေဟာလဲ တဖြေးဖြေးကျရင် ဆန်ပြာသလို ပြာပစ်ရမှာဘဲ၊ ဒီတော့ နောက်ဆုံးကျယင် စင်ကြယ်တဲ့ညီညွတ်ရေး၊ စင်ကြယ်တဲ့ နိုင်ငံရေးလုပ်မဲ့လူတွေဟာ၊ ဖ-ဆ-ပ-လကြီးမှာရှိပြီး ဖ-ဆ-ပ-လကြီးကို တိုင်းပြည်က အမြဲအားပေးယင်၊ ဘယ်နည်းနှင့်မဆို လွတ်လပ်ရေးဟာ မြေကြီးလက်ခတ်မလွဲတန်း ရမှာဘဲ၊ ဒါကြောင့် ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးထဲ အားလုံး တိုင်းသူပြည်သားများဟာ ဝင်ပြီးတော့ စင်ကြယ်တဲ့ ညီညွတ်ရေး၊ စင်ကြယ်တဲ့ နိုင်ငံရေးကို တည်ဆောက်ကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

ဌင်းနောက် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါ အဆိုကို တင်သွင်းကြောင်း။

## ညီညွတ်ရေး

"ဗမာပြည်သည် အာဏာပိုင် တိုင်းပြု ပြည်ပြု လွှတ်တော်ကြီး ခေါ်၍ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့် ရှိသော အခြေအနေသို့ ဆိုက်ရောက်အောင် (ဝါ) လွတ်လပ်ရေး ရအောင် အလိုဆုံး အရာမှာ ညီညွတ်ရေးပင် ဖြစ်ကြောင်း၊ ညီညွတ်ရေးသည် တူညီသောအကျိုး၊ တူညီသော အလုပ်နှင့် တူညီသော ရည်ရွယ်ချက်တို့တွင် အခြေပြုရမည်ဖြစ်ကြောင်း၊ ပစ္စည်းမဲ့ အလုပ်သမား လူတန်းစားသည် တူညီသော အကျိုး၊ တူညီသော အလုပ်နှင့် တူညီသော ရည်ရွယ်ချက်တို့တွင်

www.burmeseclassic.com



အခြေပြုကာ၊ သမဂ္ဂများဖွဲ့၍ ခိုင်မြဲသော ညီညွတ်ရေးကို တည်ဆောက်၍၊ ဗမာပြည်တွင် အလုပ်သမားတို့အတွက် အစည်းအရုံး တခုသာ ရှိရန်နှင့် အလုပ်သမားတိုင်း ညီညွတ်ရန် လိုပေကြောင်း၊ လယ်သီးစားလယ်ကွက်လိုနှင့် လယ်ယာမြေ ကေအတိုက်အလျှောက် ပိုင်ဆိုင် လုပ်ကိုင်သော တောင်သူလယ်သမားများ အားလုံးသည် တူညီသောအကျိုး၊ တူညီသောအလုပ်နှင့် တူညီသော ရည်ရွယ်ချက်များတွင် အခြေပြုကာ လယ်သမားသမဂ္ဂများကို တည်ထောင်ကြရန် ဗမာပြည်တွင် တောင်သူလယ်သမားတို့အတွက် တခုတည်းသော အစည်းအရုံးကို တည်ဆောက်ရန်နှင့် တောင်သူလယ်သမားတိုင်း ညီညွတ်ရန် လိုပေကြောင်း၊ ထို့အတူ ဈေးသည်၊ ပွဲစား၊ စာရေး၊ စာချီ၊ ပညာသည်၊ ရွှေနေ စသည်တို့သည်လည်း ဆိုင်ရာဆိုင်ရာ သမဂ္ဂါယမအသင်းများနှင့် သမဂ္ဂများကိုဖွဲ့စည်း၍ ညီညွတ်ရေး တည်ဆောက်ကြရန် လိုပေကြောင်း။

"ဗမာနိုင်ငံရှိ တိုင်းရင်းသားများသည်လည်း သက်ဆိုင်ရာ လူမျိုးအလိုက် တခုတည်းသော အစည်းအရုံးကို တည်ထောင်၍ ညီညွတ်ကြရန်လိုပေသည်။

"နိုင်ငံရေးပါတီတို့သည်လည်း လုပ်နည်းနှင့် ဝါဒတူသော ပါတီအချင်းချင်းပူးပေါင်းခြင်းဖြင့် ပို၍ခိုင်မြဲအောင် တည်ဆောက်ရန် လိုအပ်ပေကြောင်း အထက်ပါနည်းအရ လူတန်းစား အစည်းအရုံးများ၊ တိုင်းရင်းသား လူနည်းစုအဖွဲ့များနှင့် နိုင်ငံရေးပါတီများသည် အမြန်ဆုံး ခိုင်မြဲညီညွတ်စွာ တည်ဆောက်ရမည် ဖြစ်ကြောင်း။

"ယခုအခါ ဖြိုဖျက်သူ နယ်ချဲ့သမား လက်အောက်မှ လွတ်မြောက်ရေး၌ တူညီသော အကျိုး၊ တူညီသော အလုပ်နှင့် တူညီသော ရည်ရွယ်ချက်များရှိသော အထက်ပါ လူတန်းစား အစည်းအရုံးများ၊ တိုင်းရင်းသား လူစုအဖွဲ့များနှင့် နိုင်ငံရေးပါတီတိုင်းသည် လွတ်လပ်ရေးအင်အားစု ပေါင်းဖိုကြီး ဖြစ်သော ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးနှင့် တကွဲအမျိုးသား ညီညွတ်ရေးကို ခိုင်မြဲအောင်တည်ဆောက်ကာ ဗမာပြည် လွတ်လပ်ရေးကို အရယူရန် ဤညီလာခံက ဆုံးဖြတ်ကြောင်း။"

အဆိုကို ညီလာခံလူထုက ထောက်ခံအတည် ပြုလိုက်ကြောင်း။

# ရခိုင်ပြည် အခြေအနေ

၁၉၄၆ ခု မတ်လတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် (ဖဆပလ) အဖွဲ့ဝင် အချို့တို့သည် (ဖဆပလ) အဖွဲ့ချုပ်မှ ငှါးထားသော လေယာဉ်ပျံကလေးဖြင့် ရခိုင်ပြည်သို့ သွားခဲ့ကြသည်။ စစ်တွေ၊ မြေပုံ၊ မင်းပြားတို့တွင် (ဖဆပလ) အဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များကို လူထု အစည်းအဝေးများ ကျင်းပ တင်ပြပြီး မတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ရောက်ကြသည်။ ၂၆ ရက်နေ့နံနက် ၉ နာရီခွဲတွင် သတင်းစာ ကွန်ဖရင့် ကျင်းပ၍ ရခိုင်ပြည် အခြေအနေများကို ရှင်းလင်း ပြောပြကြလေသည်။ ဗိုလ်ချုပ် အောင်ဆန်း၏ ရှင်းလင်း ပြောပြချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

တောင်ကုတ်သို့ မရောက်ခင် တရက်တွင် ဘန်းကြီး နှစ်ပါးသည် ဖ၊ ဆ၊ ပ၊ လ ဆန့်ကျင်ရေး ဝါဒကို လက်သိပ်ထိုး ဖြန့်နေသည်ဟု သိရကြောင်း၊ သို့သော် မတ်လ ၂ ရက်နေ့ တရားဟောပွဲ ကျင်းပလိုက်သည့်အခါ လူအတော် စည်ကားပြီး ရှင်းလင်းသွားကြောင်း၊ ထို့နောက် ခရီးစဉ်နှင့် ဟောပြောခဲ့သည်များကို ရှင်းပြပြီး ရခိုင်ပြည်၏ စီးပွားရေး၊ နိုင်ငံရေး အခြေအနေတို့ကို ပြောပြကြောင်း၊ နိုင်ငံရေးမှာ ရခိုင် တပြည်လုံးသည် ဖ၊ ဆ၊ ပ၊ လ ဖက်သို့ စိတ်အား ထက်သန်နေကြသည်ကို သိခဲ့ရကြောင်း၊ ရောက်သည့် နေရာတိုင်းမှာပင် အစိုးရပိုင်းမှ အနှောင့်အရှက် မတွေ့ရဘဲ အချို့ ကိစ္စများတွင် ကူညီသည်ကိုပင် တွေ့ရကြောင်းနှင့် ပြောပြကြောင်း။

ရခိုင်ပြည်တွင် အဖမ်းအဆီး ကိစ္စနှင့် စပ်လျဉ်း၍ လူအချို့ကို ကာကွယ်ရေး ဥပဒေနှင့် ဖမ်းဆီးထားကြောင်း၊ 'ဘိအိုင်အေ' လက်ထက်က အမှုများနှင့် ဖမ်းသည်ဟု သိခဲ့ရကြောင်း၊ အချို့ကို မားပြမှုနှင့် ဖမ်းကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဝင်စဉ်မှာ အချို့သည် ခေါးပြမှုနှင့် လုံးဝ မပတ်သက်ဟု သိရကြောင်း။ ဖ၊ ဆ၊ ပ၊ လ မှ လူ ၁၂ ယောက်ခန့် ဖမ်းဆီးတားရာ ထိုကဲ့သို့ ဖမ်းဆီးထား ခြင်းသည် ရန်ငြိုးပြည်သူး ဆိုင်ရာ ညီလာခံ သဘင် ပျက်ပြားစေရန် အမှုရှာ သည်နှင့် တူနေကြောင်းနှင့် ပြောဆိုကြောင်း။

## ကြေညာချက် ထုတ်မည်

သတင်းစာ ဆရာများက သခင်ထွန်းအုပ်၏ ရုပ်စုံချက်များနှင့် စပ် လျဉ်း၍ မေးမြန်းကြရာ.... ဗိုလ်ချုပ်အောင်ဆန်းက ထိုကိစ္စနှင့် စပ်လျဉ်း၍ မကြာမီ ကြေညာချက် တရပ် ထုတ်ပြန်မည် ဖြစ်ကြောင်း၊ မိမိသည် မည်သူ့ အားမျှ စစ်ရာဇဝတ်ကောင် ဖြစ်အောင် မကူပ်စွဲခဲ့ကြောင်း၊ ဖ၊ ဆ၊ ပ၊ လ သည် စစ်ရာဇဝတ်မှုများကို လွတ်ငြိမ်းချမ်းသာခွင့် ပေးရန် အဆိုကို သုံး ကြိမ်တိုင်တိုင် ဆုံးဖြတ်အတည်ပြုခဲ့ကြောင်း၊ အစိုးရ ယုပ်ပုံမှာ အပြောနှင့် မညီညွတ်၍သာ ပြောနေရခြင်း ဖြစ်ကြောင်း။

### အားလုံး အရေးယူပါလား

'ဘီအိုင်အေ' လက်ထက်က လုပ်သည့် ကိစ္စများနှင့် စပ်လျဉ်း၍ အချို့ကို လျစ်လျူရှု၊ အချို့ကို ရာထူးပေး၊ အချို့ကို ဖမ်းလားဆီးလားနှင့် အရေးယူ နေခြင်း စသဖြင့် မညီမညွတ် လုပ်နေသည့် အတွက် အစိုးရတို့အား အရေး ယူမည် ဆိုကလည်း အားလုံးကို အရေးယူပါ။ လျစ်လျူ ရှုမည် ဆိုကလည်း တယောက်မကျန် တသဘောတည်း ထားပါဟု ပြောနေရခြင်း ဖြစ်ကြောင်း။ ရာထူးမယူယင်ဘဲ ဖမ်းတော့မလိုလို လေသံလွှင့်ခဲ့လို့ ဂုတိုက်သည့် အနေဖြင့် ရာထူးမယူဘဲ နေခဲ့ပါသည်ဟု ဗိုလ်ချုပ် အောင်ဆန်းက ရှင်းပြကြောင်း၊ မောင့်ဘက်တန်က စစ်ဖက်တွင် ရာထူးပေးပုံနှင့် တကွ ကန္ဒီ စာချုပ် အ ကြောင်းနှင့် ပတ်သက်၍ အချို့ အချက်များကို ရှင်းလင်း ပြောပြကြောင်း။

စိုးပွားရေးသတင်းစာ
၂၃-၃-၄၆။



ကန်တော်မင်ပန်းခြံတွင် ပြုလုပ်သော ပြည်သူ့လွတ်လပ်မှု ချုတ်ချယ်ဖြင်းကန့်ကွက်ပွဲသို့ ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိလာစဉ်


(၁၉၄၆ ခု၊ ဇွန်လ ၇ ရက်)

www.burmeseclassic.com

www.burmeseclassic.com




မြန်မာပြည်တနှံ့ လှည့်လည်တရားဟောခဲ့စဉ်က



ဗိုလ်ချုပ်အောင်ဆန်း၏ နယ်လှည့်တရားဟောပွဲများမှ လူထုတစိတ်တဒေသ

www.burmeseclassic.com

www.burmeseclassic.com



# ငါတို့ သွားအနီးဖြင်ခဲ့သောနေ့

၁၉၄၆ ခု၊ မတ်လ ၂၇ ရက်၊ တော်လှန်ရေးနေ့၊ ကန်တော်မင် ပန်းခြံတွင် ဗိုလ်ချုပ်အောင်ဆန်းသည် တော်လှန်ရေးနှင့် စပ်လျဉ်း၍ အနောက်နိုင်ငံများတွင် ဖြစ်ပျက်နေပုံ၊ လွန်ခဲ့သော စစ်ပွဲကြီးအတွင်း ဗြိတိသျှနှင့် အမေရိကန်တို့ ကတိထားပုံ၊ မြန်မာပြည်နှင့် အိန္ဒိယ လွတ်လပ်ရေးအတွက် ဗြိတိသျှတို့က တာဝန် မခံပုံတို့ကို အကျယ်တဝင့် ပြောပြပြီးနောက် မြန်မာပြည်နှင့် စပ်လျဉ်းသော အချက်အလက်များကိုလည်း အောက်ပါအတိုင်းရှင်းလင်း ပြောပြသွားလေသည်။

အတ္တလန်တိတ်ချာတာအရ နိုင်ငံကလေးတွေ လွတ်လပ်ရေးပေးဖို့ ကြေညာခဲ့တယ်။ ကျွန်တော်တို့ ဗမာပြည်နဲ့ အိန္ဒိယပြည်ကို မပါဘူးလို့ နန်းရင်းဝန် မစ္စတာချာချီက ပြောခဲ့တယ်။ ဒီကိစ္စကို အမေရိကန်ကတော့ တကမ္ဘာလုံးနဲ့ဆိုင်တယ်လို့ ပြောခဲ့တယ်။

### ဗမာကို မကာကွယ်ဘူး

အဲဒီလိုဖြစ်တဲ့အချိန်မှာ ဗမာပြည် ကာကွယ်ရေးဌာနကို ကျကျနနဖြစ်အောင် မလုပ်ဘူး။ ငွေကုန်အောင်ဘဲ သုံးနေတယ်။ ဒီလိုဖြစ်တော့ ဗမာပြည်အခြေအနေဟာ တိုင်းသူပြည်သားများ အလိုကျ မဖြစ်ဘဲနဲ့ သူများရဲ့ ကျူးကျော်စော်ကားခြင်းခံရမလို ဖြစ်နေတယ်။ ဒီလိုဖြစ်တဲ့အတွက် လွတ်လပ်ရေးရရာရကြောင်းကို တတ်နိုင်တဲ့နည်းတွေနဲ့ လုပ်ခဲ့ရတယ်။

### ဒီလိုလုပ်ခဲ့တယ်

ဘယ်လိုလဲဆိုယင် ဖက်ဆစ်ဂျပန်ကိုဘဲ ဒီအခါတုန်းက ကျွန်တော်တို့တိုင်းပြည်နဲ့ ဆက်သွယ်ဖို့ ကြိုးစားလို့ ဂျပန်တွေနဲ့ အဆက်အသွယ်ရခဲ့တယ်၊ ဒီလိုရှေ့ဆောင်တဲ့သဘောက မြန်မာပြည် လွတ်လပ်ရေး ရဖို့အလုပ်မှာ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဆီက အကူအညီရရ လုပ်ရမယ်ဆိုတဲ့သဘောဖြစ်တယ်။ ဂျပန်တွေ မြန်မာပြည်ကိုလာစေချင်လို့ မဟုတ်ပါဘူး။

## အင်္ဂလိပ်ရှုံးယင်

ဟိုအခါတုန်းကစစ်ကြီးရဲ့အခြေအနေကိုကြည့်တော့ ဂျပန်တွေဟာ ဗမာပြည်လာတိုက်ချင်တိုက်မှာကို မြင်ခဲ့တယ်။ ဂျပန်လာယင်အင်္ဂလိပ် အစိုးရက ဗမာပြည်ကို ကာကွယ်နိုင်မှာ မဟုတ်ဘူးဆိုဒါသိခဲ့လို့ အင်္ဂလိပ်ရှုံးယင် ဗမာတွေ ဘယ်လိုလုပ်မလဲဆိုတဲ့ ပြဿနာတွေကို စဉ်းစားကြည့်တဲ့အခါ လူထုအင်အားနဲ့ အင်္ဂလိပ်အစိုးရကို အာဏာဖီဆန်ရေးတွေလုပ်မယ်၊ စစ်သဘောအားဖြင့် လက်နက်ခဲယမ်းမီးကျောက်လိုလာတယ်။ ဒီအခါမှာ တခြားက အကူအညီရမှဖြစ်မယ်ဆိုပြီး ကိုယ့်တိုင်းပြည်ရဲ့ ကံကြမ္မာ ကိုယ့်ဖာသာ ဖန်တီးတဲ့သဘောနဲ့ ဖြစ်သလို စီစဉ်ခဲ့ရတာဘဲ။ အင်္ဂလိပ်အစိုးရက အရေးပါ အရာရောက်တဲ့ နိုင်ငံရေးသမားတွေကို ထောင်ထဲသွင်းထားလို့ လွတ်လပ်ရေးအတွက် ရှိတဲ့လုပ်ငန်းမှာ လူအင်အား မလုံမလောက်ဖြစ်ခဲ့ရတယ်။

## ဂျပန် ရည်ရွယ်ချက်

ဂျပန်ကလဲ ပေးသလောက် ပေးခဲ့တယ်။ သူတို့ရဲ့ အလိုအလျောက်လဲ ဝင်တိုက်ခိုက်ခဲ့ကြတယ်။ အမှန်စင်စစ်ကတော့ မူလကတည်းက ဂျပန်တွေမှာ ရည်ရွယ်ချက် ရှိခဲ့တယ်၊ တရုပ်ပြည်မှာ စစ်တိုက်နေကတည်းက ဂျပန်မူးမတ်ဟယောက်က ဂျပန်ရှင်ဘုရင့်ထံ တင်သွင်းတဲ့စာမှာကြည့်တော့ သိရပါတယ်။ ဂျပန်စစ်ဗိုလ် အီချီဒါးရေးတဲ့စာထဲမှာကြည့်ယင်လဲ သိရပါတယ်။ သူတို့က တရုပ်ပြည်ကြီးတိုက်တဲ့နေရာမှာ ဒီပြင်နိုင်ငံကလေးတွေကို တိုက်မဖြစ်မယ်ဆိုတဲ့ သဘောနှင့် အခြားနိုင်ငံတွေတိုက်ဖို့၊ သိမ်းဖို့ ရည်ရွယ်ချက်ရှိခဲ့တယ်။

## သူတို့ အကူအညီ

သူတို့ကတော့ မဟုတ်ဘူးလို့ ငြင်းခဲ့တယ်။ ဒါပေမဲ့ လုပ်တဲ့နေရာမှာ ဒီအတိုင်းဖြစ်တယ်။ သူတို့က နောက်ဆုံးဝင်တိုက်လာတယ်။ သဘောတူတူ မတူတူ မဆိုင်ဘူး၊ ကျွန်တော်တို့ ဗမာပြည်တွင် တိုက်တဲ့နေရာမှာ အဲဒီအခါတုန်းက သူတို့ရဲ့အကူအညီလက်နက်ခဲယမ်းမီးကျောက်ရအောင် ယူခဲ့ရတယ်၊



ဗမာပြည်ကို လွတ်လပ်ရေး ပေးမယ်ဆိုတဲ့ သဘောမျိုး ကူညီခဲ့တယ်။ အမှန်ကတော့ မျှောက်ပြဆန်တောင်းဆိုတာ ဟိုတုန်းကတဲက သိခဲ့ပါတယ်။

## အင်္ဂလိပ်ဖက်ကို

အင်္ဂလိပ်အစိုးရက တိုင်းသူ[illegible]ည်သားများကို ကျေနပ်အောင် ကြေငြာစာတမ်းတခုမှ ထုတ်မပေးနိုင်ဘူး။ ဒီလိုဖြစ်တော့ သူတို့ဖက်က ဘယ်သူမှ မပါနိုင်ဘူး။ ဂျပန်က လွတ်လပ်ရေး ပေးမယ်ဆိုတော့ တိုင်းသူပြည်သားတွေက အင်္ဂလိပ်ကို မုန်းနေရင်းစွဲရှိတော့ ဂျပန်ကို ဘမျိုးတမည်လိုလားနေတယ်၊ တချက်က လက်နက်ခဲယမ်းမီးကျောက် အကူအညီယူနေတဲ့အတွက် ဂျပန်သိမ်းပိုက်မှုကို ခံရတယ်။

## သူတို့ မပြင်ဆင်ခဲ့

ဘယ်လိုဖြစ်ဖြစ် ထိုအခါက အင်္ဂလိပ်ရှုံးမှာအမှန်ဘဲ၊ ဘာကြောင့်ဆိုယင် ဗမာပြည်မှာ ဗမာတိုင်းသူပြည်သားတွေက ထကြွလို့ အင်္ဂလိပ်ပြေးရတယ်။ ဖိလိပိုင်ကျွန်းမှာ အမေရိကန်တွေ ပြေးခဲ့ရတယ်။ ပရင်းအော့ဝေး (လ်) စတဲ့ သင်္ဘောတွေ၊ ရိုပါ့(စ်) သင်္ဘောတွေ အမြုပ်ခံခဲ့ရတာတွေဟာ ဒီမိုကရေစီဝါဒ လက်ကိုင်ထားတဲ့ နိုင်ငံတွေဟာ ဘာမျှစစ်ပြင်ဆင်ရေး မရှိခဲ့ဘူး။ ကာကွယ်ရေး တောင့်တင်းအောင် မလုပ်ဘူး။

## ဝိုင်းချတာပေါ့

ဒီလိုဖြစ်တဲ့အတွက် အင်္ဂလိပ်ဟာ အနည်းနှင့်အများ ရှုံးမှာဘဲ။ ဂျပန်ကြေညာတာထက် အင်္ဂလိပ်ကို ဝိုင်းချလိုက်တာက များနေတယ်။ အင်္ဂလိပ်အပြေးမြန်တာ ဗမာတွေဝိုင်းချတာများလို့၊ ဂျပန်ကို ကြိုက်တဲ့သဘောက ဂျပန်လာစေချင်လို့ မဟုတ်ဘူး။ လွတ်လပ်ရေးပေးမယ်ဆိုတဲ့ သဘောမျိုးနှင့်ဖြစ်တယ်။ ကြိုဆိုစဉ်က ဂျပန်က သူ့ရဲ့သဘောတွေကို ထင်ထင်ရှားရှား ခင်းပြလိုက်တယ်။

## ပါးနားရိုက်

နောက်ချက်ခြင်း သူ့ဝါဒတွေနှင့် ပါးရိုက်ညှဉ်းပန်းခဲ့တာတွေ၊ အမျိုးသမီးတွေ ဖျက်ဆီးတာတွေ တွေ့ရတယ်။ သို့အတွက် တိုင်းပြည်က ဂျပန်ကို ရွံရှာ

www.burmeseclassic.com

www.burmeseclassic.com

မုန်းတီးလာကြတယ်။ အဲဒီအခါက ဂျပန်ဆီက လက်နက်ရအောင်လုပ်တဲ့လူတွေဟာ ဂျပန်အလိုတော်ရိသာဆိုယင် ဂျပန်နှင့် ဘာဘဲဖြစ်ဖြစ် ပေါင်းပြီး အလုပ်လုပ်ဖို့ဘဲ ရှိတယ်။

## ဂျပန်အလိုတော်ရိလား

သို့သော် အားလုံးတိုင်းသူပြည်သားတွေ သိတဲ့ အတိုင်းဘဲ ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းပြီး ဂျပန်တွေနဲ့ ဘယ်လို အလုပ်လုပ်လိုက်တယ်ဆိုတာ တိုင်းသူပြည်သားတွေ သိတဲ့အတိုင်းဘဲ။ အဲဒီလို ကိစ္စကို ထောက်ခြင်းအားဖြင့် ဂျပန်အလိုတော်ရိ ဖြစ်မဖြစ်ဆိုတာ အသိဘဲ။ တိုင်းသူပြည်သားတွေကို တတ်နိုင်သမျှ ကူညီကာကွယ်ပေးခဲ့တယ်။ မတတ်နိုင်တာတွေလဲရှိတာဘဲ။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ကျန်ရစ်ခဲ့တဲ့ တချို့ဟာ တိုင်းပြည်အုပ်ချုပ်ရေးမှာ တိုင်းပြည်သားများကို ကူညီရာ မရောက်ဘဲ နှိပ်စက်ကလူ ပြုရာရောက်နေ၍ ဝမ်းနည်းစရာတွေလဲ အများကြီး ရှိတယ်။

## ဖျက်ဖို့ကြံတယ်

"ဘီ - အိုင် - အေ" အုပ်ချုပ်ရေး ပြုလုပ်စဉ်ကကိစ္စတွေနှင့် ဘာမဆိုင်ညာမဆိုင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖျက်သိမ်းဖို့ ကြံတယ်၊ ဖျက်သိမ်းလို့ မရတော့ ဗမာ့ကာကွယ်ရေး တပ်မတော်ဆိုပြီး စစ်သား နဲနဲနှင့် ဖွဲ့စည်းပေးခဲ့တယ်။ ဒီတပ်မတော် ဖွဲ့စည်းမှ ယခု တတိုင်းတပြည်လုံး သိနေတဲ့ စကားတလုံး ထွင်ခဲ့တယ်။ ဂျပန်ကို ဂျပန်လို့ခေါ် ယင် ရိုပ်မိမှာစိုးလို့ "မှုတ္တး" လို့ခေါ် ခဲ့ကြတာ သိတဲ့အတိုင်းဘဲ၊ မှုတ္တးကို ပြန်တိုက်ဖို့ လုပ်ကြတယ်။

## တိုက်ဖို့ ကြံခါတွေ

အဲဒီလို မလုပ်ခင် ဗမာတပြည်လုံး တိုက်ခိုက် သိမ်းယူခဲ့ပြီးနောက် ဗမာပြည်လွတ်လပ်ရေး မပေးခင်တကြိမ်၊ ၁၉၄၃ ခု၊ ဒီဇင်ဘာလ မဟာမိတ်တွေနှင့် အဆက်ရတော့တကြိမ် တိုက်ဖို့ကြံတယ်။ ၁၉၄၄ ခုနှစ်မှာ ထကြွဖို့ ကြံတော့ မဟာမိတ်တွေက စောစောစီးစီး မထစေချင်တဲ့အကြောင်းတွေ ပြောပါတယ်။ ကန္ဒီမှာ သွားရောက် ဆွေးနွေးတော့ မောင့်ဘက်တန်က အမိန့်ကို သူတုတ်လိုက်ပါတယ်လို့ ပြောလိုက်ပါတယ်။



## တားမြစ်တယ်

နောက်ဆုံးမှာ ထကြွတော်လှန်တော့ ခင်ဗျားတို့ ဂျပန်ကို မတော်လှန်စေချင်ဘူးလို့ပင်ပြောပါတယ်။ ဒါကြောင့် အင်္ဂလိပ်နိုင်ငံခါနီးမှတော်လှန်တယ်ဆိုတဲ့ စကားဟာ မဟုတ်ပါဘူးဆိုတာ သိစေချင်ပါတယ်။ ဒါကြောင့် ယခုရွေးကောက်ပွဲ နီးလာတော့ ဖြစ်ပေါ် ရမဲ့ အကြောင်းတွေကို အာထဗ္ဗဏဗေဒင် ဟောလိုက်မယ်။

## ဖမ်းချင်ဖမ်းမယ်

၁။ မင်းသား တယောက်ယောက်ကို ချောင်ကြို ချောင်ကြားမှဆွဲထုတ်ချင် ဆွဲထုတ်လာလိမ့်မယ်။

၂။ ဘာသာရေး တရားနှင့် ပတ်သက်ပြီးဂျပန်လက်ထက်ကစပြီး ဗမာပြည့် လွတ်လပ်ရေး အတွက် ပုကိုးစိပ် သင်္ဂြိုဟ်တွေ လေ့လာနေတယ်လို့ ပြောချင်လဲ ပြောလိမ့်မယ်။

၃။ ထကြွကြံရိတဲ့ လူတွေကို ရွေးကောက်ပွဲ မဝင်နိုင်အောင် ဖမ်းချင်ဖမ်းထားလိမ့်မယ် ဆိုတာမှတ်ထားကြ။ ကျုပ်တို့ကို တကမ္ဘာလုံးက အင်္ဂလိပ်ကို မလိုလားဘူးဆိုတာ သိတယ်။

အင်္ဂလိပ်ဟာ စီးပွားရေး ဖက်ဆစ်ဝါဒ သဘောမျိုးနှင့် ဗမာပြည်ကို ပြန်လာတယ်။ ဒိုမေနီယံကို သူတို့ပေးမှ ရမဲ့သဘောမျိုး မလိုချင်ဘူး။ ကိုယ့်တိုင်းပြည် ကိုယ်ကြိုက်သလို ကြည့်လုပ်ချင်တယ်။ အင်္ဂလိပ်ကို မိတ်ဆွေသဘော လုပ်ချင်ယင်လုပ်မယ်။ သူတို့ဖက်က ကျူးကျော်ယင် မလုပ်ဘူး။

## သူတို့ထက် သာတယ်

ဖိလိပိုင်၊ ကိုရီးယားတိုင်းပြည်တွေတောင် လွတ်လပ်ရေး ရနိုင်ယင် သူတို့ထက်သာတဲ့ ဗမာပြည် ဘာကြောင့် မရနိုင်ရမှာလဲ။ ဒီအသဲ ကျွန်တော် ရခိုင်ပြည်သွားနေတုန်း ရန်ကုန်မှာ လူကြီး ၁၁ ဦး 'ဘုတစ်' ပါတီအနေနှင့်ကြေညာစာတမ်း တခု ရေးတယ်။ အဲဒီအထဲက နှစ်ယောက်ထွက်တော့ 'ကောက်ရိုးပါတီ' ဖြစ်သွားတယ်။ သူတို့က ဒိုမီနီယံ လွတ်လပ်ရေးလောက်တောင် မထိုက်

www.burmeseclassic.com

www.burmeseclassic.com



သေးဘူးလို့ ပြောသံကြားရတယ်။ မုဆိုးကြော်မစားဘူးလို့ ပြောသံကြားရတာ၊ "မုဆိုးကြော်မစားရသေးဘူး နှုတ်ခမ်းနာနှင့် ငဲ့ပါမလား" ဆိုသလို ဖြစ်နေပါတယ်။ ဒီလို လူမျိုးတွေ ဗမာပြည်မှာ တွေ့ရသေးတာ ကမ္ဘာကသိမှာ အင်မတန် ရှက်စရာ ကောင်းပါတယ်။ မနေ့ညကဘဲ ပဏ္ဍစ်ဂျဝါဟာလာ နေရူးကို အင်္ဂလိပ်အစိုးရက ဗမာပြည်မလာရဘူးဆိုပေမဲ့ မနေ့ညက ၁၀ နာရီလောက်မှာ တွေ့ဆုံရခဲ့ပြီးပါပြီ။

ရွေးကောက်ပွဲ လုပ်ပေးသော်လဲ တိုင်းပြု ပြည်ပြုလွှတ်တော်အဖြစ် မလုပ်ပေးခဲ့။ တိုင်းပြုပြည်ပြု လွှတ်တော်ဖြစ်အောင် အမတ် ၁၃၂ ယောက်အနက်မှာ တိုင်းပြည် အများဆန္ဒနှင့် ဝင်ရောက်ကောက်ခံတဲ့ အမတ် ၉၀ လောက်ပါအောင် ထောက်ခံလိုက်ယင် နောက်ဆုံးလုံးဝလွတ်လပ်ရေးရဖို့ ဆောင်ရွက်ရန် အရွေးခံရမယ်။

အတင်း ကြေညာမယ်

အဲဒီအခါ အင်္ဂလိပ်က မပေးယင် တိုင်းပြည်ကို လုံးဝ လွတ်လပ်ရေးရပြီလို့ ကြေညာပြီး လုပ်သွားမှာဘဲ(ဩဘာသံ)။ အဲဒါကြောင့် လူထုက သတိပြုပြီး ထောက်ခံစာ သွင်းဖို့ဘဲ။ ကျုပ်တို့ကလဲ လုံးဝ လွတ်လပ်ရေး မရမချင်း၊ မနေမနား ဆောင်ရွက်သွားမဲ့ အတွက် (လုံးဝလွတ်လပ်ရေး) ကို ထပ်မံ အတည်ပြုရန် တင်ပြခဲ့ပါတယ်။ ။

တိုးပွားရေးသတင်းစာ
၂၈-၃-၄၆

# မေဒေးချွေပြေးမိန့်ခွန်း

## ၁၉၄၆ ဧပြီလ ၂၆ ရက်နေ့တွင် ဟောပြောသည်

ကျွန်တော်တို့ ဗမာပြည်မှာ စစ်မဖြစ်ခင်က အစိုးရရဲ့ အခွန်ကောက်ယူရာမှာ ရာခိုင်နှုန်း အများအပြားဟာ ဆင်းရဲသားတွေဆီက များတယ်။ ဆင်းရဲသားဆီက ရတဲ့အခွန်ဟာ အများဆုံးဘဲ။ ဘီအိုစီကုမ္ပဏီ၊ ဘီဘီတီစီ သစ်တောကုမ္ပဏီ၊ ရေနံကုမ္ပဏီတွေက အမြတ်အစွန်းတွေအများကြီးရပြီး၊ တိုင်းပြည်အဆီအနှစ်တွေ စုတ်ယူပြီး ရထားတဲ့ အခွန်ကတော့ အခွန်နဲနဲ၊ တကယ်ဘာရားမျှတတဲ့ နည်းစနစ်က ဆင်းရဲတဲ့ လူတွေကို လုံးဝလွှတ်ရမယ်။

### အခွန်ကောက်နည်း

အခွန်ကောက်တဲ့နေရာမှာ တဆင့်တက် တဆင့် ဝင်ငွေများတဲ့လူအပေါ်မှာ ပိုကောက်ရမယ်။ အမြတ်တော်ကြေး သဘောမျိုး ကောက်ရမယ်။ ငွေတထောင်ရှိတဲ့လူ တနှစ် တဆယ်ကောက်ယင် ငွေတသောင်းရှိတဲ့လူတနှစ်ငါးရာ ကောက်ရမယ်။ အချိုးအစား အတိုင်းဆို တရာသာကောက်ရမယ်။ သို့သော် တသောင်းမှာ ကထောင်ရှေ့သွားယင် ကိုးထောင်တော့ ကျန်သေးတယ်။ ငွေတရာရှိတဲ့လူ တဆယ်ကောက်လိုက်ယင် သိပ်များတယ်။ ဒါကြောင့် တကယ်တိုးတက်တဲ့ အစိုးရဝါဒဆိုယင် အဲဒီလို လူတွေကို ဥပမာဆိုပါတော့ တသိန်းချမ်းသာတဲ့ လူကို လေး-ငါးသောင်း လောက်ကောက်ရမယ်။

### အစိုးရအုပ်ချုပ်ရမယ်

ကျွန်တော်တို့ တိုင်းပြည်မှာ ရှိတဲ့ ဘဏ်တိုက်တွေ၊ မီးရထား ကုမ္ပဏီတွေ၊ ရေနံတွင်း ကုမ္ပဏီတွေ အစိုးရက အုပ်ချုပ်ပေးရမယ်။ အုပ်ချုပ်ပြီးတဲ့ အခါမှာ အဲဒီက ရတဲ့ အမြတ်အစွန်းတွေကို တိုင်းသူ ပြည်သား လူအများအတွက် သုံးရမယ်၊ ပဋမဆုံး ကာကွယ်ရေး ဌာနနှင့် စစ်တပ်တွေ အတွက် သုံးရမယ်၊ နောက်ပြီး ကျန်းမာရေး ပညာရေး စတဲ့ လုပ်ငန်းတွေ စီစဉ်ပေးရမယ်။ တိုင်းသူ ပြည်သား ဆင်းရဲသားဆီက အခွန်တွေ မကောက်ဘဲ အဲဒီလို ကုမ္ပဏီကြီးတွေ အုပ်ချုပ်လို့ရတယ်ဆိုတော့ ပို၍ များတယ်။ နိုင်ငံခြား ဆက်သွယ်တဲ့အခါမှာ အစိုးရကဘဲ တိုက်ရိုက် ဆက်သွယ်ကုန်ကူးရမယ်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ချိန်များ

ရုရှားပြည်မှာ အလုပ် လုပ်ရတာ တနေ့ကို ခုနစ်နာရီ လုပ်ရတယ်။ ကျောက်မီးသွေးတွင်းမှာ အလုပ် လုပ်ရတာက အသက်အန္တရာယ်များတယ်။ ကျန်းမာရေးထိခိုက်စရာများတယ်။ အဲဒီနေရာတွေမှာ ခြောက်နာရီလုပ်ရတယ်။ နားရက်တွေ ရတယ်။ နောက်ပြီး ဗမာပြည်မှာလို သူဌေး သူကြွယ်တွေ မေမြို့၊ မြစ်ကြီးနား၊ ထားဝယ်၊ မောင်းမကန်တို့ကို အနားယူ သွားသလို သူတို့ဆီမှာ အလုပ်သမားတွေ နှစ်စဉ် အနားယူဖို့ နေရာတွေ အမျိုးမျိုး အခွင့် အရေးရတယ်။ ဗမာပြည်မှာ မရဘူး။

တဆင့်တဆင့်

ဗမာပြည်ဟာ လွတ်လပ်ရေး ရလျှင်ရခြင်း ရုရှားပြည်ရဲ့အဆင့်အတန်းကို မမှီနိုင်ဘူး။ သို့သော် ကျွန်ုပ်တို့က ခြေလှမ်းကျဲကျဲနဲ့ သွားရမယ်။ အာဏာဟာ တိုင်းသူ ပြည်သားလူထုရဲ့ ကိုယ်စားလှယ် လက်ထဲမှာ ရှိမှ ဖြစ်မယ်။ ဒါရှိယင် ခရီးရောက်မယ်မဟုတ်ဘူး။ တကယ် တိုးတက်တဲ့ ဝါဒနဲ့ တိုင်းသူပြည်သား လက်ထဲ အာဏာရယင် လယ်သမားတွေအတွက် လယ်လုပ်တဲ့ နေရာမှာ အသီးအနှံအထွက်များအောင် လယ်ယာစိုက်ပျိုးရေး စံနစ် အမျိုးမျိုးလုပ်၊ စက်တွေနဲ့ လယ်ထွန်တဲ့ နည်းတွေ ထွင်ပြီး ရုရှားပြည်မှာလို လုပ်နိုင်မယ်။ အဲဒီအခါမှ အထွက်များမယ်။ အဲဒါမျိုး လုပ်တော့ လူတော့ဟာ ငွေနေရာ တိုင်း မြင့်လာမယ်။ အခုတော့ အဝမတန် နိမ့်ကျနေသေးတယ်။ အလုပ်သမား လယ်သမားတွေဟာ တကယ်တကယ် တိုင်းပြည် လွတ်လပ်ရေး လုပ်တဲ့နေရာမှာ အရေးပါအရာရောက်ပြီး တကယ်လုပ်စရာရှိယင် တကယ်လုပ်မဲ့ လူစားမျိုး ဖြစ်တယ်။ မြို့မှာ နေတဲ့ အလုပ်သမားတွေနဲ့ အဲဒီလို တောနေ လယ်သမား လူထုတွေ ပူးပေါင်းပြီး ကကမ္ဘာလုံး ခေတ်ပြောင်းအောင် လုပ်နိုင်တဲ့ နေ့မှာ တကယ်တိုးတက်တဲ့ ဝါဒနဲ့ အစိုးရတွေ ဖြစ်လာမယ်။ ဒီလိုဖြစ်နိုင်အောင် ကြိုးစားရမယ်။ လူထုကိုယ်စားလှယ် အစစ်ဖြစ်တဲ့ လူတွေ နေရာတကာပေါ် ပေါက်လာပြီး ကမ္ဘာတခုလုံးမှာ ရှိယင် စစ်ဆိုတာလဲ ရှိမှာမဟုတ်ဘူး။ တယောက်နှင့် တယောက် တဦးနှင့်တဦး တနိုင်ငံနှင့်တနိုင်ငံပူးပေါင်းပြီး ကိုယ့်နိုင်ငံမရှိတာ သူ့နိုင်ငံကဝယ်၊ သူ့နိုင်ငံမရှိတာ ကိုယ့်နိုင်ငံကဝယ်စသဖြင့် ပေါင်းသင်းဆက်ဆံရေး ဖြစ်လာနိုင်တယ်။ ။

၂၉ - ၄ - ၄၆

# ပညာရေးသည် နိုင်ငံရေးဖြစ်သည်

၁၉၄၆ ခု၊ ဧပြီလ ၂၉ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင် ကန်တော်ကလေး မြူနီစီပယ်ကျော… ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများ ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း တက်ရောက် ပြောကြားသော မိန့်ခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဗမာပြည် ဗမာတိုင်း၏ အစည်းအဝေးတိုင်းတွင် အချိန်မမှန်ကြသည်ကို တွေ့ရကြောင်း။ ဤကဲ့သို့ ဖြစ်ရခြင်းမှာလည်း ကျွန်နိုင်ငံ ဖြစ်နေသည့်အတွက် ပညာရေး စံနစ်ညံ့ဖျင်းခဲ့ရ၍ အချိန်နှင့် စည်းကမ်းကို ရှိသေရမည့် အလေ့အထများ၊ အသိဥာဏ်များ မဝင်စားခဲ့ကြရကြောင်း။

စည်းကမ်းစံနစ်ကို လူတိုင်းသဘောပေါက်၍ လိုက်နာခြင်းသည် လွတ်လပ်သော တိုင်းပြည်နှင့် ကောင်းသော ပညာရေးစံနစ်များ ထွန်းကားသည့် တိုင်းပြည်များတွင်သာ ရှိကြရကြောင်း။ ဗမာပြည်မှာတော့ အရင်းစစ် အမြစ်မြေကဆိုသကဲ့သို့ ဗမာတမျိုးလုံး ကျွန်ဖြစ်သည့်နေ့ကစ၍ ဗမာ့ပညာရေး ဆုတ်ယုတ်ခဲ့သလောက်၊ စည်းကမ်းစံနစ်သဘော နားလည်မှုများလည်း ခေါင်းပါးခဲ့ရကြောင်း။

ဗမာရှင်ဘုရင်များ လက်ထက်က ဗမာတိုင်း ပညာရေး အထက်တန်းကျသဖြင့် စည်းကမ်းလည်းရှိခဲ့ကြကြောင်း။ ယခုပညာတတ်များမှဲ့၍ စည်းကမ်းများမဲ့လာခဲ့ရာဗမာပြည်မလွတ်လပ်၍သာဟုမှတ်ယူရမည်ဖြစ်ကြောင်း။

ကျွန်ဖြစ်ရတဲ့ တိုင်းပြည်များအဖို့မှာ အုပ်စိုးသူများကခိုင်းနိုင်ရုံလောက် ပညာရေးကိုသာ သင်ပေးကြကြောင်း။ သို့သော်.... တချို့ပုဂ္ဂိုလ် အနည်းငယ်ခန့်က သင်ပေးတာထက်ပိုပြီး တတ်ကြလို့ သူတို့ရဲ့ ထင်းခွေရေခပ်ပညာရေး စံနစ်စံချိန်ကိုချိုးပြီး ထွက်ခဲ့ကြခြင်းသာ ဖြစ်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



## ဆင်ခြေပေးနေတယ်

ကျွန်နိုင်ငံတွင် ကျွန်စံနစ်လောက် သင်ပေးကြသော်လည်း ခေတ်ကို ကျော်၍ တက်ခဲ့ကြသူများ ရှိသဖြင့်လည်း ကမ္ဘာ့အခြေအနေသည်ပြောင်းလဲခဲ့ရကြောင်း။ ယခုဗမာပြည်တွင် အလယ်တန်း ပညာကို မသင်မနေရ စံနစ်တခုကို လုပ်ဦးဆိုက အထူးသင့်လျော်ကြောင်း။ သို့သော်လည်း ဆိုင်ရာအစိုးရက လူတိုင်း စာတတ်ကြမှာကို စိုးရိမ်နေသည့်အတွက် ကျောင်းအဆောက်အဦ မရှိဘူး၊ ဆရာမရှိဘူး၊ ငွေကုန်တယ်၊ အချိန်ကုန်တယ် စသည်ဖြင့် အမျိုးမျိုး ဆင်ခြေပေးနေကြောင်း။

ငွေလည်းမကုန်၊ ကျောင်းအဆောက်အဦလည်း ဘုန်းတော်ကြီးကျောင်းတွေရှိပြီးသားဖြစ်သည်။ ဆရာများလည်း လိုသလောက် ရနိုင်ပါသည်။ သို့သော် ဆရာဖြစ် လက်မှတ်ရသူကိုတော့ များများ မရနိုင်ဖြစ်အကြောင်းက အစိုးရကိုယ်တိုင် ဆရာဖြစ် သင်ကျောင်း အနည်းငယ်မျှသာ ထားခဲ့ခြင်း၊ ပညာရေးတွင် ဝါသနာပါကြသော ဆရာ၊ ဆရာမများအားလည်း အဝတ်အစား လုံလောက်အောင် ရနိုင်သည့် လခများမပေးသဖြင့် လက်မှတ်ရ ဆရာများ ယခုကဲ့သို့ နည်းပါးရကြောင်း၊ ဖြစ်အောင် လုပ်မည်ဆိုလျှင် အစိုးရကိုယ်တိုင်လည်း လုပ်နိုင်ကြောင်း၊ အစိုးရက လုပ်မပေးလျှင် ကျုပ်တို့ဘဲ ကျုပ်တို့ လုပ်နိုင်ကြောင်း၊ ဘိလပ်မှာ သူတို့လုပ်ချင်တာဆိုလျှင် အလက်သောက် လွှတ်တော် နှစ်ရပ်စလုံးမှာ သဘောတူအတည်ဖြစ်အောင် လုပ်ကြကြောင်း၊ ယခု သူတို့လုပ်နိုင်ရက်နှင့် မလုပ်ဘဲနေတာကို မလုပ်ပေးချင်လို့သာ နေကြကြောင်း။

## အစိုးရကို သိပ်အားမကိုးနဲ့

နောက်ဆုံး အစိုးရကိုချည်း အားမကိုးဘဲ ကျောင်းဆရာဆိုလျှင် ဗမာပြည်က ကျောင်းဆရာတွေအားလုံး တစုတရုံးတည်းနဲ့ ဗမာပြည်၏ လွတ်လပ်ရေး ပညာရေး စံနစ်ကို တီထွင်ကြရမည် ဖြစ်ကြောင်း၊ ကျုပ်တို့ ကြိုက်တဲ့ ပညာရေးစံနစ်မှန်ကို ရဖို့ရာတော့ တိုင်းပြည်လုံးဝ လွတ်လပ်မှပင် ဖြစ်မည်ဖြစ်၍ ဆရာများလည်း ထိုအချိန်ကမှ လခပိုရမည်မှာ သေချာကြောင်း၊ ယခုအချိန်တွင် အတတ်နိုင်ဆုံး ကျောင်းဆရာနှင့် ကျောင်းသား



အင်အား ကြီးစေပြီး မိမိတို့ရည်မှန်းသော ပညာရေး စံနစ်ကို လုပ်ကြရမည်ဖြစ်ကြောင်း။

ဝန်ကြီးများနှင့်တွေ့ပြီး စကားနှင့်ပြောလိုက်သည့် ကတိများကို ဘယ်အခါမျှ မယုံကြည်ကြစေလိုကြောင်း၊ ပညာရေးသည် နိုင်ငံရေး ဖြစ်သဖြင့် နိုင်ငံရေး လွတ်လပ်မှ ပညာရေး လွတ်လပ်မည်ဖြစ်သဖြင့် နိုင်ငံရေး လွတ်လပ်အောင် ကြံဆောင်ကြရန် တိုက်တွန်းလိုက်ပါကြောင်း။ ။

လွတ်လပ်ရေးသတင်းစာ
၃၀ - ၄ - ၄၆။

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ အလုပ်သမားနေ့ မိန့်ခွန်း

၁၉၄၆ ခု မေလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော (ဖဆပလ) အဖွဲ့ချုပ်ကြီးနှင့် မြန်မာပြည် ဘုရင်ခံတို့ အင်အားပြိုင်၍ နေချိန်ဖြစ်သည်။ ထိုနှစ်က မေလ ၁ ရက်နေ့တွင် ဝင်အပြီး မြန်မာပြည်၏ ပဌမဆုံးသော အလုပ်သမားနေ့ ( May Day ) အထိမ်းအမှတ်ပွဲကို ရွှေတိဂုံဘုရားခြေရင်း၊ ကန်တော်မင်ပန်းခြံအတွင်း၌ ကျင်းပခဲ့လေသည်။ အဆိုပါ အလုပ်သမားနေ့ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ သဘာပတိမိန့်ခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ယနေ့ကဲ့သို့ အလုပ်သမားနေ့မျိုး ကျင်းပသည်မှာ ဗမာပြည်တွင် စစ်ကြီးဖြစ်ပြီးမှ ယခု အကြိမ်သည် ပဌမဆုံးအကြိမ် ဖြစ်ကြောင်း၊ ဤနေ့မှာ အလုပ်သမားများ သွေးမြေကျအောင် နှိပ်စက်ခံရသော နေ့ဟူ၍ အမေရိကန်မှ စပြီး လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ် လောက်က စတင်ပေါ် ပေါက်ခဲ့ကြောင်း။

အလုပ်သမားတို့သည် သူတို့၏ အခွင့်အရေးများကို တောင်းဆိုကြသောအခါ အရင်းရှင်ကြီးများက ကျည်ဆံကို အသုံးပြုပြီးအလုပ်သမားတို့ကို နှိပ်စက်ညှဉ်းပန်းကြကြောင်း၊ အလုပ်သမားများက တနေ့လျှင် အလုပ်ချိန်ကို ရှစ်နာရီ ကန့်သတ်ပေးဖို့ အလုပ်သမားများ လူတန်းစေ့ နေနိုင်ဖို့ကို တောင်းဆိုကြသောအခါ အလုပ်ရှင်ကြီးများက သူတို့ရဲ့ သွေးစုတ်ဝါဒကို ထိခိုက်တယ်ဆိုပြီး အစိုးရနှင့် ပူးပေါင်းကာ အလုပ်သမားများကို နှိမ်နင်းခဲ့ကြကြောင်း၊ အရင်းရှင်ကြီးများ၏ သွေးစုတ်ဝါဒမှာ သူတို့ ပြည်တွင်းမှာလဲ သွေးစုတ် ကြတာဘဲ။ ကမ္ဘာပေါ် ကိုလဲ ပြန့်ပြီး နိုင်ငံတကာမှာလဲ သွေးစုတ် နေကြတာဘဲ။ ကမ္ဘာပေါ်မှာ လူအမျိုးမျိုးရှိနေကြသော်လဲ ထိုလူမျိုးကို





အတန်းအစား ခွဲလိုက်ယင် နှစ်မျိုး နှစ်စားသာ ရှိတယ်။ တမျိုးက နှိပ်စက် ညှဉ်းပန်းခံနေရတဲ့ အလုပ်သမား အတန်းအစားနဲ့ တမျိုးက သွေးစုတ်နေတဲ့ အရင်းရှင် လူတန်းစားများသာ ဖြစ်ကြတယ်

နောက်တော့ အလုပ် သမားတွေရဲ့ အရေး ကိစ္စဟာ ဥရောပတိုက်မှာလဲ ဆူဆူပူပူ ဖြစ်လာပြီးတဲ့နောက် ကမ္ဘာ့အလုပ်သမားများ အားလုံး သွေးစည်းကြရန်ဆိုပြီး ဒီမေလ တရက်နေ့ကို 'မေဒေး' လို့ သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ကြပါတယ်။ နိုးကြားတဲ့ နိုင်ငံများရှိ စက်ရုံအလုပ်သမားတွေက အရင်းရှင် စနစ်ကို ဖြိုဖျက်တိုက်ခိုက်ရန် ငါတို့ ကမ္ဘာ့အလုပ်သမားတွေ သွေးစည်းညီညွတ်ကြရမယ်။ ငါတို့ အလုပ်သမားတွေ သွေးစည်း ညီညွတ်ကြယင် အရင်းရှင်တွေက ငါတို့ အပေါ်မှာ ဘယ်လို ကြိုးတွေနှင့် ချုပ်နှောင်ထားပေတဲ့၊ သင်းတို့ ကြိုးတွေသာ ပြတ်သွားဖို့ ရှိတယ်ဆိုပြီး နိုးဆော်ကြတယ်။

ဒါကြောင့် ဒီကနေ့ဟာ ကမ္ဘာတခုလုံး အလုပ်သမားတွေ သွေးစည်းဖို့ ကြွေးကြော်ကြတာဘဲ။ အလုပ်သမားတွေဟာ များစွာအဖိုးတန်တဲ့ လူတန်းစားတွေဘဲ။ ကမ္ဘာပေါ်မှာ သွေးစုတ်ဝါဒတွေကြောင့် အရင်းရှင်ကြီးတွေဟာ ပေါင်းလို့ရတဲ့နေရာမှာ ပေါင်း၊ ပေါင်းလို့မရတဲ့နေရာကျတော့၊ စစ်ဖြစ်အောင် လှုံ့ဆော်ကြတာဘဲ။ ကမ္ဘာ့ သတင်းစာကြီးတွေနဲ့ ဆက်သွယ်ပြီး ကမ္ဘာကိုစစ်ဖြစ်ဖို့လှုံ့ဆော်တတ်ကြတယ်။ စစ်ဖြစ်တော့ကာ သူတို့ရဲ့လက်နက်တွေရောင်းကြရတယ်။ ဒီလိုအထဲကဘဲ အင်မတန်ဆိုးဝါးတဲ့ ဖက်ဆစ်ဝါဒတွေ တခါပေါ်လာတယ်။ ကမ္ဘာ့ အလုပ်သမားများကသာ သွေးစည်း ညီညွတ်ပြီး အရင်းရှင်ကြီးတွေက စစ်တိုက်ဖို့ လုပ်ယင် ဝင်မဖြစ်ရအောင် အလုပ်သမားတွေရဲ့ အင်အားညီညီညွတ်ညွတ်နဲ့ တောင့်ထားလိုက်နိုင်တယ်။ အလုပ်သမားအားလုံး ကမ္ဘာတဝှန်းလုံးမှာ ညီညွတ်သွားမှသာ ကမ္ဘာကြီး တခုလုံးရဲ့ တကယ့်ငြိမ်းချမ်းရေး အစစ်ကို ရနိုင်မယ်။ ။

ပြည်သူ့အသံသတင်းစာ
၁-၅-၄၆

www.burmeseclassic.com

www.burmeseclassic.com

# ပြည်သူ့လွတ်လပ်မှု ချုပ်ချယ်ခြင်း ကန့်ကွက်ပွဲ မိန့်ခွန်း

မျိုးချစ်ဗမာ့တပ်မတော်သည် ဖက်ဆစ်ဂျပန်များကို တော်လှန်ခဲ့၏။ ဂျပန်ကို တော်လှန်ပြီးနောက် ဗြိတိသျှတို့နှင့် (ဖဆပလ) အဖွဲ့ချုပ်တို့သည် "ကန္ဒီစာချုပ်" ကို ချုပ်ဆိုခဲ့ကြသည်။ ယင်းကန္ဒီစာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော်မှ အရာရှိနှင့် တပ်သား ၅,၅၀၀ ခန့်ကို အသစ် ထပ်မံ ဖွဲ့စည်းသည့် ဗမာ့ တပ်မတော်ထဲသို့ ပူးပေါင်းလိုက်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကျန်နေသော မျိုးချစ် ဗမာ့တပ်မတော်မှ အရာရှိ အကြပ် တပ်သား အားလုံးကို ဥမကွဲ သိုက်မပျက် လွတ်လပ်ရေး တိုက်ပွဲကို ဆင်နွှဲနိုင်စေခြင်းငှါ "ပြည်သူ့ရဲဘော် တပ်ဖွဲ့" အဖြစ် ပြောင်းလဲ ဖွဲ့စည်းထားရှိလေသည်။ အဆိုပါ ပြည်သူ့ရဲဘော် တပ်ဖွဲ့သည် ပြည်သူလူထုအကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်ရင်း ပြည်သူလူထု အကြားဝယ် ရပ်တည်ခဲ့ကြသည်။ ဗြိတိသျှတို့ကလည်း ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ဦးစီးသော အဆိုပါ ပြည်သူ့ရဲဘော် တပ်ဖွဲ့သည် ဗြိတိသျှတို့အဖို့ အန္တရာယ် ကာု ဖြစ်ကြောင်း သိမြင်ထားလေသည်။ ထို့ကြောင့် ဗြိတိသျှ အုပ်ချုပ်ရေးအဖွဲ့သည် ဗမာပြည် ကာကွယ်ရေး ဥပဒေအရ "အစိုးရ တပ်ဖွဲ့များမှတပါး မည်သည့် အဖျော်ထမ်း တပ်ဖွဲ့မျှ ယူနီဖောင်း မဝတ်ရ၊ စစ်ရေး မပြရ၊ အခွင့်မရဘဲ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းများ မပြုလုပ်ရ" ဟု အမိန့်ထုတ်ပြန် ထားဆီးထားလိုက်သည်။ အဆိုပါ ဗြိတိသျှ တို့ ထုတ်ပြန်သော အမိန့်သည် ပြည်သူ့ လွတ်လပ်ခွင့်များကို ပိတ်ပင် တားဆီးရာ ရောက်ရှိနေ၏။

(ဖဆပလ) အဖွဲ့ချုပ်ကြီးနှင့် ပြည်သူ့ရဲဘော် တပ်ဖွဲ့ ဌာနချုပ်တို့ကလည်း ယင်းသို့သော ပြည်သူ့ လွတ်လပ်မှု ချုပ်ချယ်ချက်များကို လူထုနည်းနှင့် အာဏာဖီဆန်ရန် ဆုံးဖြတ်ထား၏။ ၁၉၄၆ ခု၊ မေလ ၁၃ ရက်၊ ၁၄ ရက်နေ့များတွင် အင်းစိန်ခရိုင် ထန်းတပင်မြို့မှ ပြည်သူ့ရဲဘော်များသည် ပြည်သူ့လွတ်လပ်ခွင့် ချုပ်ချယ်မှု ဥပဒေများကို ကန့်ကွက်သော





အနေဖြင့် ထန်းတပင်မြို့ ဘောလုံးကွင်း၌ ဝစ်ယူနီဖောင်း ဝတ်စုံများ ဝတ်ဆင်ကာ စစ်ရေး လေ့ကျင့်ခန်း ပြုလုပ်ကြလေသည်။ ထိုအခါ ထန်းတပင်မြို့ ပုလိပ် အင်စပက်တော် ဦးမောင်ကလေးသည် ပြည်သူ့ရဲဘော် ခေါင်းဆောင် လေးဦးတို့အား ကာကွယ်ရေး ပုဒ်မဖြင့် ဖမ်းဆီးလိုက်လေသည်။ မေလ ၁၅ ရက်နေ့တွင် ထပ်မံ၍ ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင် ခုနစ်ဦးကို ဖမ်းဆီးပြန်သည်။

ဤသို့ ပြည်သူ့ လွတ်လပ်ခွင့်များကို ပိတ်ပင်ပြီးလျှင် ပြည်သူ့ရဲဘော်တို့အား မတရားဖမ်းဆီးခြင်းကို အကြောင်းပြု၍ မေလ ၁၈ ရက်နေ့တွင် ထန်းတပင်မြို့၌ လူထုဆန္ဒပြ ကန့်ကွက် စီတန်း လှည့်လည်ပွဲကို ကျင်းပကြလေသည်။ ယင်းလူထု ဆန္ဒပြ ကန့်ကွက် လှည့်လည်ပွဲတွင် ပရိသတ်အင်အား ၁,၅၀၀ ခန့် ရှိလေရာ ထိုအထဲ၌ ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင် ၁၀၀ ခန့်နှင့် အမျိုးသမီး ၁၅၀ ခန့် ပါရှိသည်။ ကျန်သော လူစုမှာ တောင်သူ လယ်သမားများ ဖြစ်လေသည်။ အဆိုပါ လူထုကြီးကို ပုလိပ်အင်စပက်တော်ဦးမောင်ကလေးခေါင်းဆောင်သော ပုလိပ် ၁၈ ဦးတို့က သေနတ်ဖြင့် ပစ်ခတ်ရာ လယ်သမား သုံးဦး သေဆုံး၍ ၁၅ ဦး ဒဏ်ရာရရှိခဲ့လေသည်။ ဤသို့ လက်နက်မပါ၊ တရားသဖြင့် စီတန်း လှည့်လည်ဆန္ဒပြသော ပြည်သူ့ ပြည်သားများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းသည် အလွန် ရိုင်းစိုင်းရာ ကျလေသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော (ဖဆပလ) အဖွဲ့ချုပ်ကြီးသည် ဗြိတိသျှတို့၏ ဤသို့ ပြည်သူ့ လွတ်လပ်ခွင့်များကို ချုပ်ချယ်ခြင်းကို ကန့်ကွက် ရှုတ်ချသော အနေဖြင့် ၁၉၄၆ခု၊ ဇွန်လ ၇ ရက်နေ့တွင် ကန်တော်မင် ပန်းခြံ၌ လူထုဆန္ဒပြ ကန့်ကွက်ပွဲ အစည်းအဝေးကြီးကို ကျင်းပခဲ့ရာ လူထု တသိန်းကျော် တက်ရောက်ခဲ့၏။ ထိုအစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဒီနေ့ ကျင်းပရတဲ့ ကန့်ကွက်ပွဲဟာ၊ ပြည်သူ့ရဲဘော်ကိစ္စနှင့် ပတ်သက်ပြီး အစိုးရက ပြည်သူ့လွတ်လပ်မှု ချုပ်ချယ်ခြင်းများကို မကျေနပ် ဖြစ်ကြလို့ အင်းစိန်နယ် ထန်းတပင်မြို့တွင် သွေးချင်း သားချင်း လယ်သမားတွေက ချုပ်ချယ်မှုများကို ကန့်ကွက်ရာမှာ သေနတ်ပစ်ခံရခြင်းနှင့် အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများကို ထောက်ပြီး ကန့်ကွက်စည်းဝေးတဲ့ ပွဲကြီးဖြစ်တယ်။ အားလုံးနားလည်ဖို့ အချက်က ဒီကိစ္စဟာ ပြည်သူ့ရဲဘော်အတွက် သက်သက်မဟုတ်ဘူး။ ပြည်သူ့လွတ်လပ်မှုကို အလွန်အကျွံ ချုပ်ချယ်ခြင်းကြောင့် ကန့်ကွက်ရခြင်း ဖြစ်တယ်။ လွတ်လပ်ရေးတိုက်ပွဲလို့ မဆိုနိုင်သေးဘူး။ အခု လောလောဆယ် အရေးကြီးနေတဲ့ ပြဿနာဖြစ်ကြတဲ့ အလုပ်သမား၊ လယ်သမား၊ ကျောင်းဆရာများ အရေးတွေ၊ အစားအစာ ပြဿနာတွေ၊ အစိုးရ လုပ်ပုံ ကိုင်ပုံတွေဟာ သိပ်ပြီး အခြေမလှဘူး။ အစားအသောက်အတွက် တိုင်းပြည်မှာ လုံလောက်နိုင်ပေမဲ့ သူတို့စီစဉ်မှုဟာ တတိုင်းပြည်လုံး ငတ်ကုန်လိမ့်မယ်။ ပဲခူးနယ်မှာဆိုယင် ယခု လောလောဆယ် ငတ်ကုန်ကြပြီ။

## မကျေနပ်မှုတွေ ရှိသေးတယ်

ဒါတင်မကသေးဘူး။ အစိုးရ အမှုထမ်း အရာရှိ အရာခံ ပုလိပ်များမှစ၍ နစ်နာမှုတွေ အများကြီး ရှိကြတယ်။ အဲဒီလို အစစ အရာရာ အဖက်ဖက် နစ်နာမှုတွေ ဖြေရှင်းရအောင် ဆွေးနွေးခွင့် မပြုဘဲ၊ အချိန်ဆွဲနေကြတယ်။ ဘုရင်ခံနှင့် တွေ့ပြီး ဆွေးနွေးကြပြန်တော့လဲ အကြောင်းမထူးတော့ ဒါတွေဟာ လောလောဆယ် တိုင်းသူပြည်သားတွေရဲ့ နစ်နာမှု ဖြစ်ရတယ်။ အဲဒီ ပြဿနာတွေကို အစိုးရက ရှင်းပေးခြင်း မပြုတဲ့ပြင် ပြည်သူ့ လွတ်လပ်မှုတွေကို ချုပ်ချယ်ခြင်း၊ သေနတ်နှင့် ပစ်သတ်ခြင်းများကို ပြုလုပ်နေတဲ့ အတွက် အခုလို ကန့်ကွက်ပွဲ ကျင်းပရခြင်း ဖြစ်တယ်။ ဒါကို ချုပ်ချယ်ထားတာတွေဟာ စင်စစ်မတရားလို့ ကျုပ်တို့က တရားသဖြင့် တောင်းဆိုခြင်းဖြစ်တော့၊ ဒီကိစ္စမှာ တိုင်းသူ ပြည်သားများဟာ ဆူပူရုံနှင့် မပြီးဘူး။ လိုလားချက် ရအောင် ဆူရသည့် အဓိပ္ပါယ်ကို သိရှိရမယ်။ အခုတိုက်ပွဲတွေဟာလဲ လွတ်လပ်ရေးတိုက်ပွဲ မဟုတ်သေးဘူး။ လောလောဆယ် ပြဿနာ ဖြေရှင်းရန် အတွက်သာ ဖြစ်တယ်။ တမျိုးသားလုံး အတွက်ကိုလဲ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးက ၁။ အမျိုးသား အစိုးရ၊ ၂။ ၁၈ နှစ် မဲပေးရေး၊ ၃။ တိုင်းပြုပြည်ပြု လွှတ်တော်တည်ထောင်ရေးတို့ကို တောင်းဆို ထားတယ်။ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို တရားသဖြင့် တောင်းဆိုခြင်းကို လမ်းကုန်အောင် ဆောင်ရွက်ရလိမ့်မယ်။ ယခုလိုတရားသဖြင့် တောင်းဆိုချက်တွေကို မရယင် ဘာလုပ်မယ် ဆိုတာတွေလဲ ဖ-ဆ-ပ-လ ဥက္ကဋ္ဌမိန့်ခွန်းမှာ ဖြေရှင်းပြခဲ့ပြီး ဖြစ်တယ်။ လွတ်လပ်ရေး တိုက်ပွဲအထိ ရောက်ချင်မှ ရောက်လိမ့်မယ်။



သို့ပေမဲ့ ပြင်ဆင် ထားရမယ်။ လွတ်လပ်ရေးဆိုတာဟာ ချက်ခြင်း ရချင်မှ ရတာ။ ကျုပ်တို့လိုလားချက်ဟာ တရားသဖြင့် နည်းနဲ့ ရချင်မှရမယ်လို့ သံသယ ရှိတယ်။ အဲဒီ ကိစ္စတွေဟာ တိုင်းပြည်တွင်သာ မဟုတ်ဘူး။ ဗြိတိသျှ အစိုးရအပေါ်မှာလဲ တာဝန်ရှိတယ်။ ဗြိတိသျှ အစိုးရဟာ သူတို့နယ်အတွင်းရှိ တိုင်းပြည်များ ဆူပူခြင်းကို မလို[illegible]လို့ ဆိုပေမဲ့ သူတို့ ဒီလို လုပ်နေယင် မပေါ်သင့်တာနဲ့ ဆူပူမှုတွေ ပေါ်လာလိမ့်မယ်။ ကျုပ်တို့ကလဲ လွတ်လပ်ရေး တိုက်ပွဲမဆင်နွှဲတဲ့နဲ့ ပြီးမြောက်သွားလို့ပေမဲ့ ကျုပ်တို့ တဖက်ထဲ အပေါ်မှာ တည်နေတာ မဟုတ်ဘူး။

## တိုင်းသူ ပြည်သားတွေကို ယုံကြည်ပါတယ်

ပြည်သူ့ လွတ်လပ်မှုတွေ ချုပ်ချယ်မှုကြောင့် ကန့်ကွက်ပွဲတွေ ပြုလုပ်ရခြင်း၊ အစိုးရနဲ့ အရေးဆိုရခြင်းများ ဖြစ်ပေါ်နေပြီ။ တိုင်းပြည်က နားလည်ထားသင့်တာက တိုက်ပွဲဆိုတာဟာ ပရိယာယ် အကြီး၊ ပရိယာယ် အသေး ဆိုတာတွေနဲ့ သူ့နေရာသူ တိုက်ရတယ်။ နောက်ဆုတ်သင့် ဆုတ်၊ ရှေ့တိုးသင့် တိုးပြီး အခြေ အနေကို ကြည့်ကာ ပရိယာယ်သုံးသွားရတယ်။ ကျုပ်တို့ တိုင်းသူ ပြည်သားများကို ယုံကြည်ပါတယ်။ အခုပြောယင် အခုလုပ်ကြမယ် ဆိုတာ သိရပေမဲ့ လွတ်လပ်ရေး တိုက်ပွဲအထိ မရောက်သေးဘဲ၊ တိုက်ပွဲကလေးများနဲ့ပင် လိုရာ ရောက်အောင် တိုင်းပြည် အခြေ အနေကို ကြည့်ပြီး ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ၁၃၀၀ ပြည့်နှစ်က ကျောင်းသား၊ အလုပ်သမား ရေနံမြေ သပိတ်တွေမှောက်ပြီး တိုက်ကြတုန်းမှာ ဆေးလိပ်ခုံတွေကပါရောပြီး သပိတ်မှောက်ကြတယ်။ အမှန်မှာ နယ်ချဲ့ စံနစ်ထဲက သူလျှိုတွေက သပိတ်တွေများပြီး ထမင်းမကျွေးနိုင်ဘဲ ကစဉ့်ကလျား ဖြစ်အောင် လုပ်တဲ့ စံနစ်ဘဲ။ ကျုပ်က ဆူကြပါဆိုယင် ဆူကြမှာဘဲ ဆိုတာယုံကြည်ပါတယ်။ ဆူတာက လွယ်ပါတယ်။ သို့ပေမဲ့ ဆူတိုင်းလဲ အရာ မရောက်နိုင်ဘူး၊ စည်းကမ်း သေသေဝပ်ဝပ် နှင့် အလုပ်လုပ်သွားဖို့က ပိုပြီး အရေးကြီးတယ်။

## ဝေဖန်တာနဲ့ဘဲ အချိန်ကုန်နေတယ်

အချို့ လူတွေဟာ ကျုပ်တို့ကို သမရိုးကျ စံနစ်ဖြစ်တဲ့ အာဏာဖီဆန်ရေး စင်ပြိုင် အစိုးရ တည်ထောင်ရေးတွေကိုသာ တိုက်တွန်း ချင်ကြတယ်။ တိုင်းပြည်အခြေအနေကိုသာကြည့်ပြီး ညီညီညွတ်ညွတ်နဲ့ အလုပ် လုပ်ရမဲ့ အချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာ ခွက်စောင်းခုတ် ဝါဒတွေ ပေါ်လာတာတွေ့ရတယ်။ ဒီဟာက တိုင်းပြည်အားနည်းအောင် လုပ်တဲ့ နည်းဖြစ်တဲ့ အတွက် တနည်းနည်းနဲ့ ကာကွယ်ရမယ်။ ပရိယာယ် အသေးစိတ်ကို အသုံးပြုပြီး ဗဟိုဌာနက လတ်တလော ပြောင်းလဲသင့်က ပြောင်းလဲရလိမ့်မယ်။ ခေါင်းဆောင်တွေဟာ လူတိုင်းကောင်းလိမ့်မယ်လို့ မဆိုနိုင်ဘူး။ အဲဒါကိုဘဲ တဆိတ်ရှိ ဝေဖန်ရတာနဲ့၊ အပြစ်ပြောရတာနဲ့ အချိန်ကုန်နေတာဘဲ။ အရေးကြီးတာက ဒါဟာ ကိုယ်က တကွက်စားပြီး တဖက်လူက နှစ်ကွက်စားမည်ကို သတိပြုရမယ်။

## မကျေနပ်လျှင် ဖယ်ပေးမယ်

ကျွန်တော် တယောက်တည်းအတွက် ပြောရမယ်ဆိုယင် လွတ်လပ်ရေးကို သစ္စာ ရှိရှိနဲ့ အစအဆုံးအထိ ရအောင် လုပ်မှာဘဲ။ ကိုယ့်နောက် လိုက်လာတဲ့လူကို ထမင်းဝအောင်မကျွေးနိုင်ယင် ဒီခေါင်းဆောင်ဟာ အလကားဘဲ။ သခင်စိုးဂိုဏ်းသားများဟာလဲ အခု ပိုက်ဆံမရဘဲနဲ့ အစိုးရ ဒလံလို ဖြစ်နေတယ်။ နယ်ချဲ့သမားတွေထံက ပုန်းရှိုး ကွယ်ရှိုး ပိုက်ဆံစားပြီး လုပ်နေတဲ့ သတင်းစာတွေလဲ ရှိသေးတယ်။ ကျုပ်တို့ ခေါင်းဆောင်နေတဲ့ အချိန်မှာ ကျုပ်တို့ရဲ့ ညွှန်ကြားချက်ကို လိုက်နာသောင်ရွက်ကြပါ။ ဒါမှ မကျေနပ်ယင် ခင်ဗျားတို့ သဘောကျသူကို တင်ပြီး လုပ်နိုင်ပါ၊ ကျုပ်ဖယ်ပေးပါ့မယ်။

မြန်မာ့အလင်းသတင်းစာ
၈-၆-၄၆။

# လူထုတိုက်ပွဲနေ့ မိန့်ခွန်း

(ဖဆပလ) အဖွဲ့ချုပ်ကြီးနှင့် အင်အား ပြိုင်ရာ၌ မရှုမလှ အရေးနိမ့်နေသော မြန်မာပြည် ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ဝမ်းကိုက်ရောဂါ စွဲကပ်ပြီးလျှင် ၁၉၄၆ ခု၊ ဇွန်လ ၁၄ ရက်နေ့တွင် အင်္ဂလန်သို့ ပြန်သွားလေ၏။ ဘုရင်ခံ အသစ် ဖြစ်သော ဆာဟူးဘတ်ရန့်စ်သည် (ဖဆပလ) အဖွဲ့ချုပ်နှင့် ရင်ဆိုင်တိုးရလေသည်။ (ဖဆပလ) သည် ပြည်သူတို့၏ တပ်ဦး တကဲ့ ညီညွတ်ရေး အဖွဲ့ချုပ်ကြီး ဖြစ်မှန်းကို ဆာဟူးဘတ်ရန့်စ်သည် တနေ့ထက်တနေ့ သိမြင်လာခဲ့သည်။ (ဖဆပလ) မပါဘဲနှင့် အလုပ်လုပ်၍ မရကြောင်း သိလာသဖြင့် ၁၉၄၆ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ယာယီ အမှုဆောင် အစိုးရ အဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် (ဖဆပလ) ခေါင်းဆောင်များသည် မိမိတို့ မူလ ရည်မှန်းချက်ဖြစ်သော လုံးဝ လွတ်လပ်ရေးကို မျက်ခြည် အပြတ်မခံကြချေ။ လွတ်လပ်ရေးသို့ သွားရာ လမ်းခရီးတွင် အတားအဆီး တခု ဖြစ်နေသော ဗြိတိသျှ အစိုးရ၏ မြန်မာပြည်နှင့် ဝပ်လျှိုးသည့် စက္ကူဖြူ စီမံကိန်းကို ကန့်ကွက်မြဲ ကန့်ကွက်လျက် ရှိနေပေသည်။

အစိုးရအဖွဲ့ ဖွဲ့စည်းပြီး စက်တင်ဘာလ ၂၉ ရက်နေ့တွင် မူလက စီစဉ်ထားသည့်အတိုင်း "စက္ကူဖြူ စီမံကိန်း ကန့်ကွက် ဆန္ဒပြပွဲ"ကြီးကို တပြည်လုံး လှုပ်နေလေအောင်း မြင်းခေါင်းမကျန်မြန်မာပြည် တပြည်လုံး ခြိမ့်ခြိမ့်အုန်းအုန်း ကျင်းပခဲ့၏။ ရန်ကုန်မြို့တွင်လည်း ဗိုလ်ချုပ်အောင်ဆန်းတို့ ခေါင်းဆောင်လျက်စက္ကူဖြူ စီမံကိန်း ကန့်ကွက်ပွဲကြီးကို ကျင်းပခဲ့ရာ ယင်းဆန္ဒပြကန့်ကွက်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားသော မိန့်ခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျုပ်တို့တော့ ဝန်ကြီးတွေ ဖြစ်ကြပြန်ပြီ။ ဖြစ်သာဖြစ်ရတယ် ကျုပ်တော့ ရင်တထိတ်ထိတ်ဘဲ။ ဂျပန်ခေတ်က ရှင်ကြီးဝမ်းဝင်ခဲ့တယ် မဟန်လှ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အခု ဘာဝမ်းလဲတော့ မသိဘူး၊ ဝင်ရှုပ်နေပြီ တခါ။ ဟန်ကျမလားသို့ ခင်ဗျားတို့က မေးချင်ပေလိမ့်မယ်။ ကျုပ်အဖြေကတော့ မပြောတတ်သေးဘူးပဲ့ ဖြေရမှာဘဲ။ ဒီလို မသေမချာ မြေစမ်းခရမ်းပျိုးရတာကြောင့် ဝန်ကြီးလုပ်ရတာ ရင်တုန်တုန်နဲ့ လုပ်ရတာဘဲ။ တကဲ့ အမျိုးသား အစိုးရ၊ တကဲ့ အာဏာပိုင် အစိုးရလို့ တထစ်ချ သိရယင်တော့၊ ဒီလောက် ရင်လေးမှာ မဟုတ်ဘူး။ ဒါကြောင့်.... ကျုပ်တို့ ရာထူးယူလိုက်လို့၊ ခင်ဗျားတို့ ကိစ္စတွေ အားလုံး အေးချမ်းသွားမယ် မဆိုနိုင်သေးဘူး။ မြန်မာ့အလင်း ခေါင်းကြီးပိုင်းမှာ တနေ့က ရေးသလို၊ လူထုတွေ ဆက်ပြီး တောင့်ထားကြဦးလို့ ပြောရမှာဘဲ။

အခုလောက် ရာထူးနှင့် အာဏာတွေ ရလာတာတောင်၊ ခင်ဗျားတို့ အင်အား အရှိန်အဝါတန်ခိုးကြောင့်ဖြစ်လာရတာဘဲ။ ရှေ့ကိုဒီယက် ခင်ဗျားတို့ အားသွန် ကြိုးပမ်းနိုင်မယ် ဆိုယင် တဆင့်တက်ပြီး အစိုးရ အခွင့်အာဏာတွေ ကိုးပြီး ခင်ဗျားတို့ အကျိုးတွေ ပိုလုပ်ပေးနိုင်မှာဘဲ။ အခုတော့ စလုံးရေ(၈) ခါ ဘဲ ရှိသေးတယ်။ ကျုပ်တို့ ရာထူး လက်ခံတဲ့ အကြောင်းကတော့ ဖ၊ ဆ၊ ပ၊ လ အလုပ်အမှုဆောင်အဖွဲ့ ကြေညာစာတန်းထဲမှာ ပါတဲ့ အတိုင်းဘဲ ထပ်ပြောစရာ မလိုတော့ဘူး။ ကျုပ်တို့ လုပ်မဲ့ လုပ်ငန်းတွေကိုတော့ အကြမ်း ပြောပြအုံးမယ်။ တနေ့ကလဲ သတင်းစာတွေကို ပြောပြီးပြီ။ ဒါပေမဲ့ ထပ်ပြောအုံးမယ်။ ကျုပ်တို့ ပဌမဆုံး အလုပ်ကတော့ လက်ငင်း သပိတ် ပြဿနာတွေနဲ့ ပြည်သူ့ လွှတ်လပ်ရေး ပြဿနာတွေကို ဖြေရှင်းဖို့ဘဲ။ ဖြေရှင်းလို့ရမလား မရဘူးလား ဆိုတာကို အခု မပြောလိုသေးဘူး။ ဖြေရှင်းရအောင် ကျုပ်တို့လုပ်မယ်။ လုပ်လို့မရယင် လုပ်လို့ မရတဲ့ အတိုင်း ကျုပ်တို့ စခန်းသွားမှာဘဲ။ လုပ်လို့ရယင်လဲ လုပ်ငန်း တဆင့်တက်ပြီး သွားရုံဘဲရှိအုံးမယ်။ ပြီးတော့ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ က စုပေါင်းတောင်းထားတဲ့ အချက်အလက်တွေ ရှိတယ်။ အဲဒီ အချက်တွေကတော့ အစုံဘဲ၊ အလုပ်သမား၊ လယ်သမား၊ ပညာရေး၊ အစားအစာ ပြဿနာ၊ ငြိမ်ဝပ်ပိပြားရေးအစရှိတဲ့ ကိစ္စတွေနဲ့ဆိုင်တယ်။ အဲဒီကိစ္စတွေနဲ့ တပါတည်း ဘဏ္ဍာရေး အာဏာ စုံစုံစေ့စေ့ ရဖို့ ကိစ္စလဲ ပါလိမ့်မယ်။ သည့်အပြင် တိုင်းပြည် ပြန်လည် ပြုပြင် ထူထောင်ရေး လုပ်ငန်းတွေလဲ လုပ်နိုင်သလောက် လုပ်ရမယ်။



## ရည်မှန်းထားတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်

စီးပွားရေး စီမံကိန်းတွေကို ပြန်လည် စစ်ဆေးပြီး၊ တိုင်းပြည် အကျိုးနဲ့ ကိုက်နိုင်သမျှ ကိုက်အောင် ဆောင်ရွက်ရလိမ့်မယ်။ ပြီးတော့ ကျုပ်တို့ ရည်မှန်းထားတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ကို အိုက်ရောက်အောင် ပြုနိုင်မဲ့ နိုင်ငံရေး အခြေအနေတွေ ရအောင် စီမံပြီး ခြောက်လလောက်အတွင်း ဝေရှုးမျှက လွှတ်လပ်တဲ့ ရွေးကောက်ပွဲ ကျင်းပဖို့ကိုလဲ လုပ်ရမယ်။ ဒါတွေဟာ ကျုပ်တို့ လုပ်ရမဲ့ လုပ်ငန်းစဉ် အကြမ်းဘဲ၊ အတိုချုပ်ဘဲ။ ခင်ဗျားတို့ အခု ယပ်မီ ဆုံးဖြတ် အတည်ပြုရမဲ့ အချက်တွေဟာလဲ ဒီအချက်တွေထဲမှာ အကျုံးဝင်သွားမှာဘဲ။ ဘယ့်လောက်ထိ ကျုပ်တို့ ဒီအလုပ်တွေ လုပ်လို့ အောင်မြင်မလဲ ဆိုတာ ခင်ဗျားတို့ တိုင်းသူပြည်သား လူထုတွေက အားပေး၊ အားပေးသလောက်အပေါ်မှာ တည်တာဘဲ။ ကျုပ်တို့ကတော့ လုပ်မှာဘဲ။ လုပ်မဖြစ်လို့ ထွက်ရမယ် ဆိုယင် ထွက်ဖို့ ဝန်မလေးပါဘူး။

ကျုပ်တို့ဝန်ကြီးတွေ ဘာတွေဖြစ်လို့ ကျုပ်တို့ဘာမှ ဝမ်းလဲမသာဘူး။ ခင်ဗျားတို့ရဲ့ အခု ချီးကျူးထောမနာ လုပ်တာတွေလဲ မလိုချင်ဘူး။ ပြီးတော့ သမင်းစားပွဲတွေ... ဘာပွဲတွေကိုလဲ မလိုချင်သေးဘူး။ ဒါကတော့ ခင်ဗျားတို့နဲ့ မဆိုင်ဘူး။ ကျေးနိုင် မွေးနိုင်တဲ့ လူစုတွေနဲ့ ဆိုင်တယ်။ အဲဒီ ပုဂ္ဂိုလ်တွေကို ကြားအောင် ဒီစနစ်ကာဘဲ အခု ပြောရတာဘဲ။ ဒါတွေကို ကျုပ်တို့ မကြိုက်လို့လား ဆိုယင် မကြိုက်လို့တော့ မဟုတ်ဘူး။ လူဆိုတာ အမြှောက်ခံရယင် ကြိုက်တိုက်တိုက်ဘဲ။ ကျုပ်တို့အဖို့ဆိုယင် လူထုကမြှောက်ယင်ကြိုက်တာဘဲ။ ဒါပေမဲ့ ကျုပ်တို့ အခု မစရသေး၊ မလုပ်ရသေးဘူး။ ဒါကြောင့် ချို့ယွင်းအားနည်းချက်ရှိလဲ အခု ချီးမွမ်း မခံချင်သေးဘူး။ သို့သော် ကျုပ်တို့ လူတိုင်း လူတိုင်းဆီက အကူအညီ အထောက်အပံ့ အားပေးမှုကို လိုတယ်။ ဘယ်လို အကူအညီ အထောက်အပံ့လဲ ဆိုယင် ကျုပ်တို့ ရာထူးမြဲအောင် ကျုပ်တို့ ကောင်းကျိုးချမ်းသာ တိုးတက်အောင် အကူအညီ အထောက်အပံ့ အားပေးမှုမျိုး မဟုတ်ဘူး။ ခင်ဗျားတို့ အလုပ်သမားတွေ၊ လယ်သမားတွေ၊ အစိုးရ ဘာမှုထမ်းတွေ၊ ပညာရေးသမားတွေ၊ ကုန်သယ်တွေ၊ ပွဲစားတွေ အစရှိတဲ့ လူတွေရဲ့ အကျိုးတွေ လုပ်ပေးဖို့ လုပ်ပေးနိုင်ဖို့ အကူအညီ အထောက်အပံ့ အားပေးမှု လိုတယ်။ ခင်ဗျားတို့ အကျိုးတွေ လုပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ အကျိုးရှိတာမျိုးမှာပဲ ကျုပ်တို့တော့ လိုချင်တယ်။ ကျုပ်တို့ဟာ ဥပဒေအရတော့ ဘာဖြစ်နေနေ ကျုပ်တို့ ကိုယ်ကို ကျုပ်တို့ ပြည်သူ့ဝန်ကြီးတွေလို့ ယူဆတယ်။ အဲဒီအတိုင်း လုပ်မှာပဲ။

## ရာထူးကလေးတွေ ရဖို့

ပြည်သူတွေဆိုတာ ဗမာပြည်မှာ တိုင်းသူပြည်သား အများနဲ့ အကျိုးတူ လုပ်မယ်၊ ကိုင်မယ်၊ နေမယ်၊ ထိုင်မယ် ဆိုတဲ့ တိုင်းရင်းသားတွေ အိန္ဒိယ၊ တရုတ်၊ အင်္ဂလိပ် ကပြားများနဲ့ ဥရောပတိုက်သားများတောင် ပါတယ်။ ကျုပ်တို့ဆီ ကိစ္စရှိယင် ကိစ္စရှိသလို တိုင်ကြား အစီရင်ခံတောင်းဆိုနိုင်တယ်။ သို့ပေမဲ့ တခုတော့ ပြောချင်တယ်။ ကိုယ့်ရေးကိုယ့်ကိစ္စ ကလေးအတွက် ရာထူးကလေးတွေရဖို့၊ ဟိုဒင်း ဒီဒင်းတွေရဖို့၊ အလျှော်ပို့ အစရှိတဲ့ ကိစ္စမျိုး အတွက်တော့ မလာကြပါနဲ့။ ဒီလို လူမျိုးတွေဟာ သဘာဝကောင်းမှန် သိတိုင်း အခွင့်အရေးတွေ ယူနေမယ်။ ကျုပ်တို့ [illegible] ပေးနိုင်ဘူး။ ကျုပ်တို့ လခတွေလဲ လျှော့ချလိုက်မယ် ထင်တယ်။ ဖ၊ ဆ၊ [illegible] ကို သယ်တော်ကျေး ခံမယ် အစရှိတဲ့ အချက်တွေကို စဉ်းစားနေအုံးမယ်။ ကျုပ်တို့ လူ့ဘောင် ရှိမယ် လဲ မဟုတ်ဘူး။ ရာထူးကိစ္စ ဟိုဟာကလေးရဖို့ ဒီဟာကလေးရဖို့ ဆိုတာ တွေတော့ ဖ၊ ဆ၊ ပ၊ လ ဝါဒ စည်းမျဉ်းအတိုင်းသာ ဖြစ်မှာပဲ။ ကျုပ်တို့ဆီ လာလို့ ဖြစ်မှာ မဟုတ်ဘူး။ ကျုပ်တို့ ခင်ဗျားတို့နှင့် အတူတူပဲ။ ကိုယ့် စည်း ကိုယ့်ကမ်းနှင့် တဦးနှင့်တဦး ကြီး ကျယ်ခနေရာ လူတွေ မဟုတ်ပါဘူး။ ပြောစရာရှိ လာပြောပါ။ တိုင်စရာရှိ လာတိုင်ပါ။ တောင်းစရာရှိက တောင်းပါ။ အချင်းချင်း သဘောမျိုး ဆက်ဆံကြပါ။ ပြီးတော့ ဟိုအကြောင်း ဒီသတင်း မဟုတ်တာတွေ ကြားလဲ မယုံပါနဲ့ ကျုပ်တို့ စိတ်မပြောင်းပါဘူး။

## ဖျက်ဆီးဖို့ လုပ်နေတယ်

အချို့ အရင်းရှင်ကြီးတွေဟာ ငွေနှင့် ပေါက်ပြီး ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ ကြီးမှူးတဲ့ အစိုးရ အဖွဲ့နဲ့ ညီညွတ်ရေး တပ်ဦးကြီးကို ဖျက်ဆီးဖို့ လုပ်နေတယ်။ အားလုံး သတိကြီးကြီး ထားကြဖို့ လိုတယ်။ အခု သပိတ်ကိစ္စတွေနဲ့ ပတ်သက်ပြီး နက်ဖြန် ၁၁ နာရီ အတွင်းဝန်ရုံးမှာ သပိတ်သမား ကိုယ်စားလှယ်တွေနှင့် ကျုပ်ရယ်၊ သခင်မြရယ်၊ ဘဏ္ဍာရေး ဝန်ကြီး ဦးတင်ထွန်းရယ်၊



သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီး သခင်ဗစိန်နဲ့ရယ် တွေ့ကြပြီး၊ သပိတ်ကိစ္စတွေကို ဖြေရှင်းဖို့ စီစဉ်ထားတယ်။ ကျုပ် ဒီကိစ္စနဲ့ ပတ်သက်ပြီး တခု ပြောနိုင်တယ်။ ကျုပ်တို့ဖက်ကတော့ ဒီကိစ္စတွေကို ရှည်လျားအောင် မလုပ်ဘူး။ ဒီဟာ မကြိုက်လို့ ရှည်ရှည်လျားလျား စခန်းသွားချင်ကြတဲ့ လူတွေရှိယင်လဲ သူတို့ သဘောပဲ။ ကျုပ်တို့ကတော့ မြန်မြန်ပြီးအောင် လုပ်ချင်တယ်။ လုပ်မယ်။ ခင်ဗျားတို့ ကျေနပ်နိုင်မဲ့ တရားတဲ့တောင်းဆိုချက်တွေကို ရအောင် ကြိုးစားမယ်။ မရလို့ရှိယင် မရတဲ့ အတိုင်း ဘာလုပ်မယ် ဆိုတာ ကျုပ်ဆုံးဖြတ်ပြီးပဲ၊ အဲဒါ ခင်ဗျားတို့ သိစေဖို့ပဲ။

## တဖက်စီးနင်းဖြစ်ဖြစ်

အခု ဗြိတိသျှ အစိုးရဖက်ကို လှည့်ပြီး စကားပြောချင်တယ်။ ကျုပ် သဘောကတော့ ဗြိတိသျှနဲ့ အကြောင်းကြောင်း သောက်လို့ မိတ်ဆွေ ဖြစ်ချင်တယ်။ မိတ်ဆွေ ဖြစ်ချင်လို့ ဒီလမ်းလိုက်ခဲ့တာပဲ။ မိတ်ဆွေ ဖြစ်ချင်တယ် ဆိုပေမဲ့၊ သူ့မေတ္တာရှိမှ ကိုယ့်မေတ္တာရှိနိုင်မယ် ဆိုတဲ့ စကားလိုပဲ၊ ကျုပ်တို့ဖက်ကချည်း မဟုတ်ဘဲ၊ တဖက်ကလဲ ကျုပ်တို့ တိုင်းပြည်ကြီး အကျိုးကို ဖြည့်စွမ်းပေးမှ ဖြစ်မယ်။ တဖက်စီးနင်း ဖြစ်ဖြစ်၊ တဖက်ခေါင်းနင်း ဖြစ်ဖြစ် လုပ်ကြမယ်ဆိုယင် တဦးနှင့်တဦး မိတ်ဆွေ မဖြစ်နိုင်ဘူး။ ကျုပ်ရှင်းရှင်းပဲ ပြောမယ်။ အခု ဘုရင်ခံကိုတော့ အခုအထိတော့ လူတယောက် အနေနဲ့ ကျုပ်သဘောကျတယ်။ ဒါပေမဲ့ ဘိလပ်အစိုးရကို အထူးသဖြင့် ဗမာပြည်ရှိ ဥရောပတိုက်သားတွေကို သဘောကျပြီလို့ မပြောနိုင်ဘူး။ ဘုရင်ခံကို တွေ့တဲ့ အခါလဲ ကျုပ်ဗြိတိသျှနဲ့ မိတ်ဆွေ ဖြစ်ချင်တယ် ဆိုသာကို ပြောခဲ့တယ်။ တချို့ကတော့ ဗြိတိသျှတွေဟာ အခုအခါ အား အင်မတန် နဲ့ပြီးသျှင် ရွေ့ကျဆင်းဖို့ပဲ ရှိမယ်။ ဒါကြောင့် သူတို့ပေါင်းလို့ ဘာအကျိုးရှိမှာလဲ မေးမယ်။ ကျုပ်ကတော့ ဒီလို မစဉ်းစားဘူး။ အားနဲ့နေတဲ့ အခါမှ ဗြိတိသျှနဲ့ မိတ်ဆွေ ဖြစ်ချင်တယ်။ ဒီလို ကျုပ်ပြောတာဟာ လက်တွေ့ နိုင်ငံရေး သဘော မဟုတ်ဘူး ဆိုချင်တဲ့ လူတွေ ရှိချင်လဲ ရှိမယ်။ ဘာပြောပြော ကျုပ်စဉ်းစားရသလောက် ကျုပ်သဘောထားဟာ ဒီအတိုင်းပဲ။ ဒီအတိုင်း လုပ်မှာပဲ။ လုပ်လို့ မရယင် ကျုပ်တို့ အပြစ်မဟုတ်ဘဲ၊ ဗြိတိသျှတို့ရဲ့ အပြစ် သာ ဖြစ်မယ် ဆိုတာ တိတိလင်းလင်း ကျုပ်ပြောလိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



## နတ်လဲမဟုတ်၊ မှော်ဆရာလဲ မဟုတ်

နောက်ဆုံး.... ကျုပ် အကြောင်းကို ခင်ဗျားတို့ကို နဲနဲပြောချင်တယ်၊ အခုအခါ ကျုပ်ဟာ (ပတ်ဗလစ်မှာ ပေါ်ပြူလာ ဖြစ်နေတဲ့ လူဘဲ)။ ဒါပေမဲ့ ကျုပ်ဟာ ဘုရားလဲမဟုတ်ဘူး၊ မှော်ဆရာ မျက်လှည့်ဆရာလဲ မဟုတ်။ လူဘဲ။ နတ်လဲ မဟုတ်၊ လူလောကဘဲ အစွမ်းရှိမှာဘဲ။ ကျုပ် အသက်ဟာ အင်မတန် ငယ်တယ်။ ကျုပ် အခု ထမ်းရတဲ့ တာဝန်ဟာလဲ၊ တတိုင်းပြည်လုံးရဲ့ တာဝန်ကို ရှေ့ဆုံးက ထမ်းနေရတယ်။ ကျုပ်ကိုယ်ကို ဒီတာဝန်တွေ ထမ်းနိုင်အောင် အရည်အချင်း ပြည့်ပုံတယ်လို့ မယူဆဘူး။ ဖြီးတော့ ကျုပ် စိတ်တိုတတ်တယ် ဆိုတာကိုလဲ လူအများ သိကြတာဘဲ။ ဒါ ကျုပ်နဂိုဘဲ။ အလုပ်ရှုပ်ပြီး အနှောင့်အယှက်များသည် စိတ်တိုတတ်တယ်။ ဒါကို ပြုပြင်နိုင်သမျှ ပြုပြင်ဖို့ ကြိုးစားမယ်။ သို့သော်လဲ ခင်ဗျားတို့လဲ စိတ်ရှည်ရှည်ထားကြပါ။ ကျုပ်လဲ စိတ်ရှည်ရှည် ထားပြီး၊ ကမ္ဘာပြတဲ့ အင်အားမျိုးတက် ဆထက်ထမ်းပိုး တိုးအောင် လုပ်ပြီး၊ ကျုပ်တို့က ခင်ဗျားတို့အကျက် လုပ်တဲ့ နေရာမှာ အားပေးမယ် ဆိုယင်၊ ကျုပ်တို့ လိုချင်တဲ့ လွတ်လပ်ရေး၊ လူထု ကောင်းစားရေးတွေကို ရအောင် ပိုလုပ်နိုင်မယ်။ ပိုအကျိုးရှိမှာဘဲ။ ဒါကြောင့် လူထုတွေကို ဆက်တောင့်ထားကြပါအုံးလို့ ဆိုတာ ပြောခဲ့ချင်တယ်။ ။

မြန်မာ့အလင်းသတင်းစာ
၁-၉-၄၆။

# ကွန်မြူနစ်တွေကို ဘာ့ကြောင့် ထုတ်ပစ်ရသလဲ

ကွန်မြူနစ် ပါတီသည် (ဖဆပလ) အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးတွင် ပါဝင်သော ပါတီအဖွဲ့သာလျှင် ဖြစ်သည်။ (ဖဆပလ) အဖွဲ့ကြီး၏ ဝါဒနှင့် လုပ်ငန်းစဉ် အတိုင်း လိုက်နာ၍ ပါတီသုပ်ငန်းများ ချမှတ်လုပ်ကိုင်ရန်သည် ကွန်မြူနစ် ပါတီ၏ တာဝန်ဖြစ်သည်။ သို့သော် ကွန်မြူနစ် ပါတီသည် (ဖဆပလ) အမျိုးသား တပ်ဦးတွင် ပါဝင်သော်လည်း (ဖဆပလ) ၏ ဝါဒနှင့် လုပ်ငန်းစဉ်များကို စည်းကမ်းမဲ့စွာ ပုတ်ခတ် တိုက်ခိုက်လာသည်။ အယူအဆ ကွဲပြားလျှင် အဖွဲ့ချုပ်အတွင်း၌ ကျေညက်သည်အထိ ဆွေးနွေးနိုင်ခွင့် ဒီမိုကရေစီနှင့် အဖွဲ့တွင်းတွင် မဆွေးနွေးဘဲ အပြင်ဘက်နေ၍ ပါတီပိုင် သတင်းစာ ဂျာနယ်တို့မှ ပုတ်ခတ် ဝေဖန်လာသည်။ ကွန်မြူနစ် ကိုယ်စားလှယ်များ ပါဝင်သည့် (ဖဆပလ) ဗဟိုကော်မီတီက တညီတညွတ်တည်း ချမှတ်ထားသော လုပ်ငန်းစဉ်များကို ချိုးဖောက်လေ့ ရှိသည်။ အကြိမ်ကြိမ်ဆွေးနွေး သတိပေးသော်လည်း ကွန်မြူနစ်ပါတီသည် မပြုပြင်ခဲ့ချေ။ ထို့ကြောင့် နောက်ဆုံးတွင် ကွန်မြူနစ်ပါတီအား ၁၉၄၆ ခု၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် (ဖဆပလ အမျိုးသားတပ်ဦး)မှ ထုတ်ပယ်ပစ် လိုက်ကြရသည်။ အောက်ပါ မိန့်ခွန်းမှာ ကွန်မြူနစ် ပါတီအား (ဖဆပလ အဖွဲ့ချုပ်) မှ အဘယ့်ကြောင့် ထုတ်ပစ်ရကြောင်း ရှင်းလင်းတင်ပြထားသော မိန့်ခွန်း ဖြစ်သည်။ ဤမိန့်ခွန်းကို ၁၉၄၆ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရွှေတိဂုံ အနောက်မုခ်၌ ပြောကြားရာ လူထုတသိန်းကျော် တက်ရောက် နားထောင်ခဲ့သည်။

ယင်းမိန့်ခွန်းကို ၁၉၄၆ ခု၊ အောက်တိုဘာလ ၂၂ ရက်နေ့၊ ည ၇ နာရီ ၁၅ မိနစ် တွင် အသံလွှင့်ရုံမှ "ကွန်မြူနစ်တွေ" ခေါင်းစဉ်ဖြင့် ထပ်မံ အသံလွှင့်ခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့အစည်းအဝေးကတော့ အများသိတဲ့ အတိုင်းဘဲ။ ဖ၊ ဆ၊ ပ၊ လ က ကွန်မြူနစ်တွေကို ဘာဖြစ်လို့ ထုတ်ပစ်ရတယ် ဆိုတဲ့ အကြောင်း ရှင်းပြဖို့ ပါဘဲ။ ဒီအကြောင်းတွေ ပြောရမယ်ဆိုယင် အများကြီးဘဲ။ ကျုပ်လဲ စီကာ စဉ်ကာပြောဖို့အချိန်မရဘူး။ ခင်ဗျားတို့လဲ နေပူမှာ သိပ်ကြာကြာ နေနိုင်မှာ မဟုတ်ဘူး။ နောက်ကြောင်း တွေကိုလဲဘဲ ပြန်ပြောသင့်သလောက် ပြော ရမယ်။

ဖ၊ ဆ၊ ပ၊ လ၊ အဖွဲ့ချုပ်ဟာ အားလုံးသိကြပြီး ဖြစ်ကြမှာဘဲ။ ဂျပန် ခေတ်ထဲမှာ တိတ်တိတ်ပုန်းပေါ် လာတယ်။ ဒီအဖွဲ့ချုပ်ကြီးရဲ့ဝါဒလုပ်ငန်းစဉ် အရပ်ရပ်ကို ကျွန်တော်ဘဲ စတင်စီမံပြီး ကျွန်တော်နဲ့တပ်မတော်ရဲ့ ကောင်း မှုကြောင့် ဂျပန်တွေပြန်ချဖို့ဆိုတဲ့ လုပ်ငန်းဟာ အဲဒီကျမှဘဲ ကျကျနန ဖြစ် လာတော့တယ်။

အစတုန်းကဆိုယင် ကွန်မြူနစ်တွေဆိုတာလဲ မပြောပလောက်ပါဘူး။ အလုပ်လဲဘဲ တကယ်မရှိပါဘူး။ ဗြိတိသျှတို့ ဝါဒကလဲ "အင်္ဂလိပ်လာယင် လက်နက်ချလိုက်" ဆိုတဲ့ ဝါဒလောက်ဘဲရှိတယ်။ အဲဒါနဲ့ ကျုပ်တို့နဲ့ သဘောမတူ ဒီလိုမဖြစ်နိုင်ဘူး။ ဂျပန်ကို တော်လှန်ဖို့ အပြင်းအထန် စီစဉ်ရမယ်။ လှုပ်ရှား လုပ်ငန်းတွေလဲ ထက်ကြပ်လုပ်နိုင်အောင် စီစဉ်ရမယ်။ ဗမာ့ပြည်သူတွေ ဖွဲ့စည်း နိုင်သလောက် ဖွဲ့စည်းပြီး လက်နက်ယူနိုင်သလောက် လက်နက်ရအောင် စုဆောင်းပြီး လုပ်ထားမှ ဂျပန်ကိုချပြီးတဲ့နောက် လွတ်လပ်ရေး အမှန်အကန် ဖြစ်လာနိုင် မယ်။ ဒီလို မဟုတ်ယင် ပခုံးပြောင်းတဲ့ အလုပ်လောက်ဘဲ ဖြစ်မယ်လို့ ကျုပ် တို့ ပြောခဲ့တယ်။

အဲဒီတော့မှ သူတို့လုပ်ငန်းစဉ် နှဲနှဲမှန်လာတယ်။ ဒါပေမဲ့ တကယ့် တကယ် လုပ်ကြတမ်းဆိုတဲ့ အရေးကျတော့ ဆန့်ငင်ဆန့်ငင်နဲ့ မလုပ်ရဲ၊ မကိုင် ရဲ ဖြစ်ပြီး လက်နက်နဲ့ ထကြွပုန်ကန်ဖို့ အပြင်းအထန် စီစဉ်ရမယ်လို့ ကျုပ် ပြောတာကို သခင်သန်းထွန်းနဲ့ ကွန်မြူနစ်ခေါင်းဆောင်အချို့က ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ အနုပဋိလောမဝါဒနဲ့ မကိုက်ဘူးလို့ပြောကြသေးတယ်။ အဲဒါ နဲ့ ကျုပ်တို့လုပ်ကြတော့မှ ကျုပ်တို့ရဲ့လူအား၊ ငွေအား၊ လက်နက်အား၊ ဉာဏ်အားတွေနဲ့ ဂျပန်ချမဲ့လုပ်ငန်း အစီအစဉ်များ တွင်ကျယ်လာတယ်။



ဒီလိုဖြစ်လာတယ်ဆိုယင်ဘဲ နွားတောင်းရောင်ကြောင့် ပါးပြောင် ဆိုတာလို ကွန်မြူနစ်တွေလဲ တက်လာကြတာဘဲ။ ကျွန်တော်တို့ကလဲ ကွန်မြူနစ်ဝါဒကို မပစ်ပယ်တော့ သူတို့ဒီလိုတက်လာတာကိုလဲ ဘာမှမနာလိုမရှိပါဘူး။ သူတို့ ချည်း ဟိုဟာဒီဟာတွေ လုပ်သလို အသားယူသွားတာတွေကိုလဲ မချေပပါ ဘူး။ သူတို့ညစ်တာတွေ၊ ခြေထိုးတာတွေ၊ ကလိန်ကျတာတွေကို အများကြီး မကျေနပ်ပေမဲ့ အချင်းချင်းသာ အတွင်းရေးလောက်ဘဲ ပြောကြတယ်။ အပြင်ကို မထုတ်ပါဘူး။ သူတို့ကတော့ ဒီလိုမဟုတ်ဘူး၊ ပေးထားတဲ့ ကတိ တွေဖျက်၊ အတူတူ ဆုံးဖြတ်တော့ တမျိုး၊ လုပ်တော့တမျိုး၊ ဒါတွင်မက ဘူး၊ မဟာမိတ်တွေဆီကို လူလွှတ်ဖို့ဘဲ ဖြစ်ဖြစ်၊ မဟာမိတ်တွေဆီကရတဲ့ လက်နက်နဲ့ ရွှေငွေအကူအညီဘဲဖြစ်ဖြစ် သူတို့ချည်း ကျိတ်လုပ်ကြတယ်၊ အဲ တာတွင် မပြီးသေးဘဲနဲ့ ကျွန်တော်တို့ကိုဘဲ မျက်ကန်းမျိုးချစ်တွေ၊ သေ ဒိမ်ရေးသမားတွေ၊ ဖက်ဆစ်သမားတွေ အစရှိသည်ဖြင့် တိုးတိုးတမျိုး၊ ကျယ်ကျယ်တမျိုး ကျုပ်တို့ကွယ်ရာမှာ ဆဲသေးတယ်။

အထူးသဖြင့် အင်္ဂလိပ် စစ်တပ်တွေ ပြန်ဝင်လာတဲ့အခါ ဆိုရှယ်လစ်တွေ က လက်နက်စုတယ်။ တပ်မတော်က ဘာတွေလုပ်နေတယ်။ အင်္ဂလိပ်ကို ပြန် ချဖို့ လုပ်နေတယ်လို့ စာရေးပေးလိုပေး၊ စစ်အုပ်ချုပ်ရေးနဲ့ ပင်းလိုပင်း လုပ်ကြတယ်။ မြစ်ဝကျွန်းပေါ်မှာရှိတဲ့ ဗမာ့တပ်မတော် ဆိုလို့ရှိယင် ဖျက်ဖို့ တိုက်တွန်းကြတယ်။ ကျုပ်ဆီမှာ သခင်စိုးက ရေးပြီး သခင်သန်းထွန်းလက် မှတ်ထိုးထားတဲ့ စာတစောင်တောင် ရှိသေးတယ်။ အဲဒါတွေလဲ ကျုပ်တို့ အင်မတန် သည်းခံရတယ်။ သူတို့အလိုလိုက်ပြီး လက်နက်ချရမယ်ဆိုလို့ လက် နက်တွေချခဲ့ရတယ်။ ကျုပ်တို့ ကန္ဒီသွားတုန်းကဆိုယင် ကိုသိန်းဖေက တပ်မ တော်ကိစ္စနှင့် ပတ်သက်ပြီး ခင်ဗျားတို့လက်နက်အားကိုး မလုပ်စေချင်ဘူး။ အေးအေးချမ်းချမ်း ပြုပြင်ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို လုပ်ဖို့လို တယ်။ လွတ်လပ်ရေးကို အေးချမ်းသာယာစွာဘဲ အရယူဖို့ ပြောသေး တယ်။ အဲဒီလိုသူတို့က ဗမာတိုင်းပြည်ကို သစ္စာဖောက်ခဲ့တဲ့ အင်္ဂလိပ် ရဲ့ အလိုတော်ရိလမ်းတွေကို လိုက်ခဲ့လို့ ခုအထိ ကျုပ်တို့လိုက်ပြီး ဗမာပြည် နိုင်ငံရေးကို ဆည်နေရတုန်းဘဲ။ အင်္ဂလိပ်တွေ ဝင်လာစက ကျုပ်သာလက် နက်ကိုင်ပြီး သူပုန်ထချင်ယင် မခက်ခဲပါဘူးလို့ ဘုရင်ခံဟောင်း ဆာဒေါ်မန် စမစ်က လွန်ခဲ့တဲ့ ၁၀ ရက်လောက်က ဘီလပ်မှာ ပြောခဲ့တယ်။ ကျုပ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်တွေဟာလဲ ဒီတန်းက ဘယ်လိုရှိတယ်ဆိုတာဟာ စာရွက်စာတန်းတွေ ရှိတန်သလောက် ရှိပါသေးတယ်။ အခုန ဒေါ်မန်စမစ် ပြောသလို လက်နက်နဲ့ ထချဖို့ မခဲယဉ်းဘဲနဲ့ ကျုပ်တို့ ဘာလို့ မလုပ်ရသလဲဆိုတာကိုသာ ဒေါ်မန်စမစ်သိခဲ့ယင် ဤသူမိန့်ခွန်းထဲမှာ ဗြိတိသျှအင်ပါယာကြီးက သခင်စိုး၊ သခင်သန်းထွန်း၊ ကိုသိန်းဖေတို့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ဦးမှာဘဲ။

အဲဒီလို သစ္စာဖောက်လုပ်ငန်းတွေက တဖက်၊ ကျုပ်တို့အလုပ်လုပ်တဲ့ အချင်းချင်းတွေကို ခြေထိုးတာတွေ၊ ကလိန်ကျတာတွေကတဖက်၊ အဲဒီဟာမျိုးတွေလုပ်ပြီး သူတို့ပါတီကြီးပွားအောင် လက်ဦးယင် ပြီးရောဆိုပြီး ဟိုဆိုင်းဘုတ်၊ ဒီဆိုင်းဘုတ်တွေတင်။ သူတို့လူတွေက နေရာတကာမှာဝင်ပြီး ကြိုးကိုင်ထား။ ဒီပြင်လူတွေကို ကန့်ထုတ်သလိုလုပ်။ ဖ၊ ဆ၊ ပ၊ လ တို့ ကျုပ်နာမည်တို့ကို ရောင်တော်ပြန်သုံးပြီး ဘာတို့အားစုတာနဲ့ လူထုအစည်းအရုံး စင်ပြိုင်တွေပေါ်။ လူထုထဲမှာလဲ ရှုပ်ရှုပ်ထွေးထွေးဖြစ်၊ ပါတီတွေကလဲ ဟိုကပေါ် ဒီကပေါ်၊ ဖ၊ ဆ၊ ပ၊ လ လုပ်ငန်းဆိုလဲဘဲ ဖ၊ ဆ၊ ပ၊ လထဲမှာ သူတို့တတွေ အမျိုးအပြားရာထူးယူထားပေမဲ့ ဘာမှမလုပ်ဘူး။ ပစ်ထားတယ်။ သူတို့ပါတီ လုပ်ငန်းတွေကို လုပ်ကြတယ်။ အဲဒါနဲ့ဘဲ ဖ၊ ဆ၊ ပ၊ လ လုပ်ငန်းတွေဟာ မတွင်ကျယ်ဘူး။ ဘာဘဲဖြစ်ဖြစ် သူတို့သာမှန်တယ်၊ ဒီပြင်လူတွေက မမှန်ဘူးဆိုပြီး နေရာတကာမှာ တင်စီးတင်စားလုပ်တယ်။ အဲဒါနဲ့ ကျုပ်သူတို့ကို မေတ္တာနဲ့ဘဲ အကြိမ်ကြိမ်အခါခါ သတိပေးတယ်။ ခင်ဗျားတို့ ဒါမျိုးလုပ်ယင် ဖ၊ ဆ၊ ပ၊ လ ကြီး ကွဲလို့ ခင်ဗျားတို့ တက်မယ်ထင်လို့လား၊ ခင်ဗျားတို့ကို အင်္ဂလိပ်က စစ်တိုက်တုန်းသုံးပေမဲ့ စစ်ပြီးတဲ့အခါ ဆော်လိမ့်မယ်။ကျုပ်တို့အချင်းချင်း မညီညွတ်မဲ့ အလုပ်တွေ မလုပ်ပါနဲ့လို့ ကျုပ်အကြိမ်ကြိမ်ပြောခဲ့တယ် မရဘူး။ လုပ်မြဲလုပ်တာဘဲ။ ဆိုရှယ်လစ်တွေကို ကြံဖန်အပြစ်ရှာ၊ ပြော၊ ရေး၊ လက်ဝဲညီညွတ်ရေးကိုလုပ်ပြီး ပြန်ဖျက်၊ ဖ၊ ဆ၊ ပ၊ လ ကြီးကို ကွန်မြူနစ်ပါတီအတွက် အလွဲသုံးစားလုပ်၊ တရားသဖြင့် သူတို့အလုပ်လုပ်လို့ ဖ၊ ဆ၊ ပ၊ လ ထဲမှာ ကွန်မြူနစ်တွေ တွင်ကျယ်လာတယ် ဆိုယင်လဲဟုတ်ပါရဲ့၊ ကျုပ်တို့ကလဲ ကြည်ဖြူပါတယ်။

အခုတော့ ဒီလိုမဟုတ်ဘူး။ ဖ၊ ဆ၊ ပ၊ လ က ရာထူးတွေကိုတော့ လက်ခံထားတယ်။ ဖ ဆ၊ ပ၊ လ အလုပ်ကိုတော့ ကောင်းကောင်း မလုပ်ဘူး။



နာမည်ရစရာရှိပြီဆိုယင် ကွန်မြူနစ်ပါတီ နာမည်နဲ့ လုပ်တယ်။ လုပ်လို့မဟန်ဘူးဆိုယင် ဖ၊ ဆ၊ ပ၊ လ ကို လာထိုးအပ်ပြီ။ အဲဒါမျိုးတွေချည်းဘဲ။ ကျုပ်တို့ကလဲ သည်းခံနိုင်သလောက် သည်းခံပြီး လုပ်ပေးတာဘဲ၊ ပဲခူးဖက်မှာ ပဋိပက္ခပြဿနာတွေ ဖြေရှင်းကြတယ်။ ပဌမ သူတို့ အသားရမည်ထင်ဟန်းက သူတို့ ပါတီနာမည်နဲ့ လုပ်တယ်၊ ကိုးရိုးကားရား ဖြစ်တော့မှ ဖ၊ ဆ၊ ပ၊ လ ကို လာအပ်တယ်။

ဖ၊ ဆ၊ ပ၊ လ ဆုံးဖြတ်ပြီး အလုပ်တွေကို ဖ၊ ဆ၊ ပ၊ လ နာမည်နဲ့သာ လုပ်ရမယ်လို့ သူတို့ရော၊ ကျုပ်တို့ရော သဘောတူ စည်းကမ်း သတ်မှတ်ထားတယ်။ ဒါတွေ ဖောက်ဖျက်ပီး သူတို့လုပ်တာဘဲ။ ဒါနဲ့ သူတို့တတွေ လုပ်ပုံတွေဟာ မှတ်ကြ မမှန်တော့ မှားပြီးရင်းမှားရင်း ဖြစ်လာတယ်။ သူတို့တတွေ အမှားဖြစ်တာနဲ့ဘဲ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ မှာလဲဘဲ ခံစားရ ဂယက်ရိုက်တယ်။ သူတို့ဟာက ခုတမျိုး ခုတမျိုးဘဲ၊ ဘကြီးဘဘောဆိုလဲ သူတို့ဘဲ၊ အင်္ဂလိပ်သူလျှို ဘဘောဆိုလဲ သူတို့ဘဲ၊ ငြိမ်းချမ်းဘာသာဖြင့် လွတ်လပ်ရေး ယူရမယ်ဆိုတာလဲ သူတို့ဘဲ။ ခုချက်ချင်းဘဲ တော်လှန်ရေး လုပ်ရမယ်လို့ ပြောတာလဲ သူတို့ဘဲ။ လုပ်တော့ မလုပ်ပါဘူး။ လက်ဖဝါးလို မှောက်ချည်လှန်ချည် သိပ်နိုင်တဲ့လူတွေဘဲ။သူတို့ ဒီလိုပြောင်းလဲတာဟာ ဘာမှခြေခြေမြစ်မြစ် မရှိဘူး။ တကယ်ချကြဖို့ဆိုလို့ စဉ်းစားကဲ့အခါ တော်ရိရော်ရိ လုပ်သွားတယ်။ ပြီးတော့ ဘေးကျတော့ ကျုပ်တို့တတွေကဘဲစေ့စပ်ရေး သမားတွေဖြစ်သလို၊ သူတို့ကတော့ မဟုတ်သလို၊ အတူတူသဘောတူ ဆုံးဖြတ်ပြီး လုပ်ကြတာကို သူတို့ သဘော မတူလေဟန်၊ သူတို့ဘဲ သတ္တိရှိလေဟန်၊ မဟုတ်မမှန် ပြောကြသေးတယ်။ ဥပမာ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ကိစ္စတွေနှင့် ပတ်သက်ပြီး စီတန်းလမ်းလျှောက်ပွဲလုပ်တုန်းက အမိန့်ယူဖို့ဘာဖို့ဆိုတာ ကွန်မြူနစ်တွေကဘဲ အဆိုသွင်းတာဘဲ။ တခြားလူတွေက ထောက်ခံတယ်။

ကျုပ်တို့ကတော့ အတွင်းသိ အစင်းသိတွေဖြစ်တော့ သခင်စိုး ဘယ်လောက် သတ္တိရှိတယ်၊ ကိုသိန်းဖေ ဘယ်လောက် သတ္တိရှိတယ်၊ သခင်သန်းထွန်း ဘယ်လောက် သတ္တိရှိတယ်၊ ဒီပြင်လူတွေ ဘယ်လိုဆိုတာတွေ သိလို့ မလွမ်းပါဘူး။ ဗမာပြည်ရဲ့ လွတ်လပ်ရေး လုပ်ငန်းတွေလဲ မပြီးသေးပါဘူး။ ဘယ်စခန်းအထိ လုပ်ရမယ်ဆိုတာလဲ မသိသေးပါဘူး။ ဗမာ့လွတ်လပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကို ဆက်လက်ပြီး အပြီးတိုင် လုပ်ကြတဲ့ နေရာမယ်၊ ဘယ်သူ ဘယ်လို သတ္တိရှိလို့ ဘယ်သူက ဘယ်လိုခြေသာတယ် ဆိုတာတွေ ပြီးခဲ့တဲ့ အဖြစ်အပျက်တွေကရော၊ နောင်လာမဲ့ အဖြစ်အပျက်တွေကရော သက်သေခံပါလိမ့်မယ်။ ကျုပ်ရဲရဲကြီး ပြောရဲပါတယ်။

သတ္တိချင်း စမ်းမယ်ဆိုယင်တော့ ဗမာ့လွတ်လပ်ရေးအတွက် တကယ်တမ်း လုပ်တမ်းဆိုယင် တွက်ခဲ့ပါ။ မဟိန်းတမ်း၊ မဟောက်တမ်း၊ တကယ်လုပ်တမ်း ပြိုင်ရဲပါတယ်။ ကျုပ်အကြောင်းတွေလဲ ခင်ဗျားတို့ သိတန်သလောက် သိကြမှာဘဲ၊ ဒါပေမဲ့ "အကုန်တော့ ဘယ်သူမှ သိကြမှာမဟုတ်ဘူး။ ကျုပ်ကလဲ မကြွားချင်ပါဘူး။ ကျုပ်နိုင်ငံရေး လုပ်လာတာ ကြွားချင်လို့လဲ လုပ်နေတာမဟုတ်ဘူး။ ဗမာပြည် လွတ်လပ်ရေး ရစေချင်လို့၊ ဗမာတွေ ကောင်းစားစေချင်လို့ လုပ်ကာပါ။ ကျုပ်က နိုင်ငံရေး မလုပ်ရလို့ ထမင်းငတ်သွားမဲ့ လူမျိုး မဟုတ်ပါဘူး။ နိုင်ငံရေးလုပ်တာ ကျုပ်အဖို့မယ် မြတ်တယ်လို့ကို မဟုတ်ဘူး ဆူးကြီးနဲ့ချည်း လုပ်နေရတာဘဲ။

ယာခုဝန်ကြီး ဖြစ်ရပေမဲ့ ကျွန်တော်မှာ ဘာမှထူးခြားခြင်း မရှိပါဘူး။ ဂျပန်ခေတ် တခေတ်လုံးကလဲ ဝန်ကြီးဆိုပြီး ကျွန်တော်မှာ အဝတ်နှစ်ထည် သုံးထည်ကလွဲပြီး အပိုမရှိခဲ့ပါဘူး။ ယခုနေတော့လဲဖြစ်တော့ ဒါတွေကို ဝတ်နေရတာဘဲ။ ယခုဝတ်နေတဲ့ ဘောင်းဘီနှင့် အင်္ကျီတောင် ယခု ဝန်ကြီးရာထူးကို ဝင်ယူပြီးမှ မိတ်ဆွေတွေက ကြည့်မကောင်းလို့ အတင်းအချုပ်ခိုင်းတာနဲ့ ကြံဖန်ပြီး ချုပ်လိုက်ရတယ်။ ယခုဝန်ကြီးအဖြစ်နှင့် လခ ဘယ်လောက်ယူမယ်ဆိုတာ ဖ၊ဆ၊ ပ၊ လ က ဆုံးဖြတ်မပေးသေးဘူး။ ဘယ်လောက်ဘဲ ဆုံးဖြတ် ဆုံးဖြတ် ကျုပ်မှာ စားသောက်ရုံလောက်က ပိုမှာမဟုတ်ဘူး။

ပိုက်ဆံမရလို့ ဂုဏ်ဆိုတာကတော့ ဝန်ကြီးဖြစ်ရတဲ့အတွက် ဘယ်လောက်များ တက်သွားသလဲလို့ မေးကြစမ်းပါ။ ယခုလို မီးတောင်ကြီးပေါ်မှာ တက်ထိုင်နေရတာနဲ့တူတဲ့ ဝန်ကြီးရာထူးဆိုတာ ခုနေအခါ ကျုပ်တို့ ယူချင်တာမဟုတ်ဘူး။ တိုင်းပြည်ရဲ့ အကြောင်းကြောင်းတွေ ထောက်ပြီး မျက်စိမှိတ်ပြီး ရှန့်ယူရတာဘဲ။ လူထုကြီးက ကျုပ်ကိုပေးထားတဲ့ လူထု ခေါင်း



ဆောင်ဆိုတဲ့ဂုဏ်ကို ဝန်ကြီးဆိုတဲ့ဂုဏ်ထက် ကျုပ်ပိုမကတယ်ဆိုတာ ခင်ဗျားတို့ မှတ်ထားလိုက်ကြပါ။ ကျုပ်စိတ်ထဲမှာဆိုယင် ဝန်ကြီးဆိုတဲ့ ဂုဏ်ဟာ လူထုခေါင်းဆောင်ဆိုတဲ့ ဂုဏ်ရဲ့ခြေဖျားမှာ ကပ်နေတဲ့ ခြေမှုန့်လောက်ဘဲလို့ ကျုပ်မှတ်ထားပါတယ်။

●

ဒါကြောင့်လဲ လွန်ခဲ့တဲ့ သပိတ်ကိစ္စကြီးတွေကို ဖြေရှင်းပြီးတာနဲ့ တပြိုင်နက် ကျန်အရေးကြီးတဲ့ အတွင်းလုပ်ငန်းတွေကို တခြား လူတွေနှင့် လွှဲထားပြီး လူထုလုပ်ငန်းကို ထွက်လုပ်ဖို့ ကျုပ်ဝန်ကြီးရာထူးက ထွက်စာ တင်ထားတယ်။ ဖ၊ ဆ၊ ပ၊ လ အလုပ်အမှုဆောင်အဖွဲ့က ဆိုင်းထားသေးတဲ့အတွက် ကျုပ်မထွက်ခဲ့ရဘူး။

ကျုပ်တို့ ယခုလို အစိုးရအဖွဲ့ထဲမှာ ဝင်ပြီးထားတာနဲ့ လူထုလိုချင်တာတွေ အကုန်လုံးကို ကျုပ်တို့ လုပ်ပေးနိုင်မယ်လို့ ကျုပ်တို့ဘယ်တုန်းကမှ လူထုကို တပတ်မရိုက်ခဲ့ဘူး။ အကုန်လုံး လုပ်ပေးနိုင်ဖို့ ဆိုတာလဲ လွတ်လပ်ရေး ရတောင် ချက်ချင်း လုပ်ပေးနိုင်မယ် မဟုတ်ဘူး။ နေ့ချင်းညချင်းတော့ ပဒေသာပင် ပေါက်မပြနိုင်ဘူး၊ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ က အစိုးရအဖွဲ့ထဲ ဝင်တဲ့အခါ တိုင်းပြည်ကို ကြေညာတဲ့.ကြေညာချက်ကို သေသေချာချာ ပြန်ဖတ်ကြည့်ပါ၊ ကျုပ်တို့ ဘာပြောထားတယ်ဆိုတာ တွေ့ရပါလိမ့်မယ်။

ကျုပ်တို့ အစိုးရအဖွဲ့ထဲ ဝင်လာပေမဲ့ ဒီအစိုးရ အဖွဲ့ဟာ အမျိုးသား အစိုးရရဲ့ အရည်အခြင်း၊ အခွင့်အရေး အလုံးစုံနဲ့ ညီညွတ်ပြီ၊ ကိုက်ပြီလို့ မယူဆသေးဘူး။ ပြီးတော့ ဒီအစိုးရဟာ လွတ်လပ်တဲ့နိုင်ငံကို တဖြောင့်တဲ ပို့ပေးမဲ့ ယာယီ အစိုးရလို့လဲ မဆိုနိုင်ဘူး။ ဗမာပြည် လွတ်လပ်ရေးဟာလဲ သေချာပြီ မကြာခင် ရတော့မယ်လို့ မဆိုနိုင်သေးဘူး။ အစိုးရ အမှုထမ်းများနဲ့ အခြားလူ အတန်းအစားတို့ရဲ့ လက်ငင်းပြဿနာများကို ဖြေရှင်းနိုင်ဖို့အတွက် တကြောင်း၊ ခြောက်လခန့်တွင် တရားသဖြင့် လွတ်လပ်စွာ ရွေးကောက်ပွဲ ကျင်းပနိုင်ရန်တကြောင်း၊ အခြား လက်ငင်းပြဿနာတွေကို ဖြေရှင်းနိုင်ကောင်း ဖြေရှင်းနိုင်ပြီး နေသူရိန် ဆုံးဖြတ်ချက်အတိုင်း၊ အမျိုးသား အစိုးရ အဖွဲ့ ဖွဲ့စည်းနိုင်မဲ့ အခြေသို့ တိုးတက်ပြီး လှမ်းသွားနိုင်ကောင်း လှမ်းသွားနိုင်မဲ့ အခြေခံများရပြီထင်လို့သာ ဝင်လုပ်ကြည့်တာဘဲ။ ဒီလို ကျုပ်တို့တိတို့

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းကြေညာခဲ့တယ်။ အဲဒီလို ရှင်းရှင်းပြောထားရက်နဲ့ ဖချို့က နှစဝ တိမ်တောင် စကားတွေ ပြောကြသေးတယ်။ အဲဒါတွေတော့ အကျယ်ရှင်း နေဖို့ အချိန်မရှိဘူး၊ တခုလောက်ဘဲ ပြောပြမယ်။

၆

ကျုပ်တို့ရတာတွေဟာ ဒိုမီနီယံလို မဟုတ်ဘူးလို့ ပြောကြတယ်။ ဘယ်လို မဟုတ်တယ်ဆိုတာ ဘယ်သူမှ ကျကျနန သိသေးတာမဟုတ်ဘူး။ ဥပမာ "လန်ဒန်တိုင်း"လို သတင်းစာ ခေါင်းကြီးပိုင်းကနေပြီး အိန္ဒိယပြည်မှာလို ဗမာပြည်မှာလဲ ကြားဖြတ် အမျိုးသား အစိုးရ သဘောမျိုး ဥပဒေအရ မ ဟုတ်သေးသော်လဲ လက်တွေ့သဘောဖြစ်နေပြီလို့ဆိုတယ်။ ကိုင်း – ဒီဟာကို ဘယ့်နှယ်ပြောမလဲ၊ "နေရှူး" အစိုးရလဲ တကယ်ပြောရမယ်ဆိုယင် ဘုရင်ခံ ချုပ်ရဲ့ အမှုအောင်အဖွဲ့ဘဲ၊ လက်တွေ့တော့ ကြားဖြတ် အမျိုးသားအစိုးရ သဘောမျိုး လုပ်ရစေမယ်လို့ ဆိုထားတာဘဲ၊ ဘယ်လောက်အထိဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ကျုပ်တို့ယခု မသိနိုင်သေးဘူး။

တချို့ကပြောကြတယ်။ ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးဌာနကို ကျုပ်ကို ပေးပေမဲ့ ဘုရင်ခံရဲ့ အတိုင်ပင်ခံသာ ဖြစ်တယ်လို့။ ဘာမှ သေသေချာချာ မသိကြဘဲ ရမ်းပြောနေကြတာဘဲ၊ အိန္ဒိယနဲ့ မတူဘူးလို့ပြောကြတယ်၊ အဲဒီ ဟာ သဘောရေး၊ လက်တွေ့ရေး တူအောင် ယခု နိုဝင်ဘာလမှာ စတင်ကျင်းပ မည့် ဘိလပ် ပါလီမန် အတွင်းမှာ ဖြစ်အောင်လုပ်မယ်လို့ ကျုပ်တို့ ပြောထား တာဘဲ၊ ကျုပ်တို့ဟာ လက်တွေ့ကိုကြည့်ပြီးတော့ ဝေဖန်ရမယ်။ အိန္ဒိယနဲ့ ဗမာပြည် အစရှိသည်အားဖြင့် နှိုင်းယှဉ်တဲ့ အခါမယ်၊ တူတဲ့အချက်တွေ၊ မတူ တဲ့ အချက်တွေ အဲဒါတွေကိုလဲ ကြည့်ဖို့လိုတယ်။ အိန္ဒိယပြည်က ကျုပ် တို့ထက် အဆပေါင်းများစွာ နယ်ကျယ်တယ်၊ လူများတယ်၊ ပစ္စည်းပေါတယ်။ ကုလားလေတပ်၊ ရေတပ်၊ ကုန်းတပ် အစုံအလင်ရှိတယ်။ ရွေးကောက်ပွဲ တွေ လုပ်ပြီးပြီ။ ဒါတွေကိုလဲ ကြည့်ရမယ်။

ကျုပ်တို့ကလဲ ဘယ်ဟာမှလဲ မဖုံးဘူး။ ကျုပ်တို့ရဲ့ မူလဝါဒ လုပ်ငန်း ရည် ရွယ်ချက်တွေကိုလဲ ပစ်ပယ်ထားတာ မဟုတ်ဘူး။ ဒါတွေလဲ ဆက်လုပ်မယ်လို့ ဆိုထားတယ်။ အဲဒီလိုပြောဆိုပြီး ရာထူးယူခဲ့တယ်။ အတူတူချင်းရာထူးယူ တာဘဲ၊ ကွန်မြူနစ်တွေက ငပြူးထက်တမူးဖိုး ပိုရှုလိုက်ချင်ကြသေးတယ်။



ကျုပ်တို့အတွင်းသိတဲ့ လူတွေကတော့၊ ဘာဖြစ်လို့ လုပ်တယ်ဆိုတာ ကျုပ် သိပါတယ်။ ကျုပ်ရှင်းရှင်းပြောမယ်၊ ကွန်မြူနစ်တွေက ပဌမရာထူး နှစ်နေရာ လိုချင်တယ်ပြောတယ်။ သူတို့ အဲဒီတုန်းက ဘာတွေတောင်းပါ။ အဲဒါတွေ ရမှ ရာထူးလက်ခံပါ၊ ဒီလိုပြောတာ မဟုတ်ဘူး။ နှစ်နေရာ မရနိုင်တော့မှ ဖြေဆိုးတာဘဲ။ ရာထူးယူတော့ ကိုယ့်နောက်လိုက်ငယ်သားတွေ ကျေနပ် အောင် ကျုပ်တို့ ယူချင်လို့ယူရတာ မဟုတ်ပါဘူး၊ ဖ၊ ဆ၊ ပ၊ လ က လူကြီး တွေ ယူချင်လို့ သူတို့ကို ထိန်းဖို့ သိမ်းဖို့ ဝင်ယူရတာပါ။ အဲဒီလိုသဘောမျိုး နဲ့ သူတို့နာမည်ကြီးမှု၊ သူတို့ခေါင်းဆောင်အဖြစ် တည်တံ့မှု၊ နောက် ရွေး ကောက်ပွဲကျယင် သူတို့အသားယူနိုင်ဖို့၊ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ ဘာဖြစ် သွားသွားဆိုတဲ့ သဘောမျိုးနဲ့ လုပ်ကြတာဘဲ။

ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး အလံနီ ကွန်မြူနစ်တွေနဲ့ သိန်းသန်း ကွန် မြူနစ်တွေက ပြောင်ခဲ့ချော်ချော်ပြောနေကြတယ်။ အမှန်စင်စစ်ရွေးကောက် ပွဲဆိုတာကို အခြားဘယ်နည်းမှ မရှုနိုင်တဲ့ လမ်းမှန်ကြီးအနေနဲ့ မယူဆပါဘူး။ ဒါပေမဲ့ ကွန်မြူနစ်တွေ ကြီးကြီးကျယ်ကျယ်ပြောတာ၊ ကျုပ်ကတော့ ရယ် ချင်တယ်။ အိန္ဒိယပြည်က ကွန်မြူနစ် (ဂျိုရှီ)ဟာ လွန်ခဲ့တဲ့ နှစ်လလောက်က ဘာစာရေးလိုက်သလဲဆိုလို့ရှိယင်၊ မင်းတို့ရွေးကောက်ပွဲဝင်ကြ၊ ရွေးကောက် ပွဲပြီးလို့ရှိယင် (Major Political Development) နိုင်ငံရေးအခြေအနေ အကြီးအကျယ် ပြောင်းလဲလာလိမ့်မယ်ဆိုပြီး စာရေးလိုက်တယ်။ ဒါတွေ ကျုပ်သိပြီးပါ၊ မပြောချင်လို့ နေတာဘဲ။

ကျုပ်တို့ ရာထူးယူတာလဲ ဘာမှမကြာသေးပါဘူး။ အရက် ၂၀ လောက် ရှိပါသေးတယ်။ အဲဒီ အရက် ၂၀ ထဲမှာ ပဌမ ငါးရက်၊ ခြောက်ရက်လောက် က ဟိုတုန်းက သပိတ်ကိစ္စတွေ ဖြေရှင်းရတယ်။ ကျုပ်တို့ သပိတ်သမား အ များ ကျေနပ်အောင် ဖြေရှင်းခဲ့တယ်။ ဒါကျုပ်တို့ပြောခဲ့တဲ့အတိုင်း လုပ်ခဲ့ တာဘဲ။ ကွန်မြူနစ်ဝန်ကြီးလဲ သဘောတူခဲ့တာဘဲ။ အဲဒါကိုဘဲ ကျုပ်ကို လူ ညာဆိုတဲ့ သဘောမျိုး ပြောသေးတယ်။ ပြီးတော့ အဲဒီသပိတ်တွေကဘဲ ဗမာပြည်ကြီး တော်လှန်ရေး လုပ်ရမလို ပြောကြသေးတယ်။ ယခု "အလံနီ" တို့၊ "သိန်း-သန်း" တို့ ဆိုတဲ့ ကွန်မြူနစ်အမည်ခံခေါင်းဆောင်တွေဟာ တော် လှန်ရေးသမား ဘယ်လောက်စစ်တယ်ဆိုတာ တဖြည်းဖြည်းတော့ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



တို့ ကိုယ်တိုင် ပိုသိလာမှာဘဲ။ ကျုပ်တော့ သိပ်ပြီး မပြောလိုဘူး။ သို့ပေမဲ့ နည်းနည်းပါးပါးတော့ ပြောခဲ့မယ်။

ယခု "သိန်း-သွန်း" ကွန်မြူနစ်တွေက အင်္ဂလိပ် စစ်တပ်တွေချက်ချင်း ထွက်သွားရမယ်၊ ဘာရမယ်၊ ညာရမယ်နဲ့ အသံကောင်း ဟစ်နေကြတယ်။ အော်လို့ ရမှာမဟုတ်ဘူး၊ လုပ်မှရမှာ။ အဲဒီတော့ ကျုပ်ကသူတို့ကို မေးချင်တယ်။ အင်္ဂလိပ်တပ်တွေ ချက်ချင်းထွက်သွားအောင် ဘယ်လိုလုပ်မလဲ၊ ပြောပြစမ်းပါ၊ ဖ၊ ဆ၊ ပ၊ လ ကို ခုဆဲနေကြတဲ့ အချောင်သမား နိုင်ငံရေးသမားကြီးတွေနဲ့ သူတို့တလေထဲမှတ်နေတာသာတွေ့ရတယ်။ ဒီဟာမျိုးကို သူတို့ ကွန်မြူနစ် စကားမျိုးနဲ့ ပြောရမယ်ဆိုယင် ( Revolutionary Phrase Mongering ) တော်လှန်ရေး ဗန်းပြ စကားတွေသုံးပြီး သူတို့ရဲ့ တကယ့် အချောင်သမား ဝါဒကို ဖုံးဖို့၊ ဖိဖို့ လုပ်တာဘဲ။

သပိတ်အေးနဲ့ ပတ်သက်ပြီး ကျုပ်တို့ အတွင်းမှာတော့ ကွန်မြူနစ်တွေက သပိတ်သမားတွေ ကြာကြာမခံနိုင်ဘူး။ ထမင်းထုပ်ပေးရတဲ့ လူတွေလဲ ညည်းကုန်ပြီလို့ ပြောတယ်။ အဲဒီလို ပြောကဲ့လူဟာ ကွန်မြူနစ် အမည်ခံ သခင်ချစ်ပါဘဲ။ အဲဒီအယ်တုန်းက ကျုပ်က မစ္စတာရာဇာဘ်ကို ငန်ကြီး တနေရာပေးရယင် ဘယ့်နှယ်လဲ မေးတယ်။ သူတို့ကဘဲ မလိုသေးပါဘူးလို့ ပြောတယ်။ ကရင်အမျိုးသားတွေအတွက် ကျုပ်နဲ့ သခင်နု လုပ်ပေးတယ်။ အဲဒါလဲ တချို့ လူတွေဆီ သွားပြီး တမျိုးပြောလိုက်သေးတယ်။ အဲဒီလောက် ဗလောင်းဗလဲနိုင်တဲ့ လူတွေ။

အဲဒါနဲ့ ကျုပ်တို့ ပဋ္ဌမသပိတ်တွေမှ ကောင်းကောင်းမလုန်ကြသေးဘူး။ အောက်တိုဘာလ ၅ ရက်နေ့မှာ ကွန်မြူနစ်တွေ ကြီးစိုးနေတဲ့ အလုပ်သမား သမဂ္ဂက ၁၁ ရက်နေ့ ကျေနပ်အောင် အကြောင်းမပြန်နိုင်ယင် သပိတ်တွေ မှောက်မယ်ဆိုပြီး နို့တစ်ပေးခဲ့တယ်။ ခင်ဗျားတို့ဘဲ စဉ်းစားကြည့်ပါ။ တဖက်ကလဲ ကျုပ်တို့ ပြည်သူ့လွတ်လပ်ရေး ချုတ်ချယ်ကဲ့ ဥပဒေတွေ ဖျက်ဖို့ လုပ်နေတယ်။ ယခု ၉ ရက်၊ ၁၀ ရက် အတွင်းဆိုယင် ဗမာပြည် ကာကွယ်ရေး နည်းဥပဒေတွေ ပယ်ဖျက်နိုင်လိမ့်မယ်။ ခုဖမ်းထားတဲ့ နိုင်ငံရေးသမားတွေ ကိုလဲ ယခုဘဲ လွှတ်ဖို့ လုပ်နေပြီ၊ လဝ်တာလော ဥပဒေတွေကိုစွ တခြား



ဖ၊ ဆ၊ ပ၊ လ က ဆုံးဖြတ်ပေးလိုက်တဲ့ ပြည်သူ့လွတ်လပ်ရေးနဲ့ ဆိုင်တဲ့ ကိစ္စ ရပ်ရပ်တွေကိုလဲ တပိုင်နက် လုပ်နေရတယ်၊ ဘဏ္ဍာရေး အခက်အခဲ တင်းပြည့်ရဖို့လဲ တောင်းထားတယ်။

ယခုလာမည့် ပါလီမန်မှာ ဗမာပြည် တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်နိုင်မည့် ရွေးကောက်ပွဲ ဖြစ်အောင်လဲ စီစဉ်နေတယ်။ ယခု အင်္ဂလိပ်တွေကို အစိုးရ အမှုထမ်းထဲ သွင်းနေတဲ့ စံနစ်ကို ရပ်ပစ်လိုက်ပြီး "ပရိုဂျက်" စီမံကိန်းတွေကိုလဲ တိုင်းပြည်အကျိုးကို ကြည့်ပြီး ဘယ်လိုလုပ်ရ ကောင်းမယ် ဆိုတာ စိစစ်နေလျက်ပါဘဲ၊ နောက် ဗမာပြည် ကာကွယ်ရေး အတွက်လဲ အစီအစဉ်တွေ ဆွဲခိုင်းထားတုန်းဘဲ။ ကမ္ဘာ့နိုင်ငံပေါင်းချုပ် အသင်းကြီး ကိုလဲ ကိုယ်စားလှယ် လွှတ်နိုင်အောင် ကျုပ်တို့ ကြိုးစားမယ်။ အဲဒီလို ကျုပ်တို့ စီမံနေတယ်။ အလုပ်သမားတွေ အတွက် ဆိုလဲ အလုပ်သမားတွေနဲ့ ဆိုင်တဲ့ ထွေဖက် အဖွဲ့တွေ၊ အစိုးရ အမှုထမ်း အရာထမ်းတွေလဲ အဲဒီလို အဖွဲ့တွေနဲ့ သူတို့ တရားသဖြင့် လိုချင်တာတွေကို တတ်နိုင်သမျှ ရအောင် ကျုပ်တို့ လုပ်ပေးမှာဘဲ။ လုပ်မပေးဘူးလို့ မပြောဘူး။

ယခု သူတို့ ကွန်မြူနစ်တွေ မြှောက်ပေးတဲ့ အလုပ်သမား သမဂ္ဂက တောင်းဆိုချက်တွေထဲမှာ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က မူအားဖြင့် လက်ခံ ထားတဲ့ အချက်တွေပါ ပါတယ်။ အဲဒါတွေကို ကျုပ်တို့ ရအောင် ကြိုးစား ပေးရမှာဘဲ၊ ကြိုးလဲကြိုးစားမှာဘဲ။ ရတဲ့အခါ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က "မကျေနပ်ဘူး၊ မင်းတို့ထွက်ခဲ့" ဆိုယင်လဲ ထွက်ဖို့အဆင်သင့်ဘဲ။ တတိုင်း တပြည်လုံးရှိတဲ့ အမှုထမ်း၊ အရာထမ်း၊ အလုပ်သမား အစရှိသည်အားဖြင့် လူထုရဲ့ အခြေခံ လခတွေကိုလဲ (သုံးလအတွင်း) ပြောင်းလဲ စီစဉ်ပေးဖို့ ကျုပ်တို့ လုပ်နေတယ်။ သို့သော် ယခုရမှ ဖြစ်မယ် ဆိုယင်တော့ ကျုပ်တို့လဲ မတတ်နိုင်ဘူး။ ခင်ဗျားတို့ မကျေနပ်ဘူးဆိုလဲ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ကို သွားပြီးတော့ သေသေချာချာ ပြောပြပါ၊ ကျုပ်တို့ ထွက်ပေးဖို့ အဆင်သင့် ရှိပါတယ်။

သုံးလအတွင်းလဲ အမျိုးသားအစိုးရ အခြေအနေမျိုးကို ဥပဒေသဘော ရော ကျပ်ပြည့်တင်းပြည့် ဖြစ်နိုင်သမျှဖြစ်အောင် ကျုပ်တို့ ကြိုးစားမယ်။ ကျေကျေနပ်နပ် မရဘူးဆိုယင် ကျုပ်တို့ ထွက်မှာဘဲ။ အဲဒီ ကိစ္စတွေနဲ့ ပတ်သက်ပြီး ကျုပ်တို့ ဝန်ကြီး အဖွဲ့က မကြာမီ ကြေညာချက်တရပ် ထုတ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



နိုင်လိမ့်မယ်လို့ မြော်လင့်ပါတယ်။ ကိုင်း-အဲဒီလို ကျုပ်တို့ ရှင်းရှင်းပြောထား ပြီ၊ ကျုပ်တို့ အဲဒီလို ပြောထားတဲ့ အတိုင်း လုပ်သလား၊ မလုပ်ဘူးလားလဲ စောင့်ကြည့်ကြပါ။ အလုပ်သမားတွေအတွက် ကျုပ်ဘာလုပ်ပေးခဲ့တယ် ဆိုတာလဲ နည်းနည်းပါးပါး ပြောရဦးမယ်။ ဒလ၊ ဖူးကား သစ်စက် အစ ရှိတဲ့ သပိတ်တွေမှာ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ ဝင်ကူခဲ့လို့ သူတို့ ဇာတ်မျောနေ ရာက အတော်အတန် ဟန်ကျသွားရတယ် မဟုတ်လား။ အလုပ်သမား တာဝန်ခံ လုပ်နေကြတဲ့ သမဂ္ဂ အစည်းအရုံးက အတွင်းရေးမှူး နှစ်ဦးကိုလဲ ကျုပ်ရာထူးမယူခင်ဘဲ "ကျုပ်ကို အစစအရာရာ အကြံဉာဏ်ပေးပါ။ ခင်ဗျား တို့ပေးတဲ့ အကြံဉာဏ်ကို အခြေပြုပြီး အလုပ်သမားတွေအတွက် ကြိုးစားလုပ် ပေးမယ်" အဲဒီလို ပြောခဲ့တယ်။ ဒါပေမဲ့ ကွန်မြူနစ်တွေဖက်က မတိုင်ပင်ဘူး။

ဖ၊ ဆ၊ ပ၊ လ အလုပ်သမား တွဲဖက် ကော်မီတီမှာ သူတို့လဲပါတယ်။ ဒါကိုလဲ မတိုင်ပင်ဘူး။ မြန်းဆို သပိတ်မှောက်ပစ်မယ် လုပ်တာဘဲ။ အဲဒါ ခင်ဗျားတို့ဘဲ ဘာသဘောလဲ ဆိုတာ စဉ်းစားကြည့်ကြပေတော့။ ပြီး တော့ သူတို့က "ပရိဂျက်" တွေ ဖျက်ဖို့ သပိတ် မှောက်ရတာပါ ပြောတယ်။ ပရိဂျက်တွေဘဲ ပျက်မလား၊ အလုပ်သမားတွေဘဲ နာမလား၊ တိုင်းပြည်ဘဲ နာမလား၊ အဲဒါ စောင့်ကြည့်ကြပေတော့။ ကျုပ်တို့ မြင်တာကတော့ ပရိဂျက် မပျက်မည့်ပြင် အလုပ်သမားတွေ ပိုနာမယ်။ တိုင်းပြည်လဲ ထိမယ်။ ယခုဘဲ ထိနေပြီ။ အညစ်အကြေး ကူလီတွေ အလုပ်မဆင်းရအောင် တား နေတာဟာ ရန်ကုန်မြို့ကြီးရဲ့ ကျန်းမာရေးကို ထိခိုက်မှာ စိုးရတယ်။

မနိုင်တော ခေတ်ဆီဆိုင်ကို တားလို့ ခေတ်ဆီမရယင် ဘတ်စ်ကားတွေ မသွားနိုင်ဘူး။ မသွားနိုင်ယင် ကုန်ပစ္စည်းတွေ ရှားကုန်မယ်။ ရှားကုန်ယင် ခင်ဗျားတို့ကိုဘဲ ထိမှာဘဲ။ ပရိဂျက်တွေ ဘယ်မှာ ထိလို့လဲ။ မသိနားမလည် တဲ့ နောက်လိုက်တွေကို ဟိုဟာမြှောက်ပေး၊ ဒီဟာ မြှောက်ပေးတော့ လုပ် မယ်။ ကိုယ်ကိုယ်တိုင်ကတော့ အနစ်နာခံကြမှာ မဟုတ်ဘူး။ အဲဒီလို ဖြစ် ရက်နဲ့ ဒီကွန်မြူနစ်တွေ ခွတ်နေတာကို ခံကြမယ် ဆိုယင်လဲ ဒါ ဆိုင်ရာလူ တွေရဲ့ သဘောဘဲ။ ကျုပ်တို့ကတော့ အလုပ်သမားနဲ့ တိုင်းပြည် နာမယ် ဆိုယင်တော့ ဒီတိုင်းကြည့်မနေနိုင်ဘူး၊ အရေးယူရလိမ့်မယ်။ အဲဒါ တိတိ လင်းလင်းဘဲ ကျုပ်ပြောတယ်၊ ပုလိပ်တို့ ဘာတို့ မသုံးချင်ပေမဲ့ သုံးလာရ လိမ့်မယ်။



ကျုပ်တို့ အလုပ်သမားတွေရဲ့ တရားတဲ့ တောင်းဆိုချက်တွေကို မပေး ဘူးလို့ မဆိုဘူး။ ပေးရအောင် ချက်ချင်း စဉ်းစားကြစို့၊ အဲဒါကို ပြော တယ်။ ဒါကို အတင်းအကျပ် ဟိုဟာ ဒီဟာကို ချက်ချင်းပေးမှ ဖြစ်မယ် ဆိုပြီး သပိတ်မှောက်တာဘဲ။ အဲဒါ ခင်ဗျားတို့ သိအောင် ကျုပ်ပြောပြတာ ဘဲ။ ကျုပ်ကတော့ ခင်ဗျားတို့ကို မလိမ်ဘူး၊ ရှေးကလဲ မလိမ်ဘူး၊ ယခုလဲ မလိမ်ဘူး၊ နောက်လဲ မလိမ်ဘူး၊ သခင်စိုးတို့လို ဘုရားဝေဆောင်း ကျင့်နည်း၊ သူချား သားပျို သမီးပျိုတွေလဲ မဖျက်ဆီးဘူး၊ ရွှေ ငွေ စိန် ကျောက် တွေလဲ ကျုပ်တို့ ရအောင် မလုပ်ဘူး၊ နိုင်ငံရေးနဲ့ စီးပွားရှာဖို့ မလုပ်ဘူး၊ လုပ်ဖော်လုပ်ဖက် အချင်းချင်းကိုလဲ ပုန်ကန်လာလက် ဘယ်တော့မှ မအပ်ဘူး။

အဲဒါတွေကို ကွန်မြူနစ်တွေက လုပ်တယ်။ ကွန်မြူနစ်တွေဟာ တိုင်း ပြည်အပေါ်၊ အလုပ်လုပ်တဲ့ လူအချင်းချင်းအပေါ်၊ ညီညွတ်ရေး ပျက်ပြား မှာ ပျက်ပြားကြောင်း၊ လွတ်လပ်ရေး ကြန့်ကြာမှာ ကြန့်ကြာကြောင်း ဘာစွာအဖော်၊ လုပ်ခဲ့တယ်။ သဘောတူ ဆုံးဖြတ်ခဲ့တဲ့ အချက်တွေ ဖောက် ဖျက်ပြီး အတွင်း ဆွေးနွေးတာတွေ အပြင်ထုတ်ပြော၊ မဟုတ်မမှန်တာတွေ လုပ်ပြော၊ အချင်းချင်း အပေါ် ပုတ်ခတ်၊ သူတို့ခေါင်းဆောင်ဖြစ် ဖို့ရော ဆိုပြီး သူတို့ ပါတီ ကြီးစိုးရေးကိုသာ ပဓာန လုပ်တယ်။ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ ဟာ ညီညွတ်ရေး အင်အားစုကြီး၊ ဒီအင်အားစုကြီး တည်တံ့မှ၊ တိုးတက်မှ ဗမာပြည် လွတ်လပ်ရေး မြန်မြန်ရမယ်၊ ကောင်းကောင်းရမယ်၊ အဲဒီလို ကျုပ်တို့ ယူဆတယ်။ သူတို့က အကြိမ်ကြိမ် အဖန်ဖန် သူတို့ရဲ့ အယူအဆ တွေကို မလျှော့ဘူး။ ဘာဆုံးဖြတ်ချက်ရှိရှိ၊ ဘယ်လိုဘဲ သူတို့ သဘောတူ ထားထား သူတို့ လုပ်ချင်ရာ လုပ်တယ်။ အဲဒီတော့ ကျုပ်တို့က သူတို့ကို ထုတ်ပယ်ရုံက လွဲလို့ တခြား ဘာနည်းလမ်းမှ မရှိတော့ဘူး။

အဲဒါနဲ့ ခင်ဗျားတို့ မေးချင်မေးကြမယ်၊ ဒီလောက်ဆိုးနေတဲ့လူတွေကို ဘာလို့ ဒီလောက်ကြာကြာ ထားရသလဲဆိုတာ မေးနိုင်တယ်။ ကျုပ်တို့က နှယ်ချဲ့သမားတွေကို တိုက်ဖျက်ရာမှာ အင်အားနည်းများသွားမလားလို့ ချိန် ဆနေတာက တကြောင်း၊ သူတို့အထဲမှာ တချို့လူတော်တွေကို အားနာနေ တာကတကြောင်း၊ မုဆိုးတို့မည်သည် လက်နက် လေးမြှားကောင်းကို ချစ် မြတ်နိုးရမယ် ဆိုတဲ့အတိုင်း လူကောင်းများကို ငဲ့ညှာသောအားဖြင့် သူတို့ ပါတီကို ပြုပြင်လျှင် တဖြည်းဖြည်း ရလိမ့်ဦးမယ်လို့၊ ငုံးကလေးများလို တနေ့



www.burmeseclassic.com

www.burmeseclassic.com



သော်လဲ အမြီး ပေါက်နိုးနိုးနဲ့ စောင့်ဆိုင်း မြော်လင့်နေခဲ့တာဘဲ။ အဲဒီ အကြောင်းတွေကြောင့် ဒီလောက် ကြာအောင် သည်းခံလာတာဘဲ။ ကျေနပ်လို့တော့ မဟုတ်ဘူး။

ယခုတော့ သူတို့လုပ်တာတွေဟာ လွန်နေရုံမကဘူး၊ သူတို့နှင့်လုပ်ယင် မတိုးဘဲ နောက်ပြန်ဆုတ်မှာ စိုးရိမ်ရတဲ့အတွက် သူတို့ကို ထုတ်ပစ်ရတာဘဲ။ တချို့က သူတို့ထုတ်ပစ်တာ မစောဘူးလား၊ ဦးစီးအဖွဲ့ အစည်းအဝေးတိုအောင် မစောင့်နိုင်ဘူးလား ပြောကြတယ်။ ကျုပ်ကို အရင်တုန်းက စောင့်ခဲ့တော့ ကျုပ်တို့ဘဲ ခံရတာဘဲ။ သူတို့က အင်မတန် အညစ်တန်တဲ့လူတွေ၊ အခုတော့ ကျုပ်တို့သူတို့အရင်ဦးအောင် ချတာဘဲ။ ဒီလိုမချယင် ဒီလူတွေနှင့် မဖြစ်ဘူး၊ အကုန်ချုပ်ရမယ်ဆိုယင် ကျုပ်ဘယ်လိုလုပ်ရမလဲ၊ မိန်းမရေးမှာ ရှုပ်တွေးသလား၊ တခြားလင်မယား လုပ်ဖက်တွေကို ကျောက်တွန်းခဲ့သလား အစရှိတဲ့ ဒီလိုကိစ္စတွေကို လူထုရှေ့မှာ ဘယ်အချိန်အခါမဆို တကယ်အစစ်ဆေးခံရန် အသင့်ရှိတယ်။ ကွန်မြူနစ်ခေါင်းဆောင်တွေရော၊ တခြား ဆ၊ ပ၊ လ ပြင်ဖက်က ခေါင်းဆောင်တွေရော အစစ်ခံဝံ့ရဲလားလို့ ကျုပ် နောက်ဆုံးစကား ဆိုလိုက်တယ်။ ။

ဒီးဒုတ်ဂျာနယ်
အတွဲ ၂၀ - အမှတ် ၁၆
၂၈ - ၁၀ - ၄၆။

# လွတ်လပ်ရေးကို အလျင် လုပ်ရမည်

## ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့များအား မြွက်ကြားချက်

ငါတို့ ပြည်သူ့ရဲဘော် တပ်ဖွဲ့ အစည်းအဝေးကို ယခုလို ရုတ်တရက် ချက်ခြင်း ခေါ်ရခြင်းဟာ ကွန်မြူနစ် ပါတီ သံယောဇဉ် မကင်းတဲ့ ရဲဘော်များ တပ်ဖွဲ့မှ ထွက်ခွါသွားခြင်းကို ရဲဘော်အပေါင်း ရှင်းလင်း သိရှိဖို့ ခေါ်ရခြင်း ဖြစ်တယ်။ ကွန်မြူနစ်ပါတီ သံယောဇဉ် မကင်းဘဲ တပ်ဖွဲ့မှ ထွက်သွားတဲ့ ရဲဘော်များအတွက် အချို့ အချောင်သမား စားဖား သတင်းစာတစောင်နဲ့ နောက် ကွန်မြူနစ် ပါတီဝင် အချို့နှင့် မကင်းဘဲ ပုဂ္ဂိုလ်ချင်း မလိုမင်လို့ အားနာတဲ့ သတင်းစာတစောင် နှစ်စောင်က ပြည်သူ့ရဲဘော် တပ်ဖွဲ့ နှစ်ခြမ်းကွဲသွားပြီလို့ ရေးသားကြတယ်။

### ငါတို့ဆီမှာ စာတွေ

သူတို့ ဘာ့ကြောင့် ထွက်သွားရသလဲ ဆိုတဲ့ အကြောင်းအရာနှင့် ပတ်သက်၍ ငါတို့ဆီမှာ စာတွေ ရှိတယ်။ အဲဒီစာတွေထဲမှာတော့ စာလေးငါး ခြောက်ကြောင်းလောက်နှင့် လူသုံးယောက် လက်မှတ် ထိုးထားတယ်။ သို့သော်လဲ သူတို့ သတင်းစာထဲထည့်တဲ့ ကြေညာချက်မှာ အကျယ်တဝင့် ဘာကြောင့် ထွက်ရတယ်လို့ ရေးထားတယ်။ အဲဒီလို ရေးတဲ့ အကြောင်းနှင့် ပတ်သက်ပြီး တပိုဒ်စီ ရှင်းပြမယ်။ ရရှိထားတဲ့ အတွင်းစာတစောင်ကိုတော့ ငါမပြောတော့ဘူး။ ရှည်လဲရှည် ပါဠိလေနှင့် ရေးထားတော့ နားလည်မှာလဲ မဟုတ်ဘူး။

### အိန္ဒိယနောက်လိုက်နေတယ်

တိုင်းပြည် ကြေညာချက်နှင့် ပတ်သက်လို့ ရှင်းရမယ် ဆိုလျှင် ဒီကိစ္စနှင့် ပတ်သက်၍ သူတို့ ရေးနေကြတာကို ကြည့်ရတာ အိန္ဒိယပြည်မှ ကွန်မြူနစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ကြီးများ၏ ညွှန်ကြားချက် အရနှင့် တူတယ်။ အိန္ဒိယပြည် ကွန်မြူနစ်တွေ လုပ်တဲ့ ကိစ္စနှင့် ပတ်သက်၍ ပြောရလျှင် ဆိုဗီယက် ယူနီယံ ဂေဇက်ကြီး မကြိုက်ဘူး ဆိုသွားတယ် ဆိုတာကို အကျဉ်းချုပ် သိရတယ်။

### အိန္ဒိယ လက်ျာသမားများ

အိန္ဒိယပြည်မှာ လက်ျာသမားများ ကြီးစိုးတဲ့ ကွန်ဂရက် အဖွဲ့ကြီးကို တခိုင်းသွေး တပြည်လုံး ယုံကြည် အားကိုးတယ် ဆိုတာ ဘယ်မှာ ထင်ရှားသလဲ ဆိုလျှင် ရွေးကောက်ပွဲမှာ ထင်ရှားတယ်။ ကွန်ဂရက်မှာ နောက်လိုက် လူတွေ ရှိနေတယ် ဆိုတာ ထင်ရှားတယ်။ ယခုအထိ ဒီလူတွေကို ထိန်းသိမ်းထားလို့ရတာဟာ လူမျိုးရေး တရားနှင့် ကြည့်လျှင် လူမျိုးရေး အဖွဲ့ အစည်း ဖြစ်တယ်။ သို့သော်လဲ လက်ျာသမားများ လွှမ်းမိုးတဲ့ အဖွဲ့ဖြစ်တာ မှန်တယ်။ အဲဒီ ကွန်ဂရက် အဖွဲ့ကြီးမှာ လူတွေ နောက်လိုက် ရှိတယ် ဆိုတာ ဘာကြောင့်လဲဆိုလျှင် ကွန်ဂရက် အဖွဲ့ကို ခေါင်းဆောင်တဲ့ ဂန္ဒီ၊ နေရူးတို့ဟာ လူထု လုပ်ငန်းကို သစ္စာမဖောက်ဘဲ လုပ်တယ်။ သူတို့မှာလဲ အယူအဆ သဘောကွဲလွဲမှု ရှိကြတယ်။ သို့သော် ဒီကွန်ဂရက် အဖွဲ့ကြီးကို တမျိုး ပေါင်း၍ အမျိုးသား တပ်ပေါင်းစု အဖြစ် ဝင်လုပ်နေကြခြင်းဘဲ။

### အိန္ဒိယမှာ ထုတ်ပစ်တယ်

ဒီစစ်ကြီး အတွင်း အင်္ဂလိပ် အစိုးရနှင့် ပူးပေါင်းရေး ကိစ္စ ဆိုရှိ နယ်ချဲ့ စစ်ကြီးမှ ပြည်သူ့စစ်ကြီးအထိ ပြောင်းလဲသည် ဆိုပြီး ဖွင့်ဆိုကြတာ ရှိတယ်၊ အဲဒါ ငါတို့နှင့် မဆိုင်ဘူး၊ နောက်ဆုံး ကွန်ဂရက် အဖွဲ့ကြီးမှာ ဆူပူ သောင်းကျန်းလာသော့ ကွန်မြူနစ်တွေ အကုန်ထုတ်ခံရတာဘဲ။ ငါတို့ ဆီမှာလဲ စတင် လုပ်ကိုင်တုန်းက ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဗမာ့တပ်မတော်တို့ ပူးပေါင်းခဲ့ကြတယ်။ နောက်မှ ပါဝင်လာသည့် လူကြီးတွေက သိမ်မွေ့တာ မဟုတ်ဘူး၊ အင်အားလဲ မတောင့်ဘူး။

### သစ္စာဖောက်နေကြတယ်

ယခု ကွန်မြူနစ် လက်ျာသမားများက လက်ဝဲသမားများအား ဖျက်ဆီးဖို့ လုပ်နေတယ်။ အဲဒီလို အခါမှာ အိန္ဒိယပြည် အခြေမျိုးကို သူတို့က ပြောဆိုတယ်။ သူတို့က အိန္ဒိယပြည်လို မဟုတ်တဲ့ အခြေအနေကို ဗမာပြည်က ယူ၍



အိန္ဒိယပြည် ကွန်မြူနစ် ပီ၊ စီ၊ ဂျိုရှီ လမ်းညွှန်မှုကို လိုက်နေတယ်။ မရှိတဲ့ ဟာကို ရှိလေဟန် ပြောဆို လုပ်ကိုင်နေတယ်။ သူတို့ဟာ တိုင်းပြည် အရေးတော်ပုံ၊ လွတ်လပ်ရေးအရေးတော်ပုံတွေမှာ ကာယကံမြောက်အားဖြင့် သစ္စာဖောက်နေတယ်။ သူတို့ စကားတွေနဲ့ ပြောရရင် အိန္ဒိယ အခြေအနေကို ဗမာပြည် ယူလာပြီး လုပ်နေတဲ့ဟာ ဗမာပြည်မှာ ရှိတဲ့ ဘဝနှင့် ကင်းကွာပြီး ဗမာပြည်ရဲ့ ဘဝ အသိဉာဏ်နှင့် မလုပ်ကြတဲ့ သဘောဘဲ၊ အဲဒါ သူတို့ ကွန်မြူနစ်တွေရဲ့ စကားနှင့် အပြောဘဲ။

### ဖဆပလအကြောင်း

ဖဆပလ အဖွဲ့ချုပ်ကြီးဟာ နယ်ချဲ့သမားကို အပြတ်တိုက်ရေးမှာ ဖြေ ဖျော်ရေး လမ်းလိုက်တယ် ဆိုပြီး ပြောနေတယ်။ သို့သော်လဲ ဖဆပလ အဖွဲ့ ချုပ်ကြီးဟာ မိမိ မူလ ရည်ရွယ်ချက်အတိုင်း မဖျက်ဘဲ ဆောင်ရွက်နေတဲ့ အတွက် လူထု ယခုတိုင် ရှိသေးတယ် ဆိုတာ အထင်အရှားဘဲ။ နယ်ချဲ့ သမားကို ဖဆပလ အဖွဲ့ချုပ်က မတိုက်ဘူး ဆိုတာ မဟုတ်ဘူး။ ဖြေဖျော်ရေး လမ်းကို လိုက်ယင် ကွန်မြူနစ်တွေက ဘာကြောင့် မတိုက်သလဲ။ ဒီဖြေဖျော်ရေး နည်းလမ်းကို ဖဆပလ က လိုက်သလား၊ မလိုက်ဘူးလားခင်ဗျားတို့ကြည့်ပါ။ ဝိတန်းလမ်းလျှောက်ဖို့အတွက် အစိုးရထံ အမိန့်တောင်းခံတာဟာ ကွန်မြူနစ်ရဲ့ အကြံပေးချက်ဘဲ။ ဒီလိုဝိတန်း လမ်းလျှောက်ခြင်းနဲ့ နယ်ချဲ့ တိုက်ဖျက်ရေးလို့ မယူဆနိုင်ဘူး။ အဖွဲ့ချုပ်ကြီးက အစိုးရအဖွဲ့ထဲ ပါဝင်ခြင်းသည် ဖြေဖျော်တယ်လို့ ခေါ်မလား။ ကွန်မြူနစ် ပါတီ အထုတ်ခံရခြင်းကို ဘာကြောင့် မကန့်ကွက် သလဲ။ အဘယ်ကြောင့် ရာထူး နှစ်နေရာ တောင်းသလဲ မေးယင် ဘယ်လို ဖြေမလဲ။ ဘုရင်ခံ ထွက်ခိုင်းလို့ ထွက်ရတာကို ကျုပ်ထွက်လို့၍ ထွက်တယ် ဆိုခြင်းဟာ ဘာသဘောလဲ။

### အမြစ်တခု ဖော်ခြင်း

မိမိကို လိုလားချက်များကို ဆောင်ရွက်သွားရာ၌ ရည်ရွယ်ချက် အား ဖြင့် လမ်းလွဲ လုပ်ခြင်းသည် လုပ်နည်းဟာ၌သာ ဖြစ်တယ်။ တဦးနှင့်တဦး အေးချမ်း သာယာစွာ လုပ်ကိုင်ခြင်းသာ ဖြေဖျော်ရေး ဖြစ်တယ်။ ၎င်းလမ်းကို ကွန်မြူနစ်တို့သာ လိုက်နေခြင်း ဖြစ်တယ်။ တခါတုန်းအခါက 'ပြည်သူ့လွတ် လပ်ရေး အဖွဲ့ချုပ်ကြီး' ကို ကွန်မြူနစ် ခေါင်းဆောင်များက 'ပြည်သူ့ လွတ် လပ်ရေး' စကားလုံးကို ဖဲ့ကော်ဟု ဆို၍ အဖြုတ်ခိုင်းခြင်း မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



## သခင်စိုးဘယ်လမ်းလဲ

ယခုအခါမှာ အချုပ် အချာအာဏာပိုင် နိုင်ငံကလေးများ မရှိဘူး ဆိုတာကို ကွန်မြူနစ်တွေ ရေးပြီး သခင်စိုး ဝေဘန်ထားတာ ရှိတယ်။ ဒီလူတွေ ဒီလိုလမ်းမှားတွေ လိုက်နေတာဘဲ။ ကျုပ်တို့ဖက်မှာ တယောက်မှ မရှိဘူး။ သူတို့ဘဲ လမ်းလွဲတွေ လိုက်နေတယ်။ အေးချမ်း သာယာစွာ လွတ်လပ်ရေး ရယူဖို့ကို မမိုက်မသုံ ယုံကြည်တယ် ဆိုတာလဲ သူတို့ဘဲ။ ဖဆပလ အဖွဲ့ချုပ်ဟာ လုံးဝ လွတ်လပ်ရေးကို လုပ်နေတယ်။ လမ်းလွဲကို မလိုက်။ ကွန်မြူနစ်သာ နယ်ချဲ့သမားနှင့် ပေါင်းသင်း၍ ဖဆပလကို ဆန့်ကျင်ပြီး လုပ်ကိုင်နေတယ်။

## လက်ကိုင်တုတ် မလုပ်နှင့်

ငါတို့ ပြည်သူ့ရဲဘော် တပ်ဖွဲ့သည် ဖဆပလ အဖွဲ့ချုပ်ကြီးအား လမ်းမှန် လိုက်၍ ယုံကြည်စွာ အားပေး ထောက်ခံခြင်း ဖြစ်တယ်။ ကွန်မြူနစ် ပါတီ ကောင်းစားရေး အတွက် လက်ကိုင်တုတ် လုပ်ခြင်းကို ဒို့မထောက်ခံနိုင်။ ငါတို့သည် လူထု တိုက်ပွဲများ၌ ပါဝင်ခဲ့တယ်။ မွေတွင်လည်း ဆက်လက် ပါဝင်ရန် ဖြစ်တယ်။ ပါတီ တခု နာမည်ရဖို့ ငါတို့ အားမပေး၊ ယခုလည်း အားမပေး၊ နောက်လည်း အားမပေး။

## အာဏာရှင် ရှုပ်ခဲ့ကာ

ရဲဘော် တပ်ဖွဲ့ ညွှန်ကြားချက်တွေကို လာပြောတာဘဲ ရှိတယ်။ ထုတ်တဲ့ အမိန့် ညွှန်ကြားချက်ဟာ အမှုဆောင်နှင့် ဗိုလ်မှူးအောင်တို့ဘဲ ရှိတယ်။ ထုတ်တဲ့အခါမှာ ကွန်မြူနစ်က လူတွေနဲ့ဘဲ တိုင်ပင်ပြီး ထုတ်တယ်။ အချို့ ညွှန်ကြားချက်တွေကို ကွန်မြူနစ်တွေက ဟာကို အကြောင်းမကြားဘဲ ထုတ်လို့ နယ်ကိုယ်စားလှယ်တွေနှင့် စကားများကြတယ်။ အဲဒီအတွက် နောက် ညွှန်ကြားချက် ထုတ်လျှင် ငါ့အား ပေးပြရမယ် ဆိုတာ အာဏာရှင်လို့ ရှုပ်ခဲ့တာ မင်းတို့ဘဲ စဉ်းစားကြ။

## လောင်းရိပ်မိနေလို့

ယခု ထွက်ခွါသွားတဲ့ ရဲဘော်တွေဟာ ကွန်မြူနစ် ခေါင်းဆောင်တွေရဲ့ လောင်းရိပ်မိနေတယ်။ ငါတို့က ပြည်သူ့ လွတ်လပ်ရေးကို အစိက ထား၍ ဆောင်ရွက်ခြင်းမှာ သူတို့ ဆွဲခေါ် ရာ မပါလို့ ထွက်သွားခြင်းသာ ဖြစ်တယ်။ ပြည်သူ့ရဲဘော် နှစ်ခြမ်းကွဲခြင်း မဟုတ် သူတို့က ပြည်သူ့ရဲဘော် တပ် ဖြိုဖောက်ထွင်းဖို့ လုပ်နေတာ၊ ငါ့ထက် ရဲဘော်များ ပိုသိပါတယ်။ အဲဒီသို့ ဖြစ်တာကို အချောင်သမားစားဖားကြီး သတင်းစာနဲ့ ကွန်မြူနစ်အနံ့မကင်းတဲ့ သတင်းစာများ ရေးတာကို ရဲဘော်များ ရှင်းရှင်းလင်းလင်း နားလည်ဖို့ လိုတယ်။ အခု ခွဲထွက်သွားတဲ့ ရဲဘော်ထဲက အချို့ တော်တဲ့ ရဲဘော်များကို နှမြောပါတယ်။ သို့သော် မတတ်နိုင်ဘူး။ ရှေ့ကို ဆက်လက် ဆောင်ရွက်ဖို့ အနယ်နယ် အရပ်ရပ် တပ်ဖွဲ့များမှ ကွန်မြူနစ် သံယောဇဉ် မကင်းသူများကို ဖယ်ရှား၍ ငါတို့ လုပ်စရာရှိတာကို ဆက်လက် လုပ်ကိုင်ရမယ်။ မကြာခင် ပြန်လည် ညွှန်ကြားချက်တရပ် ထုတ်ဖို့ကို စီစဉ်မယ်။ ကွန်မြူနစ် ကြေညာချက်တွေထဲ အကုန်လုံး ရှင်းပြီး၊ ကွန်မြူနစ်တွေက တမှုးဖိုး လုပ်ပြီး သုံးမတ်ဖိုးလောက် အသားယူချင်တာ။



## ကွန်မြူနစ်ကို ငါလုပ်တယ်

ပြောစရာတွေကလဲ အများကြီး၊ ကုန်မှာ မဟုတ်ဘူး၊ မှတ်ထားကြ၊ ဒီကွန်မြူနစ် ပါတီ ကြီးပွားအောင် ငါလုပ်ပေးတာပါ။ နောက်ဆုံး သူတို့ ကိုယ် သူတို့ သေးနုထင်ရောက်ပြီး ထင်ရာလုပ်နေတယ်။ တော်လှန်ရေးကိစ္စများလဲ စီစဉ်ချက်တွေကို ထိရောက်အောင် မလုပ်ဘဲ အနုပဋိလောမ သဘောအရ၊ ဘာအရနှင့် ပြောနေတယ်။ ဟိုတုန်းကသာ ကျုကျနန ထိထိရောက်ရောက် လုပ်ကိုင်လျှင် အခု ဒို့ဗမာပြည်ဟာ အင်ဒိုနီးရှားထက် သာမယ် မှတ်ထား။

## သူတို့နှောင့်ရှက်လို့

သူတို့ နှောင့်ရှက်မှုကြောင့် လွတ်လပ်ရေး နှောင့်နှေးပြီး လာတယ်။ သူတို့ ပါတီအရေး ပဌမ၊ တိုင်းပြည်နှင့် လွတ်လပ်ရေး ဒုတိယ လုပ်နေတယ်။ ဒို့က ဒါကို မကြည့်နိုင်ဘူး။ တိုင်းပြည်နှင့် လွတ်လပ်ရေးကို အလျင်လုပ်ရမယ်။ ဟိန်းဟောက်နေလို့လဲ အလကားဘဲ။ စိတ်နှင်းလမ်းလျှောက်ရုံနှင့် မပြီးဘူး။ လူထု သေးစည်းမှု လုပ်ငန်းများနှင့် တကွ ဖဆပလ စီးအဖွဲ့ ကြေညာချက် အတိုင်း အစစအရာရာ စီစဉ် ဆောင်ရွက်ရမယ်။ ဗမာပြည်ဖွား တိုင်းရင်းသားများ စုပေါင်းမိအောင် လုပ်ရမယ်။ လွတ်လပ်ရေး တိုက်ပွဲ လုပ်ငန်းဟာ လွယ်လွယ်နှင့် မရသေးဘူး။ တိုင်းရင်းသားများ ပါဝင်လာအောင် ဆောင်ရွက်ရမယ်။ အဲဒီအတွက် ငါတို့၏ ပြည်သူ့ရဲဘော် ယာနှ ရထားကြီးကို ခရီးဆုံးတိုင် မောင်းနှင်၍ ပမာပြည် လွတ်လပ်သည်အထိ ဆောင်ရွက်မယ် ဆိုတာ သစ္စာ အဓိဋ္ဌာန်ပြုပြီး ဆက်လက် ချီတက်ကြစို့။

www.burmeseclassic.com

www.burmeseclassic.com

# သံဖြူဇရပ် မိန့်ခွန်း*

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက မြန်မာပြည်ကို သိမ်းပိုက်ထားခဲ့သော ဂျပန်တို့သည် မဟာမိတ် စစ်သုံ့ပန်းများနှင့် မြန်မာပြည်သူပြည်သားများအား ယိုးဒယား မြန်မာ မီးရထားလမ်း ဖောက်လုပ်ရာတွင် အလုပ်သမားများအဖြစ် ဇွတ်အတင်း ခိုင်းစေခဲ့သည်။ နားချိန်အိပ်ချိန်မရှိ၊ အစားအစာ ပဝေဝ ကျွေး၍ ခိုင်းခဲ့သည်။ အလုပ်သမားပေါင်း ရာလိုက်၊ ထောင်လိုက် ချီပြီး သေဆုံးခဲ့သည်။ အဆိုပါ အလုပ်သမားများကို သတိရသောအားဖြင့် မော်လမြိုင်ခရိုင် သံဖြူဇရပ်ရွာတွင် ၁၉၄၆ ခု၊ ဒီဇင်ဘာလ ၁၈ ရက်နေ့၌ သရဏဂုံတင်ပွဲ ပြုလုပ်သည်။ အဆိုပါ အခမ်းအနား၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

လွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းက ကျွန်ုပ်တို့ နိုင်ငံမှာ စစ်ဘေးကြီး ကျရောက် ခဲ့ပါသေးတယ်။ အဲဒီ စစ်ဘေးကြီးနဲ့ အတူ ဂျပန် စစ်ဝါဒီတို့ရဲ့ ဖက်ဆစ် စနစ် ဆိုးကြီးဟာ လိုက်ပါလာ ခဲ့တယ်။

ဂျပန်စစ်ဝါဒီတို့ဟာ သူတို့ရဲ့ စစ်ယန္တရားကြီး ဆက်လက် လည်ပတ်နိုင်ရေး အတွက် "ယိုးဒယား မြန်မာ မီးရထားလမ်းမကြီး" ကို ဖောက်လုပ်ခဲ့ကြတယ်၊ အဲဒီ လမ်းမကြီးဖောက်လုပ်ရေး အတွက် ကျွန်ုပ်တို့ လူမျိုးတွေဟာ ထောင်နဲ့ သောင်းနဲ့ ချီပြီး "ချွေးတပ်" အဆွဲခံခဲ့ကြရတယ်။

ဖော်မပြနိုင်လောက်အောင် ကြမ်းကြုတ်ရက်စက်မှု နည်းအမျိုးမျိုးနဲ့ ကျွန်ပြု ညှဉ်းဆဲ စေခိုင်းခဲ့တဲ့အတွက် "ယိုးဒယား မြန်မာ မီးရထားလမ်း" ဖောက်လုပ်ရာမှာ ချွေးတပ် အလုပ်သမားပေါင်း သုံးသောင်း (၃၀,၀၀၀) ကနေ ရှစ်သောင်း (၈၀,၀၀၀) လောက်ဟာ ဝေါ်ပြတ် ဆင်းရဲပြီး အသေဆိုး သေခဲ့ကြရတယ်။

* ဤမိန့်ခွန်းကို ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်ဘာသာဖြင့် ပြောကြားခဲ့သည်။





အဲဒီလို ထောင်သောင်းချီပြီး ကျဆုံးခဲ့ရသူတွေရဲ့ ကျိန်ဆဲသံ၊ ညည်းတွားသံ၊ ရေရွတ်သံများ ကိန်းဝပ်ရာ မြေပြင်ကို အခု ကျွန်ုပ်တို့ခြေချနေကြရပါပြီ။ ဝမ်းနည်းဖွယ်ရာ အဖြစ်ဆိုးကြီးကြောင့်လဲ ဒီမြေတခွင်ဟာ ညစ်နွမ်းခဲ့ရပါတယ်။ ကျွန်ုပ်တို့ဟာ စာနာတဲ့အသ[illegible]ရေး၊ စုံးစမ်းသိရှိလိုတဲ့ စိတ်ထားအပြည့်အဝနဲ့ ရောက်လာကြခြင်းလဲဖြစ်ပါတယ်။ မကြုံစဘူး ဖြစ်ခဲ့ရတာမို့ စိတ်မချမ်းမြေ့ နာကျည်းမှုတို့ကို ကျွန်ုပ်တို့ အပြည့်အဝခံစားကြရပါတယ်။

ကျွန်ုပ်တို့ရဲ့နိုင်ငံနဲ့ လူသားတွေကို ဂျပန် ဖက်ဆစ် လူရိုင်းများဟာ အလွန်အမင်း တရားလက်လွတ် ပြုခဲ့တဲ့အတွက် ကျွန်ုပ်တို့ဟာ ဒေါသမီး ဟုန်းဟုန်းတောက်လောင်ခဲ့ကြရပါတယ်။ ဒါပေမဲ့ ဆိုးယုတ်သူတွေဟာ သူတို့ရဲ့ မိုက်ပြစ်ဒဏ်ကို ပြန်ခံသွားရပြီ ဖြစ်လို့ ကျွန်ုပ်တို့ အနေနဲ့ ဖြေသိမ့်နိုင်စရာ ရှိပါတယ်။

ဗမာပြည်သူပြည်သားတွေဟာ ညီညာဖွေဖျ နိုးကြားထက်ကြွခဲ့ကြတယ်။ ဖက်ဆစ်တွေကို လက်စားချေတော်လှန် တိုက်ခိုက်ခဲ့ကြတယ်။ ဒီအချက်ဟာ "မိမိတိုက်ပျိုး သလောက် ရိတ်သိမ်း ရခြင်း" ဆိုတဲ့ သဘောလဲ ဖြစ်တယ်။ အမြဲတမ်း အခိုင်အမာ တည်ထုံနေတဲ့ လောကဓံ သဘောတရားလဲဖြစ်တယ်။

လူတဦး တယောက်ဟာ အခြားလူ တဦးတယောက် အပေါ် နှိပ်စက်ကလူ ပြုတယ်၊ သွေးစုတ် ချယ်လှယ်တယ်။ တရားမျှတမှုကို မျက်ကွယ်ပြုတယ်ဆိုယင် ဒါမှမဟုတ် နိုင်ငံတခုအပေါ် ဖိနှိပ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ တရားမျှတမှု အဝဝကို ချိုးဖောက်ခြင်း ပြုမယ်ဆိုယင် ထိုလူ၊ သို့မဟုတ် ထိုနိုင်ငံဟာ ထိုမတရားမှု အတွက် အပြစ်ဒဏ်ခတ်မှုကို မုချမလွဲ ခံရစမြဲဘဲ ဖြစ်ပါတယ်။

ဒီလိုလူတဦးက တဦးအပေါ်မှာ ဖြစ်စေ၊ နိုင်ငံတခုက နိုင်ငံတခု အပေါ်မှာဘဲ ဖြစ်စေ ဖိနှိပ်ချယ်လှယ်မှုတွေ၊ ခေါင်းပုံဖြတ်မှုတွေ ပြုလုပ်ခဲ့ကြလို့လဲ ဒီကမ္ဘာကြီးမှာ ဒုက္ခတွေ ပင်လယ်ဝေခဲ့တာဟာ အကြိမ်ကြိမ်ရှိပါပြီ။ တရားမဲ့ခြင်း၊ ဖိနှိပ်ချယ်လှယ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ ဆက်လက် တည်ရှိနေသရွေ့ ကျုံပြန်လက်စား ချေမှုဟာ ကမ္ဘာပေါ်မှာ မကြာခဏ ပေါ်ပေါက်နေဦးမှာပါဘဲ။ ဒီအချက်ဟာ ဆိုယင် ကမ္ဘာ့ရေးရာ အဖြစ်အပျက် အတွေ့အကြုံများ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ပေါ်ထွက်လာတဲ့ လောကပါလ တရားလို့ ကျွန်ုပ်တို့ အနေနဲ့ မှတ်သားခံယူပါတယ်။

ယနေ့ဆိုယင် ကျွန်ုပ်တို့ဟာ ကျေးကျွန်ပမာ အခိုင်းအစေခံရင်း သေဆုံးခဲ့ကြတဲ့ မဟာမိတ် တပ်သားများနဲ့ ကျွန်ုပ်တို့ နိုင်ငံသား ထောင်ပေါင်းများစွာတို့ကို အမှတ်ရတဲ့ အနေနဲ့ ဒီနေ့ရာကို လာရောက် ခဲ့ကြပါတယ်။ နောက်ကို ဘယ်တော့မှ ဒီလို အဖြစ်မျိုး ဒီလို ချေးတပ်ဆွဲခံရတာမျိုး ဒီလို ကျေးကျွန်ပြုခံရတာမျိုးကို ဒီကမ္ဘာကြီးမှာ မတွေ့ကြရစေဖို့ ကျွန်ုပ်တို့ အားလုံး သဘောပေါက်ထားကြရပါမယ်။

လူကို လူက ကျွန်ပြုမှု၊ ခေါင်းပုံဖြတ်မှုတို့ ဘယ်ပုံစံမျိုးနဲ့မှ ကမ္ဘာပေါ်မှာ နောက်ထပ် ပေါ်မလာပါစေနဲ့လို့ ကျွန်ုပ်တို့ အားလုံး ဆန္ဒပြုကြဖို့ လိုပါတယ်။

ကျွန်ုပ်တို့ဟာ ကွယ်လွန် သူများရဲ့ မြင့်မြတ်သော ဝိညာဉ်များနဲ့တွေ့ဆုံခိုက် သူတို့အတွက် ဆုမွန်ကောင်းများ တောင်းနေသာမဟုတ်ဘဲ ကမ္ဘာသူကမ္ဘာသား အားလုံး အနှောင်အဖွဲ့ အချုပ်အချယ်များမှ အမြန်ဆုံး လွတ်မြောက်ကြပါစေလို့ ဆုတောင်း သင့်ကြပါတယ်။

ဒီလို ဆုတောင်းရင်းနဲ့ တချိန်ထဲမှာဘဲ ပူအချင်းချင်း ဖိနှိပ်မှု၊ ခေါင်းပုံ ချယ်လှယ်မှု၊ လူမဆန်မှု စတဲ့ အဖြစ်မျိုးကို တည်မြဲစေမယ့် ဖက်ဆစ်စနစ်ဆိုးဟာ မည်သို့သော အသွင်မျိုးနဲ့ဘဲ ရှိသည်ဖြစ်စေ၊ ကမ္ဘာ့မြေပြင်ပေါ်က အမြစ်ပါမကျန်ပျောက်ပျက် သွားအောင် တော်လှန် တိုက်ဖျက်ကြဖို့အလေး အနက် အဓိဋ္ဌာန်ပြုကြပါစို့။ ။

# အားရှိမှ အခွင့်အရေးရမယ်

(ဖဆပလ) ဗဟို အလုပ် အမှုဆောင် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သည့် အစိုးရအဖွဲ့သည် (အစိုးရဖွဲ့ပြီး ဘာလခွဲခန့်) ၁၉၄၆ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် "ဗြိတိသျှ အစိုးရက မြန်မာ့လွတ်လပ်ရေးနှင့် ပတ်သက်၍ ကြေညာရန်၊ မကြေညာပါက ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အစိုးရ တဖွဲ့လုံး နုတ်ထွက်မည်" ဟူသော ကြေညာချက်တခုကို ထုတ်ပြန် လိုက်သည်။ ယင်းကြေညာချက်အရ၊ ၁၉၄၆ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဗြိတိသျှ အစိုးရအဖွဲ့ ဝန်ကြီးချုပ် မစ္စတာ အက်တလီက "မြန်မာပြည်ကို ဗြိတိသျှ ဓနသဟာယအတွင်းတွင် ဖြစ်စေ၊ အပြင်တွင်ဖြစ်စေ လွတ်လပ်သော နိုင်ငံ အဖြစ် အသိအမှတ်ပြုမည်" ဟု ဘိလပ် ပါလီမန် အောက်လွှတ်တော် အစည်းအဝေးတွင် ကြေညာရသေးသည်။ ထိုလွတ်လပ်ရေး ကိစ္စ အတွက် ဘိလပ်သို့ လာရောက် ဆွေးနွေးရန် ဗိုလ်ချုပ် အောင်ဆန်းအား ဖိတ်ကြားသေးသည်။ ထိုဖိတ်ကြားချက် အရ ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဘိလပ်သို့ သွားသည်။ အောက်ပါ မိန့်ခွန်းမှာ ကိုယ်စားလှယ် အဖွဲ့ ဘိလပ်သို့ မသွားမီ တိုင်းပြည်သို့ အသံလွှင့် ပြောကြားခဲ့သော မိန့်ခွန်း ဖြစ်သည်။

မိန့်ခွန်းကို ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့ည၊ ၇ နာရီ မိနစ် ၄၀ တွင် အသံလွှင့်ပြောကြားခဲ့သည်။

နှစ်ဟောင်းတခုကုန်လို့ နှစ်သစ်တဖုံ ပြောင်းခဲ့ပြန်ပြီ။ ဒီနေ့ဒီရက်မှာ ကျွန်တော်လဲ နက်ဖြန်အိန္ဒိယနှင့် အင်္ဂလန်ပြည် ထွက်သွားတော့မှာမို့ ဗမာပြည်သူပြည်သားတို့ကို မှာချင်တာတွေ မှာသွားပါရစေ။ ကျွန်တော်အိန္ဒိယပြည် သွားမယ်ဆိုတာကတော့ အိန္ဒိယခေါင်းဆောင်များနှင့် အကျိုးချင်းတူရာ ကိစ္စများကို ဆွေးနွေးဖို့ပါဘဲ။ ပြီးတော့ ဘိလပ်ကိုဆက်သွားပြီး ဗမာ



www.burmeseclassic.com

www.burmeseclassic.com



ပြည်ရဲ့ လွတ်လပ်ရေးကိစ္စနှင့် ပတ်သက်ပြီး ဘိလပ်အစိုးရနှင့် စကားကမ်းလှမ်း ပြောဆိုဖို့ပါဘဲ။ အားလုံး မှတ်မိကြပါလိမ့်မယ်။ ကျွန်တော်တို့ ယခုလို သွားရတာဟာ ကျွန်တော်တို့က လွန်ခဲ့တဲ့ တလကျော်က ဗြိတိသျှ အစိုးရကို လွတ်လပ်ရေးနှင့် ပတ်သက်ပြီး အရေးဆိုခဲ့တယ်။ အဲဒီလို အရေးဆိုတဲ့အခါ ဗြိတိသျှ အစိုးရက ခင်ဗျားတို့အရေးဆိုတဲ့ အချက်တွေ စဉ်းစားရအောင် ကျုပ်တို့ဆီလာပါပြောတော့၊ ကျုပ်တို့က ဒီလိုနှင့် ကျုပ်တို့ခင်ဗျားတို့ဆီ မလာနိုင်၊ ကျုပ်တို့ခင်ဗျားတို့ဆီလာလို့ လာကျိုးနပ်လိမ့်မယ်လို့ ထင်ရအောင် ခင်ဗျားတို့က ဘာတခွန်းမှ မဟာဘဲနှင့် ဘယ့်နှယ်လုပ်ပြီး ကျုပ်တို့ ချင့်ချိန်လို့ရမလဲ။ ဒါကြောင့် ဗမာပြည်လွတ်လပ်ရေးနှင့် ပတ်သက်၍ ဘယ်လိုစကားခင်းပေးမှ ကျုပ်တို့ ခင်ဗျားတို့ဆီလာဖို့ လိုမယ်လို့ ဆုံးဖြတ်လို့ ရမယ်လို့ ပြန်ပြောတာနှင့် တနေ့က ဘိလပ်နန်းရင်းဝန်က ကြေညာချက် ထုတ်ပြန်လိုက်တယ်။ အဲဒီကြေညာချက်ဟာ ကျေနပ်စရာကောင်းတာ၊ မကောင်းတာကို အပထားလို့၊ အဲဒီကြေညာချက်ကိုမြင်တော့ ကျုပ်တို့ သဘောမှာ ဘိလပ်သွားပြီး ကျုပ်တို့ လိုချင်တာတွေ ဆက် ဆွေးနွေးလိုက်ရယင်ဖြင့် ကောင်းတန်ရှိလို့ သဘောပိုက်ထားတာနဲ့ ယခုကျုပ်တို့ လန်ဒန်သွားကြမှာဘဲ။ ကျုပ်တို့ဒီလို ဘိလပ်အစိုးရဖိတ်တာကိုလက်ခံပြီး ဟိုသွားခြင်းဟာ ဘိလပ်နန်းရင်းဝန်ရဲ့ ကြေညာချက်ကို ကျေနပ်လို့ သွားတာမဟုတ်ဘူး။ လက်ခံမယ်ဆိုပြီး သွားတာ မဟုတ်ဘူး၊ သူ့ကြေညာချက်ကို အခြေခံထားပြီး ကျုပ်တို့လိုချင်တာတွေရအောင် ပြောဖို့သွားတာဘဲ။

လွတ်လပ်ရေးဆိုတာ တောင်းလို့ရတဲ့ ကိစ္စမဟုတ်ဘူး။ သူများနို့သက်ရှိခံယူရတဲ့ အခွင့်အရေးမျိုး မဟုတ်ဘူး။ မိုးပေါ်က အလိုအလျောက် ကျမလာနိုင်ဘူးဆိုတာ ကျုပ်တို့လဲ သိတာဘဲ။ နို့ဒီလိုသိလျက်နှင့် ဘာလို့ ဘိလပ်သွားရသလဲ ဆိုတာကတော့ ပရိယာယ်ဆိုလဲ ဟုတ်ကဲ့၊ တကယ်ဆိုလဲ ဟုတ်တာဘဲ။ ကျုပ်တို့ ဟိုသွားတာဟာ ကျုပ်တို့ လွတ်လပ်ရေးကို အေးအေးဆေးဆေးနှင့် ယူနိုင်တဲ့ နည်းလမ်းကို ရှာဖွေတဲ့ သဘောဘဲ။ ဒီလို အစွမ်းကုန် မအေးဆေးစွာ လွတ်လပ်ရေးရတဲ့ နည်းရှာလို့ မရလို့၊ တခြားနည်းတွေ သုံးရမယ်ဆိုတဲ့အခါ ကျုပ်တို့ဟာ ကမ္ဘာ့ မေတ္တာနှင့် လုပ်နိုင်မယ် မဟုတ်လား။ အကယ်၍ ကျုပ်တို့လွတ်လပ်ရေးကို အေးအေးဆေးဆေးနှင့်ရယင်လဲကောင်းတာဘဲ မဟုတ်လား၊ အေးအေးဆေးဆေးနှင့် ရမယ်ဆိုယင် ဘယ်သူ မလိုချင်



ရှိမလဲ။ မလိုချင်ဘူးဆိုတဲ့သူဟာ အရူးဘဲ။ ၁၉၄၆ ခု မေလထဲမှာ ကျင်းပခဲ့တဲ့ ဖ၊ ဆ၊ ပ၊ လ နှစ်ကြိမ်မြောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးမှာ ဗမာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း ကျုပ်ပြောခဲ့တယ်။

“ကျုပ်တို့ အတိအလင်း ကြေညာထားတဲ့ ရည်ရွယ်ချက်တွေကို တရားနည်းလမ်း စည်းကမ်းများအရ ရယူနိုင်မည့် အခွင့်အရေးများရှိယင်၊ အဲဒီအခွင့်အရေးများကို ပဌမရှေးဦးစွာ ကုန်အောင် အသုံးပြုရမယ်။ ဒီလိုဆိုခြင်းဖြင့် ကျုပ်တို့ဟာ တခြားမြင်ဆင်မှုလုပ်ငန်းများကို မလုပ်ရဘူးလို့မဆိုလိုဘူး။ ဘာပြုလို့လဲဆိုယင် ယခုတော့ ကျုပ်တို့ပြည်မှာ ဖြစ်ပျက်ခဲ့တာကို ကြည့်ပြီးတဲ့နောက်၊ ကျုပ်တို့ဟာ ကျုပ်တို့ မျှော်မှန်းရာ ပန်းတိုင်ကို တရားသဖြင့်နည်းနဲ့ ရောက်ချင်မှ ရောက်မှာလို့ စိတ်ရောက်မိတယ်။ ဒါကြောင့်လိုယင် လိုသလို တရားဥပဒေပြင်ပ လွတ်လပ်ရေးတိုက်ပွဲအတွက် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ရှိတာ ပြင်ထားရမယ်။ ဒီလိုဆိုပြန်တာနှင့်လဲ ဒီလွတ်လပ်ရေးတိုက်ပွဲဟာ မလွှဲမရှောင် ဖြစ်မယ်လို့ မဆိုလိုဘူး။ အင်္ဂလိပ်အစိုးရဟာ ဗမာပြည်မှာ ဒီလို လွတ်လပ်ရေးတိုက်ပွဲမျိုး ထပ်မြင်ချင်သေးသလား၊ မမြင်ချင်ဘူးလားဆိုတဲ့ မေးခွန်းအပေါ်မှာ တည်တယ်။ လွတ်လပ်ရေးတိုက်ပွဲဖြစ်ရေး၊ မဖြစ်ရေးဟာ ကျုပ်တို့လက်ထဲမှာမရှိဘဲနှင့် သူတို့လက်ထဲမှာရှိတယ်။” အဲဒီလို ကျုပ်ပြောခဲ့တယ်။ ဒါကြောင့် ဒီစကားနှင့်အညီဘဲ၊ ကျုပ်ခု ဘိလပ်ကိုသွားမယ်ဆိုတာ အေးအေးချမ်းချမ်းနှင့် လွတ်လပ်ရေး ရနိုင်မည့် နည်းလမ်းရှာတဲ့ သဘောသွားတာဘဲ။ လွတ်လပ်ရေးဟာ တောင်းလို့ ရနိုင်တဲ့ကိစ္စမျိုး မဟုတ်ပေမဲ့ ကျုပ်တို့ပြည်ကို အင်္ဂလိပ်က ယခုအုပ်စိုးနေတော့ သူတို့လက်က အာဏာကို ကျုပ်တို့လက်ကို လွှဲပြောင်းယူနိုင်မှ လွတ်လပ်ရေး ရနိုင်တာဘဲ။ အဲဒီလို အာဏာလွှဲပြောင်းတာဟာ အေးအေးဆေးဆေးနဲ့လဲ လုပ်ချင် လုပ်နိုင်တာဘဲ။ ဒီလိုမှမဟုတ် အကြမ်းပတမ်းဖက်ပြီးလဲ လုပ်ချင်လုပ်ရမှာဘဲ။ ဘယ်လိုဘဲဖြစ်ဖြစ် အာဏာလွှဲပြောင်းတာ မရှိဘဲနှင့် လွတ်လပ်ရေး မရနိုင်ဘူး။

ဒီတော့ အခု ကျုပ်တို့ ဘိလပ်သွားတာ၊ ဗမာတိုင်းသူ ပြည်သားတွေရဲ့လက်ကို အာဏာလွှဲပြောင်းပေးဖို့ ပြောဖို့ဘဲ၊ နို့ရမယ်ကော ထင်ရဲ့လားမေးလို့ရှိယင် ရနိုင်ကောင်းတန်ရဲ့လို့ ကျုပ်တို့ဖြေရမှာဘဲ။ ဘာပြုလို့လဲဆိုယင်

www.burmeseclassic.com

www.burmeseclassic.com



ဒီစစ်ကြီးပြီးတော့ ကမ္ဘာကြီးဟာ အကြီးအကျယ် ပြောင်းလဲခဲ့တယ်။ ဒီစစ်ကြီးအပြီး ခေတ်ဟောင်းစံနစ်ဟောင်းတွေဖယ်ရှားပြီး ခေတ်သစ်ထောင်တဲ့ နိုင်ငံတွေဟာ အများကြီးဘဲ။ ရှင်ဘုရင်ဆွေဖြုတ်ချပြီး၊ သမ္မတတွေ မြှောက်တဲ့ နိုင်ငံတွေပေါ်ခဲ့ပြီ မဟုတ်လား။ ဥရောပအရှေ့ပိုင်း တခုလုံးလောက် ကွန်မြူနစ်လောကနည်းပါး ဖြစ်သွားပြီ မဟုတ်လား၊ နယ်ချဲ့ စံနစ်ဟာလဲ နေရာတကာမှာ အင်အားနည်းလာပြီဆိုတာ အထင်အရှားဘဲ။ ဒီဟာတွေဟာ အားလုံး အေးအေးဆေးဆေးနှင့် ကျုပ်တို့ရှေ့မှောက်မယ် ဖြစ်နေတယ် မဟုတ်လား။ ကျုပ်တို့ရှေ့မှာ ကမ္ဘာကြီးဟာ အေးအေး ငြိမ်သက်စွာ တော်လှန်ပြောင်းလဲနေလို့ ကျုပ်တို့ဟာ ဒီလိုပြောင်းလဲနေမှန်း မသိသလို ရှိနေတာဘဲ။ ယခု ကမ္ဘာကြီးမယ် ဒီမိုကရေစီ အင်အားစုများဟာ အောင်မြင်စွာ ချီတက်လျက် ရှိကြတယ်။ အဲဒီလို ကမ္ဘာကြီးရဲ့ အဆင့်ကို မြင်ပြီး၊ အင်္ဂလိပ်အစိုးရဟာ ဗမာပြည်ကို သိမ်းပိုက်ထားလို့ မဖြစ်တော့ဘူးဆိုတာ မြင်မှာဘဲလို့ ယူဆတယ်။ အဲဒီလိုမြင်လို့ အကြည်အသာနှင့် အာဏာ လွှဲပြောင်းနိုင်ကြတယ်ဆိုယင် နှစ်ပြည့်တပြည် ရှေ့လမ်းငွေလမ်းဖောက်နိုင်မှာမို့ သူတို့အတွက် ကောင်းကောင် ကောင်းသေးတယ်။ ဒါကြောင့် သူတို့လဲ အကြည်အသာနှင့် ကျုပ်တို့လက်ကို အာဏာ လွှဲအပ်ကောင်းတန်ရဲ့လို့ အောက်မေ့ရတာဘဲ။ သူတို့ကလဲ ယခုတော့ ကျုပ်တို့ အင်ပိုင်ယာနှင့် ကွန်မွန်းဝဲလ် နိုင်ငံစုထဲမှာ မနေချင်တဲ့ ဘယ်လူမျိုးမဆို အတင်းဆက်ထားဖို့ မရည်ရွယ်ပါဘူးလို့ ပြောထားတယ်။ ဒီပြောဆိုချက်ဟာ ဘာမှမဟုတ်ဘူးလို့ ဆိုချင်လဲဆိုနိုင်တာဘဲ။ တကယ် လက်တွေ့ကျတော့ လက်နှင့်ရေး ခြေနှင့် ဖျက်သလို လုပ်မှာဘဲလို့ တွေးထင်နိုင်တာဘဲ။ ဒါမျိုးဖြစ်နိုင်တယ်ဆိုတာလဲ ကျုပ်တို့ မသိမဟုတ်ပါဘူး။ နောက်ပြီးတော့ ဘိလပ်နန်းရင်းဝန်ရဲ့ မပြောဆိုချက်များအနက် ဒီအချက်ကလွှဲယင် တခြားအရေးကြီးတဲ့ အချက်တွေမှာ မပြောဘဲထားတဲ့ အချက်တွေနှင့် ပြောလဲဘဲ ဝေ့လယ်လယ် လုပ်တာတွေ ကျုပ်တို့သိပါတယ်။ ဒါပေမဲ့ သူ ပြောစကားအတိုင်း နင်းလိုက်ပီး ကျုပ်တို့က လိုချင်တာရအောင် ပြောမှာဘဲ။

ကျုပ်တို့ဟာ တော်လှန်ရေးသမားဘဲ။ ဒါကိုလဲ ခင်ဗျားတို့အားလုံး သိတာဘဲ။ ဒါပေမဲ့ ကျုပ်တို့ဟာရည်ရွယ်မှန်းထားချက် မရှိဘဲ၊ မျက်ကန်းလို လုပ်တဲ့ တော်လှန်ရေးမျိုးကိုတော့ မကြိုက်ဘူး။ အမှန်စင်စစ် တော်လှန်ရေး



ဆိုဒါဘာလဲ။ ကျုပ်အမြင် ပြောရမယ်ဆိုယင် တော်လှန်ရေးဆိုတာ အကြမ်းပတမ်း တိုက်ခိုက်တဲ့ကိစ္စကိုမှ တော်လှန်ရေးလို့ ဆိုလိုတာမဟုတ်ဘူး။ လက်ရှိ စံနစ်ဟောင်းကို တော်လှန်ပြီး စံနစ်သစ် ဘွားကနဲပေါ် ပေါက်လာတာကို ဆိုတာဘဲ။ အဲဒီတော့ တော်လှန်ရေးဆိုတာ တစပ်ထဲဖြစ်နေတာဘဲ။ တချက်တချက်ကျမှ ဘွားကနဲ၊ ဘွားကနဲအရေးအတွက်ကနေပြီး အရည်အချင်းပြောင်းလွှဲမှုကြီးတွေ ဖြစ်တာကို တော်လှန်ရေးလို့ ဆိုတာဘဲ။ ဆူတာ၊ ပူတာ၊ သောင်းကျန်းတာ၊ တိုက်တာ၊ ခိုက်တာတွေဆိုတာ မလုပ်မဖြစ်မှ လုပ်ရတာမျိုးဘဲ။ ဘာဘဲဖြစ်ဖြစ်၊ စတိုက်ခိုက်ချင်တယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး။ ပြီးတော့ ကိုယ်လိုချင်ရာကို အေးအေးနဲ့ ရမယ်ဆိုယင် ဘယ်သူမလိုချင် ရှိပါ့မလဲ။ မလိုချင်တဲ့လူဟာ အရူးဘဲ။ ဒီတော့ အဲဒီကိုယ်လိုချင်ရာကို အေးအေးဆေးဆေးနှင့် ရအောင်လဲ ဘယ်သူမဆို ဉာဏ်ရှိတဲ့လူမှန်ယင် ကြိုးစားချင်တာဘဲ။ မရနိုင်မှ တခြားနည်းလုပ်ရမှာပေါ့။

ကိုင်း....ကောင်းပြီ၊ ဒီလိုပြောနေတော့ ကျုပ်တို့ လွတ်လပ်ရေးကို အေးအေးဆေးဆေးနှင့် ရနိုင် မရနိုင် ထပ်စဉ်းစားဖို့ လိုတယ်။ အဲဒီလို စဉ်းစားလို့တော့ ရာဇဝင်ရဲ့ သင်ခန်းစာတွေကို ကြည့်ရမယ်။ ရှေးပြည်မယ် လူထုကြီးဟာ ဇာဘုရင်လက်ထဲက အာဏာကို သူတို့လက်ရောက်အောင် အမျိုးမျိုး ကြိုးစားကြတယ်။ သူပုန်တွေထခဲ့တယ်။ သပိတ်တွေ မှောက်ခဲ့တယ်။ ဘာလဲလား သူပုန်တွေလိုလုပ်ခဲ့တယ်။ ပဌမတော်လှန်ရေးကြီး လုပ်ခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးကျတော့ ဒုတိယအကြိမ်တော်လှန်ရေးဖြစ်တော့ ဇာဘုရင်က အလိုလို နန်းစွန့်ပြီး ထွက်ပြေးခဲ့တယ်။ ဒီအတိုင်းဘဲနောက်ဆုံးကျတော့ ဗပိန်ပြည်မှာလဲ ပြောင်းလွှဲခဲ့ဘူးတာဘဲ။ ဒီအတိုင်းဘဲ အိုင်ယာလန်မယ် ဖြစ်ခဲ့တယ်။ ဒီအတိုင်းဘဲ တူရကီမယ် ဖြစ်ခဲ့တယ်။ အဲဒီတော့ နောက်ဆုံးကျယင် အာဏာလွှဲပြောင်းရေးဟာ အေးအေးဆေးဆေးနဲ့ ဖြစ်နိုင်တယ်ဆိုတာ၊ ရာဇဝင်က သက်သေပြခဲ့တယ်။ နောက်ဆုံးကျတော့ ဆိုတဲ့စကားကို ကျုပ်ရှင်းပြမယ်။ အစိုးရ အာဏာရအောင် ကြိုးပမ်းမှုတွေ လုပ်ကြသမျှမှာ ပဌမတော့ အတိုက်အခံ အကျိတ်အနယ် လုပ်ရပေမဲ့ နောက်ဆုံးကျတော့ အေးအေးဆေးဆေး ရနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ဘဲ။ ကျုပ်တို့ ဗမာပြည်ဟာ လွတ်လပ်ရေးအတွက် အင်္ဂလိပ်နှင့် ဗမာ ပဌမစစ်ပြီးကတည်းက ကြိုးစားခဲ့တာဘဲ အကြမ်းနှင့်လဲ လုပ်ခဲ့တယ်၊ အနုနှင့်လဲ လုပ်ခဲ့တယ်။ သူပုန်အကြိမ်ကြိမ်ထခဲ့

www.burmeseclassic.com



တယ်။ ဒီပြီးခဲ့တဲ့ စစ်ကြီးအတွင်းမှာ ကျုပ်တို့ လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကို တကြိမ်၊ ဂျပန်ကိုတကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ကျုပ်တို့တိုက်ခဲ့တယ်။ အစိုးရ အာဏာရခဲ့တယ်။ အဲဒီလိုဆောင်ရွက်ခဲ့တာတွေဟာ အချည်းနှီး ဖြစ်သလား ဆိုယင် မဖြစ်ဘူး။ အခုဆိုယင် ကျုပ်တို့ရဲ့ လွတ်လပ်ရေးစစ်ကြီးဟာ နောက်ဆုံးစခန်းရောက်လာပြီ။ ဒီနောက်ဆုံးစခန်းရောက်တဲ့အခါ ဒီမိုကရေစီ စံနစ် လွှမ်းမိုးအောင်မြင်ဆဲ ဖြစ်နေတဲ့ ဒီကမ္ဘာသစ်ကြီးမှာ ဗမာပြည်ဟာ အေးအေး ဆေးဆေး လွတ်လပ်ရေး ရနိုင်တယ်ဆိုတာဟာ မမှန်ဘူးလို့ ဆိုနိုင်မလား။ ဒီတော့ ရချင်လဲ ရမှာဘဲ။ ဒါပေမဲ့ ကျုပ်ပြောနေကျအတိုင်းဘဲ ရနိုင်တိုင်းလဲ မရဘူး။ ဖြစ်နိုင်တိုင်းလဲ ဖြစ်မယ်မဆိုလိုဘူး။ ဘယ်နည်းနှင့်မဆို ဘယ်ကိစ္စမဆို အလိုအလျောက် ဖြစ်မလာနိုင်ဘူး။ အဲဒီတော့ ကျုပ်တို့ ပြင်စရာ၊ အသင့်လုပ်ထားစရာတွေ လုပ်ထားရမှာဘဲ၊ ကျုပ်တို့ရဲ့ လွတ်လပ်ရေးဟာ တိုင်းပြုပြည်ပြု လွှတ်တော်တွေရောက်လို့၊ ကျုပ်တို့ လွတ်လပ်တဲ့ ဗမာပြည်ကိုတည်ပြီး၊ အင်္ဂလိပ်အစိုးရနဲ့ အပြီးအပိုင် စကားဆိုစရာဆိုလို့ ပြီးစီးမှ ကျုပ်တို့ လွတ်လပ်ရေးရပြီလို့ ဆိုရမှာဘဲ။ အဲဒီလိုကျမှလွတ်လပ်ရေး စစ်ကြီး ပြီးပြီလို့ ဆိုရမှာဘဲ။ ဒီတော့ ဆင်ပြောင်ကြီး အမြီးကျမှ ဘစ်လစ် မဖြစ်အောင် ကြိုးစားဖို့လိုတယ်။ သတိထားဖို့လိုတယ်။ ကျုပ်တို့ အားရှိမှ အခွင့်အရေးရမယ်။ အားပိုရှိလေလေ ပိုအခွင့်အရေး ရလေလေဘဲ။

အဲဒီတော့ ဖ၊ဆ၊ပ၊လ က လွတ်လပ်ရေးတိုက်ပွဲအတွက် ဆက်လုပ်စရာ ရှိယင် လုပ်ဖို့ လွတ်လပ်ရေးရပြီးနောက် ပေါက်ခံတာကအစ ပြင်ဆင်တဲ့ လုပ်ငန်း အရပ်ရပ်ကို တိုင်းပြည်က စိတ်ချောက်ယ်ပါ ဝိုင်းဝန်း အားပေးဖို့ လိုတယ်။ တိုင်းသူပြည်သား လူအများဟာ ဥမကွဲ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်၊ ရှိ ရှိ ပေ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ် မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။ နယ်ချဲ့သမားကို တကယ်တိုက်မယ်ဆိုတဲ့ လူအချင်းချင်းဟာ အချင်းချင်းတိုက်ခိုက်နေဖို့ မလိုဘူး။ တဦးနှင့်တဦးဘယ်လိုဘဲ သဘောကွဲလွဲပေမဲ့ နယ်ချဲ့သမားတိုက်ခိုက်တဲ့ တပ်ဦး ဟိုဖက်လွန်ပြီး၊ နယ်ချဲ့သမား ထောက်ခံတဲ့ လမ်းတွေကို မလိုက်ရန် သတိပြုဖို့လိုတယ်။ ကွန်မြူနစ်အလံနီ၊ အလံဖြူတို့ဟာ နယ်ချဲ့သမားတွေကို ထိထိရောက်ရောက် တိုက်ခိုက်ရမဲ့အစား၊ အချင်းချင်းကို ခြိမ်းခြောက် အကြမ်းပတမ်း ကိုင်နေတာဟာ အင်မတန်ဘဲ ဝမ်းနည်းစရာ ကောင်းတယ်။ သူတို့ဒီလိုလုပ်ပေမဲ့ ငါတို့အား တိုက်ရိုက်



ကျူးကျော် စော်ကားလာမှ အခါ ကိုယ့်ကိုယ်ကို ကာကွယ်သောအားဖြင့် ပြန်လှန်ခုခံသည့် အခါမှတပါး ငါတို့အားလုံးဟာ သူတို့ရဲ့ လမ်းမှားကို ငါတို့ကစပြီး လိုက်နာဖို့ မလိုဘူး။ ဒါကြောင့်ငါတို့ ဗမာပြည်မှာ မရှိတုန်းကို တိုင်းသူပြည်သား အားလုံးဟာ အရေးရှိကအဆင်သင့်ဖြစ်အောင် စီစဉ်ထားပြီး၊ ကျုပ်တို့အပြန်ကို ငံ့လင့်ကြပါလို့ ယနေ့နှစ်သစ်ကူးနေ့မှာ စကားပါးခဲ့ချင်ပါတယ်။

ဒီနှစ်သစ်ဟာ ဗမာပြည်အတွက်သော်ငှင်း၊ ကမ္ဘာကြီးအတွက် သော်ငှင်း အေးချမ်းသာယာ ပျော်ရွှင်ဘွယ်နှစ် ဖြစ်ပါစေ၊ ဖြစ်အောင် ကြိုးစားကြပါစို့။ ။



www.burmeseclassic.com

www.burmeseclassic.com

# ဘိလပ်မြန်မာ ဆွေးနွေးပွဲ

ဘိလပ်သို့ ရောက်ရှိ နေသော ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မစ္စတာ အက်တလီ ခေါင်းဆောင်သော ဗြိတိသျှ အစိုးရ အဖွဲ့တို့သည် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မြန်မာ့ လွတ်လပ်ရေး အတွက် စတင်ဆွေးနွေး ကြသည်။ ၂၇ ရက်နေ့တွင် "အောင်ဆန်း အက်တလီ စာချုပ်" ကို လက်မှတ် ရေးထိုးကြသည်။ မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် အင်္ဂလန်မှ ၁၉၄၇ ခု၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် လေယာဉ်ပျံဖြင့် ပြန်လည် ထွက်ခွာလာကြရာ အိန္ဒိယတွင် တမထောက်နားပြီး ဖေဖော်ဝါရီ ၂ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာခဲ့ကြသည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့ ညနေ ၃ နာရီအချိန် (ဖဆပလ) အဖွဲ့ချုပ်တွင် သတင်းစာကွန်ဖရင့် ကျင်းပ၏။ အဆိုပါ သတင်းစာ ကွန်ဖရင့်၌ ဗိုလ်ချုပ် အောင်ဆန်း ပြောကြားချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဘိလပ်-မြန်မာ ဆွေးနွေးပွဲတွင် သဘောတူညီချက်အရ ရလဒ်ကြီး စံနစ်ဟာ သုံးသုံးပျက်ပါတယ်။ သို့သော် လွတ်လပ်ရေး တိုက်ပွဲဟာ မပြီးသေးပါ။ ခုသဘောတူခဲ့တဲ့အတိုင်း အစစအရာရာ ချောချောမောမော ပြီးမြောက်ပါက အေးချမ်းသောနည်းဖြင့် ဗမာပြည် လွတ်လပ်ရေး ရနိုင်မယ် ဖြစ်တယ်။

## ရခဲ့သော အာဏာများ

ဘိလပ်သို့ သွားစဉ်က (ဖဆပလ) အဖွဲ့ချုပ်က ညွှန်ကြားလိုက်သည့်အတိုင်း တိုင်းပြုပြည်ပြုလွှတ်တော်အတွက် တိုက်ရိုက်ရွေးကောက်ပွဲ ကျင်းပရန်နှင့် ကြားဖြတ် အစိုးရ အခွင့်အာဏာများလဲ ရရှိခဲ့တယ်။

ကြားဖြတ် အစိုးရ အာဏာ အတွက် ဥပဒေကို ပြင်နေလျှင် ကြာနေမည် စိုး၍ ဥပဒေအရ တန်ခိုးအာဏာ မရသော်လည်း (Convention)





ခေါ် ထုံးတမ်းစဉ်လာ အားဖြင့် ဆိုပါမူ ဒိုမီနီယံ အစိုးရများ ရရှိသော အခွင့်အာဏာများ ရပါတယ်။

## သံတမန်လွှတ်ရေးကိစ္စ

နိုင်ငံခြားရေး ကိစ္စများ အတွက် ဆိုလျှင်လဲ ပြည်ထောင်ချင်း သံဂမတ် အလဲအလှယ် လုပ်ဖို့ သူတို့ (ဗြိတိသျှ အစိုးရ) လုပ်ပေးပါမယ်လို့ ပြောပါတယ်။ ကမ္ဘာ့ ကုလသမဂ္ဂတွင် ပါဝင်နိုင်ဖို့လဲ ထောက်ခံမယ်လို့ ပြောပါတယ်။ သံတမန်ကိစ္စကို ရုရှားသံအမတ်နှင့်လဲ တွေ့ဆုံ ပြောခဲ့ပါသေးတယ်။

## မြန်မာပြည်လေတပ်

မြန်မာပြည် လေတပ် ကာကွယ်ရေး အတွက် လေတပ် ထားရန် ကိစ္စကို ဗြိတိသျှ လေကြောင်း ဗိုလ်ချုပ်နှင့် တွေ့ဆုံပြီး ပြောခဲ့ပါတယ်။ မကြာမီ လေယာဉ်ပျံ မောင်းတတ်ပြီးသော လူများနှင့် စတင် ဖွဲ့စည်းဖို့ စီစဉ်ပါမယ်။

## စစ်တပ်ရုပ်သိမ်းရေး

ဗမာပြည်ရှိ နိုင်ငံခြား စစ်တပ်များကို ရုပ်သိမ်းရန် ဆိုတဲ့ အချက်နှင့် ပတ်သက်လို့ တိုင်းပြုပြည်ပြု လွှတ်တော်က ရုပ်သိမ်းပေးပါလို့ ဆုံးဖြတ်ခဲ့လျှင် သူတို့က ရုပ်သိမ်းပေးပါမယ်လို့ ပြောပါတယ်။

## တောင်တန်းနယ်ကိစ္စ

တောင်တန်းနယ်များ ကိစ္စနှင့် ပတ်သက်လို့တော့ သူတို့ သဘောတူတယ် ဆိုလျှင် လွတ်လပ်ရေး ပေးရမယ်လို့ တောင်းတာဘဲ၊ ဒါပေမဲ့ သူတို့ကိုယ်စားလှယ်လဲ မဟုတ်တော့ ကိုယ်စားလှယ်လို့လဲ မပြောရ၊ ဒီလိုဆိုလျှင်ဖြင့် သူတို့ သဘောတူပါလိမ့်မယ်လို့ ပြောရတာဘဲ။

## အင်္ဂလိပ် မစောင့်ရှောက်နှင့်

တောင်တန်း ဒေသများကို ဗြိတိသျှ အစိုးရတို့က အစောင့်အရှောက် Trusteeship ယူဖို့ အခွင့်အရေးမရှိ၊ ကျွန်တော်တို့ကလည်း မယူ၊ သူတို့ရဲ့

www.burmeseclassic.com



ပြည်တွင်း အုပ်ချုပ်ရေးကိုလဲ ကြားဖြတ် အစိုးရက ဝင်မစွက်ဖို့ပြောတဲ့အခါ ဘိလပ် အစိုးရက ကောင်းပြီ၊ သူတို့ကို မေးကြည့်မယ်၊ သူတို့သဘောတူလျှင် လုပ်မှာဘဲလို့ ပြောပါတယ်။

## အာဏာပိုင် အခွင့်အရေး

တိုင်းပြုပြည်ပြု လွှတ်တော်နှင့် ပတ်သက်၍ အာဏာပိုင် အခွင့်အရေးအတွက်တော့ သိပ်ပြီး အတိုက်အခံ မပြောပါ။ အသင့်အတင့်လောက်တော့ ပြောပါတယ်။ သည်ပြဿနာကို ဖိပြီး မပြောရန်လဲ အဆပလ အလုပ် အမှုဆောင် အဖွဲ့က ညွှန်ကြား ထားပါတယ်။ သည်အတိုင်း ဆိုလျှင် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို ဧပြီလ အတွင်းမှာ ကျင်းပနိုင်ပါတယ်။ မေလ ၊ သို့မဟုတ် ဇွန်လလောက်မှာ တိုင်းပြုပြည်ပြု လွှတ်တော်က ဗမာပြည်ဖြိုတိသျှ ပြည်ထောင်စု အတွင်း နေမနေ ဆုံးဖြတ်နိုင်ပါဘဲ။

## ရွေးကောက်ပွဲ လုပ်ငန်းများ

ဗြိတိသျှ ပြည်ထောင်စု အတွင်း နေမည် ဆိုလျှင် အုပ်ချုပ်ရေး စည်းမျဉ်းများကို ဘိလပ် ပါလီမန် က အတည်ပြုရန် ကြပါမယ်၊ သို့မဟုတ် ပြင်ပမှာ နေချင်တယ် ဆိုလျှင် အာဏာ လွှဲပြောင်းရေး စာချုပ် ပြုလုပ်ရလိမ့်မယ်။ အဲသည်အခါမှာ အချိန် နောင့်နှေးအောင် လုပ်ချင် လုပ်ကြလိမ့်မယ်။ သို့သော် တိုင်းပြုပြည်ပြု လွှတ်တော်က ဗမာပြည် လွတ်လပ်ရေး ကြေညာရန် အတွက် အချိန် ကန့်သတ်ရမှာဘဲ။ ဒါဒီ အရေးဟာ လူထု ဆုံးဖြတ်ချက် အပေါ်မှာ တည်ပါတယ်။

## လွတ်လပ်ရေးအမှန်ရမယ်

အမှန်ကတော့ လွတ်လပ်ရေးဟာ ရမှာဘဲ။ အချိန်ကန့်သတ်လို့ ဘယ်လောက် မြန်မြန်ရနိုင်တယ် ဆိုတာ အာဏာ လွှဲပြောင်းရန်အတွက် စာချုပ်ချုပ်တဲ့ အခါမှာ အရေးကြီးပါတယ်။ ဗမာပြည်နှင့် ဗြိတိသျှ အစိုးရတို့ စာချုပ်မှာ အပေးအယူ သင့်မြတ်ဖို့ လိုသလို၊ ရဖို့မှာ နောက်က ထောက်ခံအားပေးတဲ့ လူထုအင်အားရှိမှ ကျွန်တော်တို့ လွတ်လပ်ရေးကို ရမှာ။



## တိုက်ပွဲမပြီးသေးဘူး

ဒါကြောင့်မို့ လွတ်လပ်ရေး တိုက်ပွဲဟာ မပြီးသေးဘူး။ သို့သော် တိုက်ပွဲ အခြေအနေ တမျိုးပြောင်းသွားတယ်။ သည်အတိုင်းသာ အခြေအနေ တိုးတက်ကောင်းမွန်သွားမယ် ဆိုလျှင် အေးချမ်းသာယာတဲ့ နည်းနှင့် ဗမာပြည် လွတ်လပ်ရေး ရနိုင်မှာယ် ရှိတယ်။

## အားလုံး အသင့်ပြင်ထားကြပါ

သတင်းစာ ဆရာများက အကယ်၍သာ အာဏာ လွှဲပြောင်းရေး အတွက် စာချုပ်ချုပ်ဆိုရာတွင် ဗြိတိသျှ အစိုးရတို့က တမျိုးတမည် ပြုလုပ်ပါက မည်သို့ လုပ်ပါမည်နည်းဟု မေးမြန်းရာ ဗိုလ်ချုပ်အောင်ဆန်းက.... ဒါကြောင့်မို့ လွတ်လပ်ရေးတိုက်ပွဲ မပြီးသေးပါဘူးလို့ ကျွန်တော် ပြောတာပေါ့။ ကျုပ်တို့အားလုံး အသင့်ပြင်ထားကြရမယ်။ အဲသည်အခါကျတော့ မှတ်မြင်လုပ်ဖို့ အတော်ခက်ပါလိမ့်မယ်။

## အိန္ဒိယထက် သာမယ်

ကြားဖြတ်အစိုးရ ရရှိမည့် အာဏာမှာ အိန္ဒိယကြားဖြတ် အစိုးရထက် သာလျှင်သာ သာမည်၊ မလျော့ဆိုသည်ကို အိန္ဒိယပြည်ကို ရောက်ခဲ့သည့် အတွက် ရဲရဲဝံ့ဝံ့ ပြောနိုင်တယ်။

## စက္ကူဖြူစာနစ်ပျက်ပြီ

ယခု သဘောတူညီချက်အရ စက္ကူဖြူစနစ် ပျက်ပါသည်။ စက္ကူဖြူစနစ်အရမှာ အခွင့်အရေး ဘာမျှမရခဲ့ကြောင်း။ မြန်မာပြည် စစ်တပ်ဆိုရာတွင် ကိုင်းရင်းသားစစ်တပ်၊ ဗမာပြည် ရေတပ်စသည်တို့မှာ ဗမာပြည် ကြားဖြတ်အစိုးရလက်အောက်ရောက်မည်ဖြင့် စစ်တပ်အသစ်များကို ထူထောင်နိုင်ရန် အခွင့်အရေးလည်း ရရှိမည်ဖြစ်ကြောင်း။ ။

www.burmeseclassic.com

www.burmeseclassic.com

# ယူတတ်မှ ရမယ်

အောက်ပါ မိန့်ခွန်းမှာ ၁၉၄၇ ခု ဖေဖော်ဝါရီလ ၄ ရက်နေ့ ည ၇ နာရီ ၃၀ မိနစ် အချိန်တွင် အသံလွှင့်ရုံမှ တဆင့် တိုင်းပြည်သို့ ပြောကြားသော ဗိုလ်ချုပ် အောင်ဆန်း၏ ဘိလပ်ပြန် မိန့်ခွန်းဖြစ်သည်။

ကျွန်တော်တို့တော့ဖြင့် ဘိလပ်ကပြန်ရောက်လာကြပြီ။ တိုင်းပြည်ကလဲ ဘာတွေရလို့ ရှောဘယ်လို စခန်းသွားရဦးမလဲဆိုတာ သိချင်ကြပေလိမ့်မယ်။ အဲဒီအချက်တွေကို တိုင်းပြည်အား ပြောပြဖို့ ဒီနေ့ည အသံလွှင့် စကားပြောရတာဘဲ။ ဒီအကြောင်းတွေနှင့် ပတ်သက်လို့ မပြောခင် ဘိလပ်မသွားမီ ကျုပ်ပြောသွားတဲ့ စကားတချို့ကို ပြန်ပြောပြလိုတယ်။

လွတ်လပ်ရေးဆိုတာ တောင်းလို့ရတဲ့ ကိစ္စမဟုတ်ဘူး။ သူများနို့သက်စို့ ခံယူရတဲ့ အခွင့်အရေးမျိုး မဟုတ်ဘူး။ မိုးပေါ်ကအလိုအလျောက် ကျမလာနိုင်ဘူးဆိုတာ ကျုပ်တို့လဲ သိတာဘဲ။ နို့ဒီလိုသိလျက်နဲ့ ဘာလို့ဘိလပ်သွားရသလဲ ဆိုတာကတော့ ပရိယာယ်ဆိုလဲဟုတ်ကဲ့၊ တကယ်ဆိုလဲ ဟုတ်တာဘဲ။ ကျုပ်တို့ ဟိုသွားတာဟာ ကျုပ်တို့ လွတ်လပ်ရေးကို အေးအေးဆေးဆေးနဲ့ ယူနိုင်တဲ့ နည်းလမ်းကို ရှာဖွေတဲ့ သဘောဘဲလို့ ကျုပ်ပြောခဲ့တယ်။

ပြီးတော့ "ကျုပ်တို့ရဲ့လွတ်လပ်ရေးဟာ တိုင်းပြုပြည်ပြု လွှတ်တော်တွေရောက်လို့ ကျုပ်တို့ လွတ်လပ်တဲ့ အပြည်ကို တည်ထောင်ပြီး အင်္ဂလိပ် အစိုးရနဲ့ အပြီးအပိုင် စကားဆိုရတော့မှ ပြီးစီးမှ ကျုပ်တို့ လွတ်လပ်ရေးရပြီလို့ ဆိုရမှာဘဲ။ အဲဒီလိုကျမှ လွတ်လပ်ရေးစစ်ကြီး ပြီးပြီလို့ ဆိုရမှာဘဲ" ဒီလိုဘဲ ကျုပ်ပြောခဲ့တယ်။

ဒါတင်ပကာသေးဘူး။ ကျုပ်တို့အားရှိမှ အခွင့်အရေးရမယ်။ အားပိုရှိလေလေ၊ အခွင့်အရေး ပိုရလေလေဘဲလို့လဲ ကျုပ်ပြောခဲ့တယ်။





ကောင်းပြီ။ မူလကတည်းက ကျုပ်တို့သွားတာဟာ လွတ်လပ်ရေးတောင်းသွားတာ မဟုတ်ဘူး။ လွတ်လပ်ရေးကို အေးအေးဆေးဆေး နှင့် ရနိုင်မည့် နည်းလမ်းများ၊ ရှာလို့ရလိုရငြား သွားတယ်ဆိုတာ ရှင်းတယ် မဟုတ်လား။ ပြီးတော့ လွတ်လပ်ရေး စစ်ပွဲကြီးဟာ တိုင်းပြုပြည်ပြု လွှတ်တော်ရလို့ ဟဲဒီလွှတ်တော်က လွတ်လပ်တဲ့ ...မာပြည် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေရေးဆွဲပြီး အင်္ဂလိပ်တို့နှင့် အပြီးအပိုင် စကားဆိုလို့ပြီးတဲ့အထိ မပြီးသေးဘူးလို့ ကျုပ်ရှင်းရှင်း ပြောခဲ့တယ် မဟုတ်လား။ ဒါဖြင့် ကျုပ်တို့သွားပြီးရှာတဲ့ လွတ်လပ်ရေးလမ်းကို တွေ့ခဲ့သလားလို့ မေးယင်၊ ကျုပ်တို့ကို ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်အဖွဲ့က ညွှန်ကြားလိုက်တဲ့အတိုင်း ရှာခဲ့ဆိုတဲ့ လမ်းတွေရှာလို့ ရခဲ့တယ်။ ဒါဖြင့် အဲဒါတွေဟာ ဘာတွေလဲ။ နံပတ် ၁။ ကျွန်တော်တို့ တောင်းဆိုချက်ဟာ၊ အခုလာမဲ့ ရွေးကောက်ပွဲကို ၉၁ ဌာန အုပ်ချုပ်ရေးအတွက် ပြန်လုပ်ဖို့ ရွေးကောက်ပွဲ မဟုတ်ဘဲနှင့် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ လုပ်ရမယ်ဆိုတဲ့ အချက်ဘဲ။ အဲဒါကို လုံးလုံးလျားလျား ရတယ်။ နိုင်ငံခြားသားတွေလဲ မပါဘူး။ အိန္ဒိယပြည်မှာ နိုင်ငံခြားသားများကို လုံးဝဖယ်လို့ မရဘူး။

နံပတ် ၂။ အာဏာပြည့်စုံတဲ့ ကြားဖြတ် အမျိုးသားအစိုးရကို ကျုပ်တို့တောင်းတယ်။ ဒါလဲရတယ်လို့ ပြောရမှာဘဲ။ သို့ပေမဲ့ ဥပဒေသဘော စစ်စစ်တော့ မဟုတ်ဘူး။ လက်တွေ့အားဖြင့် ပေးမယ်ဆိုတာ ခါတိုင်းလို နှစ်ကိုယ်ကြား စကားမျှ မဟုတ်ဘဲ၊ ထင်ထင်ရှားရှား ဖြိုဘီသျှ နန်းရင်းဝန်လက်မှတ်ထိုးပြီး သဘောတူလိုက်တယ်။ အဲဒါကို သတိပြုကြရမယ်။ ဒီလိုစာကတိနှင့် အာဏာကို လက်တွေ့ကြားဖြတ် အစိုးရကို လွှဲပေးမယ်ဆိုတာဟာ ဥပဒေလိုဘဲ အသုံးဝင်တာဘဲ။ ဥပဒေတွေဘာတွေ လုပ်နေယင်၊ သံသရာရှည်ချင်တိုင်းရှည်သွားနိုင်တယ်။ ပြီးတော့လဲ ထူးမှာ မဟုတ်ပါဘူး။

ဥပဒေနှင့်ဘဲရရ၊ စာကတိနှင့် ထုံးတမ်းသဘောမျိုးဘဲရရ၊ ရတာလိုရင်းဘဲ၊ ဒီအချက်တွေကို အိန္ဒိယပြည်နှင့် ဘိလပ်မှာရှိတဲ့ အိန္ဒိယ အမျိုးသား ဥပဒေ ပါရဂူဆိုတဲ့ လူတွေနှင့် ကျုပ်တို့သေသေချာချာ တိုင်ပင်ခဲ့တယ်။ ပြီးတော့လဲ ဒီကြားဖြတ် အစိုးရကို ထပ်ပြီး ပြုပြင်ပြောင်းလဲစရာ တွေ့ရှိယင် ပြောင်းလဲနိုင်အောင် ကျုပ်တို့ သဘောတူတဲ့ အချက်ထဲမှာ မလွှတ်တမ်း

www.burmeseclassic.com



ဖြည့်ထားခဲ့တယ်။ ဒါကြောင့် ကြားဖြတ်အမျိုးသား အစိုးရကိုလဲ ကျုပ်တို့ လိုချင်သလောက်နီးနီး ရခဲ့တယ်လို့ ဆိုနိုင်တယ်။ ယခုဆိုယင် ကျုပ်တို့ ဗမာ တိုင်းရင်းသား တပ်တွေကို ကျုပ်တို့ အုပ်ချုပ်နိုင်ပြီ။ နိုင်ငံခြားတွေကိုလဲ သံအမတ်လဲလှယ်နိုင်ခွင့် ရပြီ။ နိုင်ငံခြားရေး ဌာနကိုလဲရပြီ။ အမေရိကန်၊ တရုပ်ပြည်၊ ယိုးဒယားပြည်တို့နှင့် သံအမတ် လဲလှယ်ဖို့တောင်မှ စကားပြောပြီးသလောက် ပြောပြီးပြီ။ ဘဏ္ဍာရေး အာဏာကိုလဲရပြီ။

တိုတိုပြောရယင် ယခုဗမာပြည်အစိုးရဟာ ဒိုမီနီယံ အစိုးရ သဘောမျိုး ဥပဒေအားဖြင့် မဟုတ်ပေမဲ့ လက်တွေ့အားဖြင့်တော့ လုပ်နိုင်တယ်။ တခုနှစ်ခုဘဲ ဒိုမီနီယံ အုပ်ချုပ်ရေးနှင့် ခြားမယ်။ ဥပဒေ သဘောမှာ ခြားတယ်။ ကျုပ်တို့တိုင်းပြည် ကျုပ်တို့ အစိုးရကို ဒိုမီနီယံလို့ မခေါ်နိုင်ဘူး။ တရားရုံး အာဏာမှာ ဘီလပ်က အချုပ်အချာဘဲ ထားရဦးမယ်။ ဒိုမီနီယံဆိုယင်တော့ အဲဒီအထိ မသွားချင်ဘူးဆိုယင် သူတို့သဘော လုပ်နိုင်တယ်။ ဒါလောက်ဘဲ ကွာခြားတယ်ဆိုရမှာဘဲ။

တောင်တန်းနယ်များ အရေးကိစ္စကတော့ တောင်တန်းနယ်သူနယ်သားများရဲ့ အရေးဘဲ။ သူတို့က ကျုပ်တို့လိုဘဲ တန်းတူအခွင့်အရေး လိုချင်တယ်ဆိုယင် ရမှာဘဲ။ အချို့က ကျုပ်တို့ရတာတွေနဲ့ ပတ်သက်ပြီး အိန္ဒိယထက် လျော့သလိုလို ပြောချင်ကြတယ်။ အဲဒါ ကျုပ်အတိအလင်း ပြောရဲတယ်။ မလျော့တော့ မလျော့ဘူး၊ သာချင်သာ သာမယ်လို့ ကျုပ်ပြောရဲတယ်။

နောက်ပြီး လွတ်လပ်ရေး တနှစ်အတွင်း ရပါစေမယ်လို့ ကတိမရဘူးလို့ ပြောကြတယ်။ လွတ်လပ်ရေး တနှစ်အတွင်း ရအောင်လုပ်ရမှာက ကျုပ်တို့ လုပ်ရမှာဘဲ။ ဒီလိုလုပ်ဖြစ်အောင် လမ်းစကိုရသလား။ မရဘူးလားဆိုတဲ့ မေးခွန်းသာ ရှိတယ်။ ကျုပ်တို့ယူဆတာက တိုင်းပြုပြည်ပြု လွှတ်တော်ကို ကျုပ်တို့ မေလ၊ သို့မဟုတ် ဇွန်လလောက်မှာ လုပ်နိုင်တယ်။ အဲဒီအခါကျယင် ကျုပ်တို့ မြန်မြန် ဆုံးဖြတ်ယင် ကျုပ်တို့မြန်မြန်ရနိုင်မှာဘဲ။

ဒါဖြင့် ဒီလွှတ်တော်က ဆုံးဖြတ်တာကို အင်္ဂလိပ်က လက်ခံမလားလို့ မေးယင် သူတို့က သဘောတူထားတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်က ဆုံး



ဖြတ်ရမယ်လို့ သူတို့ဆိုထားတော့ သူတို့လက်ခံရမှာဘဲ။ လက်ခံတယ်ဆိုတဲ့ သဘောက သူတို့ပါလီမန်က ဆုံးဖြတ်ပြီးမှ ကျုပ်တို့ လွှတ်တော်က ဥပဒေကို အတည်ဖြစ်မယ်ဆိုတဲ့ သဘော ပြောတာ မဟုတ်ဘူး။ ကျုပ်တို့ လွှတ်တော်က ဆုံးဖြတ်လိုက်တာကို သူတို့က အသိအမှတ်ပြုပါတယ်ဆိုတဲ့ သဘောဘဲ။ အဲဒီလို အသိအမှတ်ပြုတဲ့ အချက်ကို သူတို့ဘာသာသူတို့ ပါလီမန် ကတင်ချင်တင်၊ မတင်ချင်နေ ကျုပ်တို့နှင့် မဆိုင်ဘူး။ ကျုပ်တို့လဲ သဘောတူတယ် မပြောခဲ့ဘူး။

ကျုပ်တို့ သဘောတူခဲ့တာက တိုင်းပြုပြည်ပြု လွှတ်တော်ဟာ ကျုပ်တို့ နိုင်ငံရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေကို ဆုံးဖြတ်နိုင်တယ်ဆိုတဲ့ အချက်ဘဲ။ ၁၉၃၅ ခု ဥပဒေဟာရှိတော့ရှိတယ်၊ ဒါပေမဲ့ အဲဒီဥပဒေအရ အုပ်ချုပ်ရေးဟာ မရှိတော့ဘဲ၊ ဒီထက်အာဏာရှိတဲ့ အစိုးရ အခုရပြီ။ ၁၉၄၅ ခု စက္ကူဖြူမရှိတော့ဘူး။ အခုကျုပ်တို့ရတာကို စက္ကူဖြူလို့ခေါ်ကြတာဟာ အဖျားဆွတ် ခေါ်ကြတာဘဲ။

ဘီလပ်ပါလီမန်မှာ တင်တဲ့ကိစ္စကို ဘာစက္ကူဖြူ၊ ညာစက္ကူဖြူ အစရှိသည် အားဖြင့် ခေါ်လေ့ခေါ်ထရှိသည့်အတိုင်း ခေါ်တာဘဲ၊ စက္ကူဖြူဆိုရုံနှင့် စက္ကူဖြူချင်းမတူဘူးဆိုတာကို သိကြရမယ်။ ကျုပ်တို့ မလိုချင်တာက ၁၉၄၅ ခု စက္ကူဖြူ၊ ခု ကျုပ်တို့ရတာတွေကို ထည့်ပြီးရေးပေးတဲ့ စက္ကူဖြူက ၁၉၄၇ ခု စက္ကူဖြူ၊ ဒီစက္ကူဖြူဟာ အရင်စက္ကူဖြူနဲ့ အတော်ကွာခြားတယ်ဆိုတာ ကျုပ် ရဲရဲကြီး ပြောရဲတယ်။ စက္ကူဖြူဆိုပြီး အဖျားဆွတ်ပြောတဲ့ လူတွေဟာ အမှန်စင်စစ် တိုင်းပြည်ကို ကလေးများလို လှည့်စားပြီး ခေါ်ကားနေတာဘဲ။

ဒါဖြင့် ကျုပ်တို့လိုချင်တာ အကုန်လုံး ရသလားလို့ မေးလိုကြပေလိမ့်မယ်၊ အကုန်လုံးတော့ဖြင့် မရသေးဘူး။ အကုန်လုံး ချက်ချင်း ရဖို့ဆိုတာကတော့ တော်လှန်ရေးလုပ်လို့ အောင်မြင်တဲ့ အခါမျိုးကျမှ ရမှာဘဲ။ အဲဒါတောင် အင်ဒိုနီးရှားလိုဖြစ်သွားယင်၊ လိုသမျှရမှာ မဟုတ်သေးဘူး။ အခု ကျုပ်တို့လုပ်နေတဲ့နည်းက လူထုရဲ့ အင်အားနဲ့ အရေးဆိုတဲ့ နည်းဘဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ဒီလောက်ရတယ်ဆိုတာဟာလဲ ဗမာပြည်ရဲ့ လူထုအင်အားဟာ ဗြိတိသျှ အစိုးရတို့က ရှိသေခန့်ညားလောက်အောင် ကြီးမားလို့ရတာဘဲ။ ဒီထက်ပိုပြီး လူထု အင်အားကောင်းယင် ဒီထက်ပိုရမှာဘဲ။

၁

အခုအခြေအနေအရ ကျုပ်မြင်တဲ့အတိုင်း ပြောရမယ်ဆိုယင် လူထုရဲ့ ညီညွတ်မှု အင်အားဟာ တဆင့်ထက်တဆင့်တိုးပြီး၊ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်တဲ့အခါမှာ လူထုရဲ့ အကျိုးကို တကယ်ဆောင်ရွက်တဲ့ လူတွေကို ရွေးကောက်တင်မြှောက်မယ်။ လူထုဟာလဲ အမြဲမပြတ် သတိမလပ်ဘဲ လွတ်လပ်ရေးကို ကိုယ်ထိလက်ရောက် မရမခြင်း လူထုအင်အားနှင့် အဆုံးတိုင် ဘာဘဲလုပ်ရလုပ်ရ လုပ်မယ် ကိုင်မယ်လို့ဆိုယင်၊ လွတ်လပ်ရေး ကို အေးအေးချမ်းချမ်းနှင့် ရချင်မှာဘဲ၊ ရနိုင်ဖို့ အခြေခံပေါ် လာပြီ။

ဒါပေမဲ့ လွတ်လပ်ရေး ရဖို့ အခြေခံပေါ်သော်လဲ လူထုရဲ့ စည်းလုံးမှု အင်အား၊ လူထုရဲ့ ပြင်ဆင်မှု လုပ်ငန်းများ ပေါ့လျော့သွားယင်၊ ရမယ်လုပ်ပြီးမှ မရဘဲဖြစ်သွားမှာကို သတိပြု ကြရမယ်။ ရတောင်မှ ရှော်ရှက်ရှက် လွတ်လပ်ရေး ဖြစ်သွားလိမ့်မယ်။ လွတ်လပ်ရေးကိုတော့ဖြင့် ကျုပ်တို့လိုချင်လဲ ရနိုင်ပြီလို့ အင်္ဂလိပ်က ဆိုပြီဘဲ။ သူတို့အင်ပိုင်ယာထဲက ထွက်ချင်လဲ ထွက်နိုင်တယ်လို့ ပြောထားတာဘဲ။ အခု တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို ဧပြီလမှာ လုပ်လို့ပြီးယင်၊ မေလဖြစ်ဖြစ် ဇွန်လဖြစ်ဖြစ်၊ တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်နိုင်မယ်လို့ ယူဆတာဘဲ။

တိုင်းပြုပြည်ပြု လွှတ်တော်က မြန်မာပြည်ကို ဗြိတိသျှ ပြည်ထောင်စု အတွင်းမှာရှိတဲ့ ဒိုမီနီယံ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမျိုးလိုချင်သလား၊ ဒီလိုမှ မဟုတ်ဘဲ၊ လုံးဝလွတ်လပ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမျိုးလိုချင်သလား၊ အဲဒီ တိုင်းပြုပြည်ပြု လွှတ်တော်က ဆုံးဖြတ်ရမှာဘဲ။ ဒါဖြင့် တိုင်းပြုပြည်ပြု လွှတ်တော်က ဆုံးဖြတ်ပြီးယင် ဘယ်လိုဖြစ်မလဲ၊ အင်္ဂလိပ်အစိုးရနဲ့ စာချုပ်ရလိမ့်မယ်။ အဲဒီစာချုပ်ချုပ်တဲ့ အခါမှာ ကျုပ်တို့ လွတ်လပ်ရေးဘယ်လောက် စစ်မလဲ၊ မစစ်ဘူးလဲဆိုတဲ့ ကိစ္စဟာ ကျုပ်တို့လူထု အင်အားအပေါ်မှာ တည်မှာဘဲ။



ကျုပ်တို့ရဲ့ လွတ်လပ်ရေးကို ဗြိတိသျှက အခု မူအားဖြင့် အသိအမှတ်ပြု ထားပေမဲ့ လွတ်လပ်ရေးကို ကျုပ်တို့တိုင်းပြည်က အချုပ်အချာ အာဏာပိုင် သဘောနဲ့ မရသေးဘူး။ တိုင်းပြုပြည်ပြု လွှတ်တော်လုပ်ပြီးလို့ လွတ်လပ်တဲ့ ဗမာပြည် ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေကို ဆုံးဖြတ်ပြီးတဲ့ အခါမှ အဲဒီသဘော ရမယ်၊ မရဘူးဆိုတာ သိရမှာဘဲ။ အဲသလို ရမှာသေချာအောင်ဆိုယင်တော့ လူထုရဲ့ အင်အားကောင်းမှ သေချာမှာဘဲ။ ဒါကြောင့် လွတ်လပ်ရေးကို ဗြိတိသျှက မူအားဖြင့် အသိအမှတ်ပြုထားပေမဲ့ လွတ်လပ်ရေးတိုက်ပွဲဟာ အဲဒီ အထိ မပြီးသေးဘူးလို့ ဆိုရဦးမှာဘဲ။

ဒါကြောင့် အခုလောလောဆယ်အားဖြင့် ကျုပ်တို့ဟာ လွတ်လပ်ရေး အတွက် လူထုတိုက်ပွဲများကို ဆင်နွှဲရန် မလိုတော့သော်လဲ လွတ်လပ်ရေးအတွက် အင်အား ပြင်ဆင်မှု အရပ်ရပ်ဟာ ဆက်လက်ပြီး လုပ်နေရဦးမှာဘဲ။ တိုင်းပြုပြည်ပြု လွှတ်တော်ဖြင့် ရပြီ၊ လွတ်လပ်ရေး တနှစ်အတွင်း ရမလား ဆိုယင် တိုင်းပြုပြည်ပြု လွှတ်တော်အပေါ်မှာ တည်တာဘဲ။ လွတ်လပ်တဲ့ ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို ကျုပ်သဘောအရတော့ ခြောက် လလောက် အတောအတွင်း ပြီးအောင် လုပ်နိုင်တာဘဲ။

အဲဒီနောက် အင်္ဂလိပ်အစိုးရနှင့် စာချုပ်စရာရှိယင် အဲဒါဟာ သိပ်ကြာ ဖို့ အကြောင်း မရှိဘူး။ သူတို့က အချိန်ဆွဲချင်တောင် ကျုပ်တို့က မဆွဲနိုင် အောင် လူထုအင်အားပြင်ဆင်မှုများ လုပ်ထားယင် သူတို့လုပ်နိုင်မှာ မဟုတ် ဘူးလို့ ယူဆတယ်။ အတိုချုပ်ရမယ်ဆိုယင် ဗမာပြည် တနှစ်အတွင်း လွတ် လပ်ဖို့ အခြေခံရှိပြီ။ ရအောင် လုပ်နိုင် မလုပ်နိုင်ဆိုတာဟာ ကျုပ်တို့ရဲ့ သတ္တိ၊ ဇွဲ၊ ဥာဏ်၊ ဝီရိယနှင့် အင်အားအပေါ်မှာ တည်တယ်ဆိုတာကို သတိ ချပ်ကြရမယ်။

လွတ်လပ်ရေးဟာ ပေးလို့ရတဲ့ ကိစ္စမျိုးမဟုတ်၊ ယူတတ်မှ၊ ယူနိုင်တဲ့ အင် အားရှိမှ ယူကယ်ရမှာဘဲ။ ဒါကြောင့် အခုတော့ဖြင့် လက်ငင်းလိုချင်တာ တော့ အခြေခံရှိပြီ။ ရှေ့ဆက်ပြီး လွတ်လပ်တဲ့ နိုင်ငံ ထူထောင်ဖို့ဟာ ဗြိတိသျှ အစိုးရရဲ့ လက်ထဲမှာ မရှိဘဲနှင့် ကျုပ်တို့တိုင်းသူပြည်သားတွေရဲ့ လက်ထဲမှာ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု တိုင်းပြည်ကို အတိအလင်း ကျုပ်ပြောချင်တယ်။ လွတ်လပ်ရေးကို အေးအေးချမ်းချမ်း ရနိုင်မဲ့နည်းလမ်း ကျုပ်တို့ရပြီလို့ ကျုပ်ထင်တယ်။ အေးအေးချမ်းချမ်း ရနိုင်လျက်နဲ့ ဆူဆူပူပူ လုပ်ချင်တယ်ဆိုတဲ့ လူဟာ အရူးတွေဘဲ။ ကျုပ်ပြောတာ မှန်၊ မမှန် တနစ်သာ စောင့်ကြည့်ပါ။ ကျုပ်အခုရင်က လုပ်ခဲ့တာတွေကို ထောက်ကြည့်ပါ။ ကျောင်းသားဘဝမှာကျုပ်ဟာကျောင်းသား သမဂ္ဂ အဖွဲ့ချုပ်ကြီးကို တည်ထောင်ရုံမကဘဲ၊ ခိုင်ခံ့အောင် လုပ်ခဲ့တယ် မဟုတ်လား၊ တက္ကသိုလ် ဥပဒေကို ပြင်ခဲ့တယ် မဟုတ်လား။

ပြီးတော့ ဗမာပြည်ကို လူမလေး ခွေးမခန့် ဖြစ်နေတဲ့ နေရာက ကမ္ဘာလုံးက ဗမာပြည် အရေးကို ဂရုစိုက်လာရအောင် ကျုပ်ဘဲ ဆွဲတင်ခဲ့ရတယ် မဟုတ်လား။ ဂျပန်ခေတ်မှာ တိုင်းပြည်က အကျိုးခံစားရသမျှ လွတ်လပ်ရေးဆိုတာလေးတွေဟာ၊ ကျုပ်ကြောင့် ရတာဘဲ မဟုတ်လား။ ကျုပ်ခေါင်းဆောင်တဲ့ တပ်မတော်ကြောင့် မဟုတ်လား။ ဗမာတွေမှာ စစ်ကပ်ရယ်လို့ မရှိတဲ့ အခြေအနေက ဂျပန်ခေတ်မှာရော၊ အခုခေတ်မှာရော ဗမာတပ်တွေ ဖြစ်အောင် လုပ်နိုင်ခဲ့တာ၊ လုပ်နေတာဟာ ကျုပ်ဘဲ မဟုတ်လား။

အခု ကျုပ်တို့ အမိုးရအဖွဲ့ထဲ ဝင်လာတဲ့ နေ့ကစပြီး တိုင်းပြည်သို့ ကျုပ်တို့ တိုင်းပြည်အတွက် လုပ်နေတာတွေကို ခင်ဗျားတို့ အမြင်ဘဲ မဟုတ်လား။ အခုလဲဘဲ တိုင်းပြည်ပြည်ပြု လွှတ်တော်ကိုရအောင် လုပ်ခဲ့တယ်။ ကြားဖြတ်အစိုးရကိုလဲ အာဏာရအောင် လုပ်ခဲ့တယ်။ တောင်တန်းနယ်များကို ကျုပ်တို့လို တန်းတူအခွင့်အရေး ပေးမယ်ဆိုတဲ့ မူကိုလဲရခဲ့တယ်။ ဒါတင်မကဘူး၊ တိုင်းပြည် လွတ်လပ်ရေးအတွက် အသက်စွန့်စရာရှိတဲ့အခါ ကျုပ်စွန့်ခဲ့တယ် မဟုတ်လား။ ရှေ့ကိုလဲ စွန့်စရာပေါ်သေးယင် ကျုပ်စွန့်ပြီး လုပ်ရန် အသင့်ပါဘဲ။

ဒါပေမဲ့ကျုပ်ဟာ တိုင်းပြည်ကို အရမ်းမဲ့ ပြောင်းဆန်အောင် ကျုပ် မလုပ်လိုဘူး။ ကျုပ်ဟာ နိုင်ငံရေး စတန့်မင်းသား မဟုတ်ဘူး။ ကျုပ်ရဲရဲကြီး အာမခံရဲတယ်။ ကျုပ်ရဲ့ခေါင်းဆောင်မှုကို ယုံယုံကြည်ကြည်နဲ့ လိုက်ကြပါ။ တနှစ်အတွင်း ဗမာပြည် လွတ်လပ်ရေး ရစေ့မယ်။ ရတဲ့နေရာမှာလဲ အရမ်းမဲ့ အင်အား မကုန်မစေရဘဲ၊ အေးအေးဆေးဆေး ဖြစ်နိုင်သမျှ ဖြစ်စေရမယ်။ ကျုပ်ဟာ ကျုပ်ကတိကို မဖျက်ခဲ့ဘူးဆိုတာ ခင်ဗျားတို့သိတယ်မဟုတ်လား။



နိဂုံးချုပ်ရမယ်ဆိုယင် လွတ်လပ်ရေးတိုက်ပွဲ မဆုံးသေးတဲ့အတွက် လွတ်လပ်ရေး ရပုံငွေကို ဆက်လက်ကောက်ခံသွားကြရမယ်။ လွတ်လပ်ရေး ရံပုံငွေကို ဆက်လက်ထည့်ဝင်ကြရန် မေတ္တာရပ်ခံလိုတယ်။ ဖ၊ ဆ၊ ပ၊ လ မှာ ဖြစ်ဖြစ်၊ ကျုပ်ခေါင်းဆောင်တဲ့ အစိုးရ အဖွဲ့မှာဖြစ်ဖြစ်၊ ငွေရေး ကြေးရေးနှင့် ပတ်သက်ပြီး တပြားတချပ်မျှ လိမ်ကောက်တာကို ကျုပ်သိယင် သည်းမခံနိုင်ဘူး။ အဲဒါမျိုးကို ခင်ဗျားတို့သိယင် ကျုပ်ကို ကျကျနနလာပြောပါ။ ဘယ်လောက်ကြီးတဲ့ လူဖြစ်ဖြစ်၊ ကျုပ်အရေးယူမယ်ဆိုတာကို အတိအလင်း ကျုပ်ပြောလိုတယ်။

နောက် ပြောလိုတာက လာမည့် ရွေးကောက်ပွဲမှာ တကယ် တိုင်းပြည်အတွက် ဆောင်ရွက်မဲ့ လူတွေကိုသာ ကျုပ်တို့ အရွေးခံခိုင်းမယ်။ အဲဒီလူတွေကို ခင်ဗျားတို့က ဘယ်သူဘယ်လိုပြောပြော တောက်ခံ တင်မြှောက်ကြဖို့ ကျုပ်ပြောလိုတယ်။

နောက်ဆုံး ကျုပ်ပြောလိုတာက ကျုပ်ဟာ ဗမာပြည် လွတ်လပ်တဲ့အခါ အင်္ဂလိပ်နှင့် မိတ်ဆွေအရင်းအချာ သဘော ဖြစ်စေချင်တယ်။ အကြောင်းကြောင်းတွေကို ပြောပြရမယ်ဆိုယင်ရှည်လျားနေမယ်။ တကြောင်းဘဲ ကျုပ်ပြောခဲ့မယ်။ နိုင်ငံချင်း ပေါင်းရတယ်ဆိုတာ၊ အားသိပ်မကြီးတဲ့ နိုင်ငံနဲ့ ပေါင်းယင်၊ အနိုင်အကျင့် ခံစရာ မရှိဘူး၊ တဦးကိုတဦးလဲ အားဖြည့်နိုင်တယ်။ အားသိပ်ကြီးတဲ့ နိုင်ငံနဲ့ပေါင်းရမယ်ဆိုယင် အနိုင်အကျင့်ခံရသလောက် ခံရမှာဘဲ။ အဲဒါဟာ ကမ္ဘာ့နိုင်ငံရေးဘဲ။ ဒါကြောင့် ကျုပ်တော့ ခင်ဗျားတို့ ပြောချင်တာပြော၊ လွတ်လပ်တဲ့ ဗမာပြည်ဟာ အင်္ဂလိပ်ပြည်နဲ့ ပေါင်းသင့်တယ်လို့ ကျုပ်အခုကတည်းက အတိအလင်း ပြောထားချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# မြေစံနစ်ကို ပြုပြင်ပြောင်းလဲချင်တယ်

ဝ

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့
တောင်သူလယ်သမားညီလာခံတွင် မြွက်ကြားသည့်မိန့်ခွန်း

ကျွန်တော်တို့ဟာ မကြာခင်က ဘိလပ်ကို သွားပြီး ဗမာပြည်ရဲ့ လွတ်လပ်ရေး ရရာရကြောင်းကို နည်းလမ်းရှာတဲ့ သဘောနဲ့ သွားခဲ့တယ်။ ရွေးကောက်ပွဲကိုလဲ လာမည့် ဧပြီလမှာ လုပ်ဖို့ရှိတယ်။ ဒီရွေးကောက်ပွဲဟာ အမတ်ရွေးကောက်ပွဲ မဟုတ်ဘဲ၊ ဗမာပြည်ရဲ့ လွတ်လပ်ရေး ကံကြမ္မာကို ဖန်တီးမည့် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲဖြစ်တယ်။ အဲဒီ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဗမာ့ရဲ့ အနာဂတ်အုပ်ချုပ်ရေး ဥပဒေများကို ရေးဆွဲကြရမယ်။ လွှတ်တော်မှာ ပါတဲ့ ကိုယ်စားလှယ်တွေ ကစဉ့်ကရဲဖြစ်လျှင် ဗမာပြည် နစ်နာဖို့ဘဲ၊ တိုင်းပြည် လွတ်လပ်ရေး ထိခိုက်ဖို့ရှိတဲ့အတွက် အင်မတန် အရေးကြီးတယ်။

## လွယ်သော အလုပ်များ

ကျုပ်တို့က ဘိလပ်က ပြန်လာတဲ့နောက် ရှမ်း၊ ဂျင်းဖော၊ ချင်းစတဲ့ တောင်တန်းနယ်သားများနှင့် ညီညွတ်ဖို့လုပ်ခဲ့ရတယ်။ အဲသည်က ပြန်လာတဲ့အခါ သပိတ်အရေးများကို ဖြေရှင်းရတယ်။ သပိတ်တွေအတွက် ကျုပ်တို့ လုပ်ငန်းတွေ နှောင့်နှေးပြီး လုပ်စရာတွေကို သိပ်ပြီး ဂရုမစိုက်နိုင်ဘူး။ အရေးကြီးတဲ့ ကိစ္စတွေ ဆောင်ရွက်ချင်သလောက် မဆောင်ရွက်နိုင်ဘူး။

## လွတ်လပ်ရေး ရသောအခါ

တောင်သူ လယ်သမားတွေဟာ ဗမာပြည်မှာ လူအများစု ဖြစ်တယ်။ လွတ်လပ်ရေး ရတဲ့အခါမှာ ခင်ဗျားတို့ရဲ့ လွတ်လပ်ရေး ပါလာမယ်။ တောင်သူ လယ်သမား လူများစုရဲ့ အခွင့်အရေး မပါတဲ့ လွတ်လပ်ရေးဟာ အဓိပ္ပာယ် မရှိဘူးလို့ ယူဆတယ်။





## ငွေရေး ကြေးရေး လိုတယ်

အင်္ဂလိပ်အစိုးရက ကျုပ်တို့လက်ထဲကို အာဏာပေးသင့်သလောက် ပေးထားသော်လဲ အချို့မလုပ်နိုင်တဲ့ ကိစ္စတွေလဲရှိတယ်၊ လုပ်နိုင်တာလဲရှိတယ်၊ တိုင်းပြည်အုပ်ချုပ်တယ်ဆိုတာ ငွေရေးကြေးရေးလိုတယ်။ ဒီငွေရေး ကြေးရေးဟာ ခင်ဗျားတို့တိုင်းသူပြည်သားများထံမှ ကောက်ခံတဲ့ အခွန်တော်တွေဘဲ။ ဒီအခွန်တွေကောက်တာဟာ မှန်သလား၊ မှားသလား မစဉ်းစားသေးတော့ ဒီအတိုင်း ဖြစ်နေတယ်။

## ဝင်ငွေ ထွက်ငွေ မမျှတ

အစိုးရရဲ့ရံပုံငွေဟာ ကုဋေ ၂၀ သာရှိပြီး အသုံးစရိတ်က ကုဋေ ၄၀ ဖြစ်နေတယ်။ စစ်မဖြစ်မီတုန်းကလို ဝင်ငွေနှင့် ထွက်ငွေဟာ မမျှတသေးဘဲ၊ ခင်ဗျားတို့ကို အမတော်ကြေးငွေ များများပေးချင်ပေမဲ့ ငွေမရှိလို့ မပေးနိုင်ခဲ့ဘူး။ အမတော်ကြေး လျှော့ဖို့ပြောတယ်။ လျှော့လိုက်ယင် ခင်ဗျားတို့ကို ထိခိုက်မှာဘဲ၊ သို့သော် သက်သာဖို့ လမ်းကိုရှာနေတာဘဲ။

## မပေးဘဲ နေလို့ရတယ်

စစ်အစိုးရ လက်ထက် ဂျပန်စက္ကူတွေ တန်ဖိုး မရှိလို့အင်္ဂလိပ်က ကြေညာစဉ်က ထုတ်ချေးခဲ့တဲ့ အမတော်ကြေးတွေ လျှော်ပစ်ဖို့ ကျုပ်တို့အရေးဆိုထားတယ်။ ရစရာလမ်းရှိတယ်။ မရလို့ရှိယင်လဲ ခင်ဗျားတို့မပေးဘဲ နေလို့ရပါတယ်။ မတတ်နိုင်ပါဘူး (ဩဘာသံများ)။

ကျုပ်တို့ လုပ်ချင်တာက အများကြီး၊ အချိန်လဲ မရှိ၊ ကျုပ်ဟာ ဗမာပြည်မှာ ခေါင်း အကြိမ်းဆုံးဘဲ။

## တနှစ်အတွင်း မြင်တယ်

သပိတ်ကိစ္စ၊ လယ်သမားကိစ္စ၊ အလုပ်သမားကိစ္စ၊ တိုင်းပြည်ကိစ္စတွေနဲ့ ဟိုပြေး ဒီလွှားနဲ့ အင်မတန် ခေါင်းကြိမ်းတယ်။ တိုင်းပြည်ခေါင်းဆောင် လုပ်တာ ခင်ဗျားတို့က သိပ်ပြီး စည်းစိမ်ရှိတယ်ထင်တယ်။ ကျုပ်အဖို့ ကျားမြီးဆွဲမိလို့သာ ဆက်လုပ်နေရတယ်။ သို့သော် လွတ်လပ်ရေးရတဲ့အထိ ဆက်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး လွတ်လပ်ရေး ရပြီးတဲ့နောက် အနှောင့်အယှက်ပေးရမလား မပြောတတ်သေးဘူး။ တနှစ်အတွင်း လွတ်လပ်ရေး ရဖို့ အကြောင်းမြင်တယ်။ အိန္ဒိယပြည်ကိုယ်တွေ့၊ ၁၉၄၈ ခုနှစ်၊ ဇွန်လမှာ အာဏာလွှဲဖို့ အင်္ဂလိပ် အစိုးရက ကြေညာတယ်။

## လွတ်လပ်ရေး သတ်မှတ်ရန်

ကျုပ်တို့ ဗမာပြည်မှာလဲ တိုင်းပြုပြည်ပြု လွှတ်တော်ပြီးတဲ့နောက် မေလမှာ ဖ-ဆ-ပ-လ အဖွဲ့ ညီလာခံကို ကျင်းပ ဖြစ်မယ်ထင်တယ်။ တိုင်းပြုပြည်ပြု လွှတ်တော် နောက် သုံးလေးလကြာမှာ လွတ်လပ်ရေး သတ်မှတ်နိုင်ဖို့ အကြောင်းရှိတယ်။ အဲသည်လို တနှစ်အတွင်း လွတ်လပ်ရေး ရခဲ့လို့ရှိလျှင် ခင်ဗျားတို့ရဲ့ အခြေအနေကို ဒီထက်ကောင်းအောင် လုပ်ပေးနိုင်မယ်။

## အခြေအနေကို ပြုပြင်ပြောင်းလဲချင်တယ်

ခုအခါမှာတော့ ဆင်ပါးစပ်-နှမ်းပက်သလို ဖြစ်နေတယ်။ လုပ်ချင်သလို မလုပ်နိုင်ဘူး။ ခင်ဗျားတို့ လိုချင်ကြသလို မြေစနစ်ကို ပြုပြင်ပြောင်းလဲချင်တယ်။ လယ်ပိုင်ရှင် စနစ်ကို ဖြုတ်ပစ်နိုင်ဖို့ဘဲ။ အဲသည်လို လုပ်ချင်ပေတဲ့ မဖြစ်နိုင်သေးဘူး။ ဇော်ဂျီဝိဇ္ဇာတွေလို ခင်ဗျားတို့ လိုချင်တာ တမဟုတ်ခြင်း လုပ်မပေးနိုင်ဘူး။ ခင်ဗျားတို့ အရေးကို ကျုပ်ထက်ဆောင်ရွက်နိုင်တဲ့ လူရှိယင် ကျုပ်ဖယ်ပေးဖို့အသင့်ဘဲ။ ခင်ဗျားတို့ အရေးတွေကို ပြောချင်လျှင် ဆိုင်ရာ အဖွဲ့က တဆင့်ကျုပ်တို့ အစိုးရ အဖွဲ့ကို ပြောလျှင် တတ်နိုင်သလို ဆောင်ရွက်ပေးဖို့ ပမဲယဉ်းပါဘူး။

နောက်ဆုံးပြောလိုတာက၊ ခုလာမဲ့တိုင်းပြုပြည်ပြုလွှတ်တော်မှာတကယ် ဆောင်ရွက်မဲ့လူတွေကို ဖ-ဆ-ပ-လ မှ ရွေးချယ်ပေးမယ်။ အဲဒီအမတ်တွေကို ခင်ဗျားတို့က ရွေးကောက်ပွဲလုပ်တဲ့အခါမှာ ခရီးပန်းတာကို ဂရုမစိုက်ဘဲ အခက်အခဲများကို သည်းခံပြီး ဖ-ဆ-ပ-လ ရဲ့ အမတ်လောင်းများကိုဘဲ မဲပေးကြမယ်ဆိုယင်၊ ဗမာပြည်ကြီးဟာ တနှစ်အတွင်း လွတ်လပ်ရေး ရမှာဘဲ (တခဲနက် သြဘာသံများ)။ ။

# မြန်မာများက စိုးမိုးလို၍မဟုတ်

၁၉၄၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၈ ရက်၊ ပင်လုံမြို့တွင်ကျင်းပသော တောင်တန်းဒေသ ညီလာခံကြီး၌ မြွက်ကြားချက်

ပင်လုံ အစည်းအဝေးသို့ အကြောင်းနှစ်မျိုးကြောင့် လာရကြောင်း၊ ပထမမှာ မြန်မာပြည်ရှိ လူမျိုးများ ညီညွတ်ရေးအတွက်ဖြစ်၍ အခြားအကြောင်းမှာ လန်ဒန် ဆွေးနွေးပွဲ၌ တောင်တန်းဒေသနှင့် ပတ်သက်၍ မည်သို့ ဆောင်ရွက် ပြောဆိုခဲ့သည်ကို ပြောပြရှင်းလင်းပြရန် ဖြစ်ကြောင်း။

## ဗမာ့လွတ်လပ်ရေးချို

ကမ္ဘာ့နိုင်ငံရေးအရ မြန်မာပြည်ရှိ လူမျိုးအားလုံးမှာ ညီညွတ်ရန်လိုကြောင်း၊ တနည်းအားဖြင့်ဆိုလျှင် မြန်မာပြည် လွတ်လပ်ရေးမှာရပြီဟု ဆိုနိုင်ကြောင်း၊ ယခုကျန်ရှိနေသော ပြဿနာမှာ တောင်တန်းနယ် ကိစ္စပင် ဖြစ်ကြောင်း။

## ကိုယ့်နယ်ကိုယ် အုပ်ချုပ်

ဘီလပ်ဆွေးနွေးပွဲ၌ မြန်မာကိုယ်စားလှယ်များက တောင်တန်းနယ် လွတ်လပ်ရေးကို တချိန်တည်း မပေးခဲ့လျှင် မြန်မာပြည် လွတ်လပ်ရေးမှာလည်း တကယ့် လွတ်လပ်ရေး မဖြစ်နိုင်ဟု ပြောဆိုခဲ့ကြောင်း၊ တောင်တန်းနယ်ကို ဗြိတိသျှတို့က တိုက်ရိုက်အုပ်ချုပ်ခြင်းကို မြန်မာလူမျိုးများက မကြိုက်ကြောင်း၊ တောင်တန်းနယ်ကို တောင်တန်းလူမျိုးများသာ အုပ်ချုပ်စိုးမိုးခြင်းကို မြန်မာများက ကြိုက်ကြောင်း။

## တန်းတူ ရစေလို၍

ဗြိတိသျှတို့က တောင်တန်းနယ် လူမျိုးများသည် အောက်ကျ နောက်ကျ ဖြစ်နေသေးသဖြင့် လွတ်လပ်ရေးနှင့် မတန်ဟု ထင်ကြောင်း၊ ထိုသို့





www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ချက်ကို မြန်မာများက သဘော မတူကြောင်း၊ မြန်မာပြည် လွတ်လပ်ရေးရသည်နှင့် တပြိုင်နက် တောင်တန်းနယ် လွတ်လပ်ရေး ရမည်ဟု မြန်မာများက ထင်မြင်ကြောင်း၊ မြန်မာများသည် တောင်တန်း ဒေသအတွက် ပြောဆိုခြင်းမှာ အုပ်ချုပ် စိုးမိုးလို၍မဟုတ်၊ သို့ရာတွင် တောင်တန်းနယ်များသည် မြန်မာပြည်နှင့် တန်းတူ အဆင့်အတန်း အခွင့်အရေး ရစေလိုသောကြောင့်ပင် ဖြစ်ကြောင်း။

မြန်မာများသည် ဗြိတိသျှ၏ ကျွန်မဖြစ်လိုကြောင်း၊ ထိုနည်းတူစွာ တောင်တန်းလူမျိုးများလည်း ဗြိတိသျှ ကျွန်များအဖြစ် မရောက်စေလိုကြောင်း၊ ထို့ပြင် တောင်တန်းလူမျိုးများသည် မြန်မာ့ကျွန်အဖြစ် မဖြစ်စေလိုကြောင်း။

## တောင်တန်း စီမံအုပ်ချုပ်ရေး

တောင်တန်းနယ် စီမံအုပ်ချုပ်ရေးမှာ ကောင်စီ၏ လက်ထဲ မှာနေလိမ့်မည် ဖြစ်ကြောင်း၊ ထိုကောင်စီ အဖွဲ့ထဲ၌ တောင်တန်းနယ်မှ ကိုယ်စားလှယ် တယောက် ရှိလိမ့်မည်ဖြစ်ရာ ၎င်း၏လက်ထဲမှာ ထိုအုပ်ချုပ်ရေး ရှိမည် ဖြစ်ကြောင်း။

## မြန်မာပြည်ကို စွန့်ရတော့မည်

ဗြိတိန်မှာ မြန်မာပြည်၌ ကြာရှည်စွာ အုပ်စိုးရန် အခွင့်အခါ မရှိတော့ကြောင်း၊ စောစော သို့မဟုတ် အနည်းငယ်ကြာလျှင် ၎င်းတို့သည် မြန်မာပြည်ကို စွန့်လွှတ်ရတော့မည်ဖြစ်ကြောင်း။ ထို့ကြောင့် ကျွန်ုပ်တို့သည် အဆင်သင့်ရှိရမည့်ပြင် ကျွန်ုပ်တို့ကိုယ်ကို အားကိုးအားထားလုပ်ရမည် ဖြစ်ကြောင်း၊ ထိုနေရာ၌ ညီညွတ်ရေးမှာ လွန်စွာပင်လိုကြောင်း။

လွတ်လပ်ရေးရပြီးသောအခါမှပင် အဆင့်အတန်းမြင့်နိုင်ကြောင်း၊ လွတ်လပ်ရေး မရလျှင် လက်ရှိ အောက်ကျနောက်ကျ ဖြစ်နေသော အဆင့်အတန်းကို မြှင့်တင်နိုင်ရန် မဖြစ်နိုင်ကြောင်း။



## ချောက်လျှင် မကြောက်ပါနှင့်

လူဖြူဖြစ်စေ၊ လူမဲဖြစ်စေ မည်သူကိုမဆို မကြောက်ရွံ့နှင့်။ ၎င်းတို့က တောင်တန်းလူမျိုးများကို မေးခဲ့လျှင် တောင်တန်းလူမျိုးများက လွတ်လပ်ရေး လိုချင်တယ်ဟု ပြောရမည်ဖြစ်ကြောင်း၊ ချောက်လျှင်လည်း မကြောက်ကြနှင့်၊ ချော့လျှင်လည်း မပြော့ကြနှင့်၊ တောင်တန်းလူမျိုးများသည် မြန်မာပြည်ကဲ့သို့ တူညီသော အဆင့်အတန်းကို လိုချင်သည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ဒါကိုယနေ့ပြောလိုက်လျှင် နက်ဖြန်အဆွေတို့ လွတ်လပ်ရေးရမည် ဖြစ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

# ညီညွတ်စေချင်တယ်

## ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည
## မင်္ဂလာဒုံမြို့ စော်ဘွားများထမင်းစားပွဲတွင် မြွက်ကြားချက်

ယခု အစည်းအဝေးမှာ ရှေ့ထွက်အားဖြင့် ကျွန်တော် အကြီးဆုံးဖြစ်သော်လဲ အသက်အားဖြင့် အငယ်ဆုံး ဖြစ်ပါတယ်။ ကျွန်တော် သည်ကို ရောက်လာတဲ့ကိစ္စ နားလည်တာတခု ရှိပါတယ်။ ဘာလဲဆိုလျှင် မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်၊ ညီညွတ်စေချင်တယ်၊ ကြီးပွားစေချင်တယ်၊ သည်ဟာပါဘဲ။ တိုင်းပြည်လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ကြိုးစားလာပါတယ်။ နောင်လဲ ကြိုးစားပါဦးမယ်။ လုံးလုံးလွတ်လပ်တဲ့ကိစ္စ ပြီးပြတ်သည်အထိ ကြိုးစားပါမယ်။

ယခုနားလည်ထားကြဖို့ အချက်က ယခုခေတ်ကမ္ဘာကြီး၏ အခြေမှာ ဘယ်တိုင်းပြည်မဆို၊ ကိုယ့်တိုင်းပြည် တပြည်တည်း အထီးတည်းနေနိုင်တဲ့ အခြေမျိုးမရှိနိုင်ဘူး။ တပြည်နှင့်တပြည် ပေါင်းစပ် အမှီသဟဲရှိမှ နေနိုင်ကြမည်ဆိုတဲ့ အချက်ပါဘဲ။

### လူမျိုး၏ အရေးကြီးပုံ

နောက်တချက်က လူမျိုးရေး အကြောင်းကို ပြောလိုပါတယ်။ လူမျိုးရေးဆိုတာမှာလဲ ရှေးခေတ်ကဟာင်းအောင်လာကြတဲ့ (အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ) ဆိုတဲ့ စကားမျိုးကို လက်သုံးပြုလို့ မလုံလောက်တော့ဘူး။ အမျိုးဆိုရာမှာ ဘယ်လို အမျိုးကိုဆိုရမလဲ။ ဗမာ၊ ကရင်၊ ကချင်၊ ချင်းနှင့် အခြား အမျိုးများလဲ ရှိသေးတယ်။ တခြားနိုင်ငံများကို ကြည့်လိုက်လျှင် ဗမာပြည်မှာလို တိုင်းရင်းသားလူမျိုး အများရှိတာကို တွေ့နိုင်ပါတယ်။





အမေရိကန်ပြည်၊ ဂျပန်ပြည်နှင့် ရုရှားပြည်တို့မှာလဲ များသော်လည်းဘဲ။ အမေရိကန်ပြည်မှာလဲ ဘာသာစကားက ပြောကြသော်လဲ အင်္ဂလိပ်၊ အီတလီစတဲ့ လူအမျိုးမျိုးတို့ ပေါင်းပြီး လူမျိုးတမျိုးဖြစ်အောင် လုပ်ထောင်ပြီး၊ သူတို့ကိုယ်ကို အမေရိကန်လို့ ဆိုကြတာဘဲ။ ဒါကြောင့် လူမျိုးရေးအားဖြင့် ကြည့်လျှင် လူမျိုးတမျိုးတည်းကို လိုက်ခတင်းလင်းစွဲပြီး ယူဆလို့မဖြစ်နိုင်ဘူး။

### ဘာသာစကား ကွဲပြားကြသော်လဲ

ဘာသာစကားမတူသော်လဲ၊ လူမျိုးခြားနားမှုလဲ ရှိပါတယ်။ ဘာသာမတူသော်လဲ လူမျိုးသီးခြား ဖြစ်နေတာလဲ ရှိပါတယ်။ ဥပမာ အမေရိကန်ကိုကြည့်လျှင် လူအမျိုးမျိုးဖြစ်သော်လဲ ဘာသာစကား တူပါတယ်။ ရုရှားပြည်မှာဆိုလျှင် ဘာသာစကား အမျိုးပေါင်းများစွာ ကွဲသော်လဲ လူမျိုးကတော့ တမျိုးတည်း ဖြစ်ပါတယ်။

### ဘာသာကိုးကွယ်မှု ကွဲပြားမှု

သာသနာဆိုတာကတော့ ကိုယ်ကိုးကွယ်ချင်တဲ့ ဘာသာ၊ သာသနာကို ကိုးကွယ်နိုင်ကြတာဘဲ။ ဗမာပြည်မှာ လူများစုက ဗုဒ္ဓဘာသာ ဖြစ်ပေမဲ့ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ၊ မဟာမေဒင်ဘာသာ ကိုးကွယ်သူ၊ နတ်ကိုးကွယ်သူ အမျိုးမျိုးရှိတာဘဲ။ သည်တော့ ဒါတွေကိုစွဲပြီး လူမျိုးရေး တရားလုပ်လို့ မဖြစ်နိုင်ဘူး။

### ညီညီညွတ်ညွတ် လုပ်ကြရန်

စစ်ကြီးအတွင်းက ကျွန်တော် ဝန်ကြီး လုပ်တုန်းမှာ ကရင်အမျိုးသား တပ်ရင်း ဖွဲ့စဉ်တုန်းက ထမင်းစားပွဲ တခုမှာ ကရင်စစ်သား တဦးက လူမျိုးအချင်းချင်း ညီညွတ်ဖို့ အကြောင်း ပြောတဲ့အထဲမှာ (ဗမာက ဖရိုက်၊ ကရင်က ငါးမျှား)ဆိုတာလို အတူတူပါဘဲလို့ ပြောတာကို သတိရပါတယ်။ ကိုယ့်ဒေသအလိုက်၊ ကိုယ်ယုံကြည်တာကို ကိုယ်ကိုးကွယ်နေထိုင်ကြပြီး တတိုင်းတပြည်လုံးနှင့် သက်ဆိုင်တဲ့ကိစ္စကြီးမှာ ညီညီညွတ်ညွတ် လုပ်ကြယင်၊ ဒါဟာတမျိုးတည်းလို့ ယူဆကြရမယ်။

www.burmeseclassic.com

www.burmeseclassic.com

## တမိန့်တည်း သဘောတရား


အချင်းချင်း သဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ ရှိမှာဘဲ။ ဒါပေမဲ့ သူ့ရဲ့ပါးနိုင်ငံက ကိုယ်နိုင်ငံကိုလာရောက် ခေါ်ကားလို အသက်ကိုစွန့်ပြီး မလျှော့တမ်း ကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့ သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာဘဲ။ တိုက်ခိုက်ကြတဲ့အခါမှာ ငါ့သားဘဲ ဟာ ကရင် ဖြစ်ချင်ယင်လဲ ဖြစ်မယ်၊ ကချင်၊ ချင်းဖြစ်ချင်ယင်လဲ ဖြစ်မယ်။ ဘယ်သူဖြစ်ဖြစ် တမိန့်တည်းလိုက်နာဆောင်ရွက်ကြရမှာဘဲ

## စာဆင်းရဲခံပြီး လုပ်ကြရမယ်

တတိုင်းပြည်လုံး ကြီးပွားချင်ယင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးထူးခွင့် ရှိကြမှာဘဲ။ မေးတတွေမျိုး ကရင်ကတဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား၊ ဗမာကတခြား ပြား လုပ်နေကြယင် အကျိုးရှိမှာ မဟုတ်ဘူး။ ပေါင်း လုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလဲ အကျိုးရှိကြောင်း သိနိုင်တယ်။ ပထမကျုပ်တို့ ဒုက္ခဆင်းရဲခံရမယ်။ ယခုအခါ ဆိုဗီယက်ပြည်မှာ အစားအနေအထိ အဝတ် အထည်များမလုံလောက်ဘဲ အလောတ်ချွေတာပြီး ဆင်းရဲခံနေကြတယ်၊ ဒါတာဟာ နောင် တပြည်လုံးအတွက် အကျိုးရှိအောင် လုပ်နေကြခြင်း ဖြစ်တာဘဲ။ သူတို့ လုပ်နည်းက ပထမအဆင်းရဲခံပြီး၊ နောင်အကောင်းစားပေါ်ပြီး အကျိုးရှိမှာ ခံသားသောပေါက် ဖြစ်နေတယ်။

## လွတ်လပ်တဲ့ အမျိုးဖြစ်လျှင်

ဒီအကြောင်းတွေ ဆိုးရွားခြင်းလည်း ပျောက်ချက်ကစည်း ၊ ၂၀ နှစ်ကျော် ပေါ့ကလဲတာက အစ်ကိုချင်းနဲ့ အမြိုးနဲ့ ဘာတွေ့ ဆက်ဆံဖို့ သုံးနှုန်း ပေါင်းဆောင်ရွက်နိုင်တဲ့အဖြစ်တယ်။ အဲဒီကာလမျိုးမှာ ကမ္ဘာ ထိပ်တန်းအရွှေ ဆိုက်ရောက်နိုင်မှာဘဲ။ နောက်ဆုံး ကျုပ်တို့ ငယ်ရွယ်ချင်တာက အင်္ဂလိပ်နဲ့ ကျုပ်တို့ဟာ (ကျွန်နှင့်သခင်) အမျိုးတွေ မဟုတ်ကြပေမဲ့ လွတ်လပ်တဲ့ အမျိုး ဖြစ်လျှင် မိတ်ဆွေအဖြစ်နှင့် ဆက်ဆံနိုင်ကြမယ် ဆက်လုံ့မြော်လင့်ပါတယ်။



ပင်လုံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်းကို ဗြိတိသျှ လေဘာအစိုးရ၏ ကိုယ်စားလှယ်ဖြစ်သူ မစ္စတာဘော်တွန်မလေနှင့်အတူ တွေ့ရစဉ်
(၁၉၄၇ ခု ဖေဖော်ဝါရီလ ၁၂ ရက်)




ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံခရီးတလျှောက် လူထုရှင်းလင်းပွဲ



ပင်လုံဈေးတောဘက် ဗိုလ်ချုပ်အောင်ဆန်း လူထုရှင်းလင်းပွဲမှာ၊ ပြုလုပ်ခဲ့သည်။

(၁၉၄၇ ခု ဖေဖော်ဝါရီလ)

# တောင်းတဲ့အတိုင်းရလို့ လက်ခံလာတယ်



မအောင်သွယ်လယ်သမားသီလာခံကွင်း မြေယာခံနစ်ပွဲဖြင့်ပြောင်းလဲရေးနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ရှင်းလင်းပြောကြားနေစဉ်
(၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၅ ရက်)

ဗိုလ်ချုပ်အောင်ဆန်းတို့ ဘိလပ်ဆွေးနွေးပွဲသို့ သွားခြင်းသည် (ဖဆပလ) ဗဟိုအလုပ်အမှုဆောင် အဖွဲ့နှင့် ဦးစီးအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ သွားကြခြင်း ဖြစ်သည်။ ဘိလပ်တွင် ဆွေးနွေးဆောင်ရွက်လာခဲ့သော ကိစ္စများကို ဗဟိုအလုပ်အမှုဆောင် အဖွဲ့နှင့် ဦးစီးအဖွဲ့သို့ ထုံးတမ်းစဉ်လာအတိုင်း ပြန်လည်တင်ပြရန် ဝတ်တရားရှိသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့က (ဖဆပလ) ဦးစီးအမှုဆောင် အဖွဲ့သို့ မိမိတို့ဆောင်ရွက်ချက်များကို ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင်တင်ပြကြသည်။ ထိုအစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်း၏ တင်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ယနေ့ ဒီအစည်းအဝေးနှင့် ပတ်သက်လို့ဆိုယင်၊ ဘိလပ်သွား၍ အက်တလီနှင့် ချုပ်ဆိုတဲ့စာချုပ်နှင့်တကွဖြစ်ပေါ်လာတဲ့ ကိစ္စအရပ်ရပ်ကို အစီရင်ခံပြီး၊ နောက်ဘယ်လိုဖြစ်၍ နောင်ဘယ်လိုဖြစ်မယ်၊ နောင်အလေးအလာ ဘယ်လိုဆိုတာ အစီရင်ခံဖို့ရှိတယ်။

အစိုးရအဖွဲ့ဝင်ပြီး တလအကြာမှာ ဦးစီးအဖွဲ့ကို ခေါ်ပြီး အစီရင်ခံခဲ့တယ်။ ဒီကြားမှာ သပိတ်မှောက်ကိစ္စနှင့် ကွန်မြူနစ်ကိစ္စ ပြောင်းလဲတာနှင့် အချိန်ကုန်ခဲ့တယ်။ နောက်နိုဝင်ဘာလနှင့်ဒီဇင်ဘာလ နှစ်လကျ ကျွန်ုပ်တို့ ဆက်လက် အလုပ်လုပ်ကြတာ ပြီးတဲ့ ကိစ္စလဲပြီး၊ မပြီးပြတ်တဲ့ကိစ္စလဲ မပြီးဘူး။ ပြီးတဲ့ကိစ္စမှာ ကာကွယ်ရေး ဥပဒေ ပယ်ဖျက်ပြီးနောက် စစ်ဖြစ်နေစဉ် အတောအတွင်းမှာ ဖြစ်တဲ့ကိစ္စတွေကို ပလပ်ဖို့ ဥပဒေဘုရား၊ ယာယီထောက် ဥပဒေတွေပြင် အနောက်အတန် ပြီးစီးခဲ့ပါတယ်။ ဒါ့ပြင် ငွေကြေးပြီးတဲ့ ဥပဒေလဲလုပ်ခဲ့ပါတယ်။ နောက်ဓားပြ ခိုးသားများကို၊ ပြင်းပြည်မှာ ဆွဲ

www.burmeseclassic.com



ထကြွမှုတွေကိုလဲ လွတ်ငြိမ်းချမ်းသာခွင့်ပြုတဲ့ ကြေညာစာတန်းတွေ ထုတ်ခဲ့တယ်။

အပေးအယူလုပ်ပုံ

နေ့စဉ် လုပ်ငန်းအပြင် ဗမာနိုင်ငံ တခုလုံး၏ တောင်းဆိုချက်များကို ဘိလပ် အစိုးရထံ အကျယ်တဝင့် တင်သွင်းခဲ့တယ်။ အဲဒီအချိန်နဲ့ တပြိုင်နက် ဗမာပြည် အစိုးရဝန်ကြီး အဖွဲ့ရဲ့ ကြေညာစာတန်းများကို ကြေညာခဲ့တယ်။ အဲဒီ အခါမှာ အခြေအနေကိုကြည့်ပြီး၊ ကျုပ်တို့ရဲ့ တောင်းဆိုချက်နှင့်ပတ်သက်၍ ဇန်နဝါရီလ ၃၁ ရက်နေ့မတိုင်မီ အဖြေနှင့်အမဲ ထင်ရှားအောင် မြန်ကြားရမယ်၊ မပြန်ကြားခဲ့လျှင် ၃၁ ရက်နေ့မှာ ဝန်ကြီးအဖွဲ့က နုတ်ထွက်ဖို့ ဖ-ဆ-ပ-လ ၏ ညွှန်ကြားချက်ကို ထုတ်လိုက်တယ်။ အဲဒီအခါ ဘိလပ် အစိုးရနှင့် ဘုရင်ခံဟာ စာပေးစာယူ အမြောက်အမြားလုပ်၊ ကိုယ်စားလှယ်တွေ လွှတ်ကြည့်၊ နောက် ဘိလပ် အစိုးရက ဆွေးနွေးဖို့ ဖိတ်ကြား၊ ကျုပ်တို့က ပိတ်တိုင်း မလာနိုင်ဘူး၊ အကျိုးအကြောင်း စုံစုံလင်လင်သိမှ ခင်ဗျားတို့ရဲ့ ပါလီမန်က ကြေညာသင့်တာတွေ ကြေညာပြီး အခြေခံရမယ်လို့ ပြောလိုက်မှ မစ္စတာ အက်တလီက ဒီဇင်ဘာလ ၂၀ ရက်နေ့က အခြေခံတွေ လုပ်တယ်၊ အဲဒီ အခြေခံတွေရမှ ကျုပ်တို့ သွားကြတယ်။ ဇန်နဝါရီလ တလလုံးမှာဘဲ ဒီကိစ္စနဲ့ ပြီးခဲ့တယ်။

နယ်ချဲ့အားနည်းသွားပြီ

အခုဖြစ်ပျက်နေတဲ့ အခြေအနေနှင့် ပတ်သက်ပြီး ကျုပ်တို့သေသေချာချာ နားလည်ဖို့လိုတယ်၊ နယ်ချဲ့စနစ်အင်အားဟာ နည်းသွားပြီ၊ သို့သော်လုံးဝ အလိုလိုပျက်ပြားသွားမယ်လို့ မဟုတ်ဘူး။ နောက် သူတို့ရဲ့နယ်ချဲ့အင်ပါယာဟာ ကုန်တော့မယ်လို့ မြင်သော်လဲဘဲ ဇွဲနဲ့ မကုန်အောင် ကြိုးစားနေတယ်။

ရှုပ်ထွေးအောင်လုပ်မယ်

အခုနယ်ချဲ့ သမားဟာ ပရိယာယ်အားဖြင့် ကြိုးစား ဖြားသော်လဲ တယ် ထိထိရောက်ရောက် ဖြစ်ဖို့ မရှိဘူးလို့ ယူဆတယ်၊ ဘယ်လိုလုပ်မလဲ ဆိုကာ ဥပမာ ဗမာပြည်နှင့် အိန္ဒိယပြည်မှာ တိုင်းပြည်အတွင်းရေး ရှုပ်ထွေးအောင် လုပ်မယ်။ နယ်ချဲ့ဟာ ဘယ်ကိုမှ လက်မလွှတ်သေးဘူး၊ တတ်နိုင်သမျှ ကြိုးစား ကုပ်တွယ်နေတယ်။



ရလို့လက်ခံတယ်,

ကျုပ်တို့ အစိုးရအဖွဲ့ထဲဝင်ကတည်းက ဒါ့အမျိုးသား ကြားဖြတ်အစိုးရ မဟုတ်ဘူးပြောခဲ့တယ်။ နောက်ဆုံး ဘိလပ်အစိုးရနှင့် စေ့စပ်ကြတယ်။ အဲဒီ အခါမှာ ဖ-ဆ-ပ-လ ညွှန်ကြားချက်အတိုင်း သွားတောင်းတယ်။ ဒီအတိုင်း ရလို့ လက်ခံလာတယ်။ အလုပ်အမှုဆောင် အဖွဲ့ကလဲ လက်ခံတယ်။ ဒီကိစ္စမှာ နေသူရိန် ဆုံးဖြတ်ချက်နဲ့ မကိုက်ဘူး စသဖြင့် ပြောကြတယ်။ အဲဒါ မြန်ကြည့်ယင် သိကြမယ်။ နောက်ဆုံး ဆွေးနွေးပွဲပျက်ယင်လဲ ဝေဖန်မှုရှိမှာဘဲ။ စေ့စပ်ပွဲမှာ ၁၀၀ မှာ ၁၀၀ ရလဲ (န) ယံအမြီးတိုတယ်လို့ ပြောဦးမယ်။ တိုင်းပြုပြည်ပြုလွှတ်တော်နှင့် ပတ်သက်လို့ ၃၅ ခုနှစ် ရွေးကောက်ပွဲမျိုး မလိုချင်ဘူး။ ၃၅ ခုနှစ်ရွေးကောက်ပွဲက ဥပဒေအရ လုပ်လျှင် အောက်လွှတ်တော်ဖြစ်မယ်။ အမတ် ၁၃၂ ယောက်မှာ အိန္ဒိယ၊ ဥရောပနှင့် အခြား လူမျိုးပါတယ်။ အဲဒါဥပဒေပြုအဖွဲ့၊ အဲဒီက ဗမာပြည်အုပ်ချုပ်ရေး ဘယ်လိုရေးဆွဲမလဲ စဉ်းစားရမှာ၊ အဲဒီတော့ အမျိုးသားလို့ မခေါ်နိုင်တဲ့လူတွေ ပါနေတယ်။ ကျုပ်တို့က ဒါတွေ မကြိုက်လို့ ဥပဒေပြင်လျှင် ကြာမယ်။ ဒါကြောင့် တိုက်ရိုက်တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ဖို့ တောင်းထားရတယ်။

အဲဒီ တိုင်းပြုပြည်ပြုလွှတ်တော်က ကျုပ်တို့ မြန်မြန်လုပ်လျှင် မြန်မြန်ရမယ်။ မြန်မြန်လုပ်မှ တနှစ်အတွင်းရဖို့ ဖြစ်မယ်။ ဒါ ၃၅ ခုနှစ် ဥပဒေနှင့်ဘာမှ မဆိုင်ဘူး။ တနည်းအားဖြင့် နည်းအဖြစ်သုံးခြင်းမျှသာဖြစ်ပါတယ်။

အချုပ်အချာ အာဏာ

တိုင်းပြုပြည်ပြုလွှတ်တော်နှင့် ပတ်သက်လို့ အချုပ်အချာ အာဏာပိုင်ပြည့်စုံတဲ့ အဖွဲ့လားမေးယင် မဟုတ်ဘူး။ ဥပဒေသဘော ကြည့်ယင် မဟုတ်ဘူး။ အချုပ်အချာအာဏာပိုင်လိုချင်လျှင် ဘိလပ်သွား ဆွေးနွေးဖို့ မလိုဘူး။ တော်လှန်ရေး လုပ်လို့ကြားကာလမှာ ဆွေးနွေးစေ့စပ်ဖို့ပြောမှ စာချုပ်ပေချုပ်နဲ့ အသိအမှတ်ပြုပြီးမှ ရမဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မျိုးမှ အာဏာပိုင် လွှတ်တော်ဖြစ်နိုင်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## အယူအဆအမျိုးမျိုး

အခုသွားတာ တော်လှန်ရေးလဲဘာမှ မရှိဘူး။ အချုပ်အချာ အာဏာ ပိုင်ဆိုလျှင် ပဌမဆုံး အင်္ဂလိပ်တွေ မောင်းထုတ်ရမယ်။ လွတ်လပ်တဲ့ တိုင်းပြည်အဖြစ် ကြေညာပြီးမှ ဖြစ်မယ်။ သွားကတည်းက တိုင်းပြုပြည်ပြုလွှတ် တော် အချုပ်အချာ အာဏာရှိသလားဆိုတာ လူထုအင်အားပေါ်မှာ တည် တယ်ဆိုတာ သိလို့ အဲဒီအတိုင်း သွားတာဘဲ။ ဒီကိစ္စမှာ သူတို့လဲဘာမှမပြော နိုင်ဘူး၊ သွားတာက အယူအဆ အမျိုးမျိုးရှိတယ်။ ပြုပြင်ပြောင်းလဲရေး သမားက အယူအဆတမျိုး၊ တော်လှန်ရေးသမားက အယူအဆတမျိုးရှိ တယ်။

## တောင်းတယ်·ရတယ်

ဒီ ပြုပြင်ပြောင်းလဲရေး သမားက ဈေးစပ်ရေးကို အဓိကထားသွားတယ်။ ကျုပ်တို့က ဈေးစပ်တဲ့ကိစ္စကို အဓိကအဖြစ်နဲ့ မလုပ်ဘူး။ ကျုပ်တို့က လုပ်ငန်း မှ အကျိုးအပဲ့ ဘယ်လောက် ပေးနိုင်တယ်ဆိုတာကိုကြည့်တယ်။ အစိုးရအဖွဲ့ ထဲဝင်တာ လွတ်လပ်ရေးပန်းတိုင်ကို အားပေးနိုင်သလားကြည့်ပြီးလုပ်တယ်။ ကျုပ်တို့လုပ်တာ ဖြစ်သလား၊ မဖြစ်ဘူးလား၊ ကားချပြမယ်။ ယခုမှာ ဒွာ ဌာန အုပ်ချုပ်ရေး မလိုချင်ဘူး၊ တိုင်းပြုပြည်ပြုလွှတ်တော် လိုချင်တယ်၊ ဒါဘဲ တောင်းတယ်၊ ဒါဘဲရတယ်။

## ရွေးကောက်ပွဲ ဝင်ရမယ်

အခုဧပြီလ ရွေးကောက်ပွဲ လုပ်မယ်။ ကျုပ်တို့ဝင်ရမယ်။ အဲဒီမှာ သန့် စွမ်းတဲ့ လူကောင်းတွေရအောင် လုပ်ရမယ်။ အဲဒီက အုပ်ချုပ်ရေး ဥပဒေသစ် ရေးဆွဲမယ်။ အဲဟာ အင်မတန် ခက်တယ်လို့ ဥပဒေသမား ပါရဂူများကပြော မယ်။ မခဲယဉ်းဘူး။ အုပ်ချုပ်ရေး ဥပဒေရေးဆွဲပြီးလျှင် တိုင်းပြုပြည်ပြုလွှတ် တော်ဟာ အင်္ဂလိပ် အစိုးရသဘောတူပြီးသား။ သူတို့ သဘောတူတဲ့ လွှတ် တော်က ရေးဆွဲတာ ဒီလိုရှိတယ်၊ အာဏာလွှဲပြောင်းပေးဖို့ ပြောရမယ်၊ အဲ ဒီအခါ တနှစ်အတွင်း နေ့ကောင်းရက်သာ ရွေးချင်ယင် ဦးဘချို့တို့ ရွေးကြ တော့ (ရယ်သံများ)။



## ယိုတဲ့ရက်မှာ ရမယ်

အဲဒီအခါ ဆွေးနွေးဖို့ ကိစ္စရှိမယ်၊ ဆွေးနွေးလို့ သဘောတူကြတဲ့အခါ သူတို့က ပါလီမန်တင်တာဟာ သူ့ကိစ္စဘဲ။ ကျုပ်တို့သတ်မှတ်တဲ့ရက်ချိန်း အတွင်း ရယင် ကျုပ်တို့ပြီးတာဘဲ၊ စကားများဖို့ မလိုဘူး၊ သတ်မှတ်တဲ့ နေ့ ရက်မှာ မရယင် စကားများရမယ်၊ ကျုပ်တို့အဖို့ မဆူမပူ မတိုက်မခိုက်ရဘဲ ရလျှင် ပါလီမန်တင်တာ အရေးစိုက်စရာ မရှိဘူး၊ မရယင်သာ ကျုပ်ပြောတဲ့ အတိုင်းလုပ်ကြဖို့။ ဒါကြောင့်လွတ်လပ်ရေးတိုက်ပွဲမပြီးသေးဘူးလို့ ပြောတာ၊ ဒါကြောင့် ကျုပ်တို့ ပြင်ဆင်မှုတွေဟာ လုပ်မြဲလုပ်နေရမယ်။

## သဘောမကျယင် တော်လှန်

ကြားဖြတ်အမျိုးသား - အစိုးရနှင့် ပတ်သက်လို့ သက်တွေပြောရလျှင် ဘယ်သူ့လက်အောက်မှာလဲ၊ ခံချင်ယင်ခံ မခံချင်ယင်နေ ကျုပ်တို့အမြင်သည် ယာအင်္ဂလိပ် အစိုးရလက်အောက်မှာ မထုတ်လား။ အဲဒါ သဘောမကျ လျှင် တော်လှန်သွားဖို့ဘဲ၊ လုပ်တဲ့နေရာမှာသာ လုပ်သွားနိုင်ယင် ကျေနပ်ပြီ၊ ဥပဒေအတွင်းမှာ လုပ်လို့ရလျှင် ဘယ်အထိ လုပ်နိုင်သလဲဆိုလျှင် ဒိုမီနီယံ အဆင့်အတန်းသာ လုပ်ကြဖို့ ပြောလိုက်တယ်၊ ကျုပ်တို့လိုချင်တာနဲ့ နီးစပ် တယ်ဆိုတာနဲ့ လက်ခံလာခြင်းဘဲ၊ ဒီထက်လဲ ပိုမရနိုင်ဘဲကိုး၊ ကျုပ်တို့လက် ရှိ အခြေအနေကြည့်လျှင် အင်ဒိုနီးရှားတို့လို သံအမတ်တွေ မလွှတ်နိုင် သေးဘူး။

## ဘုရင်ခံလား-သမ္မတလား

တိုင်းပြုပြည်ပြုလွှတ်တော်ထားပြီးသည့်နောက် ဘုရင်ခံ ထားမလား သမ္မတထားမလားမပြောနိုင်သေးဘူး၊ သတင်းစာတစောင်က အင်္ဂလိပ်ဆွေး နွေးပွဲမှာ တိုင်းပြုပြည်ပြုလွှတ်တော် မရဘူးရေးတယ်၊ နောက် ရလာတော့ တမျိုးပြန်ရေးတယ်၊ အဲဒါတွေဟာ ရာဇဝင် ပြန်ကြည့်ဖို့ လိုတယ်၊ ရာဇဝင် ရေးတဲ့နေရာမှာ ကျုပ်သစ္စာဖောက် မဖြစ်နိုင်ဘူးဆိုတာ ယုံကြည်တယ်။

## သူတို့က ပေါင်းချင်အောင် လုပ်ပြမှ ဖြစ်မယ်။

နောက် ဖ-ဆ-ပ-လ အဖွဲ့ထဲ ကွန်မြူနစ်တွေရှိတုန်းက အရေးမယူဘူးလား ရေးတယ်၊ မဖြစ်နိုင်လို့ ထုတ်ပစ်တော့ မြေမသေ တုတ်မကျိုး ပြန်ပေါင်းဖို့

www.burmeseclassic.com

www.burmeseclassic.com



ရေးကြတယ်၊ အဲဒါ မရိုးသားလို့ပျူဆတယ်၊ ပြန်ပေါင်းဖို့က ပြန်ပေါင်းအောင် လုပ်ယင်ကောင်းတယ်၊ ကျုပ်ပြောလိုက်မယ်၊ ပေါင်းချင်ယင် အခြားအဖွဲ့တွေကိုတော့ ကျုပ်မပေါင်းချင်ဘူး၊ အဲဒီ သိန်း-သန်းထွန်း ကွန်မြူနစ်တော့ ပေါင်းနိုင်တယ်၊ သို့သော် သူတို့က ပေါင်းချင်အောင် လုပ်ပြမှဖြစ်မယ်၊ ပါးစပ်က ပြော နေ့ခက်ကျော ခေါ်နေ လုညာ့ထိုးတာ မခံနိုင်ဘူး၊ မပေါင်းချင်ယင် မလိမ်မာရာကျတယ်လေးနဲ့၊ ဘာမလိမ်မာတာလဲ (စားပွဲကိုထုသည်) ကြိုက်ယင်ထောက်ခံ၊ မကြိုက်ယင် မထောက်ခံနဲ့။ ။

# တနှစ်အတွင်း လွတ်လပ်ရေး ရအောင် လုပ်ပေးမယ်

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗိလပ်၌ ဗြိတိသျှ အစိုးရအဖွဲ့နှင့် ဗမာပြည် လွတ်လပ်ရေးကိစ္စအတွက် ဆွေးနွေးသဘောတူညီမှုရအောင် ဆောင်ရွက်ခဲ့သည်။ မြန်မာပြည်သို့ ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိကြသည်။ လွတ်လပ်ရေးရရှိရန် ရှုပ်လုံးအကြမ်းဖျင်း ပေါ်လာသည်။ လွတ်လပ်ရေး ရရှိဖို့အတွက် အောင်မြင်စွာ ဆွေးနွေးခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့မြို့တော် မြူနီစီပယ်အဖွဲ့ဝင် လူကြီးများနှင့် မြို့မိမြို့ဖများက ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဂုဏ်ပြုညစာစားပွဲတရပ် ကျင်းပ ဂုဏ်ပြုခဲ့ကြသည်။ အောက်ပါ မိန့်ခွန်းမှာ အဆိုပါ ညစာစားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်းဖြစ်သည်။

ကျွန်တော် ဗိလပ်ကပြန်လာတော့ ဘာရသလဲ မေးလိမ့်မယ်။ ကျွန်တော့အတွက်တော့ ဟုနီဖောင်းတစ် ရလာတယ် (သြဘာသံများ)။ ယနေ့အတွက်တော့ ကျွန်တော်တို့ကို မြူနီစီပယ်ခန်းမကြီးမှာ ရန်ကုန် မြူနီစီပယ်လူကြီးများနှင့် မြို့မိမြို့ဖများက ကြိုဆိုတာဘဲ။ အဲဒီလို ကြိုဆိုပြီး သြဘာစာတွေဖတ်ရတာလဲ များပြီ။ တဖြည်းဖြည်း ကြီးကျယ်လာတော့ စဉ်းစားကြည့်တယ်။ ငါဒီထက် ကြီးကျယ်အောင် လုပ်ရမယ်ဆိုယင် ကင်းမြီးကောက်ထောင်ပြမှဘဲလို့ အောက်မေ့မိတယ်။

ဗိလပ်သွားတဲ့ကိစ္စနှင့် ပတ်သက်၍ မလိုတဲ့လူတွေက ဟိုပြော ဒီပြော ပြောလိမ့်မယ်။ နိုင်ငံရေး လုပ်တဲ့နေရာမယ် တခြားလူမျိုးရဲ့ လက်အောက်ခံနိုင်ငံတိုင်းမှာ လုပ်တဲ့ နိုင်ငံရေးဟာ လွတ်လပ်ရေးရဖို့က အဓိက အချက်ဘဲ။





www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးတဲ့လူမျိုးခြား အစိုးရကို မယုံကြတာက ထုံးစံဘဲ။ ကျွန်တော်တို့ စစ်မဖြစ်ခင်ကဆိုယင်၊ အင်္ဂလိပ် အစိုးရကိုဆဲလေ တိုင်းပြည်က ကြိုက်လေဘဲ။ ကျွန်တော်တို့လဲ ဆဲကြတာဘဲ။ အဲဒီအစကနေပြီး အခု အင်္ဂလိပ်ဘုရင်မင်းမြတ်ရဲ့ အစိုးရနှင့် သွားပြီး ဗမာပြည် လွတ်လပ်ရေး ကိစ္စအတွက် ပြောဆိုကြတယ်ဆိုတော့၊ ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့လူတွေက အမှန်စင်စစ် ဒီကိစ္စမှာ အယူအဆ တမျိုး ယူတာရှိတယ်။ ဘယ်လိုလဲဆို လွတ်လပ်ရေးဟာ တောင်းလို့ ရတာမဟုတ်ဘူး။ သွားလို့ အပိုဘဲ။ နောက်တခါကတော့ ဟိုသွားပြီး ကျေနပ်ပြီးတော့ လက်ခံပြန်တော့ ဒီလူတွေ အင်္ဂလိပ်လူ ဖြစ်သွားပြီလို့ ဆိုတာ ပြောကြစမြဲဘဲ။

## အမြင်ကျယ်ရမယ်

ကျွန်တော်တို့ နိုင်ငံရေး လုပ်ကြတဲ့နေရာမယ် အထူးသဖြင့် ခေါင်းဆောင်လုပ်တဲ့လူဟာ နောက်လိုက် လူထုထက် ပိုပြီး အမြင်ကျယ်ရမယ်။ စစ်တိုက်တဲ့ နေရာမှာ စစ်သားတွေ နေရာ အကာ ပြုလုပ်ပေမဲ့ စစ်ဗိုလ်က စစ်သားလုပ်တိုင်း မဖြစ်ဘူး။ ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး၊ ယောင်ချာချာ လုပ်ယင် ခေါင်းဆောင် မဟုတ်ဘူး (ဩဘာသံများ)။

ခေါင်းဆောင်လုပ်တဲ့ လူတွေဟာ ကိုယ်ယုံကြည်တဲ့ ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောချရမယ်။ ရှင်းပြနိုင်ရမယ်၊ အသက်စွန့်သင့်တဲ့ နေရာမယ် စွန့်ရဲရမယ်၊ ပရိယာယ် သုံးသင့်တဲ့ နေရာမယ် သုံးရမယ်၊ အချိန်အခါ လိုက်ပြီး လုပ်ရမယ်။ အများ ယောင်လို့ ယောင်ရမယ်၊ အဆောင်တောင်မှန်း မြောက်မှန်း မသိဆိုယင် ခေါင်းဆောင် မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယုံတဲ့ လူဟာ ဘယ်အခါမှ တခြား လူကို မယုံဘူး။ ကိုယ့်တိုင်းသူ ပြည်သားကိုလဲ မယုံဘူး။ ကျွန်တော်အဖို့ ကျွန်တော့်ကိုကိုယ် ကျွန်တော် ယုံတယ်၊ ခင်ဗျားကိုကိုလဲ ယုံကြည်တယ်၊ ဗမာ့လွတ်လပ်ရေးလဲ ယုံကြည်တယ်။ ဘယ်ကိစ္စမဆို လုပ်ယင် မှားတယ် မှန်တယ် ဆိုတာ ရာဇဝင်က ဆုံးဖြတ်လိမ့်မယ် (ဩဘာသံများ)။

ကျွန်တော်လုပ်တာတွေကို ဖာထေးစရာ မလိုဘူး။ ယခု ဘိလပ်ကပြန်လာတာ လွတ်လပ်ရေး ရသလား- မရဘူး။ ဘာကြောင့်လဲ။ တောင်းမှ



မတောင်းဘဲ။ လွတ်လပ်ရေး ဆိုတာ တောင်းလို့ ရတာမဟုတ်ဘူး။ ဒါဖြင့် ဘိလပ်ကို ဘာလို့ သွားတာလဲ။ ဘိလပ်ရောက်ချင်တာလဲ ပါတာဘဲ။

ဘိလပ် အစိုးရက ခင်ဗျားတို့ ကိုချင်တာပေး နိုင်ပါတယ်။ ဘိလပ် အစိုးရကို ကျုပ်တို့ကလဲ ရာဇသံ ပေးထားတော့ ဘိလပ်အစိုးရက ခင်ဗျားတို့ လိုချင်တာပေးနိုင်ပါတယ်၊ လာကြပါ၊ စကား ပြောဖို့ ဖိတ်တော့ မသွားဘဲနေယင် ကိုယ့်အဆိုး ဖြစ်မှာမို့ သွားတာ။

## လွတ်အောင်လုပ်မှ လွတ်မယ်

သွားကတည်းက လွတ်လပ်ရေး တောင်းယင် မရဘူးဆိုတာ မြင်ပြီးသား။ ကျွန်တော်တို့က ကျွန်တော်တို့နည်းနဲ့ လွတ်လပ်ရေး ရအောင် သွားခြင်းဘဲ။ ကျွန်တော်တို့ မြင်တဲ့ အတိုင်းပြောရယင် အုပ်ချုပ်ရေး ဥပဒေကို တိုင်းပြု ပြည်ပြု လွှတ်တော်ကသာ ရေးဆွဲနိုင်တယ်၊ ဆုံးဖြတ်နိုင်တယ်။ အင်္ဂလိပ် အစိုးရမှာ ကိန်း ရှိတယ်။ တိုင်းပြည် အုပ်ချုပ်နေတယ်။ မငြင်းနိုင်ဘူး၊ အရမ်းအောင်ထိုင်း အင်္ဂလိပ် မရှိမှာ မဟုတ်ဘူး၊ ရှိတဲ့ အင်္ဂလိပ်ထွက်သွားပါ ဆိုယင် ဘယ်တော့မှ ထွက်မသွားဘူး၊ ထွက်သွားအောင် လုပ်မှ ထွက်သွားမယ် (ဩဘာသံများ)။

## စစ်ကြီးအတွင်းမှာ ပြောတာ

ကမ္ဘာ့စစ်ကြီး အတွင်းမှာ စစ်တိုက်ကြတော့ လူတွေ ကိုယ့်ဖက်ပါအောင် စကားကောင်း ပြောကြတယ်။ စိတ်ထဲက ပါလို့မဟုတ်ဘူး၊ သူတို့အပြောနဲ့ အဟောနဲ့ ညီညွတ်အောင် နဲနဲပါးပါး လုပ်ပေး။ စစ်တိုက်တော့ မောတယ်။ ပစ္စည်းကုန်ဆုံး လူနွံသွားတယ်၊ ကိုယ့်တိုင်းပြည် ကိုယ့်အခြေအနေ ကြည့်ပြီး အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်တို့က စကား အမျိုးမျိုး ပြောကြတယ်။ စစ်ကြီးပြီးတော့ နယ်ချဲ့သမား အားနည်းလာပြီး လက်အောက်ခံ နိုင်ငံတွေ အားတောင့်လာ ကြတယ်။ ကမ္ဘာ့သူ ကမ္ဘာ့သားတွေ နိုးကြားလာတယ်။

## ရအောင်လုပ်တဲ့ နည်းတွေ

အခြေအနေ ကောင်းလာတော့ ဗမာပြည်နဲ့ အိန္ဒိယ ပြည်ကို လွတ်လပ်ရေးလိုချင်ယင် ရနိုင်တယ်။ ပြည်ထောင်စုထဲ နေချင်ယင်နေ၊ မနေချင်ယင် ခွဲထွက်နိုင်တယ်။ တိုင်းပြုပြည်ပြုလွှတ်တော် ခင်ဗျားတို့ ဆုံးဖြတ်ဖို့ပါဘဲ။

www.burmeseclassic.com



ပြောတိုင်း ရသလား မဟုတ်ဘူး။ ပြောတိုင်း ရအောင် လုပ်တဲ့ နည်းတော့ ရှိတယ်။ အဲဒါက ကျွန်တော်တို့ အင်အား ရှိဖို့ဘဲ၊ တိုင်းသူ ပြည်သား အင်အားက ကျကျနန ကြီးမားယင် ပြောတဲ့ ကိစ္စကို ဖြစ်အောင် တကယ်လုပ်နိုင်တယ်။

ပဋ္ဌမ ဘုရင်ခံမှု

ယခု ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းမှာ အဆိုးတွေ မသုံးဘူး။ ဘာကြောင့်လဲ၊ အင်မတန် ယဉ်ကျေးတဲ့ စိတ်များလို့ မဟုတ်ဘူး၊ တဖက်ကသုံးယင် တဖက်က ပြန်သုံးမှာ သိလို့၊ အင်္ဂလိပ်က လွတ်လပ်ရေး ပေးမယ် ပြောတယ်။ တကယ် သိအောင် ဘယ်လို လုပ်မလဲ အင်အား အပြတ်အမ်း တောင့်တင်းအောင် လုပ်ရမယ်။ ပဋ္ဌမဆုံး ဘုရင်ခံ ၁၉၄၅ ခုနှစ်မှာ စက္ကူဖြူစာတမ်းနဲ့ ရောက်လာတယ်။ ဘာပါ လာသလဲ။ ၁၉၄၈ ခုနှစ် နောက်ဆုံးထား၍ အဲဒီနှစ်၊ အဲဒီထက် နောက်မကျတဲ့ ၁၉၄၅ ခုနှစ်၊ ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲနဲ့ ၉၁ ဌာန အုပ်ချုပ်ရေးဖြင့် ဗမာပြည် အုပ်ချုပ်ရေး ဥပဒေရေးဆွဲဖို့ ပါလာတယ်။

ရခဲ့တဲ့ အချက်

ကျွန်တော်တို့က ဒါမလိုချင်ဘူး။ ဘယ်သိုလဲ၊ တိုင်းပြု ပြည်ပြု လွှတ်တော် တိုက်ရိုက်ရွေးကောက်ပွဲ လိုချင်တယ်။ အဲဒီရွေးကောက်ပွဲမှာ အမျိုးသား မဟုတ်တဲ့ နိုင်ငံခြားသားများ မပါရဘူး၊ အဲဒီတိုင်းပြု ပြည်ပြု လွှတ်တော်က လွတ်လပ်ရေး မဟုတ်ဘူး။အဲဒီက ဆုံးဖြတ်ပြီးမှ လွတ်လပ်ရေးရမှာ။ နည်းလမ်းအဖြစ်သွားတောင်းတာဘဲ။ ရသလား မေးယင်–ရတယ်ဖြေတယ်။

တိုင်းပြည် အင်အားကြောင့်

စကားပြောချိုလို့၊ ပရိယာယ် ကောင်းလို့ ရတာမဟုတ်ဘူး။ ကျွန်တော် စကား ပြောတာ သိပ်မချိုဘူး။ ဗမာပြည်မှာ အင်အား ပြတာတွေကို ခန့်ညားရှိသေတဲ့ အတွက်သာ ရတယ်လို့ ကျွန်တော် ယူဆပါတယ်။ တိုင်းပြု ပြည်ပြု လွှတ်တော် တိုက်ရိုက် ရွေးကောက်ပွဲမှာ အမျိုးသား မခေါ်နိုင်တဲ့ လူများမပါရဘူးလို့ ဖ- ဆ- ပ- လ က အတောင်းခိုင်းတယ်၊ ရသလားမေးယင် ရတယ်လို့ ဖြေမယ်။ အိန္ဒိယမှာတောင် နိုင်ငံခြားသား မပါဘူး ဆိုပေမဲ့ နည်းနည်း ပါးပါး ပါသေးတယ်။ ကျွန်တော်တို့က လုံးဝ ရပါတယ်။



ကာလ ပိုင်အစိုးရ

အမျိုးသား ကြားဖြတ် အစိုးရ ရသလား မေးယင်၊ ဥပဒေနဲ့ ဆိုယင် မရဘူး။ အင်္ဂလိပ်က ဥပဒေ လုပ်ယင် ပါလီမန် တင်ရမယ်။ အဲဒီကြား အတွင်းမှ ဥပဒေလုပ်ပြီးတဲ့ အထိ ခုအုပ်ချုပ်ရေး အတိုင်းနေမယ်။ဘယ်လိုဘဲရရ လက်တွေ့အားဖြင့် တိုင်းပြည်ကို အာဏာပိုင်တဲ့ အစိုးရ အဖြစ် အုပ်ချုပ်ချင်တယ်။ ရသလား ဆိုယင် ရတယ်ဖြေမယ်။ ဘယ်လို ရသလဲ ဆိုယင် ထုံးတမ်းစဉ်လာ သဘောအရ ပါးစပ်ပြောမဟုတ်ဘဲ စာနဲ့ ပေနဲ့ ရခဲ့ပါတယ်။ ထုံးတမ်းစဉ်လာ ဆိုတာ ဥပဒေလောက် အသုံးဝင်ပါတယ်။

ကာကွယ်ရေး ဌာန

ကာကွယ်ရေးနဲ့ နိုင်ငံခြားရေး ဌာနကို ကျွန်တော်တို့ လုံးဝ အုပ်ချုပ်နိုင်တယ်။ တိုင်းရင်းသား စစ်တပ်များကို ကိုယ်တိုင် အုပ်ချုပ်ပြီး နိုင်ငံခြား စစ်တပ်များကိုလဲ ကျွန်တော်တို့ လက်အောက် သွင်းပေးဖို့ ပြောခဲ့ပါတယ်။

နိုင်ငံခြား သံလွှတ်ရေး

နိုင်ငံခြားကို သံအမတ် လွှတ်ဖို့ ရခဲ့ပါတယ်။ သံအမတ်လွှတ်တယ်ဆိုတာ ဗြိတိသျှ အစိုးရနှင့် မဆိုင်ပါ၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ် လွှတ်ချင်တဲ့ တိုင်းပြည် နှစ်ဦး စေ့စပ်ပြီး သဘောတူတဲ့ အတိုင်း လွှတ်ရမှာဘဲ။ ဘာမှ အချုပ်အချယ် မရှိပါ။

မြို့ရှိုးယရက်တွေရှုပ်ယှင်

ပြည်တွင်း အုပ်ချုပ်ရေးမှာ မြို့ရှိကရက်တွေ ရှုပ်ယှင် ဖြုတ်ပစ်မှာဘဲ။ ရှေ့ကို ကျွန်တော်တို့ ဝန်ကြီးအဖွဲ့ဟာ အစိုးရဘဲ။ ကျွန်တော်တို့ အစိုးရက လွှဲယင် ဒီပြင် ဘယ်အစိုးရလာအုပ်ချုပ်တာကိုမှမကြိုက်ဘူး (ဩဘာသံ)။ ရှေ့အဖို့မှာ ဘယ်နိုင်ငံရေးအဖွဲ့ ဘယ်ပါတီမဆို တရားသဖြင့် လုပ်ယင် လွတ်လပ်ခွင့် ရမယ်။ ကျွန်တော်တို့ ပေးတဲ့လွတ်လပ်ခွင့်ကို အလွဲ သုံးစား လုပ်ယင် ကျွန်တော်တို့က နှိမ်မယ်။

တိုင်းပြည်က မကြိုက်လျှင်

တိုင်းပြည် လူထုတွေက မကြိုက်ယင် ထွက်ပေးမယ်။ ဘုရင်ခံက ခန့်တာ တိုင်းပြည်က မဖြုတ်နိုင်ဘူး ပြောတယ်။ ဥပဒေအရ မှန်တယ်။ တိုင်းပြည်က

www.burmeseclassic.com



ကျွန်တော်တို့ကို မလိုလားတဲ့ အကြောင်း ထင်ထင်ရှားရှား ပြယင် ကျုပ်တို့ ထွက်ပေးဖို့ အသင့်ဘဲ။

### လူနှစ်ယောက် အကြောင်း

ဘိလပ်သွားတာ ဖ- ဆ- ပ- လ ညွန့်ကြားချက်နဲ့ ဝန်ကြီးအဖွဲ့ ကိုယ်စားလှယ်အဖြစ် သွားဟာ၊ ကျွန်တော်တို့ အထဲ လူနှစ်ယောက် ပါလာတယ်။ ထွက်သွားကတဲက တယောက်က ချန်နေခဲ့တယ်။ တယောက်ကနေရာမရမှာ စိုးလို့ လိုက်လာတယ်။ ဘာပြောသလဲ။ ငါတို့နောက်ထပ် ဝန်ကြီး တနေရာလိုချင်တယ် (ရှက်ဖွယ်)။ ဒါနဲ့ ကျုပ်က သက်ညှာစွာ စဉ်းစား ပေးပါမယ်လို့ ပြောလိုက်တယ်။

### ချောက်ချဖို့ဘဲ

အစကတည်းက တမူးဖိုးပိုရှုဖို့လာပြီး တမူးဖိုး ပိုရှုဖို့ နေရာတကာ လုပ်တယ်။ တိုတိုပြောရယင် နောက်ဆုံး အထိ ကျွန်တော်ကို တင်တဲ့ ကိစ္စမှာ အကုန်လုံး ဆွေးနွေးပြီးလို့ လက်ခံပါပြီ ပြောမှ အဲဒီတော့မှ ကျွန်တော်တို့ မပါပါဘူးလို့ ပြောကြတယ်။ ကျွန်တော့်ကို ချောက်ချဖို့ဘဲ။ ဒါပေတဲ့ မကြောက်ဘူး။

### သူတို့ သဘောကျအောင်

ဒီလို လူတွေ သဘောတူအောင် မလုပ်နိုင်ဘူးလားလို့ မေးကြတယ်။ အကြောင်း သိရက်သားနဲ့ မေးကြသလားလို့ ပြန်မေးချင်ပါတယ်။ (ဩဘာသံ)။ ဒီလူတွေ သဘောကျအောင် လုပ်ရမယ်ဆိုလျှင် လာမဲ့ ရွေးကောက်ပွဲမှာ ခင်ဗျားတို့ လူကျပါအောင် လုပ်ပေးမယ်ဆိုယင် သဘောကျမှာဘဲ။ မြင်မဲ့လိုတဲ့ လူတွေကို နားလည်အောင်တော့ မပြောနိုင်ပါဘူး။ တိုင်းသူပြည်သားများ နားလည်အောင် တော့ ပြောနိုင်ပါတယ် (ဩဘာသံ)။

### တနှစ်ဘဲစောင့်ပါ

သွားတောင်းတာ ရသလားဆိုယင် တရာမှာ တရာတော့ မရဘူး။ လိုချင့်သလောက် နီးနီး ရပါတယ်။ ရှေ့ကို လုပ်ချင်တဲ့ လုပ်ငန်းစဉ် အရ လွတ်လပ်ရေး စခန်းကို သွားမဲ့ နေရာမှာ လျင်မြန်အေးချမ်းစွာ သွားနိုင်မယ်လို့ ယူဆ



တယ်။ များများ မစောင့်ရပါဘူး။ တနှစ်လောက်ဘဲ စောင့်ပါ။ လွတ်လပ်ရေးကို တနှစ်အတွင်း ရအောင် ဘာဖြစ်လို့ မစောင့်သလဲ မေးကြပါတယ်။ လွတ်လပ်ရေးကို သူတို့ မကြေညာနိုင်ပါ၊ ကျွန်တော်တို့ လွတ်လပ်ရေးကို တိုင်းသူပြည်သားများကသာ လွတ်လပ်တဲ့ နိုင်ငံလို့ ကြေညာနိုင်မယ်။ ဘယ်အပေါ်မှာ တည်သလဲ ဆိုယင် ကျွန်တော်တို့ ညီညွတ်သေးစည်းမှု အင်အားပေါ်မှာတည်တယ်။

### တနှစ်အတွင်း ရမယ်

တနှစ်အတွင်း လွတ်လပ်ရေး ရမယ် မရဘူးဆိုတာ ကျွန်တော်တို့ ဖ-ဆ-ပ-လ အဖွဲ့ချုပ် လုပ်ငန်းစဉ်ကို ပြန်၍ စစ်ဆေးကြည့်မယ်ဆိုယင် တဆင့်ထက် တဆင့် ဘယ်လို တက်လာသလဲ။ ဘယ်လို ကျွန်ရှိရစွာနဲ့ လုပ်ကိုင်နိုင်တယ်။ တော်လှန်ရေးမှာ လုပ်လာတဲ့ လူတွေဆိုတာ သိတန်သလောက် သိကြတယ်။ အဲဒီလို တဆင့်တက်၍ လုပ်သားကြတယ် ဆိုယင် လူသူက ဘာပြောပြော နားမယောင်ကြဘဲ ဖ-ဆ-ပ-လ အဖွဲ့ချုပ်၏ ညွှန်ကြားလမ်းပြရာသို့ ဘသွေမတိမ်း လိုက်နာယင် တနှစ်အတွင်း လွတ်လပ်ရေး ရမယ်လို့ ကတိပေးခဲ့မယ်။ ဟုတ်သလား မဟုတ်ဘူး စောင့်ကြည့်ကြပါ။

### တိုက်ပွဲ မပြီးသေးဘူး

ခုခင်ဗျားတို့ကို နားလည်စေချင်တာက လွတ်လပ်ရေး မရသေးဘူး။ လွတ်လပ်ရေး တိုက်ပွဲ မပြီးသေးဘူး။ တနှစ်အတွင်း ရနိုင်အောင်ခင်ဗျားတို့ ဆက်လက် ကောင့်ထားဖို့ လိုတယ်။ လွတ်လပ်ရေး ရပြီးတာတောင် ဆက် တောင့်ထားနိုင်လေ ကောင်းလေဘဲ။

### ထောက်ခံမလား ဆန့်ကျင်မလား

(တိုနောက် ဆက်လက် ပြောဆိုသည်မှာ) ဖ- ဆ- ပ-လ အဖွဲ့ချုပ်ကို ပါတီများက သဘောကျသည်ကို ဂရုမပြုဘဲ (အဓိကမထားဘဲ) တိုင်းသူပြည်သားများ၊ စည်းလုံးညီညွတ်မှုကိုသာ လိုလားတယ်။ တိုင်းပြည်တွင် ဟိုယိမ်း ဒီယိုင်လူမျိုးများကို တသမတ်တည်း ထောက်ခံမလား၊ ဆန့်ကျင်ဖက် ပြုမလား၊ သဘောအတိုင်းဘဲ။ တိုင်းသူပြည်သားများကသာ ထောက်ခံမယ်ဆိုယင် ကျွန်တော်က တနှစ်အတွင်း ဗမာပြည် လွတ်လပ်ရေး ရအောင် လုပ်ပေးမယ်လို့ ကတိပြုပါတယ်။ (ဩဘာသံ)။ ။

www.burmeseclassic.com

www.burmeseclassic.com

# အရေးကြီးသော စက်မှုလုပ်ငန်းများကို ပြည်သူပိုင်လုပ်ရန်

ဗိုလ်ချုပ်အောင်ဆန်းတို့ အိလပ်သွား၍ "အောင်ဆန်း-အက်တလီ စာချုပ်" ချုပ်ဆိုနိုင်ခဲ့ခြင်းသည် လွတ်လပ်ရေး ရရှိရေးအတွက် လမ်းစ ဖွင့်လာခြင်း ဖြစ်သည်။ ယင်းလုံစာချုပ် ချုပ်ဆိုပြီးသောအခါတွင်မူကား ပြည်ထောင်စု နိုင်ငံဖြစ်လာဖို့သာချာ နေပြန်သည်။ ဧပြီလတွင် ကျင်းပ တော့မည့် ရွေးကောက်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် (ဖ ဆ ပ လ) အဖွဲ့ချုပ် ကိုယ်စားလှယ်များ အပြတ်အသတ် အနိုင်ရဖို့ များနေသည်။ အမျိုးသား ကြားဖြတ်အစိုးရ မှုနိုင်ရန် သေချာသည်။ ဤအခြေအနေတွင် မြန်မာပြည်ရှိ ဗြိတိသျှ အရင်းရှင် ကုန်သည်ကြီးများ သည် မိမိတို့ စီးပွားရေး လုပ်ငန်းအပေါ် ဗိုလ်ချုပ်အောင်ဆန်းတို့ကမည် သို့သဘောထားကြောင်း သိလိုကြသည်။ ထို့ကြောင့် ဗြိတိသျှ ကုန်သည် ကြီးများသည် ၎င်းတို့အသင်း အစည်းအဝေးသို့ ဗိုလ်ချုပ်အောင်ဆန်း အား ဖိတ်ကြား၍ မိန့်ခွန်း ပြောပါဟု မေတ္တာရပ်ခံလာသည်။ ဗိုလ်ချုပ် ကလည်း ဤအခွင့်ကောင်းကို မြင်တတ်ပါသည်။ လူစုံတုန်း သူပြောချင် တာတွေ ပြောဖို့ အကွက် ဆိုက်လာသည်။ ထို့ကြောင့် သူသည် စီးပွား ရေး လုပ်ငန်းကြီးများကို ပြည်သူပိုင်သိမ်းယူမည်၊ ရှိပြီးသား ဖရိုဂျက် ထွက်ကို မကျေနပ်၊ အလုပ်သမားတွေ သပိတ်မှောက်တာ တရားသည်၊ စီးပွားရေးလုပ်ငန်းတွေ ကမောက်ကမဖြစ်အောင် လုပ်လာလျှင် ပြင်း ပြင်းထန်ထန် အရေးယူမည် စသဖြင့် ဖြောင့်ဖြောင့်ချလိုက်သည်။

၁၉၄၇ ခု၊ မတ်လ ၁ ရက်နေ့က မြန်မာပြည် အင်္ဂလိပ်ကုန်သည် ကြီးများ အသင်း၌ ပြောကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကုန်သည်ကြီး အသင်း ဥက္ကဋ္ဌ စကားထဲ၌ အမျိုးမျိုး သော ကိစ္စတို့ကို ပြောသွားရာ ထိုအချက်တို့ကို သိရသဖြင့် ကျေးဇူး တင်ကြောင်း။ ထိုစကား





ကို ထောက်ရှုခြင်း အားဖြင့် အင်္ဂလိပ် ကုန်သည်ကြီး အသင်းသည် မြန်မာ ပြည် စီးပွားရေးဖက်၌ များစွာ စိတ်ဝင်စားသည်ကို ပြလျက်ရှိကြောင်း၊ ဖရိုဂျက်များနှင့် ပတ်သက်၍ ဥက္ကဋ္ဌမှာ ကျွန်ုပ်ထက်ပင် သတင်းစုံစွာ သိရှိကြောင်း၊ (ထို့နောက် ဗိုလ်ချုပ်က မြန်မာပြည်၌ စစ် နှစ်ခါဖြစ်၍ ဗမာ့စီးပွား ရေးပျက်စီးပုံ၊ လယ်များ ပျက်စီးပုံနှင့် ဂျပန်ငွေစက္ကူတန်ဖိုး မရှိဟု ကြေ ညာသဖြင့် ဂျပန်ငွေစက္ကူများသာ ခမ်းသာသော မြန်မာများ နွမ်းချင်း ညချင်း ဆင်းရဲရပုံတို့ကို ပြော၍ ထိုအကြောင်းများကြောင့် မြန်မာပြည်မှာ မငြိမ်သက်ဖြစ်ရပုံမှာ အံ့ဩစရာ မရှိဟု ပြောဆိုကြောင်း။ ၎င်းနောက် မီးရထားလမ်းနှင့် လျှပ်စစ် ဓာတ်သတ္တုတွင်းများ ပြန်လည် လုပ်ကိုင်ပုံကို ပြောပြလေသည်။)

## မြန်မာ့ဆန် အခြေအနေ

ယခုနှစ် နွားနှင့် လယ်တွန် ကရိယာ မရှိသော်လည်း မြန်မာ လယ်သမား များ ပေါ်ပိုထွက်အောင်လုပ်ကိုင်သဖြင့် အစိုးရနှင့် ဆန်လိုနေသော တိုင်းပြည် မှ လူများက ကျေးဇူးတင်ကြောင်း။ ဆန်တန်ချိန် တသန်း နိုင်ငံခြားသို့ပို့ရန် ခန့်မှန်းကြောင်း။ စစ်မဖြစ်မီက အဆင့် အတန်းကို မှီသော မြန်မာဆန်ရဖို့ ခဲယဉ်းသည်ဟု ပြောဆိုရာ ၎င်းတို့မှာ လိုအပ်သောပစ္စည်း လိုနေသော ကြောင့် ဖြစ်ကြောင်း။ မြန်မာဆန်သည် စစ်မဖြစ်မီက အခြေသို့ ရောက်လိမ့် မည်ဟု မျှော်လင့်ကြောင်း။

ငါးခွမ်းနှင့် ဆိုကြတ်ရန် နှမ်းနှင့် ပဲထွက်ခြင်းမှာ မကျေနပ်စရာပင် ဖြစ် သည်ဟု ဥက္ကဋ္ဌက ပြောသွားကြောင်း။ ထိုသို့ ဖြစ်ရခြင်းမှာ ရာသီဥတု ကောင်းသဖြင့် ထိုရာသီဥတု သဘာဝကို ကျုပ်တို့ မထိန်းနိုင်ကြောင်း၊ မြန်မာပြည်က အိန္ဒိယပြည်မှ ပဲဆီ တန်ချိန် ၄၅,၀၀၀ တောင်းကြောင်း၊ ဤသို့တောင်းဆိုခြင်းမှာ မြန်မာများမှာ ဆီစားသုံး၍ အင်အားရှိရန် အတွက် ပင် ဖြစ်ကြောင်း။

သစ်ကိုလည်း အစိုးရက နိုင်ငံခြားနှင့် ပြည်တွင်းသုံး အတွက် လိုသ လောက် ရအောင်နှင့် စစ်မဖြစ်မီက ရောင်းဝယ်ရေး အခြေပြန်ရောက်အောင် ကြိုးစားလျက် ရှိကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



## ပရိုဂျက်ကို မကျေနပ်

ပရိုဂျက်များ ကို ပျက်စီးသော မြန်မာပြည်ကို ပြန်လည်ထူထောင်ရန် ဆင်မလားမြို့မှ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းပရိုဂျက် ဝါဒများနှင့် ပတ်သက်၍ အစိုးရက ကိုင်တွယ်မည်ဖြစ်ကြောင်း၊ ပရိုဂျက်များလုပ်နေပုံကို မကျေနပ်ကြောင်း၊ ထိုပရိုဂျက် ဝါဒရည်ရွယ်ချက်မှာ ကောင်းသော်လည်း လုပ်ငန်းစဉ် မကောင်းသဖြင့် မကြိုက်ကြောင်း၊ ပြည်သူ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေး ပရိုဂျက်များမှာ အလကားငွေဖြုန်းနေကြောင်း၊ ထိုလုပ်ငန်းတွင် စစ်ဆေးခြင်း မရှိဘဲ လုပ်နေသည်ဟု သတင်း ရရှိကြောင်း၊ ဤသို့ဖြစ်မှုကို လျစ်လျူမရှုနိုင်ကြောင်း။

## ကျပ်တည်းစွာ အုပ်ချုပ်မည်

ယခုအခါတွင် ရနိုင်သမျှ ကုတ်ကတ်ရရှိသော ငွေတကျပ်တိုင်း တိုင်းပြည်အကျိုးအတွက် အသုံးပြုရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရက ထိုပရိုဂျက်များကို ကျပ်ကျပ်တည်းတည်း စီမံအုပ်ချုပ်ရန် ကြံရွယ်ခြင်း ဖြစ်ကြောင်း။ ပရိုဂျက်တို့ လုပ်ကိုင်ခဲ့ခြင်းများကို အရည်အချင်း မဟုတ်သော ကိုယ်စားလှယ်များနှင့် ပေါင်း၍ ပြန်လည်ဝေဖန် စီစစ်ရမည် ဖြစ်ကြောင်း။

## ပြည်သူပိုင် လုပ်မည်

မြန်မာပြည်၌ အရေးကြီးသော စက်မှု လုပ်ငန်းအရပ်ရပ်ကို ပြည်သူပိုင်လုပ်ရန် ကျွန်ုပ်ကြံရွယ်ကြောင်း၊ ထိုသို့ ပြုလုပ်မှသာ လူတို့စိတ်ကျေနပ်၍ ပျော်ရွှင်စွာ နေနိုင်သော အဆင့်အတန်းကို ရရှိမည်ဟု ကျွန်ုပ် စွဲမြဲစွာ ယုံကြည်ကြောင်း၊ သို့သော် ပြည်သူပိုင် လုပ်ငန်း လုပ်ခြင်းမှာ ခက်ခဲသော ပြုပြောင်းမှုနှင့် မှန်ကန်သော အချိန်ရောက်မှ လုပ်ရမည် ဆိုချက်ကို သိရှိကြောင်း။

## တိုင်းရင်းသား လုပ်ငန်းများ

ယခု အခါ၌မူ ပရိုဂျက်များသည် ပြည်ပိုင် လုပ်ငန်းနှင့် တူသလိုရှိသော်လည်း တိုင်းရင်းသားလုပ်ငန်းများကို အားပေးမည့် အစား အသေသတ်နေပုံရကြောင်း၊ ကျွန်ုပ်၏ ဝါဒမှာ အများ ပြည်သူတို့အကျိုး ပိုရှိလာအောင်



သာ ထိုလုပ်ငန်းများကို ပြည်ပိုင် လုပ်ငန်း ဖြစ်စေလိုကြောင်း၊ တိုင်းရင်းသားလုပ်ငန်းရှာန ပျက်စီးအောင် လုပ်ဖို့ကား ကျွန်ုပ်သဘော မတူနိုင်ကြောင်း၊ တိုင်းရင်းသား လုပ်ငန်းတို့ကို အစိုးရက အခြေတည်မြဲရန်အားပေးရန်လိုသည်ဟု ကျွန်ုပ်ထင်မြင်ကြောင်း။

## အရင်းရှင်ဝါဒ

အရင်းရှင် ဝါဒသည် အခါခပ်သိမ်း လိုလားအပ်သည်ဟု ကျွန်ုပ် မထင်ကြောင်း၊ အချိန် ကာလအားဖြင့် ကျွန်ုပ်တို့ပြည်မှာ ရှေ့သို့ တလှမ်းပတက်နိုင်မီထိုအရင်းရှင် ဝါဒထဲမှပင် လုပ်ကိုင် သွားရမည် ဖြစ်ကြောင်း၊ သို့သော် အရင်းရှင် စံနစ်ကို အနောက်နိုင်ငံများကဲ့သို့ တရားလွန် တိုးတက် ဖွံ့ဖြိုးလာရန် မလုပ်သင့်ကြောင်း။

## နိုင်ငံခြား အကူအညီ

မြန်မာပြည်သည် လျင်မြန်စွာ တိုးတက် ဖွံ့ဖြိုးလိုလျှင် နိုင်ငံခြား အကူအညီကို လိုလိမ့်မည် ဖြစ်ကြောင်း၊ တိုးတက် မှုကို အကြောင်းပြု၍ နိုင်ငံခြား အကူ အညီကို ဖိတ်ခေါ် ရမည် ဖြစ်ကြောင်း၊ ထိုသို့ ဖိတ်ခေါ်ရာ၌ ကျွန်ုပ်တို့ စီမံသလို လုပ်နိုင်မှသာ ထိုနိုင်ငံခြား အကူအညီကို လက်ခံနိုင်မည် ဖြစ်ကြောင်း၊ ၎င်းနိုင်ငံခြား အကူ အညီကို ဇက်ကြိုး လွှတ်ထားနိုင်လိမ့်မည် မဟုတ်ကြောင်း၊ သို့သော် ထိုက်တန်သော ဈေးကိုကား ကျွန်ုပ်တို့ ကြီးပွားသည်အလိုက် ကြည့်၍ ပေးမည် ဖြစ်ကြောင်း။

## လွတ်လပ်သင့်သောအခါ

လန်ဒန် စာချုပ်ကို လက်မှတ် ထိုးပြီးသဖြင့် ကျွန်ုပ်တို့၏ အနာဂတ်နိုင်ငံရေးမှာ ကျွန်ုပ်တို့ လွတ်လပ်သင့်သောအခါ လွတ်လပ်သော ပြည်ဖြစ်နိုင်ရန် စဉ်းစားဖို့မှာ ကျွန်ုပ်တို့ပင် ဖြစ်သည်မှာ ပို၍ သေချာလာကြောင်း၊ ကျွန်ုပ်တို့၏ နိုင်ငံရေး ရောဂါမှာ ဆေးချက်မှန်ပြီ ဖြစ်သော်လည်း စီးပွားရေးမှာကား ကုသရန် ကျန်သေးသည်။ စီးပွားရေး မကောင်းသမျှ ကာလပတ်လုံး ကျွန်ုပ်တို့ မြန်မြန် ဖြစ်စေချင်သော ငြိမ်းချမ်းသာယာရေး မရနိုင်။ ထိုကိစ္စများ ဖြစ်ရန် ကိုယ်အစိုးရက အထူးဂရုစိုက်လုပ်ကိုင်နိုင်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



**အလုပ်သမားအရေး**

ယခုအခါမှ အလုပ်သမား မငြိမ်သက်မှုများ ရှိလျက် သပိတ်မှောက်နေကြကြောင်း၊ ထိုသို့ သပိတ်မှောက်ခြင်းမှာ အရင်းရှင် ဝါဒ၌ မလွဲမရှောင်သာဘဲ ဖြစ်ပွားရမည်ပင် ဖြစ်ကြောင်း၊ အလုပ်သမားများ၏ တောင်းဆိုချက် အများပင် တရားမျှတကြောင်း၊ မြန်မာပြည်ရှိ အလုပ်သမား အခြေအနေမှာ အခြားတိုးတက်သော တိုင်းပြည်ရှိ အလုပ်သမား အခြေ အနေနှင့် နှိုင်းစာလျှင် များစွာ ကျေနပ်ဖွယ် မရှိကြောင်း၊ အလုပ်သမားများမှာ အခြေစိုက်ရန် မရှိ၊ ပင်စင်မရှိ၊ လုံခြုံရေးလဲ မရှိကြောင်း၊ အလုပ်သမားများ နိုးကြားလာပြီ ဖြစ်၍ ၎င်းတို့လိုလားချက်ကို တောင်းရာ ပဋိပက္ခများ ဖြစ်၍ မွားတာ ပိုတာတွေ ရှိမည် ဖြစ်ကြောင်း၊ အလုပ်သမား အရေးကို အပြစ်တင် ရှုတ်ချဖို့ မသင့်ကြောင်း၊ ကုန်သည်ရေး ဆိုင်ရာ လုပ်ငန်းရှင်များကလက်ရှိ အလုပ်သမား သပိတ် ဖြေရှင်းရာ၌ သဘောတူပြီး အချက်များကို စိတ်ရှေ ကိုယ်ပါ လိုက်လျောသင့်ကြောင်း၊ အစိုးရကလည်း သပိတ်အရေးပြီးအောင် အစမ်းကုန် ကြိုးစားနေကြောင်း၊ ဖြေရှင်း သဘောတူပြီး အချက်များနှင့် ပတ်သက်၍ မလိုက်နာလျှင် စက်မှု စီးပွားလုပ်ငန်း အေးငြိမ်းရန် အစိုးရက ကျပ်တည်းသော အရေးယူမှုကို ပြုလုပ်ရမည် ဖြစ်ကြောင်း။ ။

# လူထုကို တပတ်မရိုက်

"အောင်ဆန်း အက်တလီ စာချုပ်" အပိုဒ် ၁ အရ၊ စောနိုင်သမျှ စောစီးစွာ တိုင်းပြု ပြည်ပြု လွှတ်တော်တည်ထောင်နိုင်ရန်အတွက် ရွေးကောက်ပွဲ ကျင်းပရန် လိုနေသည်။ ယင်းရွေးကောက်ပွဲမှ ရွေးချယ်သော တိုင်းပြည် ကိုယ်စားလှယ်များပါဝင်သည့် တိုင်းပြုပြည်ပြု လွှတ်တော်သည် လွတ်လပ်ရေး ဥပဒေကြမ်း ရေးဆွဲ ပြဋ္ဌာန်း နိုင်ခွင့် ရှိ၏။ ထိုမျှ အာဏာ အခွင့်အရေးပြည့်စုံသည့် တိုင်းပြုပြည်ပြု လွှတ်တော်တွင် လွတ်လပ်ရေးရရှိရေးနှင့် ပြည်သူ လူထုအကျိုး တကယ်ဆောင်ရွက်မည့် ပြည်သူ့ ကိုယ်စားလှယ်များ အရွေးခံရရေးသည် အထူးအရေးကြီး၏။ ၁၉၄၇ ခု၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့ ညီညွတ်ရေး တပ်ဦး (ဖဆပလ) ကိုယ်စားလှယ် အမတ်လောင်းများ မဲဆန္ဒရရှိ အရွေး ခံရဖို့ အရေးကြီးခဲလသည်။ ထို့ကြောင့် ဗိုလ်ချုပ် အောင်ဆန်းသည် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မေတ္တာရပ်ခံချက် တစောင် တိုင်းပြည်သို့ ထုတ်ပြန် လိုက်သည်။

ယင်း မေတ္တာရပ်ခံချက် စာတမ်းကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား မြန်မာ့အသံက ၁၉၄၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ည ၆ နာရီ ၃၀ မိနစ် အချိန်တွင် အသံလွှင့် ဖတ်ကြားသွားရာ အောက်ပါ အတိုင်း ဖြစ်သည်။

ဗမာတွေ လမ်းနှစ်ခွသို့ ရောက်နေကြပြီ။ တလမ်းမှာ ကျွန်သက် ရှည်မည့်လမ်းဖြစ်သည်။ အခြားတလမ်းမှာ ကျွန်သက်တိုမည့် လမ်းဖြစ်သည်။

ဤ လမ်းနှစ်လမ်းအနက် ဘယ်လမ်းကိုလိုက်ကြမည်လဲ။ ဤမေးခွန်းကို ၁၃၀၈ ခု၊တန်ခူးလဆုတ် ၄ ရက်(၉–၄–၄၇)နေ့တွင်ကျင်းပမည့်တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကြီးတွင် ဗမာတွေကိုယ်တိုင် ဖြေကြရတော့မည်။ ဒီအဖြေကိုမပေးမီ လက်ငင်းနိုင်ငံရေး အခြေအနေကို ဗမာတိုင်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း သဘောပေါက်ထားရန်လိုသည်။ ယခုအခါတွင် ဗမာပြည် နိုင်ငံရေးတွင် ဖ၊ ဆ၊ ပ၊ လ နှင့် ဖ၊ ဆ၊ ပ၊ လ ဆန့်ကျင်ရေးဟူ၍ အကြမ်းအားဖြင့် နိုင်ငံရေး သမားနှစ်မျိုး နှစ်စားရှိသည်။

ခပ်ရှင်းရှင်းပြောရလျှင် ဖ၊ ဆ၊ ပ၊ လ ဆန့်ကျင်ရေး သမားများထဲတွင် ၁။ ဗြိတိသျှ နယ်ချဲ့သမားတို့၏ ပဉ္စမ တပ်သားများနှင့် ၂။ မင်းသားကြီး လုပ်ချင်သူများ ပါကြသည်။

ဗြိတိသျှ နယ်ချဲ့သမားတို့၏ ပဉ္စမ တပ်သားများဆိုသည်မှာ အခြားမဟုတ်။ ဗမာ့ အဆီအနှစ်များကို စားသောက်နေကြသော ဗြိတိသျှ နယ်ချဲ့သမားများထံမှ အရိုးအယှင်းများကို လက်ခံပြီးလျှင် ဗမာပြည်တွင်း၌ ဗြိတိသျှ နယ်ချဲ့သမားတို့၏ အလိုတော်ကျ လိုက်လုပ်ပေးနေသောသူများပင် ဖြစ်ကြသည်။

ဥပမာ၊ ဖ၊ ဆ၊ ပ၊ လ အင်အားစုများကို ပျက်ပြားအောင် ပြုလုပ်ခြင်း၊ ဖ၊ ဆ၊ ပ၊ လ အပေါ်တွင် လူထုက အထင်လွဲအောင် လှုံ့ဆော်ပေးခြင်း၊ ဗြိတိသျှ နယ်ချဲ့သမား တဦးတည်းကို ပါပြီးမတိုက်နိုင်အောင် ဖ၊ ဆ၊ ပ၊ လ ကို ဘေးနှင့် နောက်မှဝင်၍ တိုက်ပေးခြင်း အစရှိသည့် လုပ်ငန်းများ ဖြစ်ကြသည်။

ထိုမျှမကသေး၊ ရွေးကောက်ပွဲ မလုပ်ဖြစ်အောင်ပင် အဆိုပါ ပဉ္စမ တပ်သားတို့၏ အကူအညီဖြင့် ဗြိတ်သျှနယ်ချဲ့ သမားတို့သည် ကြိုးစားကြပေလိမ့်ဦးမည်။

ဗြိတိသျှ နယ်ချဲ့သမားတို့သည် ဥပဒေ ပုဒ်မ ၁၃၉ အရ၊ ဗမာပြည်ကို တချက်လွှတ်အာဏာများဖြင့် အုပ်စိုးလိုကြသဖြင့် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကိုပင် မဆိုထားဘိ၊ ၁၉၃၅ ခု၊ အက်ဥပဒေအရ ဥပဒေပြု လွှတ်တော် ရွေးကောက်ပွဲ ရှိးရှိးကိုပင် မကျင်းပလို၊ အကြောင်း အမျိုးမျိုးပြပြီး ရွှေ့ဆိုင်းခဲ့သည် မဟုတ်ပါလော။

* ယခုအခါတွင် ဖ၊ ဆ၊ ပ၊ လ ၏ နောက်၌ရှိသော ဗမာ့လူထုကြီး၏ အရှိန်အဝါကို မခံနိုင်သဖြင့် ဥပဒေပြု လွှတ်တော်ပင် မကတော့ဘဲ။ လွှတ်လပ်ရေး စည်းမျဉ်းကို ရေးဆွဲရမည့် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကိုပင် ခွင့်ပြုရပေပြီ။



သို့ရာတွင် ရွေးကောက်ပွဲ မလုပ်ဖြစ်လေလေ၊ ဗြိတိသျှနယ်ချဲ့ သမားများသည် ဗမာ့အဆီအနှစ်များကို အချိန်ကြာကြာ စားသောက်ရလေလေဟူသော သဘောဖြင့် ၎င်းတို့၏ ပဉ္စမတပ်သားများကို အသုံးပြုပြီး ရွေးကောက်ပွဲကို ဖျက်ပစ်မှာ စိုးရိမ်ရသေးသည်။ ဤအချက်ကို လူထုသည် ကောင်းစွာ သဘောပေါက်ရမည်။

အိန္ဒိယပြည်တွင် ဗြိတိသျှ နယ်ချဲ့သမားတို့သည် ရွေးကောက်ပွဲ၌ ဝင်၍မရှုပ်ရသော်လည်း တိုင်းပြုပြည်ပြု လွှတ်တော် မကျင်းပနိုင်အောင် ဟိန္ဒူနှင့် မွလဆင်ကို ကစားပေးလျက်ရှိသဖြင့် အိန္ဒိယသည် လွတ်လပ်ရေး တံခါးဝသို့ ရောက်နေပါလျက် ယခုထက်တိုင် ဇာတ်မျောလျက် ရှိလေသည်။ သို့ဖြစ်ရာ ဗမာ့ လွတ်လပ်ရေးကို ဇာတ်မျောအောင် ပြုလုပ်ပေးကြမည့် ဗမာ့ ပဉ္စမတပ်သား များကိုလည်း လူထုသည် ကောင်းစွာ သတိပြုကြရလိမ့်မည်။

ပဉ္စမတပ်သားများ၏ အကြောင်းကိုကား အကျဉ်းချုပ်၍ ဖော်ပြခဲ့ပြီးပြီ။ မင်းသားကြီး လုပ်ချင်သူများ၏ အကြောင်းကို ရှင်းပြရဦးမည်။

ယခုအခါတွင်၊ ဖ၊ ဆ၊ ပ၊ လ သည် လူထု၏ရှေ့၌ မားမားမတ်မတ် ရပ်၍ ခေါင်းဆောင်နေခြင်းကို ထိုမင်းသားကြီး လုပ်လိုသူများသည် မနာလို မရှုဆိတ်ကြချေ။ ရပ်ခြင်းရပ်လျှင် သူတို့သာ ရပ်လိုကြသည်။

သို့ရာတွင် သူတို့၏ ရှေ့နောက် မညီညွတ်သော ခေါင်းဆောင်မှု၊ အမြင်တိုသော ခေါင်းဆောင်မှု၊ ဘယ်သူသေသေ ငတေခေါင်းဆောင် ဖြစ်ရလျှင် ဟူသော ခေါင်းဆောင်မှု၊ မကြာခဏ ဖောက်လွဲဖောက်ပြန် ဖြစ်ခဲ့ရသော ခေါင်းဆောင်မှုများကြောင့် လူထုကလည်း မိမိတို့၏ရှေ့တွင် ထိုမင်းသားကြီး လုပ်လိုသူများကို အရပ်မခံကြချေ။

သို့ဖြစ်ရာ မင်းသားကြီး မလုပ်ရလျှင် မနေနိုင်သော ထိုခေါင်းဆောင်တစုတို့သည် ပတ်မကြီးကို ထိုးဖောက်လျက် ရှိကြသည်။ ၎င်းတို့အတွက်မှာမူ ၎င်းတို့ ခေါင်းဆောင် ဖြစ်မှသာလျှင် အဓိကဖြစ်သည်။ လူထု လွတ်လပ်ရေးမှာ သူတို့ခေါင်းဆောင် ဖြစ်မှုလောက် အရေးမကြီးပေ။ ထို့ကြောင့်လည်း သူတို့ခေါင်းဆောင် ဖြစ်ရသည့်အခါတွင် ဗမာ့လွတ်လပ်ရေး လမ်းစဉ်ကို မည်သို့ပင် ထိခိုက်စေကာမူ ဂရုမစိုက်ဘဲ ထိုမင်းသားကြီး မလုပ်ရသူများ

www.burmeseclassic.com

www.burmeseclassic.com



သည် ပတ်မကြီးကို ထိုးဖောက်ရန် လှုံ့လပြုခဲ့ကြသည်ကို တိုင်းပြည်လူထု၏ မျက်မြင်ပင် မဟုတ်လော။

ဗမာ့လူထုကြီးသည် ယခုအခါတွင် လမ်းနှစ်ခွသို့ ရောက်လျက်ရှိကြပြီ ဖြစ်ရာ ယခုပြောခဲ့ပြီးသော ဗြိတိသျှနယ်ချဲ့ သမားတို့၏ ပဉ္စမံတပ်သားများနှင့် မင်းသားကြီး မလုပ်ရသူများကို ကောင်းစွာ သတိပြုကြရမည်။ ထိုသူတို့၏ မှားယွင်းသော ညွှန်ကြားချက်ကြောင့် ကျွန်သက်ရှည်စေမည့်လမ်းသို့ မလိုက်မိကြရန်ကိုလည်း ကောင်းစွာ သတိပြုကြရမည်။

ရှေးက ကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် မဲအထည့်မှားသွားလျှင် ထိုအထည့်မှားသည့် ဒဏ်ကို ငါးနှစ်သာ ခံရသည်။ ငါးနှစ်စေ့၍ ရွေးကောက်ပွဲ အသစ်လုပ်လျှင် ထိုအမှားကို ပြင်နိုင်သည်။

ယခုတိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲမှာမူကား ဗမာ့နောင်ရေးကို ဆုံးဖြတ်မည့် ရွေးကောက်ပွဲ ဖြစ်နေသောကြောင့် တခါအထည့်မှားလျှင် ငါးနှစ်မက တသက်နီးပါးမျှ ခံကြရလိမ့်မည်။

ယနေ့အထိ ကျွန်တော်ခေါင်းဆောင်လျက်ရှိသော ဖ၊ ဆ၊ ပ၊ လ ကို ထောက်ခံ အားပေးခဲ့သော ဗမာ့လူထုကြီးသည် ၁၃၀၈ ခု၊ တန်ခူးလဆုတ် ၄ ရက် (၉-၄-၄၇) နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီး၌လည်း ယခုကဲ့သို့ပင် ကြံ့ကြံ့ခိုင်ခိုင် ထောက်ခံအားပေးမည်ဆိုလျှင် တနှစ်အတွင်း ဗမာနိုင်ငံသည် လုံးဝ လွတ်လပ်ရမည်ဟု ကျွန်တော် အာမခံဝံ့သည်။

ကျွန်တော်သည် တိုင်းပြည်ကို တခါဘူးမျှ တပတ်မရိုက်ခဲ့သည်ကို လူထု ကောင်းကောင်း သိပါသည်။ အထူးရှင်းပြနေစရာ မလိုပါ။

ဖက်ဆစ်ဂျပန် လက်ထက်က အသက်စွန့်ပြီး လက်ရုံးရည်သုံးသင့်သည့် အချိန်တွင် တိုင်းပြည်ကို တပတ်ရိုက်ပြီး ခေါင်းမရှောင်ခဲ့ပါ။ ကျွန်တော်ကိုယ်တိုင် လက်နက်ကိုင်ပြီး တော်လှန်ခဲ့သည်။

ကျွန်တော့်အတွက်မှာဆိုလျှင် လက်ရုံးရည်နှင့် နှလုံးရည်သည်ဘာမျှ ထူးခြားခြင်းမရှိပါ။ လူထုလွတ်လပ်ရေး တခုတည်းကိုသာ ရှေးရှုပြီး သင့်သလို ကြည့်သုံးသွားမည်။



လူထုလွတ်လပ်ရေးအတွက် လက်ရုံးရည်ကို အသုံးပြုသင့်သည့်အခါမှာ ကျွန်တော်၏ အသက်ကို စွန့်ရမှာ ကြောက်ပြီး၊ လူထုကို လမ်းလွဲ မပြခဲ့သလို၊ လူထုလွတ်လပ်ရေးအတွက် နှလုံးရည်ကို အသုံးပြုသင့်သည့်အခါမှာလည်း ပါးစပ်တော်လှန်ရေးသမား၊ စက္ကူတော်လှန်ရေးသမား၊ ဂမူးရှူးထိုးသမားများ၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ကြောက်လန့်တုန်လှုပ်ပြီး လူထုကို ဂျောက်မတွန်းခဲ့ပါ။

လက်ရုံးရည်ကိုသော်၎င်း၊ နှလုံးရည်ကိုသော်၎င်း လူထု လွတ်လပ်ရေးအတွက် အတိအကျ သုံးရန် သင့်သည့် အချိန်အခါတွင် ဘာကိုမျှ မထောက်ထားဘဲ၊ လူထုကို တပတ်ရိုက်မနေဘဲ တော်ဖြောင့်မှန်ကန်စွာ အသုံးပြုသွားမည်ကို ခိုင်ခိုင်ချယုံကြည်ကြပါ။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလဆန်းလောက်သို့ ရောက်သည့်တိုင်အောင် ဗမာ့လွတ်လပ်ရေးကို လမ်းမမြင် ကမ်းမမြင် ဖြစ်ခဲ့ရာမှ လွတ်လပ်ရေး စည်းမျဉ်း ရေးဆွဲနိုင်သည့် တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ ကျင်းပပေးရသည်အထိ ဗြိတိသျှ အစိုးရတို့က လျှော့ပေးခဲ့ရသည်မှာလည်း အခြားကြောင့်မဟုတ်။ ဖ၊ ဆ၊ ပ၊ လ သည် လွတ်လပ်ရေးနှင့် ပတ်သက်သလျှင် လက်ရုံးရည်ကိုသော်၎င်း၊ နှလုံးရည်ကိုသော်၎င်း ငဲ့ကွက် တွန့်တိုခြင်း မရှိဘဲ ဖြောင့်ဖြောင့် မှန်ကန်စွာ အသုံးပြုနိုင်သည့် အစွမ်းရှိသည်ကို ဗြိတိသျှ အစိုးရတို့က ကောင်းစွာ သဘောပေါက်လျက် ရှိသောကြောင့်ပင် ဖြစ်သည်။

အမှန်စင်စစ် ယခုအချိန်အထိ လူထုကြီး၏ ရှေ့တွင် ကျွန်တော် မားမား မတ်မတ် ရပ်နေနိုင်ခြင်းမှာလည်း ကျွန်တော် တော်လှ၍ မဟုတ်ပါ။ လူထု လွတ်လပ်ရေး အတွက် လမ်းမှန် ပေါ်ပေါက်လာသည့် အခါတိုင်းတွင် အသက်စွန့်ရမည်ကိုလည်း မကြောက်၊ ကဲ့ရဲ့ရှုတ်ချခံရမည်ကိုလည်း မတုန်လှုပ်ဘဲ ဟုတ်တိုင်း မှန်ရာကို ကျွန်တော် ကိုယ်တိုင် ရှပ်ရှပ်ချချ ခေါင်းဆောင်၍ လုပ်ပြခဲ့သောကြောင့်ပင် ဖြစ်ကြောင်းကို တိုင်းပြည် လူထု အသိပင် ဖြစ်သည်။

သို့ဖြစ်ရာ ယခုကဲ့သို့ သေရေး ရှင်ရေး ဖြစ်နေသော လမ်းနှစ်ခွသို့ ဗမာလူထုကြီးသည် ရောက်ရှိနေသည့်အခါတွင် ကျွန်တော် ခေါင်းဆောင်သော



www.burmeseclassic.com

www.burmeseclassic.com



ဖ၊ ဆ၊ ပ၊ လ လမ်းသို့ပင် ဗမာ လူထုကြီးသည် မမှိတ်မသုံ ယုံယုံကြည်ကြည်နှင့် လိုက်ကြရန် ကျွန်တော်ကိုယ်တိုင် ထပ်မံ၍ ညွှန်ကြားလိုက်ပါသည်။

ဖ၊ ဆ၊ ပ၊ လ အမတ်လောင်းများထဲမှ အချို့တို့သည် လူထုက ကြိုက်နှစ်သက်သော အမတ်လောင်းများ ဟုတ်ချင်မှ ဟုတ်မည်။

တကယ်တမ်း အရွေးခံထိုက်သော ပုဂ္ဂိုလ်များလည်း ဖ၊ ဆ၊ ပ၊ လ အမတ်လောင်း စာရင်းထဲမှ ပြုတ်ကျန်ကောင်း ပြုတ်ကျန်ခဲ့ပေလိမ့်မည်။

ကျွန်တော်တို့၌ ရရှိသော အလွန်တိုတောင်းသည့် အချိန်ကလေးအတွင်း အပြေးအလွှား စီစဉ်လိုက်ရသောကြောင့် အထက်ပါ ချွတ်ယွင်းချက်များ ပါသွားခဲ့လျှင်လည်း ဗမာ့လွတ်လပ်ရေးကြီးနှင့် ဖ၊ ဆ၊ ပ၊ လ ၏ မျက်နှာကို ထောက်ထားကြပြီးလျှင် သည်းခံကြရန်ကို ဗမာ ပြည်သူလူထုကြီးအား ကျွန်တော် အထူး မေတ္တာရပ်ခံလိုက်ပါသည်။

သို့ရာတွင် မည်သို့ပင် ဖြစ်စေကာမူ ကျွန်တော်တို့ ရရှိသော အလွန်တိုတောင်းသည့် အချိန်ကလေး အတွင်း၌ပင်လျှင် ကျွန်တော်တို့သည် ဗမာ လူထု၏ သစ္စာကိုမဖောက်ဖျက်မည့် လူများကို များများ ရနိုင်သမျှ ရအောင် အထူး ကြိုးစားခဲ့ကြောင်း ကျွန်တော် အာမခံပါသည်။

ကျေးနှင့် ရင်ဆိုင် တွေ့နေရသည့် အခါမျိုးတွင် တဦးကိုတဦး စိတ်ကောက်ပြီး ထိုင်နေ၍ မဖြစ်သကဲ့သို့ ဗမာ့သေရေး၊ ရှင်ရေးကြီးနှင့် ရင်ဆိုင်တွေ့နေသည့်အခါတွင်လည်း မကျေနပ်မှု အသေးအဖွဲ့ကလေးတွေကို ရှိုးမယ်ဖွဲ့၍ မနေကြနှင့်။

ယခု အရေးသည် တချက် အမှားမခံသော အရေးကြီး ဖြစ်သဖြင့် လူထုကြီးသည် မိမိတို့၏ မျိုးချစ်စိတ်ဓာတ်ကို အခြား အချိန်များထက် ဤအချိန်ကြီးတွင် ထူးထူးကဲကဲ ပြသကြရန် ကျွန်တော် တိုက်တွန်းလိုက်သည်။

ယခု ကျွန်တော်၏ ညွှန်ကြားချက်များအတိုင်း လူထုကြီးသည် ဖ၊ ဆ၊ ပ၊ လ ကို ရွေးအခါများကကဲ့သို့ ဆက်လက် ထောက်ခံကြမည်ဆိုလျှင် လူထု၏ လွတ်လပ်ရေးသည် တနှစ်အတွင်း ရမည်မှာ မလွဲတော့ပေ။

# ရွေးကောက်ပွဲ သတိပေးချက်

တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲနှင့် ပတ်သက်၍ မဲအပေးမှားကြရန် ၁၉၄၇ ခုနှစ် မတ်[illegible]တွင်းတွင် နှီးဆော်သော ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်မိန့်ခွန်း။ ဤမိန့်ခွန်းကို မတ်လ ၁၃ ရက်နေ့တွင် အသံလွှင့်ရုံမှ "နိုင်ငံရေးစားပွဲဝိုင်းကြီး၊ တွေ့" ခေါင်းစဉ်ဖြင့် ထပ်၍ အသံလွှင့်ပေးခဲ့သေးသည်။

ယနေ့ည ကျွန်တော်ပြောချင်တဲ့ အကြောင်းတွေကတော့ ဧပြီလ ၉ ရက်နေ့ ကျင်းပမည့် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ အကြောင်းနှင့် အခြားသက်ဆိုင်ရာ အကြောင်းတွေပါဘဲ။

လာမည့် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဖျက်လိုဖျက်ဆီး လုပ်ကြမယ်ဆိုတဲ့ လူတွေ ပေါ်ယင်တော့ အဲဒီလူတွေဟာ တိုင်းပြည်ရန်သူ နံပတ် ၁ တွေဘဲ။ လွတ်လပ်ရေး ဆုံးဖြတ်ရမည့် တိုင်းပြုပြည်ပြု လွှတ်တော် မလိုချင်ဘူး ဆိုတဲ့ လူတွေကို အားပေးမည် ဆိုတဲ့ လူတွေဟာလဲ တိုင်းပြည် ရန်သူတွေဘဲ။ ဖျက်လိုဖျက်ဆီး လုပ်ချင်တဲ့ လူတွေဟာ ရှေ့ရှောက် သူ့ဘို မင်းသားကြီး မလုပ်နိုင်ကြမည့် အရေး မြင်လို့ ဗမာပြည် ဘာဖြစ်ဖြစ် ဆိုပြီး လုပ်ချင်တဲ့ လူတွေဘဲ။ ယခု တိုင်းပြုပြည်ပြု လွှတ်တော်ကို ဧပြီလမှာ ရွေးပြီး၊ ဇွန်လလောက်မှာ ကျင်းပယင် သုံး၊ လေး၊ ငါးလလောက်အတွင်း လွတ်လပ်တဲ့ ဗမာပြည်ရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေကို ရေးဆွဲ ဆုံးဖြတ်နိုင်မည်။ အဲဒီအခါ ဘိလပ် ပါလီမန်လဲ အစည်းအဝေးရှိတဲ့ အချိန်ဖြစ်မယ်။ ကျုပ်တို့က ဗမာပြည်ရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေကို ရေးဆွဲပြီးတာနဲ့ တပိုင်နက်၊ ဘယ်နေ့ ဘယ်ရက်မှာ ကျုပ်တို့ လက်ကို အာဏာလွှဲပါ ဆိုတာ သတ်မှတ်ပြီး၊ ဗြိတိသျှ အစိုးရနှင့် အရေးဆိုရမယ်။ ကျုပ်တို့ အရေးမဆိုရခင်ဘဲ ဗြိတိသျှ အစိုးရက အိန္ဒိယမှာလို ရက်ကန့်သတ်ပေးချင်လဲ ပေးမှာဘဲ။ ဒီကိစ္စဟာ ခက်မယ်လို့ ကျုပ်မထင်ဘူး။ သူတို့နှင့် စာချုပ် ချုပ်တဲ့ နေရာမှာသာ ခက်ချင် ခက်လိမ့်မယ်။ သူတို့က ကျုပ်တို့ ဆုံးဖြတ်ချက် ဥပဒေကိုတော့



www.burmeseclassic.com

www.burmeseclassic.com



မြင်မှာ မဟုတ်ဘူး။ တိုင်းပြုပြည်ပြု လွှတ်တော်က ဆုံးဖြတ်လိုက်တဲ့ လွှတ်လပ်ရေးကို မူးတင်း ပဲတင်း ဖြစ်အောင် စာချုပ်ထဲမှာ ချုတ်ချယ်ချက်တွေ ကျုပ်တို့ သဘောမတူတဲ့ ထည့်ချင်ထည့်မှာကိုသာ ကျုပ်တို့ တိုက်ဖျက်ရ လိမ့်မယ် ထင်တယ်။ တိုင်းပြု ပြည်ပြု လွှတ်တော်ကို ရွေးပြီးတဲ့ အခါ အဲဒီ လွှတ်တော်က လွှတ်လပ်ရေး ဆုံးဖြတ်ပြီး လွှတ်လပ်ရေး တိုက်ပွဲ လုပ်စရာရှိလို့ လုပ်ရတယ် ဆိုယင် ပိုပြီး ကျုပ်တို့ အရေးဟာ အားရှိမှာ အမှန်ဘဲ။ ယနေ့ အထိ လွှတ်လပ်ရေး လုပ်ငန်းကို အကောင်အထည်နှင့် မြင်အောင် လုပ်လာ တာ ကျုပ်တို့သာ လုပ်နိုင်တာဘဲ။ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ကလဲ လာမည့် ရွေးကောက်ပွဲမှာ ကျုပ်တို့ တင်တဲ့ အမတ်လောင်း အားလုံးကို ခင်ဗျားတို့ တိုင်းသူပြည်သားတွေကသာ ရွေးမယ်ဆိုယင် တနှစ်အတွင်း လွှတ်လပ်ရေး ရစေမယ်လို့ အာမခံပြီးဘဲ။

ဒါဖြင့် လာမဲ့ရွေးကောက်ပွဲ ဖျက်ချင်တဲ့ လူတွေက ဘာပြုလို့ ဖျက်ချင် တာလဲ။ အခြားကြောင့်တော့ မဟုတ်ဘူး။ လွှတ်လပ်တဲ့ ဗမာပြည်မှာ သူတို့တတွေဟာ တသက်လုံး မြုပ်တော့မဲ့ အရေးကို တွေးတွေး မြင်တိုင်း သူတို့ဟာ မစားရတဲ့အမဲ သဲနှင့်ပက်ချင်လို့ဘဲ။ ကနေ့ည ကျွန်တော် ဆေးဒင် ဟောထားနှင့်မယ်၊ မှန်မမှန် ရှေ့ဖြစ်တဲ့ အဖြစ်အပျက်တွေက သက်သေခံပါ လိမ့်မယ်။ တိုင်းပြု ပြည်ပြု လွှတ်တော် ရွေးကောက်ပွဲမှာ တိုင်းပြည်က လက်ဝဲဂိုဏ်းအမျုး ပါဝင်ပြီး၊ တိုင်းပြည်အတွက် တကယ်လုပ်ခဲ့တဲ့ လူငယ် အမျုး ပါဝင်တဲ့ ဖ၊ ဆ၊ ပ၊ လ အမတ်လောင်းတွေကိုသာ ရွေးလိုက်ကယ်ဆို ယင်၊ ရှေ့ရှောက်ပြီး ရွေးက ဗမာပြည်မှာ လူညွှန့်ခူးစားနေတဲ့ နိုင်ငံရေး စား ဖားကြီးတွေ တသက်လုံး မထနိုင်တော့ဘူးလို့ ဗေဒင် ဟောထားချင်တယ်။

သို့သော် တခုတော့ ပြောချင်တယ်။ လူငယ် နိုင်ငံရေးသမားတွေဟာ လွှတ်လပ်ပြီးတဲ့ ဗမာပြည်မှာ သိပ်မမိုက်ကြဘဲ တဦးနှင့်တဦး ညီညီညွတ် ညွတ် လုပ်ကြဖို့တော့ လိုတယ်။ ဒီလိုမှ မဟုတ်ယင် လွှတ်လပ်တဲ့ ဗမာ ပြည်ဟာ လွှတ်လပ်ရေး အရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာ မဟုတ် ဘူး။ ရွေးကောက်ပွဲ ဖျက်မယ်ဆိုတဲ့ လူတွေကိုတော့ ကျုပ်တို့ အစိုးရကလဲ ဒီတိုင်း ကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန် နှိပ်ကွပ်ရမှာဘဲ။ ရွေး ကောက်ပွဲမှာ လွှတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့ နေရာမှာတော့ ဘယ် သူကိုမှ ကျုပ်တို့ အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လို



ဖျက်ဆီး လုပ်တဲ့ လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာဘဲ ဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

ပြီးတော့ ဖ၊ ဆ၊ ပ၊ လ အမတ်လောင်း စာရင်းနှင့် ပတ်သက်ပြီး ကျွန် တော် ပြောပြချင်တယ်။ ဖ၊ ဆ၊ ပ၊ လ အမတ်လောင်းတွေကို ရွေးတုန်းက ပဌမ သူတို့ကို ဟသ်ာတ ဦးမြ၊ ဒီးဒုတ် ဦးဘချို၊ မန်းဘခိုင်၊ ဦးဗဆွေ၊ ဗိုလ်မှူး အောင်တို့ ပါတဲ့ အဖွဲ့က ရွေးချယ်တယ်။ ပြီးတော့ သခင်နု၊ မြန်မာ့အလင်း ဦးဘင်နှင့် ကျွန်တော်ပါတဲ့အဖွဲ့က ဆုံးဖြတ်တယ်။ ရှင်းရှင်းဘဲ ကျွန်တော် ပြောပြမယ်။ လူပေါင်း ၂,၀၀၀ ကျော် စာရင်းသွင်းထားတဲ့ အနက် ၂၀၀ လောက်သာ ရွေးရမှာဆိုတော့ ၁,၈၀၀ ကျော် လူစုထဲက မကျေနပ်တဲ့လူတွေ အများရှိမယ် ဆိုတာ ကျုပ်တို့ မြင်ပြီးဘဲ။ ပြီးတော့ အချောင်သမား စား ဖားတွေ သာယာစီးတွေကလဲ ဖ၊ ဆ၊ ပ၊ လ ထဲမှာ ခလောက်ဆန်ဖို့ ပြည်သူ ရဲဘော်နှင့် လက်ဝဲဂိုဏ်းသား အချင်းချင်း တိုက်ပေးဖို့ လုပ်မှာဘဲ ဆိုတာလဲ ကျုပ်တို့ မြင်ပြီးဘဲ။ သို့ပေမဲ့ ကျုပ်တို့ဟာ ခေါင်းဆောင်တွေပီပီ ကောင်း တယ်၊ မှန်တယ် ထင်တာကို ရဲရဲကြီး ဆုံးဖြတ်လိုက်တာဘဲ။ ကျုပ်တို့ ရွေးတဲ့ လူတွေထဲမှာ အရည်အချင်း ရှိတယ် ဆိုတဲ့ လူတွေ ခြောက်ဆယ်လောက် ပါတယ်။ အဲဒီအထဲက တချို့ကိုတော့ဖြင့် ကျုပ်တို့ စိတ်ချလို့ ရွေးတာမဟုတ် ဘူး။ စိတ်မချပေမဲ့ သူတို့ဟာ လူနဲ့စုဘဲ၊ သူတို့ကို သုံးရမဲ့ နေရာတွေလဲ ရှိသေး တယ်။ ကျန်တဲ့ လူတွေကိုတော့ အလုပ်လုပ်တဲ့ လူတွေ၊ စိတ်ချရတဲ့ လူတွေ၊ နယ်က တင်တဲ့ လူတွေ ဖြစ်နိုင်သမျှ ဖြစ်အောင် ရွေးတာဘဲ။ နယ်က တင်တဲ့ လူတွေထဲက ကျုပ်တို့ သေသေချာချာ မသိတဲ့လူတွေကျတော့ မရွေးဘူး။ သေချာတဲ့ လူတွေကိုမှာဘဲ ရွေးတယ်။ နယ်ကို ပြန်မေးနေဖို့ အချိန်လဲ မရဘူး။ ဒါလဲ နယ်တွေက မူလတုန်းက စာရင်းကောင်းကောင်း မပေးကြ ဘူး။ ပေးပြန်တော့ ကပ်ပြီးမှ ပေးကြတယ်။ ဒါဟာ နယ်တွေရဲ့ အပြစ်လဲ ပါသလောက်ပါတယ်။ ကျုပ်တို့ ရွေးတဲ့ စာရင်းမှာ စားဖားကြီးတွေအတော် များများ ဖြုတ်ပစ်ခဲ့တယ်။ သူတို့ မကျေနပ်ကြဘူး။ ဒါပေမဲ့ လူငယ်ပိုင်း လက်ဝဲသမားတွေကို မြှောက်ပေးရုံက လွဲပြီး သူတို့ ခေါင်းမထောင်ရဘူး။ လူငယ်တွေက အကင်းပါးဖို့ လိုတယ်။ ဖ၊ ဆ၊ ပ၊ လ ထဲမှာ ရှိတဲ့ လူငယ် တွေကသာ တောင့်ပြီး အလုပ်လုပ်ကြပါ။ ယခု ကျုပ်တို့ ရွေးလိုက်တဲ့ အမတ် လောင်းတွေကို တခဲနက် အားပေးပြီး၊ တင်သမျှ အမတ်လောင်း အားလုံး

www.burmeseclassic.com

www.burmeseclassic.com



အရွေးခံရအောင်သာ ကြိုးစား ဆောင်ရွက်ကြပါ။ အိန္ဒိယပြည်မှာ တင်သမျှ အမတ်တွေ အားလုံး အရွေးခံရအောင် လုပ်နိုင်ယင်၊ ငါတို့ပြည်မှာကော ဘာလို့ မလုပ်နိုင်ရမှာလဲ။ ငါတို့ အမတ် အားလုံး အရွေးခံရယင် အဲဒီအထဲမှာ နဲနဲပါးပါး အချောင်သမားတွေ ရှိတော်င် အရေးမကြီးပါဘူး။

နယ်မှာတွေ့မည့် အခက်အခဲက နှစ်ရပ်ရှိတယ်။ နယ်က မသိတဲ့ အမတ်လောင်းနှင့် နယ်က တယ်မလေးစားတဲ့ အမတ်လောင်းကိစ္စ နှစ်ရပ်ဘဲ။ နယ်က မသိတဲ့ အမတ်လောင်းကိစ္စကိုတော့ နယ်သိတဲ့ အမတ်လောင်းချည်း ဖြစ်ဖို့မှာ ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူး။ သို့သော် ဖ၊ ဆ၊ ပ၊ လ အဖွဲ့ဝင်များ၊ ပုဂ္ဂိုလ်များက သိအောင် လုပ်ပေးရမယ်။ နယ်က တယ်မလေးစားတဲ့ လူတချို့ကိုတော့ ဘုရားလက်ထက်က ဥပမာအတိုင်း အားပေးကြရလိမ့်မယ်။ ဘုရားလက်ထက် မဟာဒုတ် ဆွမ်းကျွေးတဲ့အခါ အလဇ္ဇီ ရဟန်းတပါးကို သူဌေးကြီးတဦးက မဲကောက်မိလျက်သား ဖြစ်နေတယ်။ သို့ပေမဲ့ သံဃာကို ကြည်ညိုသောအားဖြင့် အဲဒီရဟန်းကို ကောင်းကောင်း ပင့်လာပြီး ကောင်းကောင်းဘဲ ဆွမ်းကျွေးလွှတ်လိုက်တယ်။ အဲဒီအခါ အလဇ္ဇီရဟန်းက ငါတော့ဖြင့် အမဲဖမ်းမိပြီလို့ ထင်သွားပြီး၊ နောက်တခါ သူဌေးကြီးဆီ လာပြီး တူးရှင်းလာငှားတယ်။ အဲဒီအခါ သူဌေးကြီးက ခြေထောက်နဲ့ ညှပ်ပြီး ရော့ ဆိုပြီး တူးရှင်းကို ပစ်ပေးလိုက်တယ်။ ဒီအခြင်းအရာကို သူဌေးကြီး မိတ်ဆွေက မြင်တော့၊ ခင်ဗျား အရင်တခါတုန်းကတော့ ဒီရဟန်းကို ခြေဆုပ် လက်နယ် ပြုပြီး အသွားအပြန် အိမ်ပေါက်ဝအထိ သပိတ်ထမ်းပို့တယ်။ ဒီတခါတော့ ခင်ဗျားလုပ်ပုံဟာ ဆန့်ကျင်လှချေလား မေးတော့၊ သူဌေးကြီးက ဘယ်လို ပြန်ပြောသလဲ ဆိုယင် ဒီရဟန်းဟာ အလဇ္ဇီ ရဟန်းဆိုတာ ငါသိတယ်။ အရင်တခါတုန်းက ငါပင့်လာတာ ပုဂ္ဂိုလ်အနေနဲ့ ပင့်လာတာ မဟုတ်ဘူး၊ သံဃာရဲ့ ကိုယ်စားလှယ်တဦး အနေနှင့် မဟာဒုတ် မဲရလာလို့ သံဃာကို ကြည်ညိုတဲ့ အနေနဲ့ ဆွမ်းလုပ်ကျွေးလိုက်တာဘဲ။ ဒီအခါ သူလာတာဟာ သူ့သဘောနဲ့ လာတာဘဲ။ သံဃာနှင့် မဆိုင်ဘူး။ ဒါကြောင့် ငါ မကြည်ညိုယင် မကြည်ညိုဘဲ နေနိုင်တယ်လို့ ဘုရားဟောအတိုင်း လုပ်တာဘဲလို့ ပြန်ပြောတယ်။ အဲဒီအတိုင်းဘဲ ဖ၊ ဆ၊ ပ၊ လ အမတ်လောင်း အဖြစ်နဲ့ အရွေးခံရတဲ့ အချောင်သမား တယောက်တလေကို ဖ၊ ဆ၊ ပ၊ လရဲ့ စည်းကမ်းကို ရှိသေသောအားဖြင့်ရင်း၊ ဖ၊ ဆ၊ ပ၊ လ က တနှစ်အတွင်း လွှတ်လပ်



ရေး ရအောင် ကြိုးစားမယ် ဆိုတဲ့ ဆုံးဖြတ်ချက်ကို ဖြစ်စေလိုသော အားဖြင့်ရင်း ကူညီ ဆောင်ရွက်ပေးရမယ်။ ဖ၊ ဆ၊ ပ၊ လ အပြင်ဖက် ရောက်သွားတဲ့ လူကိုတော့ ဘယ်သူ့ကိုမဆို နယ်က လူတွေ ကြိုက်ရာ လုပ်ကြပေတော့။ အဲဒါဘဲ အမတ်လောင်းတွေနဲ့ [illegible]တ်သက်ပြီး ကျွန်တော် ပြောချင်တယ်။

ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ် ဆုံးဖြတ်ချက် မနာခံနိုင်ဘူး ဆိုတဲ့ အဖွဲ့နှင့် ပုဂ္ဂိုလ်မှန်သမျှကိုတော့ ကျုပ်တို့ ထုတ်လဲပစ်ရမယ်။ လူထုကိုလဲ ဖွင့်ချရမှာဘဲ။ ဗိုလ်ချုပ်ကိုတော့ ကြည်ညိုပါတယ်။ ဖ၊ ဆ၊ ပ၊ လ ကိုတော့ ကြည်ညိုပါတယ်။ လူမသိလို့ပါ၊ လူမကြိုက်လို့ပါ ဆိုတဲ့ ဆင်ခြေမျိုးကိုတော့ ကျုပ်တို့ မလိုချင်ဘူး။ ဒါပြောနေကျ စကားတွေဘဲ။ ဖ၊ ဆ၊ ပ၊ လကို ကြည်ညိုယင် ဖ၊ ဆ၊ ပ၊ လ အဆုံးအဖြတ်ကို လိုက်နာမှ ကြည်ညိုရာ ရောက်တယ်။ အရွေးခံရတဲ့အခါ ဖ၊ ဆ၊ ပ၊ လ ဖက်မှ နေပါ့မယ် ဆိုတဲ့ စကားမျိုးတွေဟာ ရိုးနေပြီ။ ကျုပ်တို့ မယုံဘူး ရှင်းရှင်းဘဲ။ အာဏာရှင်ဆံတယ်၊ ဘာတယ် ပြောမနေနှင့်။ အမတ်လောင်း ရွေးချယ်တဲ့ ကိစ္စမှာ စည်းကမ်းရှိအောင် မလုပ်နိုင်ယင် ငါးပွင့်ဆိုင် ဖြစ်သွားမယ်။ သတိထားကြ။ လူထုက မကြိုက်ဘူး။ ဘာဘူး ပြောမနေကြနှင့်။ ကျုပ်တို့ဟာ လူထုရဲ့ ခေါင်းဆောင်တွေဘဲ။ လူထုကို နားလည်အောင် ပြောဖို့ဟာ ကျုပ်တို့ ဝတ်တရားဘဲ။ စစ်မရောက်ခင်က မြှားကုန်တဲ့ စကားမျိုး ပြောတဲ့ လူတွေဟာ တော်လှန်ရေးသမားတွေ မဟုတ်ဘူး။ ဘယ်လို ခက်ခဲခက်ခဲ မလျှော့တမ်း ကျုပ်တို့ နိုင်အောင်တိုက်ရမယ်။ လူမိုက်လုပ်မည်ကြတဲ့ ရန်သူတွေကို လူမိုက်နည်းနဲ့ဘဲ တုံ့ပြန်ရလိမ့်မယ်။ လူလိမ္မာလုပ်ပြီး လိမ်မဲ့ ရန်သူတွေကို လူလိမ္မာနည်းတွေနဲ့ဘဲ ပြန်တိုက်ရမယ်။ နိုင်ငံရေးဟာ နိုင်ငံရေးဘဲ။ နိဗ္ဗာန်ရောက်အောင် လုပ်နေကြတာ မဟုတ်ဘူး။ သို့သော် ငါတို့က စပြီး မညစ်ပတ်ပါနှင့်။ မမိုက်ကြပါနှင့်။ မမှလောက်တဲ့ နေရာမှာလဲ အရေးမစိုက်နှင့် လျစ်လျူရှုထားကြဖို့ လိုတယ်။

နောက်ဆုံး ပြောချင်တဲ့ အချက်တွေကတော့ တိုင်းပြည် လူထုနှင့် တိုင်းပြည်မှာ ရှိတဲ့ တိုင်းရင်းသား အားလုံးကို ပြောပြချင်တယ်။ တိုင်းပြည်လူထုဟာ ဖ၊ ဆ၊ ပ၊ လ အမတ်လောင်းများ အကြောင်းကို ဖြစ်ဖြစ်၊ ဖ၊ ဆ၊ ပ၊ လ အကြောင်းဖြစ်ဖြစ်၊ ဘယ်သူ ဘယ်လိုလာပြီး လှည့်ဖြားပြောပြော မယုံကြနှင့်၊ ခင်ဗျားတို့အပေါ် သစ္စာရှိရှိ၊ ခင်ဗျားတို့အတွက် ဒီလောက် လုပ်လာ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီ ဖ၊ ဆ၊ ပ၊ လ က လွှဲလို့ဒီပြင် ဘယ်အဖွဲ့ ရှိလို့လဲ။ ဒီတခါ မဲထည့်မမှားကြနှင့်။ ပေးသမျှယူ၊ ကျွေးသမျှစား၊ မော်တော်ကားနှင့် ခေါ် ယင် တက်စီး။ ပြီးတော့ ဖ၊ ဆ၊ ပ၊ လ မဲပုံးတွေထဲသာ မဲထည့်ကြ၊ မဲဘယ်လို ထည့်ရမလဲ ဆိုတာလဲ သေသေချာချာ မေးထားကြဦး၊ မဲအထည့် မမှားကြစေနှင့်။

ဗမာပြည်ရှိ တိုင်းရင်းသားတွေကိုလဲဘဲ ပြောချင်တယ်။ တိုင်းရင်းသားလူနဲစုတွေအပေါ် ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ ဟာ လက်တွေ့အားဖြင့် သဘောထား ဘယ်လိုကြီးတယ် ဆိုတာ ခင်ဗျားတို့ ကိုယ်တိုင် မြင်တယ် မဟုတ်လား။ တာနဲ့ သည့်ပြင် လူတွေနဲ့ ပေါင်းချင်တယ် ဆိုယင် ခင်ဗျားတို့ ထိုက်နဲ့ ခင်ဗျားတို့ ကံဘဲ။ ကျုပ်တို့ကတော့ တိုင်းရင်းသားတွေအပေါ် မေတ္တာမပျက်၊ သူတို့ရသင့်ရထိုက်တဲ့ အခွင့်အရေး မှန်သမျှ ရအောင် တိုင်းပြုပြည်ပြု လွှတ်တော်မှာ ကူတိုက်ပေးမှာဘဲ။

တိုင်းရင်းသားတွေ ဆိုလို့ ဗမာပြည် တိုင်းရင်းသား သေွး မပါပေမဲ့ ဖ၊ ဆ၊ ပ၊ လ လုပ်ချင်ကြတဲ့ တရုပ်နဲ့ အိန္ဒိယ အမျိုးသားများကိုလဲ တိတိလင်းလင်း ပြောချင်တယ်။ ဗမာဖြစ်ချင်ယင် ဗမာလို လုပ်ပါ။ ဗမာလိုလုပ်ယင် ဗမာလို ခံစားရမယ်။ ဒီရွေးကောက်ပွဲမှာ ဘယ်သူနိုင်ဖို့ များသလဲ ဆိုတာ ခင်ဗျားတို့လဲ သိမှာဘဲ။ ဒီအထဲက ခင်ဗျားတို့ ပေါင်းချင်ရာ ပေါင်းကြယင် ခင်ဗျားတို့ ထိုက်နဲ့ ခင်ဗျားတို့ ကံဘဲ။ သို့ပေမဲ့ ကျုပ်တို့ ခခယယ ကညဝတ္တတော့ ဘယ်သူ့ကိုမှ မလုပ်နိုင်ဘူး။

ဒီပွဲမှာ ကျုပ်တို့ဟာ ဘယ်သူ့ကိုမှ ရန်မစ၊ ဘယ်သူ့ကိုမှ မငြိုငြင်၊ ဘယ်သူ့ကိုမှလဲ မခြောက်၊ ဘယ်သူ့ကိုမှလဲ မချောက်ဘူး။ ဘယ်သူ့ကိုမှလဲ မချော့ဘူး။ ဘယ်အခက်အခဲ ဘယ်ဘေးဒဏ်ကိုမှလဲ မမှုဘူး။ ငွေလဲ များများ မရှိလို့ မဖြုန်းနိုင်ဘူး။ တိုင်းပြည်က ကောက်ခံရတဲ့ ငွေနှင့် ကျုပ်တို့ စရိတ်သုံးရမှာဘဲ။ ပိုက်ဆံတတ်နိုင်တဲ့ အမတ်လောင်းတွေကတော့ သူတို့ကဘဲ အကုန်အကျ ခံရလိမ့်မယ်။ မတတ်နိုင်မှန်း သိတဲ့ လူတွေကို ဆိုင်ရာနယ် ဖ၊ ဆ၊ ပ၊ လ တွေက ကူညီရမယ်။ အဲဒီအတိုင်း ကျုပ်တို့ ရွေးကောက်ပွဲဝင်မယ်။ ရိုးတိုးရားတား လုပ်တဲ့ လူတွေ မှန်သမျှ အတွင်းမှာရော၊ အပြင်မှာရော၊ ရိုးတိုးရားတား ပြန်အလုပ်ခံရမှာဘဲ ဆိုတာ ခင်ဗျားတို့ ရိပ်မိအောင် တဲ့တဲ့ဘဲ ပြောလိုက်မယ်။ ။

# ဂျပန်ကိုချသလို ချမယ်

၁၇၊၁၊၄၇ နေ့ ညနေ [illegible]နာရီ အချိန်တွင် မော်လမြိုင်မြို့
ဘုရင်မပန်းခြံ၌ ဟောပြောသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း

ဒီဇင်ဘာလတုန်းက ကျွန်တော် မော်လမြိုင်ကို တခေါက် ရောက်ခဲ့တယ်။ ဟိုတုန်းက လာတာ အင်္ဂလိပ်ကို ရာဇသံပေးထားတဲ့ အချိန်၊ လွတ်လပ်ရေး တိုက်ပွဲကို ချက်ခြင်းဘဲချရတော့မလို့ လူတိုင်းကလဲ ထင်နေတယ်။ ကျုပ်ကိုယ်တိုင်ကလဲ လုပ်ငန်းစဉ်တွေကို ဖွင့်ပြောသွားတာဘဲ။ ဒါပေမဲ့ ဇန်နဝါရီလမှာ ဖြီးခဲ့တဲ့ စာချုပ်အရ လမ်းခရီးဟာ ချောမောလာခဲ့တယ်။ ပြင်းထန်မယ်ထင်တဲ့ တိုက်ပွဲဟာလဲ လူထုကြီးရဲ့ စည်းကမ်းသေဝပ်မှုကြောင့် ငြိမ်သက်ခဲ့တယ်။ ကျုပ်တို့ ရာဇသံပေးတော့ ကျုပ်တို့ကိုဖိတ်ပြီး စေ့စပ်စာချုပ်တယ်။ ကျုပ်တို့ လိုလားချက်တွေ ပါပြီး လွတ်လပ်ရေး လမ်းကို ရှေးရှုမဲ့အချက်တွေနဲ့ ပြည့်တယ်။

အဲဒီစာချုပ်အရ ရှေ့ကို ကျုပ်တို့ တိုက်ပွဲ နှစ်ပွဲဆင်နွဲရမယ်။ ပဌမအဆင့်မှာ လူထုကြီးက ကျုပ်တို့ကို ရွေးကလို့ ထောက်ခံအားပေး၊ ကျုပ်တို့လူများပါဝင်တဲ့ လွှတ်တော်က လွတ်လပ်ရေး လိုချင်တယ်လို့ တသံတည်း မြည်ပြီး ဆုံးဖြတ်ရမယ်။ ဒုတိယအဆင့်မှာတော့ လွှတ်တော်က ဆုံးဖြတ်ပြီးတာကို ဗမာပြည်လွတ်လပ်ရေး အုပ်ချုပ်ရေးစည်းမျဉ်းရေးဆွဲဖို့ဘဲ။ ရေးဆွဲလို့ပြီးယင် အင်္ဂလိပ်ကို အဲဒါလွှဲအပ်ဖို့ပြော၊ မလွှဲယင် ကိုယ့်ဟာကိုယ် လွတ်လပ်ရေး ကြေညာ၊ အဲဒါ အစီအစဉ်ဘဲ။ လက်တွေ့ကျတော့ တကယ့် ကြိုးပမ်းမှု၊ စွန့်စားမှု၊ စည်းကမ်းရှိမှုတွေ လိုတယ်။

အဲဒီလို ကျုပ်တို့ စီစဉ်ထားတာကို နယ်ချဲ့သမားကလဲ နည်းအမျိုးမျိုးနဲ့ ဖျက်မှာဘဲ၊ ပဌမသူတို့ရွေးကောက်ပွဲကို ရက်ရွှေ့၊ ဒါမှ မရွှေ့ယင် သူတို့



www.burmeseclassic.com

www.burmeseclassic.com

မြောက်လို ချောက်လို ခြေထိုးလို့ရတဲ့လူတွေ လွှတ်တော်ထဲ ပါအောင် ကြိုးစားမယ်။ ဒါမှမအောင်မြင်ယင် လွှတ်တော်ထဲ ရောက်မှ မူဆလင်နဲ့ ကွန်ဂရက်ကွဲသလို ကွဲအောင် လုပ်မှာဘဲ။ ဒါပေမဲ့ လွှတ်တော်ထဲရောက်ပြီး အမတ်တွေက တသံတည်းမြည်ပြီးတော့၊ လွတ်လပ်ရေး လိုချင်ပြီဆိုမှဖြင့် အင်္ဂလိပ်နဲ့ ကျုပ်တို့ လွတ်လပ်ရေး ရက်ကန့်သတ်ဖို့ စာချုပ်-ချုပ်ဆိုရမှာဘဲ၊ ဒီလို ကျုပ်တို့ တဆင့်ထက် တဆင့် အောင်မြင်ပြီးတော့ ကျုပ်တို့ကို ပေးမဲ့ လွတ်လပ်ရေးက ဘယ်လိုလဲ ဆိုတာကြည့်ရမယ်၊ ဝေဖန်ရမယ်။ မကြာခင်ကဘဲ ထရန်ဂျော်ဒန် တိုင်းပြည်ကို လွတ်လပ်ရေး ပေးတယ်။ စာချုပ်ရဲ့ ပဋ္ဌမအပိုဒ်က အချုပ်အချာ အာဏာပိုင် လွတ်လပ်ရေး အဖြစ်အသိအမှတ် ပြုသည်ဆိုပြီး နောက်အပိုဒ်တွေမယ်တော့ စီးပွားရေး၊ နိုင်ငံရေး၊ ပြည်ပဆက်သွယ်ရေး အကုန် သူတို့ လက်ထဲထားပြီး အနှစ်မရှိတဲ့ ဂျပန်ပေး လွတ်လပ်ရေးမျိုး ဖြစ်နေတယ်။ လူထုကြီးဟာ ညီပြီး တောင့်ခံထားမယ်ဆိုယင် ဒီကောင်တွေနဲ့ ကျုပ်တို့ စေ့စပ်လို့ မရတဲ့ နေ့မှာ တခြားလမ်းတော့မရှိဘူး၊ ဂျပန်ကို ချသလို ချရုံဘဲ ရှိတော့တယ်။

အင်္ဂလိပ်က ကမ္ဘာ့အခြေ အနေ သူတို့ရဲ့ စီးပွားရေး အခြေ အနေအရ ဗမာပြည်ကို လက်လွှတ်ရတော့မှာဘဲ၊ အင်္ဂလန်က အင်္ဂလိပ်တွေထဲမှာ လူကောင်းလဲရှိတယ်၊ အင်ပိုင်ယာကို လက်မလွှတ်ဘဲ ဖက်ထားချင်တဲ့လူလဲ ရှိတယ်ဆိုတာ တွေ့ရတယ်။ ဒါပေမဲ့ အခြေအနေက ပြောင်းနေပြီ။ တချက်က သူတို့စီးပွားရေး ပျက် ဦး နေတယ်။ အုပ်ချုပ်နိုင်တဲ့ အခြေ အနေမရှိဘူး။ နောက်တချက်က ဒုတိယကမ္ဘာစစ်ကြီး ပြီးကတည်းက ကမ္ဘာဟာ နိုင်ငံချဲ့စနစ်ကိုမကြိုက်တော့ဘူး၊ ဒီတော့ အင်္ဂလိပ်နဲ့ ကျုပ်တို့ စေ့စပ်သားတာကလဲ ကမ္ဘာကို ကြေညာပြီးသား ဖြစ်လို့ အင်္ဂလိပ်ဟာ ကမ္ဘာ့ အကြည်အညို အပျက်မခံနိုင်ဘူး။ အင်္ဂလိပ်ကလဲပေးရမဲ့ အခြေ၊ ကျုပ်တို့ကလဲ မပေးယင် တော်လှန်ယူနိုင်အောင် သွေးစည်းထားမယ်ဆိုယင် လွတ်လပ်ရေးဟာ တနှစ်အတွင်းသေချာနိုင်တယ်။

ဒီတော့ ခုလာမဲ့ ရွေးကောက်ပွဲမှာ သစ္စာရှိတဲ့လူ အများကြီးလိုတယ်။ အမတ်တွေရဲ့ စာရင်းကို ရွေးကောက်ပွဲပြီးယင် နှစ်ပတ်အတွင်း ကြေညာမယ်၊ မေလမှာ လွှတ်တော်အသင့် ဖြင့်ပြီး ဇွန်- ဇူလိုင်- ဩဂုတ်မှာဥပဒေစည်းမျဉ်းရေးသားမယ်၊ ဒီကျုပ်တို့ တိုင်းပြုပြည်ပြုလွှတ်တော်က သဘောကျ ရေးဆွဲပြီး တဲ့ ဥပဒေကို စက်တင်ဘာ- အောက်တိုဘာမှာ ဘိလပ်မှာ လုပ်မဲ့ ပါလီမန် အစည်းအဝေးကို တင်ပြမယ်။ အဲဒီအခါမှာ လွတ်လပ်ရေးရက်ကို ကန့်သတ်ဖို့ မကြေညာယင် ကျုပ်တို့ကလဲ လူထုအင်အားနဲ့ တိုက်ပွဲဆင်ရမှာဘဲ။



အခုလာမဲ့ တိုင်းပြု ပြည်ပြု လွှတ်တော် ရွေးကောက်ပွဲအတွက် အမတ်ဖြစ်ချင်တဲ့ လူ ၂၀၀၀ ကျော်မှာ လက်ရွေးစဉ် ၁၈၂ ယောက် ရွေးခဲ့တယ်။ အဲဒီ ၁၈၂ ယောက်မှာ ၆၀ ကျော်ဟာ မလိမ်မညာတတ်သေးတဲ့ ပြည်သူ့ရဲဘော် လူငယ်တွေချည်းဘဲ၊ ကျန်တဲ့ လူတွေဟာလဲ တကယ် တနေ့ကျလို့ အင်္ဂလိပ်ကို ခံချရမယ်ဆိုယင် သူပုန်အဖြစ် အကြေညာခံနိုင်ရဲတဲ့ လူတွေချည်းဘဲလို့ ကျုပ်ယူဆတယ်။

ဒါပေမဲ့ ကုံးကြဲတဲ့နေရာမှာ မဆီမဆိုင်တဲ့ အရုပ်သူ အရုပ်သားတွေထိုးသလို အချောင်သမား တယောက်တလေ ပါချင် ပါလိမ့်မယ်။ ဒီလောက် ဘိုတောင်းငဲ့ရက်မှာ ဒီလောက်ဘဲ စိစစ်ပြီးတော့ ရွေးနိုင်မယ်။ ကျုပ်တို့ ရွေးလိုက်တဲ့ပုထဲမှာ သစ္စာဖောက်မဲ့သူ နည်းတယ်။ ဖောက်ယင်လဲ ကျုပ်တို့က တာဝန်ယူတယ်။ နောက်တခု ကျုပ်ပြောပြခဲ့ချင်သေးတယ်၊ တပြည်လုံး အတွက် အမတ် ၁၈၂ ယောက်မှာ လူမျိုးစုံလဲပါတယ်။ ခင်ဗျားတို့ မော်လမြိုင် ရှစ် နေရာမှာတောင် ကရင်၊ ဗမာ မူဆလင်၊ မွန်လူမျိုးစုံပါအောင် ကျုပ်တို့ ရွေးခဲ့တယ်။ ကျုပ်တို့ရွေးလိုက်တဲ့ လူတွေထက် တော်တဲ့ လူလဲ ကျန်နေလိမ့်မယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်စွဲကြည်ညိုမှုကို ကျုပ် မလိုချင်ဘူး။ ဖ-ဆ-ပ-လ အဖွဲ့ကြီးနဲ့ ကျုပ်ကို ရှေးက ယုံကြည်ခဲ့သလို၊ အားပေးခဲ့သလို အခုရော - နောင်ကိုရော ယုံကြည် အားပေးမယ်ဆိုယင်၊ ကျုပ်တို့ ရွေးလိုက်တဲ့ အမတ်လောင်းများကို တယောက်မကျန်မဲပေးစေချင်တယ်။ မဲပေးရမယ်။ မဲမပေးတဲ့လူကိုတော့ ကျုပ်မကျေနပ်နိုင်ဘူး။ လူထုကြီးက တညီတညွတ်တည်းမယောက်ခဲလို့ ရှိယင် ဗမာနိုင်ငံရေး ဇာတ်ကြီးဟာ မျောနေမှာဘဲ။ ကျုပ်တို့ကို အားမပေးလို့ ဗမာပြည်ကြီး မလွတ်လပ်ယင်တော့ကာဘဲ။ ကျုပ် ဒီကိုလာတာ မဲလာဆွယ်နေတာ မဟုတ်ဘူး၊ ပြောင်မဲထည့်ခိုင်းတာ။ ဂျီ-စီ-ဘီ-အေ ....အစရှိတဲ့ ရှေးက နိုင်ငံရေး လုပ်ငန်းတွေနဲ့ ယှဉ်ကြည့်ပါ။ ဖ-ဆ-ပ-လ လုပ်ခဲ့တဲ့ လုပ်ငန်းစဉ်ကိုလဲ ဝေဖန်ပါ၊ လူမျိုးအချင်းချင်း ပဋိပက္ခ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှုများကို တတ်နိုင်သရွေ့ အေးငြိမ်းအောင်လုပ်ခဲ့တယ်။ ကာရင်နီနယ်မှာ ငတ်နေတုန်းက ဆန် ဆား ဆီ တို့ကို ကျုပ်တို့ အစိုးရအဖွဲ့ထဲ မရောက်ခင်က ဘဲ အားတက်သရော ပို့ခဲ့တယ်၊ ကချင်-ချင်းဖောတို့ကိုလဲ လူတန်းစေ့နေနိုင်ဖို့ အစိုးရအဖွဲ့ထဲ ရောက်လာအောင် ဆောင်ရွက်ပေးခဲ့တယ်။ တရုပ်၊ ကုလား လူနဲ့စုတွေရဲ့ အရေးကိုလဲ တတ်နိုင်သမျှ ဆောင်ရွက်ခဲ့တယ်။ အရင်က ကျုပ်တို့ကို အားပေးခဲ့သလို အခုရော ရွေးကိုရော ဗမာပြည်လွတ်လပ်ချင်ယင် တခဲနက် ကျုပ်တို့ ဖ-ဆ-ပ-လ အဖွဲ့က ရွေးလိုက်တဲ့ အမတ်လောင်းတွေကို အားပေးကြပါလို့ ကျုပ်ပြောခဲ့တယ်။ ရှင်းရှင်းပြောမယ်ဆိုယင် ဖ-ဆ-ပ-လ မှ ထွက်ပြီး တသီးပုဂ္ဂလလုပ်တဲ့ လူတွေကို အားမပေးဖို့ဘဲ၊ ရွေးကို တခုခုဖြစ်မယ်ဆိုယင် ကျုပ်တာဝန်မခံနိုင်ဘူး။ ။

မြည်သူ့ရဲဘော်ဂျာနယ်
အတွဲ ၁-အမှတ် ၄၇၊ ၂-၄-၄၇။

# စိတ်ချရမဲ့ အမတ်များလိုတယ်

## ၁၉၄၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ မုံရွာမြို့တွင် ဟောပြောချက်

ကျွန်တော် လာခဲ့တဲ့ အကြောင်းကတော့ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကိစ္စနှင့် ပတ်သက်ပြီးလာရခြင်းပါဘဲ။ လာမဲ့တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲဟာ အရင်က ရွေးကောက်ပွဲနှင့် မတူဘူးဆိုတာကို သတိပြုစေချင်ပါတယ်။ အရင်ကလို တရားဟော မဲဆွယ်ပြီး လေပျော့နှင့် အောင်နေလို့ ဖြစ်မှာ မဟုတ်ဘူး။ အရင်က ခင်ဗျားတို့ တင်မြှောက်လိုက်တဲ့ အမတ်မျိုးတွေကို မလိုချင်ဘူး။

### အင်္ဂလိပ်မအုပ်နိုင်

ယခုလွှတ်တော်ဟာ ဗမာပြည်ရဲ့ လွတ်လပ်ရေးကို ဆုံးဖြတ်မဲ့ လွှတ်တော် ဖြစ်ရမယ်။ စစ်ပြီးတဲ့နောက် အင်္ဂလိပ် အစိုးရဟာ ဗမာပြည်နဲ့ အိန္ဒိယပြည်ကို အုပ်ချုပ်နိုင်တဲ့ အခြေမရှိတော့ဘူး။ အရေးကြီးတဲ့ အချက်တခုကတော့ စစ်ပြီးတဲ့ ဘယ်အစိုးရမဆို ကမ္ဘာ့မေတ္တာပျက်ကို မခံနိုင်ဘူး။ အင်္ဂလန်ဟာ အမေရိကန်ရဲ့ ငွေနှင့် လူလုပ်နေရတာ၊ အဲဒါကြောင့် သူဟာ အမေရိကန်ကို မုန်းအောင် မလုပ်ဝံ့ဘူး။

### အမေရိကန်ရှိတယ်

အမေရိကန်ဟာလဲ အရှေ့အာရှနှင့် ပစိဖိတ်မှာရှိတဲ့ကိစ္စကို အများကြီး ဂရုစိုက်နေတယ်။ ကမ္ဘာမှာ တခုခုဖြစ်တယ်ဆိုလျှင် အမေရိကန်က ကြည့်နေမှာ မဟုတ်ဘူး။ အမေရိကန်ဟာ တရုပ်ပြည်ကိုလဲ အေးအေး ဖြစ်စေချင်တယ်။ ဗမာပြည်ကိုလဲ အတူတူဘဲ။ ဒီတော့ အမေရိကန်ဟာ အာရှ ပစိဖိတ်မှာဖြစ်တဲ့ကိစ္စတွေကို ဂရုမပြုဘဲ မနေနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



### အတွင်းကြေကြေနေပြီ

အင်္ဂလိပ်ဟာ အတွင်းကြေကြေနေပြီ၊ အဲဒါကြောင့်မို့ အခုသူဟာလူလိမ္မာ စကားကိုပြောနေရတယ်။ ကျုပ်တို့ကို လွတ်လပ်ရေး လိုချင်သလား။ မင်းတို့ကိုယ်တိုင် ကြေညာပါလို့ ပြောတယ်။ ဒါပေမဲ့ သူတို့ပေးတဲ့လွတ်လပ်ရေးမျိုးကို မကြိုက်ဘူး။ အခု ကျုပ်တို့ဟာ တိုင်းပြုပြည်ပြု လွှတ်တော်မှာ ထိုင်ပြီး ရောက်ရောက် ဆောင်ရွက်မဲ့ သူတွေကို လိုချင်တယ်၊ အင်္ဂလိပ်နဲ့ စာချုပ် ချုပ်ဆိုတဲ့အခါမှာ ကျေနပ်ယင် ကျေနပ်၊ မကျေနပ်ယင် ယခုအမတ်တွေဟာ သူပုန် အမတ်တွေ ဖြစ်ရမယ်။

### သူပုန်လွှတ်တော်ကြီး

လွှတ်တော်ဟာလဲ သူပုန် လွှတ်တော်ကြီး ဖြစ်ရမှာဘဲ။ ပြီးတော့ အခု လွတ်လပ်ရေးတိုက်ပွဲဟာ မပြီးသေးဘူးဆိုတာကို ခင်ဗျားတို့ စိတ်ထဲမှာ စွဲထားဖို့ လိုပါတယ်။ ကျုပ်တို့မှာ လုပ်ဖို့တာဝန်တွေ အများကြီး ရှိသေးတယ်။ အင်္ဂလိပ်ဟာ ကျုပ်တို့ကို လွတ်လပ်ရေး ပေးဖို့အတွက် ကျုပ်တို့မှာ စိတ်ချရမဲ့ အမတ်များများ လိုတယ်။ အဲဒီတော့ကာ ကျုပ်ကိုရွေးလိုက်တဲ့ လက်ရွေးစင်အမတ်တွေကို ခင်ဗျားတို့က မဲပေးဖို့ဘဲ ရှိတယ်။ အဲဒီလို ခင်ဗျားတို့က ဝိုင်းပြီး ကူညီကြမှ ကျုပ်ပြောတဲ့တနှစ်အတွင်းမှာ လွတ်လပ်ရေး ကြေညာနိုင်မှာ။ အဲဒါမှ မဟုတ်ယင် ဇာတ်မြောအုံးမှာဘဲ။ ဒီတော့ ခင်ဗျားတို့သဘောဘဲ။ ပေးချင်ပေး၊ မပေးချင်နေ။

### စာတတ်တဲ့လူတွေ

ယခုလွှတ်တော်အမတ်တွေဟာ စာတတ်ဖို့ မလိုသေးပါဘူး။ တိုက်စရာရှိတိုက်မယ်ဆိုတဲ့ လူကိုဘဲလိုတယ်။ နောင်အခါကျမှ ကြည့်ပြီး စာတတ်တွေနှင့် စီမံရမှာဘဲ။ အခုစာတတ်တွေ ရွေးလိုက်ယင် စကားများနေကြမှာသာ၊ လွတ်လပ်ရေး စခန်းကို ရောက်နိုင်မှာ မဟုတ်ဘူး။ ။

# လွတ်လပ်ရေး မှတ်ကျောက်

ဗိုလ်ချုပ် အောင်ဆန်း ဦး…င်းဆောင်သော အမျိုးသား ကြားဖြတ်အစိုးရက တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပရန် စိုင်းပြင်းနေစဉ် သခင်စိုး ခေါင်းဆောင်သော ကွန်မြူနစ် ပါတီ (အလံနီ) က ဘာကိုအတင်း ဆန့်ကျင်ခြင်း၊ သီးစားခ မပေးရေး၊ မြေခွန် မပေးရေး၊ အမတော်ကြေး ပြန်မဆပ်ရေး လုပ်ငန်းများကို လုပ်ဆောင်နေသည်။ ကလောဓတ္တပင် သခင်သန်းထွန်း ဦးစီးသည့် ကွန်မြူနစ် ပါတီ (အလံဖြူ) ကလည်း ဥပဒေ အတွင်းမှ နေပြီးလျှင် အဆိုပါ သီးစားခ မပေးရေး၊ မြေခွန်တော် မပေးရေး လုပ်ငန်းများကို တောင်သူလယ်သမား သမဂ္ဂများမှ တဆင့် လှုပ်ရှားဆောင်ရွက် နေကြသည်။ ထိုကိစ္စများမှာ တိုင်းပြည်လွတ်လပ်ရေးရခါနီး အချိန်တွင် လွတ်လပ်ရေးကို ဖျက်ဆီးမြင့်သွားစေသည့် လုပ်ငန်းများ ဖြစ်၍ ရပ်တန့်ကြရန် ဗိုလ်ချုပ်အောင်ဆန်းက သတိပေးလေသည်။

အသံသွင်းယူထားသော ယင်းသတိပေးချက်ကို ၁၉၄၇ ခု၊ မတ်လ ၂၁ ရက်နေ့ ည ၈ နာရီမိနစ် ၃၀ အချိန်တွင် မြန်မာ့အသံမှ အသံလွှင့်ခဲ့ခြင်း ဖြစ်သည်။

ယခုအခါ အချို့သူတို့သည် တိုင်းပြည်အတွင်း အနှံ့အပြား တောင်သူလယ်သမားတို့အား မြေခွန်တော်ပေးခြင်း၊ သီးစားခ ပေးခြင်း၊ အမတော်ငွေ ပြန်ဆပ်ခြင်းများ မပြုမလုပ်ကြအောင် တားမြစ် သွေးဆောင် လှုံ့ဆော်လျက် ရှိနေသည်ကို တွေ့ရှိရလေသည်။ ဤလှုံ့ဆော်မှုတို့ အောင်မြင်သွားခဲ့ပါလျှင် အားလုံး သိရှိကြပြီး ဖြစ်သည့် မြန်မာပြည်အား တနှစ်အတွင်း လွတ်လပ်ရေး ရရှိစေရန် ဟူသော ကျွန်ုပ်၏ အဓိက ရည်ရွယ်ချက်ကို များစွာ ထိခိုက် နှောင့်နှေးစေတော့မည်ဖြစ်ရာ ဤအရေးကို ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ အစိုးရ အဖွဲ့ဝင်များမှာ အလွန်ကြောင့်ကြ စိုးရိမ်လျက် ရှိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် မည်သည့် အစိုးရမျှ ငွေမရှိဘဲ တိုင်းပြည်နိုင်ငံ အုပ်ချုပ်ရေး တာဝန်ကို ဆောင်ရွက် မသွားနိုင်ချေ။ ထို့ကြောင့် ကိုယ့်အစိုးရအား ကျသင့်သော အခွန်ဘဏ္ဍာများကို ကြည်သာပျူငှါစွာ ပေးဆောင်ခြင်းသည်ပင် လွတ်လပ်သော လူမျိုးအဖြစ်ကို ထင်ရှားစေသော မှတ်ကျောက် ဖြစ်ပေသည်။ လက်ရှိ အစိုးရသည် အဆွေတို့ လူထု၏ အစိုးရပင် ဖြစ်သည်။ ဗမာအစိုးရ စစ်စစ်ဖြစ်သည့်အတိုင်း၊ ဗမာလူမျိုးများ ကောင်းစားရေးနှင့် ဗမာလူမျိုးများ၏ ရည်ရွယ်တောင့်တသော အာသီသဆန္ဒ ပြည့်ဝရေးတို့မှတပါး အခြား မြှော်လင့်ချက် တစုံတရာမျှ မရှိကြောင်းကို ကောင်းစွာ သိကြစေလိုသည်။ ဗမာပြည် လွတ်လပ်ရေး ရရှိစေရန်နှင့် တိုင်းသူ ပြည်သား အားလုံး ရင်ဆိုင်နေကြရသည့် အခက်အခဲ များကို ကျော်လွှားနိုင်အောင် အကူအညီပေးရန် အတွက် ဗမာအစိုးရတွင် ငွေရှိမှ ဖြစ်နိုင်မည်။ နယ်ချဲ့စနစ်ကို တိုက်ဖျက်ရေးအတွက် လယ်ခွန်တော် မပေးရေး၊ သီးစားခ မပေးရေးတို့သည် မည်မျှလောက်ပင် ထိရောက်သော လက်နက် ဖြစ်စေကာမူ ယခု အခြေအနေ လုံးဝ ပြောင်းလဲလျက် လွတ်လပ်ရေး တံခါးဝတွင် ရပ်တည်နေသော ဗမာပြည်တွင် ဤလုပ်ငန်းမျိုးများကို စတင်လုပ်ကိုင်ခဲ့သော (ဝါ) ဤလက်နက်ကို သုံးခဲ့သော တိုင်းပြည် နိုင်ငံ၏ အဓိက အကျိုးတရားများကိုသာ ဆုတ်ယုတ် ပျက်ပြားစေလိမ့်မည်။ အခွန်ဘဏ္ဍာကို တိုင်းသူပြည်သားတို့က မပေးဘဲ ငြင်းဆန်ခြင်းသည် တိုင်းပြည်နိုင်ငံ၏စီးပွားရေးကို အစိတ်စိတ် အမြွာမြွာ ဖြစ်အောင် ဖြိုခွဲ ဖျက်ဆီးပစ်ခြင်းပင် ဖြစ်၍ ဤသို့ နိုင်ငံ စီးပွားရေးကြီး ပြိုကွဲသွားပါက နောက်ဆုံး၌ အများဆုံး အနစ်နာ ခံရမည့်သူတို့မှာ တိုင်းသူပြည်သား လူထုပင် ဖြစ်သည်။ မည်သည့် တိုင်းပြည်မဆို တိုင်းသူပြည်သားတို့က တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်၊ ပုဂ္ဂိုလ်ပီပီ ဤအခြေခံ ပြည်သူ့ ဝတ်တရားဖြစ်သော အကောက်အခွန်ပေးဆောင်ရေး တာဝန်ကို ထမ်းရွက်ချင်စိတ် မရှိလျှင် ထိုတိုင်းပြည်သည် လွတ်လပ်ရေး မရနိုင်။ တည်တံ့သော ဘဏ္ဍာရေး တည်းဟူသော ခိုင်လုံသည့် အုတ်မြစ်ပေါ်တွင် မတည်ဆောက်ဘဲလည်း မည်သည့် လွတ်လပ်ရေးမျှ မြဲနိုင်မည် မဟုတ်ပေ။

မြန်မာပြည် အခွန်ဘဏ္ဍာများတွင် ယခုအခါ မြေခွန်တော်မှာ ကျွန်ုပ်တို့ အဓိက အားထားနေရသော အခွန်တရပ် ဖြစ်သည်။ ယခု စစ်ပြီးကာလတွင် မြန်မာပြည်၏ စက်မှုလက်မှု လုပ်ငန်းဆောင်တာကြီးများ ပျက်စီးလျက် ရှိနေသည့်ပြင် ပြည်တွင်း ပြည်ပ ကုန်စည် ကူးသန်းရောင်းဝယ်ရေးတို့လည်း အထူး ချို့တဲ့ ချတ်ယွင်းလျက်ပင် ရှိနေသေးသောအဖြစ်သည်ပင် အစိုးရ၏ အခွန်တော် ဘဏ္ဍာငွေ ဝင်လမ်း မျ[illegible]ကို ပိတ်ဆို့လျက် ရှိနေသဖြင့် မြေခွန်တော်ကိုသာ အထူး ပို၍ အားထားနေရသောအခါ ဖြစ်သည်ကို တိုင်းပြည် လူထုက သိစေလိုပါသည်။

အချို့သော ပုဂ္ဂိုလ်တို့က "ငွေမရှိလျှင် တခြား တိုင်းပြည်က ချေးတာပေါ့၊ အရေးမကြီးပါ" စသည်ဖြင့် ပေါ့ပေါ့ဆဆ ပြောကောင်း ပြောကြပေလိမ့်မည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကျွန်ုပ်သို့ အတိအလင်း ပြောလိုသည်မှာ မိမိတိုင်းပြည်၏ အခွန်ဘဏ္ဍာငွေကို အားမကိုးဘဲ၊ နိုင်ငံခြားသားတို့၏ ထောက်ပံ့ ချေးငှါးမှုကို အားကိုးအားထား ပြုနေသမျှ ကာလပတ်လုံး မည်သည့် နိုင်ငံမျှ တကယ့် လွတ်လပ်ရေးကို မရရှိနိုင်ပေ။ ကျပ်ပြည့်တင်းပြည့် လွတ်လပ်ရေးကို လိုချင်လျှင် ကျွန်ုပ်တို့ ငွေနှင့် ကျွန်ုပ်တို့ ကိုယ်တိုင်ကသာ [illegible]ားထုတ်ကြရပေမည်။

ထို့ကြောင့် အခွန်တော်ကို မပေးဘဲ နေသူများကို မြန်မာပြည်အား လွတ်လပ်ရေး မရအောင် တိုက်ခိုက် တားဆီးနေသော သူများဟု ဆိုရပေလိမ့်မည်။ တရားမျှတသော သီးစားခများကိုမပေးဘဲ နေသူများသည်လည်း မြေရှင်တို့အား အခွန်တော် မထမ်းဆောင်နိုင်အောင် ဖန်တီးပေးရာ ကျသဖြင့် မြန်မာပြည်၏ လွတ်လပ်ရေးကို သွယ်ဝိုက်သောနည်းဖြင့် တားဆီးနေသူများဟု ဆိုရပေလိမ့်မည်။ တောင်သူ လယ်သမားတို့ ရင်ဆိုင်နေရသော အခက်အခဲများကို ကျွန်ုပ်တို့ ကိုယ်တိုင် သိရှိ၏။ တောင်သူ လယ်သမားတို့ကလည်း ထိုအခက်အခဲတို့မှ သက်သာခွင့်ရရှိရန် ကျွန်ုပ်တို့အား ကူညီစေလိုသည်ကိုလည်း ကျွန်ုပ်သိ၏။ ကျွန်ုပ်တို့ကလည်း အစွမ်းကုန် ကူညီလိုသော ဆန္ဒ ရှိကြ၏။ သို့သော် ငွေမရှိက ကျွန်ုပ်တို့ မည်သို့မျှ တတ်နိုင်မည် မဟုတ်ပေ။ ယမန်နှစ်က အမတော်ကြေးအဖြစ် ငွေပေါင်း သုံးကုဋေနီးပါးကို တောင်သူ လယ်သမားတို့အား ထုတ်ချေးခဲ့၏။ ဤထုတ်ချေးငွေမှာ စစ်မဖြစ်မီက ထုတ်ချေးခဲ့သော ငွေထက် အဆပေါင်း ၅၀ ကျော် ၆၀ မျှ ပိုမိုနေသည်ဖြစ်ရာ စစ်မဖြစ်မီက မြန်မာပြည် အစိုးရတို့၏ ရရှိသော အခွန်





www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာတော်ငွေ၏ ခြောက်ပုံ တပုံမျှမက များပြားပေသည်။ အမတော်ကြေးငွေမှာ ဤမျှမက လိုအပ်သည်ကို ကျွန်ုပ်တို့ သိလည်း သိ၏။ နောက်ထပ်လည်း ထုတ်ချေးလို၏။ သို့ရာတွင် ချေးပြီး ငွေများကို ပြန်မရပါက ထုတ်ချေးပြီးခဲ့သော အမတော်ငွေများကို ပင်လျှင် ဤနှစ်အဖို့ ထုတ်ချေးရန် ခဲယဉ်းပေလိမ့်မည်။ ငွေတကျပ် ပြန်မဆပ်လျှင် ဤနှစ်အဖို့ ထုတ်ချေးရန် ငွေတကျပ် လျော့သွားသည် မည်ပေသည်။ ထုတ်ချေးပြီးသော အမတော်ကြေးကို ပြန်မရပါက နောင်နှစ် ပြန်လည် ထုတ်ချေးနိုင်မည် မဟုတ်ပါသော အချက်ကို တိုင်းပြည်က ယတိပြတ် သိရှိထားစေလိုသည်။

တိုင်းသူပြည်သားတို့အား ကျွန်ုပ်တို့ အစိုးရက အကူအညီပေးနေသည်မှာ တောင်သူလယ်သမားတို့အတွက် အမတော်ကြေး ပေးခြင်း စံနစ်ဖြင့်သာ မဟုတ်ပေ။ ပျက်စီးသော လယ်မြေများကို ပြန်လည် တည်ထောင်ရန် လယ်မြေပြုပြင်ရေးအတွက်လည်း ငွေများ ထုတ်ချေးလျက် ရှိနေပြီ။ သီးနှံများ ပျက်စီးသည့် အရပ်ဒေသအတွက်လည်း ငတ်မွတ်ခေါင်းပါးခြင်းဘေးမှ ကာကွယ်ရန်အတွက် ငွေကြေး ထုတ်ပေးလျက်ရှိပြီ။ စပါးစိုက်ပျိုးရေးအတွက် ဆုငွေကျွန်များကိုလည်း ထုတ်ပေးရန် အသင့်ရှိနေပြီ။ ထိုမျှမကသေး၊ တောင်သူလယ်သမားတို့ကို အခြားနည်းများနှင့် ကူညီရန် ကြိုးစားဆောင်ရွက်လျက် ရှိနေပေသည်။ တောင်သူလယ်သမားတို့ လယ်သီးစားခပေးရာ၌ အခက်အခဲ မရှိစေရန် အတွက်လည်း လယ်သီးစားခလျှော့နိုင်သမျှ လျှော့ပေါ့၍ နှုန်းထားသတ်မှတ်ခဲ့ပြီ။ ရှေးက မြန်မာပြည်တွင် မဖြစ်ဘူးခဲ့သော စပါးဈေးနှုန်းမျိုးကိုလည်း ကျွန်ုပ်တို့သတ်မှတ် လိုက်သည့်အပြင် သတ်မှတ်သည့်ဈေးအတိုင်း တောင်သူ လယ်သမားတို့ ရရန်အတွက်ကိုလည်း ကျွန်ုပ်တို့ ဂရုစိုက်လျှက်ရှိသည်။ ဤကား ယခုနှစ်ပေးရမည့် အခွန်တော်ကို စပါးနှင့် အချိုးချတွက်ယူသော် ရှေးကထက် အလွန်သက်သာသည်ဟူသော အချက်ကို ထင်ရှားစွာပြလျက် ရှိသည်။ ဥပမာ စစ်မဖြစ်မီက အခွန်တော်သည် စပါးတင်းရေ ၃၀ ကျသည်ဆိုလျှင် ယခုနှစ်အဖို့ စပါး ၁၀ တင်း သာသာမျှသာ ကျသင့်ချေမည်။ ဤအချက်များကို လူထုက မမေ့သင့်ပေ။

ကောက်ပဲသီးနှံများမှာ ကျွန်ုပ်တို့ မြော်လင့်သလောက် မကောင်းသည့်အပြင် အချို့နေရာများ၌ စပါးထွက်မှာ သိသိသာသာ ဆိုးဝါးလှသည်ကို



ကျွန်ုပ် သိပါသည်။ လယ်ပျက်များအတွက် အခွန်တော်ကို လျှော့ပေါ့ရန်လည်း အထူးအရေးယူထားပြီးပြီ။ စိုက်ပျိုးရေး ပျက်စီးခြင်းကြောင့် အခွန်တော်ကိုဖြစ်စေ၊ အမတော်ငွေကိုဖြစ်စေ ပေးနိုင်သော စွမ်းအား အကယ်ပင် မရှိခဲ့ပါလျှင် အခွန်တော် အရာရှိများက တရားမျှတစွာဖြင့် သက်သက်ညှာညှာ ဆောင်ရွက်ကြရန် ကျွန်ုပ် ညွှန်ကြားထားပြီးပါပြီ။ ဤသို့မစွမ်းဆောင်နိုင်သည့်ကိစ္စများ၌ တောင်သူလယ်သမား အသီးသီး အသကအသက ကိုသည် မိမိတို့၏ အမှုကို သက်ဆိုင်ရာ အရေးပိုင်ထံသို့ လျှောက်ထားပါလေ။ အရေးပိုင်တို့၌ ထိုကိစ္စကို အပြီးတိုင်ဆောင်ရွက်ပေးရန် အခွင့်အာဏာလုံးဝ ရှိပါသည်။

မျိုးချစ်ဗမာ လူသူအားလုံးတို့အား "အစိုးရကို ရင်ဆိုင်လျက်ရှိသော အခက်အခဲတို့က ကျော်လွှန်နိုင်အောင် ကူညီကြပါ၊ တောင်သူလယ်သမားတို့အားလည်း ကူညီကြပါ၊ မြန်မာပြည် လွတ်လပ်ရေးပန်းတိုင်သို့ အရောက်ကူညီဆောင်ကြဉ်းကြပါ" ဟူ၍ ကျွန်ုပ်က တောင်းပန်လိုပါသည်။ လူထုကလည်း ကျွန်ုပ်တို့အား ကူညီလိုသော ဆန္ဒရှိသည်ကို ကျွန်ုပ်တထစ်ချယုံကြည်ပါ၏။ ယင်းသို့ ကူညီလိုပါလျှင် ကူညီရန်အကောင်းဆုံး နည်းလမ်းကား အခွန်တော်ကို ပေးဆောင်ခြင်း၊ တရားမျှတသော သီးစားခကို ပေးဆပ်ခြင်း၊ ချေးယူထားသော အမတော်ငွေကို ပြန်လည်ဆပ်ပေးခြင်းတို့ပင် ဖြစ်သည်။ ကျွန်ုပ် အတိအလင်း ပြောရပါလျှင် ယင်းသို့မကူညီသူသည် ဗမာပြည်နှင့် ဆန့်ကျင်ဖက်ပြုသူများဟူ၍သာ မှတ်ယူရမည့်အပြင် အခွန်တော် မဆောင်စေရအောင် ဆင်ခြေဆင်လက် အမျိုးမျိုးဖြင့်သော်၎င်း၊ ခြိမ်းခြောက်ခြင်းဖြင့် သော်၎င်း သွေးဆောင်နေသူတို့ကို ဗမာလူမျိုးတို့၏ ရန်သူဟူ၍ ကျွန်ုပ်မှတ်ဘမ်းတင်ရပေလိမ့်မည်။

မြေခွန်တော် စည်းကြပ်သည်မှာ တရားမျှတခြင်းမရှိ ကြီးလေးလှသည်။ သီးစားခနှုန်းမှာလည်း ကြီးမြင့်လှသည်ဟူ၍ အကယ်ထင်မှတ်သူတို့လည်း ရှိကောင်းရှိပေမည်။ ထိုသူတို့ကို "ကျွန်ုပ်၏ အစိုးရ အမှုထမ်းတို့ထံ အကယ်နစ်နာချက်တို့ကို လျှောက်ထားပါ။ ထိုနစ်နာချက်တို့ ပပျောက်အောင် ကျွန်ုပ်တို့ အထူးဂရုစိုက်ဆောင်ရွက်မည်" ဟူ၍ ကျွန်ုပ်က ပြန်လည်ပြောဆိုလိုသည်။ ကျွန်ုပ်ကိုယ်တိုင်ကပင် လက်တွေ့သမားတဦး ဖြစ်သည်။ မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



လယ်မြေခွဲသားရေးစနစ်နှင့် လက်ရှိ အခွန်တော် စည်းကြပ်ရေးစနစ်တို့မှာ ချွတ်ယွင်းချက်တခုမက အများအပြား ရှိနေသည်ကို ကျွန်ုပ်သိသည်။ သို့သော် ချွတ်ယွင်းချက်တို့ကို ပြင်ရန်ဆိုသည်မှာ နေ့ချင်းညချင်း ပြီးနိုင်သည့် ကိစ္စမျိုးမဟုတ်၊ အချိန်အတန်ကြာရဦးမည်။ သို့သော် ကျွန်ုပ်တို့သည် ချွတ်ယွင်းချက်တို့ကို ပြုပြင်ရန် အားသွန်၍ လုပ်ကိုင်လျက်နေသည်ကို လူထုက ယုံကြည်စိတ်ချစေလိုသည်။ ဤအတောအတွင်း တိုင်းသူပြည်သားတို့ကလည်း အခွန်တော်များ ပေးဆောင်နိုင်ကြပါဟု ကျွန်ုပ် တောင်းပန်လိုက်သည်။

တိုင်းသူပြည်သားတို့သည် မိမိတို့ဝတ်တရား မည်သို့ရှိနေသည်ကို သိသည်နှင့်တပြိုင်နက် ဤမေတ္တာ ရပ်ခံချက်ကို လိုက်လျောလိမ့်မည်ဟူ၍ ကျွန်ုပ် အတပ်သိပြီး ဖြစ်သည့်အတိုင်း ယခု ဤမေတ္တာရပ်ခံချက်ကို ဗမာလူထုအား ဖြန့်ချိလိုက်ပါသည်။ မေတ္တာရပ်ခံချက်ကို မလိုက်နာသူတို့အား ကျွန်ုပ်တခု သတိပေးလိုက်ပါမည်။ အစိုးရအရာရှိတို့၌ ဝတ်တရား ပျက်သူတို့ကို ထိရောက်စွာ အရေးယူရန် အာဏာရှိပါသည်။ ဤအာဏာနှင့်မျှ မလုံလောက်သေးဆိုသော် ကျွန်ုပ်တို့က ထိုအာဏာများကို တိုးချဲ့ပေးရပေလိမ့်မည်။ ထိုအာဏာအရ ဆောင်ရွက်သော အစိုးရ အမှုထမ်း အရာထမ်းတို့အား ကျွန်ုပ်တို့ ထောက်ခံရပေလိမ့်မည်။ ဤအချက်ကို ထိတိကျကျနားလည်ကြစေလိုပါသည်။ အစိုးရ အမှုထမ်းတို့သည် ဗမာပြည်၏ ဝန်ထမ်းများလည်း ဖြစ်သည်။ ဗမာအစိုးရ၏ ဝန်ထမ်းများလည်း ဖြစ်သည်။ သူတို့အာဏာကို အသုံးချရာ၌ ထိုသူတို့သည် တရားမျှတ၍ သက်ညှာစွာ အသုံးချကြမည်။ သို့သော် သက်သက် အခွန်တော်မပေးတမ်းဟု ငြင်းဖယ်နေသော ဇွတ်သမားများအတွက် တင်းမာစွာ အရေးယူ ရပေလိမ့်မည်။

အခွန်တော် မထမ်းဆောင်ရေး၊ အမတော် မပေးဆပ်ရေးတို့အတွက် ခေါင်းဆောင်၍ လှုံ့ဆော်နေသူများအဖို့ ကျွန်ုပ်အထူးကျပ်တည်းစွာ သတိပေးလိုက်သည်။ ကျွန်ုပ်က ဤသို့မေတ္တာရပ်ခံပါလျက်နှင့် ဇွတ်မိုက်၍အနှောင့်အရှက် ပေးနေပါလျှင် ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ အစိုးရအဖွဲ့ဝင်များသည် ထိုသူတို့ကို ကိုယ်ကျိုးအတွက်ရှင်း၊ နိုင်ငံရေး ရန်ငြိုးကြောင့်ရှင်း၊ ကျွန်ုပ်တို့ ဗမာပြည်၏ လွတ်လပ်ရေး လုပ်ငန်းကို ကဖျက်ယဖျက် လုပ်နေသူများ (ဝါ)



ဗမာလူထု၏ ရန်သူများဟူ၍ ယူဆလိမ့်မည်။ ဗမာပြည်၏ လူထုကလည်း ဤအတိုင်းပင် ယူဆလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။ ထိုသူများအား ယုတ်မာ ဆိုးသွမ်းသော လမ်းစဉ်ကို ဆက်လက် လိုက်မှားနေခြင်းမှ ပိတ်ပင်တားမြစ်ပစ်ရန် နောက်ဆုံး မတရားမှုမျိုး မကျူးလွန်နိုင်စေခြင်းငှါ ကျွန်ုပ်တို့ လျောက်ပတ်စွာ ဆုံးမရပေလိမ့်မည်။ ဤသို့ကျွန်ုပ်တို့ ပြုလုပ်ရသောအခါ မတရား နှိပ်စက်ခြင်းဟု မပြောကြလေနှင့်။ ကျွန်ုပ်သည် မတရား ဖိစီးနှိပ်ကွပ်တတ်သူမဟုတ်၊ သို့သော် ကိုယ်ကျိုးရှာမှုအတွက် ဗမာလူထုကို စော်ကားလျက် ဗမာပြည်ကြီးအားချောက်ထဲသို့ ဆွဲချမှုများကို ရပ်၍ကြည့်နေနိုင်လိမ့်မည်မဟုတ်သည်ကို သိကြစေလိုသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

# တော်လှန်ရေးနှစ်မျိုး

ရွေးကောက်ပွဲအတွက် လှည့်လည် ဟောပြောရင်း ၁၉၄၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ နံနက် အာလံမြို့၌ ကျင်းပသော တော်လှန်ရေးနေ့ အခမ်းအနားတွင် မြွက်ကြားသည့် မိန့်ခွန်း

ဒီနေ့ဟာ တော်လှန်ရေး စခဲ့တဲ့နေ့ဖြစ်တယ်။ တော်လှန်တယ် ဆိုတာ အဓိပ္ပာယ်ဘာလဲ။ များသောအားဖြင့် ယူဆနေကြတာက သွေးထွက်သံယို ဖြစ်တဲ့ တော်လှန်ရေးကိုသာ တော်လှန်ရေးလို့ ယူဆနေကြတယ်။ ဒါဟာ လုံးဝမမှန်ဘူး၊ တော်လှန်ရေးဟာ သွေးထွက်သံယိုရှိတဲ့ တော်လှန်ရေး၊ သွေးထွက်သံယို မရှိတဲ့တော်လှန်ရေးရယ်လို့ နှစ်မျိုးရှိတယ်။

## ပြောင်းလဲနေသောတော်လှန်ရေး

တော်လှန်ရေးဟာ ယခုမှသာ ဖြစ်တာမဟုတ်ဘူး၊ စစ်ကြီးမဖြစ်ခင်ကလဲ တော်လှန်ရေး ဖြစ်တဲ့သဘောတရားတွေ ဖြစ်နေတာဘဲ။ ယခုစစ်ကြီး ဖြစ်ပြီးမှ တော်လှန်ရေးဟာ သိသိသာသာကြီး ပြောင်းလဲနေတယ်။ လူတွေက သတိမထားဘဲ အမှတ်တမဲ့ နေကြလို့တော်လှန်ရေး သဘောတရားများဟာ အရေအတွက် အသေးစိတ် သဘောက အရည်အချင်း အစိုင်အခဲသဘောသို့ ပြောင်းနေတာကို မမြင်ကြဘူး။

## နေ့စဉ်မျက်မြင်သဘော

ခေတ်ကြီး တခေတ်ခြားပြီး အစိုင်အခဲဖြစ်ပြီး ဖြစ်ပေါ်လာတော့မှသာ မြင်ကြတယ်။ ဥပမာ ကိုယ့်ရွာမှ လူပျိုပေါက်ကလေးတယောက် ကြီးထွားလာသော်လဲ အမှတ်တမဲ့ နေကြလို့ ကြီးလာတယ် မထင်ကြဘူး။ ဒီလိုလူပျိုပေါက်ကလေးတယောက် ကြီးထွားလာသော်လဲ အမှတ်တမဲ့နေကြလို့ ကြီးလာတယ် မထင်ကြဘူး။ ဒီလို လူပျိုပေါက်ကလေးဟာ အခြားတမြို့တရွာသို့





သွားနေပြီး၊ ရွာပြန်လာတဲ့အခါ တယ်ကြီးပါကလားလို့ထင်ကြ၊ ပြောကြတယ်၊ ဒီသဘောအတိုင်းဘဲ၊ နေ့စဉ်မျက်မြင်ကို သတိမထားကြဘူး။ အမှန်တော့ တော်လှန်ရေးသဘောတရားများဟာလဲ အကြောင်းအကျိုး ဆက်ပြီး အရေအတွက် အသေးစိတ်သဘောက အရည်အချင်း အစိုင်အခဲသဘောသို့ ပြောင်းလဲနေတာဘဲ။

## ရေး မြင်သာ ဥပမာ

တော်လှန်ရေး သဘောအားဖြင့် ကြည့်လျှင် တော်လှန်ရေး သဘောတရားများ အသေးစိတ်သဘောက အစိုင်အခဲသဘောသို့ ပြောင်းလဲပြီး၊ ပေါက်ကွဲလာတာ အမျိုးမျိုးတွေ့ရတယ်။ ဥပမာ ရှေးအခါက ပြင်သစ်ပြည်ကြီးဟာ လယ်ရှင်စံနစ်အရ စီမံပုံ ဆိုးဝါးလွန်းလို့ တိုင်းသူပြည်သားတွေဟာ အမျိုးမျိုး ညှဉ်းပန်းမှု ခံကြရတယ်။ ဒီအခါမှ တိုင်းသူပြည်သား၏ မကျေနပ်မှု မခံနိုင်မှု အသေးစိတ် သဘောတရားများသည် အစိုင်အခဲ သဘောသို့ ပြောင်းလဲပြီး တော်လှန်ရေး ပေါက်ကွဲလာတယ်။ ရုရှားပြည်မှာလဲ ဇာဘုရင်၏ အုပ်ချုပ်ပုံစံနစ်ကို အလုပ်သမားတွေရော၊ တောင်သူလယ်သမားတွေရော၊ ပညာတတ်တွေရော နောက်ဆုံး စစ်တပ်ပါမကျေနပ်မှု အစိုင်အခဲကြီး ဖြစ်လာတဲ့အတွက် အကြီးအကျယ် ပေါက်ကွဲခဲ့တယ်။ ပဌမတော့ သွေးထွက်သံယိုမရှိတဲ့ တော်လှန်ရေး ဖြစ်သော်လဲ နောက်ဆုံးတော့ သွေးထွက်သံယို တော်လှန်ရေး ဖြစ်လာတယ်။

## ဆီးထားလျှင် ပေါက်ကွဲတတ်တယ်

ဥပမာ စီးဆင်းလျက်ရှိတဲ့ ရေအယဉ်ကို ကန့်တားပိတ်ဆို့လိုက်တဲ့အခါ ပြန်စီးလာတဲ့ရေဟာ အတင်းယင်လဲ ထိုးထွက်ရမယ်။ သို့မဟုတ် ပြည့်လျှံ အန်ထွက်ပြီး ဆီးမနိုင်တားမရယင်လဲ ဖြစ်ရမယ်။ တနည်း ရေနွေးငွေ့များကို ထွက်နေကြ မထွက်စေဘဲ ပိတ်ထားလိုက်လျှင် ပေါက်ကွဲ သွားရတယ်။ ဒီသဘောအတိုင်း နိုင်ငံရေးအားဖြင့် တော်လှန်ရေး သဘောတရားများဟာလဲ မပြတ်အစဉ်အဆက်ဖြစ်နေကြတယ်။ ဒီလိုအဖြစ်အစဉ်ကို ဟန့်တားလျှင် ပေါက်ကွဲလာမှာဘဲ။ မည်သည့် တိုင်းပြည်မှာမဆို သူ့တိုင်းပြည်မှာ သူ့အကြောင်းနှင့် တော်လှန်ရေး ဖြစ်စဉ်များရှိကြတာဘဲ။

www.burmeseclassic.com

www.burmeseclassic.com



### အင်္ဂလိပ်တော်လှန်ရေး အဆင့်အတန်း

ယခု ဒုတိယကမ္ဘာစစ်ကြီးပြီးမှ အင်္ဂလန်ပြည်မှာလဲ တော်လှန်ရေး ဖြစ်ပေါ်လာတယ်။ အင်္ဂလိပ်လူထုက ကွန်ဆာဗေးတစ် အစိုးရကို တော်လှန်လိုက်လို့ လေဘာပါတီအစိုးရတက်ဖြစ်လာတယ်။ အဲဒီ တော်လှန်ရေးဟာ သွေးထွက်သံယိုမရှိခဲ့ဘူး။ ယခုအင်္ဂလိပ်လူထုရဲ့ တော်လှန်ရေး အဆင့်အတန်းဟာ တဆင့်ထက်တဆင့်မြင့်ပြီး နိုးကြားလာတယ်။ ဒါပေမဲ့ ဗမာပြည်က လိုချင်သလောက် မနိုးကြားဘူး။

### လွတ်လပ်ရေး ပေးချင်သူများ

အင်္ဂလန်ပြည်မှာ ကွန်ဆာဗေးတစ်ပါတီထက် လေဘာပါတီက အဆင့်အတန်းမြင့်ပြီး နိုးကြားလာပေမဲ့ အချို့နယ်ချဲ့စိတ်မကုန်တာတွေလဲ ရှိသေးတယ်။ တချို့ကတော့လဲ ဗြိတိသျှအစိုးရ လက်အောက်ခံ တိုင်းပြည်များကို တာရှည် မအုပ်ချုပ်နိုင်မဲ့အတူတူ လွတ်လပ်ရေး ပေးလိုက်လျှင် ငါတို့တိုင်းပြည်ကို ထိခိုက်လာမလားဆိုပြီး ငြိမ်နေတဲ့အစားလဲရှိတယ်။ ချာချီတို့လိုလူတသိုက်က ငါတို့တိုက်ခိုက် သိမ်းထားတဲ့နိုင်ငံတွေဟာ ငါတို့ပိုင် တယ်။ လွတ်လပ်ရေး မပေးရဘူးလို့ ယူဆတယ်။ ဒီချာချီတို့လူသိုက်ကတော့ အားမကြီးတော့ဘူး။

### စီးပွားရေး အတွင်းကြေ ကြေမြို

ဗြိတိသျှ အင်ပါယာရဲ့ အခြေအနေကို ဆန်းစစ်ကြည့်လိုက်လျှင် စစ်နိုင်တိုင်းပြည် ဖြစ်ပေမဲ့ ဒုတ်ပြီး ဓားပြီးသမားတွေ အတွင်းကြေ ကြေသလို စီးပွားရေးအားဖြင့် အတွင်းကြေ ကြေနေတယ်၊ စစ်ကြီး မဖြစ်ခင်က အင်္ဂလိပ်ကမြီရှင် အိန္ဒိယကမြီစား၊ စစ်ကြီးပြီးတော့ အိန္ဒိယက မြီရှင် အင်္ဂလိပ်က မြီစား ဖြစ်လာတယ်၊ စစ်ကြီးမဖြစ်ခင်က အီဂျစ်ကမြီစား၊ အင်္ဂလိပ်ကမြီရှင်၊ စစ်ကြီးပြီးတော့ အီဂျစ်ကမြီရှင်၊ အင်္ဂလိပ်က မြီစားဖြစ်လာရတယ်။ သူတို့အားနည်းနေတဲ့အခါမှာ ကိုယ်ကအားကြီးအောင်လုပ်ရမယ်။ နယ်ချဲ့သမားတွေချင်းပေါင်းပြီး အာရှတိုက်ကို မနှိမ်နင်းနိုင်အောင် ကြိုးစားကြ ရမယ်။ သူကအားနည်းပြီး၊ ကိုယ်က အားကြီးတဲ့အခါမျိုးဖြစ်လာယင် လွတ်လပ်ရေး လွယ်လွယ်နဲ့ရနိုင်မယ်။



### တော်လှန်ရေး အမှတ်တွေ

မြန်မာပြည်မှာ ဖ-ဆ-ပ-လကို ယနေ့အထိ တိုင်းပြည် လူထုက ကြည်ညိုခဲ့တယ်။ နယ်ချဲ့သမားတွေက ဖ-ဆ-ပ-လကို အမျိုးမျိုး ဖျက်ကြပေမဲ့ မပျက်ဘူး။ ရှက်လှေကြီးမှာ ရွက်ဘေး နည်းနည်းပါးပါး စုတ်ပြတ်တာလောက်ဟာ အရေး မကြီးပါဘူး။ ရှေ့အဖို့မှာ လူထု အင်အားကောင်းသည်ထက်ကောင်းအောင် ကြိုးစားရမယ်။ လာမည့်တိုင်းပြုပြည်ပြု လွှတ်တော်ထဲမှာလဲ တော်လှန်ရေး အမှတ်တွေများနိုင်သမျှ များအောင် ကြိုးစားကြရမယ်။ အတွင်းရေး၊ အပြင်ရော အင်အားကြီးကို စုပြီးတော့ တကယ့်လွတ်လပ်ရေးရအောင် တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ပြီးလျှင် အင်္ဂလိပ်အစိုးရနဲ့ စကားဆိုရမယ်။

### လွတ်လပ်ရေးတိုက်ပွဲ မပြီးသေး

လွတ်လပ်ရေး တိုက်ပွဲမပြီးသေးဘူး။ တိုင်းပြုပြည်ပြု လွှတ်တော်ဟာ လွတ်လပ်ရေးရဲ့ အစသာ ဖြစ်တယ်။ အင်္ဂလိပ်နဲ့ စာချုပ်စရာတွေ ရှိသေးတယ်။ ဘယ်အထိစကားများမယ် မသိဘူး။ ဒါကြောင့် တိုင်းပြည်လူထုက ယနေ့ကစ၍ (အဋ္ဌတရက္ခပါကျပေတံ) ဆိုသလို လောကီနိဗ္ဗာန်ရောက်သည်အထိ အင်အားစုကို တောင့်တင်းအောင် လုပ်ပါမည်ဟု အဓိဋ္ဌာန် ပြုကြပါ။

www.burmeseclassic.com

www.burmeseclassic.com

# ဒါတွေ လွတ်လပ်ရေး တိုက်ပွဲလား

၁၉၄၇ ခု၊ ဧပြီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရခိုင်ပြည် မြေပုံမြို့သို့ ရောက်ရှိသွားသည်။ ည ၈ နာရီခန့်တွင် အထံနီ ကွန်မြူနစ် သဆရာတော် ဦးစိန္တာ ကြီးမှူး ကျင်းပသော ထုထု အစည်းအဝေးသို့ ဗိုလ်ချုပ် အောင်ဆန်း ထက်ရောက် စကားပြောကြားသေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ပြောကြားချက် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ယခု ကျွန်တော် လာရတာဟာ ဦးစိန္တာက ဖိတ်လို့ လာတာဖြစ်တယ်။ ဒီညီလာခံမှာ ကွဲနေကြတာကို စေ့စပ်ညီညွတ်အောင် လုပ်ဖို့ဆိုပြီး ဖိတ်တဲ့အတွက် တခြား အရေးကြီးတာတွေကို ရွှေ့ဆိုင်းပြီး လာခဲ့ရတယ်။ ဒီကျတော့မှ တရားဟောရုံလောက် ရှိတယ်ဆိုတာ သိရတယ်၊ လွတ်လပ်ရေးအတွက်တော့ အရင်ကလဲ တိုက်ခဲ့တယ်၊ နောက်လဲ တိုက်မှာဘဲ၊ ဒီလာတာဟာ ညီညွတ်အောင် လုပ်ဖို့လာတာ၊ မညီညွတ်ယင် အလကားဘဲ၊ မညီယင် လွတ်လပ်ရေး မရနိုင်ဘူး။ လွတ်လပ်ရေး အဓိပ္ပာယ်ကိုလဲ နားလယ်ဖို့လိုတယ်။ လွတ်လပ်ရေးကို တောင်းယူလို့ မရ၊ တိုက်ယူမှ ရမယ်ဆိုတာ သဘောတူတယ်၊ ဒါပေမဲ့ လွတ်လပ်အောင် လုပ်နည်း လိုတယ်။ လွတ်လပ်ရေးဆိုတာ ညီညီ ညွတ်ညွတ်နဲ့ အင်အားရှိမှ ရနိုင်တယ်။

သူပုန် သူပုန် ထထ အော်နေရုံနဲ့ လွတ်လပ်ရေး မရနိုင်ဘူး။ အလုပ်လုပ်တဲ့ နေရာမှာ နားလယ်ဖို့ လိုတယ်၊ တကယ်နားလယ်ပြီး လုပ်ယင် လုပ်တတ်ယင်၊ တနှစ်အတွင်း လွတ်လပ်ရေး ရနိုင်တယ်။ ယခုတော့ နယ်ချဲ့ သမားကို ညီညွတ်စွာ ပေါင်းပြီး တိုက်ရမဲ့ အစား ဗမာအချင်းချင်း တိုက်နေကြတာက ခက်တယ်။ အချို့လူတွေက ပြည်သူ့ရဲဘော်တပ်ဖွဲ့ ခေါင်းဆောင်ကိုသတ်၊ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ခေါင်းဆောင်ကို သတ်၊ မီးရထားကို မှောက်အောင်လုပ်၊ ဒီလို လုပ်နေတာဟာ လွတ်လပ်ရေး တိုက်ပွဲထင်နေတယ်။ လုပ်ပုံ မဟုတ်သေးဘူး။ သေတော့ ဘယ်သူတွေ သေသလဲ။ ဗမာတွေ သေတာဘဲ မဟုတ်လား။ နယ်ချဲ့သမားကတော့ လက်ပိုက်ပြီး ကြည့်ရယ်နေတာဘဲ။ ဒီလိုဆိုယင် ဘယ်တော့မှ လွတ်လပ်ရေး ရမှာမဟုတ်ဘူး။



# လမ်းနှစ်ခွ

တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်ရမည့် ရွေးကောက်ပွဲကြီးသည် အထူး အရေးကြီး၏။ အဆိုပါ ရွေးကောက်ပွဲကြီး မပျက်စီး ပျက်စီးအောင် ဖျက်ဆီးရန် ကြံရွယ်ထားသော (ဖဆပတ)ကို အတိုက်အခံလုပ်နေသော နိုင်ငံရေး အဖွဲ့များလည်း ရှိနေသေး၏။ နိုင်ငံရေး လက်ဟောင်း သမားကြီးများ ဖြစ်သည့် ဂဠုန် ဦးစောသခင်ဗစိန်(ဖဆပလ)မှ ထုတ်ပယ်ခြင်းခံရသောသခင်သန်းထွန်း၏ ကွန်မြူနစ်ပါတီ (အလံဖြူ)၊ သခင်စိုးခေါင်းဆောင်သည့် အလံနီ ကွန်မြူနစ်တို့သည် "မစားရသည့်အမဲ သဲနှင့်ပက်" ဆိုသကဲ့သို့ မိမိတို့ အာဏာမရမည့်အတူတူ ရွေးကောက်ပွဲ ပျက်စေရန် ခြေရှုပ်ခုတ် ဆောင်ရွက်လာကြပြန်သည်။ ထိုဆန့်ကျင်ရေးသမားတို့ကို ဖြတ်ဖြတ်သားသား အရေးယူရန်လိုလာကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းက (ဖဆပလ) ခေါင်းဆောင်ပိုင်းအား အသိပေးသော အနေဖြင့် တိုင်းပြည်သို့ တင်ပြလိုက်၏။

အောက်ပါ မိန့်ခွန်းမှာ ၁၉၄၇ ခု၊ ဧပြီလ ၅ ရက်နေ့ ညနေ ၆ နာရီ ၃၃ မိနစ်အချိန်တွင် အသံလွှင့်ဌာနမှနေ၍ တိုင်းပြည်သို့ အသံလွှင့် ပြောကြားသည့် မိန့်ခွန်း ဖြစ်သည်။

လာမည့် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ကျွန်တော်ထုတ်လိုက်တဲ့မေတ္တာရပ်ခံလွှာအစမှာ "ဗမာတွေလမ်းနှစ်ခွသို့ ရောက်နေပြီ" လို့ ကျွန်တော်ပြောခဲ့တယ်။ ယနေ့ညတော့ ဖ၊ ဆ၊ ပ၊ လ ရဲ့ ရှေ့ဆုံးတန်းက ခေါင်းဆောင်တွေဟာ လမ်းနှစ်ခွကိုရောက်ပြီဆိုတာကို ပြောချင်တယ်။ တလမ်းက တအိမ်လုံးအထိ လောင်စပြုနေတဲ့ မီးကို နိုင်နိုင်နင်းနင်း ငြိမ်းရမည့် လမ်းဖြစ်တယ်။ တခြားတလမ်းကတော့ အိမ်ကြီးလဲလောင်ချင်သလို လောင်ပေစေတော့ဆိုပြီး အိမ်ပေါ် ကဆင်းပေးတဲ့ လမ်းဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းနှစ်ခုအတွက် ဘယ်လမ်းကို ကျွန်တော်တို့ ခေါင်းဆောင်တွေ လိုက်ကြမယ်ဆိုတာ အနှေးနှင့်အမြန် ကျွန်တော်တို့ သန္နိဋ္ဌာန်ချကြရလိမ့်မယ်။ ယခုလို တပြည်လုံးအထိ ကူးစက်ပြီး မီးဟုန်းဟုန်းတောက်ဖို့ အရှိန်ယူနေတဲ့ အခါမျိုးမှာ တွေဝေမိန်းမောခြင်း၊ ချီတုံချတုံဖြစ်ခြင်း၊ မှန်တယ် ထင်ရာကို မလုပ်ရဲခြင်းထက် ပိုပြီးမှားတဲ့အမှားမျိုးဟာ ရှိနိုင်တော့မယ် မဟုတ်ဘူး။

ခပ်ရှင်းရှင်း ပြောရယင် ယနေ့အထိ ကျွန်တော်တို့ တတွေရဲ့ လုပ်ပုံကိုင်ပုံ တွေဟာ ဘာမှကျေနပ်စရာမရှိသေးဘူး။ အတိအကျ ဆုံးဖြတ်ဖို့ အရေးကြီးနေတဲ့အခါ ကျွန်တော်တို့တတွေ တွေဝေနေကြတယ်။ ပြတ်ပြတ်သားသား လုပ်စရာရှိတဲ့အခါ ချီတုံချတုံ ဖြစ်နေကြတယ်။ ဒါတွေထက် ဆိုးဝါးတာက မှန်တယ်ထင်ရာကို မလုပ်ရဲတာဘဲ။ ကိုယ့်စိတ်ထဲက အလုပ်တခုဟာ ဘယ်လောက်ပင် မှန်တယ်လို့ ထင်နေပေစေ။ ဘယ်သူက ဘယ်လိုဆင်မလဲ၊ ဘာပြောမလဲ ဆိုတာတွေ တွေးပြီး ယုံတာကတမျိုး၊ လုပ်တာကတမျိုး ဖြစ်ဖြစ်နေကြတယ်။ အဲဒါတွေဟာ ခေါင်းဆောင်လုပ်ရမဲ့ လူတွေနဲ့တော့ ပြဒါးတလမ်း သံတလမ်းဘဲ။

ယခုခေတ် ခေါင်းဆောင်မှုဟာ အရင်တုန်းက ခေါင်းဆောင်မှုနဲ့ နဲနဲမှ မတူတော့ဘူးဆိုတာ ကောင်းကောင်းသတိထားကြပါ။ ရှေးတုန်းက ခေါင်းဆောင်မှုဟာ အစည်းအဝေးတက်တာမှာ စပြီး ဆုံးဖြတ်ချက်တွေချတာမှာ အဆုံးသတ်တာဘဲ။ ယခုခေတ် ခေါင်းဆောင်မှုဟာ ဒါလောက်နဲ့ မဖြစ်တော့ဘူး။ ယခုခေတ် ခေါင်းဆောင်မှုဟာ ပြာပုံနှင့် လောင်စာသာ ကျန်တော့တဲ့ ဘဝဆိုးကြီးမှ ဗမာပြည်ကြီးကို အသစ်ပြန်လည် ထူထောင်နိုင်တဲ့ ခေါင်းဆောင်မှု ဖြစ်ရမယ်။ ဒီလောက်ကြီးလေးတဲ့ ခေါင်းဆောင်မှုကြီးကို ကျွန်တော်တို့ တတွေ နိုင်နိုင်နင်းနင်းနဲ့ တာဝန်ယူချင်တယ် ဆိုယင်၊ ခုလို တွေဝေနေလို့ မဖြစ်တော့ဘူး။ ချီတုံချတုံ ဖြစ်နေလို့ မဖြစ်တော့ဘူး။ ကိုယ်ယုံကြည်တာကို မလုပ်ရဲလို့ မဖြစ်တော့ဘူး။

ဒီစကားတွေကို ပဏာမအဖြစ်နဲ့ ပြောရတာကတော့ တခြားကြောင့် မဟုတ်ဘူး။ လက်ငင်းအခြေအနေအရ မပြောမဖြစ်လို့ဘဲ။ အဲဒီတော့ လက်ငင်းအခြေ အနေဆိုတာ ဘာလဲလို့ ကျွန်တော်တို့ အထူးသုံးသပ်ဖို့လိုတယ်။



ယခုဗမာပြည်မှာ ဖ၊ ဆ၊ ပ၊ လ ရှိတယ်။ ဖ၊ ဆ၊ ပ၊ လ ရဲ့ ဆန့်ကျင်ဖက်ဂိုဏ်းတွေရှိတယ်။ ဖ၊ ဆ၊ ပ၊ လ ဟာ ဗမာ့လွတ်လပ်ရေးကို တနှစ်အတွင်း ရအောင်လုပ်နေတယ်။ ဖ၊ ဆ၊ ပ၊ လ ရဲ့ ဆန့်ကျင်ဖက်ဂိုဏ်းတွေက ဖ၊ ဆ၊ ပ၊ လ ကို ဝိုင်းပြီးခြေထိုးနေကြတယ်။ လက်ရှိ အခြေအနေရဲ့ အတိုချုပ်ကတော့ ဒါဘဲ၊

အဲဒီအတိုချုပ်ကို ကျွန်တော် နည်းနည်းလေပြီး ရှင်းပြဦးမယ်။ လွတ်လပ်ရေးဆိုတာ လေသံမကြားရတဲ့ဘဝက အကောင်အထည် ပေါ်လာတဲ့အထိ ဖ၊ ဆ၊ ပ၊ လ က လုပ်ပေးခဲ့တယ်။ အဲဒီအတိုင်းသာ မှန်မှန် လှမ်းသွားနိုင်ယင်၊ လွတ်လပ်ရေး ကြေညာပြီးကဲ့နောက် ဖ၊ ဆ၊ ပ၊ လ ရဲ့ လက်ထက် နိုင်ငံရေး အာဏာရောက်လာလိမ့်မယ်။

အဲဒါကို ဖ၊ ဆ၊ ပ၊ လ ရဲ့ ဆန့်ကျင်ဖက်ဂိုဏ်းသားတွေ ကောင်းကောင်း သိတယ်။ ဒီဟာကို သိဖို့ကလဲ သိပ်ပြီး ခက်တာမဟုတ်ပါဘူး။ နိုင်ငံရေး လိုက်စားသူတိုင်း ရှင်းရှင်းကြီး သိနေတဲ့ အချက်ဘဲ။

အဲဒီတော့ ဆန့်ကျင်ဖက်ဂိုဏ်းသားတွေဟာ ဖ၊ ဆ၊ ပ၊ လ နဲ့ ရိုးရိုးတန်းတန်း ယှဉ်ပြိုင်ပြီး နိုင်ငံရေးအာဏာကို လုရအောင်ကလဲ တိုင်းပြည်လူထု ကိုယ်တိုင်က ထောက်ခံခြင်းမရှိတော့ ထိထိရောက်ရောက် မလုနိုင်ကြဘူး။ အဲဒီလို ရိုးရိုးတန်းတန်း မလုနိုင်တော့ သူတို့တတွေ ဖ၊ ဆ၊ ပ၊ လ ကို ဝိုင်းပြီး ခြေထိုးကြတာဘဲ။ နိုင်ငံရေးမှာ မစားရတဲ့အမဲ သဲနဲ့ပက်တယ်ဆိုတာ ဒါဘဲ။ ကောင်းကောင်းသာ မှတ်ထားလိုက်ကြပေတော့။

သူတို့ရဲ့ ခြေထိုးပုံတွေကို တိုင်းပြည်လူထု သိရအောင် ကျွန်တော်နည်းနည်း ရှင်းပြပါဦးမယ်။ အဲဒီလို ရှင်းပြနိုင်အောင် ဆန့်ကျင်ဖက်ဂိုဏ်းသားတွေကို ရှေးဦးစွာ သုံးစုခွဲပြရမယ်။ ပထမအစုထဲမှာ *စော၊ စိန်၊ မော် တို့ လူစုတွေပါတယ်။ ဒုတိယအစုမှာ †သိန်း၊ သန်း ကွန်မြူနစ်တွေပါတယ်။ တတိယအစုမှာ ‡ အလံနီကွန်မြူနစ်တွေပါတယ်။ သူတို့ရဲ့ ခြေထိုးမှုတွေကို တခုစီ ရှင်းပြချင်တယ်။

* စော၊ စိန်၊ မော် = ဦးစော၊ သခင်ဗစိန်၊ ဒေါက်တာဗမော်

† သိန်း သန်း ကွန်မြူနစ် = ကိုသိန်းဖေ (ယခု သိန်းဖေမြင့်)၊ သခင်သန်းထွန်းတို့ ခေါင်းဆောင်သော ကွန်မြူနစ်ပါတီ

‡ အလံနီကွန်မြူနစ် = သခင်စိုးကြီး ခေါင်းဆောင်သော ကွန်မြူနစ်ပါတီ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ တောင်းဆိုချက်တွေကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး မရလျှင်၊ ဖ၊ ဆ၊ ပ၊ လ ဝန်ကြီးတွေ ရာထူးကနုတ်ထွက်ပြီး လူထုတိုက်ပွဲ ဆင်နွှဲမယ်ဆိုတဲ့ ဖ၊ ဆ၊ ပ၊ လ ရဲ့ ဆုံးဖြတ်ချက်ကို တိုင်းပြည်လူထု သိတယ် မဟုတ်လား။

အဲဒီတုန်းက စော၊ စိန်၊ မော်တို့ရဲ့ ခြေလှမ်းဟာ တခြားဟာ မဟုတ်ဘူး။ ကျွန်တော်တို့ ရာထူးက နုတ်ထွက်သွားယင် သူတို့ တက်ယူမယ်ဆိုတဲ့ ခြေလှမ်းဘဲ။ အဲဒီတော့ တိုတိုပြောရမယ်ဆိုယင် ဘိလပ်အစိုးရက ဆွေးနွေးပွဲတရပ် ကျင်းပရအောင် ဖိတ်လိုက်တယ်။ အဲဒီအထဲမှာ စောနဲ့စိန်တို့လဲ ပါလာကြတယ်။ သူတို့ရဲ့ အကြံကတော့ နှစ်ခုရှိတယ်။ ကျွန်တော်တို့လိုတာတွေ မရလို့လဲ ဆွေးနွေးပွဲပျက်နိုင်တယ်။ ကျွန်တော်တို့လိုတာတွေ ရပေမဲ့ စောနဲ့ စိန်က သဘော မတူဘူးဆိုယင်လဲ ဆွေးနွေးပွဲပျက်နိုင်တယ်။ ပဌမနည်းနဲ့ ဆွေးနွေးပွဲ မပျက်ယင် ဘယ်နည်းနဲ့မဆို ဒုတိယနည်းနဲ့ ဆွေးနွေးပွဲကို ပျက်အောင်ဖျက်ဖို့ သူတို့စီစဉ်ထားကြတယ်။ အဲဒီတော့ သဘောတူညီချက်ရကြလို့ လက်မှတ် ထိုးဆိုတော့ သူတို့မထိုးကြတော့ဘူး။ သူတို့ရဲ့ အကြံက သူတို့လက်မှတ်မထိုးယင်ဆွေးနွေးပွဲပျက်မယ်။ ဆွေးနွေးပွဲပျက်ယင် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ကျွန်တော်တို့ ရာထူးက နုတ်ထွက်ကြရမယ်။ ကျွန်တော်တို့ နုတ်ထွက်မှ သူတို့က တက်ယူမယ်ဆိုတဲ့ အကြံဘဲ။

ဒါပေမဲ့ သူတို့တတွေဟာ မှဆလင်ခေါင်းဆောင် ဂျင်းနားတို့လောက် အားမကောင်းဘူးဆိုတာကို သူတို့တက်တဲ့ အထဲမှာ ထည့်မတွက်မိကြဘူး။ အဲဒီလို မတွက်မိတဲ့အတွက် သူတို့ကလုပ်ပေမဲ့လဲ ဆွေးနွေးပွဲပျက်ပြီး ကျွန်တော် ရာထူးမှ ထွက်ရတာ မဖြစ်ဘဲ၊ သူတို့သာ ထွက်သွားခဲ့ရတာဘဲ။

ယခုလဲ လျှော့မပေးဘဲ လာမည့်ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ မဟုတ်ဘူးဆိုတာဖြစ်အောင် အသိုင်းအဝိုင်းတွေနဲ့ လုပ်နေကြပြန်ပြီ။ဒါပေမဲ့တိုင်းပြည်လူထုကလဲဒီစားဖားကြီးတွေရဲ့အကြောင်းကို ကောင်းကောင်းသိပြီး ဖြစ်ကြလို့ ကြောက်စရာတော့ မရှိပါဘူး။ သူတို့ လုပ်နေကြတာ အစွမ်းတကာ့အစွမ်းဆုံး အကြံကုန် ဂဠုန်ဆားချက်ဆိုတဲ့ အလုပ်မျိုးသာ ဖြစ်မှာဘဲ။



ဒုတိယ ဆန့်ကျင်ရေးအစု ဖြစ်တဲ့ သိန်း-သန်း ကွန်မြူနစ်တွေကိုတော့ မှတ်င်က စားဖားကြီးတွေထက် ပိုပြီးဂရုစိုက်ရမယ်။

ဒီ သိန်း-သန်း ကွန်မြူနစ်တွေဟာ ဖ၊ ဆ၊ ပ၊ လ ထဲမှာ ရှိတုန်းက ဖ၊ ဆ၊ ပ၊ လ တခုလုံးကို သူတို့ကသာ ကိုးကိုင်ချင်တယ်။ ဒီလိုကိုင်လို့ မရတော့ ဖ၊ ဆ၊ ပ၊ လ ဟာ ဒုံးဖောက်ရေးလမ်းစဉ်လိုက်သူရယ်။ စေစပ်ရေး လမ်းစဉ်လိုက်သရလေးနဲ့၊ တောင်စဉ် ရေမရ စုပ်စုချက်တွေကို အသုံးပြုခဲ့တယ်။ ဒီ တောင်စဉ် ရေမရ စုပ်စုချက်တွေကြောင့်လဲ သူတို့တတွေကို ဖ၊ ဆ၊ ပ၊ လ ထဲက ထုတ်ပယ်လိုက်ရတာဘဲ။

ထုတ်ပယ်လို့ အပြင်ရောက်တာနဲ့ တပိုင်နက်ထဲ ဖ၊ ဆ၊ ပ၊ လ ကို ပြတ်ကာဖျော့ဆိုပြီး အလုပ်သမားတွေနဲ့ ဖ၊ ဆ၊ ပ၊ လ ကို ကိုင်ပေါက်တာဘဲ။ ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလအတွင်း သိန်း-သန်း ကွန်မြူနစ်တွေ မြှောက်ပေးတဲ့ အလုပ်သမား သပိတ်ကို လူထုကောင်းကောင်း သတိရမှာပေါ့။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ ရာထူးယူတာ လပိုင်းလောက်တောင် မရှိသေးဘူး။ရက်ပိုင်းလောက်ဘဲရှိသေးတယ်။ ပြီးတော့လဲ ပုလိပ်သပိတ်၊ အမှုထမ်းပေါင်းစုံ သပိတ်တို့ရဲ့ အရေးတွေနဲ့ ကျွန်တော်တို့ ဗျာများနေတုန်း ရှိသေးတယ်။ ဒီ သိန်း-သန်း ကွန်မြူနစ်တွေရဲ့ တွက်ကိန်းကတော့ ကျွန်တော်တို့ကို ဒီလို အရှိုက်ထိုးလိုက်ရယင် ကျွန်တော်တို့ လဲမှာဘဲလို့ တွက်တာဘဲ။ ဒါပေမဲ့ လူထုဟာ ကျွန်တော်တို့ရဲ့နောက်မှာဘဲ ကြံ့ကြံ့ခိုင်ခိုင် ရပ်နေတာကြောင့် အဲဒီသပိတ်မှာ ကျွန်တော်တို့မလဲဘဲ၊ ကျွန်တော်တို့ကိုအရှိုက်ထိုးရန်ကြံတဲ့ သိန်း-သန်း ကွန်မြူနစ်တွေဘဲ လိမ့်သွားခဲ့တာဘဲ။ အမှန်အတိုင်း ပြောရမယ်ဆိုယင် အဲဒီသပိတ်မမှောက်ခင်က ဆိုယင်၊ သိန်း-သန်း ကွန်မြူနစ်တွေရဲ့ အလုပ်သမား အင်အားဟာ ရန်ကုန်မှာ အတောင့်ဆုံးဘဲ။ ဒါပေမဲ့ ကိုယ့်စေတနာနဲ့ ကိုယ့်ပြန်အကျိုးပေးတယ်ဆိုတာလို ဒီသပိတ်ကို အတင်းအမှောက်ခိုင်းတဲ့ အချိန်ကစပြီး ရန်ကုန်မှာဆိုယင် သူတို့ရဲ့ အလုပ်သမား အင်အားဟာ အတော်ကြီးကို ကျသွားတယ်။

အလုပ်သမားနဲ့ ကိုင်ပေါက်လို့ မရတော့ ဖ၊ ဆ၊ ပ၊ လ ကို ကျောင်းသားတွေနဲ့ ကိုင်ပေါက်ဖို့ ဒီ သိန်း-သန်း ကွန်မြူနစ်တွေဘဲထပ်ပြီး ကြံကြပြန်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂရဲ့ အလုပ်အမှုဆောင်အဖွဲ့ထဲမှာ သိန်း-သန်း ကွန်မြူနစ်ရဲ့ဩဇာခံတွေပါတယ်။ သိန်း-သန်း ကွန်မြူနစ်တွေဟာ အဲဒီဩဇာခံတွေကတဆင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကို ကြိုးကိုင်ကြတယ်။ သူတို့ရဲ့ ပယောဂနှင့်ဘဲ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ တနိုင်ငံလုံး ကျောင်းသားတွေ သပိတ်မှောက်အောင် ဆုံးဖြတ်ချက်ချကြတယ်။ အဲဒီအချိန်မှာလဲ ကျွန်တော်တို့တတွေဟာ ဘိလပ် ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး အတော်ဘဲ အလုပ်ရှုပ်နေတုန်း ဖြစ်တယ်။

ဒါပေမဲ့ သူတို့စေတနာနဲ့ သူတို့ကို အကျိုးပေးတယ်ဆိုတဲ့အတိုင်း သူတို့ရဲ့ မသမာတဲ့ခြေလှမ်းတွေကိုကျောင်းသားလူများစုကမြင်ပြီး ထဆူကြရော။ အဲဒါနဲ့ သူတို့ရဲ့ ဩဇာခံဖြစ်တဲ့ ကျောင်းသားအလုပ်အမှုဆောင်အဖွဲ့လဲ အယုံအကြည်မရှိ အဆိုအသွင်းခံရပြီး ပြုတ်ကျသွားတာပါဘဲ။

သိန်း-သန်း ကွန်မြူနစ်တွေရဲ့ အကြံအစည်ကတော့ ဖ၊ ဆ၊ ပ၊ လ အစိုးရအဖွဲ့ဖြစ်တုန်း၊ ဗိုလ်အောင်ကျော်တွေ များများ ပေါ် အောင် လုပ်ပေးဖို့ဘဲ။ ဒီလိုပေါ်တော့မှ ဖ၊ ဆ၊ ပ၊ လ ကို လက်ညှိုးထိုးပြပြီး လူထုနဲ့ ရန်တိုက်ပေးမှာဘဲ။ တော်တော့ကို ပက်စက်တဲ့ အကြံပေါ့။ ဒါပေမဲ့ ကျောင်းသားလူများစုကလဲ အကင်းပါးပြီးသား ဖြစ်နေလို့ ဒီ သိန်း-သန်းတွေရဲ့ ပက်စက်တဲ့ အကြံအစည်တွေဟာ အထမမြောက်ခဲ့ကြဘူး။

ကျောင်းသားတွေနှင့် ကိုင်ပေါက်လို့ မရပြန်တော့၊ ဒီ သိန်း-သန်း ကွန်မြူနစ်တွေဟာ ဖ၊ ဆ၊ ပ၊ လ ကို လယ်သမားတွေနဲ့ ကိုင်ပေါက်နေပြန်ပြီ။ အခု နယ်တွေမှာ ဆန်တွေကို လုနေကြတာ သူတို့ရဲ့ ဖြူးညီလာခံ ဆုံးဖြတ်ချက်တွေ အတိုင်း လုနေကြတာဘဲ။ ဒီလိုဆန်တွေကို လုတာဟာ တကယ်ဘဲ တော်လှန်ရေး လိုလား၊ ဖ၊ ဆ၊ ပ၊ လ ကို ကျောက်ချရအောင်လားဆိုတာ ကျွန်တော် အထူးရှင်းပြဖို့ မလိုဘူး။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းရဲ့ ရှင်းတမ်းတွေထဲမှာ အစုံအလင်ပါပြီးပြီ။

ကဲ-အခု ကျွန်တော်ပြောခဲ့တာတွေကို နားထောင်ပြီး၊ ဒီ သိန်း-သန်း ကွန်မြူနစ်တွေဟာ သူတို့အာဏာရမှုအတွက် အလုပ်သမားတွေ၊ ကျောင်းသားတွေ၊ လယ်သမားတွေကို ဘယ်လို အလွဲသုံးစားလုပ်ခဲ့တယ်ဆိုတာ တိုင်းပြည်လူထုက ကောင်းကောင်း ချင့်ချိန်နိုင်ပြီလို့ ကျွန်တော်ယုံကြည်တယ်။ ဒီ သိန်း-သန်း ကွန်မြူနစ်တွေဟာ ဝေ[illegible]လဲတော်တဲ့ လူ တွေပါဘဲ။ တရားအတိုင်း မဟုတ်ဘဲ၊ ညစ်ညစ်ပတ်ပတ်နည်းတွေနဲ့ နိုင်ငံရေး အာဏာလုတဲ့ နေရာမှာ တတိုင်းပြည်လုံးက သူတို့ကို ဆရာတင်ရမှာဘဲ။



အခုလဲ သူတို့ရဲ့ ကုလားဆရာကြီး ဂျိရှိက ဘာတွေ ဘယ်နှယ်ညွှန်ကြားလိုက်တယ် မဆိုနိုင်ဘူး၊ ဖ၊ ဆ၊ ပ၊ လ နှင့် ညီညွတ်ရေးဆိုပြီး တွင်တွင်ကြီး အော်နေကြပြန်ပြီ။ မဟုတ်မှလွဲရော ဖ၊ ဆ၊ ပ၊ လ နှင့် ညီညွတ်ရေးဆိုတဲ့ ကြွေးကြော်သံဟာ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ဝင်တွေရဲ့ မျက်လုံးထဲကို သဲနဲ့ပက်ဖို့အတွက် အသုံးပြုတာဘဲလို့ ကျွန်တော်တော့ တထစ်ချ စွဲသွားလိုက်တာဘဲ။ ဘာဖြစ်လို့လဲဆိုယင် ဒီလိုညီညွတ်ရေး ကြွေးကြော်သံတွေကို အော်ပြီးတဲ့နောက်မှ သူတို့ဖက်တော်သားတွေဟာ ကျွန်တော်တို့ဖက်က လူတွေကို ပိုပြီး သတ်သေးတယ်လို့ နယ်က တိုင်ကြားချက်တွေကို ကျွန်တော်တို့ ကြားရတယ်။ သူတို့ရဲ့ ညီညွတ်ရေး ကြွေးကြော်သံကို ကြားရပြီး ကျွန်တော်တို့လူတွေ ထင်ယောင်ထင်မှား ဖြစ်နေတုန်း၊ သူတို့က အငိုက်မှာ ဝင်ဝင်ပြီး ချတာဘဲ။

အခုလဲကြည့်ပါလား။ တဖက်က ညီညွတ်ရေး အသံကောင်းကို လွှင့်ပြီး သူတို့ရဲ့ ဩဇာခံ သတင်းစာ ဂျာနယ်တွေမှာတော့၊ ဖ၊ ဆ၊ ပ၊ လ ကိုဘဲ အပြင်းအထန် သွားပုပ်လေလွင့် ရေးသားတုန်း ရှိသေးတယ်။ လူထုက ဖ၊ ဆ၊ ပ၊ လ အပေါ်မှာ ထင်ယောင်ထင်မှား ဖြစ်လာအောင် ကိုယ်လိုရာကိုယ်ဆွဲပြီး ရေးသားထားတဲ့ အရေးအသားမျိုးတွေနဲ့ လှုံ့ဆော်ပေးနေတုန်းရှိသေးတယ်။ ဖ၊ ဆ၊ ပ၊ လ ရဲ့ လုပ်ငန်းစဉ်တွေ ပျက်ပြားအောင်၊ ဆန္ဒပြပွဲတွေကို ဒီ သိန်း-သန်း ကွန်မြူနစ်တွေကဘဲ လှုံ့ဆော်ပေးနေတုန်းရှိသေးတယ်။ အဲဒါတွေကို ကြည့်ပြီးတော့ သူတို့ရဲ့ ညီညွတ်ရေး အသံကောင်းဟစ်တာဟာ ဘာရည်ရွယ်ချက်နဲ့ ဟစ်နေတယ်ဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားပြီးနေပါပြီ။

* ဖ၊ ဆ၊ ပ၊ လ ရဲ့ တတိယ ဆန္ဒကျင်ဖက် ဂိုဏ်းသားဖြစ်တဲ့ အလံနီတွေအကြောင်းကို ကျွန်တော်နည်းနည်းပြောချင်တယ်။ အလံနီ နောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ သနားစရာတွေဘဲ။ တောင်ပို့ကြီးကို ဘုရားမှတ်ပြီး ကိုးကွယ်နေကြတယ်။ သူတို့ရဲ့ ဆရာကြီး သခင်စိုးဆိုတာကတော့ အစက လူကောင်းတယောက် ဖြစ်ပေမဲ့၊ စိတ်ဓါတ်ဖောက်ပြန်မှုဒဏ်ကို မခံနိုင်ဟာနဲ့ အခုတော့ ဂျပိုးတော်လှန်ရေးသမားဖြစ်နေပြီ။ ဗမာ့လွတ်လပ်ရေးတွေဘာတွေကိုတောင် မျက်နှာထောက် မနေနိုင်တော့ဘူး။ ဒီလူဟာ ပိုက်ဆံဘာသပ်မျှားမျှားရမယ်ဆိုယင်၊ အကုန်လုံး လိုက်ဖျက်ပေးမှာဘဲ။ ကျွန်တော်ပြောယင် ယုံပါ။ သူ့အကြောင်းကို ဒီလောက်ဘဲ ပြောပါရစေ။

ကျွန်တော်တို့ဘီလပ်မှာ ဆွေးနွေးပွဲ ကျင်းပနေစဉ်က ကျွန်တော်တို့ဖက်က မတင်းပေးတဲ့ အနေနဲ့ နယ်ချဲ့စနစ် ဆန့်ကျင်ရေးသမား မှန်သမျှ လွတ်လပ်ရေး ဆန္ဒပြပွဲကြီးကို ဗမာတပြည်လုံးမှာ ကျင်းပပေးကြတယ်။ သိန်းသိန်း ကျွန်မြန်စ်တွေကတောင် ဒီဆန္ဒပြပွဲမှာ ဝင်ပြီး ဆန္ဒပြကြသေးတယ်။ နယ်ချဲ့သမားတွေကို ဖ၊ ဆ၊ ပ၊ လ က အဲဒီကို အင်အားပြနေရတဲ့ အချိန်အခါမှာ သခင်စိုးတို့လူစုဟာ ဖ၊ ဆ၊ ပ၊ လ ကို မီးကုန် ယမ်းကုန်ပစ်ပြီး တိုက်တာဘဲ။

အခုလဲ ရွေးကောက်ပွဲ မကျင်းပဖြစ်အောင်ဆိုပြီး သခင်စိုးတို့လူစုဟာ မီးကုန်ယမ်းကုန် လုပ်နေကြပြန်ပြီ။ အသက်ငင်နေတဲ့ ဗြိတိသျှနယ်ချဲ့သမားတွေဟာ ဖ၊ ဆ၊ ပ၊ လ ရဲ့ အင်အားကို ဖြိုဖျက်ဖို့နဲ့ ဖ၊ ဆ၊ ပ၊ လ က အပြင်းအထန် ကြိုးပမ်းနေတဲ့ ဗမာ့လွတ်လပ်ရေးကြီးကို ဇာတ်မြောအောင် လုပ်ဖို့အတွက် သုံးစရာ တခြားနည်းတွေ မရှိတော့ဘူး။ ဒီလူတွေကိုဘဲ အသုံးပြုကြရမှာဘဲ။

အဲဒီ ရှင်းပြခဲ့တာတွေဟာ လက်ရှိ အခြေအနေ အတိုချုပ်ဘဲ။ အဲဒီလက်ရှိ အခြေအနေကိုကြည့်ပြီး လမ်းနှစ်ခွသို့ ရောက်နေတဲ့ ကျွန်တော်တို့အတွေဟာ ဘယ်လမ်းကို လိုက်မယ်ဆိုတာ ခပ်မြန်မြန်သန္နိဋ္ဌာန်ချကြရလိမ့်မယ်။ ဖ၊ ဆ၊ ပ၊ လ နဲ့ ဆန့်ကျင်ဖက်ဂိုဏ်းသားတွေ ရှိ တာတွေ့ခ်းကို နိုင်နိုင်နင်းနင်း ငြိမ်းမလား၊ လောင်ချင်သလို လောင်ပေစေကွဆိုပြီး၊ လက်ပိုက်ကြည့်နေကြမလား။ မီးကိုငြိမ်းမယ်ဆိုယင်လဲ နိုင်နိုင်နင်းနင်း ငြိမ်းရမယ်။ လက်ပိုက်ကြည့်နေရမယ်ဆိုယင်လဲ ကျွန်တော်တို့တတွေ အခုနေရာက ဖယ်ပေး



ကြရမယ်။ အဲဒါ ခပ်ရှင်းရှင်းဘဲ။ ဒီကိစ္စမှာတော့ ကျွန်တော်တို့ ချီတုံချတုံ နေနေကြလို့ မဖြစ်တော့ဘူး။ ချီတုံချတုံ ဖြစ်နေကြယင်၊ တွေဝေနေကြယင်၊ မှုတယ်လင်တာကို မလုပ်ရဲကြယင်၊ ကျုပ်တို့ကို ယုံကြည်ကိုးစားပြီး ထောက်ခံအားပေးနေတဲ့ လူထုအပေါ်မှာသာ မတရားရာ ရောက်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ ကိုယ်ကိုလဲ ကျွန်တော်တို့ မတရားရာရောက်လိမ့်မယ်။

တိုင်းပြည်လူထုဟာ နေ့အသတ်ခံရမလား၊ ညအသတ်ခံရမလား၊ ကြီးလန့်စာစား ဟာထိတ်ထိတ် တလန့်လန့် နေရတဲ့အဖြစ်ကို မလိုချင်ဘူး။ အေးအေးချမ်းချမ်း၊ စိတ်ချလက်ချနေရတဲ့ အဖြစ်ကိုလိုချင်တယ်။ လူသူဟာ နေ့အတိုက်ခံရမလား၊ ညအတိုက်ခံရမလားဆိုပြီး မသောမချာ မရေမရာတဲ့ အဖြစ်ကို မလိုချင်ဘူး။ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ရတဲ့ အဖြစ်ကိုသာ လိုချင်တယ်။

ကျွန်တော်တို့ရဲ့ လက်ထဲကို အာဏာလုံး၀ မရောက်သေးတဲ့အတွက် လူထုရဲ့စားရေး၊ ထိုင်ရေးကို ကျွန်တော်တို့ စိတ်ရှိတိုင်း မြှင့်တင်မပေးနိုင်သေးသည့်တိုင်အောင်၊ လူထုရဲ့ ပြဿနာအရပ်ရပ်ကို ကျွန်တော်တို့ စိတ်ရှိတိုင်း ဖြေရှင်းမပေးနိုင်သေးသည့်တိုင်အောင် ကြီးလန့်စာစား ဟာထိတ်ထိတ် တလန့်လန့် နေရတဲ့ဘဝက လွတ်မြောက်ချမ်းသာပြီး၊ လူထုဟာ စိတ်ချလက်ချနေရတဲ့ဘဝကို ရောက်အောင် လုပ်ပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ လူသူ့ခေါင်းဆောင်အဖြစ်ကို ကျွန်တော်တို့ ခံယူထားကြယင် ဒီတာဝန်ကိုလဲ မကျပြွန်အောင် ထမ်းဖို့ချန် မမေ့သင့်ပေဘူး။

အမှန်အတိုင်း ပြောရယင် ကျွန်တော်တို့ဟာ ဟိုအကြောင်း၊ သည်အကြောင်းကို ထောက်ထားပြီး ကျွန်တော်တို့ရဲ့ ဆန့်ကျင်ဖက် ဂိုဏ်းသားတွေအပေါ်မှာ အင်မတန် ညှာခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ဆန့်ကျင်ဖက် ဂိုဏ်းသားတွေနဲ့ ပတ်သက်လာယင် ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပလယ်အောင် လုပ်ခဲ့တယ်။ ပုဆိန်နဲ့ ခုတ်ရမည့်နေရာမှာ အပ်နဲ့သာထွင်ခဲ့တယ်။ အပ်နဲ့ ထွင်ရမဲ့နေရာမှာ လက်ပိုက်ကြည့်နေခဲ့တယ်။ အဲတာတွေကို တိုင်းပြည်လူထုကိုယ်တိုင် ကောင်းကောင်း သိသားဘဲ။

ဒါပေမဲ့ အဲဒီလိုညှာတာကို ဒီဆန့်ကျင်ဖက် ဂိုဏ်းသားတွေက ကျွန်တော်တို့မှာ အားနည်းလို့ မလုပ်နိုင်ဘူးလို့များ အထင်လွဲနေသလား မသိဘူး။ သူ

www.burmeseclassic.com



တို့ဟာ တနေ့တခြား အတင့်ပိုရဲလာတယ်။ သူတို့လုပ်ချင်တာတွေ ရှောက်လုပ်နေတာကိုသာ ယခုအတိုင်း ကျွန်တော်တို့ ကြည့်နေရမယ်ဆိုယင် အကွပ်မရှိတဲ့ ကြမ်းလို တတိုင်းပြည်လုံးမှာ ပရမ်းပတာ ဖြစ်ချင်တာတွေ ဖြစ်နေတဲ့ ဘဝမျိုးကို ဆိုက်သွားမယ်။ ဒီလိုသာဆိုယင် ကုလားပြည်လိုဖြစ်ပြီး၊ ဗမာ့ လွတ်လပ်ရေးကြီးဟာ ဇာတ်မျောချင်လဲ မျောနိုင်မယ်။ ဇာတ်မမျောလို့ ဗမာ့လွတ်လပ်ရေးကြီးဟာ၊ ဗမာ့လက်ထဲကို ရောက်လာပြန်ယင်လဲ၊ ဒီအတိုင်းသာ အကွပ်မရှိတဲ့ကြမ်းလို ပရမ်းပတာ ဖြစ်နေကြယင် လွတ်လပ်ရေးဆိုတာ ဘာမှ အဓိပ္ပာယ် ရှိမှာမဟုတ်ဘူး။

လွတ်လပ်ရေးကိုရအောင် ကျွန်တော်တို့ ကြိုးပမ်းနေကြတာဟာ ဗမာတွေ လွတ်လပ်ပြီဟေ့လို့ ပြောကောင်းရုံကလေးအတွက် ကြိုးပမ်းနေကြတာ မဟုတ်ပါဘူး။ ခပ်တိုတိုပြောရယင်၊ ဗမာတွေ လူတန်းစေစေ နေနိုင်အောင် လုပ်ပေးဖို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ။ အဲဒီတော့ ဗမာတွေ လွတ်လပ်ပြီးတဲ့ နောက် လူတန်းစေစေ နေနိုင်ဖို့ အလုပ်တွေကို မလုပ်ရဘဲ၊ ကဖျက်ယဖျက်သမားတွေရဲ့ နှောင့်ရှက်မှုတွေကို တုံ့ပြန်နေရတာနဲ့သာ အချိန်ကုန်နေကြရမယ်ဆိုယင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ကို ရှိမှာမဟုတ်တော့ဘူး။

အဲဒီတော့ ကျုပ်တို့ဟာ လူထုရဲ့ ခေါင်းဆောင် လုပ်မယ်ဆိုယင် လူထုရဲ့ အကျိုးကို တကယ်တမ်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြမှပေလိမ့်မယ်။ ပြတ်ပြတ်သားသား လုပ်ရဲကြရပေလိမ့်မယ်။ ချီတုံချတုံအဖြစ်မျိုးကို စွန့်ပစ်ကြရလိမ့်မယ်။ နိုင်ငံရေး ဆောင်ရွက်တယ်ဆိုတာ ကြောက်လဲ့ ရဲမင်းဖြစ်ဆိုတဲ့အတိုင်း ရဲနိုင်မှ ဖြစ်မယ်။

ကျွန်တော်တို့တော့ ရှေ့အဖို့ကို ရဲရဲကြီးလုပ်တော့မယ်။ ပြတ်ပြတ်သားသား လုပ်တော့မယ်။ ကျွန်တော်တို့တတွေ ဟိုအကြောင်းထောက်၊ ဒီအကြောင်းထောက်ပြီး ချီတုံချတုံ ဖြစ်နေမှုကြောင့် လူထုမှနစ်နာစေချင်တော့ဘူး။

ကျွန်တော်တို့ လုပ်သလိုဘဲ အစိုးရအရာထမ်း အမှုထမ်းတွေဟာ မိမိတို့ အပေါ်ကို တရားသဖြင့် ကျရောက်လာတဲ့ တာဝန်ဝတ္တရားတွေကို လူထုနဲ့



ပြည်ရဲ့မျက်နှာကို ထောက်ထားပြီး၊ ပြတ်ပြတ်သားသား ဆောင်ရွက်စေချင်တယ်။ ဒီလိုမှ ပြတ်ပြတ်သားသား မဆောင်ရွက်ဝံ့ကြယင်လဲ၊ ဆောင်ရွက်ဝံ့တဲ့ လူတွေကို နေရာဖယ်ပေးစေချင်တယ်။ အစိုးရ အမှုထမ်း အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရားကိုယ်ကျေပြွန်အောင် ထမ်းဖို့ဘဲ။ ဟိုလူကို ကြောက်သလိုလို၊ ဒီလူကို ကြောက်သလိုလို၊ ဟိုလူကို မျက်နှာချိုသွေးချင်သလိုလို၊ ဒီလူကို မျက်နှာချို သွေးချင်သလိုလို၊ ဒီလို လုပ်လို့ မရဘူး။ ကိုယ့်ဝတ္တရားကိုယ် ကျေပြွန်ယင် ဘယ်သူ့မှလဲ ကြောက်စရာ မလိုဘူး။ ဘယ်သူကမှလဲ လက်ဖျားနဲ့မှ မတို့နိုင်ဘူးဆိုတာ မှတ်ထားကြပါ။

အဲဒီတော့ ကျွန်တော် နိဂုံးမချုပ်ခင် ဆန့်ကျင်ဖက် ဂိုဏ်းသားတွေကို တိတိလင်းလင်း သတိပေးလိုတယ်။ နိုင်ငံရေး အာဏာကို တရားသော နည်းများထဲက မည်သည့်နည်းနှင့်မဆို တရားအတိုင်း လုပ်ကြပါ။ ဒီလိုလုပ်တဲ့ လူတွေကို တရားဥပဒေနှင့် လျော်ညီစွာ ကျွန်တော်တို့က အစွမ်းကုန် ကာကွယ်ပေးမည်။ ဒီလိုမှမဟုတ်ဘဲ မစားရတဲ့အမဲ သဲနှင့်ပက်သည့် အနေမျိုးဖြင့် တိုင်းပြည်ကြီးကို မှောက်အောင် လုပ်ပစ်မယ်ဆိုယင်၊ လူထုရဲ့အကျိုးကို မြော်ကိုးသော အားဖြင့် အဲဒီလိုတိုင်းပြည်မှောက်သွားအောင် ကြိုးပမ်းနေတဲ့ လူတွေကို ကျွန်တော်တို့က အစွမ်းကုန်ချေမှုန်းရမှာဘဲဆိုတာ တိတိလင်းလင်း သတိပေးလိုက်ပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ထကြွမှုတွေကို စစ်တပ်နှင့် နှိမ်တန်လျှင်နှိမ်မယ်

၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့ ပျဉ်းမနားမြို့
ဦးဝိသုဒ္ဓ ကျောင်းဝိုင်းအတွင်းတရားပွဲ၌ ဟောပြောချက်

အရင် ကွန်မြူနစ်တွေ ထုတ်ပစ်တဲ့ကိစ္စ ရှင်းလင်းပွဲတုန်းက တခေါက် ယခုမဲကိစ္စ အတွက် တခေါက် ပျဉ်းမနားသို့ ရောက်သည်မှာ နှစ်ခါရှိပြီ။ ယခု ပျဉ်းမနား ကွန်မြူနစ်တွေကို ကြောက်နေရတယ်လို့ ပြောတယ်။ ကြောက်လို့ ခင်ဗျားတို့ အားပေးယင် ကျွန်ုပ်ယက်ရှုည်မှာဘဲ။ ကျွန်ုပ်ဘဝက ဘယ်တော့မှ တက်မှဝ မဟုတ်ဘူး။

သူတို့ဘာတွေဟာ ကိုယ့်ဗမာ အချင်းချင်း သတ်ဖြတ်လုယက်။ သူပုန်ထ မီးနဲ့ ရှို့ ဒီလို လုပ်နေတာ ဘာတော်လှန်ရေးလဲ၊ ဒါ တော်လှန်ရေးတဲ့လား၊ နယ်ချဲ့ သမားအကြိုက်ကို လုပ်နေတာဘဲ။

ယခု ပျဉ်းမနားမှာ ဆူပူသောင်းကျန်းပြီး သူပုန်ထနေကာဟာ အရင် ရောက်ရှိနှင့်တဲ့ အရာရှိများ ဝတ်တရားကို မကျေပွန်လို့ ဒီလို ဖြစ်နေတာဘဲ။ အဲဒါကို ကျုပ်တို့ ငြိမ်းအောင် နှိမ်ပြမယ်။ အောင်ဆန်း– အက်တလီ စာချုပ် မကောင်းဘူး ဆိုပြီး ကွန်မြူနစ်က ဘာဖြစ်လို့ အမတ်အရွေးခံသလဲ။ ဘာဖြစ်လို့ တဦးနှင့် တဦး ခေ့စပ် နေသလဲ။ ဘာကြောင့် ညီညွတ်ကြလို့ ပြောနေတာလဲ။

ဖ-ဆ-ပ-လ နာမည်ပျက်အောင်

ဖ-ဆ-ပ-လ အစိုးရ နာမည်ပျက်အောင် ကွန်မြူနစ်တွေက သူပုန်ထ ခေးပြတိုက် လုပ်နေကြတယ်။ အဲဒီလို ထကြွမှုတွေကို ငြိမ်သွားအောင် စစ်တပ်နှင့် နှိမ်တန်လျှင် နှိမ်မယ်။ ။



# လုပ်ငန်းစဉ် ခြောက်ရပ်

ဧပြီလ ၉ ရက်နေ့က ကျင်းပပြီးစီးခဲ့သော အထွေထွေ တိုင်းပြုပြည်ပြုရွေးကောက်ပွဲကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် (ဖဆပလ) အဖွဲ့ချုပ်၏ ကိုယ်စားလှယ်များ အများ အပြား အရွေးခံခဲ့ရလေသည်။ ပြည်မ၌ ကွန်မြူနစ် အမတ် ခုနစ်နေရာမှ တပါး ကျန်မဲဆန္ဒနယ်များတွင် (ဖ ဆ ပ လ) အဖွဲ့ဝင်များ အရွေးခံရ၏။ ထို့ကြောင့် လွှတ်တော်တွင် အမတ်ဦးရေ အများဆုံး ရရှိသော (ဖ ဆ ပ လ) အဖွဲ့သည် အမျိုးသားအစိုးရ အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့လေသည်။ (ဖဆပလ) အစိုးရ အဖွဲ့ ဖွဲ့စည်းပြီးနောက် ရှေ့တွင် တိုင်းပြည် လွတ်လပ်ရေး ကိစ္စများကို မည်သို့ လုပ်ဆောင်မည်၊ အစီအစဉ် မည်သို့ ရှိသည်၊ အတိုက်အခံ အဖွဲ့တွေက မည်သို့ ဖျက်ဆီးနေသည်၊ ရှေ့တွင်လည်း မည်သို့ ဖျက်ဆီးလာကြမည်။ လွတ်လပ်သော ဗမာပြည်သည် မည်သို့သော ပုံသဏ္ဌာန် အနေအထားမျိုးဖြင့် ရပ်တည်မည်… စသော ကိစ္စများကို ဗိုလ်ချုပ် အောင်ဆန်းသည် တိုင်းပြည်သို့ ရှင်းလင်း တင်ပြ ခဲ့လေသည်။

အောက်ပါ ရှင်းလင်းတင်ပြချက်မှာ ၁၉၄၇ ခု၊ ဧပြီလ ၁၇ ရက်နေ့ည တွင် မြန်မာနှစ်သစ်ကူး မိန့်ခွန်းအဖြစ် အသံလွှင့်ရုံမှ တိုင်းပြည်သို့ အသံလွှင့်ပြောကြားခဲ့သော မိန့်ခွန်း ဖြစ်သည်။

ယနေ့ မြန်မာ နှစ်ဟောင်းကုန်လို့ မြန်မာနှစ်သစ်ဆန်းလာခဲ့ပြီ။ ဒီလို နှစ်သစ်ဆန်းလာတော့ ရှေ့ရေးနောက်ရေးတွေတွေးပြီး မြန်မာပြည်ရှေ့စခန်း ဘယ်လိုသွားရမယ်ဆိုတာ ကျွန်တော်တို့ရဲ့ စိတ်ကူးသစ်တွေကို ပြောပြချင်ပါတယ်။ ကျွန်တော့်အမြင်က ယခုဆန်းလာတဲ့ နှစ်သစ်ဟာ လွတ်လပ်တဲ့ ဗမာပြည်သစ် ဖန်တီးဖို့ အခြေခံရှိတယ်လို့ ကျွန်တော်ယုံကြည် ယူဆတယ်။ အခု တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကြီးတော့ဖြင့် ချောချောမောမော ပြီးသွားပြီ။ ဒီပြီးသွားတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခြင်းအားဖြင့် ကျုပ်တို့ဘာတွေ့ရလဲ။ တိုင်းပြည်က ဖ၊ ဆ၊ ပ၊ လ ကို စိတ်ရောကိုယ်ပါ ထောက်ခံအားပေးနေတယ်ဆိုတာ ထင်ထင်ရှားရှားကြီး တွေ့ရတယ်။ မြန်မာပြည်တပြည်လုံး အရွေးခံရတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်အမတ်စာရင်း မသိရပေမဲ့ ဖ၊ ဆ၊ ပ၊ လ အမတ်ဦးရေ အများဆုံး ရမယ်ဆိုတာ သိရတယ်။ အမှန်စင်စစ် ဖ၊ ဆ၊ ပ၊ လ စည်းရုံးရေး လုပ်ငန်းတွေဟာ ကောင်းသင့်သလောက် မကောင်းသေးဘူး။ အင်မတန်ဘဲ ချွတ်ယွင်းနေတယ်။ ယခု ဖ၊ ဆ၊ ပ၊ လ စည်းရုံးရေးစံနစ်ထက် အတော်အတန် ကောင်းကောင်းသာ လုပ်နိုင်မယ်ဆိုယင် ဖ၊ ဆ၊ ပ၊ လ အမတ်နေရာ ၁၈၂ နေရာစလုံး တောင်ရနိုင်တယ်။ တိုင်းပြည်က လူတွေက ဖ၊ ဆ၊ ပ၊ လ ကို ထောက်ခံတာဟာ မြန်မာပြည်မှာ ဘယ်တုန်းကမှ မဖြစ်သေးဘဲ အလိုအလျောက် မိမိတို့ တာဝန်သိပြီး ထောက်ခံမဲပေးကြခြင်းဖြစ်တယ်။ တိုင်းပြည်က ဖ၊ ဆ၊ ပ၊ လ ကို အလိုအလျောက် ဝိုင်းဝန်းပြီး မဲပေးကြတဲ့နေရာမှာ ပုဂ္ဂိုလ် သဘောမပါဘဲ အဖွဲ့သဘော မဲပေးကြခြင်းကို ထူးထူးခြားခြား တွေ့ရပြန်တယ်။ ဘာပြုလို့လဲ ဆိုယင် အချို့ ဖ၊ ဆ၊ ပ၊ လ အမတ်လောင်းတွေဟာ ဖ၊ ဆ၊ ပ၊ လ ကသာ မထောက်ခံဘဲ အရွေးခံမယ် ဆိုယင် ဘယ်နယ်ကမှ အရွေးခံရမယ် မဟုတ်ဘူး ဆိုတာ တိုင်းပြည်တပြည်လုံး သိသလောက် ဖြစ်နေတာဘဲ။

အခု ရွေးကောက်ပွဲဟာ မြန်မာပြည်လူထုရဲ့ နိုင်ငံရေး အဆင့်အတန်း တိုးတက်မှုကို ထင်ထင် လင်းလင်း ပြထားတယ်။ တိုင်းပြည် လူထုက ဖ၊ဆ၊ ပ၊ လ ကို ထောက်ခံတယ် ဆိုတာ ဘယ်လို သဘောနှင့် ထောက်ခံတယ် ဆိုတာကိုလဲ ကျွန်တော်တို့စိစစ်ဖို့ လိုလိမ့်မယ်။ တိုင်းပြည် လူထုက ဖ၊ဆ၊ ပ၊ လကို ထောက်ခံတဲ့ သဘောဟာ လွတ်လပ်ရေး တနှစ်အတွင်း လိုချင်တဲ့ သဘောဘဲ။ ဖ၊ ဆ၊ ပ၊ လ က လွတ်လပ်ရေး ရရန်အတွက် သတ်မှတ်ထားတဲ့ လမ်းစဉ်ကို လူထုက ထောက်ခံတဲ့ သဘောဘဲ။ တိုင်းပြည်က ဖ၊ ဆ၊ ပ၊ လ ခေါင်းဆောင်မှုကို ယုံကြည် လိုက်နာမယ် ဆိုတဲ့ သဘောဘဲ။ ဘာဖြစ်လို့ ဖ၊ ဆ၊ ပ၊ လ လမ်းစဉ်ကို ထောက်ခံနေတာလဲ။ ဘာဖြစ်လို့ ဖ၊ ဆ၊ ပ၊ လ ခေါင်းဆောင်မှုကို လိုက်နာနေသလဲ စဉ်းစားလိုက်ယင် ဖ၊ ဆ၊ ပ၊ လ ဟာ တိုင်းပြည်ကိုလဲ သစ္စာမဖောက်ဘူး။ အရမ်းကာရောလဲ မလုပ်ဘူး။ အမှားလဲ နည်းတယ်။ ခြေလှမ်းမှန်မှန်နဲ့ လုပ်ငန်း အကောင်အထည် ပေါ်အောင် လုပ်



ပြနိုင်တယ်။ ဘယ်သူ့ကိုမှလဲ မကြောက်ဘူး။ ဘယ်သူ့မှလဲ မမြှောက်ဘူး။ ဘယ်သူမြှောက်လို့မှလဲ မမြှောက်ဘူး။ ဘယ်သူချော့လို့မှလဲ မပျော့ဘူး။ ပျော့စိစိ အချောင်သမား စားဖားလမ်းစဉ်လဲ မလိုက်ဘူး။ ဂမူးရှူးထိုး ရမ်းရမ်းကားကား မလုပ်ကြ[illegible] လမ်းစဉ်မှန်သောကြောင့် ဖ၊ ဆ၊ ပ၊ လ ကို တိုင်းပြည်က ထောက်ခံခြင်းဘဲ။ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က မြန်မာပြည် တနှစ်အတွင်း လွတ်လပ်ရေး ရအောင် ကြိုးစားမယ်။ အဲဒီ အတောအတွင်းမှာလဲ လောင်စာနဲ့ ပြာပုံအတိ ဖြစ်နေတဲ့ မြန်မာပြည်ကို ထူထောင်ရေးလဲ လုပ်မယ်။ နောင် ထူထောင်ရေးအတွက်လဲ ပြင်ဆင်သွားမယ်၊ လွတ်လပ်ရေး တနှစ်အတွင်းရအောင်လုပ်တဲ့နေရာမှာလဲ ကျုပ်တို့ဟာ အချိန်အခါ အခြေအနေကို ချင့်တွက်ပြီး တိုင်းပြုပြည်ပြု လွှတ်တော်တွင်း လုပ်ငန်း၊ အစိုးရအဖွဲ့ အတွင်း လုပ်ငန်းတွေနှင့် ပြင်ပက လူထု လုပ်ငန်း တော်လှန်ရေး လုပ်ငန်းတွေကို သင့်တော်သလို တွဲဖက် လုပ်ကိုင်သွားမယ်။ သို့သော်လည်း တိုင်းပြည် အရမ်းမဲ့ နှစ်နာမဲ့ လမ်းကိုတော့ ဘယ်သူက ဘာပြောပြော ဘာထင်ထင် ဘာဖြစ်ဖြစ် မလိုက်နိုင်ဘူး ဆိုတာ တိတိလင်းလင်း ပြောချင်တယ်။ အကယ်၍သာ ယခု ကျွန်တော်တို့ ရထားတဲ့ တိုင်းပြည်လူထု ညီညွတ်ရေးနဲ့ တိုင်းရင်းသား အချင်းချင်း ညီညွတ်ရေးဟာ မပျက်ပြားဘဲ ဆက်လက် တိုးတက်သွားပြီး ကျုပ်တို့ လုပ်ကိုင် ဆောင်ရွက်သွားကြမယ် ဆိုယင် လွတ်လပ်ရေးကို အခက်အခဲ နည်းနည်းနှင့် ရနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်။ ယခုအခါ မှာ ဆိုလို့ ရှိယင် ဗမာ့ အခြေအနေဟာ ရှေးကထက် တိုးတက်လာတယ် ဆိုတာ အထူး ရှင်းစရာ မလိုဘူး။ ပြီးတော့ အာရှတိုက် နိုင်ငံတွေဟာလဲ အထူးဘဲ နိုးကြားလာပြီ ဆိုတာ အကျယ်တဝင့် ပြောနေစရာ မလိုဘူး။ နောက်ပြီးတော့ ကျွန်တော်တို့ မြန်မာပြည်ဟာလဲ နိုင်ငံရေး သူငယ်နပ်စား ဘဝက လွန်မြောက်လာပြီး ကိုယ့်အင်နဲ့ ကိုယ့်အားနဲ့ လက်နက်တွေနဲ့ ကိုယ့်နိုင်ငံခြား အဆက်အသွယ်တွေနဲ့ ဖြစ်လာပြီးတော့ ဗြိတိသျှ နယ်ချဲ့ စံနစ်ဟာလဲ အင်မတန် အားနည်းလာပြီ။ ၁၉၄၇ ခုနှစ် အကုန်လောက်မှာ ဆိုလို့ရှိယင် နိုင်ငံခြား စစ်တပ်တွေ အတော်များများဘဲ မြန်မာပြည်က ထွက်သွားနိုင်အောင် အခု စီစဉ်နေပြီ။ အဲဒီလို အခြေအနေတွေ ထောက်ပြီး ကျုပ်တို့ လုပ်ကြမယ် ဆိုယင်တော့ဖြင့် လွတ်လပ်ရေးကို တနှစ်အတွင်း အခက်အခဲ သိပ်မများဘဲနဲ့ ရနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေး ဆိုပေမဲ့ နိုင်ငံရေး လွတ်လပ်ရေးတော့ဖြင့် ဗြိတိသျှ ပြည်ထောင်စု အပြင်ဖက် လုံးဝ လွတ်လပ်ရေးကို ရဖို့ မခဲယဉ်းဘူး ထင်တယ်။ သို့သော်လဲ ကျွန်တော် ရှင်းရှင်းဘဲ အခုတည်းက ပြောထားချင်တယ်။ အခု ဖြစ်နေတဲ့ မြန်မာပြည် အခြေအနေ အရပ်ရပ်ကို သုံးသပ်ကြည့်ခြင်းအားဖြင့် စီးပွားရေးအရ လုံးဝ လွတ်လပ်ရေးကိုတော့ဖြင့် ကျုပ်တို့ ကြိုးစားနိုင်မှ ကြိုးစားတတ်မှ ကန်ရာကျမယ်လို့ ကျွန်တော်တော့ဖြင့် မြင်တာဘဲ။ "ရွှေခါချဉ်မာန်ကြီးလို့ တောင်ကြီးဖြိုမဲ့ကြံ ခါးက မသန်" ဆိုတာမျိုးလို ဖြစ်နေမှာ စိုးရတယ်။ ကျွန်တော်တို့မှာ ငွေမရှိဘူး။ တတ်ကျွမ်းတဲ့လူ အလုံအလောက် မရှိဘူး။ ဒီအချက် နှစ်ချက်နဲ့ ပတ်သက်ပြီး ဘယ်အစိုးရဘဲ မြန်မာပြည်မှာ တက်တက် နိုင်ငံခြား အကူအညီ မရဘဲ မလုပ်နိုင်ဘူး။ နိုင်ငံခြား အကူအညီ ယူရတယ် ဆိုတာ အမြဲကောင်းတာ မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ်တို့ အခြေအနေက မြန်မာပြည် ပြန်လည် ထူထောင်ဖို့ဆိုယင် နိုင်ငံခြား အကူအညီ မယူမဖြစ်တဲ့ အခြေအနေ ဖြစ်နေတယ်။ ကျွန်တော့် အမြင်အရဖြင့် အာရှ အရှေ့ တောင်ပိုင်းမှာ ရှိတဲ့ အင်ဒိုချိုင်းနားပြည်၊ ယိုးဒယားပြည်၊ မလေးယားကျွန်းဆွယ်၊ အင်ဒိုနေးရှား အစရှိတဲ့ နိုင်ငံတွေနဲ့ ကျွန်တော်တို့ သွေးမစည်းနိုင်သမျှ ကာလပတ်လုံး တိုင်းပြည် စီးပွားရေးမှာ ကျပ်ပြည့် တင်းပြည့် ဖြစ်ဖို့ တော်တော်ဘဲ နှစ်ရှည်လများ ကြိုးစားရလိမ့်မယ် ထင်တယ်။ ဒီကိစ္စမှာ ကျွန်တော်တို့ အခြေအနေကို ကျွန်တော်တို့ တကယ် သိမှ တကယ်အရေးကြီးတဲ့ ကိစ္စ ဖြစ်တယ် ဆိုတာ ခင်ဗျားတို့ သိနိုင်မယ်။ ဒီကိစ္စဟာ မိုးလား ကဲလား စကားပြောရုံနဲ့ ပြီးနိုင်တဲ့ ကိစ္စ မဟုတ်ဘူး။ စနစ်နဲ့ စည်းကမ်းနဲ့ အမြော်အမြင်နဲ့ လုပ်တတ် ကိုင်တတ် လုပ်မှ ကိုင်မှ အတော်အတန် ပြီးမြောက်နိုင်တဲ့ ကိစ္စ ဖြစ်တယ်။ ဒါကြောင့် လွတ်လပ်ရေး ရပြီး၊ ရတဲ့ လွတ်လပ်ရေးကို ဆက်လက် တည်တံ့အောင် လုပ်နိုင်ရမယ်။ ရတဲ့ လွတ်လပ်ရေးရဲ့ အရသာကို မြန်မြန်ခံစားရအောင် လုပ်ရမယ်။ အဲဒီလို လွတ်လပ်ရေးကို လိုချင်ယင် ကျုပ်တို့ဟာ အမြော်အမြင်နဲ့ စစ်ရေးစစ်ရာမှာလို ပရိယာယ်အရာ ကျွမ်းကျင်ပြီး ကျွန်တော်တို့ကိုယ်ကိုလဲ လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့ အရည်အချင်းမျိုးရှိအောင် အခုကတည်းက စတင်ပျိုးထောင်ထားဖို့ လိုတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖြေရှင်းမဲ့ လွတ်လပ်ရေး ပြဿနာဟာ လွတ်လပ်ရေး အာဏာ ကျွန်တော်တို့ လက်ထဲ ရောက်အောင် ယူရုံနဲ့ မပြီးသေးဘဲနဲ့၊ ရပြီးတဲ့ လွတ်လပ်ရေးကို တည်တံ့အောင်၊



ကြည့်တဲ့ လွတ်လပ်ရေးရဲ့ အရသာကို ခံစားရအောင် ဒီလို အချက်တွေ ကြည့်ထည့်ပြီး လုပ်သွားနိုင်မှ လွတ်လပ်ရေး တိုက်ပွဲ တိုက်စရာ ရှိတယ် ဆိုယင်လဲ တိုက်နိုင်လိမ့်မယ်။ လွတ်လပ်ရေး ရတယ်ဆိုယင်လဲ လွတ်လပ်ရေးနဲ့ ထူထောင်ရေးကို လုပ်နိုင်လိမ့်မယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး ပြင်ဆင်မှု လုပ်ငန်းတွေဟာ တိုင်းပြည် ကာကွယ်ရေးနှင့် စီးပွားရေး အခြေခံတွေကို ယခုကတည်းက အုတ်မြစ်ချထားရမယ်။ အဲဒီတော့ ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ က ဒီလို အကြောင်းကြောင်းတွေကို ထောက်ပြီး ဘာတွေ လုပ်မလဲ။

၁။ လူထု ညီညွတ်ရေးနဲ့ တိုင်းရင်းသား အချင်းချင်း ညီညီညွတ်ညွတ် ရှိမှုကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင်၊ ကြီးမားသည်ထက် ကြီးမားအောင် ဆက်လက်ကြိုးစားရမယ်။ လွတ်လပ်ရေး ရုံပုံငွေကိုလဲ ဆက်ကောက်ရမယ်။

၂။ အရှေ့ အာရှ တောင်ပိုင်းမှာ ရှိတဲ့ နိုင်ငံတွေ အားလုံးနဲ့ ပြည်ထောင်စု နိုင်ငံကြီး တနိုင်ငံ နောက်ဆုံး ဖြစ်သွားနိုင်အောင် အရှေ့အာရှ တောင်ပိုင်း နိုင်ငံတွေနဲ့ သွေးစည်းမှု လုပ်ငန်းတွေကို စတင် ပြုစု ပျိုးထောင်ရမယ်။

၃။ အခု အိန္ဒိယ နိုင်ငံနှင့် တရုပ်နိုင်ငံကြီး နှစ်နိုင်ငံနဲ့လဲ မိတ်ဆွေ ဖြစ်အောင် ကြိုးစားရမယ်။

၄။ လွတ်လပ်တဲ့ ဗမာပြည်နဲ့ လွတ်လပ်တဲ့ အင်္ဂလိပ်ပြည်ဟာ မိတ်ဆွေ ရင်းချာ ဖြစ်နိုင်အောင်လဲ ကြိုးစားရမယ်။

၅။ ဗမာပြည်ရဲ့ ကာကွယ်ရေး အခြေခံ ရအောင်လဲဘဲ စစ်တပ် အဖွဲ့တွေ၊ ပုလိပ် အဖွဲ့တွေ၊ လက်နက်ကိုင် စစ်တပ်တွေ Home Guard ခေါ်တဲ့ ရပ်ရွာ ကာကွယ်ရေး အဖွဲ့တွေ ဖွဲ့စည်းရလိမ့်မယ်။

၆။ စီးပွားရေး အခြေခံ ဖြစ်တဲ့ ထူထောင်ရေး လုပ်ငန်း အရပ်ရပ်ကို သေသေချာချာ စီစဉ်ပြီး ဆောင်ရွက် လုပ်ကိုင်ရမယ်။

အဲဒီ လုပ်ငန်းတွေ လုပ်ပြီး အဲဒီ လုပ်ငန်းတွေကို လုပ်နိုင်မှ ဗမာပြည်ရဲ့ လွတ်လပ်ရေး လုပ်ငန်းနှင့် ကောင်းစားရေး လုပ်ငန်းတွေကို ကျွန်တော်တို့ ဆောင်ရွက်သွားနိုင်မှာဘဲ။ အဲဒီ လုပ်ငန်းတွေကို လုပ်ဖို့ ဖ၊ ဆ၊ ပ၊ လ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ချုပ်ကချည်း လုပ်လို့ မဖြစ်ဘူး။ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ကလဲ လုပ်၊ ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်တွေကလဲ လုပ်၊ လူထုကလဲ လုပ်၊ အစိုးရ အမှုထမ်းတွေကလဲ လုပ်၊ သတင်းစာတွေကလဲ လုပ်၊ တိုင်းပြုပြည်ပြု လွှတ်တော် အမတ်တွေကလဲ လုပ်၊ တိုင်းပြည် လူထုက ဘယ်လို လုပ်ကြရမလဲ ဆိုတာ ကျွန်တော် မပြောခင် ခင်ဗျားတို့ကို ကျွန်တော် နည်းနည်း မေးခွန်း ထုတ်ချင်တယ်။ အခု လက်ရှိ အခြေအနေ ဖြစ်တဲ့ ဗမာပြည်ပျက်၊ ရွာပျက်၊ ကျောင်းပျက်၊ အိုးပျက်၊ အိမ်ပျက်၊ ကျန်းမာရေးပျက်၊ အကျင့်စာရိတ္တပျက်သထက် ပျက်အောင် လုပ်ခြင်းအားဖြင့် ဗမာပြည်ရဲ့ လွတ်လပ်ရေးကို ရနိုင်မယ် ထင်သလား။ ဒီလို မဟုတ်ဘဲနဲ့ အဲဒါတွေကို ပြင်ပြီး ကျွန်တော်တို့ အင်အား အကောင်အထည် ကြီးမားသထက် ကြီးမားအောင် လုပ်တဲ့ နည်းက လွတ်လပ်ရေးကို ရအောင် လုပ်နိုင်မလား၊ ဒါဒီ မေးခွန်း နှစ်ရပ်ကို ကျွန်တော် မေးချင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ယခုအခါမှာ ဆိုယင် တိုင်းပြည် လုပ်ငန်းတွေကို ဘာမှ ထိထိရောက်ရောက် မလုပ်တတ်ဘဲနဲ့၊ တော်လှန်ရေး စကားတွေ များများ ပြောပြီး နယ်ချဲ့သမားတွေကို ဘာမှ မထိဘဲ ဗမာအချင်းချင်း ဆန့်လှတဲ့ကိစ္စ၊ လယ်သီးစားခ မပေးနဲ့ ဆိုတဲ့ ကိစ္စ၊ လယ်ခွန် မပေးနဲ့ ဆိုတဲ့ ကိစ္စ၊ အမတော်ကြေး မပေးနဲ့ ဆိုတဲ့ ကိစ္စ၊ အဲဒီလိုဟာမျိုးတွေ လုပ်နေတာမှာ ကွန်မြူနစ် အဖွဲ့ အနီ အဖြူဝါသမားတွေ လုပ်နေကြတာမှ တော်လှန်ရေး လုပ်ငန်းထင်ပြီး၊ အဲဒီဟာတွေမှ တော်လှန်ရေး အစစ်ထင်ပြီး အချို့လူတွေ ထင်ယောင်ထင်မှား ဖြစ်နေသလားလို့ ကျွန်တော် မသိလို့ မေးရခြင်း ဖြစ်ပါတယ်။ ဒီတော်လှန်ရေး ဆိုတဲ့ ကိစ္စတွေနှင့် ပတ်သက်ပြီးတော့ နောက် ကျွန်တော် ရှမ်းပြည်က ပြန်လာတဲ့ အခါကျယင် ပြောပြမယ်။ တော်လှန်ရေး ဆိုတာ ဘာကို ဆိုလိုသလဲ၊ ပုထုဆိုတာ ဘာလဲ၊ ခေါင်းဆောင်မှု ဆိုတာ ဘာလဲ၊ ဒီမိုကရေစီ ဆိုတာ ဘာလဲ၊ ဖက်ဆစ် အာဏာရှင် စနစ် ဆိုတာဟာ ဘယ်လိုဟာမျိုးကို ဆိုလိုသလဲ အစရှိတဲ့ တိုင်းပြည်မှာ သတင်းစာတွေရော၊ နိုင်ငံရေးသမားတွေရော စမ်းတဝါးဝါး ရေးသား ပြောဆိုနေတာကို ကျွန်တော် တွေ့ရလို့ ဖြေရှင်းလိုသေးတယ်။

ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အစိုးရအဖွဲ့ဟာ ဘယ်လို အစိုးရ ဆိုတာကို ကျွန်တော် ပြောဖို့ မလိုဘူး။ တိုင်းပြည် လူထုရဲ့ အစိုးရ ဆိုတာ ခင်ဗျားတို့ သိတယ်။ ဒီတော့ကာ အဲဒီလို ဖြစ်တဲ့ အချိန်အခါမျိုးမှာ ခင်ဗျားတို့က



နေပြီးတော့ကာ အခွန်မပေးနဲ့ ဆိုယင်၊ ကျွန်တော်တို့မှာ ငွေမရှိလို့ ခင်ဗျားတို့အတွက် ထူထောင်ရေး လုပ်ငန်းတွေကို လုပ်မပေးနိုင်လို့ရှိယင်၊ ကျွန်တော်တို့မှာ မနစ်နာဘဲ၊ ခင်ဗျားတို့မှာသာ နစ်နာမှာဘဲ။ နယ်ချဲ့သမားနှင့်တော့ ဘာဆိုင်သလဲ။ နယ်ချဲ့သမားနှင့်တော့ ဘာမှ မဆိုင်ဘူး။ ဘာပြုလို့လဲ ဆိုယင် ခင်ဗျားတို့တတွေပေးတဲ့ အခွန်ငွေဟာ သူတို့ရတာ မဟုတ်ဘူး။ ကျွန်တော်တို့ကသာ သုံးရဘာဘဲ။ အဲဒီတော့ကာ ဒီအခွန်မပေးရေး ကိစ္စဟာလဲ ရှေးအခါတုန်းက နယ်ချဲ့သမား ကြီးစိုးနေတဲ့ အချိန်အခါမှာ ဆိုယင် တမျိုးတမည် ယူဆရမယ် ဖြစ်ပေမဲ့ အခု အချိန်အခါမှာ ထင်ကြေးနဲ့ မကိုက်တော့ဘူး။ နောက်ပြီးတော့ကာ ဒီလယ် သီးစားခ မပေးနဲ့ ဆိုတာလဲ ရှေးတုန်းက ဟုတ်ချင် ဟုတ်မယ်။ သို့သော်လဲဘဲ အခု ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အစိုးတက်လာမှ လယ်သီးစားခ ဆိုယင်လဲ ခါတိုင်းနှစ်တွေ နှစ်တွေထက် လျှော့ပြီးတော့ ဆုံးဖြတ်ပေးတယ် မဟုတ်လား။ နောက်ပြီးတော့ အခု ဖြစ်နေတဲ့ ဗမာပြည်ရဲ့ အခြေအနေမှာ ဆိုယင် လယ်ပိုင်ရှင် စနစ် ဆိုတာ ရှိနေအုံးမှာဘဲ။ သို့သော်လဲ ဒီလယ်ပိုင်ရှင်စနစ် ပယ်ဖျက်ပြီးယင် တမျိုးတမည် ဖြစ်ချင်ဖြစ်မယ်။ အဲဒီတော့ကာ ကျွန်တော်တို့ ဒီစီးပွားရေး စနစ်ကို စီစဉ်တဲ့ နေရာမှာ တိုင်းပြည် အခြေအနေ အမျိုးမျိုးကို ထောက်ဆပြီး လုပ်ရမယ်။ တရုပ်ပြည် တပိုင်းကို အုပ်ချုပ်နေတဲ့ ကွန်မြူနစ် ခေါင်းဆောင် မော်စီတုံး ကိုယ်တိုင်က တရုပ်ပြည်ကြီးဟာ လက်ငင်း အခြေအနေအားဖြင့် ဆိုရှယ်လစ်နိုင်ငံ ထူထောင်နိုင်တဲ့ အခြေအနေ မရှိသေးဘူး။ ဆိုရှယ်လစ် နိုင်ငံ ထူထောင်နိုင်တဲ့ အခြေအနေ ရောက်အောင် နှစ်ရှည်လများကြာမှ ရောက်နိုင်မယ်။ အဲဒီလို အတောအတွင်းမှာ ဒီမိုကရေစီ နိုင်ငံသာ ထူထောင်ပြီး အဲဒီ အခြေအနေ အတွင်းမှာ ဆိုယင် လယ်သီးစားခ ပေးရေး ဆိုတဲ့ ကိစ္စမျိုးတွေဟာ ဆက်လက် တည်မြဲနေအုံးမှာဘဲ ဆိုတာကို သူကိုယ်တိုင် ပြောခဲ့တယ်။

ဒီတော့ကာ ကျွန်တော်တို့ ဗမာပြည်မှာလဲ အခု ဆူပွက်နေကြတဲ့ ကွန်မြူနစ်တွေ ကိုယ်တိုင် ဗမာပြည်ကို အုပ်ချုပ်တဲ့ အခါမှာလဲ ဆိုရှယ်လစ် ဝါဒကို ဘယ်နည်းနှင့်မှ ချက်ချင်း ထူထောင်နိုင်မှာ မဟုတ်သေးဘူး။ အဲဒီလို ဆိုရှယ်လစ်ဝါဒ မထူထောင်နိုင်သမျှ ကာလပတ်လုံး၊ လယ်ရှင်နဲ့လယ်သမား ဆိုတာ ရှိနေဦးမှာဘဲ။ အဲဒီလို ရှိနေသမျှ လယ်သီးစားခ ပေးတဲ့ ကိစ္စမျိုးဟာ ရှိနေဦးမှာဘဲ။ ပေါ်နေဦးမှာဘဲ။ အစိုးရက လုပ်ပေးရမှာက အပြင်

www.burmeseclassic.com

www.burmeseclassic.com



ဖက်က နေပြီးတော့ကာ ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ရဲ့ လုပ်ငန်းစဉ် အတိုင်းဘဲ။ အဲဒီ လယ်သမားတွေဖက်က နေပြီးတော့ တတ်နိုင်သမျှ ညှာတာပြီး လုပ်ပေးဖို့ ရှိတယ်။ အဲဒီကိစ္စမှာလဲ ဒါတိုင်းနှစ်တွေထက် လယ်သီးစားခတွေကို လျှော့ပြီးတော့ အစိုးရက ဆုံးဖြတ်ပေးခဲ့တာကို ထောက်ထားခြင်း အားဖြင့် ဖ၊ ဆ၊ ပ၊ လ အစိုးရဟာ လယ်သမားတွေကို ဘယ်လို ထောက်ထား ညှာတာခဲ့တယ် ဆိုတာ ပြောနေဖို့ မလိုဘူး။ သိကြတဲ့ အတိုင်းဘဲ။ အဲဒီလို ဖြစ်နေလျက်သားနဲ့ ဒါဟာတွေကို မပေးအောင် တိုက်တွန်းနေတဲ့ လူတွေဟာ နယ်ချဲ့သမားတွေကို တိုက်ချင်တာလား။ ဒီလိုမဟုတ်ယင် ဖ၊ ဆ၊ ပ၊ လ အစိုးရကို တိုက်ချင်တာလား ဆိုတာ ရှင်းရှင်းဘဲ မေးချင်တယ်။ နောက်ပြီးတော့ကာ ဒီအမတော်ကြေး မပေးနဲ့ ဆိုတဲ့ ကိစ္စ၊ အဲဒီ အမတော်ကြေး ပြန်မပေးနဲ့ ဆိုတဲ့ ကိစ္စတွေဟာလဲ ဒီအမတော်ကြေးဟာ ဘယ်က နေပြီး ကျွန်တော်တို့ အစိုးရက ထုတ်ပေးနိုင်သလဲ။ မြန်မာပြည်က လူတွေ ပေးတဲ့ အခွန်တော်တွေထဲက နေပြီးတော့ကာ တိုင်းသူပြည်သားတွေကို ချေးရတာဘဲ။ အကယ်၍သာ တိုင်းသူပြည်သားတွေက ပြန်မပေးဘဲ၊ ဒီအမတော်ကြေးငွေတွေ နည်းနေမယ် ဆိုယင် နည်းသလောက် ကျွန်တော်တို့ နောက်ထပ် ပြန်ပြီး ချေးတဲ့အခါမှာ သိပ်များများ ချေးနိုင်မှာ မဟုတ်ဘူး။ ပြီးတော့ကာ ဒီအမတော်ကြေး ငွေတွေဟာ စင်စစ် ဘယ်သူ့ငွေတွေလဲ ဆိုယင် တိုင်းသူပြည်သားတွေရဲ့ ငွေတွေဘဲ။ ဒီတိုင်းသူပြည်သားတွေရဲ့ ငွေကို သုံးဖြုန်းခြင်းအားဖြင့် နယ်ချဲ့သမားကို ဘယ်နှယ်လုပ်ပြီး ထိခိုက်မလဲ။

အဲဒီနောက်တခါ ဆန်လုတဲ့ကိစ္စ၊ အခုနှစ်မယ် ဆိုယင် ဗမာပြည်မှာရှိတဲ့ လူတွေ စားဖို့ထက် ဆန်တန်ချိန် တသန်းလောက် ပိုထွက်လိမ့်မယ်လို့ ခန့်မှန်းရတယ်။ အဲဒီလို ဆန်တန်ချိန် တသန်းလောက် ပိုထွက်လိမ့်မယ်လို့ ခန့်မှန်းရတဲ့ နှစ်မျိုးမှာ ဗမာပြည်မှာ ဘယ်နည်းနှင့်မှ အစားအစာ ငတ်နိုင်တဲ့ အခြေအနေ မရှိဘူး။ အကယ်၍ တချို့နေရာတွေမှာ ဆန်မလုံလောက်ဘူး ဆိုယင် ဒီဆန်ကို တင်ချပြီးတော့ကာ ဝေငှတဲ့ စနစ် ချွတ်ယွင်းတဲ့အတွက် ကြောင့်သာလျှင် ဖြစ်ချင် ဖြစ်ရမယ်။ အဲဒီလို ချွတ်ယွင်းချက်တွေ ရှိတယ် ဆိုယင်ဘဲ ကျွန်တော်တို့ အစိုးရကို ပြောချင်ကြတာဘဲ။ ကျွန်တော်တို့ တတွေ ဒီကိစ္စတွေနှင့် ပတ်သက်ပြီး ပြင်ဆင်ပေးဖို့ အဆင်သင့်ဘဲ။ သို့သော်



လဲဘဲ ဒီလိုဆန်ငတ်တာ မရှိဘဲနဲ့ ဆန်လုတဲ့ ကိစ္စတွေ လုပ်တဲ့ နေရာမှာ ကျွန်တော်တို့ တွေ့ရတာ ဘာတွေ တွေ့ရသလဲ ဆိုယင် အချို့ အချောင်သမား ဆန်ပွဲစား၊ ဆန်ကုန်သည်၊ ဆန်သူဌေးတွေဟာ အချောင်လိုက်ပြီးတော့ ဒီဆန်တွေ ဝယ်နိုင်တဲ့ ကိန်းရောက်တယ်လို့ ကျွန်တော် ကြားသိရတယ်။ အဲဒီတော့ကာ အမှန်စင်စစ် ဒီလို ဆန်တွေကို လုခြင်းအားဖြင့် ကျွန်တော်တို့ အစိုးရမှာ ရှုံးမယ်၊ တိုင်းပြည်မှာလဲ ရှုံးမယ် ဆိုလို့ရှိယင် အပြီးသတ်ကျတော့ တိုင်းပြည်ရှုံးတာဘဲ။ လူထုရှုံးတာဘဲ။ ဘာပြုလို့လဲ ဆိုယင် ကျွန်တော်တို့ အခုနေအခါမယ် တိုင်းပြည်မှာ ငွေမရှိဘူး။ ငွေရှိမှ ဖြစ်မယ်။ ဒီငွေရှိအောင် ဆိုတာလဲဘဲ ကျွန်တော်တို့ ပြန်လည် ထူထောင်ရေး လုပ်ငန်းတွေ လုပ်ဖို့ စက်ကိရိယာ တန်ဆာပလာတွေ၊ ပစ္စည်းအမျိုးမျိုးတွေလိုတယ်။ ဒီပစ္စည်း အမျိုးမျိုးတွေ၊ စက်ကိရိယာ တန်ဆာပလာ အမျိုးမျိုးတွေကို ကျွန်တော်တို့ ဗမာပြည်မှာ မရှိဘူး။ အဲဒီလို မရှိတော့ကာ အခြား နိုင်ငံတွေက ဝယ်ယူသုံးစွဲရမယ် ဆိုယင် ကျွန်တော်တို့မှာ ရှိတဲ့ငွေမျိုးနှင့် ဝယ်လို့မရဘူး။ အဲဒီလို သက်ဆိုင်ရာ နိုင်ငံက ငွေနှင့် ဝယ်မှ ဒီ ကျွန်တော်တို့ လိုချင်တဲ့ ပစ္စည်းတွေကို ရမယ်။ ဒီတော့ကာ အခု ဖြစ်နေတဲ့ အခြေအနေမျိုးမှာဆိုယင် ဘယ် အစိုးရဘဲ ထက်ထက်၊ အဲဒီ နိုင်ငံခြားတွေက နေပြီး ငွေချေးရမှာဘဲ။ ဒီလို ငွေချေးတဲ့ ကိစ္စမှာလဲဘဲ ဒီလိုငွေမျိုးရအောင် နိုင်ငံခြား ငွေရအောင် ဆိုယင် နိုင်ငံခြားနဲ့ ကုန်ကူးသန်း ရောင်းဝယ်ရေး ကိစ္စမှာ ကျွန်တော်တို့ ပြည်က ထွက်ကုန်နဲ့ အခြား တိုင်းပြည်က သွင်းတဲ့ ဝင်ကုန်၊ အဲဒီလို ထွက်ကုန်နဲ့ ဝင်ကုန်မျှတအောင် ကျွန်တော်တို့ စီစဉ် လုပ်ကိုင်နိုင်မှ ဖြစ်မယ်။ ကျွန်တော်တို့ ဗမာပြည်က ထွက်သမျှ ထွက်ကုန်အနက် မှာ ဆန်ကိုသာလျှင် အများဆုံး တင်ပို့နိုင်မယ်။ စစ်မဖြစ်ခင်တုန်းကလဲ ဆန်ရောင်းလို့ ရတဲ့ ငွေက ဗမာပြည်မှာ ဝင်ငွေ အများဆုံး ဖြစ်တယ်။ အခု ဒီလို ဗမာပြည်ရဲ့ ဝင်ငွေကို အများဆုံး တိုးတက်အောင် လုပ်ပေးနိုင်မည့် ပစ္စည်းဟာ ဆန်ဖြစ်တယ်။ နောင်ကို ကျွန်တော်တို့ ဗမာပြည် ပြန်လည် ထူထောင်ပြီးလို့ စက်ရုံကြီးတွေ၊ အလုပ်ရုံကြီးတွေ၊ ဒါပြင် ပစ္စည်းတွေ လုပ်ပြီးယင် အခြေကျသွားမှာဘဲ။ သို့သော်လဲ အရင် စစ်မဖြစ်ခင်ကနှင့် အခု အခြေအနေနှင့် နောက်ပြီးတော့ကာ နောက် နှစ်တော်တော်ကြာကြာ ဖြစ်မည့် အခြေအနေမှာ ဆိုယင် မြန်မာပြည်မှာ ဆန်စပါး ထွက်ကုန်ကို အားကိုးအားထားပြီး လုပ်ကြရမှာဘဲ။ ဒီဆန်စပါးကို အားကိုးပြီး လုပ်ကြရမည့် အခါမှာ ဒီဆန်စပါးတွေဟာ တိုင်းပြည်မှာလဲ

www.burmeseclassic.com

www.burmeseclassic.com



မငတ်ဘဲနဲ့ အရမ်းမဲ့ အဖိတ်အစဉ်များပြီးတော့ကာ ဘာမှ အကျိုးမရှိအောင် လုပ်တဲ့ ကိစ္စဟာ မြန်မာပြည်သူပြည်သားတွေရဲ့ လည်စီကို ညှစ်တာက လွဲလို့ အခြား ဘာအဓိပ္ပာယ်မှ မရှိဘူး။ နယ်ချဲ့သမားကို တိုက်တာ အလျှင်း မဟုတ်ဘူး။

အဲဒီတော့ အခုလို အချိန်အခါမျိုးမှာ ဒီလိုဟာမျိုးတွေဟာ မသင့် လျော်ပါဘူး ဆိုတာ စဉ်းစားကြည့်ဖို့ လိုတယ်။ အခု အချိန်အခါမျိုးမှာ ဖ၊ ဆ၊ ပ၊ လ ဟာ အစိုးရ အာဏာကို ယူထားတဲ့ အချိန်အခါဖြစ်တယ်။ ဖ၊ ဆ၊ ပ၊ လ ဟာ နယ်ချဲ့သမားတွေကို တိုက်နေသလား။ မတိုက်နေဘူး လား။ ဒီ ဖ၊ ဆ၊ ပ၊ လ အစိုးရလို တိုင်းပြည်ရဲ့ ကြည်ညိုမှုကို ရပြီး တိုင်းပြည် ရဲ့ အကျိုးကို ဆောင်ရွက်နေတဲ့ အစိုးရမျိုးမြန်မာပြည်မှာ မရှိဘူးလို့သာ မှတ်ထားကြစေချင်တယ်။ ဖ၊ ဆ၊ ပ၊ လ အစိုးရဟာ ချွတ်ယွင်းချက်တွေ မရှိဘူးလို့လဲ ကျွန်တော် မဆိုလိုချင်ဘူး။ ဒါပေမဲ့ ကျွန်တော် ပြောပြချင် တာက ဖ၊ ဆ၊ ပ၊ လ အစိုးရလောက်မှ မလုပ်နိုင်ခဲ့တဲ့ အစိုးရ အဖွဲ့တွေမှာ လုပ်လာခဲ့တဲ့ လူတွေက တော်လှန်ရေး လုပ်မယ် ဆိုတာ ခင်ဗျားတို့ ယုံကြလို့ လား။ ခုနက ပြောပြခဲ့တဲ့ ဆန်လုခိုင်းတာ၊ အခွန်မပေးခိုင်းတာ အစရှိတဲ့ လုပ်ငန်းတွေဟာ ဖ၊ ဆ၊ လ၊ ပ ကို တော်လှန်တာဘဲလား။ နယ်ချဲ့သမားကို တော်လှန်တာလား။ ဖ၊ ဆ၊ ပ၊ လ ကို တော်လှန်တယ် ဆိုယင် ဖ၊ ဆ၊ ပ၊ လ ကို တိုင်းပြည်လူထုက ထောက်ခံနေတယ် ဆိုတာ အခု ပြီးခဲ့တဲ့ ရွေးကောက် ပွဲမှာ ထင်ရှားခဲ့တဲ့ အတိုင်း ဖ၊ ဆ၊ ပ၊ လကို တော်လှန်တဲ့ လူတွေဟာ တိုင်း ပြည်နဲ့ လူထုကို တော်လှန်တာဘဲ။

ဒါကြောင့် အတိုက်အခံသမားတွေ၊ သတင်းစာတွေ၊ အစိုးရ အမှုထမ်း တွေ၊ ဖ၊ ဆ၊ ပ၊ လ အဖွဲ့တွေ၊ ပြည်သူ့ရဲဘော် တပ်ဖွဲ့တွေ၊ တိုင်းပြုပြည်ပြု လွှတ်တော် အမတ်တွေ၊ လူငယ်တွေနဲ့ တိုင်းပြည် လူထုက ဖ၊ ဆ၊ ပ၊ လ ကို ဘယ်လို ထောက်ခံပြီး၊ ဗမာပြည်ရဲ့ လွတ်လပ်ရေး ရအောင် ဝိုင်းဝန်း လုပ်ကြ ပါ ဆိုတာ အသီးသီး ဆိုင်ရာ သိသင့်တဲ့ အချက်တွေကို ကျွန်တော် ပြောပြ ခြင်းပါဘဲ။ ဒီ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ အစိုးရ အဖွဲ့မျိုး မြန်မာပြည်မှာ မပေါ်ဘူး သေးဘူးဆိုတာ ကျွန်တော်တို့ သိပ်ပြီး ငြင်းချက် ထုတ်နေစရာ အချက်တွေ မဟုတ်တဲ့အတိုင်း ကျွန်တော် တခု သတိပေးချင်တာက လွန်ခဲ့တဲ့ နှစ် တော် ကြာတုန်းက ကွန်မြူနစ်တွေဟာ ကမ္ဘာကြီးတခုလုံးမှာ ဖက်ဆစ်စနစ်ကို



တော်လှန်ဖို့ ဆိုပြီးတော့၊ ဖက်ဆစ်စနစ် ဆန့်ကျင်ရေး တပ်ဦးတွေကို ဆိုင်ရာ နိုင်ငံ အသီးသီးတွေမှာ လုပ်ဖို့ ဆော်ကြတယ်။ ဒီအခါတုန်းက ဖွဲ့စည်းကြဖို့ လုပ်တဲ့အခါမှာ ကွန်မြူနစ်တွေရဲ့ ကမ္ဘာ့နိုင်ငံ ပေါင်းချုပ်ကြီး ဆိုတာ ရှိသေး တယ်။ အဲဒီ ကမ္ဘာ့နိုင်ငံ ပေါင်းချုပ် ကွန်မြူနစ် အသင်းမှာ အတွေထွေ အတွင်းရေးမှူးဖြစ်တဲ့ ကွန်မြူနစ် ပုဂ္ဂိုလ်ကျော်ကြီးတဦး ကိုယ်တိုင်က အမေ ရိကန်ပြည်နဲ့ ပတ်သက်ပြီး ဘာစကား ပြောခဲ့သလဲ။ ဘယ်လို ပြောခဲ့သလဲ ဆိုယင် အမေရိကန်မှာ ရူးစဗဲ့က အဲဒီအချိန်အခါတုန်းက နယူးဒီး ( New Deal ) ခေါ်တဲ့ ဒီမိုကရေစီစီမံကိန်းတွေနဲ့ သူတို့တိုင်းပြည်ကို တူထောင်နေတဲ့ အချိန် အခါ ဖြစ်ပါတယ်။ အဲဒီလို သူတို့ တိုင်းပြည်ကို ထူထောင်တဲ့ အချိန်အခါ မယ် ဒီလို ထူထောင်နိုင်အောင်လဲ အာဏာ အမြောက်အမြား တိုင်းပြည်က ပေးပြီး တောင်းထားကြတယ်။ အဲဒီဟာကို အမေရိကလောက် အချို့ ကွန်မြူ နစ်တွေက ယူဆကြပြီးတော့ ဒီရူးစဗဲ့ကိုဘဲ ဖက်ဆစ်သမားလို့ ကဲ့ရဲ့ကြတယ်။ အဲဒီလို ကဲ့ရဲ့သံကို ကွန်မြူနစ် ခေါင်းဆောင်က သိတဲ့အခါကျတော့ အမေရိ ကန် တိုင်းပြည်က ကွန်မြူနစ်တွေကို ဘယ်လို အပြစ်တင်သလဲ ဆိုယင် မင်းတို့ လုပ်တာတွေဟာ ဘာမှ အခြေအနေမရှိဘဲ အရမ်း လမ်းစဉ်တွေ လိုက်နေ တာဘဲ။ အမှန်စင်စစ် ရူးစဗဲ့ဟာ အစိုးရ အဖွဲ့ထဲမှာ ပါလို့ မင်းတို့ သူကို ဖက်ဆစ်လို့ ဆိုပေမဲ့ အစိုးရ အပြင်ဖက်မှာ နေတဲ့ လူငွေ ၆၀ ရူးစဗဲ့ထက် အဆပေါင်း များစွာ ဆိုးနေတဲ့ အရင်းရှင်ကြီးတွေ ဆိုတာ မင်းတို့ သတိမှ ကြရမယ်ဆိုတာ ပြောခဲ့တယ်။ အဲဒီအတိုင်းဘဲ ဖ၊ ဆ၊ ပ၊ လ အစိုးရ အပြင် ဖက်မှာ ရှိတဲ့ အတိုက်အခံသမားတွေကို ခင်ဗျားတို့ ကြည့်ပါ။ ဘယ်လို လူ စားတွေ ဆိုတာ ခင်ဗျားတို့ သိပြီးတဲ့နောက် ဖ၊ ဆ၊ ပ၊ လ အစိုးရကို တိုက် ခိုက်ခြင်းဟာ နယ်ချဲ့သမားကို တိုက်ခိုက်ခြင်း မဟုတ်ဘဲနဲ့ နယ်ချဲ့သမားကို အားပေးခြင်း ဖြစ်တယ် ဆိုတာ သတိပြုဖို့ လိုတယ်။

အဲဒီတော့ကာ ကျွန်တော် အတိုက်အခံသမားတွေကို ဘာပြောချင် သလဲ ဆိုယင် ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ အစိုးရ အဖွဲ့ဟာ အရင်တုန်းက အစိုးရ အဖွဲ့ထဲမှာ လုပ်ခဲ့ဘူးတဲ့ နိုင်ငံရေးပါတီတွေလို မဟုတ်ဘူး ဆိုတာ ကျွန်တော် တိတိလင်းလင်း ပြောချင်တယ်။ အခြား နိုင်ငံရေး ပါတီတွေ အစိုးရ အဖွဲ့ ထဲမှာ ရှိပြီး လုပ်နေကြတဲ့ အချိန်အခါတုန်းက ဆိုယင် မိမိတို့နဲ့ အတိုက်အခံ ဖြစ်တဲ့ နိုင်ငံရေး ပါတီတွေကို မှားမှားမှန်မှန် တရားတရား မတရားမတရား



www.burmeseclassic.com

www.burmeseclassic.com



နိုပ်စက်တယ် ဆိုတာ ကျွန်တော် ပြောဖို့ မလိုဘူး။ သို့သော်လဲ ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အစိုးရဟာ အခုထိ ကျွန်တော်တို့ ဘယ်သူ့ကိုမှ နိုင်ငံရေး အတိုက်အခံသမားတွေကို နှိပ်စက် ညှဉ်းပန်းခြင်း မလုပ်ဘူး။ သို့သော်လဲ ဒီစည်းကမ်းချက်တွေက လွန်လာပြီးတော့ ကိုးရိုးကားရား တိုင်းပြည် အကျိုးမဲ့အောင် လုပ်ယင် ဒါ ကျွန်တော်တို့ ကြည့်မနေနိုင်ဘူး။ ကျွန်တော်တို့ အဖွဲ့က အတိုက်အခံသမားတွေကို တရားသဖြင့် လွတ်လပ်စွာ ပြောဆိုခွင့် ရေးသားခွင့် ဆူပူခွင့် အဲဒီ အခွင့်အရေးတွေ ပေးတာကို အသားယူပြီး မတရား လုပ်ယင်တော့ ကျွန်တော်တို့ သေသေချာချာ ချရမှာဘဲ ဆိုတာ ကျွန်တော် ပြောချင်တယ်။

ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အစိုးရကို အသရေ ပျက်မှု ဖြစ်စေတဲ့ စကားမျိုးက လွဲလို့ရှိယင် ဟုတ်တာ၊ မဟုတ်တာ အပထားလို့ တရားဥပဒေ အတွင်းမှာ ခင်ဗျားတို့ ကျွန်တော်တို့ကို ဆဲချင်သလို ဆဲနိုင်တယ်။ ခင်ဗျားတို့ ကျွန်တော်တို့ကို ဝေဖန်ချင်သလို ဝေဖန်နိုင်တယ်။ မှန်မှန် မမှန်မှန်၊ သို့သော်လဲ တရားဥပဒေက လွန်မြောက်တဲ့ ကိစ္စမျိုး ဆိုယင် သည်းခံပြီး မနေနိုင်ဘူး။ နောက်ပြီးတော့ကာ ရထားတဲ့ အာဏာကို ခင်ဗျားတို့ လက်ထဲ ပြန်ရောက်အောင် ပရိယာယ်မျိုးတွေကို လုပ်ယင်တော့ ချရဦးမှာဘဲ ဆိုတာ ကျွန်တော် ပြောချင်တယ်။ အဲဒီတော့ အတိုက်အခံ သမားတွေကို ကျွန်တော် တိတိလင်းလင်း ပြောချင်တာက ညစ်ပတ်မယ်တော့ မကြံပါနဲ့၊ တရားသဖြင့် ကျွန်တော်တို့ လက်က အာဏာကို လုနိုင်တဲ့နည်းလမ်းအမျိုးမျိုးကို တွေ့ပြီးတော့ လုနိုင်ယင် လု၊ ယူနိုင်ယင်ယူ၊ ကျွန်တော်တို့ အခွင့်အရေးပေးမယ်။ သို့သော်လဲ ညစ်ပတ်မယ်ဆိုပြီးတော့ တိုင်းပြည်မှောက်မှားအောင် မတရားတာတွေကို ရှောက်ပြီး လုပ်နေမယ်။ လူတွေကို အရမ်းမဲ့ သပုပ်လေလွင့် အကြည်ညိုပျက်အောင် အသရေပျက်အောင် လုပ်မယ် ဆိုလို့ရှိယင်တော့ဖြင့် ကျွန်တော်တို့ သည်းခံပြီး မနေဘူး ဆိုတာ တိတိလင်းလင်း ပြောချင်တယ်။ နောက်ပြီး သတင်းစာတွေကို ကျွန်တော် ပြောချင်တယ်။ သတင်းစာတွေဟာ ဒီအစိုးရ လက်ထက်နဲ့ အရင်တုန်းက တခြားအစိုးရလက်ထက်နဲ့ သေသေချာချာ နှိုင်းယှဉ် ကြည့်စေချင်တယ်။ ကျွန်တော်တို့ဟာ ဘယ်လို အစိုးရဆိုတာလဲ ဘာမှ အထူးပြောနေစရာ မလိုဘူး။ အဲဒီတော့ကာ ကျွန်တော်တို့ကို ထောက်ခံအားပေးနေတဲ့ သတင်းစာတွေလဲ အားပေးချင်ပေးကြ။ ဒီလိုမှ မဟုတ်လို့



ကျွန်တော်တို့ကို ဝေဖန်ပြီးတော့ အတိုက်အခံ လုပ်ချင်ကြတဲ့ သတင်းစာတွေ ဆိုယင်လဲ သဘောအတိုင်းဘဲ။ ဒီလိုမှ မလုပ်လို့ ကျွန်တော်တခါတုန်းကပြောလို့ အင်မတန်ဘဲ မကျေမနပ် ဖြစ်တာလိုဘဲ "ဆိတ်သစ်" လုပ်ချင်ကြတဲ့ သတင်းစာတွေလဲ လုပ်ချင်လုပ်ကြပါ။ သို့ပေမဲ့ အကြည်ညို တဦးနဲ့ တဦး ပျက်စေတဲ့ စကားမျိုး၊ တိုင်းပြည်ဆူပူအောင် လှုပ်ရှားအောင် လှုံ့ဆော်တဲ့ စကားမျိုး၊ ဖက်ဆစ် အစီအမံလို လုံးဝ တခါတည်း လိမ်လည် လှည့်ဖြားပြီး ရေးသားတဲ့ အရေးအသားမျိုး ဆိုယင် ကျွန်တော်တို့ သည်းခံမှာ မဟုတ်ဘူး ဆိုတာ တိတိလင်းလင်းဘဲ သတိပေးပါရစေ။

နောက်ပြီးတော့ အစိုးရ အမှုထမ်းတွေကိုလဲ ကျွန်တော်ပြောလိုတယ်။ အစိုးရ အမှုထမ်းတွေဟာ တိုင်းပြည်နှင့် လူထုအကျိုးကို ကျွန်တော်တို့ အစိုးရ အဖွဲ့က ဆုံးဖြတ်တဲ့ အတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ပါ။ အခု အစိုးရဟာ အရင် အစိုးရနဲ့ မတူဘူးဆိုတာ တိတိလင်းလင်း ပြောလိုက်ချင်တယ်။ ဘယ်သူ့ကိုမှလဲ ခွဲခြားမလိုဘူး။ ဖ၊ဆ၊ပ၊လ ထဲက လူဘဲဖြစ်ဖြစ်၊ ပြည်သူ့ရဲဘော်ဘဲ ဖြစ်ဖြစ်၊ အဲဒီလူတွေကိုလဲ ကြောက်ဖို့ မလိုဘူး၊ ကျွန်တော်တို့ ဖ၊ဆ၊ပ၊လ အစိုးရက အရင်အစိုးရလို "ဖော်လံဖား" တဲ့ လူတွေ ကို ကျွန်တော်တို့ မလိုချင်ဘူး။ ကျွန်တော်တို့ ဆိုင်ရာ ဝန်ကြီးတွေကို အသီးသီး ဖော်လံဖားတဲ့ စကားမျိုးတွေ၊ ဖော်လံဖားတဲ့ အလုပ်မျိုးတွေကို ကျွန်တော်တို့ မလိုချင်ဘူး။ ကျွန်တော်တို့ ဆုံးဖြတ်ထားတဲ့ လုပ်ငန်းတွေ၊ ကျွန်တော်က ညွှန်ကြားတဲ့ ညွှန်ကြားချက်တွေ၊ ကျွန်တော်တို့က ပေးတဲ့ ညွှန်ကြားချက်တွေ၊ အမိန့်တွေကို တသွေမတိမ်းလိုက်နာပါ။ လုပ်ပါ။ ဒီလိုမှ မလုပ်ယင် ကျွန်တော်တို့က ဘယ်လောက်ကြီးတဲ့ လူကြီးဘဲ ဖြစ်ဖြစ် နှိပ်မှာဘဲ၊ ချမှာဘဲ ဆိုတာတော့ ထောင်မင်းကြီးကိစ္စမှာ အားလုံးဘဲ သိကြမှာဘဲ။ အဲဒီတော့ အစိုးရအမှုထမ်းတွေကို သေသေချာချာ တိတိလင်းလင်း ပြောချင်တာက ကိုယ့်တာဝန် ကိုယ်ကျေပြွန်အောင်လုပ်ပါ။ ဖ၊ဆ၊ပ၊လ အစိုးရ တက်နေလို့ ဖ၊ဆ၊ပ၊လ အဖွဲ့ထဲမှာ ပါနေတဲ့ ဖ၊ဆ၊ပ၊လ ဝင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်တွေကို အရမ်းမဲ့ ကြောက်ဖို့ မလိုပါဘူး။

နောက်ပြီးတော့ကာ ဖ၊ ဆ၊ ပ၊ လ အဖွဲ့တွေ ပြည်သူ့ရဲဘော် အစရှိတဲ့ ဒီအဖွဲ့အစည်းတွေကိုလဲ ကျုပ်ပြောလိုတယ်။ အခုနေအခါမှာ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ခေါင်းဆောင်တွေက အစိုးရအဖွဲ့ထဲမှာ ရောက်နေလို့ ဖ၊ ဆ၊ ပ၊ လ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့တွေဟာ၊ ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်တွေဟာ ငါတို့လဲ အစိုးရဘဲလို့ အစိုးရအာဏာကို အစိုးရကိုယ်စား ယူပြီး ကိုယ်လုပ်ချင်ရာ မလုပ်နိုင်ဘူးဆိုတာ သတိပြုစေချင်တယ်။ နောက်ပြီးတော့ကာ ဖ၊ဆ၊ပ၊လအဖွဲ့ခေါင်းဆောင်တွေ အစိုးရအဖွဲ့ထဲ ရောက်နေလို့ ဖ၊ဆ၊ပ၊လ အဖွဲ့တွေဟာ၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့တွေဟာ ဒီပြင်လူတွေထက်တော့ အခွင့်အရေး ပိုရမယ်ဆိုယင် ရနိုင်စရာ ရှိတယ်။ အဲဒီလို ဖ၊ဆ၊ပ၊လ ခေါင်းဆောင်တွေ အစိုးရ အဖွဲ့ထဲမှာ ရှိနေလို့ ဖ၊ဆ၊ပ၊လ ဝင်မှန်တိုင်း ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်မှန်တိုင်း မဟုတ် မတရားတာ လုပ်လို့ရမယ်လို့တော့ မထင်နဲ့။ ဒီလို လုပ်မရဘူးဆိုတာ သိဖို့အရေးကြီးတယ်။ အခုနေ အခါမှာ အချို့နေရာမျိုးမှာ ငါတို့ ဖ၊ဆ၊ပ၊လ ခေါင်းဆောင်တွေ အစိုးရအဖွဲ့ထဲ ရောက်နေပြီ ဆိုပြီး မာန်တက်ပြီးတော့ကာ လုပ်ချင်ရာ လုပ်နေကြတဲ့ ဖ၊ဆ၊ပ၊လ အဖွဲ့တွေ ပြည်သူ့ ရဲဘော်တပ်ဖွဲ့တွေ ရှိတယ်ဆိုတာ ကျုပ်သိရတယ်။ အဲဒီတော့ ခါတိုင်း အစိုးရတက်တုန်းက သူတို့နောက်လိုက်တွေက တိုင်းပြည် အပေါ်မယ် ငါတို့ခေါင်းဆောင်တွေ အစိုးရအဖွဲ့ထဲ ရောက်နေပြီ ဆိုပြီး သူတို့လုပ်သလို မလုပ်ဘဲ ဖ၊ ဆ၊ ပ၊လ ခေါင်းဆောင်တွေ အစိုးရ အဖွဲ့ထဲရောက်နေတဲ့ အချိန်အခါမှာ ဖ၊ဆ၊ပ၊လ ကို သေသေချာချာ လေးစားသော အားဖြင့်၊ ဖ၊ဆ၊ပ၊လရဲ့ ဂုဏ်ကို လေးစားသော အားဖြင့်၊ ဖ၊ဆ၊ပ၊လရဲ့ လုပ်ငန်းစဉ်တွေကို လေးစားသော အားဖြင့်၊ ဖ၊ဆ၊ပ၊လ ရဲ့ ဝါဒကို ယုံကြည်လေးစားသော အားဖြင့်၊ ဖ၊ဆ၊ပ၊လ ဝင်တွေဟာ၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်တွေဟာ အခွင့်အရေးကို မတရားမယူဘဲနှင့် ထင်ရာ မလုပ်ကြဖို့ အရေးကြီးတယ်။ အဲဒီလို ထင်ရာလုပ်လို့ မတရားတာ လုပ်တယ် ဆိုယင်လဲ ဖ၊ဆ၊ပ၊လ အဖွဲ့ဝင်ဘဲ ဖြစ်ဖြစ်၊ ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်ဘဲဖြစ်ဖြစ် ကျုပ်တို့ ဖမ်းရ ဆီးရ၊ နှိပ်ကွပ်ရမှာဘဲ။

ဖ၊ ဆ၊ ပ၊ လ အဖွဲ့ဝင်တွေနဲ့ ပြည်သူ့ ရဲဘော်တွေဟာ တခြားလူတွေနဲ့ အတူတူဆိုယင်အခွင့်အရေးပိုရမယ်ဆိုတာ ဘာမှယုံမှားစရာမရှိဘူး။ သို့သော်လဲ မထိုက်တန်ဘဲနဲ့ ရသင့်တဲ့ အခွင့်အရေးတွေကိုတော့ မရနိုင်ဘူးဆိုတာ သေသေချာချာ သိစေချင်တယ်။ နောက်ပြီးတော့ကာ ဖ၊ဆ၊ပ၊လ အဖွဲ့ဝင်တွေဟာ၊ ပြည်သူ့ ရဲဘော်တပ်ဖွဲ့တွေဟာ မိမိတို့ တာဝန်ကျရောက်တာတွေကို ဒီထက်လုပ်ပြီးတော့ကာ တိုင်းသူပြည်သား လူထုရဲ့ အားကိုးအားထားကို ဒီထက် ပိုရှိအောင် လုပ်ဖို့လိုတယ်။ ဒီအခုလို ဖ၊ ဆ၊ ပ၊ လ ခေါင်းဆောင်တွေ



အစိုးရအဖွဲ့ထဲ ရောက်နေတဲ့ အချိန်အခါမှာ ဖ၊ဆ၊ပ၊လ အဖွဲ့က လူတွေနဲ့ ပြည်သူ့ ရဲဘော်တပ်ဖွဲ့တွေဟာ ဗမာပြည်ကြီးကို ဘယ်လောက် ချစ်တယ် ဆိုတာ ကိုယ်ထိလက်ရောက် ပြဖို့လိုတယ်။ ဒီလို အခါမျိုးပြမှလဲ တိုင်းပြည်က ရှုမြင်လက်ပြီး ထောက်ခံမှာဘဲ။ ဒီတော့ကာ အခု ဖ၊ ဆ၊ ပ၊ လ အဖွဲ့တွေဟာ စည်းရုံးရေး လုပ်ငန်း အခြေအနေမှာဆိုယင်သိပ်ဟန်မကျသေးဘူး။ နောက်ပြီးတော့ ငွေကောက်ခံတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး စာရင်းတွေ အတော် ရှုပ်နေတယ်လို့ ကြားသိရတယ်။ အဲဒီ ကိစ္စတွေကို ဖ၊ ဆ၊ ပ၊ လ အဖွဲ့ ဌာနချုပ်က စစ်ဆေးပြီးတော့ အပြစ်ရှိတာ တွေ့တဲ့ လူမှန်သမျှ၊ အဖွဲ့မှန်သမျှ အရေးယူရမှာဘဲ။ နောက်ပြီးတော့ကာ စည်းကမ်းသေဝပ်မှု ကောင်းကောင်း ရှိဖို့လိုတယ်။ ဒီစည်းကမ်း သေဝပ်မှု မရှိတဲ့ အဖွဲ့အစည်းတွေဟာ ဘာဘဲ လုပ်ချင်လုပ်ချင် ထိထိရောက် ရောက်မလုပ်နိုင်ဘူးဆိုတာ အထူးပြောစရာ မလိုဘူး။ အဲဒီတော့ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ အချို့နယ်တွေမှာ အချို့ အဖွဲ့ အစည်းတွေဟာ ကိုးယိုးကားယား အတော် ဖြစ်ခဲ့တယ်။ အချို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ဝင်တွေဟာလဲ ကိုးယိုးကားယားဖြစ်ခဲ့တယ်။ အဲဒီလို ကိစ္စတွေကို အားလုံး ဆက်လက်ပြီးတော့၊ စုံစမ်းစစ်ဆေးပြီးတော့ အရေးယူသင့်တာကို ယူရမှာဘဲ။

နောက်ပြီး ဖ၊ ဆ၊ ပ၊ လ အဖွဲ့နှင့် ပြည်သူ့ရဲဘော် တပ်ဖွဲ့တွေက အခုနေ အခါမှာ တိုင်းသူ ပြည်သားလူထုကို အစိုးရက ဘာတွေ လုပ်နေတယ် ဆိုတာ ဝါဒဖြန့်ပေးဖို့လိုတယ်။ နားရှင်းအောင် လုပ်ပေးဖို့လိုတယ်။ နောက်ပြီးတော့ တိုင်းပြည်မှာ ဘာတွေ ဖြစ်ပျက်နေတယ် ဆိုတာ အစိုးရကို သိအောင် အကြောင်းကြားဖို့ လိုတယ်။ နောက်ပြီးတော့ကာ တိုင်းသူ ပြည်သားတွေရဲ့ နစ်နာချက်တွေရှိယင် အဲဒီ နစ်နာချက်တွေကို မြန်မြန် ဖြေရှင်းနိုင်အောင် ကြိုးစားပေးရမယ်။ သူတို့ရဲ့ နစ်နာချက်တွေကို အစိုးရက မြန်မြန်ပြီးမြောက်အောင် ကြိုးစားရမယ်။ နောက်ပြီးတော့လဲ အစိုးရ အဖွဲ့ကနေပြီး တိုင်းပြည် ပြန်လည် ထူထောင်ရေး လုပ်ငန်းထက် စီစဉ်ရေးလုပ်ငန်းတွေ၊ အဲဒီလို လုပ်ငန်းတွေမှာ ဆိုယင်လဲ တိုင်းပြည်ရဲ့ အကူအညီ ရအောင် ရှေ့ဆောင်ခေါင်းရွက် အလုပ် လုပ်ဖို့လိုတယ်။ နောက်ပြီးတော့ကာ အစိုးရက လုပ်တဲ့ ကိစ္စတွေမှာ တိုင်းသူပြည်သားတွေ အကျိုး အတွက် လုပ်ထားတဲ့လုပ်ငန်းတွေ ရှိတယ်။ အဲဒီ လုပ်ငန်းတွေအရ တိုင်းသူပြည်သားတွေအကျိုးခံစားနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီခံစား နိုင်တဲ့ အတိုင်း အကျိုးခံစားရအောင် ဖ၊ ဆ၊ ပ၊ လ အဖွဲ့တွေ ပြည်သူ့ ရဲဘော်တပ်ဖွဲ့တွေက စီမံ ဆောင်ရွက်ဖို့လိုတယ်။

နောက်ပြီးတော့ ဖ၊ဆ၊ပ၊လ က တိုင်းပြု ပြည်ပြု လွှတ်တော် အမတ်တွေကို ကျွန်တော် စကားပြောချင်တယ်။ ဖ၊ ဆ၊ ပ၊ လ က တိုင်းပြု ပြည်ပြု လွှတ်တော်အမတ်တွေဟာ ယခု ရွေးကောက်ပွဲမှာ အရွေးခံရတာ မိမိတို့ တော်လို့ မဟုတ်ဘဲ၊အစွမ်းကြောင့် မဟုတ်ဘဲ "နားတောင်းရောင်ကြောင့် ပါးပြောင်" ဆိုတာလို ဖ၊ဆ၊ပ၊လ ရဲ့ ဘုန်ခိုးကြောင့် ရကြတယ်ဆိုတာ အမြဲသတိရကြပါ။ အဲဒီလို အရွေးခံရတဲ့ နေရာမှာလဲ ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ စည်းရုံးရေးလုပ်ငန်းက ကောင်းလွန်းလို့ ကျွန်တော်တို့ ရတာမဟုတ်ဘူး။ တိုင်းပြည်လူထုက မဲပေးလို့ ရတာဘဲ။ အမှန်စင်စစ် ကျုပ် ဗမာပြည် တပြည်လုံး လိုက်ကြည့်တဲ့အခါမှာ ဖ၊ ဆ၊ ပ၊ လ ရဲ့စည်းရုံးရေး လုပ်ငန်းတွေဟာအတော်ဘဲ ရှော့ရဲရဲ ဖြစ်နေတာကို တွေ့ရတယ်။ အဲဒီလိုတွေ့ရတဲ့အခါ အကယ်၍သာ တကယ့် အတိုက်အခံ အကျိတ်အနယ် အရွေးခံရမယ် ဆိုယင် ယခုရတဲ့အမတ်ဦးရေဟာ ရမှာမဟုတ်ဘူး။ အကယ်၍သာ စည်းရုံးရေး လုပ်ငန်းဟာ ဒီထက်ပိုပြီး ကောင်းမယ်ဆိုယင် အမတ် ၁၈၂ နေရာ စလုံးကို တောင်မှ ကျွန်တော်တို့ ရနိုင်တယ်။ ဘယ်နေရာမှာ မဆို ဖ၊ ဆ၊ ပ၊ လ ကို လူထုက မထောက်ခံတဲ့ နေရာမရှိဘူးဆိုတာ ကျွန်တော် အတိအလင်း ပြောရဲတယ်။ အဲဒီတော့ကာ အခုနေအခါမှာ ငါတို့ ဖ၊ ဆ၊ ပ၊ လ အမတ်ဦးရေအများဆုံး ရတယ် ဆိုပြီးတော့ ဖ၊ ဆ၊ ပ၊ လ အမတ်တွေဘဲ ဖြစ်ဖြစ်၊ ဖ၊ ဆ၊ ပ၊ လ အဖွဲ့တွေဘဲ ဖြစ်ဖြစ် ဘွေး နထင်မရောက်ဘဲ ငါတို့ တော်လို့ ရတာမဟုတ်ဘူး၊ တိုင်းပြည်က အားပေးလို့ ရတာဆိုတာ သိဖို့လိုတယ်။

အဲဒီတော့ကာ ဖ၊ ဆ၊ ပ၊ လ အမတ်တွေကို တိုင်းပြည်ကနေပြီးတော့ ဖ၊ ဆ၊ ပ၊ လ ကို ကြည်ညိုလို့ ရွေးကောက် တင်မြှောက်လိုက်တာကို အခု တိုင်းပြု ပြည်ပြု လွှတ်တော် အစည်း အဝေး ရောက်တဲ့အခါမယ်အစည်းအဝေးတိုင်းကို လိုလောက်တဲ့ အကြောင်း မရှိလို့ရှိယင် မတက်ဘဲ မနေဖို့ကို ကျုပ်တို့ စည်းကမ်း သတ်မှတ်ရလိမ့်မယ်။ နောက်ပြီးတော့ကာ လုပ်စရာတာဝန်တွေကိုလဲ ကျေပြွန်အောင်လဲလုပ်ရမယ်။ ကျုပ်တို့ရဲ့ လုပ်ငန်းစဉ်တွေကိုလဲ ကျေပြွန်အောင် စည်းကမ်းချရလိမ့်မယ်၊ ဖ၊ ဆ၊ ပ၊ လ အမတ်တွေ ဖြစ်လာလို့အရင်တုန်းက အခြားပါတီတွေမှာ ဖြစ်လာတဲ့ အမတ်တွေလို ကိုယ်ထင်ရာ ကိုယ်နေ၊



ကိုယ်လုပ်ချင်ရာ ကိုယ်လုပ် မဖြစ်နိုင်ဘူး၊အထူးသဖြင့် နယ်က အမတ်တွေဟာ မြို့ကို ရောက်တဲ့အခါ ပေါက်လွှတ်ပဲစား ဖြစ်တဲ့ အခါမျိုးကျုပ်တို့ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး ဆိုတာပြောချင်တယ်။ နောက်ပြီး ကျွန်တော်တို့ ဗမာပြည်ဟာ ဒီမိုကရေစီ စံနစ်အရ ဗမာပြည်ကို ပြန်လည် ထူထောင်ချင်တယ် ဆိုယင် ဒီမိုကရေစီ စံနစ် ထူထောင်မှု လုပ်ငန်းတွေကို ကောင်းကောင်း နားလည်အောင် လုပ်ရမယ်။ အခု ဗမာပြည်မှာ အမတ်တွေကို ရွေးကောက်ပွဲက တင်မြှောက်လိုက်တယ် ဆိုယင်ဘဲ အဲဒီရွေးကောက် တင်မြှောက်လိုက်တဲ့ အမတ်တွေဟာ နောက်ကိုယ့်ဆိုင်ရာ နယ်တွေ နယ်တွေနဲ့ အဆက် ပြတ်ပြီးတော့ ဘယ်တော့မှ ပြန်မသွားဘူး။ ရွေးကောက်ပွဲ အချိန်ကျတော့မှ ပြန်သွားတော့တာဘဲ။

အခု ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့က အမတ်တွေဟာ ရွေးကောက်ပွဲပြီးပေမဲ့ ရွေးကောက်ပွဲ နောက် ဝင်တာ မဝင်တာ အပထားပြီး ကိုယ့်ဆိုင်ရာ ဆိုင်ရာ နယ်တွေကို အဆက်မပြတ် သွားနိုင်သမျှ သွားပြီးတော့ကာ ကိုယ့်နယ်နဲ့ ဆိုင်ရာ သိသင့်တဲ့ ကိစ္စတွေ၊ သိသင့်တဲ့ အချက်တွေ၊ အစိုးရကိုလဲ အကြောင်းကြားရမယ်။ တိုင်းသူပြည်သားတွေ ကိုလဲ နားလည်အောင် ရှင်းပြရမယ်။

အင်္ဂလန် ပြည်မှာဆိုလို့ရှိယင် ပါလီမန် အမတ်ဖြစ်တဲ့ လူတွေဟာ အမတ်ဖြစ်ခင်လဲ ဆိုင်ရာ ဆိုင်ရာနယ်တွေနဲ့ အဆက်ရှိတယ်။ အမတ် ဖြစ်တဲ့ အခါမှာလဲ ခဏခဏ ကိုယ့်နယ်အကြောင်း ကိုယ်စုံစမ်း စစ်ဆေးပြီးတော့ လုပ်သင့်တဲ့ ကိစ္စကို အမြဲလုပ်ကိုင်ပေးတယ်။ အဲဒီတော့ကာ အဲဒီလို လုပ်နိုင်မှဗမာပြည်မှာ ဒီမိုကရေစီ စံနစ်ထူထောင်လို့ ပြီးမှာဘဲ။ ရွေးကောက်ပွဲမှာ အမတ် အရွေးခံရပြီးလို့ အမတ်ဖြစ်တဲ့အခါ ဟေးဟေးဟားဟားနဲ့ နောက်တခါ နယ်ဘာဖြစ်နေတယ် ဆိုတာ ပြန်မကြည့်ဘဲ၊ အရေးမစိုက်ဘဲ နေတဲ့အလေ့အကျင့် မျိုးကို ရှေးကလို အလေ့အကျင့်မျိုးကို ဖျောက်ပြီး ကျွန်တော်တို့ နည်းသစ် နမူနာသစ်ကို တိုင်းပြည်ကို ပြဖို့လိုတယ်။ အဲဒါ အခုကတည်းက ပြဖို့ လိုတယ်။

နောက်ပြီးတော့ကာ တိုင်းပြည်မှာ ရှိတဲ့ လူငယ်စုကို ကျွန်တော် စကား ပြောပြလိုတယ်။ ဒီလူငယ်စုတွေဟာ တော်လှန်ရေး စကားတွေ တော်တော် များများ ပြောပြီးနေကြတယ်။ တော်လှန်ရေး ဆိုတာ ဘယ်ဟာကို တော်လှန်ရေးဆိုတာ သေသေချာချာ လေ့လာဖို့လိုတယ်။ အခု လို အခါမျိုးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဗမာပြည်လို တိုင်းပြည်မျိုးမှာမို့လို့ လူငယ်တွေဟာ ထော်တော်တိုးတက်နေနိုင်တာဘဲ။ အိန္ဒိယမှာဆိုယင် လူငယ်တွေဟာ ဒီအခြေအနေမျိုးရောက်ဖို့ အင်မတန်ခဲယဉ်းတယ်။ ဘာဖြစ်လို့လဲ လူကြီးတွေက လူငယ်တွေထက် အရည်အခြင်း အတော်အတန်ရှိနေတော့ တိုးမပေါက်နိုင်တဲ့ အခြေအနေရှိတယ်။ အခု လူငယ်တွေ မြန်မာပြည်ရဲ့ နိုင်ငံရေးမှာ ထိပ်သီးထိပ်တန်းရောက်နေတယ်ဆိုတာ၊ လူငယ်တွေ သိပ်တော်လို့ မဟုတ်ဘဲ လူကြီးတွေ သိပ်ညံ့လို့ဆိုတာကို သိဖို့လိုတယ်။

အဲဒီတော့ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးဖို့ မလိုဘူး။ အခုနေအခါမျိုးမှာ ကျုပ်တို့ နားမလည်တဲ့ ကိစ္စတွေ အများကြီး ရှိနေတယ်။ အဲဒီတော့ နားမလည်တာတွေကို နားလည်အောင် လုပ်ပါ။ တတ်ယောင်ကားနဲ့ တော်လှန်ရေးစကားတွေချည်း တွင်တွင်သုံးပြီး နောက်ဆုံးတော်လှန်ရေးလဲ ဘာမှ မဖြစ်ဘူး။ ဒီတော့ ဒါမျိုးကိုရှောင်ဖို့လိုတယ်။ ဒီတော့ကာ အခုတိုင်းပြည်ပြန်လည်ထူထောင်ရေးနဲ့ လွတ်လပ်ရေးတွေကိုလုပ်တဲ့လုပ်ငန်းတွေမှာ စကားသိပ်များများ မပြောဘဲနဲ့ အလုပ်တွင်တွင်ကျယ်ကျယ် လုပ်နိုင်အောင် ကြိုးစားဖို့လိုတယ်။

ဗမာပြည်မှာဆိုယင် လူငယ်တွေဟာ တယောက်ထဲ အပြေးပြိုင်နေရတဲ့ လူတွေလို ပြိုင်ဖက်မရှိဘဲ အပြေးပြိုင်နေရတာဘဲ။ အဲသည်လို ပြိုင်ဖက်မရှိ ဘဲ အပြေးပြိုင်နေရတဲ့ အထဲက ပန်းတိုင်ကို မရောက်လို့ရှိယင် ငါတို့ကတော့ ရန်သူက ထခြေထိုးလို့ မဟုတ်ဘဲနဲ့ ငါတို့ရှော်လို့ဆိုတာ သိရမယ်။ နောက် ပြီးတော့ကာ အခု ဒီဗမာပြည်မှာ ဖြစ်နေတဲ့ အခြေအနေမျိုးမယ် နယ်ချဲ့ သမားတွေ ပရိယာယ်ကို သတိပြုဖို့လိုတယ်။ နယ်ချဲ့သမားတွေဟာ လူငယ် တွေကို သွေးခွဲပြီး အမျိုးမျိုး လှုံ့ဆော်မယ်။ အမျိုးမျိုး သူတို့ရဲ့သူလျှို၊ ဒလံ တွေကို ထည့်ပေးမယ်။ အမျိုးမျိုး တခါထဲ မဟုတ်တဲ့ သတင်းတွေလွှင့်မယ်၊ အဲဒီလို ကိစ္စတွေဟာ ရမည်းသင်းနယ်မှာ ကျွန်တော်ကိုယ်တိုင် ကြားသိ တယ်။ ရမည်းသင်းနယ်မှာ အစမူလတုန်းက လူငယ်အချင်းချင်း သတ်ဖြတ် တဲ့ လုပ်ငန်းကို ပုလိပ်ကစပြီး ဆွပေးတယ်လို့ကြားရတယ်။ ပုလိပ်ဆိုရမယ် လို့ နယ်ချဲ့သမားရဲ့ပုလိပ်၊ နယ်ချဲ့သမားက မြှောက်ပေးတဲ့ ပုလိပ်၊ အဲဒီလို မြှောက်ပေးလို့၊ ဆွပေးလို့ ဖြစ်တယ်လို့ကြားခဲ့ရတယ်။ နောက်ကိုလဲ သတိ ပြုရဦးမယ်။ နယ်ချဲ့သမားရဲ့ သူလျှို၊ ဒလံတွေဟာ ကျုပ်တို့အထဲမှာ အ



မြှောက်အမြှား ရှိဦးမှာဘဲဆိုတာ ကျုပ်တို့ သတိပြုဖို့လိုတယ်။ အဲဒီတော့ကာ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ဆင်ဆင်ခြင်ခြင်လုပ်ဖို့ အရေးကြီးတယ်။ လူငယ်တွေဟာ ခုနေအခါမှာ ခုနကပြောခဲ့တဲ့အတိုင်း တယောက်တည်း အပြေးပြိုင်ရတဲ့ လူတွေလို အပြေးပြိုင်နေရတဲ့ အခါမယ် ကျွန်တော် အခုပြောပြရခြင်းဘဲ။

ကျွန်တော်တာတွေကို ပြောနေရတာကလဲဘဲ ရှေ့ကို ဗမာပြည်ရဲ့ အရေးကို လိုလားလို့ ပြောနေရခြင်း ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အဖို့မှာ ဆိုယင်၊ ဗမာပြည် လွတ်လပ်ရေးရတဲ့ တနေ့မှာ ကျွန်တော် နိုင်ငံရေးက ထွက်ချင်ထွက်မှာဘဲ။ ထွက်ဖို့လဲ စိတ်ကူးနေတယ်။ အဲဒီတော့ ကျွန်တော် အတိအလင်းပြောချင်တာက ဗမာပြည်က လူငယ်တွေဟာ အရမ်းမဲ့ အထင်ကြီးပြီးတော့ကာ ကိုယ်တာဝန်တွေကို မလုပ်ဘဲနဲ့၊ စကားများ မနေဘဲနဲ့ မိမိတို့ နောင်ရေးကို မြော်တွေးပြီး၊ ဗမာပြည်ရဲ့ အကျိုးကို တကယ်လိုလားတယ်ဆိုယင်၊ လူငယ်တွေဟာ တော်လှန်ရေး စကားတွေပြောတာ လျှော့ပြီးတော့ကာ တော်လှန်ရေးရဲ့ တကယ့်အလုပ်ကို လုပ်ကြစမ်းပါဆိုတာ ပြောခဲ့ချင်တယ်။

နောက် တိုင်းသူပြည်သား လူထုကို အစီရင်ခံချင်တယ်။ တိုင်းသူပြည်သား လူထုကို ကျွန်တော်ပြောပြချင်တဲ့ အချက်က လွတ်လပ်ရေး တိုက်ပွဲဟာ မပြီးသေးဘူး။ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲပြီးပေမဲ့ ဗမာပြည်ရဲ့ လွတ်လပ်ရေး လုပ်ငန်းဟာ မပြီးသေးဘူး။ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ပြီးဆုံးခြင်းဟာ ဗမာပြည် လွတ်လပ်ရေး လုပ်ငန်းပြီးတာ မဟုတ်သေးဘူး။ ဗမာပြည် လွတ်လပ်ရေး လုပ်ငန်းအစသာ ဖြစ်သေးတယ်။ ဗမာပြည်ရဲ့ လွတ်လပ်ရေး အခြေခံ အစမျှသာ ဖြစ်နေသေး တော့ကာ ဗမာပြည်မှာရှိတဲ့ တိုင်းသူပြည်သားတွေဟာ ဆက်လက်ပြီး တောင့်ထားကြဖို့ လိုတယ်။ တိုင်းပြည်လူထုဟာ မိမိတို့လူထုရဲ့ ညီညွတ်ရေးကို မပျက်ပြားအောင် ဆောင်ရွက်ပြီး ဆက်လက်တောင့်ထားဖို့ လိုတယ်။ တိုင်းပြည်လူထုဟာ တိုင်းရင်းသား အချင်းချင်းနဲ့ အမြဲ ညီညွတ်အောင် ကြိုးစားဖို့ လိုတယ်။ တိုင်းရင်းသား လူထုဟာ ဒီလိုလူထုညီညွတ်မှုနဲ့ တိုင်းရင်းသား အချင်းချင်း ညီညွတ်ဖို့လိုတယ်။ ဖ၊ ဆ၊ ပ၊ လ က ညွှန်ကြားတဲ့ အချက်တွေကို လိုက်နာပြီး မမှိတ်မသုန် ယုံယုံကြည်ကြည်လိုက်နာဖို့လိုတယ်။ တိုင်းသူပြည်သား

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အင်အားကို ကြီးမားအောင် ဆောင်ရွက်ဖို့လိုတယ်။ အဲဒီတော့ကာ ဒီတိုင်းသူပြည်သားလူထုကို သေသေချာချာ ကျွန်တော်ပြောချင်တာက ကျွန်တော်ဟာ အရည်အခြင်းနှင့် ပတ်သက်ပြီး ချွတ်ယွင်းချက်ရှိမယ်။ သို့သော်လဲဘဲ တိုင်းပြည်ကို ချစ်တယ်ဆိုတဲ့ လူထဲမှာ ကျွန်တော်ဟာ ယှဉ်ပြိုင်ရဲပါတယ်။ တိုင်းပြည် ချစ်တယ်ဆိုတဲ့ နေရာမှာ ကျွန်တော့ထက် ပိုပြီးချစ်တယ်ဆိုတာကို ကျွန်တော် လက်မခံနိုင်ဘူး။ အဲဒီတော့ကာ ကျွန်တော်ဟာ ဘယ်နည်းနှင့်မှ ဗမာပြည်ရဲ့ လွတ်လပ်ရေးအတွက်နဲ့ ပတ်သက်ပြီး သစ္စာ မဖောက်ဘူးဆိုတာ ခင်ဗျားတို့ အမြဲယုံကြည်ပြီးတော့ကာ ဖ၊ ဆ၊ ပ၊ လ နောက်မှာနေပြီးတော့ ဗမာပြည်ရဲ့ လွတ်လပ်ရေး၊ ဗမာပြည်ရဲ့ ပြန်လည် ထူထောင်ရေးကို လုပ်နိုင်အောင်၊ ခင်ဗျားတို့ အင်အားရှိအောင် ခင်ဗျားတို့ရဲ့ ညီညွတ်ရေးကို အမြဲဆောက်တည်ပြီး အမြဲစောင့်ထိန်းကြပါဆိုတာ ကျွန်တော် ပြောလိုတယ်။

ပြီးတော့လဲ ဖ၊ ဆ၊ ပ၊ လ က အခုကောက်ခံနေတဲ့ လွတ်လပ်ရေး ရံပုံငွေကိုလဲ ဆက်လက်ထည့်ကြဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။ နောက်ပြီးတော့ကာ အချိန်ပေးနိုင်တဲ့လူတွေ၊ သီးစားခပေးနိုင်တဲ့လူတွေ၊ အမတော်ကြေးခပေးနိုင်တဲ့လူတွေလဲ ပေးကြပါလို့ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်။ အကယ် မပေးနိုင်လို့ရှိယင် လာပြောပါ။ သို့သော်လဲ ပေးနိုင်လျက်သားနဲ့ ကိုယ့်လူဖြစ်နေလို့ဆိုပြီး အခွင့်အရေးယူပြီး လာပြီးမပြောပါနဲ့။ နောက်ပြီးတော့ကာ အခု ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ၊ တိုင်းပြည် ကာကွယ်ရေး လုပ်ငန်းတွေ အများကြီး လုပ်ရလိမ့်မယ်။ ထူထောင်ရေး လုပ်ငန်းတွေ ကာကွယ်ရေး လုပ်ငန်းတွေကို လုပ်တဲ့အခါမှာ တိုင်းသူပြည်သား လူထုနဲ့ ချီပြီးတော့ လုပ်ငန်းကို လုပ်မှ အောင်မြင်လိမ့်မယ်။ အဲဒီအတွက်ကြောင့် ဒီထူထောင်ရေး လုပ်ငန်း၊ ကာကွယ်ရေး လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အစိုးရက နေပြီးတော့ တိုင်းပြည်ကို ကြေညာတဲ့အခါမှာ လိုတဲ့အကူအညီကို ပေးဖို့ ခင်ဗျားတို့မှာ အဆင်သင့် ရှိရမယ်။ အခု ထူထောင်ရေး လုပ်ငန်းတွေမှာ ဥပမာဆိုယင် "ဝ၊ ဒဗလျူ၊ ဒီ" က လမ်းတွေပျက်လို့ ပြင်နေတာကို ကြည့်နေရုံနဲ့ မပြီးသေးဘူး။ ခင်ဗျားတို့ပါ ဝင်ပြီး လုပ်နိုင်အောင် ကြိုးစားရမယ်။ အဲဒီလိုလုပ်မှ ကျွန်တော်တို့ ဗမာပြည်မှာ ထူထောင်ရေး လုပ်ငန်း ပိုမိုတွင်ကျယ်ပြီး ခရီးရောက်မယ်။ အဲဒီတော့ နိဂုံးချုပ် ကျွန်တော် ပြောချင်တာက အခုဖြစ်နေတဲ့ ဗမာပြည်ရဲ့ [illegible] ဗမာပြည်ဟာ တနှစ်အတွင်း လွတ်လပ်ရေးရနိုင်တဲ့ အခြေအ[illegible] လုပ်နိုင်ယင်ရမယ် မလုပ်နိုင်ယင် မရဘူး။ အဲဒီလို[illegible]ကျွန်တော်တို့ဟာ အမြော်အမြင်ကြီးကြီးနဲ့ အလုပ်လုပ်ရမယ်။ [illegible]ကြီးကြီးနဲ့လုပ်တဲ့ နေရာမှာလဲ လွတ်လပ်တဲ့ အင်္ဂလိပ်တွေနှင့် လွတ်လပ်တဲ့ ဗမာတွေဟာ မိတ်ဆွေရင်းချာဖြစ်ဖို့ အရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုယင် အခု ဖြစ်နေတဲ့ ကမ္ဘာကြီးမှာ ဘယ်နိုင်ငံဘဲဖြစ်ဖြစ် လွတ်လပ်ရေးရတဲ့ အခါမယ် မဟာမိတ်မရှိဘဲ ကျွန်တော်တို့ ဘာမှမလုပ်နိုင်ဘူး။ အဲဒီတော့ကာ ကျွန်တော်တို့ ဘယ်နိုင်ငံတွေကို မဟာမိတ်အဖြစ်နဲ့ သဘောထားရမလဲဆိုတာ အခု လွတ်လပ်ရေးရဖို့ စီစဉ်နေတဲ့အခါမှာ ကျွန်တော်တို့ စဉ်းစားထားဖို့ လိုတယ်။ ဒီလို စဉ်းစားတဲ့ အခါမယ် ကျွန်တော်တို့ ဗမာပြည်နဲ့ နီးစပ်တဲ့ အရှေ့အာရှတောင်ပိုင်းနယ်တွေဖြစ်တဲ့ အင်ဒိုနီးရှား၊ ယိုးဒယား၊ မလေးယား၊ အင်ဒိုချိုင်းနား ဒီတိုင်းပြည်တွေကိုတော့ ကျွန်တော်တို့ ညီရင်းအစ်ကိုလို သဘောထားရမယ်။ သွေးချင်းသားချင်းလို သဘောထားရမယ်။ ကျွန်တော်တို့ သဘောအရဆိုယင် နောက်ဆုံးတနေ့ အခုချက်ချင်း မဖြစ်ပေမဲ့ ဒီနိုင်ငံတွေအားလုံးဟာ တပေါင်းတည်းဖြစ်အောင် ကြိုးစားရမယ်။ နောက်ပြီးတော့ကာ ကျွန်တော်တို့ လက်ငင်းကြည့်မယ်ဆိုလို့ရှိယင် အင်္ဂလိပ်နဲ့ ကျွန်တော်တို့ မကင်းနိုင်သေးဘူး။ အင်္ဂလိပ်ရဲ့ အကူအညီကို ကျွန်တော်တို့ ယူချင်ယူ၊ အမေရိကန်ဆီက အကူအညီကို ယူချင်ယူ၊ ဒီလိုနည်းနည်းဘဲရှိတယ်။ တရုပ်ပြည်မှာဆိုတာတော့ သူတို့အချင်းချင်း ပြည်တွင်းစစ် ဖြစ်နေတော့ ဘယ်နည်းနဲ့မှ ဒီလို အကူအညီမျိုး မရဘူး။ အဲဒီနိုင်ငံ သုံးနိုင်ငံအနက်က ဘယ်နိုင်ငံဟာ ကောင်းတယ်ဆိုတာ စဉ်းစားကြည့်ဖို့လိုတယ်။ အဲဒီတော့ကာ ကျွန်ုပ်နဲ့အခစားဖြစ်နေတဲ့အခါမှာ ကျွန်တော်တို့ဟာ အင်္ဂလိပ်ကို မလိုလားဘူး၊ သို့သော်လဲ သခင်သခင်ချင်းဖြစ်တဲ့အခါမှာဆိုယင်တော့ အင်္ဂလိပ်နှင့် မိတ်ဆွေဖြစ်ဖို့လိုတယ်လို့ ကျွန်တော်ထင်တယ်။ အဲဒီတော့ကာ ဒီကိစ္စတွေကို အခုကတည်းက စဉ်းစားထားပြီးတော့ကာ ကျွန်တော်တို့ ရှေ့ကို မြန်မာပြည်ရဲ့ လွတ်လပ်ရေးကို တနှစ်အတွင်းရအောင် တိုင်းပြည်ကရော၊ ဖ၊ ဆ၊ ပ၊ လ ကရော၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့တွေကရော၊ အစိုးရအမှုထမ်းတွေကရော အားလုံးဝိုင်းဝန်းကူညီပြီးလုပ်မှ ကျွန်တော်တို့ လိုရင်းကို ရောက်မယ်ဆိုတာကို ကျွန်တော် ပြောချင်ပါတယ်။ ။

www.burmeseclassic.com

# နှစ်သစ်ကူးမိန့်ခွန်း

၁၉၄၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့မြန်မာနှစ်ဆန်းတွင် မြွက်ကြားခဲ့သည့်
နှစ်သစ်ကူးမိန့်ခွန်းကို ဧပြီ ၁၈ ရက်နေ့တွင်
မြန်မာ့အသံမှ ကောက်နုတ်၍ ထပ်မံအသံလွှင့်ချက်

ယခု ဆန်းလာတဲ့ နှစ်သစ်ဟာ လွတ်လပ်တဲ့ ဗမာပြည်သစ်ဖန်တီးမယ်လို့ ယုံကြည် ယူဆတယ်။ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ ချောချော မောမော ပြီးသွားပြီ။ ပြီးခဲ့တဲ့ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို ကြည့်ခြင်းအားဖြင့် တိုင်းပြည်က ဖဆပလ အဖွဲ့ချုပ်ကို စိတ်ရောကိုယ်ပါ ထောက်ခံ အားပေးတာ အထင်အရှား တွေ့ရတယ်။ တတိုင်းတပြည်လုံး အရွေးခံရတဲ့ တိုင်းပြုပြည်ပြု လွှတ်တော် အမတ် စာရင်း အတိအကျ မသိရသေးပေမဲ့ အမတ်ဦးရေမှာ ဖဆပလ အဖွဲ့ချုပ်မှ အများဆုံး ရတယ် ဆိုတာ အားလုံး အသိဘဲ ဖြစ်တယ်။

## တိုင်းပြည်လူထုနှင့် ဖဆပလ

အမှန်စင်စစ် ယခု ရွေးကောက်ပွဲမှာ ဖဆပလ အဖွဲ့ချုပ်၏ စည်းရုံးရေး လုပ်ငန်းတွေဟာ ကောင်းသင့်သလောက် မကောင်းသေးဘူး။ ချွတ်ယွင်းချက်များ ရှိတယ်။ ဒီထက် စည်းရုံးမှု အတော်အတန် ကောင်းကောင်း လုပ်နိုင်လျှင် အမတ်စာရင်း ၂၁၀ စလုံးရနိုင်တယ်။ တိုင်းပြည်လူထုက ဖဆပလကို ထောက်ခံနေတာဟာ ယခုလို ဘယ်အချိန်အခါတုန်းကမှ မရှိခဲ့ဘူး။

## တနှစ်အတွင်း လိုချင်လို့

ဒီလို တိုင်းပြည်က ဖဆပလကို ဝိုင်းဝန်း ကူညီ မဲပေးတာဟာ ပုဂ္ဂိုလ်သဘော အနေနှင့် မဟုတ်ဘဲ အဖွဲ့သဘော အနေနှင့် ပေးခြင်းကို ထူးထူးခြားခြား တွေ့ရတယ်။ ဘာကြောင့်လဲ ဆိုလျှင် အချို့ ဖဆပလ အမတ်





လောင်း များတွင် ဖဆပလ အဖွဲ့ချုပ်က မထောက်ခံဘဲ အရွေးခံယင် ဘယ်နည်းနှင့်မှ မရဘူး ဆိုတာ တိုင်းပြည်က အသိဘဲ။ ရွေးကောက်ပွဲကို ကြည့်ခြင်း အားဖြင့် ဗမာပြည် နိုင်ငံရေး အဆင့်အတန်းဟာ တိုးတက်မှု ထင်ထင်ပေါ်လွင် ရှိလာတယ်။ တိုင်းပြည်လူထုက ဖဆပလ အဖွဲ့ချုပ်ကို ထောက်ခံတယ်။ ဘယ်လို သဘောလဲလို့ စိစစ်လိုက်လျှင် ဗမာပြည် လွတ်လပ်ရေး တနှစ်အတွင်း လိုချင်လို့ဘဲ။

## ခြေလှမ်း မှန်မှန်သွားမယ်

ဖဆပလမှ သတ်မှတ်ချက် လမ်းစဉ် အတိုင်း လူထုက ထောက်ခံတဲ့ သဘောဘဲ။ တိုင်းပြည်က ဖဆပလ စည်းကမ်းကို ယုံကြည် လိုက်နာတဲ့ သဘောဘဲ။ အဲဒါကို စဉ်းစားလိုက်လျှင် ဖဆပလ အဖွဲ့ချုပ်ဟာ တိုင်းပြည်ကို သစ္စာမဖောက်ဘူး။ အရမ်းမလုပ်ဘူး။ အမှန်ချည်းတော့လဲ မဟုတ်ဘူး။ အမှားတော့ နည်းနည်းရှိမယ်။ သို့သော် ခြေလှမ်း မှန်မှန်နှင့် လုပ်ကိုင်သွားမယ်။ ဘယ်သူ ချောက်လို့မှလည်း မကြောက်ဘူး။ ဘယ်သူ မြှောက်လို့မှလည်း မမြှောက်ဘူး။ ဘယ်သူ ချော့လို့မှလည်း မပျော့ဘူး။ စာရင်ပေါ်တိုင်ယောင်း သဘောမျိုးတွေ မလိုက်ဘူး။ ကွန်မြူနစ် ပါတီ အနီ အဖြူ အချောင်သမားတွေလို ကမူးရှူးထိုးလဲ မလုပ်ဘူး။

## ဒါတွေ လုပ်ကိုင်သွားမယ်

ဖဆပလ လမ်းစဉ် မှန်ကြောင်း ဖဆပလကို တိုင်းပြည်က ထောက်ခံသည့်အတိုင်း ကျုပ်တို့ ဖဆပလကလဲ ဗမာပြည် လွတ်လပ်ရေးကို တနှစ်အတွင်း ရအောင် လုပ်မယ်။ ဒီအတောအတွင်းမှာ ဗမာပြည် လက်ငင်း ပြန်လည် ထူထောင်ရေး လုပ်မယ်။ နောင် ထူထောင်ရေးကိုလဲ လုပ်မယ်။ အချိန်အခါ ကြည့်ပြီး တိုင်းပြုပြည်ပြု လွှတ်တော်လုပ်ငန်း၊ အစိုးရ အဖွဲ့ လုပ်ငန်းတွေနှင့် ပြင်ပ လုပ်ငန်းတွေ၊ တော်လှန်ရေး လုပ်ငန်းတွေကို သင့်တော်သလို လုပ်ကိုင်သွားမယ်။

## ဖြိုတိုသူ အားနည်းလာပြီ

တိုင်းပြည် နစ်နာမဲ့ အကျိုးမဲ့သည့် လုပ်ငန်းမျိုးကို ဘယ်သူ ဘာပြောပြော မလုပ်နိုင်ဘူး။ ယခု ရရှိနေတဲ့ တိုင်းပြည် လူထု ညီညွတ်ရေး၊ တိုင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



သားချင်း ညီညွတ်ရေးကို ဆက်လက် လုပ်ကိုင်သွားလျှင် လွတ်လပ်ရေးကို အခက်အခဲ နည်းနည်းနှင့် ရနိုင်မယ်လို့ ယုံကြည်တယ်။ ကမ္ဘာ့ အခြေအနေက ပြောစရာ မလိုဘူး။ ဗမာ့နိုင်ငံရေး သူငယ်နှပ်စား ဘဝက နိုးကြားပြီး ကိုယ့်တိုင်းပြည်နှင့် နိုင်ငံခြား ဆက်သွယ်မှုများ ပြုလုပ်လာခဲ့တယ်။ ယခုအခါမှာ ဗြိတိသျှရဲ့ အင်အားလဲ နည်းလာပြီ။

## နိုင်ငံခြား စစ်တပ်အရေး

ကျွန်ုပ်တို့ ဗမာပြည်မှ နိုင်ငံခြား စစ်တပ်တွေကို ၁၉၄၇ ခုနှစ် မကုန်မီ ဗမာပြည်မှ ထွက်ခွါသွားဖို့ စီစဉ်နေပြီ။ အခြေအနေ ထောက်၍ လွတ်လပ်ရေးကို တနှစ်အတွင်း အခက်အခဲ မများဘဲ ရနိုင်မယ်လို့ ကျုပ်ယုံကြည်တယ်။ လွတ်လပ်ရေးတွင် နိုင်ငံရေး သဘောအားဖြင့် ဗြိတိသျှ ပြည်ထောင်စုဖြင့်ဖက်မှု လုံးဝ လွတ်လပ်စွာ နေဖို့ မခဲယဉ်းဘူး။ စီးပွားရေး လုံးဝ လွတ်လပ်မှုကို ကြိုးစားမှ ခံနိုင်မယ်။ အခု ကျုပ်တို့ လက်ထဲမှာ ငွေမရှိဘူး။ အဲဒီတော့ နိုင်ငံခြား အကူအညီ ယူရတယ်။ ဗမာပြည်မှာ ဘယ်အစိုးရ ဘဲတက်တက် နိုင်ငံခြား အကူအညီ မယူဘဲ မလုပ်နိုင်ဘူး။ နိုင်ငံခြား အကူအညီယူရတဲ့ အစိုးရ အဖဲ့ဟာလဲ မကောင်းဘူး။

## အာဏာရအောင်ယူမယ်

ကျုပ်တို့ အခု ဖြေရှင်းရမဲ့ လွတ်လပ်ရေး ပြဿနာဟာ လွတ်လပ်ရေး အာဏာ ကျုပ်တို့လက်ထဲ အမြန်ဆုံး ရောက်အောင်၊ ရပြီးတဲ့ လွတ်လပ်ရေး တည်တံ့အောင်၊ လွတ်လပ်ရေး အရသာ ခံစားရအောင် လုပ်ထားမှ လွတ်လပ်ရေး တိုက်ပွဲ တိုက်စရာရှိလျှင် တိုက်နိုင်မယ်။ လွတ်လပ်ရေး ရလျှင် လွတ်လပ်ရေး လုပ်ငန်းတွေ လုပ်ကိုင်နိုင်မယ်။ အဲဒီကိစ္စတွေ အကြောင်းကြောင်း ထောက်ပြီး ဖဆပလ အဖွဲ့ချုပ်မှ လူထု ညီညွတ်မှု၊ တိုင်းရင်းသားအချင်းချင်း ညီညွတ်မှုတွေ ဆက်လက် ကြိုးစားရမယ်။ လွတ်လပ်ရေး ရပ်ပုံငွေတွေ ဆက်လက် ကောက်ခံရမယ်။ အရှေ့ အာရှတောင်ပိုင်းရှိ နိုင်ငံအားလုံးနှင့် ပြည်ထောင်စု နိုင်ငံ တနိုင်ငံ ဖြစ်အောင် အရှေ့ အာရှ တောင်ပိုင်း နိုင်ငံရေး သွေးစည်းမှု လုပ်မယ်။ အိန္ဒိယပြည်၊ တရုပ်ပြည် နိုင်ငံကြီးနှစ်နိုင်ငံနှင့် မိတ်ဆွေဖြစ်ဖို့ ကြိုးစားရမယ်။ လွတ်လပ်တဲ့ ဗမာပြည်နှင့် လွတ်လပ်ပြီးတဲ့ နိုင်ငံများနှင့် မိတ်ဆွေဖြစ်ဖို့ ကြိုးစားရမယ်။ ဗမာပြည်၏



ကာကွယ်ရေး အခြေခံ ဖြစ်တဲ့ ဗမာပြည် စစ်တပ် ပုလိပ်အဖွဲ့၊ ရပ်ရွာ ကာကွယ်ရေး အဖွဲ့များကို ပြုပြင် ဖွဲ့စည်းရမယ်။ စီးပွားရေး အခြေအနေ ထူထောင်ရေး လုပ်ငန်းတွေ လုပ်ကိုင်ရမယ်။ အဲဒီ လုပ်ငန်းတွေဟာ ဗမာပြည်၏ လွတ်လပ်ရေးနှင့် ကောင်းစားရေးကို ဆောင်နိုင်တယ်။

## အားလုံးဝိုင်းလုပ်ရမယ်

အဲဒီလုပ်ငန်းတွေကို လုပ်ဖို့ဟာ ဖဆပလ အဖွဲ့ချုပ်ကချည်း လုပ်လို့မဖြစ်ဘူး။ ဖဆပလ အဖွဲ့ချုပ်၊ ပြည်သူ့ရဲဘော်၊ အစိုးရ အမှုထမ်း၊ သတင်းစာတွေ၊ တိုင်းပြုပြည်ပြု လွှတ်တော် အမတ်တွေ၊ တိုင်းပြည်လူထုတွေ ဝိုင်းဝန်း ကူညီလုပ်ရမယ်။ ခင်ဗျားတို့ကို ကျုပ်က မေးချင်တယ်။ တိုင်းပြည်၏ စားနပ်ရိက္ခာ ပျက်အောင်၊ အချင်းချင်း မသင့်အောင် လုပ်ရုံနှင့် ဗမာပြည် လွတ်လပ်ရေး ရမယ် ထင်သလား။ အဲဒါ ပြုပြင်ပြီး အင်အားကြီးမားအောင် လုပ်မှ လွတ်လပ်ရေး ရမလား။ တော်လှန်ရေး လမ်းစဉ်ကို ထိထိရောက်ရောက် မလုပ်တတ်ဘဲ တော်လှန်ရေး စကား များများပြောပြီး ဗမာအချင်းချင်း သေနတ်လုတာ၊ လယ်သီးစား မပေးနဲ့ ဆိုတဲ့ ကိစ္စတွေကို ကျွန်မြို့နှစ် သူခိုးသားတွေ လုပ်နေတာ တော်လှန်ရေး လုပ်ငန်း ထင်ပြီး လုပ်နေတယ်။ အဲဒါတွေကို ကန့်ကွက်ယင် တော်လှန်ရေး လုပ်ငန်း ဆန့်ကျင်ဖက် လုပ်တယ် ဆိုတာ မသိလို့ မေးချင်တယ်။

## အမတော်ကြေး ပြန်မဆပ်တာ

အခွန်တော် မပေးဖို့ လယ်သီးစားမပေးဖို့ တိုက်တွန်းနေတာဟာ နယ်ချဲ့သမားကို တိုက်တာလား၊ ကျုပ်တို့ ဖဆပလကို တိုက်တာလားလို့ မေးချင်တယ်။ နောက် အမတော်ကြေး ပြန်မပေးနှင့်လို့ ဆိုတယ်။ ဒီအမတော်ကြေးဟာ အစိုးရကထုတ်ပေးတာမဟုတ်ဘူး။ တိုင်းပြည်အခွန်တော်က ထုတ်ပေးတာ။ အမတော်ကြေး ပြန်မပေးလျှင် အမတော်ကြေး နည်းလျှင်နည်းသလောက် ငွေထုတ် မပေးနိုင်မှာဘဲ။ အမတော်ကြေးဟာ ဘယ်သူ့ငွေလဲ။ တိုင်းပြည်ငွေ။ ဒါကြောင့် ဒီနည်းဟာ နယ်ချဲ့သမား မထိခိုက်ဘူး။

## ပျော်လို့လုတာမဟုတ်ဘူး

သေနတ်လုတဲ့ ကိစ္စဟာ ဗမာပြည်မှာ ဒီနှစ်ဆန်တန်ချိန် တသန်းလောက် ဗမာပြည် စားဖို့ထက် ပိုထွက်မယ် ဆိုတာ ခန့်မှန်းရတယ်။ ဒီလို ခန့်မှန်း

www.burmeseclassic.com

www.burmeseclassic.com



ရတာဟာ ဗမာပြည်မှာ ဘယ်နည်းနှင့်မှ ငတ်ဖို့ မရှိဘူး။ အခု ဆန်လုတာဟာ အချောင်သမား၊ ဆန်ပွဲစား၊ ဆန်ကုန်သည်တွေ ကောင်းစားဖို့နှင့် ဆန်တွေ အလဟဿ လစ်ဟင်းဖို့ ဖြစ်တယ်။ အဲဒီလို ဆန်လုတာဟာ၊ တိုင်းပြည်လူထုနှင့် အစိုးရမှာသာ ဆုံးရှုံးနစ်နာတာ။ အခု ဗမာပြည်မှာ ငွေမရှိဘူး။ ငွေမရှိလျှင် အခြားတိုင်းပြည် အကူအညီ လိုတယ်။ အကူအညီရဖို့က တိုင်းပြည် ထူထောင်ရေးအတွက် ပစ္စည်းလိုတယ်။ အခြားတိုင်းပြည်က ပစ္စည်းရဖို့ ရန် ဗမာပြည်ငွေနှင့် ဝယ်မရဘူး။ သူသက်ဆိုင်ရာ နိုင်ငံခြားငွေနှင့်မှ ရတယ်။ အဲဒီငွေရဖို့ရာ ထွက်ကုန်ဝင်ကုန် ပစ္စည်းချင်းမျှတအောင် လုပ်ရမယ်။ ဗမာပြည်ထွက်ကုန်တွေမှာ ဆန်ကိုသာ အမြောက်အမြား တင်ပို့နိုင်တယ်။

## တိုင်းပြည်လူထုကို

ဆန်အလုခိုင်းတာ၊ အခွန် မဆောင်ခိုင်းတာဟာ ဖ-ဆ-ပ-လ တော်လှန်တာလား။ နယ်ချဲ့သမား တော်လှန်တာလား။ ဖ-ဆ-ပ-လ တော်လှန်တယ် ဆိုလျှင် ဖ-ဆ-ပ-လ အစိုးရဟာ တိုင်းပြည် လူထုထောက်ခံ ထားပြီးတဲ့ အစိုးရဆိုတာ ရွေးကောက်ပွဲမှာ အထင်အရှား တွေ့နိုင်တယ်။ အဲဒီတော့ တိုင်းပြည်နှင့် လူထုကို တော်လှန်တာဘဲ။ နောက်ကျုပ် သတိပေးခဲ့ချင်တယ်။ အတိုက အခံ သမားတွေကို ကျုပ်တို့ ဖ-ဆ-ပ-လ အစိုးရဟာ အရင် အစိုးရအဖွဲ့ထဲမှာ လုပ်ခဲ့တဲ့ နိုင်ငံရေး ပါတီမျိုးလို မဟုတ်ဘူး ဆိုတာ ကျုပ် တည့်တည့်လင်းလင်း ပြောချင်တယ်။ အခြားနိုင်ငံရေးပါတီတွေ အစိုးရအဖွဲ့ထဲလုပ်တာလိုအတိုက် အခံ နိုင်ငံရေးသမားတွေကို မှားမှား မှန်မှန် တရား တရား၊ မတရား မတရား နှိပ်စက် ညှဉ်းပန်းတာ အထူးအထွေ ပြောဖို့ မလိုဘူး။ ဖ-ဆ-ပ-လ အစိုးရဟာ ဘယ်သူ့ကိုမှ နိုင်ငံရေး အတိုက်အခံသမားတွေကို နှိပ်စက်ညှဉ်းပန်းမှု မလုပ်ဘူး။ စည်းကမ်းမဲ့ တရားလွန် တိုင်းပြည်အကျိုးမဲ့ ဆူပူအောင် လုပ်လျှင် ကြည့်မနေနိုင်ဘူး၊ နှိပ်ကွပ်ရမယ်။ အတိုက်အခံ သမားတွေကို လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆူပူခွင့်ပေးမယ်။ တရားသဖြင့် ပေးတာကို အသာယူ၍ မတရားတာလုပ်မယ် ကြံလျှင် ချမယ်။ အရေးယူမယ်။

## အတိုက်အခံသမားများကို ပြောချင်တယ်

အသရေပျက်မှု ဖြစ်စေတဲ့ စကားမျိုးကလွဲလျှင် တရား ဥပဒေအတွင်း ဟုတ်ဟုတ် မဟုတ်ဟုတ် ဆဲချင်တာ ဆဲနိုင်တယ်။ ဝေဖန်ချင်တာ ဝေဖန်နိုင်



[illegible] အသရေပျက်မဲ့ စကားမျိုးကို မခံနိုင်ဘူး။ ကျုပ်တို့ ရထားတဲ့ အာ[illegible]ကို ခင်ဗျားတို့ လက်ထဲ ရောက်အောင် ဘာပရိယာယ်နှင့် သုံးသုံး၊ [illegible]တယ်။ တိုင်းပြည်နှင့်လူထုကို ထိခိုက်[illegible]ရိယာယ်သုံးလျှင် ချေမှုန်းမယ်။ [illegible]ခံ သမားများကို ပြောချင်တယ်။ ညစ်ပတ်တဲ့ အကြံကလွဲလျှင် [illegible]ဖြင့် ဘယ်လို နည်းနှင့် ဖြစ်ဖြစ် အာဏာကို လုဖို့ တွေး၍ လုပ်နိုင် [illegible] ဆူပူနိုင်တယ်။ မတရားသဖြင့် ဆူပူလုပ်ကိုင်ခိုင်းလျှင် သည်းခံနိုင်မယ် [illegible]ဘူး။

## [illegible]စာတွေလဲ ပြောလိုက်မယ်

[illegible]တင်းစာတွေကိုလဲ ပြောလိုက်မယ်။ ဒီအစိုးရ လက်ထက်နှင့် အခြား [illegible] လက်ထက် သေသေချာချာ နှိုင်းယှဉ်ကြည့်စေချင်တယ်။ ကျုပ်တို့ [illegible] အစိုးရလဲ ဆိုတာ သိစေချင်တယ်။ ကျုပ်တို့ကို ထောက်ခံချင် [illegible]ခံ၊ အားပေးချင်လဲ အားပေး၊ အတိုက်အခံ ဝေဖန်ချင်တဲ့ သတင်း [illegible]ဝေဖန်၊ သဘော အတိုင်းဘဲ။ ဆိတ် လစေ့ သတင်းစာလဲ လုပ်ချင် [illegible]ကြ။ သို့သော် အစိုးရကို အကြည်ညိုပျက်စေချင်တဲ့ စကားမျိုး၊ တိုင်း[illegible] ဆူပူလှုပ်ရှားစေမဲ့ စကားမျိုး၊ မဟုတ် မမှန် လိမ်လည် လှည့်ဖြားရေးတဲ့ [illegible]မျိုးတွေကိုသည်းခံမယ် မဟုတ်ဘူး။

## [illegible]မှုထမ်းတွေကိုလဲ ပြောချင်တယ်

[illegible]စိုးရ အမှုထမ်းတွေကိုလဲ ပြောပြလိုတယ်။ အစိုးရ အမှုထမ်းတွေ [illegible] တိုင်းပြည်နှင့် လူထုအကျိုးကို ကြည့်၍ ကျုပ်တို့ အစိုးရ အဖွဲ့က ဆုံးဖြတ် [illegible]ကြားတဲ့ အတိုင်း တသွေမတိမ်း လိုက်နာပါ။ အစိုးရ အမှုထမ်းတွေက [illegible] ဖ-ဆ-ပ-လ- အစိုးရ အဖွဲ့ဟာ ဟိုတုန်းက အစိုးရ အဖွဲ့မျိုးလို မဟုတ်ဘူး [illegible]တာ သတိပြုဖို့လိုတယ်။ ဖ-ဆ-ပ-လ အစိုးရ အဖွဲ့ဟာ တိုင်းပြည် လူထု [illegible]စိုးရ အဖွဲ့ ဖြစ်တဲ့ အတိုင်း တိုင်းပြည်နှင့် လူထုအကျိုးကို ကြည့်၍ ဆုံးဖြတ် [illegible]လုပ်ငန်းစဉ်ကို တသွေမတိမ်း တာဝန် ကျေပွန်စွာ လုပ်ကိုင် ဆောင်ရွက် [illegible]လျှင် ဘယ်သူ့မှ ကြောက်စရာ မလိုဘူး။ ဖ-ဆ-ပ-လ အဖွဲ့၊ ပြည်သူ့ရဲဘော် [illegible]က လူတွေလဲ ကြောက်စရာ မလိုဘူး။ ဖ-ဆ-ပ-လ အဖွဲ့၊ အစိုးရ ဖွဲ့ထား [illegible] ကိုယ့်ဝန်တာကိုယ် ကျေပြွန်အောင်လုပ်ပါ။ ဖ-ဆ-ပ-လ အစိုးရဆိုပြီး [illegible]ပြည်သူ့ ရဲဘော်ကိုလဲ အရမ်းကြောက်စရာ မလိုဘူး။ ဖ-ဆ-ပ-လ အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ဝင်တွေ၊ ပြည်သူ့ရဲဘော်တွေကလဲ ငါတို့ အဖွဲ့ အစိုးရဆိုပြီး အစိုးရ အာဏာယူပြီး သုံးဖို့၊ အစိုးရ ကိုယ်စား လုပ်ဖို့လဲ မဟုတ်ဘူး။ အခွင့် အရေးလဲမရှိဘူး ဆိုတာ သတိပြုပါ။ သို့သော် ဖ-ဆ-ပ-လ အဖွဲ့ဝင်နှင့် ပြည်သူ့ရဲဘော်တွေဟာ ဒီ့ပြင်လူတွေထက်တော့ အခွင့်အရေး ပိုရမှာဘဲ။ ပြည်သူ့ရဲဘော်တွေလဲ လုပ်ချင်တာလုပ်လို့ မရဘူး ဆိုတာ သိဖို့ အရေး ကြီးတယ်။

## ဖ-ဆ-ပ-လ အစိုးရအောက်မှာ

အခု ဖ-ဆ-ပ-လ အစိုးရအဖွဲ့ အုပ်ချုပ်တဲ့ အချိန်မှာ ဖ-ဆ-ပ-လ အဖွဲ့ချုပ်အား ရှိသေသော အားဖြင့်၎င်း၊ ဖ-ဆ-ပ-လ လုပ်ငန်းစဉ်ကို လေးစားသော အားဖြင့်၎င်း၊ ဖ-ဆ-ပ-လ ဝါဒကို ရှိသေသော အားဖြင့်၎င်း ဖ-ဆ-ပ-လ အဖွဲ့ဝင်နှင့် ပြည်သူ့ ရဲဘော်များသည် အခွင့် အရေးများကို အရမ်းမဲ့ မပြုဘဲ စောင့်ထိန်းဖို့ အရေးကြီးတယ်။ အရမ်းမဲ့ လုပ်လျှင် ဖ-ဆ-ပ-လ ရော ပြည်သူ့ရဲဘော်ရော ဖမ်းဆီး ရလိမ့်မယ်။ ထို့ကြောင့် ဘယ်နေရာမဆို စည်းကမ်းသေဝပ်မှုဟာ အမိက အရေးကြီးတယ် ဆိုတာ သတိပြုဖို့လိုတယ်။ ဖ-ဆ-ပ-လ အစိုးရ အဖွဲ့၏ လုပ်ငန်းစဉ်ဖြင့် တိုင်းပြည် လူထုနှင့် တကွ ဗမာပြည်၏ အိမ်နီးနားချင်း တိုင်းပြည်များ၊ အရှေ့ဖက်ရှိ တောင်ပိုင်း နိုင်ငံများ ပူးပေါင်း၍ လွတ်လပ်ရေး စခန်းသို့ ဆောင်ရွက်ကြရန် လူထုကလဲ တိုင်းပြည်ပြုလှုပ်[illegible] ရွေးကောက်ပွဲ[illegible] လွတ်လပ်ရေး တိုက်ပွဲပြီးသေးဘူး ဆိုတာ မှတ်[illegible]ပြီး ဆက်လက်၍ ညွှတ်စွာ တောင့်ထားရန်နောက်ဆုံး ပြောလိုပါတယ်။

www.burmeseclassic.com

# ညီညီညွတ်ညွတ်နဲ့ တောင့်ခံပါ

### မရွေးကောက်ပွဲအတွက် လှည့်လည်ဟောပြောယင်း ၁၉၄၇ ခုနှစ် ဧပြီလအတွင်း ကောင်တွင်း[illegible]မြို့ ရွှေအင်းတောင်ဘုရားတွင် ပြောကြားသည့်မိန့်ခွန်း

အခုအချိန်ဟာ သိပ်အရေးကြီးနေတယ်။ အင်္ဂလိပ်ဟာ စစ်နိုင်တဲ့ တိုင်းပြည်အဖြစ်နဲ့ အပြင်ပန်းကောင်းနေပေမဲ့ စီးပွားရေးအခြေအနေ အတွင်းကြေ ကြေနေတယ်။ အရင်စစ်မဖြစ်မီက အင်္ဂလိပ်ဟာမြီရှင်၊ ကုလားကမြီစား၊ အခု အင်္ဂလိပ်ကမြီစား၊ ကုလားကမြီရှင် ဖြစ်နေတယ်။ အခုလို စီးပွားရေးအခြေအနေအရ အင်္ဂလိပ်မှာ အကျပ်ရိုက်နေတုန်း၊ ကျုပ်တို့က လွတ်လပ်ရေး အမြန်ရအောင် လုပ်ယူရမှာဘဲ၊ လွတ်လပ်ရေး ရဖို့ မရဖို့က ခင်ဗျားတို့အပေါ်မှာ တည်တယ်။ ခင်ဗျားတို့ကသာ ညီညီညွတ်ညွတ်နဲ့ တောင့်ခံနိုင်ယင် လွတ်လပ်ရေး ရမှာဘဲ။

အခု ဗမာပြည်မှာ ချင်း၊ ကရင်၊ ကချင်၊ ရှမ်းတို့ဆိုဒါတွေနဲ့ ဗမာတွေနဲ့ ညီညွတ်နေကြပြီ။ ဒါပေမဲ့ ဗမာအချင်းချင်း ဖြစ်တဲ့ စားဖားကြီးတွေသာ ကျုပ်တို့နဲ့ မညီညွတ်နိုင်ဘဲ ကျုပ်တို့ကို ကလန်ကဆန် လုပ်နေတယ်။ သူတို့ဟာ အရင်မင်းတိုင်ပင် လုပ်ဘူးလို့ ကောင်းမှန်း သိ၊ သာအိတ်စိုစို ဖြစ်နေကြတယ်။ အခု ဒီမြို့မှာတောင် ဒီလို လူတွေရှိနေတယ်ဆိုဒါ သိရတယ်။ အဲဒီတော့ ကျုပ်နောက်ဆုံး တိုတိုဘဲ ပြောလိုက်မယ်။ ခင်ဗျားတို့ ကျွန်သက်တိုချင်ယင် ဖ-ဆ-ပ-လ အဖွဲ့ဝင်တွေကို မဲပေးကြ၊ ကျွန်သက်ရှည်ချင်ယင် အခုန ပြောတဲ့ စားဖားကြီးတွေကိုဘဲ မဲပေးကြပေတော့။

www.burmeseclassic.com

# စိတ်ပြောင်းကြစမ်းပါ

၁၉၄၇ ခုနှစ် မေလအတွင်း နတ်မောက်မြို့
ဒိပက်ရာကျောင်းဝိုင်းအတွင်းကျင်းပသော လူထုအစည်းအဝေးကြီးတွင်
ပြောကြားသည့် မိန့်ခွန်း

နတ်မောက်ကို လာကြရတဲ့ အကြောင်းကတော့ ကိုယ့် အရပ်ဒေသမှိုလဲ ပြန်လာခဲ့တယ်။ ပြီးတော့ နယ်ငြိမ်းချမ်းရေး အတွက် သိချင်တာလဲ တကြောင်း၊ တိုင်းပြု ပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကျင်းပဖို့ အထက် ဗမာပြည်ရဲ့ အခြေ အနေကို ကြည့်ပြီး ဝါဒဖြန့်ဖို့ ရောက်လာရခြင်း ဖြစ်တယ်။ ကျွန်တော် ထင်တဲ့ အတိုင်း ဖ-ဆ-ပ-လ အမတ်လောင်းဟာ ပြိုင်ဖက် မရှိဘဲ အရွေးခံရတာကို ဝမ်းသာပါတယ်။ နတ်မောက်နယ်နဲ့ ဗမာပြည် အခြေအနေကို ပြောပြခဲ့ပါမယ်။ နတ်မောက်သား နံပတ်(၁) ဖြစ်တယ်ဆိုပြီး ဟိုကလာတိုင်၊ ဒီကလာတိုင်၊ သိပ်တိုင်နေကြတာဘဲ။ နတ်မောက်နယ် အခြေ အနေနဲ့ ပတ်သက်ပြီး ကျုပ်လုပ်ပေးနိုင်တာကိုတော့ ကျုပ်လုပ်ပေးပါမယ်။ လုပ်ပေးမယ်ဆိုပေမဲ့ လူပုဂ္ဂိုလ်တွေ တတ်နိုင်သလောက်သာ လုပ်ပေးမယ်၊ ကျုပ်တို့ဟာ ဘိုးဘိုးအောင်နဲ့ အဆက်အသွယ် မရှိဘူး။ ဘုရားကတောင် ဟောထားသေးတာဘဲ။ ဘုရားဟာ သတ္တဝါတွေ ကောင်းအောင် ဟောပြောပြပေမဲ့ မလုပ်တတ်ယင် မလိုက်နာယင် အလကားဘဲ နေမှာဘဲ။ အဲဒီတော့ လုပ်ချင်စိတ်နှင့် လုပ်တတ်မှ ကောင်းမှာဘဲ။

## ပြည်သူ့သာ အစိုးရ

ဗမာပြည်ဟာ မလွတ်လပ်သေးဘဲ နယ်ချဲ့ အစိုးရက အုပ်မြဲ အုပ်ချုပ်လျက် ရှိသေးတာဘဲ။ တိုင်းသူ ပြည်သားတွေဟာ အများ ဆန္ဒအရ လူများစုက သမ္မတကို ဝိုင်းတင်ခဲ့တယ်။ အစိုးရ ဆိုတာ တိုင်းသူပြည်သားတွေသာ အစိုးရ ဖြစ်တယ်။ ကိုယ့်ကိုယ် ကိုယ်တောင် အစိုးမရနိုင်တာ၊ ညှဲဖျင်းတဲ့မင်း ကျတော့ တခြားမင်းကလာပြီး သိမ်းပိုက်သွားတာ ခံရတာဘဲ။





## ကားပျက်ကြီး ဥပမာ

နိဗ္ဗာန်ရောက်စေချင်လျှင် နိဗ္ဗာန် ရောက်ကြောင်း တရားကို ကျင့်၊ လွတ်လပ်ရေး လိုချင်လျှင် လွတ်လပ်ရေး ရရာ၊ ရကြောင်း ကျင့်ထားကြပါ။ အင်္ဂလိပ်ဟာ အင်္ဂလိပ် ဥပဒေ ဖြစ်နေပေမဲ့ အုပ်ချုပ်တဲ့သူက ကျုပ်က အုပ်ချုပ်နေတယ်။ ဥပမာ ပြရလျှင် ကျုပ်ကို အင်္ဂလိပ်က မော်တော်ကားအပျက်ကြီးကို ပြင်မောင်းခိုင်းထားတာဘဲ။ အမောင်းခိုင်းပေမဲ့၊ အချုပ် အချာ အာဏာက အင်္ဂလိပ်လက်ထဲမှာ ရှိနေတော့ ကျုပ်တို့က ဘာမှ မပြင်နိုင်သေးဘူး။ မော်တော်ကား အပျက်မို့ အမောင်းဘယ်လောက် ကောင်းကောင်း စက်မကောင်းတော့ လိုရာကို မြန်နိုင်သလောက် မြန်အောင် မရောက်နိုင်ဘူး။ ဒီစက်ကြီးနဲ့သာ ဆိုယင် တာရှည်ကျုပ်မအုပ်ချုပ်နိုင်ဘူး။

## ကိုယ့်ဟာကိုယ် မောင်းမယ်

အုပ်ချုပ်ရေး မကောင်းဘူးဆိုပေမဲ့ ဒီစက်ကို သူတပါးအမောင်းခိုင်းမဲ့အစား ကိုယ့်ဟာသာ ကိုယ်မောင်းတာက တော်သေးတယ် ဆိုပြီး မောင်းနေရတာဘဲ။ စက်ကလဲ ကောင်း၊ လူကလဲကောင်း၊ စက်သမား တွေကလဲ ကောင်းရမယ်။ စက်ကြီးအိုနေတာလဲ တကြောင်း။ စက်ဆရာတွေ အားလုံး ကျေနပ်ပေမဲ့ အစားထိုးစရာ ရှုတ်တရက် ရှာလို့ မလွယ်ဘူး။ အဲဒီလို အခက်အခဲတွေကြောင့် စက်ကြီးကို ကျုပ်တို့ သွားချင်ရာ သွားလိုရာကို မောင်းပေမဲ့ စက်ကလဲ စက်ပျက်ကြီး ဖြစ်တော့ လိုရာကို မမောင်းနိုင် ဘူး။

## ခေတ်ကြီး ပြောင်းခဲ့ပြီ

ကမ္ဘာ့ရာဇဝင်ကို ကြည့်လျှင် ဘယ်နိုင်ငံမှာဘဲ ဖြစ်ဖြစ်၊ အနယ်ထစမြဲဘဲ၊ သဘောတရားကို နားလည်ယင် ခင်ဗျားတို့ ဒီလို နေမှာ မဟုတ်ဘူး။ ခေတ်ကြီး တခေတ်လုံး၊ လုံးလုံး လျားလျား ပြောင်းနေတာကို ဘယ်သူမှ မသိဘူး။ အစိုးရ အရာ ရှိတွေလဲ ရှေးကမင်းစိတ် စိုးစိတ်တွေ မပျက်သေးဘူး လို့ ဆိုချင်တယ်။ အနိစ္စ၊ ဒုက္ခတွေ သဘောမပေါက်သေးဘူး။ အစိုးရ ဆိုတာ လူဘဲ။ လူတွေ ဖြစ်နေတော့ မကျေနပ်ချက်တွေတော့ ရှိမှာဘဲ။ အစိုးရအရာရှိဖက်က နေမကြည့်ဘဲနဲ့၊ ပြည်သူ့ဖက်ကနေ ကြည့်မယ်ဆိုလျှင် အများကြီး ပြောစရာ တွေ ရှိတာဘဲ။

www.burmeseclassic.com

www.burmeseclassic.com

## ဒါတွေ ကျုပ်သိတယ်

ကျုပ်ဟာ တောသားဘဲ၊ ဒီမြို့သား၊ ဒီကျောင်းမှာ နေသွားပြီမို့ ရှေးက အရာရှိတွေကို ဘယ်လို ရှိသေရတယ်ဆိုတာ အထူး ပြောဖို့ မလိုပါဘူး။ သူကြီးနဲ့ ရွာသား ဘယ်လို စကားများကတ်တယ်။ ဟောင်ကျောင်းနှင့် မြောက်ကျောင်း ဂိုဏ်းကွဲတဲ့ ကိစ္စတွေကို ကျုပ်နားလည်ပြီးသားဘဲ။

## ရုပ်ကလဲ ခပ်ချောချော

ကျောင်းသားဘဝ၊ သခင်ဘဝတွေ လုပ်စဉ်က အငတ်ခံပြီး လုပ်ခဲ့တယ်။ ကျုပ်ဟာ သူများထက် ပကာသနကို ဂရုမစိုက်ဆုံးဘဲ။ ရုပ်ကလဲ ခပ်ချောချော ဆိုတော့ ဘယ်သူမှ အသိမလုပ်ဘူး။ ဟိုတုန်းကဆိုယင် ဆေးရုံသွားယင် ဆရာမ လုပ်တဲ့ သူတွေ (သူ၏ ဇနီးဖက်ကြည့်၍ ပြောသည်) ဟာ သိပ်စခန်းကြီး လမ်းကြီး လုပ်တာဘဲ။ (အနီးမှ လူကြီးများမှာ ပါးစပ်ကို လက်ဖြင့်ပိတ်၍ ကျိတ်ရယ်ကြသည်။)

## လူထုထဲက လူပါဘဲ

နယ်အခြေအနေတွေဟာ ကျုပ်ကြားရသလောက်ဆိုယင်၊ ၇၀ ရာခိုင်နှုန်းလောက်မှန်နေတယ်။ စကားဆိုတာ ကားတာဘဲ။ ကျုပ်ဟာ လူထုထဲက ထွက်လာတဲ့ လူဖြစ်လို့ ဒီနယ်မှာ ဘာဖြစ်တယ်ဆိုတာ ကျုပ်နားလည်သလို ဒီနယ်က အရာရှိတွေ နားမလည်နိုင်ဘူး။ ဘာပြုလို့ နားမလည်နိုင်သလဲ။ လူထု ဘဝနှင့် မနေခဲ့ရလို့ လူထုအမြင်ကို မမြင် နိုင်ဘူး။ သူကြီးသားကို ခေါင်းလာန်နှင့် ကျေးရတာဘဲ ။ ဘယ်သူတွေ ဘယ်လောက် ပါဝါကြီးကြီးဖိုးဆိန်ပွဲထဲက မေဒါကြီး ပျက်လုံး ထုတ်သလို (ရှင်ဘုရင်ဆိုတာလဲ လူပါဘဲ) လို့ ကျွန်တော် ဆိုချင်တယ်။ ဒီလူတွေဟာ လူထု အမြင်နှင့် မြင်အောင် ကြိုးစားတဲ့ လူတွေ မကြိုးစားတဲ့ လူတွေ ရှိတယ်။

## ဗမာလွတ်လပ်မယ်

ဗမာပြည်ဟာ ဗေဒင် မမေးနဲ့၊ ဘိုးဘိုးအောင် မမေးနဲ့ လုံးဝ လွတ်လပ်ရေးရမယ်။ အခု ခေတ်က ဒုံးပြေးနေတယ်။ ခေတ်ပြေးသလောက် လူက လိုက်မပြေးနိုင်တော့ အစိုးရ အရာ ရှိတွေက မပြေးနိုင်ဘူး။ အစိုးရ အရာရှိ



တွေဖက်က ကြည့်လျှင်လဲ လူထုအမြင်။ လူထုဟာ နေ့စဉ်နှင့် အမျှ ဒုက္ခတွေခံနေရလို့ အမုန်းလွန်တယ်။ မယုံသင်္ကာရှိတယ်။ အစိုးရ အရာရှိတွေဖက်က ကြည့်လျှင်လဲ တမျိုး မြင်တာဘဲ။ အဲဒီ နှစ်မျိုးကို ကြားချကြည့်လျှင် အမြင်မှန် မြင်လာမှာဘဲ။ ဒီလို မှားနေကြတာဟာ ဘာလို့လဲ၊ အခြေခံကိုက မှားလို့ဘဲ။

## မေတ္တာနှင့် သစ္စာကို

ကျုပ်က မေတ္တာနှင့် သစ္စာကို ရှေ့ထားပြီး အုပ်ချုပ်မယ်။ တကယ်လို့ ကောင်းတယ် မှန်တယ်ထင်လို့ ရှိလျှင် အသက်စွန့်ရဲတယ်။ (လူတွေဟာ မသိယင် ကြောက်တယ်) (ရဲသော်မသေ သေသော်ငရဲမလား)လို့ ယောအတွင်းဝန် ဦးဘိုးလှိုင်ကပြောဘူးတယ်။ ရဲရဲရင့်ရင့် သစ္စာသမာဓိနှင့် လုပ်လျှင် အောင်မြင်မှာဘဲ၊ ခေါင်းဆောင်ဟာ မရိုမကားပဲ လုပ်မယ် ဆိုလျှင် အောင်မှာဘဲ။ ကိုယ့်တပ်လုံလျှင် တခြားက လာမတိုက်နိုင်ဘူး။

## စိတ်ပြောင်းကြစမ်းပါ

အခုခေတ်မှာ ဘုရင်ခံတောင်မှ ဇာတ်အတင်း မလုပ်နိုင်ဘူး။ အားလုံးအတွက် စီမံကိန်း ဆွဲပြီး လုပ်လာခဲ့ပါပြီ။ ခင်ဗျားတို့လဲ လုပ်ကြည့်ပါ။ ညီညွတ်လို့ မရနိုင်ဘူးဆိုလျှင် အစိုးရတွေ ခေတ်ပြောင်းတိုင်း စိတ်ပြောင်းပါ။ စိတ်မပြောင်းဘဲ နှင့် ကိုးရိုးကားရား လုပ်လျှင် ဘုရင်ခံလုပ်လျှင် ဘုရင်ခံ တိုက်မယ်၊ အောက်လူတွေလုပ်လျှင် ဖိနှိပ်ပေးမယ်။ သို့သော်လဲ လူကြီးဆိုလျှင် လူကြီးနှင့် တူအောင် အရှေးယူရမယ်။ ကျုပ်လွယ်လွယ်နှင့် ကတိမပေးလိုဘူး။ လူထုဖက်က နေကြည့်လျှင် ဗမာပြည် လွတ်လပ်ပြီ ထားပါတော့၊ လူထုကိုယ်စားလှယ်တွေချည်း အုပ်ချုပ်လို့ ရမယ် ထင်သလား။ ဒီလူတွေ ဘယ်လောက် ညစ်ပတ် ညစ်ပတ် ခဏတော့သုံးရအုံးမှာဘဲ။ အင်္ဂလိပ်တွေရှိနေယင်လဲ ဗမာအဖြစ်နှင့် နေရမှာဘဲ။ အုပ်ချုပ်တဲ့ လူတွေလဲ ဗမာတွေဘဲ။ ဗမာစိတ်ပေါက်ပြီး ဗမာပြည်မှာနေမဲ့ လူတွေတော့ ဗမာတွေဘဲရယ်လို့ မှတ်ထားရမယ်။ ရှော်တဲ့ လူတွေကိုလဲ ကျုပ်တို့ ထုတ်ပစ်ရမှာဘဲ။ နိုင်ငံရေးဖက်ကနေကြည့်လျှင် လူထုခေါင်းဆောင် လုပ်နေတဲ့ လူတွေ၊ ဘဝင်မြင့်နေတဲ့ လူတွေ မြင့်နေတယ်။ မှားနေတာတွေလဲ ရှိတယ်။ မှန်တယ်ထင်တိုင်းလဲ မပြောရဘူး။

www.burmeseclassic.com

 www.burmeseclassic.com

**စစ်တိုက်တန်လျှင် တိုက်ရမယ်**

တိုင်းပြုပြည်ပြု လွှတ်တော်ကနေပြီး လွတ်လပ်ရေးကို ကြေညာပြီး စစ်တိုက်တန် တိုက်ရလိမ့်မယ်။

အချို့က ဒီလူဟာ အချောင်သမား ပြောပြော၊ ဒူးထောက် သမား ပြောပြော၊ ကျုပ် (၁၀) ခါ ပြောမယ်။ ကျုပ်တို့တိုက်လာခဲ့တယ်။ နောင်လဲ နှလုံးရည်နှင့် တိုက်လို့ မရလျှင် လက်ရုံးရည်နှင့် တိုက်ရမှာဘဲ။

**လွတ်လပ်ရေး ရုံပုံငွေ**

လွတ်လပ်ရေး အတွက် လုပ်ထားရမယ်။ နတ်မောက်နယ်က လူချမ်းသာ တွေ ပြောချင်တယ်။ လွတ်လပ်ရေး ရုံပုံငွေမထည့်ကြဘူး။ အခု တသောင်း ခြောက်ထောင်လောက်သာ ရတယ်။ကျုပ်နှစ်သောင်းလောက် လိုချင်တယ်။ ဒီမှာ နာမယ်ရှိတဲ့ လူချမ်းသာတွေ ထဲ့တာ မကျေနပ်ဘူး။ ကျွန်တော်လူထုကို တိုင်ကြားပါတယ်။ လွတ်လပ်ရေး ရုံပုံငွေ ထည့်ပါ။

**ကျုပ်တို့ သခင်ဖြစ်မယ်**

အင်္ဂလိပ်ကို သခင် ထင်မနေနှင့်။ ကျုပ်တို့ မကြာခင် သခင် ဖြစ်တော့မယ်။ လူချမ်းသာတွေ များများ ထည့်ပါ။ အစိုးရ အမှုထမ်းများကိုတော့ မဆဲပါနှင့်။ နောက်ပြီးတော့ လွတ်လပ်ရေး ရအောင် လုပ်တဲ့ အခါမှာ အချင်းချင်း ခြေထိုးမှုတွေ လုပ်တာ ရှိတယ်။ အချင်းချင်း ညီညွတ်အောင် လုပ်ပါ။ အကြောက် မလွန်ပါနှင့်။ အစိုးရဖက် ကရော၊ လူထုဖက်ရော ကျုပ် ပြုပြင်ခဲ့ပါမယ်။ ■

# ဖ-ဆ-ပ-လ အမတ်များအတွက်

၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့ တိုင်းပြုပြည်ပြု ပဏာမပြင်ဆင်မှု ညီလာခံတွင် ပြောကြားသည့် မိန့်ခွန်း

မူလက အမတ်တွေ ကျမ်းကျိန်တာ တနေ့ကုန် မယ်လို့ မှတ်တဲ့ အတွက် ဥက္ကဋ္ဌ မိန့်ခွန်းကို နှုတ်ဖြန့်မှာဘဲ ပြောပါမယ်။ ယနေ့ ကျမ်းမကျိန်ရသေးတဲ့ လူများ နက်ဖြန်မှ ဆက်လက် ကျိန်ပါမယ်။ တိုင်းပြုပြည်ပြု အမတ်တွေကို ကျွန်တော်ပြောချင်တာက ပဏာမ ညီလာခံပြီးတဲ့နောက် အစည်းအဝေး သတ်သတ် ရှိပါအုံးမယ်။ အဲဒီမှာ စည်းကမ်းများ အတွက် စဉ်းစားပါမယ်။ ရှေးက လွှတ်တော် အမတ်များမှာ အဖွဲ့ အသီးသီး တက်ရောက် လာကြတဲ့ အတွက် စည်းကမ်းရယ်လို့ မရှိခဲ့ဘူး။ ကျွန်တော်တို့ ဖ-ဆ-ပ-လ အမတ်တွေ တော့ ခေါင်းကျိန်းမယ်သာ ပြင်ကြပေတော့။ အရင်ကလို စည်းမဲ့ ကမ်းမဲ့ ပေါက်လွှတ် ပဲစားမသွားနိုင်ဘူး။

ဥပမာ အစည်း အဝေးရှိတဲ့ နေရာမှာ အားလုံး တက်ကြရမယ်။ မတက်နိုင်လို့ ရှိယင် ဆိုင်ရာမှ အခွင့် တောင်းရမယ်၊ ဒီမှာ ညီလာခံ လုပ်နေတဲ့ အချိန်မှာ မြို့ထဲကို လျှောက်လယ်ခွင့် မပေးနိုင်ဘူး။ လယ်နေတာတွေ့ယင်တော့ ထိုက်သင့်သလို အရေးယူရမှာဘဲ။

ယခု ကျင်းပတဲ့ ညီလာခံမှာ ပဏာမ ပြင်ဆင်မှုသာ ဖြစ်တဲ့ အတွက် အခြေခံ သဘောတရားကိုသာ ဆွေးနွေးမယ်။ တိုင်းပြုပြည်ပြု လွှတ်တော်သာ အချုပ် အချာ အာဏာပိုင် ဖြစ်တယ်။ တိုင်းပြုပြည်ပြု လွှတ်တော်မှာ ဘယ်အစိုးရရဲ့ လက်အောက်ခံမှ မဟုတ်ဘဲ သီးခြား လုပ်ရမယ်။

သာမန် ဥပဒေပြု လွှတ်တော်များမှာဆိုယင် ကျမ်းသစ္စာ ကျိန်ဆိုကြရပါတယ်။ တိုင်းပြုပြည်ပြု လွှတ်တော်မှာ တိုင်းပြည်သစ် တည်ရမှာမို့ မည်သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းသစ္စာကိုမှ မံရန် မလိုပါဘူး။ ခုကျမ်းကျိန် ခိုင်းတာကတော့ ဖ-ဆ-ပ-လ အမတ်တွေမို့ လို့ပါ။ ဒါပေမဲ့ တိုင်းပြုပြည်ပြု လွှတ်တော်မှာ ကျမ်းကိုင်ရတော့မှာ မဟုတ်ပါဘူး။ ခုကျမ်းကျိန်ပြီး ဖြစ်ယင် ဘာဖြစ်မလဲဆိုယင် ဘာမှ ဖြစ်မှာတော့ မဟုတ်ဘူး။ သို့ပေတဲ့ ကိုယ့်ကိုယ်ကို ကိုယ်ရှိသေတဲ့လူတွေဆိုယင်တော့ သစ္စာ ပျက်မှာ မဟုတ်ဘူး။

ယခု ညီလာခံမှာ စဉ်းစားမဲ့ အခြေခံ သဘော တရားများကို အခင်မြဲ တင်ပြယင်တော့ သိမှာဘဲ။ ကျွန်တော့် မိန့်ခွန်းထဲမှာလဲ ထည့်ပြီး ရှင်းပြောပါမယ်။ တိုင်းပြုပြည်ပြု လွှတ်တော်ကျယင် ဖ-ဆ-ပ-လအမတ်များဟာ ဒီညီလာခံမှာ အတည်ပြုတဲ့ မူကို ပြင်နိုင်တဲ့ အခြေအနေမရှိဘဲ အသေးအဖွဲ့လောက်သာ ပြင်ခွင့် ရှိပါတယ်။ ဒီတော့မူကို ဆွေးနွေးတဲ့ အခါ စိတ်ပါလက်ပါ ဆွေးနွေးကြစေလိုပါတယ်။

ကျွန်တဲ့ အချိန်တွေမှာ တိုင်းပြည်ပြန်လည် ထူထောင်ရေးနှင့် ပတ်သက်တဲ့ အကြောင်းအရာများကို နားလည်အောင် ဆွေးနွေးပွဲများ ပြုလုပ်ပါမယ်။ ဆန့်စဉ်ရာ ကျည်ပွေ့လိုက် ဆိုတာလို ဒီလိုသာ ဟိုကလုပ် ဒီကလုပ် လုပ်ရမယ်ဆိုယင် ဟန်မကျဘူး။ ဆွေးနွေးပွဲများကိုလဲ ဆိုင်ရာ ဘာသာရပ် ကျွမ်းကျင်တဲ့ လူများခေါင်းဆောင်ပါမယ်။ အခြေခံများကို ရအောင် စီစဉ်တဲ့ အခါမှာ စနစ်ကျချင်မှ ကျပေတဲ့ ခု ဦးစီးတဲ့လူတွေထက် တော်တဲ့ လူတွေတော့ ကျွန်တော်တို့ဘဲမရှိဘူး။ ။

# ဖ၊ ဆ၊ ပ၊ လ ပဏာမ ပြင်ဆင်မှု ညီလာခံ မိန့်ခွန်း

၁၉၄၆ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် (ဖဆပလ) အမှုဆောင်ချုပ် ဗဟိုဦးစီး အဖွဲ့၏ သဘောတူညီချက်အရ၊ ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်၍ ယာယီ အမှုဆောင် အစိုးရ အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အစိုးရ အဖွဲ့ ဖွဲ့စည်းပြီး၍ တလခန့်မပြည့်မီ ၁၉၄၆ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း အစိုးရ အဖွဲ့က အရေးကြီးသော ကြေညာချက်တစောင် ထုတ်ပြန်လေသည်။ ယင်းကြေညာချက်မှာ "ဗြိတိသျှ အစိုးရက မြန်မာပြည် လွတ်လပ်ရေးကို ကြေညာရန်နှင့် မကြေညာက အစိုးရအဖွဲ့လုံး နုတ်ထွက်မည်" ဟူသော ကြေညာချက်ဖြစ်၏။ ထိုကြေညာချက်အရ ဗြိတိသျှအစိုးရက ကြေညာချက်တရပ် ထုတ်ပြန်ပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းတို့ကို ဘိလပ်သို့ ဖိတ်ခေါ် ဆွေးနွေးရာ၌ "အောင်ဆန်း အက်တလီစာချုပ်" ချုပ်ဆိုခဲ့ကြသည်။ ယင်းစာချုပ် အပိုဒ် ၁ အရ ရွေးကောက်ပွဲများကျင်းပပြီး တိုင်းပြုပြည်ပြုလွှတ်တော်ကို ကည်ထောင်နိုင်ခဲ့၏။ နိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေကို လွှတ်တော်သို့ မတင်သွင်းမီ ပြည်သူ ကိုယ်စားလှယ်များ ပါဝင်သော ဂျူဗလီဟော ညီလာခံကြီးတွင် တင်ပြခဲ့သည်။

အောက်ပါ မိန့်ခွန်းမှာ ဂျူဗလီဟောပဏာမ ပြင်ဆင်မှု ညီလာခံတွင် မိန့်ကြားခဲ့သော မိန့်ခွန်းဖြစ်၏။ မိန့်ခွန်းပြောသောနေ့မှာ ၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့ ဖြစ်သည်။

ရဲဘော်တို့ –

ယခုလို တိုင်းပြည်ရဲ့ အရေးကြီးတဲ့ ပြဿနာတွေ၊ အထူးသဖြင့် ကျွန်ဘဝကနေပြီး သခင်နိုင်ငံဘဝသို့ လက်ငင်း တက်လှမ်းနိုင်အောင် စီစဉ်ရမဲ့ ပြဿနာတွေကို ဆွေးနွေးတိုင်ပင် နီးနှောရအောင် ဆိုပြီး ကျွန်တော်တို့ တခါ တွေ့ဆုံစည်းဝေးကြရတယ် ဆိုတာ အင်မတန် ကောင်းတာဘဲ။ ခင်ဗျားတို့



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ရောက်လာတာ သိတဲ့ အတိုင်း တိုင်းပြုပြည်ပြု လွှတ်တော် ရွေးပြေး၊ ပဏာမ ပြင်ဆင်မှု ညီလာခံကို လာတက်တဲ့ ကိုယ်စားလှယ်တွေ အဖြစ်နဲ့ ရောက်လာကြတာဘဲ။ ဒီညီလာခံမျိုးဟာ ဒီဗမာပြည်မှာ ဒီတခါဘဲ လုပ်ဘူးသေးတယ်။ ဒီလို ညီလာခံရဲ့ ကိုယ်စားလှယ်တွေ အဖြစ် ခင်ဗျားတို့ရဲ့ တာဝန်တွေဟာ အင်မတန် ကြီးမားလှ ပေတယ်။ ခင်ဗျားတို့ လုပ်ငန်းဆောင်တာတွေဟာလဲ တော်တော်ဘဲ ကျယ်ဝန်းလိမ့်မယ်။ ခင်ဗျားတို့ နောက်ဆုံး အလုပ်က ထွက်ပေါ်မဲ့ အကျိုးတရားတွေဟာလဲ ရာဇဝင် တွင်ကျန်ရစ် နိုင်တယ်။ ဒါကြောင့် အခု ခင်ဗျားတို့ ဒီညီလာခံကို လာတက်တဲ့ အတွက် ခင်ဗျားတို့ကို ဝမ်းပန်းတသာ ခရီးဦးကြို ပြုတယ်ဆိုတာလောက်ဘဲ လောကွတ်စကားပြောပြီး ပြောသင့်ပြောစရာ ရှိတဲ့ အချက်တွေကို တန်းပြီး ပြောပြ ချင်တယ်။

## လုံးဝ လွတ်လပ်ရေးသာ လိုချင်တယ်

ဒီပဏာမ ညီလာခံဟာ ဖ၊ ဆ၊ ပ၊ လ က လုပ်တဲ့ ညီလာခံဘဲ။ တိုင်းပြုပြည်ပြု လွှတ်တော်ရဲ့ လုပ်ငန်းတွေကို အစားထိုးဖို့ မဟုတ်ဘဲ ဖြည့်စွက်ဖို့သာ ဖြစ်တယ်။ ဒီညီလာခံဟာဲ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ အရလုပ်တာ မဟုတ်ဘူး။ အမှန် ကျုပ်တို့ရဲ့ မူလရည်ရွယ်ချက်ကတော့ ဖ၊ ဆ၊ ပ၊ လ နှစ်စဉ် ညီလာခံသဘင်ကျင်းပပြီး နည်းလမ်းတကျ ရွေးတဲ့ တတိုင်းတနိုင်ငံလုံးရဲ့ ကိုယ်စားလှယ်တွေနဲ့ ဖ၊ ဆ၊ ပ၊ လ တိုင်းပြု ပြည်ပြု လွှတ်တော် အမတ်တွေက နေပြီး ဗမာနိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေစည်းမျဉ်း အခြေခံတွေကို စဉ်းစားဖို့ဘဲ။ သို့ပေမဲ့ အချိန် မရတာနဲ့ ဒုတိယ လူစုံစုံရတဲ့နည်းကို ထွင်ပြီး သုံးရတာဘဲ။

ဗမာပြည် ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေ စည်းမျဉ်း အခြေခံတွေကို စဉ်းစားမယ်ဆိုတော့ ရှေးဦးစွာ တချို့သတင်းစာတွေ လူတွေ ရှုပ်တုတ်တုတ်လုပ်နေတဲ့ အချက်ကြီးကို တခါထဲ ရှင်းပစ်လိုက်ချင်တယ်။ ဒီအချက်ကြီးဟာ ဘာလဲဆိုယင် ဖ၊ ဆ၊ ပ၊ လ က လုံးဝ လွတ်လပ်ရေး ဆုံးဖြတ်မလား၊ ဒိုမီနီယံ အုပ်ချုပ်ရေး ဆုံးဖြတ်မလား ဆိုတဲ့ မရှုပ်သင့်ဘဲ ရှုပ်နေတဲ့ မေးခွန်းဘဲ။ ၁၉၄၆ ခု ဇန်နဝါရီလထဲမှာ ကျင်းပခဲ့တဲ့ ဖ၊ ဆ၊ ပ၊ လ ညီလာခံသဘင်ကြီးက ဘာဆုံးဖြတ်ခဲ့သလဲ။ ဒီညီလာခံ သဘင်ဟာ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ၊ အဖို့မှာ ဆိုယင် ယခုအထိ အာဏာအပိုင်ဆုံးအဖွဲ့ကြီးဘဲ။ ဒီအဖွဲ့ကြီးက နေပြီးဘယ်လို



ဒိုမီနီယံ အမျိုးအစားမှ မလိုချင်ဘူး။ လုံးဝ လွတ်လပ်ရေးကို သာ တောင်းဆိုမယ်ဆိုပြီး အတိအလင်း ဆုံးဖြတ်ထားတာ ရှိနေတာ ဘာမှ ထပ်ပြီး နားရှုပ်စရာ မလိုပါဘူး။ ကျုပ်တို့ဟာ မှန်တာ မမှန်တာ၊ ကောင်းတာ မကောင်းတာတွေအပထားပြီး အဲဒီညီလာခံကြီးရဲ့ ဆုံးဖြတ်ချက်ကို ပယ်လဲ မပယ်နိုင်ဘူး။ ပြောင်းလဲ မပြောင်းနိုင်ဘူး။ ဒီတော့ ဒီကိစ္စဟာ ဘာမှ ထပ်ပေါ်စရာ မလိုတော့ဘူး။ သို့သော်လဲ ဗမာပြည်လုံးဝလွတ်လပ်တော့ အချုပ် အချာ အာဏာပိုင်တဲ့နိုင်ငံ လူမျိုးပေါင်းစုံ ( Commonwealth of Sovereign Nations ) ကို မြန်မာပြည်က မတည်ထောင်ဘူးလား၊ မဝင်ဘူးလားဆိုတဲ့ မေးခွန်းကတော့ တခြား ဖြစ်တယ်။ အဲဒီ မေးခွန်းဟာတော့ ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေရေးဆွဲတဲ့ နေရာမှာ စဉ်းစားဖို့ မဟုတ်ဘူး။ ဒီကိစ္စကိုတော့ ကျွန်တော်နောက်မှ ဆွေးနွေးပါအုံးမယ်။

## သမ္မတနိုင်ငံ ထူထောင်မယ်

ကိုင်း .... လွတ်လပ်တဲ့ ဗမာပြည် ဆိုတော့ ဘယ်လို ဗမာပြည်မျိုးလဲ။ သမ္မတ နိုင်ငံလား၊ ရှင်ဘုရင် စနစ်နဲ့ အုပ်ချုပ်မဲ့ နိုင်ငံလား။ ဒီမေးခွန်း ပေါ်လာတယ်။ ဒီတော့ ဒီမေးခွန်းကို တိုတိုဘဲ ဖြေပါဆိုယင် သမ္မတနိုင်ငံ လိုချင်တယ်လို့ တိုတိုဘဲ ဖြေရုံဘဲ။ ဒါပေမဲ့ ကျွန်တော်က ဒီလောက် တိုတို မဖြေချင်ဘူး။ လိပ်ပတ်လည်အောင် အစိုးရ ( State ) ဆိုတဲ့ သဘောတရားနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်တယ်။ ဒီ "အစိုးရ" ဆိုတဲ့ သဘောတရားနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်တယ်။ ဒီ "အစိုးရ" ဆိုတဲ့ သဘောတရားနဲ့ ပတ်သက်ပြီး ရှေးကတရုပ်၊ အိန္ဒိယ၊ ဂရိ၊ ရောမခေတ်ကစပြီး ကနေ့အထိ သဘောအမျိုးမျိုး ပေါ်ခဲ့တယ်။ အခုခေတ်မှာတော့ ကားလ်မတ်ဆိုတဲ့ ပုဂ္ဂိုလ်ကစတဲ့ မတ်ဝါဒတွေရဲ့ သဘောတရားဟာ တဖြေးဖြေး ခေတ်စားလာတယ်။

## ရှင်ဘုရင်အုပ်စိုးတဲ့စနစ် မလိုချင်

အဲဒီ ဝါဒဟာလဲ အဆုံးစွန် တရား မဟုတ်သေးဘူး။ ရှာတုန်း၊ ဖွေတုန်း၊ တိုးတက်တုန်းဘဲ။ အဲဒီလို သဘောအမျိုးမျိုးဆိုပေမဲ့ နိုင်ငံရေးဟာ စီးပွားရေး အုတ်မြစ်ပေါ်မှာ တည်တယ်ဆိုတာကိုတော့ ဘယ်သူမှ မငြင်းနိုင်တော့ပါဘူး။ လူရယ်လို့ ဖြစ်လာယင် လူဟာစားရမယ်၊ ဝတ်ရမယ်၊ နေရမယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

ကစား၊ အဝတ်၊အနေ အထိုင်နဲ့ ပတ်သက်ပြီး လူရဲ့လိုတဲ့ ဝတ္ထုပစ္စည်းအသုံး အဆောင်တွေကို ရှာကြံတဲ့ အခါကျတော့ လူသုံးပစ္စည်းလုပ်ငန်း စံနစ်တွေ ပေါ်လာတယ်။ အဲဒီ ပစ္စည်း စံနစ်တွေပေါ်လာတဲ့ အခါ လူအချင်းချင်း ဆက်ဆံပေါင်းသင်းမှု စံနစ်ဟာလဲ ပေါ်လာတယ်။ လူတန်းစား ခြားနားလာ ကြတယ်။ အဲဒီလို ခြားနားလာကြရာက အကျိုးချင်း ကွဲပြားပြီး ပဋိပက္ခ ဖြစ်လာကြတယ်။ ဒီ ပဋိပက္ခ ဖြစ်တာတွေကို ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့ အမှု ပလပ်အောင်လုပ်ဖို့ဆိုပြီး အစိုးရဆိုတာကိုလူတွေက တင်မြှောက်တယ်။ တင်မြှောက်တုန်းကတော့ လူတွေကဘဲ။ ဒါပေမဲ့ နောက်ကျတော့ လူ့ အသက်ရောက်သထက် ရောက်ပြီး လူတွေအထဲက ပေါ်ခဲ့တဲ့အစိုးရဟာ မိုးကျ ရွှေကိုယ် ဘဝရောက်သွားတယ်။ အဲဒီ ဘဝက စပြီး အစိုးရ ဆိုတာ လူတွေ က အာဏာအပ်လို့ ဖြစ်တာပါလား ဆိုတဲ့ သဘာဝဟာ ပုံးလုံး ပျောက်သွား တာဘဲ။ အဲဒီ ရှင်ဘုရင်စံနစ် လို သားစဉ် မြေးဆက် ဆက်ခံတဲ့ အစိုးရမျိုး ကျတော့လဲ ဘာပြောစရာ ရှိတော့မလဲ။ တခါထဲ အစိုးရဆိုတာ ဘုန်းကံ ကြောင့် ( Divine Rights of King ) ဆိုပြီးတောင် တခါတုန်းက အယူ ဖြစ်တဲ့အထိ အစိုးရရဲ့ မူလ ဘဝဟာ ပျောက်ခဲ့တာဘဲ။

အဲဒီမှာ ပြောချင်ကြလိမ့်အုံးမယ်။ ဒါက ရှေးရှင်ဘုရင်တွေပါ။ အခု ရှင်ဘုရင်တွေကတော့ အာဏာလဲ မရှိတော့ပါဘူး။ ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေ အတိုင်း အုပ်ချုပ်ရတာပါလို့ ပြောကြလိမ့်မယ်။ကောင်းပြီ။ ရှင်ဘုရင်ဆိုယင် သားစဉ်မြေးဆက် ဆက်ခံရလိမ့်မယ်။ အဲဒီလို မှူးတွေ မတ်တွေ ရှိရလိမ့်မယ်။ အင်္ဂလန်မှာဆိုယင် ဒီအတိုင်းဘဲ မဟုတ်လား။မှူးတွေမတ်တွေဆိုပြီးအချောင် ပွနေသလောက် ပွနေကြတာ ( House of Lords ) မှူးတွေ မတ်တွေ လွှတ်တော်ဆိုပြီး အဆောက်ယ်နေကြတာ သူတို့တွေဘဲ။ အာဏာ ရှိတာ မရှိတာကို အပထားပြီး သူတို့တတွေကို ဒီလို ရှိတာဟာ လူလူချင်း အတူတူဘဲ ဆိုတဲ့ သဘောတရားကို ဖုံးလွှမ်းနိုင်သမျှ ဖုံးလွှမ်းနိုင်အောင် လုပ်ပြီး၊ နောက် ဆုံးကျတော့ လူတွေက ပေးလားတဲ့ အစိုးရ အာဏာကို အချောင်ကောင်နိုင် အောင် စီစဉ်ထားတာတွေဘဲ။ အာ ဆိုတာလဲ မရှိဘူး မဟုတ်ပါဘူး။ ဗြောင်သာသိပ်မရှိတယ်။ သွယ်ဝိုက်တဲ့နည်း၊ စီးပွားရေးနည်း၊ ဟိုတ်လုံး ဟန် လုံးနည်းတွေနဲ့ အများကြီးဘဲ။ သူတို့ အာဏာရှိနေကြတာဘဲ၊ ပြီးတော့ ဒီရှင်ဘုရင် စံနစ်ဆိုတာမျိုးဟာ အချောင်တိုင်းပြည် ပိုက်ဆံကုန်တဲ့ ရာထူး



တွေ တော်တော်ဘဲ ရှိတယ်။ ဒီတော့ လူတွေက တင်မြှောက်တဲ့ "အစိုးရ" ဆိုတာဟာ လူတွေရဲ့ အစိုးရ ပြည်သူတွေရဲ့ အစိုးရ၊ ပြည်သူတွေနှင့် အလှမ်း မဝေးဘဲ အမြဲလက်တွဲနေတဲ့ အစိုးရ၊ ဖြစ်မှသာလျှင် သဘောတရားအတိုင်း ကိုက်ညီမယ်လို့ ကျွန်တော် ထင်တယ်။ အဲဒီသဘောတရားနဲ့ ဖြောင့်ဖြောင့် ကြီး ဆန့်ကျင်တဲ့ သားစဉ်မြေးဆက် ဆက်ခံသွားတဲ့ ရှင်ဘုရင် စံနစ်ကို မလို ချင်ဘူး။

## ဒီမိုကရေစီဝါဒအစစ်ကိုသာ ဖန်တီးမယ်

အဲဒီတော့ သမ္မတ စံနစ်ကို လိုချင်တယ်။ သမ္မတ စံနစ်ဟာ တိုင်းသူ ပြည်သားတွေသာလျှင် အရင်းခံ မူလဘူတ ဖြစ်တယ်ဆိုတဲ့ သဘာဝကို ပြန် ဖော်တယ်။ လူလူချင်း အတူတူဘဲ ဆိုတဲ့ သဘာဝကို ပြန်ဖော်တယ်။ ဒါပေ မဲ့ တခု သတိပြုရမယ်။ "အစိုးရ" ဆိုတဲ့ အာဏာဟာ အင်မတန် အဖိုးတန် အသုံးဝင်တယ်။ အဲဒီအာဏာကိုလဲ ပဋိညာဉ်အင်အားကောင်းတဲ့ လူတွေ အချင်းချင်း လုကြတယ်။ ရယင်လဲ လက်မလွှတ်ချင်ဘူး။ တိုင်းသူပြည်သား တွေ ဆိုတာကတော့ အဲဒီထဲမှာ ဒုတ်လုပ်ပြီး အရိုက်ခံရမဲ့အခါကျမှ ပါရတာ ဘဲ။ ဒီလို အာဏာလုကြတဲ့အခါ "ဒီမိုကရေစီ" ဆိုပြီး "ပြည်သူ့ဆန္ဒ၊ ပြည်သူ့ အာဏာ" လို့ ကြွေးကြော်ဟစ်အော်ပြီး၊ ညာတဲ့ စံနစ်တွေလဲ ရှိတယ်၊ လူတွေ က တိုင်းသူ ပြည်သားတွေက "အစိုးရ" အာဏာ အပ်လိုက်တုန်းက ကျုပ်တို့ အတွက် ကောင်းအောင် လုပ်ပေးပါဆိုပြီး အာဏာအပ်လိုက်တာဘဲ။ ဒါပေ မဲ့ ကျုပ်တို့ကို ခင်ဗျားတို့ အုပ်စိုးတဲ့ လူတွေအတွက် နှိပ်ကွပ်အုပ်ချုပ်ပါ ဆိုတဲ့အချက်သာ ဖြစ်နေတာဘဲ။ လူတွေက တင်မြှောက်ပြီး လူတွေရဲ့အကျိုး ကို လုပ်တဲ့ လူတွေရဲ့ အစိုးရသာလျှင် ဒီမိုကရေစီ ဖြစ်နိုင်မယ်။အခြားဟာတွေ ဒီမိုကရေစီ အစစ် မဖြစ်နိုင်ဘူး။ အတုတွေသာ ဖြစ်တယ်။

## ဒီမိုကရေစီဆိုတာ ဘာလဲ

အဲဒီလို စံနစ်မျိုးနဲ့ သမ္မတ အစိုးရမျိုးမှသာ ကျုပ်တို့ တိုင်းသူ ပြည်သား တွေကို အကျိုးထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာဘဲ။ ဒီမိုကရေစီတိုင်း ဒီမိုကရေစီတာမဟုတ်ဘူး။ဒီမိုကရေစီ ခေတ်စားလာတဲ့အခါမှိုရောယောင်ပြီး သံဖမ်းပြောကြတာ တွေလဲ အများကြီးဘဲ။ ဒါဖြင့် ဒီမိုကရေစီဆိုတာ ဘာလဲ လူလူချင်း၊ လူတန်းစား အချင်းချင်း။ လူမျိုးအချင်းချင်း အစရှိသည်အား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အခွင့် အရေးတန်းတူ ကျပ်ပြည့် မရှိသမျှ ကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့် တင်းပြည့် မဟုတ်သေးဘူး။

**ဒီမိုကရေစီတုတွေ**

အခု ဒီမိုကရေစီ ခေါ်နေတဲ့ တိုင်းပြည်တွေ အများဟာ တကယ့် ဒီမိုကရေစီ မဟုတ်သေးဘူး။ ငါးမူး၊ သုံးမူး တယ်လောက်ဘဲ ဒီမိုကရေစီတွေ ဖြစ်ကြသေးတယ်။ အဲဒီ ဒီမိုကရေစီတွေဟာ အရင်းစစ်လိုက်တော့ အရင်းရှင်ခေါ်တဲ့ ပစ္စည်းရှင်အရင်းရှင်တွေ စီးပွားရေး ခြယ်လှယ်တဲ့ စနစ်အခြေခံတဲ့ ဒီမိုကရေစီတွေ ဖြစ်တယ်။ တနည်းအားဖြင့် အရင်းရှင်တွေရဲ့ အာဏာရှင် စနစ်အုပ်ချုပ်ရေး၊ ဒီမိုကရေစီဆိုတဲ့ ဇန်းပြုပြီး ထားတဲ့ အုပ်ချုပ်ရေးဘဲ။

**ဒီမိုကရေစီ အစစ်ကတော့**

ဗမာပြည် လွတ်လပ်ရေး ရတဲ့အခါ တိုင်းသူ ပြည်သားတွေသာလျှင် အစိုးရ လိုလားပြီး တိုင်းပြည် တည်ထောင်ချင်တယ် ဆိုယင် ဒီမိုကရေစီစနစ် အရမှ ဖြစ်နိုင်မယ်။ ဒီမိုကရေစီ အရင်းခံဘဲ။ ဆိုရှယ်လစ် ဝါဒ ကွန်မြူနစ်ဝါဒ ဆိုတာတွေဟာ စင်စစ်တော့ ဒီကနေ ဖြာထွက်သွားတာဘဲ။ ဘယ်ဟာမှ ဒီမိုကရေစီ မစစ်သေးဘူး။ နိုင်ငံရေးတွင်မက စီးပွားရေးပါ ပါမှ ဒီမိုကရေစီစစ်နိုင်မယ်လို့ ဒီမိုကရေစီ သဘောတရားတွေကို လိုက်ရှာပြီး လုပ်နေကြခြင်း သာ ဖြစ်တယ်။

ဒီတော့ ဒီမိုကရေစီ ဆိုတာ ဘယ်လို အင်္ဂါမျိုးနဲ့ ညီညွတ်ရမလဲ။ အဲဒီလို ကျပ်ပြည့်တင်းပြည့် ဒီမိုကရေစီမျိုးကို ကျုပ်တို့ ဘယ်လို တည်ဆောက်ရမလဲ။ ချက်ချင်း ဖြစ်မလား။ ဘယ်လောက်ကြာမလဲ။ ဘယ်နည်းအကောင်းဆုံးလဲ ဆိုတာတွေကို အခု ကျုပ်တို့ တိုင်းပြည် တည်ထောင်ရမဲ့ အခါ အထူးစဉ်းစားရမဲ့ အချက်တွေဘဲ။

နိုင်ငံရေးဟာ စီးပွားရေး အခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွေကလည်း စီးပွားရေး သဘောတရားတွေနှင့် ကင်းလို့ မဖြစ်နိုင်ဘူး။ အရင်းရှင် ဒီမိုကရေစီသမား သက်သက် မျက်စိနဲ့ ကြည့်ပြောယင်တော့ ဒါမမှန်ဘူးလို့ ပြောရမှာဘဲ။ ဒါပေမဲ့ ကမ္ဘာ့ အရပ်ရပ်



မှာ ရှိတဲ့ နိုင်ငံအသီးသီး ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေတွေကို အတွင်းကျကျ လေ့လာယင် စီးပွားရေး သဘောတရားတွေ မူတည်ပြီး လုပ်ကြတယ်ဆိုတာ တွေ့ရလိမ့်မယ်။ အရင်းရှင် ဒီမိုကရေစီ သမားတွေအဖို့ ဆိုယင် အရင်းရှင် စနစ်သာလျှင် စီးပွားရေး စနစ်မှန် ဖြစ်တယ်။ ဒီစနစ်သာ လျှင် တည်တံ့ရမယ်။ အဲဒီ စနစ်ဟာ အမြဲတမ်း တည်တံ့ သလိုလို ယူဆပြီး အလုပ် လုပ်ကြတယ်။ အမှန် မတော့ ဘယ်နိုင်ငံရေး၊ စီးပွားရေး စနစ်မှာမှ အမြဲတည်တံ့တာ မရှိဘူး။ သူ့အချိန် သူ့အခြေ အနေလိုက် ဖြစ်လာကြတာဘဲ။

ဒီတော့ ကျွန်တော်တို့ ဗမာပြည် အဖို့မှာ အရင်းရှင် စနစ်ထက်ထောင် အောက်ကျ နောက်ကျ ဖြစ်နေတဲ့ ကျွန်ဘဝက လွှမ်းတက်ရမယ် ဆိုတော့ အလယ်အလတ် အဆင့်မှာ ရှိတဲ့ ဒီအရင်းရှင်စနစ်ကို ကျော်မသွားနိုင်သေးပေမဲ့ အဲဒီ စနစ်တင်သာ မလုပ်နိုင်ဘဲ ဒီစနစ်ကို အမြန်ဆုံး ကျော်သွားနိုင်မဲ့ စီးပွားရေး သဘောတရားတွေကို အခြေခံ ထားပြီး တိုင်းပြည်တည်မှ သာလျှင် တကယ့် ဒီမိုကရေစီ နိုင်ငံကို ရောက်အောင်သွားနိုင်လိမ့်မယ်။

တကယ့် ဒီမိုကရေစီ ဆိုတာ နိုင်ငံရေး သဘောတရား အရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီ အစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်း စီးပွားရေးအဆင့်အတန်းကို အခွင့် အရေးတန်းတူ ရနိုင်တဲ့ အခြေ အထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီ အထိ တက်လှမ်းနိုင်မယ်။ ဒါဖြင့် အဲဒီလို ဒီမိုကရေစီ အဆင့်အတန်း ရောက်အောင် ဘယ်လို အခြေခံတွေ ချရမလဲ။

**ဒီမိုကရေစီအခြေခံများ**

၁။ အရေးကြီးတဲ့ စက်မှု လက်မှု ပစ္စည်းလုပ်ငန်းတွေကို အစိုးရသိမ်းနိုင်ရမယ်။ သို့မဟုတ် သိမ်းနိုင်အောင် အခြေခံပျိုးထားရမယ်။

၂။ အလုပ်သမားတွေရဲ့ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ကျန်းမာရေး၊ စည်ရုံးရေး၊ အိုနာစာ အရေးအစရှိသဖြင့် အခွင့် အရေးတွေ ရှိရမယ်။



www.burmeseclassic.com

www.burmeseclassic.com

၃။ လယ်လုပ်တဲ့ လူတွေရဲ့ လက်ထဲ လယ်ရောက်အောင် စီစဉ် နိုင်ရမယ်။ လယ်အမြောက် အမြားကို တသီးပုဂ္ဂလပိုင်ဆိုင်တဲ့ စနစ်ကို ပယ်ဖျက် နိုင်ရမယ်။

၄။ လူမျိုး အသီး အသီး ဟာလဲ သူတို့ ရထိုက်တဲ့ အခွင့်အရေးတွေ ရအောင် စီစဉ်ထားရမယ်။

၅။ တိုင်းသူ ပြည်သားတွေသာလျှင် အာဏာပိုင် အစစ်ဖြစ်တယ် ဆိုတဲ့ သဘောတရားကို ခိုင်ခိုင် မာမာ ဖြစ်အောင် စီစဉ်ကာတ်ရမယ်။

၆။ လူမျိုး ဘာသာ လိင်မရွေးတိုင်းပြည်ကြီးသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့် အရေးတွေ ပါရမယ်။

၇။ တိုင်းပြည် ကာကွယ်ရေးဟာ ပြည်သူ့ အစိုးရ တာဝန် ဖြစ်တယ်။ အခု ကျွန်ုပ်တို့မှာလို ဈေးကလို အပျော်ထမ်း ရဲအဖွဲ့ အစရှိတဲ့ အခု ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဆိုတဲ့ အဖွဲ့မျိုးတွေကို တသီးတခြား တည်ထောင်ရတဲ့ အခြေ အနေမျိုး မရှိစေရဘူး။

၈။ တိုင်းပြည် ဥပဒေတရားရုံး စနစ်ဟာလဲ ပြည်သူတွေရဲ့ အကျိုးရှေ့ရှု မဲ့ ပြည်သူ့ တရားရုံးစနစ်မျိုး ဖြစ်ရမယ်။

အဲဒီလို အချက်တွေ ပါမှသာလျှင် တကယ့်ဒီမိုကရေစီ အခြေခံတွေချ ရောက်မယ်။ ဒါမှသာ လျှင် သူအချိန် အခါ ရောက်တဲ့ အခါ ဒီမိုကရေစီဆိုတဲ့ အဆောက် အအုံကြီးကို မားမား မတ်မတ် တည်ဆောက်နိုင်မယ်။

ဒီအချက်တွေကို ထပ်ပြီး ကျွန်တော် ရှင်းပြပါအုံးမယ်။ ပဌမ အချက် သဘောကတော့ ကုန်ပစ္စည်း လုပ်နည်း (Means of Production )များ တွင် အချက် အချာ ဖြစ်တဲ့ သစ်တော၊ သတ္တု အစရှိတဲ့ မြေပေါ်ပစ္စည်း မြေတွင်း ပစ္စည်းများ၊ ရေတွင်း ရေပေါ် သက်ဆိုင်ရာများ၊ သဘာဝအား လျှပ်စစ်အား၊ မီးရထား၊ လေကြောင်း သွားလာရေး၊ စာပို့တိုက်၊ သံကြိုး စကားပြောကြေးနန်း၊ အသံလွှင့်ရုံတို့ဟာ တိုင်းပြည်ရဲ့ ကိုယ်စား အစိုးရပိုင် ဖြစ်ရလိမ့်မယ်။ တခြား ပစ္စည်းလုပ်ငန်းတွေကိုလဲ တတ်နိုင်သမျှ ပြည်သူ့ သမဝါယမ အသင်းများက ပိုင်ဆိုင်အောင် ကြိုးစားရလိမ့်မယ်။ အစိုးရသိမ်း



သမျှ ပစ္စည်းလုပ်ငန်းများကို အစိုးရ ကိုယ်တိုင် လုပ်နိုင်ယင် လုပ်၊ မလုပ်နိုင်သေးယင် အခြား လူတွေကို ငှားရမ်းတဲ့ သဘောသာ ဖြစ်ရလိမ့်မယ်။

နိုင်ငံခြားကုန်သွယ်ရေး ကိစ္စဆိုယင် အစိုးရအုပ်ချုပ်နိုင်အောင် စီစဉ် ရမယ်။ ဒီဟာတွေကို ဘာပြုလို့ အခြေခံချရ မလဲဆိုယင် ပြည်သူတွေ အများအကျိုးရှိနိုင်ဖို့ဘဲ။ ဒီလို မဟုတ်ယင် အရင်းရှင်တွေက ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်တဲ့အဖြစ်မျိုးရောက်ပြီး တိုင်းသူပြည်သားတွေ အပေါ် အရင်းရှင်တွေက လက်ဝါးကြီးအုပ် သွေးစုတ်နိုင်တဲ့ အခြေအနေမျိုး ရောက်သွားမယ်။ အဲဒီလို အရင်းရှင်တွေကြီးထွားရှုံ့ကွင်း မက တသီးပုဂ္ဂလ အရင်းရှင်ပိုင် ကုမ္ပဏီကြီးတွေ ( Monopoly ) တဦးတည်းပိုင် သဘောမျိုး ဖြစ်သွားပြီး ဈေးနှာ အရပ်ရပ်နဲ့ နိုင်ငံစီးပွားရေး အရပ်ရပ်ကို သူတို့စီမံရာ ခံရမယ်ဆိုတဲ့ စနစ်မျိုးရှိလာမယ်ဆိုယင် ကျွန်တော်တို့ဒီကမ္ဘာကြီးဟာ မနေ့တနေ့ကအလွန် အောင့်နှလုံးနာပြီး မွဲမှုန်းစရာ ဖြစ်ခဲ့တဲ့ ဖက်ဆစ်စနစ်ကြီး ဖြစ်ပေါ်လာဖို့ စီးပွားရေး အခြေခံကြီးကို ခွင့်ပြုရာကျတယ်။ ဒါကြောင့် အဲဒီလို (Monopoly) လက်ဝါးကြီးအုပ် အရင်းရှင်ကုမ္ပဏီကြီးများ ဖြစ်တဲ့ ( Cartels, Syndicates, Trusts) အစရှိတဲ့ တသီးပုဂ္ဂလ ပစ္စည်း လုပ်ငန်းကြီးတွေကိုတော့ ကျုပ်တို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမှာ အတိအကျ ပိတ်ပင် ထားရလိမ့်မယ်။

အခု ကျွန်တော်တို့ ပြောနေတဲ့ အချက်အလက်တွေဟာ ဆိုရှယ်လစ် ဝါဒအရလားလို့ မေးချင်ကြလိမ့်မယ်။ မဟုတ်သေးဘူး။ အမှန်ကတော့ ကျွန်တော်တို့ ဗမာပြည်မှာ ဆိုရှယ်လစ်စနစ်ကို ကျွန်တော်တို့ ဘယ်လောက်ဘဲ ထူထောင်ချင်ပေမဲ့ အခု ဗမာပြည်မှာ ဖြစ်နေတဲ့ စီးပွားရေး အခြေအနေ အရ ဘယ်နည်းနဲ့မှမဖြစ်နိုင်သေးဘူး။ ကျုပ်တို့ပြည်မှာ အရင်းရှင်စနစ်ဆိုတာ တောင် ကောင်းကောင်းမရှိသေးဘူး။ အရင်းရှင် စနစ်ထက် နောက်တဆင့်ကျတဲ့ စီးပွားရေးစနစ်မှာ ကျုပ်တို့ ရောက်နေတယ်။ ဒီတော့ ကျုပ်တို့ဟာ အရင်းရှင် စနစ်ကို မလွှဲမရှောင်သာလို့ ခွင့်ပြုသင့်သလောက်ခွင့်ပြုရမှာဘဲ။ အရင်းရှင် စနစ်ကို ခွင့်ပြုထားတော့ ကိုယ်ပိုင် တသီးပုဂ္ဂလပစ္စည်း၊ ကိုယ်ပိုင် လုပ်ငန်းတွေရှိအုံးမှာဘဲ။ ဒါပေမဲ့ ကျွန်တော်တို့ဟာအရင်းရှင်စနစ်ကို မတတ်သာလို့ ခွင့်ပြုရပေမဲ့ တတ်နိုင်သမျှ ချုပ်ချယ် ရလိမ့်မယ်။ ကိုယ်ပိုင် ပစ္စည်း၊ ကိုယ်ပိုင် လုပ်ငန်းတွေဆိုယင် အများအကျိုးကို မထိခိုက်စေရဘူး။ ကိုယ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း၊ ကိုယ်ပိုင် လုပ်ငန်းတွေကို လိုတဲ့အခါ အစိုးရက တိုင်းပြည်ကိုယ်စား သိမ်းနိုင်မဲ့ အခြေခံမျိုးတွေ ဖွင့်ထားရလိမ့်မယ်။

### အလုပ်သမားအခွင့်အရေး ကာကွယ်မယ်

အရင်းရှင် စနစ်ကို ခွင့်ပြုထားတော့ အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို ကောင်းကောင်း သတ်မှတ်ပြီး သူများသွေးစုတ်ချင်တိုင်း မခံရအောင် စီမံဖန်တီးပြီး အခြေခံ တရားတွေ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမှာ ထည့်ထားရလိမ့်မယ်။

### လယ်လုပ်သူသာ လယ်ပိုင်ရမယ်

လယ်ယာမြေ ပိုင်ဆိုင်မှု ကိစ္စမှာဆိုလဲ လယ်ယာ မြေလုပ်တဲ့ လူတွေ လယ်ယာမြေ ရအောင် အခြေခံတွေ ချရလိမ့်မယ်။လယ်မြေကေ အမြောက်အများပိုင်တဲ့ လယ်ရှင်ကြီးစနစ်ကိုတော့ ဥပဒေအရကန့်သတ်ချုပ်ချယ်ဖျက်ပယ်ပစ်ရလိမ့်မယ်။ နောက်ပြီး ဘယ်လို ကိုယ်ပိုင်လယ်ယာမြေမျိုး ဖြစ်ဖြစ်၊ ဘယ်နှစ်ကေထက် မပိုစေရ အစရှိသည်အားဖြင့် ဥပဒေအရ ကန့်သတ်ရလိမ့်မယ်။ ဒီလိုမှမလုပ်ယင် လယ်ပိုင်ရှင် စနစ်ကြီးဟာ ရှိနေတာကို မဖျက်နိုင်မှုတင် မဟုတ်ဘူး၊ ပြန်ဖြစ် အောင် လုပ်တာ ဖြစ်လိမ့်မည်။ လယ်ယာမြေများကို အမှန်အားဖြင့် ဆိုယင် နောက်ဆုံး တိုင်းပြည်ပိုင်(အစိုးရနှင့် သမဝါယမအဖွဲ့ပိုင်) လုပ်နိုင်ယင် ကောင်းမှာဘဲ။ သို့သော်လဲ အဲဒီဟာ မလုပ်မီ လယ်ယာ မြေလုပ်သူတိုင်း မြေလက်ရှိရအောင် လုပ်နိုင်ရမယ်။ ဒီအခါမျိုးမှာ အစိုးရက အလယ်လတ်တန်းနှင့် အောက်တန်းကျတဲ့ တောင်သူ လယ်သမားတွေကို တတ်နိုင်သမျှ ကူညီရလိမ့်မယ်။ အဲဒီလို စီးပွားရေး အခြေခံတရားတွေကို ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမှာ ထည့်ဖို့ လိုလိမ့်မယ်။

အခုနပြောခဲ့တဲ့ စီးပွားရေး အခြေခံ သဘောတရားတွေဟာ အရင်းရှင် စနစ်နဲ့ မကင်းသေးပေမဲ့ အမှန် ကတော့ အရင်းရှင် စနစ်လဲ မကဘူး။ ဆိုရှယ်လစ် စနစ်လဲ မကျသေးဘူး။ နိုင်ငံရေးဆိုတာ စီးပွားရေး အခြေခံ သဘောတရားတွေကို ခေါင်းချုပ် သရုပ်ဆောင်တဲ့အတိုင်း ဒီလို စီးပွားရေး အခြေခံတဲ့ အရင်းရှင် ဒီမိုကရေစီ နိုင်ငံရေးဟာ အရင်းရှင် သက်သက် ဒီမို



ကရေစီလို အရင်းရှင်တွေရဲ့ အာဏာရှင် စနစ်ကို ကာဆီး မထားဘဲ ပဒေသရာဇ် စနစ် ( Feudalism ) ကို တွန်းလှန်ဖြိုဖျက်ပြီး ပြည်သူတွေရဲ့ အခွင့်အရေးကို ဆောင်ရွက်မဲ့ ပြည်သူ လူတန်းစားပေါင်းစုံ အာဏာရှင် စနစ်ပုံသဏ္ဌာန်ဆောင်ထားတဲ့ ဒီမိုကရေစီသစ် နိုင်ငံရေး ဖြစ်ရမယ်။ အခုအချို့ နိုင်ငံတွေမှာ ကျုပ်တို့ ကြားသိတွေမြင်ရတဲ့ ဒီမိုကရေစီ ဆိုတာတွေဟာ အမှန်ကတော့ ( Oligarchy ) ခေါ်တဲ့ အရင်းရှင် ဖြစ်ဖြစ်၊ အရင်းရှင်လိုလူတန်းစားတွေဖြစ်ဖြစ် လူတစုလောက်က ကြိုးကိုင်ထားတဲ့အာဏာရှင် လုပ်နေတဲ့ စနစ်တွေဖြစ်တယ်။

### လူအများဆုံး အကျိုးရှိမှုရှေ့ရှုတယ်

ကျုပ်တို့ လုပ်ချင်တာကတော့ ( Greatest Happiness of the Greatest Number ) လူအများဆုံး အကောင်းဆုံး ချမ်းသာ သုခရအောင် အဲဒီလူလို အများဆုံးက ကြိုးကိုင်တဲ့ အာဏာရှင် လုပ်တဲ့ ဒီမိုကရေစီမျိုးကိုသာ လိုချင်တာဘဲ။ အကုန်လုံး အကျိုးရှိတဲ့ ဒီမိုကရေစီ ဆိုတာတော့ ခုလို အရင်းရှင် အလုပ်သမား၊ လယ်ရှင် အစရှိတဲ့ လူတန်းစား ကွဲပြားမှုတွေ ရှိနေသမျှကာလပတ်လုံး မဖြစ်နိုင်သေးဘူး။ လယ်ရှင် အကျိုးရှိတိုင်း လယ်သမားအကျိုး မရှိနိုင်ဘူး။ အလုပ်ရှင် အကျိုးရှိတိုင်း အလုပ်သမားအကျိုး မရှိနိုင်ဘူး။ သူတို့အချင်းချင်း အကျိုးတွေဟာ တခါတခါ စေ့စပ်လို့ မရနိုင်ဘဲ တဦးအကျိုးရှိယင် တဦးထိမယ် ဆိုတဲ့အခြေမျိုး ဖြစ်လာတဲ့ အခါ အစိုးရဟာ တဖက်ဖက်က ပင်းမှ ဖြစ်နိုင်မယ်။ အဲဒီတော့ ဒီမိုကရေစီသစ် ဆိုတာ အစိုးရက လူများစု ဖြစ်တဲ့ လူဆင်းရဲတွေဖက်က ထုံးစံ တော့ ပင်းမယ် ဆိုတဲ့သဘောဘဲ။

### လူများစုအာဏာပိုင်အုပ်ချုပ်ရေး

ဒီမိုကရေစီသစ် အရ လုပ်မဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမျိုးဟာ ဘယ်လိုဖြစ်ရမလဲ ဆိုယင် တိုင်းသူပြည်သား လူများစုတွေ အာဏာပိုင် အဖြစ်အုပ်ချုပ်နိုင်အောင် သူတို့ ရွေးကောက်တဲ့ ကိုယ်စားလှယ်တွေဟာ အောက်ကနေပြီး ထိပ်အထိ တိုင်းပြည် အုပ်ချုပ်ရေး တိုင်းပြည်အစိုးရ အာဏာကို ကိုင်ထားရမယ်။ သူတို့ရွေးကောက်လိုက်တဲ့ ကိုယ်စားလှယ်တွေကို မကြိုက်လို့ရှိယင် ပြန်ခေါ် နိုင်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အခု ဗမာပြည်မှာ ရှိနေတဲ့ အရာရှိ ဗျူရိုကရက် အုပ်ချုပ်ရေးမျိုး မရှိနိုင်တော့ဘူး။ တိုင်းပြည် သစ္စာမဖောက်တဲ့ တိုင်းကြီး ပြည်ကြီးသားတွေဟာ ပြည်သူ့ လွှတ်လပ်ခွင့်တွေကို အများအကျိုးအတွက် လုပ်မဲ့ နေရာတွေမှာ ရရှိလိမ့်မယ်။ ဒီနေရာမှာ လူများစုလို့ ဆိုတာဟာ ပစ္စည်းအခြေ အနေ ရာထူးအခြေ အနေကို အကြောင်းပြုပြီးသာ လူများစု၊ လူနည်းစု ဖြစ်ကြတဲ့ လူတွေကိုသာ ဆိုလိုတယ်။ လူမျိုးရေးအရ ကွဲပြားနေတဲ့ လူများစု လူနည်းစု ကိစ္စတွေမှာတော့ လူများစု လူမျိုးစုက လူနည်းစုလူမျိုးတွေအပေါ် လွှမ်းမိုးမှု မရှိစေဖို့ ဒီမိုကရေစီမှန်မယ်။ လူမျိုးအရ၊ ဘာသာအရ၊ လိင်အရ အခွင့်အရေး ခွဲခြားမှု နှိမ့်ချမှုတွေကို ဥပဒေအရ ပယ်ဖျက်ပြီး ဒီလို နှိမ်နင်းတာတွေမျိုးတွေ့ယင် ဥပဒေအရ အပြစ်ပေးတာမျိုးတောင် စီမံရမယ်။ ဒါမှ ဒီမိုကရေစီ ပီသမယ်။ လူမျိုးရေးနှင့် ပတ်သက်၍ သပ်သပ်ပြီး ကျွန်တော်ဆွေးနွေးပါဦးမယ်။

## ဗျူရိုကရက် အုပ်ချုပ်ရေး ဖျက်ရမယ်

အထက်မှာ ပြောခဲ့တဲ့ အထဲမှာ အခု ဗမာပြည်မှာ ရှိနေတဲ့ အရာရှိ ဗျူရိုကရက် အုပ်ချုပ်ရေးမျိုး မရှိနိုင်တော့ဘူး ဆိုတာဟာ ဘာဆိုလိုတာလဲ။ ကျွန်တော် ရှင်းပြလိုပါသေးတယ်။ လွတ်လပ်မဲ့ ဗမာပြည်ကြီးမှာ အခု အစိုးရ အရာထမ်းအမှုထမ်းတွေ၊ လောကဓာတ်ဆရာ၊ ပညာဘွဲ့ရ၊ စက်ဆရာ၊ ဆေးဆရာ အစရှိတဲ့လူတွေကို မလိုတော့ဘူးလားဆိုယင် သူတို့ကိုလိုလိမ့်မယ်။ သူတို့အထဲက ( Technicians ) ခေါ်တဲ့ အထူး ခင်ကြွားမှု တတ်တဲ့ လူတွေဆိုလို့ ရှိယင် အစိုးရက ကောင်းကောင်း မွေးကျွေးရမှာဘဲ။ ဒါပေမဲ့ သူတို့ဟာ ပြည်သူ့ အစိုးရ ပြည်သူ့ မိတ်ဆွေတွေ ဖြစ်ရမယ်။ ပြည်သူတွေကို ဂရုမစိုက်ဘဲ အထက်လူကြိုက်ပြီးရော လုပ်တဲ့ လူစားတွေ မဖြစ်ရဘူး။ တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ သစ္စာကို စောင့်ထိန်းတဲ့ လူတွေ ဖြစ်ရလိမ့်မယ်။ အဲဒီလို လူတွေ အမှန်မတော့ တချို့လခတွေ ဘာတွေမှာ နည်းချင် နည်းလာပေမဲ့ လွတ်လပ်မဲ့ ဗမာပြည်မှာ ပိုပြီး အခွင့်အရေးတွေ ပေးလာနိုင်ပါလိမ့်မယ်။ အခုအခါ အင်္ဂလိပ်တွေသာ လုပ်နေရတဲ့ နေရာမျိုးတွေ ကျွန်နိုင်ငံ ဖြစ်နေလို့၊ သခင် နိုင်ငံလုပ်ရတဲ့ နေရာမျိုးတွေမှာ သူတို့ ဝင်ခွင့်၊လုပ်ခွင့် ရှိလာကြမှာဘဲ။ သို့သော်လဲ ရှေးက အရာရှိစနစ်အတိုင်း ပြည်သူ တွေနှင့် တခြားစီတော့ နေလို့ မဖြစ်နိုင်ဘူး။



## တိုင်းပြည်ကာကွယ်ရေးအစိုးရတာဝန်

ပြီးတော့ ဂျပန်ပြည်မှာလို စစ်တပ်က နိုင်ငံအုပ်ချုပ်ရေးမှာ ခြယ်လှယ်တာမျိုး၊ ဂျာမနီမှာ ဟစ်တလာတို့ တက်လာတာမျိုးကို စီးပွားရေး၊ နိုင်ငံရေးအရ နှိမ်နင်းတဲ့နေရာမှာ လွတ်လပ်တဲ့ ဗမာပြည်တွင် တိုင်းပြည် ကာကွယ်ရေးဟာ အစိုးရရဲ့ တာဝန်၊ တကိုင်းပြည်လုံးရဲ့ တာဝန် ဖြစ်လာတဲ့ အတိုင်း ကာကွယ်ရေး လုပ်ငန်းမှန်သမျှ အစိုးရသာလျှင် လုပ်နိုင်ရမယ်။ တသီးပခြား ကိုယ်ပိုင် အဖွဲ့တွေကလုပ်ဖို့လဲမလိုဘူး။ အခွင့်လဲ ပြုနိုင်မှာ မဟုတ်ဘူး အခုလို ကျွန်ဘဝမှာတော့ တိုင်းပြည်ကာကွယ်တဲ့ တာဝန်က သခင်လူမျိုး အစိုးရ တာဝန်လို့ ဖြစ်ပြီး သူတို့ကလဲ ကောင်းကောင်းမလုပ်တော့ ကျွန်တော်တို့ဖာသာ ကျွန်တော်တို့ တတ်သမျှ၊ မှတ်သမျှ၊ ဖြစ်သမျှ ပြည်သူ့ရဲဘော်တပ်ဖွဲ့ အစရှိတဲ့ အဖွဲ့မျိုးတွေ ဖွဲ့ပြီး လုပ်နေရတယ်။

## စစ်သဘော နိုင်ငံရေးပါတီများ မရှိရ

ဒီလိုအဖွဲ့တွေဟာ လွတ်လပ်တဲ့ဗမာနိုင်ငံမှာ မရှိနိုင်တော့ဘူး။ သို့မဟုတ်ယင် လွတ်လပ်တဲ့ ဗမာပြည်မှာ ဒီလို အဖွဲ့မျိုးဟာ စစ်သဘော နိုင်ငံရေး ပါတီမျိုးဖြစ်တော့ပြီး၊ ဖြစ်လာတဲ့ အခါ ဖက်ဆစ် ဝါဒတွေ မွေးမြူလာ တတ်တယ်။ ဒါကိုလဲ ကောင်းကောင်း သတိပြုရမယ်။ အထူးသဖြင့် ဖက်ဆစ် ပါဒ ဗမာပြည်မှာ မပေါ်နိုင်အောင် စီးပွားရေး၊ နိုင်ငံရေး အရ အဖက်ဖက်က နေပြီး တားရလိမ့်မယ်။ ဖက်ဆစ် စနစ် ဖက်ဆစ် ဝါဒဆိုလို့ ဗမာပြည်မှာ ယောင်ဝါးဝါးတွေ အများကြီးဖြစ်နေကြတယ်။ ဖက်ဆစ်စနစ်ဆိုတာဘာလဲ။ ကြမ်းသင့်လို့ ကြမ်းတာကို ဖက်ဆစ် စနစ်ခေါ်တာ မဟုတ်ဘူး၊ ကိုယ်နှင့်စိတ်မတင့်တာ လုပ်သမျှကို ဖက်ဆစ် စနစ်လို့ ခေါ်တာမဟုတ်ဘူး။ ငွေပင်ငွေရင်းရှင် ( Financial Capitalists ) ကြီးတွေက လက်ကိုင်ဒုတ် လုပ်ထားတဲ့ ကပည့်တွေနဲ့ တိုင်းသူ ပြည်သား လူအများကို အကြမ်းပတမ်း ဖိနှိပ်ပြီး ခင်မတန် ကျဉ်းမြောင်းမှားယွင်းတဲ့ လူမျိုးရေး တရား လက်ကိုင် ထားတဲ့ ဝါဒဟာ ဖက်ဆစ်ဝါဒဘဲ။ အဲဒီတော့ စီးပွားရေး၊ နိုင်ငံရေး၊ လူမျိုးရေးတရားတွေနှင့်ပတ်သက်ပြီး ကျုပ်တို့ဟာ ဖက်ဆစ်အားပေးတရားတွေ မပေါ်အောင် တိုင်းပြည် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေလုပ်ကတည်းက စီမံထားရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## လူမျိုးကြီးဆိုတာ ဘာလဲ

ဒီနေရာမှာ လူမျိုးရေး ကိစ္စကို ကျွန်တော် ဆွေးနွေးလိုတယ်။ အင်္ဂလိပ်လိုမှာ ( Nation or Nationality, Race, Tribe ) အစရှိသည် အားဖြင့် လူမျိုးရေးတွေကို အသီးသီး ခေါ်ထားတာ ရှိတယ်။ ( Nation or Nationality ) ဆိုတာမျိုးကတော့ ဗမာလို တိတိကျကျ ဘယ်လိုပြန်ရမယ်ဆိုတာ ဗမာ့အဘိဓာန် ကျကျ နန ထွက်မှဘဲ ဖြစ်နိုင်မှာဘဲ။

အဓိပ္ပာယ်ကတော့ ဥပမာ ဗြိတိသျှ လူမျိုးဆိုယင် အင်္ဂလိပ်၊ စကော့၊ ဝေလ၊ အိုင်းရစ်လူမျိုးတွေ ပေါင်းထားတာကို ခေါ်တာဘဲ။ အမေရိကန်လူမျိုးဆိုယင်လဲ ဥရောပက လူမျိုးစုံ၊ အမေရိကန်မှာ လာနေပြီး အမေရိကန်လူမျိုးလို့ နေတဲ့ လူအားလုံးကို ခေါ်တာဘဲ။ ဒီတော့ ( Nation )သို့မဟုတ် ( Nationality ) ခေါ်တဲ့ လူမျိုးကြီးကို ဆိုကြပါစို့၊ အဲဒီ လူမျိုးကြီးဆိုတာ ဘယ်လို့အခြင်းအရာတွေနဲ့ ပြည့်စုံမှ လူမျိုးကြီးလို့ ခေါ်မလဲ။ အဲဒီလူမျိုးရေး ပြဿနာနဲ့ ပတ်သက်ပြီး အခု ကမ္ဘာကျော် ဆိုဗီယက် ယူနီယံခေါင်းဆောင်ကြီးဖြစ်တဲ့ စတာလင်က ဘယ်လို သရုပ်ဖော်ထားသလဲ ဆိုယင်-

A nation is a historically evolved stable community of language, territory, economic life, and psychological make- up manifested in a community of culture:

### လူမျိုးကြီးဆိုတာ

လူမျိုးကြီး ဆိုတာ ရာဇဝင်အရ ဖြစ်ပွားလာပြီး တည်တည် တံ့တံ့နေလာတဲ့ သူ့ဘာသာစကားနဲ့၊ သူ့နယ်မြေ နဲ့၊ သူ့စီးပွားရေးနဲ့၊ သူ့ယဉ်ကျေးမှုပညာထုံးစံ ဓလေ့တွေနဲ့ ညီညွတ်စည်းရုံးထားတဲ့ လူပေါင်းစုဘဲလို့ စတာလင်က သရုပ်ဖော်ပြ ခဲ့တယ်။ ဒီနေရာမှာ လူပေါင်းစု ဆိုတာဟာ ( A nation is not a racial or tribal community of people ) လို့ အတိအလင်း ဖော်ပြထားတယ်။ အဓိပ္ပာယ်ကတော့ လူမျိုးကြီးဆိုတာ အသွေးအဆင်း တူတဲ့ ( Race ) တို့ ( Tribe ) တို့ ခေါ်တဲ့ လူမျိုးစုမျိုးမဟုတ်ဘူး။ အဲဒီ ( Race ) တို့ များ ပေါင်းစပ်ထားခြင်း ဖြစ်လို့တယ်ရှင်းလင်း ပြန်တယ်။



အဲဒီမှာလဲ စကားတူ ရှိရုံနဲ့ လူမျိုးကြီးမဖြစ်နိုင်ဘူးတဲ့။ စကား တမျိုးထဲပြောကြတဲ့ အင်္ဂလိပ် အမေရိကန်ဟာ လူမျိုးကြီးနှစ်မျိုးဖြစ်နေတာ အထင်အရှားဘဲမဟုတ်လားတဲ့။ လူမျိုးခြားတိုင်း စကားမခြားဘူး။ စကားတူတိုင်းလူတမျိုးတည်း မဟုတ်ဘူး။ အကြောင်းအားလျော်စွာ ဆုံစည်းခွင့် မရှိလို့ ရှိယင် တမျိုးစီဖြစ်တယ်။ အဲဒီလို ဆုံစည်းတဲ့နေရာမှာ တမြေတည်းနေ၊ တရေတည်းသောက်တဲ့လူတွေမှလူတမျိုးတည်းဖြစ်လာနိုင်သတဲ့။နောက်စီးပွားရေးမှာလဲ တဦးနဲ့တဦး ကျောလောက်နောက်ခံ သဘောမျိုး မှီခိုပြီး ပေါင်းစည်းထားမှဖြစ်သတဲ့။ ပြီးတော့ လူတမျိုးရဲ့ စိတ်ဓာတ် ( National Character) လို့ ဆိုတဲ့ ယဉ်ကျေးမှု ထုံးစံ ဓလေ့ဆိုတာကို မထားလို့ မဖြစ်ဘူးတဲ့။ အခု ဒီအချက်တွေထဲက တခု နှစ်ခု ရှိရုံနဲ့ လူမျိုးကြီး တမျိုး မဖြစ်နိုင်ဘူးတဲ့။ ဒီအချက်တွေထဲက တခုလောက် မရရုံနဲ့ဘဲ လူမျိုးကြီး ဆိုတဲ့ ဂုဏ်အင်္ဂါကို ပေါက်တန်ဘဲဖြစ်သွားနိုင်သတဲ့။ အဲဒီတော့ ဒီအခြင်းအရာတွေအားလုံးပြည့်စုံမှ လူမျိုးကြီးတမျိုးဖြစ်တယ်ဆိုတဲ့။ ဒီနေရာမှာ( Common Language ) ဆိုတဲ့ စကားတူလို့ ဆိုတာမှာလဲ ဥပမာ ဗြိတိသျှလူမျိုးကြီးများ အင်္ဂလိပ်စကား အားလုံး ပြောကြတယ်။ နားလည်ကြတယ်။ ဒါပေမဲ့ အိုင်းရစ်တို့ ဘာတို့မှာ သူတို့စကား သတ်သတ်ရှိတယ်။ အဲဒါကိုလဲ သတိပြုဖို့လိုတယ်။

## နိုင်ငံတော်

နောက်ပြီး ( State ) (ဒီနေရာမှာတော့ လက်နက် နိုင်ငံတော်လို့ဘဲ ဆိုကြပါစို့)။ အဲဒီ လက်နက် နိုင်ငံတော်ဆိုတဲ့(Political Community) နိုင်ငံရေး လူပေါင်းစုနဲ့ လူမျိုးကြီး ပေါင်းစု ( National Community ) ကို နားမရှုပ်စေလိုဘူးလို့ စတာလင်က ရှင်းထားတယ်။ ဘယ်လိုလဲ ဆိုယင် ကူတာတွေထဲမှာ စကားတူမှ လူမျိုးကြီး တမျိုးဆိုတာ ဖြစ်နိုင်မယ်။ သို့သော်လည်း လက်နက်နိုင်ငံတော်ဆိုတဲ့ နိုင်ငံရေး လူပေါင်းစုထဲမှာတော့ စကားမတူပေမဲ့ တနိုင်ငံတည်း ဖြစ်နိုင်တယ်ဆိုတာ ဖော်ပြထားတယ်။

## လူမျိုးရေး လူနည်းစု

ကောင်းပြီ။ ဒီအချက်တွေကို အခြေပြုပြီး စဉ်းစားယင် ကျွန်တော်တို့ ဗမာပြည်မှာ ( Nation or Nationality ) လူမျိုးကြီး အဖြစ်နဲ့ ဘယ်နှစ်မျိုး ရှိသလဲ ဆိုယင် စင်စစ်ပြောရယင်တော့ အားလုံး တမျိုးတည်းဘဲ ရှိနိုင်

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ( Race, Tribe ) ဆိုတဲ့ဟာမျိုးတွေ ရှိသပေါ့။ ဒါမျိုးတွေကော ( Nation or Nationality ) ထဲမှာ မရှိဘူးလား ဆိုတော့ ရှိသတဲ့။ သူတို့ကို (National Minority) လို့ ခေါ်တယ်။ လူမျိုးရေးလူနည်းစုတွေလို့ ခေါ်တယ်တဲ့။ အဲအခုန ကျွန်တော်တို့ ဇမာပြည်မှာ လူမျိုးကြီးလို့ စင်စစ် ခေါ်နိုင်တာ အားလုံး ပေါင်းခေါ်မှ ဖြစ်နိုင်တယ်လို့ ကျွန်တော့်ဘာပြုလို့ ပြောရသလဲဆိုယင် အထက်မှာ ဖော်ပြခဲ့တဲ့အချက်တွေနဲ့ ပြည့်စုံတဲ့လူပေါင်းစု ဆိုလို့၊ ရှမ်းလူမျိုးကို ပြောမယ်ဆိုယင်တော့ စင်စစ် မဟုတ်တဲ့ ခပ်လျော့လျော့ သဘောမျိုးဆိုယင် လူမျိုးကြီးလို့ ခေါ်နိုင်ပါလိမ့်မယ်။ တခြား လူမျိုးတွေ ဆိုယင် မခေါ်နိုင်ဘူး။

## ကွဲပြားချက်တွေ

ဥပမာ ဂျိန်းဖေသလူမျိုး သူ့ယီမှာ အထက်ပါ လူမျိုးကြီး အင်္ဂါ ပြည့်ပြည့်စုံစုံ မရှိဘူး။ အထူးသဖြင့် စီးပွားရေးမှာ သွေးညီးမဖြစ်နိုင်ဘူး။ ဥပမာ ချင်းချင်းကျတော့ ပို့စတောင် ဆိုးသွားသေးတယ်။ ဘာပြုလို့လဲဆိုယင် သူတို့မှာ စကားတူကို မရှိဘူး။ အချင်းချင်းကျတော့ ဗမာစကားယင်လဲသုံး။ အင်္ဂလိပ် တော့ စီမံခဲ့လို့ ကုလားစကားယင်လဲ သုံးနေရတာဘဲ။ ကရင်နီကို ကြည့်။ လူဦး ရေကလဲ မိုးကြိုးနယ်ဆိုတာ သည့်ပါမှ ရှစ်သောင်းလောက်ဘဲရှိတယ်။ အဲဒီ ရှစ်သောင်းလောက်က အချင်းချင်း သာစကား သုံးနေရသလဲ ဆိုယင် ဗမာ စကားကို သုံးရတယ်။ ကရင်လေ့မျိုး ကြည့်အုံးမလား။ အမျိုး ၁၂ မျိုး လောက်ကွဲပြီး စကားဆိုယင်လဲ (Principal Languages) အဓိက စကား နှစ်မျိုးတောင် ရှိနေတယ်။ အချင်းချင်း ကျတော့ ဗမာ စကားဘဲ သုံးရ တာဘဲ။ ရှမ်းဆိုတာလဲ အမှန်ကတော့ ဗမာစကား အများ အားဖြင့် နား လည် ကြတာဘဲ။ ယဉ်ကျေးမှု ဆိုယင် ဗမာယဉ်ကျေးမှုနဲ့ တူတာတော့ အများကြီးဘဲ။ လူမျိုးကြီး အချင်းချင်း ဆိုယင်တော့ (Nations are sovereigns and all nations are equal) လို့ လူမျိုးကြီးတွေဟာအချုပ်အချာ အာဏာရှိတယ်။အတူတူဘဲ၊ တန်းတူဘဲလို့ စတာလင်က ဆိုသွားတယ်။

## ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်

ဒါဖြင့် ဒီအခိပ္ပာယ်က ဘယ်လို သဘောလဲ။ လူမျိုးကြီး ဆိုတာ အချင်းချင်း ပေါင်းသင်းနေယင် (Regional Autonomy) ဆိုတဲ့ နယ်မြေအရ ကိုယ်



ပိုင် အုပ်ချုပ်ခွင့်ရပြီး ခွဲထွက်ခွင့်ပါ ရထိုက်သတဲ့။ ကိုယ်ပိုင် ပြဋ္ဌာန်းနိုင်ခွင့် လုံးဝ ရထိုက်သတဲ့။

The right of self-determination means that a nation can arrange its life according to its own will. It has the right to arrange its own life on the basis of autonomy.

It has the right to enter into federal relation with other nations. It has the right to complete secession.

လို့ ဆိုထားတယ်။ ဒါပေမဲ့ ဆက်ပြောထားတာ ရှိသေးတယ်။

This of course does not mean that Social Democrats will support every demand of a nation. A nation has the right even to return to the order of things; but this does not mean that Social Democrats will subscribe to such a decision if taken by any institution of the said nation ..................ပြီးတော့

In fighting for the right of nations to self-determination, the aim of the Social Democrats is to put an end to the policy of national oppression, to render it impossible, and thereby to remove the grounds of hostility and reduce it to a minimum.

ကိုယ်ပိုင် ပြဋ္ဌာန်းနိုင်ခွင့်ကို လူမျိုးကြီး ဆိုတာတိုင်း ရထိုက်တယ် ဆို ပေမဲ့ နေရာတကာ အမြဲတမ်း မဟုတ်ဘူး။ ကောင်းကျိုး လုပ်ဖို့သာ ဖြစ် တယ်။ ဆိုးကျိုး လုပ်ဖို့ မဟုတ်ဘူး ဆိုတာ ပြောထားတယ်။ လူမျိုးအချင်း ချင်း ချယ်လှယ်သွေးခွဲမှု၊ နှိပ်စက်မှု မဖြစ်ရအောင် ဒီအခွင့် အရေးမျိုးကို လူမျိုးကြီးတိုင်းကို ပေးတာဘဲ။ ပြီးတော့ "မတ်ဝါဒ" ရှိကာ ဆရာ တဦးကလဲ

It would be wrong to say that Marxists must support every national movement and that they have to apply the principle of national self-determination as a dogma in every simple case. Also the right of self-determination of this or that national group has to be definitely denied if under the given conditions it would serve reactionary purposes and do a disservice to the general cause of democracy.

ကွယ်လွန် သွားတဲ့ လီနင် ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကလဲ ဆိုထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



The various demands of democracy, including self-determination, are not absolute, but a small part of the general democratic (now general socialist) world movement. Possible in individual concrete cases, the part may contradict the whole, if so it must be rejected.

နောက်ပြီး

The question of the right of a nation freely to secede must not be confused with the question of whether it would be expedient for any given nation to secede at any given moment.

ဒါတွေ အားလုံးခြုံလိုက်တော့ ဘာအဓိပ္ပာယ် ထွက်သလဲဆိုယင် လူမျိုးကြီးဆိုတာ အချင်းချင်း ပေါင်းကြယင် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အရ ပေါင်းကြ။ ဒါပေမဲ့ နေရာတကာ အချိန်အခါတိုင်းမှာ အခြေအနေ အကျိုးအကြောင်းကို မထောက်ဘဲ အရမ်းကိုယ်ပိုင် ပြဋ္ဌာန်းခွင့် မဟုတ်ရဘူး ဆိုတဲ့ အဓိပ္ပာယ်ပါဘဲ။ ဒါက (Nation or Nationality) ဆိုတဲ့ လူမျိုးကြီးနှင့် ပတ်သက်ပြီး သိသင့် သိထိုက်သော သဘော တရားတွေဘဲ။ ပြီးတော့ ...

Of course, not one of the regions constitutes a compact homogeneous nation for each is interspersed with national minorities. Such are the Jews in Poland, the Latvians in Lithuania, the Russians in Caucasus, the Poles in the Ukraine, and so on. It may be feared, therefore, that the minorities will be oppressed by the national majorities. But there will be grounds for this fear only if the old order continues to prevail in the country. Give the country complete democracy and all grounds for this fear will vanish.

What is it that particularly agitates a national minority? A minority is discontented because it does not enjoy the right to use its native language. Permit it to use its native language and the discontent will pass of itself. A minority is discontented because it does not possess its own schools. Give it its own schools and all grounds for discontent will disappear. A minority is discontented because it does not enjoy liberty of conscience, etc. Give it these liberties and it will cease to be discontented. Thus "national equality in all forms (languages, schools etc) is an essential element" in the solution of the national problem.

A state law based on complete democracy in the country is required, prohibiting all national privileges without exception and all kinds of disablities and restrictions on the rights of national minorities.



ဒီဟာကတော့ လူမျိုးရေး လူနည်းစု အခွင့် အရေးတွေနှင့် ပတ်သက်ပြီး သိသင့် သိထိုက်တဲ့ အချက်တွေဘဲ။ ပြီးတော့ လူမျိုးရေးလူနည်းစုဆိုတာ လူဦးရေ ဘယ်လောက်ရှိမှ လူမျိုးရေး လူနည်းစု ခေါ်မလဲ ဆိုတာကိုလဲ သိဖို့ လိုတယ်။ အရင် စစ်မဖြစ်ခင်တုန်းက ရှိခဲ့တဲ့ နိုင်ငံပေါင်းဆုံ အသင်းချုပ်ကြီးက သရုပ် ပြဋ္ဌာန်းထားတာကတော့၊ လူမျိုးရေးလူနည်းစုဆိုတာ လူမျိုးရေး လူများစုရဲ့ ငါးပုံတပုံလောက်ရှိမှ လူမျိုးရေးလူနည်းစုလို့ ခေါ်နိုင်မယ်လို့ ဆိုထားတယ်။ ဘာပြုလို့လဲ ဆို ရှမ်းပြည်မှာ လူမျိုးပေါင်း ၂၈ ၃၀ လောက်ရှိတယ်။ အဲဒီလိုသာလူမျိုးကွဲတိုင်း ဖရောက်ခေါ် နေရယင်ဆုံးမှာ မဟုတ်ဘူး။ဒါကြောင့် လူဦးရေ သတ်မှတ် ရတာဘဲ။ သို့ပေမဲ့ ဗမာပြည် အဖို့မှာ လူမျိုးရေး လူများစုရဲ့ ငါးပုံ တပုံဆိုတာတော့ များလွန်းအားကြီးတယ် ထင်တယ်။ ဆယ်ပုံ တပုံလောက် ရှိယင်ဘဲ လူမျိုးရေး လူနည်းစုလို့ ခေါ်သင့်တယ်လို့ ကျွန်တော် ယူဆတယ်။ လူမျိုးရေး လူများစုရဲ့ ငါးပုံ တပုံရှိမှ လူမျိုးရေး လူနည်းစု ဆိုယင်တော့ ဗမာပြည်မမှာ လူမျိုးရေး လူနည်းစုကို မရှိနိုင်တော့ဘူး။

## ကရင်လူမျိုးရေး လူနည်းစု

ဒါပေမဲ့ ဥပမာ ကရင်လူမျိုးဆိုလို့ ရှိယင် လူမျိုးရေး လူနည်းစုအဖြစ်နဲ့ အခွင့် အရေးတွေ ခံသင့်သလောက် မရဘဲ ရှိနေတယ်ဆိုတာ ငြင်းလို့ ကျုပ်တို့ ရမှာ မဟုတ်ဘူး။ ပြီးတော့ သူတို့တတွေဟာလဲ ဗမာတွေရဲ့ ဆယ်ပုံတပုံလောက် အမြင့်ဆုံး ရှိလိမ့်မယ်။ အဲဒါကြောင့် သူတို့ကိုတော့ လူမျိုးရေး လူနည်းစု အခွင့် အရေးတွေကို ပေးဖို့ တောင်းတယ်။ မွန်လူမျိုးကိစ္စ ဆိုယင်တော့ သူတို့မှာ အခုလူမျိုးရေး လူနည်းစုအဖြစ်နဲ့ မွန်စာပေ၊ မွန်ကျောင်းတွေ ကိစ္စလောက်က လွဲယင် တခြား နစ်နာချက်တွေ မရှိပါဘူး။ မွန်ရယ်၊ ဗမာရယ် ခွဲခြားပြီး ကရင်လို သဘောထားသလိုထားစေချင်လို့တော့ မဖြစ်နိုင်ဘူး။

## ပြည်ထောင်စုနိုင်ငံ ထူထောင်ကြစို့

ဒီတော့ လူမျိုးရေး ပြဿနာနဲ့ ပတ်သက်ပြီး ကျွန်တော် တော်တော် စုံစုံလင်လင် ပြောပြပြီးတဲ့နောက်၊ ကျွန်တော်တို့ ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘောတည်ထောင် မလား။ လူမျိုးကြီး တမျိုးတည်း

www.burmeseclassic.com

www.burmeseclassic.com



ဘဲဆိုတဲ့ တိုင်းပြည်မျိုး (Unitary State) တည်ထောင်မလား ဆိုတဲ့ မေးခွန်းကို ဖြေဆိုလိုတယ်။ ကျွန်တော့် အမြင်အရ ဆိုယင်တော့ အထက်လူမျိုးရေး အရ ရသင့်ရထိုက်တဲ့ အခွင့် အရေးမျိုးတွေကို စည်းကမ်းသတ်မှတ်ပေးပြီးတော့ (Unitary State) လူမျိုးကြီး တမျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ ထောင်လို့ မဖြစ်ဘူး။ ပြည်ထောင်စု သဘောမျိုးဘဲ ဖြစ်ရမှာဘဲ။ ဒါပေမဲ့ ပေါင်းခါမှ ဆေးအတွက် လေးတဲ့ ပြည်ထောင်စုမျိုး၊ လီနင်ပြောသလို တစိတ် တဒေသက တခုလုံးကို ဆန့်ကျင်တဲ့ (The part contradicting the whole) ပြည်ထောင်စုမျိုး ဆိုယင်တော့ မဖြစ်နိုင်ဘူး။ အထူးသဖြင့် ပြည်ထောင်စုဟာ စီးပွားရေး တိုးတက်မှုကို စုပေါင်းပြီး စနစ်တကျ စီစဉ်နိုင်မဲ့ ပြည်ထောင်စုမျိုး ဖြစ်ရလိမ့်မယ်။ ဒါမှ လူမျိုးအားလုံး၊ တိုင်းသူ ပြည်သား အများဆုံး တိုးတက်မှုကို လုပ်နိုင်မှာဘဲ။ ပေါင်းတယ်ဆိုတာ အချင်းချင်း ကောင်းကျိုး ရှိအောင် ပေါင်းကြတာ ဖြစ်ပြီး ဆိုးကျိုးရှိအောင် ပေါင်းတာမျိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

ဒီလူမျိုးရေး ပြဿနာနဲ့ ပတ်သက်ပြီး နောက် အကြောင်း ပေါ်ယင်ပေါ်သလို ဆွေးနွေးသင့်ယင် ဆွေးနွေးပါအုံးမယ်။ အခု ဒီမိန့်ခွန်းမှာတော့ ဒီလောက်နဲ့ဘဲ ဆော်လောက်ပြီလို့ ကျွန်တော်ယူဆပါတယ်။

ကိုင်း– ကျုပ်တို့ လာမဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်မှာ ဘယ်လို ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမျိုး ရေးဆွဲဆုံးဖြတ် သင့်တယ်ဆိုတာနဲ့ ပတ်သက်ပြီး အခြေခံ အရေးတွေကို ကျွန်တော်ပြောပြခဲ့ပြီ။ ဒီမြင် ကျွန်တော်တို့ ဘာတွေလုပ်ကြဦးမလဲဆိုတာတွေ စဉ်းစားကြအုံးစို့။

ပဌမ ကျုပ်တို့ တိုင်းပြု ပြည်ပြု လွှတ်တော်ကနေပြီး ဘယ်လို ဘယ်လိုဆုံးဖြတ်သင့်တယ် ဆိုတာတွေ စဉ်းစားတာကတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ကျုပ်တို့ ဆုံးဖြတ်တာ အထည် ဖြစ်ပါ့မလား။ ကျုပ်တို့ တိုင်းပြုပြည်ပြု လွှတ်တော်ဟာ အချုပ်အချာ အာဏာရှိရဲ့လားဆိုတဲ့ မေးခွန်းကို ကျွန်တော်ဖြေပြလိုတယ်။ အိန္ဒိယပြည်မှာ တိုင်းပြုပြည်ပြု လွှတ်တော်ဟာ အချုပ်အချာအာဏာနဲ့ ပြည့်စုံတဲ့ အဖွဲ့လို့ ယူဆပြီး စီစဉ်ကြတယ်။ ဘယ်လို စီစဉ်ကြသလဲဆိုယင် တိုင်းပြုပြည်ပြု လွှတ်တော်စတဲ့ နေ့ကစပြီး တိုင်းပြုပြည်ပြု လွှတ်တော်



နဲ့ ဆိုင်သမျှ ကိစ္စမှန်သမျှ တိုင်းပြု ပြည်ပြု လွှတ်တော်သာလျှင် အာဏာပိုင်ဆုံးဖြတ်နိုင်တယ်။ အစိုးရနဲ့ မဆိုင်ဘူး ဆိုပြီး စီစဉ်ကြတယ်။ ကျုပ်တို့ ဘိလပ်အစိုးရနဲ့ သဘောတူထားတဲ့ အတိုင်း ကတော့ တိုင်းပြု ပြည်ပြု လွှတ်တော်က ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေကို ဆုံးဖြတ်ပါ ဆိုတဲ့ အချက်ပါခဲ့တယ်။ သို့သော် အချုပ် အချာ အာဏာဆိုတာ ဥပဒေ သဘော၊ ပါးစပ် သဘော ဖြစ်ရုံနှင့် မပြီးသေးဘူး။ ကျုပ်တို့ တိုင်းပြည် နောက်က၊ ကျုပ်တို့ တိုင်းပြုပြည်ပြု လွှတ်တော်နောက်က (Popular mass sanction) ခေါ်တဲ့ တိုင်းပြည်လူထုရဲ့ အားပေးထောက်ခံမှု ရမှ အချုပ်အချာအာဏာ ဆိုတာ သေသေချာချာ အကောင် အထည် ပေါ်နိုင်မယ်။

ကျွန်တော်တို့လို အခြေ အနေမျိုး မပြောနဲ့။ လွတ်လပ်နေတယ် ဆိုတဲ့ နိုင်ငံတွေရဲ့ အချုပ် အချာ အာဏာတွေတောင် ကိုယ့်တိုင်းပြည်နောက်က (Sanction) အားမကောင်းလို့ရှိယင် အချုပ် အချာမဲ့တယ်ဆိုတာ ကျွန်တော်တို့ သတိ ပြုကြရမယ်။ အဲဒါက ဥပဒေ သဘော ဥပဒေစကား မဟုတ်ဘူး။ နိုင်ငံရေးသဘော၊ နိုင်ငံရေး စကားဘဲ။ ကျွန်တော်တို့ တိုင်းပြုပြည်ပြု လွှတ်တော် ပေါ်ပေါက်လာရခြင်းဟာ တော်လှန် ထကြပြီး အာဏာသိမ်းပိုက်ပြီးတဲ့ နိုင်ငံ အခြေ အနေမျိုးမှာ ပေါ်ပေါက်တာမျိုး မဟုတ်ဘဲ တဝက် တပျက် တော်လှန်ရေး အခြေအနေ (Semi-revolutionary situation) မျိုးမှာ နှစ်ဦးနှစ်ဖက် စေ့စပ်ပြီး ပေါ်ပေါက်လာရတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်မျိုး ဖြစ်တော့ သူ့အခြေ အနေအတိုင်း ထူးဆန်းတဲ့ အကြောင်းခြင်းရာတွေ တွေ့ရတယ်။ အမှန်ကတော့ တိုင်းပြု ပြည်ပြု လွှတ်တော်ကို ကျေးပမီ လုပ်ကိုင်တဲ့ ယာယီ အမျိုးသား အစိုးရ (Provisional National Government) ဆိုတာမျိုး ပေါ်ပေါက်ပြီး လုပ်နိုင်ယင်တော့ ပိုပြီးကောင်းတာဘဲ။ ဒါပေမဲ့ ကျုပ်တို့ဟာ ဘဝ အခြေအနေ မှန် အတိုင်းကောင်းတာကို စိတ်ကူးသန် သလို ပြောမနေဘဲနဲ့ ဖြစ်သလိုကနေပြီး ကိုယ်လိုရာ ကိုယ်ရောက်အောင် ဆွဲဆောင်သွားနိုင်မှ ခေါင်းဆောင်တွေ စစ်မယ်။ တော်လှန်ရေး သမားစစ်မယ်။ နေပါအုံး။ တော်လှန်ရေးဆိုတာ ဘာလဲ။ ဒီမေးခွန်းကို ကျွန်တော်မေး၊ ကျွန်တော်ဖြေချင်သေးတယ်။ ဘာပြုလို့လဲဆိုယင် ကျုပ်တို့တိုင်းပြည်မှာ လူငယ်တွေ တော်လှန်ရေးစကား တော်တော်ပြောကြတယ်။ ဒါကြောင့် ဒီအရေးကို ကျွန်တော် အခုဆွေးနွေးရတာဘဲ။

www.burmeseclassic.com

www.burmeseclassic.com



## တော်လှန်ရေးဆိုတာ ဘာလဲ

ဘာလဲ တော်လှန်ရေး။ အကြမ်း ပတမ်း လုပ်တာတိုင်း တော်လှန်ရေးလား။ မဟုတ်ဘူး။အဖျက်လုပ်ငန်းဆိုတာတိုင်း တော်လှန်ရေးလား။ မဟုတ်ဘူး။ လုပ်ချင်တိုင်း လုပ်လို့ရသလား။ မဟုတ်ဘူး။ ဘာရည်ရွယ်ချက်နဲ့လဲ။ ဘယ်လိုလဲ၊ လဲ လဲ လဲ။ အဲဒီလို "လဲ" တွေ အမျိုးမျိုးနဲ့ ကျွန်တော်တို့ စဉ်းစားကြဖို့။ တရုံးရောအခါက ဒီမေးခွန်းကို ကျွန်တော် ဒီလို ဖြေခဲ့တယ်။

Revolution is direct participation of masses themselves to shape their own destiny fundamentally by all possible means; historically inevitable and necessary, and inadmissible of all forms of dry schematisation unrelated to given historical conditions, and of blind, negative, spontaneous, destructive character; and therefore creative in the highest degree. Its fundamental objective is the emencipation of all toilers; its basis mass participation, its guarantee of victory mass consciousness. (in other words, the digree to which the toiling mass is organised and thus conscious of its role and power.)

## ‌ောာ်လှန်ရေး ဆိုတာ

တော်လှန်ရေး ဆိုတာ လူထုက လူထုရဲ့ ကံကြမ္မာကို အခြေခံကနေပြီး ဖန်တီးရာမှာ ဘယ်လိုဘဲ ဖြစ်ဖြစ် ဆိုပြီး လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်း ဖြစ်တယ်။ ရာဇဝင်ကြောင်း အရ မလွဲမရှောင်သာလို့လဲ လိုတယ်။ ဖြစ်ပျက် ပေါ်ပေါက်နေတဲ့ ရာဇဝင်အခြေအနေအချက်အလက်တွေနဲ့ အခြားတလမ်း ဖြစ်တဲ့ အခြောက်တိုက် စိတ်ကူး စီမံကိန်းမျိုးနဲ့တော့ မဖြစ်နိုင်ဘူး။ ပြီးတော့ မျက်စိ စုံမှိတ်ပြီး အကန်းလို ရမ်းလို့ မဖြစ်ဘူး။ တဖက်တွင်သာ လုပ်တဲ့ အလုပ်၊ အလို အလျောက် လူထု ထကြွမှု ဖျက်ဆီးရုံ့ အလုပ်ကိုလဲ လက်မခံနိုင်ဘူး။ အဲဒါတွေကြောင့် တော်လှန်ရေးဆိုတာ အကြီးအကျယ်ဆုံး ပြုပြင် ဖန်တီးတတ်တဲ့ သတ္တိ ရှိပါတယ်။ တော်လှန်ရေးရဲ့ အခြေခံ ရည်ရွယ်ချက်ကြီးကတော့ လုပ်စား ကိုင်စား လူထုကြီး¥လွတ်လပ်မှု ဖြစ်ပါတယ်။ တော်လှန်ရေးရဲ့ အခြေခံ အုတ်မြစ်ကတော့ လူထုပါဝင်အောင် ဆောင်ရွက်ရေး ဖြစ်ပါတယ်။ တော်လှန်ရေး အောင်မြင်ဖို့ အခြေခံကတော့ လူထုကြီးရဲ့ နိုးကြားထကြွမှု တနည်းအားဖြင့် လူထုကြီးဟာ ဘယ်အထိ ဖွဲ့ဖွဲ့ စည်းစည်း



ရှိလို့ ဘယ်အထိ မိမိရဲ့ တာဝန်နဲ့ တန်ခိုး အာဏာကို သိရှိ နားလည် နိုးကြားသလဲဆိုတဲ့ အပေါ်မှာ တည်ပါတယ်။ အဲဒီလို ကျွန်တော် ဖြေခဲ့တယ်။

ဒီနေ့လဲ ဒီလိုဘဲ ဖြေရမှာဘဲ။ ကျွန်တော်တို့ အခု လုပ်နေတာ အားလုံးတွေဟာ ဘာကို လုပ်နေတာလဲ။ ကျုပ်တို့ တိုင်းပြည်ကြီးကို တော်လှန်ပြောင်းလဲ နေကြတာဘဲ မဟုတ်လား။ အဲဒီလို တော်လှန် ပြောင်းလဲနေတဲ့ အခါ ကြမ်းသင့်တဲ့အခါလဲ ကြမ်းခဲ့တယ်။ ကြမ်းစရာလိုသေးယင်လဲ ကြမ်းရအုံးမှာဘဲ။ သို့သော်လဲ အရမ်းကြမ်းရမယ်ဆိုတာတော့ ကျွန်တော် နားလည်သလောက် တကယ့် တော်လှန်ရေး သဘောတရား မဟုတ်ဘူး။ အမိဝမ်းက ဖွားမြင်လာသော ကလေးဟာ မမွေးခင် ပဋိသန္ဓေတည်ရတယ်။ နေ့ရက်စေ့မှ မွေးဖွားရတယ်။ အဲဒီ မတိုင်မီ မွေးဖွားယင်သေယင်လဲ သေမယ်။ လျှောယင်လဲလျှောမယ်။ချည့်နဲ့ယင်လဲချည့်နဲ့မယ်။အင်မတန်ကောင်းခဲ့တယ်။ပြီးတော့ မွေးဖွားတဲ့ အခါမှာလဲ ပြင်းပြင်း ထန်ထန်နဲ့ ဖွားရတာ ရှိတယ်။ သက်သက်သာသာနဲ့ ဖွားရတာ ရှိတယ်။ အမေ၊ အဖေရဲ့ ကျန်းမာရေး၊ လက်သယ်လုပ်တဲ့ သူ ကျင်လည်မှု အစရှိတဲ့ အခြေ အနေတွေ အရ ဖြစ်တာဘဲ။ အခုလဲ အဲဒီ အတိုင်း တော်လှန်ရေးကို စဉ်းစားမယ်ဆိုယင် တချို့ လူတွေက ကြမ်းမှ အာဏာသိမ်းရမယ်ဆိုပြီးပြောကြတယ်။ ကိုင်း—ရုရှားပြည်မှာတော်လှန်ရေး ဖြစ်တုန်းက အာဏာ သိမ်းယူတဲ့ အခါ ကြမ်းခဲ့ရသလား။ ရှုကြည့်ယင် မကြမ်း ခဲ့ရဘူး။ သိမ်းပြီး အာဏာကို နောက်ကျတော့ ပြန်ကာကွယ်တဲ့ အခါမှာ ကြမ်းတာတွေ လုပ်ရတယ်။ ဘာပြုလို့ အာဏာ သိမ်းတဲ့ နေရာမှာမကြမ်းခဲ့ရသလဲ။

## အာဏာထိန်းသိမ်းထားနိုင်ဖို့ လိုတယ်

တော်လှန်ရေး လုပ်တဲ့ လူတွေက ကြမ်းချင်လို့လဲမဟုတ်ဘူး။ မကြမ်းချင်လို့လဲ မဟုတ်ဘူး။ ကြမ်းစရာကို မလိုလို့ မကြမ်းရတာဘဲ။ တော်လှန်ရေးရဲ့ နောက်ဆုံး အဆင့်ဟာ အာဏာလက်ရ သိမ်းပိုက်မှုဘဲ။ အာဏာလက်ရသိမ်းပိုက်မှု ဆိုတာလဲ ကနေ့ အာဏာရပြီး နက်ဖြန် ပြန်လွတ် သွားတာမျိုး မဟုတ်ဘူး။ ရပြီးတဲ့ အာဏာကို ထိန်းထားနိုင်အောင် စီစဉ်ပြီး သိမ်းပိုက်မှု တကယ့် အာဏာ သိမ်းပိုက်ရာ ရောက်မယ်။ အရင်စစ်ကြီး ဖြစ်ခဲ့တဲ့ အခြေ

www.burmeseclassic.com

www.burmeseclassic.com



အခါနဲ့ အခု စစ်ကြီး ပြီးခဲ့တဲ့ အခြေအနေ ခြားနားမှုကိုလဲ ကျွန်တော်တို့ မြင်ရမယ်။

အရင်စစ်ကြီး အပြီးတုန်းက နယ်ချဲ့စံနစ်ဟာ အခုလို မယိုင်လဲသေးဘူး။ ဆိုဗီယက် ယူနီယံ၊ ဥရောပ အရှေ့၊ တရုတ်ပြည် မြောက်ပိုင်းတို့မှာလို တော်လှန်ရေး အောင်မြင်ထားတဲ့ နိုင်ငံတွေ မရှိသေးဘူး။ ပြီးတော့ အရှေ့ အာရှ တောင်ပိုင်း အခြေအနေကို သုံးသပ်ရမယ်။ အင်ဒိုနီးရှားမှာ လက်နက်နဲ့ တော်လှန်ခဲ့တယ်။ လုံးဝ လွတ်လပ်ရေး ရလား။ မရသေးဘူး။ ဒီတော့ ကျုပ်တို့ တော်လှန်ရေးလုပ်ယင် ဘယ်အထိ အလွန်ဆုံးလုပ်နိုင်မလဲ။ အမျိုးသား ဒီမိုကရေစီ တော်လှန်ရေး ဆိုတာထက် ပိုမသွား နိုင်ဘူး။ ဒါအလွန်ဆုံးဘဲ တခုနဲ့တည်းနှင့် လှေကား အဆင့်ဆင့် ကျော်ရောက်ချင်လို့ မဖြစ်ဘူး။

There are in the meantime, another kind of people, who though they may not be malicious, often got taken in by the so-called "theory of one stage Revolution" and the entirely subjective thesis which purports to "complete the political and social revolution in one stroke" in utter disregard of the development of the revolution, i. e. the necessity of a period of transition between one revolution and another; and then permit themselves the nonsense of the talk referred to, viz., "to complete the political and social revolution in one stroke."

သူ့နည်းနှင့်သူ ကိုယ့်နည်းနှင့်ကိုယ်

အဲသလို တရုပ် ကွန်မြူနစ် ခေါင်းဆောင် မော်စီတုန်းက ပြောခဲ့တယ် မဟုတ်လား။ နောက်ပြီး စတာလင်ဟာ မတ်ဝါဒီသမားတွေဟာ အရင်းရှင် စံနစ်ကို တော်လှန် ပြောင်းလဲပြီး ဆိုရှယ်လစ် ခေါ် တူဆောင်တဲ့ နေရာမှာ တလမ်းတနည်းတည်းသာ ရှိကြလို့ မဟုတ်ဘူး။ ရုရှားပြည်ရဲ့ နည်းဟာ ရုရှား ပြည်ရဲ့ အခြေ အနေအရဖြစ်တယ်။ အင်္ဂလန် ပြည်မှာ အင်္ဂလန်ပြည်ရဲ့ အခြေ အနေအရ အင်္ဂလိပ်နည်းအရ ဖြစ်တယ်။ ရုရှားနည်းက ပိုကြမ်းတယ်။ အင်္ဂလိပ်နည်းက ပိုခရီးရှည်တယ် အစရှိသည်အားဖြင့် ပြောခဲ့တယ်။ နောက်ပြီး စတာလင်ကဘဲ (Revolution does not come of itself. It must be prepared for and won) တော်လှန်ရေး ဆိုတာ အလိုအလျောက် မဖြစ်ဘူး။ ပြင်ဆင်ပြီး လုပ်မှ အောင်မြင်နိုင်မယ်လို့ ဆိုခဲ့တယ်။



လွတ်လပ်ရေး စခန်းကို ဘယ်လိုလှမ်းမလဲ

အဲသလို အချက်တွေ စဉ်းစားပြီး ကျုပ်တို့ လွတ်လပ်ရေး စခန်းကို ဘယ်လို လှမ်းရမလဲ။ ကျွန်တော့်အမြင်အရ ပြောရယင် ဗမာပြည်ရဲ့တော်လှန်ရေးဟာ အရှေ့ အာရှတောင်ပိုင်း တော်လှန်ရေးရဲ့ တစိတ်တဒေသအဖြစ်ပူးပေါင်း သွားနိုင်မှ လုံးဝ အောင်မြင်မယ်။ အဲဒီမတိုင်မီ ကျုပ်တို့ အရှေ့ အာရှ တောင်ပိုင်းမှာရှိတဲ့ တိုင်းပြည်တွေ တသီးတခြားစီ ကိုယ့်လမ်း ကိုယ်သွားတဲ့ အခြေအနေမျိုးတွေ ရှိနေအုံးမှာဘဲ။ အဲဒီ အခြေ အနေမျိုးမှာ လွတ်လပ်ရေး ဆိုတာရသလောက်တော့ ရမှာဘဲ။ လုံးဝ ပြည့်စုံမယ်လို့ တသစ်ချ မဆိုနိုင်ဘူး။ အရှေ့ အာရှ တောင်ပိုင်း ပြည်ထောင်စုသာလျှင် အဲဒီအပိုင်းမှာ ရှိတဲ့ နိုင်ငံတွေရဲ့ အစွမ်းကုန် လွတ်လပ်ရေးကို ရယူနိုင်မယ်။ ထိန်းသိမ်းနိုင်မယ်။ တိုးချဲ့နိုင်မယ်။ ဒီအပိုင်းမှာ ကမ္ဘာ့ရဲ့ နယ်ချဲ့ နိုင်ငံတွေ အများဆုံး စုပြီး စိုးမိုးနေကြတယ်။ အဲဒီ နယ်ချဲ့နိုင်ငံတွေဟာ တသီးတခြားစီ အားဖြင့် အင်အားနဲ့ပေမဲ့ စုပေါင်းလိုက်ယင် အားမသေးသေးဘူး။ သူတို့ဟာ တဦးကိုတဦး အကူအညီ ပြုသလောက် ပြုနေကြတယ်။ ကျုပ်တို့ နိုင်ငံအချင်းချင်းကလဲ မိတ်တောင်မှ ကောင်းကောင်း မဆက်နိုင်ကြသေးဘူး။ ကျုပ်တို့ရဲ့ အသီးသီး အင်အားတွေဟာလဲ လုံးဝ ခိုင်မာတောင့်တင်း နေတယ်လို့ မဆိုနိုင်သေးဘူး။

ပြင်ဆင်မှုတွေ လုပ်ကြစို့

အဲဒီလို ဖောက်ပြန်တက် ဖြစ်နေတဲ့ အခြေမျိုးမယ် ကျုပ်တို့ ဝေါဟာဘဲ ရှိနေအုံးမှာဘဲ။ ကျုပ်တို့ရဲ့ နိုင်ငံ အသီးသီးဟာ အိန္ဒိယပြည်နှင့် မတူဘူး။ အိန္ဒိယ ပြည်မှာသာ ဟိန္ဒူနှင့်မွတ်ဆလင် ညီညွတ်နိုင်ယင် အိန္ဒိယ လွတ်လပ်ရေးဟာ ကျုပ်ပြည့် တင်းပြည့် ဖြစ်နိုင်တယ်။ သို့သော်လည်း ဖြစ်သမျှထဲက အကောင်းဆုံး ဖြစ်အောင် ကျုပ်တို့ တိုင်းပြု ပြည်ပြုလွှတ်တော်က ဗမာပြည်ရဲ့ လွတ်လပ်ရေး ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို ဆုံးဖြတ်လိုက်တဲ့အခါ တိုင်းပြည် လူထုအကြိုက်တွေ့မှုကို နိုင်ငံရေး၊ စည်းရုံးရေး၊ စီးပွားရေး ပြင်ဆင်မှုတွေ က တဖက်။ အိန္ဒိယ၊ တရုတ်ပြည်၊ အရှေ့ အာရှ တောင်ပိုင်း အခြား နိုင်ငံတွေ နှင့် ဆက်သွယ်မှု အရပ်ရပ် လုပ်ပြီး ပြင်ဆင်မှုတွေက တဖက်။ ကျုပ်တို့ တိုင်းပြည်ရဲ့ ကာကွယ်ရေး အင်အားစုတွေကို စနိုင်သမျှ ပြင်ဆင်မှုတွေက တဖက်။ အစိုးရလုပ်ငန်းနဲ့ ပြည်သူ့လုပ်ငန်းတွေကိုတွဲဖက်ပြီး ပြင်ဆင်မှုတွေက တဖက်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို အဖက်ဖက် ပြင်ဆင်မှုတွေ လုပ်ပြီးတော့ ကိုင်းပြု ပြည်ပြု လွှတ်တော်ကြီးကို ဧကားသဘော အချုပ် အခြာ အာဏာနဲ့ ပြည့်စုံတဲ့ အဖွဲ့က နေပြီး လက်တွေ့ သဘော အချုပ်အချာနှင့် ပြည့်စုံတဲ့ တိုင်းပြုပြည်ပြု လွှတ်တော် ဖြစ်အောင် ကျုပ်တို့ တိုင်းပြည် ကျုပ်တို့ အခြေ အနေအရ ကျုပ်တို့နည်းတွေနဲ့ ဖန်တီးရလိမ့်မယ်။ အဲဒီလို ဖန်တီးတဲ့ နေရာမှာ ကျုပ်တို့ ဘာတွေ လုပ်ရမလဲ။

## သွေးပုပ်တွေ ဖောက်ပစ်ကြ

၁။ ။ဖ၊ ဆ၊ ပ၊ လ နဲ့ ဆက်သွယ်တဲ့ လူထု အစည်းအရုံး (ပြည်သူ့ရဲဘော်တပ်ဖွဲ့ပါ) တွေက မိမိတို့ အတွင်း အင်အားစုတွေ သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင် ကိုယ့်တပ်လုံ့နိုင်သမျှ လုံအောင် သွေးပုပ်တွေ ဖောက်ပစ်တဲ့ စံနစ်ကို တနိုင်ငံလုံး ချပြီး လုပ်ရလိမ့်မယ်။

၂။ ။နိုင်ငံရေး သင်တန်းတွေကို စံနစ်တကျ ဖွင့်ပြီး နိုင်ငံရေး လုပ်နေတဲ့ လူငယ်တွေကို နိုင်ငံရေး ထပ်ပြီး အပြင်းအထန် သင်ပေးကြရလိမ့်မယ်။

၃။ ။သမဝါယမ လုပ်ငန်းကို အစိုးရအကူအညီရသမျှယူပြီး အကောင်အထည်ဖြစ်သွားအောင် လုပ်ကြရလိမ့်မယ်။

၄။ ။ဖ၊ ဆ၊ ပ၊ လ လွှတ်လပ်ရေး ရုံပုံငွေကို ဆက်ပြီး ကောက်ခံကြရလိမ့်မယ်။

၅။ ။အစိုးရနဲ့ ပြည်သူ ပူးပေါင်းပြီး တိုင်းပြည် ပြန်လည် ထူထောင်ရေးကို ဖ၊ ဆ၊ ပ၊ လ က အင်တိုက် အားတိုက် ညွှန်ကြားခေါင်းဆောင်ပြီး လုပ်သွားရမယ်။

## လွှတ်လပ်ရေးသည် လမ်းဆုံးမဟုတ်

ဖ၊ ဆ၊ ပ၊ လ တိုင်းပြု ပြည်ပြု လွှတ်တော် အမတ်တွေဟာ ဖ၊ ဆ၊ ပ၊ လ အစိုးရကို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အကြံပေးဥာဏ်ပေးကူညီ ဆောင်ရွက်ချထွင် ပေးရုံတင် မကဘဲ မိမိတို့ ဆိုင်ရာ မဲဆန္ဒနယ်တွေနဲ့အဆက် မပြတ်ဘဲ လွှတ်လပ်တဲ့ ဗမာပြည် အတွက် တိုင်းပြည်လူထုကို အမြင်မှန် အတိုင်း ပြင်ဆင် ထားဖို့ လိုတယ်။ အထူးသဖြင့် တိုင်းပြည်လူထုဟာ လွှတ်လပ်ရေးရဲ့ တာဝန်များကိုလဲ ထမ်းဖို့ အဆင်သင့် ဖြစ်အောင် ဟောပြောပြင် ဆင်ထားဖို့လိုတယ်။ လွှတ်လပ်ရေး ရတယ်ဆိုတဲ့ ကိစ္စဟာ လွယ်တဲ့ ကိစ္စ မဟုတ်ဘူး။ လွှတ်လပ်ရေး ရရုံနှင့် ကျုပ်တို့ ပြဿနာတွေ ပြေရှင်းသွားကြမှာမဟုတ်ဘူး။ အဲဒီ အခါကျမှ တကယ့် ပြဿနာတွေ ပေါ်လာလိမ့်မယ်။ လွှတ်လပ်ရေးဟာ လမ်းဆုံး မဟုတ်ဘဲ လူတွေရဲ့ ကောင်းစားရေးကို ရောက်စေမဲ့ လမ်းကြောင်းသာ ဖြစ်တယ်။



## မြှီးမြဲ ငွဲသန်ကြပါ

တိုင်းပြည် ပြန်လည်ထူထောင်ရာမှာ အခု ရုရှား ပြည်သစ် တည်ခါစကလို အခု ဘိလပ်မှာ ဖြစ်နေသလို လူတွေဟာ အင်မတန် မြှီးမြဲ သည်းခံပြီး ငွဲနဘဲနဲ့ စိတ်စ် ဆောင်ရွက်လုပ်ကိုင်နိုင်မှ လောင်စာ ကျပြီး ပြာပုံ အတိဖြစ်နေတဲ့ဗမာပြည်ကြီးကို စည်ပင်သာယာဝပြောအောင် မနည်း ကျုပ်တို့လုပ်ရလိမ့်မယ်၊ ကျုပ်တို့ဟာ လူထုခေါင်းဆောင်တွေ ဆိုလို့ ရှိယင် လူထုနားလည်အောင် ရှေ့ဆောင် ဟောပြော ညွှန်ပြပြီး သတ္တိ ရှိရှိ လုပ်ပြရလိမ့်မယ်။

## လွှတ်လပ်ရေးအတွက် ချသင့်က ချရမယ်

အဲဒီတော့ကာ အင်္ဂလိပ်တွေနဲ့ စာရင်း ရှင်းကြတဲ့ နေရာမှာလဲ ဗမာပြည် လွှတ်လပ်ယင် ဘယ်သူတွေနဲ့ပေါင်းရမလဲ။ ဘယ်သူတွေနဲ့ ပေါင်းလို့ ကောင်းမလဲ။ ကျုပ်တို့ဟာ နိုင်ငံခြား အကူ အညီ ကင်းလို့ မဖြစ်နိုင်ဘူးဆိုတာတွေ ထောက်ပြီး အမြော်အမြင်ကြီးကြီးနဲ့ လုပ်တတ်ရလိမ့်မယ်။ အကြမ်းပတမ်း ဖြစ်ယင်လဲ ဒီလောက်ဘဲ။ ဒီအတိုင်း သွားလဲ ဒီလောက်ဘဲဆိုတဲ့ အခြေ အနေမျိုးဆိုယင်တော့ ကျွန်တော်တို့ အဖို့မှာ ဘယ်သူ ဘာပြောပြော၊ အကြမ်းမကိုင်ဘဲနဲ့ လွှတ်လပ်ရေး အာဏာသိမ်းနိုင်အောင် လုပ်မှာဘဲ။ သို့ပေမဲ့ ဒီလို မဖြစ်နိုင်ဘူး ဆိုယင်တော့ချရမှာဘဲ။ အဲဒီလိုလုပ်ရမဲ့ ကိစ္စတွေမှာ ဖ၊ ဆ၊ ပ၊ လ မှာ ရှိတဲ့ လက်ဝဲသမားတွေရဲ့ ညီညွတ်မှုဟာ အခြေခံ ပင်မ အချက်ကြီး ဖြစ်တယ် ဆိုတာ တုမှေ့ – သင် ပရိသတ် အပေါင်းတို့သည်၊ ဂဏ္ဍထ – မမေ့ မလျော့မပေါ့သတိနှင့် မှတ်သား သွားကြကုန်လော့ဟူ၍ တိုက်တွန်း လိုက်ရပေသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

# မကျေနပ်ယင် ထွက်ပေးမယ်

### ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများ အစည်းအဝေးတွင် ပြောကြားချက်များ

လွတ်လပ်ရေး ရတဲ့ အချိန်အထိတော့ ကျုပ် နိုင်ငံရေးလုပ်ရအုံးမှာဘဲ။ လွတ်လပ်ရေး ရပြီးလို့ ပါတီတိုက်ပွဲတွေ ဖြစ်တဲ့ အချိန်မှာ ကျုပ်က မပါချင်ဘူး။ ဘေးဖယ်နေမယ်။ သူများတွေလုပ်တာ ထိုင်ကြည့်ပြီး စာအုပ်ရေးမယ်။ ကျုပ်လုပ်နေတဲ့ အချိန်အတွင်းမှာတော့ ကျုပ်ရဲ့ ယုံကြည်ချက်အတိုင်း အနိုင်မခံ အရှုံးမပေးဘဲ နောက်ဆုံး အထိလုပ်မှာဘဲ။

## ပြန်လည် ထူထောင်ရေး

ပြန်လည် ထူထောင်ရေး ကွန်ဖရင့် အစည်းအဝေးကို မကြာမီ ခေါ်ယူပြီး လက်ငင်းချက်ခြင်း လုပ်စရာ ရှိသမျှကို အစီအစဉ်များ ရေးဆွဲမယ်။ အစိုးရတို့ ယခု လုပ်နေရပုံမှာ သန့်စဉ် ရာ ကျည်ပေ့လိုက် ဆိုသလို ဟိုကဆွယင် ဟိုလိုက်သည်၊ ဒီကဆွယင် ဒီလိုက်သည် ဆိုသလို ဖြစ်နေတဲ့ အပြင် အလုပ် ကောင်းကောင်း လုပ်ဖို့လဲ အချိန်မရဘူး။ ဒါကြောင့် ရှေးဟောင်းတိုင်း ထမကြည့်နဲ့ ပြောပြန်တော့လဲ မခံချင်ဘူး။

## ဝန်ကြီးလစာလျှော့ရေး ကိစ္စ

လက်ရှိ အစိုးရ အဖွဲ့ ဝါဒ စည်းမျဉ်းအရ လုပ်နေရာ အောင်မြင်တာလဲ ရှိတယ်။ မအောင်မြင်တာလဲ ရှိတယ်။ ဆိုယော် အစိုးရက မိမိတို့ မူလက ကြေညာခဲ့တဲ့ အတိုင်း လုပ်ခဲ့တဲ့ အချက် အမြောက်အမြား ရှိတယ်။ အစိုးရမှာ ဘဏ္ဍာရေး အခြေ အနေ မကောင်းလှသည့် အကြောင်းကိုလဲ တိုင်းပြည်အားရှင်းပြပြီးပါပြီ။ ချွေတာရေး နည်းလမ်း အမျိုးမျိုးကိုလဲ ဘိလပ်အစိုးရထံ အကြောင်း ကြားပြီး ပြန်လည် ထူထောင်ရေး ကွန်ဖရင့် လုပ်ပြီးတာနဲ့





တပြိုင်နက် အစိုးရ ဌာနများမှ လျှော့တန်တဲ့ နေရာလျှော့၊ ပိုတန်တဲ့ နေရာမှာ ပိုလုပ် နိုင်မှာဘဲ၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းကို စနစ်တကျလုပ်နိုင်မှ တိုင်းပြည် နာလန်ထူမှာဘဲ။

## အားလုံး လုပ်ပေးမယ်

ကျောင်းဆရာ၊ အလုပ် သမား၊ အစိုးရ အမှုထမ်းများ အရေးကို သီးခြား မလုပ်ဘဲ အားလုံး ခြုံပြီး လုပ်ရမှာဘဲ။ ဆိုင်ရာ အသင်းအဖွဲ့များက နည်းလမ်းအကျ တရားသဖြင့် တောင်းဆိုကြမယ် ဆိုလျှင် အစိုးရတို့က သေသေချာချာ စဉ်းစားပြီး ထိုက်သင့်သလို ဆောင်ရွက် ပေးမှာဘဲ။ ဒီလိုပြောလို့လဲ တောင်းသမျှ ပေးမယ်လို့ မဆိုလိုဘူး။ ဘယ်အစိုးရမှလဲ တောင်းတိုင်း ပေးနိုင်မှာမဟုတ်ဘူး။

## ဂျပန်ခေတ် လစာဟောင်း

ဂျပန်ခေတ် အတွက် လစာဟောင်းများ အရေးဟာလဲ ကျုပ်တို့နှင့် မဆိုင်။ စစ်အတွင်း ဘုရင်ခံ ဒေါ်မန်ဆမစ်က စစ်နိုင်အောင် ဝါဒ ဖြန့်တာသာ ဖြစ်တယ်။ ဒါပေမဲ့ ကျုပ်တို့က လုပ်နိုင်သမျှ လုပ်ပေးမယ်ဆိုပြီး ယခု နှိုက်ပေးတယ်။ ကျန်ငွေကို စာချုပ် ထုတ်ပေးမယ်လို့ စီစဉ်ထားတယ်။ ထုတ်ပေးမဲ့ စာချုပ်ဟာ ဂျပန်ခေတ်က စာချုပ်မျိုး မဟုတ်ဘူး။ တန်ဖိုးရှိမဲ့ စာချုပ်ပါဘဲ။ အဲဒါကိုဘဲ ကြံဖန်အပြစ်ပြောနေသူက ပြောသေးတယ်။

## ပေးချင်ပေတဲ့ မရှိ

လစာ ပြုပြင်ရေး ကော်မီရှင် ကိစ္စလဲ စဉ်းစားရမယ်။ ခက်တာက အစိုးရမှာ ပေးချင်ပေတဲ့ ပိုက်ဆံကမရှိ။ အစိုးရရဲ့ ဝါဒကတော့ အောက်လူတွေကို တိုးပေးဖို့ မူအားဖြင့် သဘောတူပြီး၊ နိုင်ငံဝန်ထမ်း ပဋ္ဌမတန်းတွေ ဆိုယင် ယခု မလျှော့နိုင်သေးဘူး။ အဲဒီ ဘိလပ် အတွင်းဝန်က တိုက်ရိုက်ခန့်တဲ့ ရာထူးတွေဖျက်ပြီးမှ လျှော့နိုင်မယ်။ ဖျက်ဖို့လဲ စီစဉ် နေပြီ။ အဲဒီ လူတွေကို မလျှော့နိုင်ခင် နိုင်ငံဝန်ထမ်း ဒုတိယတန်းများရဲ့ လစာကိုလဲ မလျှော့ချင်သေးဘူး။ အားလုံးဆွေးနွေးလုပ်မယ်။

အဲဒီလို အခက်အခဲမျိုးတွေ ရှိနေတော့ ပြန်လည် ထူထောင်ရေး ကွန်ဖရင့်မှာ အားလုံး ဆွေးနွေးစဉ်းစားပြီး လုပ်မယ်။ ကွန်ဖရင့်ကို တက်ဖို့ အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



ဖက်က လူတွေ အသင်းအဖွဲ့များနှင့် ကြားလူများကိုလဲ ဖိတ်ခေါ်ပြီး နေ့စဉ် ရက်ဆက် ဆွေးနွေး တိုင်ပင်ပြီးတာနဲ့ တပြိုင်နက် အဲဒီအစီအစဉ်အတိုင်း ကောက်လုပ် မှာဘဲ။

## အလုပ် လုပ်ပါရစေအုံး

အဲဒီလို လုပ်တဲ့အခါမှာ သခ္ခပ်ပင်က မီးတကျည်ကျည် လုပ်တာတော့ လဲ မကောင်းဘူး။ မြောက်ပေးတဲ့ အထဲ သတင်းစာတွေလဲ ပါတယ်လို့ ကျွန်တော်က ပြောချင်တယ်။ အဲဒီလို ခင်ဗျားတို့ လုပ်နေယင် ကျုပ်တို့ကလဲ ဝတ်တရားအတိုင်း အရေးယူလုပ်ရမှာဘဲ။ အဲဒီလို လုပ်ကြယင် မီးခိုးမဆုံး မိုးမဆုံးဖြစ်နေမှာဘဲ။ အဲဒါတွေ ဖယ်ထားပြီး အလုပ်ကလေးလဲ ကောင်းကောင်း လုပ်ပါရစေအုံး။

## အစွန်းမထောင်ပါနဲ့

ကျွန်တော်တို့ကို မကြိုက်ဘူးဆိုယင် ထုံးစံအတိုင်း မကြိုက်တဲ့အကြောင်းကို သေသေချာချာ ပြောကြပါ။ ကျုပ်တို့ ထွက်သွားရုံဘဲ။ ဟိုဖက်က အစွန်းထောင်၊ ဒီဖက်က အစွန်းထောင်အောင်တော့ မလုပ်ကြပါနဲ့။ ဦးစိန္တာကို အစက ဖမ်းဖို့ မရည်ရွယ်ပါဘူး။ ဒါပေမဲ့ သူကတရားလက်လွတ် ရှောက်လုပ်နေလို့ ဖမ်းရတာဘဲ။

## တိုင်းပြည်နာတယ်

ကျွန်တော်တို့ ယခုအုပ်ချုပ်နေလို့ အခွင့်အရေး သိပ်ယူနေကြတယ်။ အင်္ဂလိပ်ဘုရင်ခံသာ တိုက်ရိုက် အုပ်ချုပ်နေမယ်ဆိုယင် ဒီလိုလုပ်ရဲမှာလဲ မဟုတ်ဘူး။ လုပ်ပြန်ယင်လဲ ဥပဒေအတိုင်း အရေးယူယင် ငြိမ်နေမှာဘဲ။ အခွင့်အရေး ပေးထားတော့ ပါးစပ်ကတော့ နယ်ချဲ့သမားတိုက်တယ်။ လုပ်တော့ ကျွန်တော်တို့ကို တိုက်တာဘဲ။ ကျွန်တော်တို့ကို တိုက်တာက အရေးမကြီးဘူး။ တိုင်းပြည်နာတာကခက်တယ်။

## ထွက်ပေးဖို့အသင့်

ဝတ်တရားအတိုင်း လုပ်တာကို မကျေနပ်လို့ရှိလျှင် တိတိလင်းလင်း ပြောကြပါ။ ထွက်ပေးဖို့ အဆင်သင့်ပါဘဲ။ မထိတထိနှင့် ဟိုကပွက် ဒီက



ပွက်တာနဲ့ဆိုလျှင် အရေးမယူဘဲ မနေနိုင်ဘူး။ တိုင်းပြည်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ကိုင်နေတဲ့ အချိန်မှာ ငြိမ်ဝပ်ပိပြားရေး ကိစ္စများကို လိုသမျှ စီစဉ်လုပ်ကိုင်ထားရမှာဘဲ။ အဲဒီလိုအခါမှာ မကျေနပ်လျှင် နည်းလမ်း စည်းကမ်းရှိသမျှ သက်ဆိုင်ရာ ဌာနများမှတဆင့် ပြောဆိုလုပ်နိုင်တယ်။ အဲဒီလို အခွင့်အရေးပေးတိုင်း၊ တောင်းတိုင်း ပေးမယ် မဟုတ်ဘူး။

## နွှဲဆိုး ဆိုးနေကြတယ်

ယခုဘာဖြစ်ဖြစ်၊ ဘာကိစ္စဘဲရှိရှိ ဗိုလ်ချုပ်ဆီ ရောက်လာ၊ ဗိုလ်ချုပ်လဲ အကုန်လုံး မတတ်နိုင်ဘူးဆိုတာ ယခုကြေညာလိုက်ပါတယ်။ ယခု ကျွန်တော့်ထံမှာ ရိုးရိုးသားသား လုပ်မဲ့လူတွေကို ရွေးထားတယ်။ နောက် ငွေကိစ္စနှင့် ပတ်သက်လို့ ကျွန်တော်တို့ စေတနာက ဘယ်လောက်ပေးချင်ပေမဲ့ ငွေ မရှိယင် မဖြစ်တဲ့အတွက် မလုပ်တတ်ဘူး။ အခု ကျွန်တော်တို့ အပေါ်မှာ နွှဲဆိုးဆိုးပြီး စမ်းကြည့်နေကြတယ်။ အဲဒီတော့ ကျွန်တော်တို့ကလဲ နည်းလမ်း စည်းကမ်းအတိုင်း လုပ်ရမှာဘဲ။

## ဦးကျော်ငြိမ်းကိစ္စ

နောက်ပြီး ပြည်ထဲရေး ဌာနနှင့် ပတ်သက်လို့ ကျွန်တော်တို့က ဦးကျော်ငြိမ်းကို တာဝန်အကုန်လွှဲထားတယ်။ အဲဒီတော့ ဦးကျော်ငြိမ်း လုပ်တာဟာလဲ ကျွန်တော်တို့ လုပ်တာဘဲ။ ဦးကျော်ငြိမ်း လုပ်တာကို မကြိုက်ယင် ကျွန်တော်တို့ လုပ်တာကို မကြိုက်တာနှင့် အတူတူဘဲ။ အခု ဦးကျော်ငြိမ်း လုပ်သမျှဟာ မှန်တယ်လို့ ယူဆတယ်။ မှားတာလဲ နည်းနည်းပါးပါးတော့ ပါတာဘဲ။ ဒါပေမဲ့ ယခုဦးကျော်ငြိမ်းလုပ်တာဟာ ကျွန်တော့်သဘောဖြင့် ပျော့သေးတယ်။ ဒီထက်မာဖို့ကောင်းတယ်။ ဘာကြောင့်လဲဆိုလျှင် ကျွန်တော်တို့က ဘယ်သူ ဘာလုပ်မယ်ဆိုတာ ကြိုတင် သိရတဲ့အတွက် အတွင်းရေးတွေ အကုန် ထုတ်ပြောလို့လဲ မသင့်ဘူး။ သိတာတွေမှာလဲ တချို့ကို မသိချင်ယောင် ဆောင်နေရတယ်။ အရေးမယူတဲ့ နေရာမှာလဲ အရေး မယူဘဲ နေခဲ့ရတယ်။ ယခု ဦးကျော်ငြိမ်း ပုလိပ်ကိစ္စကိုလုပ်တာ ကျွန်တော်တို့က လုံးဝ သဘောတူတယ်။ ဦးကျော်ငြိမ်းကို ခင်ဗျားတို့ အပြုတ်လုပ်လဲ နောက်ဆုံး ဌာန ပြောင်းရုံဘဲ ရှိတယ်။ ဌာနပြောင်းဖို့ဟာလဲ ကျွန်တော်တို့က စိတ်ထဲမှာ ဒီလူဟာ ဌာနပြောင်းသင့်တယ်လို့ သဘောပေါက်လောက်မှ ပြောင်း

www.burmeseclassic.com



မှာဘဲ။ ယခု ဦးကျော်ငြိမ်း လုပ်သမျှကို ကျွန်တော်တို့ လုံးဝထောက်ခံတယ်။ အဲဒါကို ခင်ဗျားတို့ ပြောချင်တာပြော၊ ရေးချင်တာရေး၊ ဦးကျော်ငြိမ်း လုပ်တာကို ကျုပ် လုံးဝ ထောက်ခံတယ်။

ကျွန်တော်ကတော့ ယုံကြည်တဲ့အတိုင်း လုပ်မှာဘဲ။ ထိန်းလို့ရယင်ရ၊ မရယင် ကျွန်တော်ရဲ့ ခေါင်းဆောင်မှု ရှုံးတာဘဲ။ ကျွန်တော်လိုလူမျိုးဟာ နိုင်ငံရေး သမားတော့ ဖြစ်မှာ မဟုတ်ပါဘူး။ နိုင်ငံရေး သမားဆိုတာက ဝမ်းထဲမှာ ဘယ်လောက်စိတ်ဆိုးပေတဲ့ ဖုံးထားနိုင်ရမယ်။ ကျွန်တော်တို့က စိတ်ဆိုးလျှင် ဆိုးတဲ့အလိုက် ဖုံးလို့မရဘူး။ ။

# ပြန်လည် ထူထောင်ရေး

ဗိုလ်ချုပ် အောင်ဆန်းသည် အစိုးရ အဖွဲ့ ဖွဲ့စည်းပြီးနောက်၊ တဖက်မှ လွတ်လပ်ရေး စကားကို ပြောပြီးလျှင် တဖက်မှလည်း စစ်ကြောင့် ပြာပုံအတိ ဖြစ်နေသော တိုင်းပြည်အတွက် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို စီစဉ် နေ၏။ ၁၉၄၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် စတင် ကျင်းပသည့် "ဆိုရန်တိုဗိလာ" (ယခု ပြည်လမ်း စာပေဗိမာန်) အဆောက်အဦ၌ ကျင်းပသည့် ပြန်လည် ထူထောင်ရေး လုပ်ငန်း ကွန်ဖရင့်ကို အကဲခပ်လျှင် ဗိုလ်ချုပ် အောင်ဆန်း၏ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များကို တစွန်းတစ သိသာနိုင်၏။

အောက်ပါ မိန့်ခွန်းမှာ ယင်း ပြန်လည်ထူထောင်ရေး ကွန်ဖရင့်၌ ဇွန်လ ၇ ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်း ဖြစ်သည်။

ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား။

လူကြီးမင်းများကို ဤအစည်းအဝေးကြီးသို့ ဖိတ်ခေါ်ရခြင်းမှာ အမျိုးသားရေးတွင် ပဌမတန်းအရေးကြီးလှသော လုပ်ငန်းတခုကို လုပ်ကိုင်ဆောင်ရွက်ဖို့ဖြစ်ပါသည်။အဘယ်ကြောင့် ကျွန်တော်တို့တတွေ ဆွေးနွေးပွဲကြီးတခု ပြုလုပ်ရန် လိုသလဲဆိုသည့် အကြောင်းကိုလည်း လူကြီးမင်းတို့ထံ ဖိတ်စာများနှင့်အတူ ပို့လိုက်သည့် စာတမ်းမှာ အကျဉ်းချုပ် ဖော်ပြထားပြီး ဖြစ်ပါသည်။ လူကြီးမင်းတို့၊ ကျွန်တော်တို့တတွေဟာ တိုင်းပြည်အတွက် ကျွန်တော်တို့ရဲ့ ကိုယ်တွေ့ ဗဟုသုတတွေ၊ အရည်အချင်းတွေ၊ အလုပ်လုပ်ဖို့ အသင့်ရှိတဲ့ ဇောစေတနာတွေကို စုပေါင်းကြဖို့ များစွာပင် အရေးကြီးပါသည်။ တမျိုးသားလုံးကို ပြန်လည် ထူထောင်ရေး အလုပ်အတွက် လုပ်ငန်းစဉ် ရေးဆွဲရမည့်နေရာမှာ လူကြီးမင်းတို့ ပါဝင်ဆောင်ရွက်ဖို့ ဖိတ်ခေါ်ရခြင်းမှာလည်း လူကြီးမင်းတို့၏ ဉာဏ်ပညာ၊ လူကြီးမင်းတို့၏ အတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com



ဗဟုသုတ အမျိုးမျိုးတွေမှ အကျိုးရှိရာ ရှိကြောင်းများကိုရရှိဖို့ရန် ရည်မှန်းပြီး ဖိတ်ခေါ်ရခြင်း ဖြစ်ပါသည်။

ကျွန်တော့်စာတွင် ပါရှိသည့်အတိုင်း အဆိုပါ လုပ်ငန်းစဉ်သည် မည်သို့သော လုပ်ငန်းစဉ်မျိုး ဖြစ်ရမလဲဆိုလျှင် ချက်ချင်းလုပ်လို့ဖြစ်မည့် လုပ်ငန်းစဉ်မျိုး၊ လတ်တလော အကျိုးပေးနိုင်မည့် လုပ်ငန်းစဉ်မျိုး ဖြစ်ရပါလိမ့်မည်။ ယခု ကျွန်တော်တို့ အချိန်အတော်ကြာမှ အကျိုးရှိမည့် ပြန်လည်ထူထောင်ရေး စီမံကိန်းတွေနှင့် များစွာ မပတ်သက်သေးပါဘူး။ ကျွန်တော်တို့ ဘာကိုလိုချင်သလဲလို့ဆိုလျှင် နှစ်ရှည်လများ ဆိုင်းမနေရဘဲ အကျိုးခံစားရမည့် ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်တရပ်ကို ဖန်တီးရေးဆွဲဖို့ လိုပါသည်။ ဤကဲ့သို့သော လုပ်ငန်းစဉ်မျိုးကို အထူးလိုအပ်သည် ဆိုသည့်အကြောင်းကို ကိုယ့်ပတ်ဝန်းကျင်ကို လှည့်ကြည့်လျှင် သိပါလိမ့်မည်။ ကျွန်တော်တို့နေ့စဉ်နေ့တိုင်း တွေ့ကြုံခံစားနေရသည့် များလှစွာသော အချက်များမှာ ပတ်ပတ်လည်ဝိုင်းနေသည့် ပြဿနာအမျိုးမျိုးနှင့် ပတ်သက်ပြီး အားလျော့စိတ်ပေါက်နေဆဲပင် ဖြစ်ပါသည်။ ဤကဲ့သို့ ဖြစ်နေကြရသည်မှာ တိုင်းသူပြည်သားများသည် မိမိတို့ ကြီးပွားရေး တိုးတက်ရေး လမ်းစကို တီထွင်ဖို့ ပျင်းနေကြလို့၊ စိတ်မပါကြလို့ မဟုတ်ပါဘူး။ ဤကဲ့သို့ ဖြစ်နေရခြင်းမှာ တိုင်းပြည်ကို ပြန်လည် ထူထောင်ဖို့ ရာထားချက်များကို ရှေ့ဆောင်ပြီး လုပ်ဖို့ရန်မှာ အစိုးရ၏ တာဝန်ဖြစ်သည်ဟု လူတိုင်းလိုလို သဘောပိုက်တတ်ကြသည့်အတွက် ဖြစ်ပါသည်။ ဤကိစ္စအတွက် ရာထားချက် ဖန်တီးဖို့က လူကြီးမင်းများ၏ တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ အမျိုးသား၊ ကျွန်တော်တို့ တိုင်းပြည်အတွက် ချက်ချင်းလက်ငင်း အကျိုးဖြစ်ထွန်းဖို့ အလုပ်တွေကို ခင်ဗျားတို့ တတ်နိုင်သလောက် အစွမ်းကုန် အကောင်းဆုံးဖြစ်နိုင်အောင်လုပ်ဖို့ အခွင့်အရေးတွေ လူကြီးမင်းများလက်တွင်းမှာ များစွာ ရောက်ရှိနေတယ်ဆိုတာကို သိကြပါလိမ့်မယ်။

ဤကဲ့သို့သော စီမံကိန်းတခုကို ရေးဆွဲရန်မှာ လွယ်ကူသော အလုပ်မဟုတ်ကြောင်းကို သိရှိပါသည်။ အချို့ကလည်း ဤကဲ့သို့သော စီမံကိန်းများ ရေးဆွဲရန် ပညာဗဟုသုတ အထူးလိုလိမ့်မယ်လို့ ထင်မြင်ယူဆကြပါလိမ့်မည်။ ဤထင်မြင်ချက်ကို ကျွန်တော် သဘော တူတန်သလောက်တူပါသည်။



လူကြီးမင်းတို့ အထဲ၌ မိမိထက်သန်ရာဖက်တွင် တတ်ကျွမ်းနားလည်သည့် ပုဂ္ဂိုလ်များ ရှိပါသည်။ ထိုပုဂ္ဂိုလ်များ၏ အကူအညီသည် အလွန်ပင် အဖိုးတန်ပါလိမ့်မည်။ သို့သော် အလုပ်ကို ရာထားသည့် စည်းမျဉ်းအတိုင်း လုပ်ရန် လိုပါလိမ့်မည်။ ဘေးပန်း အလုပ်ကို လျှောက်လုပ်နေမိကြလျှင် ကျွန်တော်တို့ ကြံရွယ်ချက်များ တန်ခိုးအာနိသင် ပျောက်ပြယ်၍ ကောင်းစွာအထ မမြောက် ဖြစ်နေပါလိမ့်မည်။

ထို့ကြောင့် ဆွေးနွေးပွဲကို မည်ကဲ့သို့စတင် ပြုလုပ်ဆောင်ရွက်သွားသင့်သည့် အကြောင်းများကို ကျွန်တော် ထင်မြင်ချက်အရ အမြွက်စကားပြောပြလိုပါသည်။ ပဌမအချက်မှာ ကျွန်တော်တို့သည် တိုင်းပြည်အတွက် လုပ်ငန်းကြီးတခုကို ပြုလုပ်မည်ဟု အဓိဋ္ဌာန်ပြုခဲ့လျှင် ကျွန်တော်တို့၌ လက္ခဏာအချို့ ပြည့်စုံရန် လိုပါသည်။ လက်ငင်းချက်ချင်း အမျိုးသား ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် အစစပြည့်စုံ အကျုံးဝင်သော လုပ်ငန်းစဉ်တရပ် ဖြစ်မြောက်အောင် ရေးဆွဲမည်ဟု သန္နိဋ္ဌာန်ချရန် လိုပါသည်။ ထို့ကြောင့် လုပ်ငန်း မပြီးမချင်း စွဲမြဲစွာ ဆက်လက် လုပ်ကိုင်သွားရပါလိမ့်မည်။ ကျွန်တော်တို့အဖို့ အားလပ်ချိန်၊ နားချိန်နှင့် အလုပ်ပိတ်ရက်များ ရှိချင်မှ ရှိလိမ့်မည်။ ရှေ့လာမည့် ရက်သတ္တပတ် အနည်းငယ်အတွင်း၌ ကျွန်တော်တို့မှာ အားလပ်ချိန် မရလောက်အောင် အလုပ်များမည်ဖြစ်၍ လူကြီးမင်းတို့သည် တိုင်းပြည်၏အကျိုးအတွက် ဖြစ်သည့်အတိုင်း အလုပ်မပြီးမချင်း အားလပ်ချိန်ယူသည့်အရေးကို ရက်ရွှေ့ဆိုင်း၍ နောင်အလုပ်ပြီးမှ အားလပ်ချိန် ယူရန် ကျွန်တော်က တိုက်တွန်းလိုပါသည်။

ကျွန်တော်တို့ ရည်ရွယ်ထားသော ချက်ချင်းလက်ငင်း အမျိုးသား ပြန်လည် ထူထောင်ရေး လုပ်ငန်းတခုတည်းကိုသာ ကျွန်တော်တို့ အားလုံး အားကြိုးမာန်တက် ပြုလုပ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ဒုတိယအချက်မှာ အမျိုးသား ပြန်လည် ထူထောင်ရေး လုပ်ငန်းပြုလုပ်သည်ဆိုရာ၌ ကျွန်တော်တို့သည် လုပ်ငန်းနှင့်ပတ်သက်၍ စိတ်ဒွိဟမရှိစေဘဲ လုပ်ငန်း၏ လိုရင်းအချက်ကား အမျိုးသား စီးပွားရေးကို အမြန်ဆုံးနည်းနှင့် နဂိုအခြေသို့ ပြန်လည် ရောက်ရှိအောင် ထူထောင်ရမည် ဆိုသည်ကို သိရှိ နားလည်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ နဂိုအခြေသို့ ရောက်အောင် ပြန်လည်ထူထောင်ရေးသည် အထူး အရေးကြီးလှသည့် ကိစ္စဖြစ်ကြောင်းကို ကျွန်တော်တို့ ကောင်းစွာ သဘော ပိုက်ကြရန် လိုပါသည်။ ရှေလျှောက်၍ ဖင့်နွဲ့ကြန့်ကြာနေ၍ မဖြစ်သော ကိစ္စ ဖြစ်ပါသည်။ ထို့ကြောင့် လူကြီးမင်းတို့ ရွက်ဆောင်ရအံ့သော ကိစ္စ သည် တိုင်းပြည်၏ သေရေးရှင်ရေး ဖြစ်နေသည်ကို သိရှိပါလိမ့်မည်။ တတိ ယအချက်မှာ လူကြီးမင်းတို့ ရေးဆွဲ ပြုလုပ်မည့် အစီအစဉ်သည် လွန်မင်းစွာ ကျပ်တည်းခြင်းသော်ငြား၊ လှေနံဓားထစ်သော်ငြား မဖြစ်စေရ၊ ဖြစ်ပေါ် လာသော အကြောင်းတရား အားလျော်စွာ ပြုပြင်ပြောင်းလဲ၍ ရနိုင်သော အစီအစဉ် ဖြစ်ရပါမည်။ လှေနံဓားထစ် အစီအစဉ်မျိုးမှာ များသောအား ဖြင့် ကောင်းသော အစီအစဉ်မျိုးမဟုတ်။ တိုင်းပြည်၏ ပေါ်ပေါက်ဆဲ ပေါ် ပေါက်လတ္တံ့သော အကြောင်းတရား အမျိုးမျိုးနှင့် သင့်လျော် ပြေပြစ် အောင် ရေးဆွဲသော အစီအစဉ်မျိုးသာလျှင် ကျေနပ်လောက်သော အစီ အစဉ် ဖြစ်ပါသည်။ ၎င်းပြင် လူကြီးမင်းတို့ ရှေ့မှောက်သို့ ရောက်လတ္တံ့ သော ပြဿနာ ဒုရပ်ရပ်တို့ကို ကျွမ်းကျင်သူ အနေမျိုး မဟုတ်ဘဲ သာမန် လူစား အနေမျိုးဖြင့် စစ်ဆေးစေ့ငုကြစေလိုပါသည်။ ကျွမ်းကျင်သူ၏ ထင်မြင်ချက်ဆိုလျှင် လူအများမှာ မလွန်ဆန်ဝံ့ ဖြစ်နေတတ်ကြပါသည်။ လုပ်ငန်းအမျိုးမျိုးဆိုင်ရာဖက်က ကျွမ်းကျင်သူများစွာကို ကျွန်တော် တွေ့ ဘူးပါသည်။ ထိုပုဂ္ဂိုလ်များဟာ များစွာဘဲ အသုံးကျပါသည်။ တိုင်ပင် လည်း တိုင်ပင်ထိုက်သည့် ပုဂ္ဂိုလ်တွေ ဖြစ်ပါသည်။ သို့သော်လည်း လူကြီး မင်းတို့ကို သတိပေးလိုသည်မှာ ထိုပုဂ္ဂိုလ်တွေရဲ့ ထင်မြင်ယူဆချက်ဟာ အမှား မရှိနိုင်ဘူးဟု မထင်ကြစေရန် ဖြစ်ပါသည်။ လူထုကို စကားပြောတိုင်း ပြော တိုင်း ကျွန်တော် ဤကဲ့သို့ သတိပေးဘူးပါသည်။ ယခုလည်း တပ်မံ သတိ ပေးရန် လိုပါသည်။ ထိုပုဂ္ဂိုလ်များဟာလဲ သာမန် လူပုဂ္ဂိုလ်တွေပါဘဲ။ ထို့ ကြောင့် သူတို့ ထင်မြင်ယူဆချက်တွေဟာ အမှားဖြစ်ချင်ဖြစ်မှာဘဲ။ အမှန် ကတော့ အဆိုးအကောင်း ဝေခွဲတတ်သော သာမန်လူစားတို့၏ အတွေ့အ ကြုံ၊ အကြံဉာဏ်၊ ဗဟုသုတများလဲ ကျွန်တော်တို့ လုပ်ရမည့် အမှုကိစ္စတွေ အတွက် အရေးကြီးပါသည်။

နောက်တရပ် ကျွန်တော်တို့ သတိထားရမည့် အချက်မှာ ကျွန်တော်တို့ ဟာ အကြောင်းတခုကို စာရင်းအင်းနှင့် အမြင်အားဖြင့်အခိုင်အမာသဘော



ပေါက်ရောက်အောင် ပြောလာပြီဆိုယင် ယုံလွယ်တတ်ကြသည့် အန္တရာယ် ဖြစ်ပါသည်။ စာရင်းအင်းများကို ကျွန်တော်များစွာ လေ့လာခဲ့ဘူး သည့် ကိုယ်တွေ့ ဗဟုသုတအရ ပြောရမည်ဆိုလျှင် ၎င်းတို့ကိုကြည့်၍ များ စွာ နားလည် အကူအညီရသော်လည်း ပဌမက ထင်မြင် စိတ်ကူးထားချက် တွေ အခိုင်အမာဖြစ်အောင် စုဆောင်းပြုလုပ်ထားသည့် စာရင်းအင်းမျိုးနှင့် တွေ့ကြုံနေကြရမည့် အချက်ကို သတိပြုထားကြဖို့ လိုပါသည်။ လီနင်ရဲ့ အတ္ထုပ္ပတ္တိကို ဖတ်ဘူးသူများ သိပါလိမ့်မည်။ လီနင်သည် စာရင်းအင်းကို ကောင်းစွာ ကျွမ်းကျင်တဲ့ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတယောက် ဖြစ်ပါသည်။ သို့သော် လီနင်သည် အသက်ရှင်စဉ်က ပြောဘူးသည်မှာ သူသည် စာရင်း အင်း ဂဏန်းသင်္ချာတွေ ပါရှိတဲ့ စာအုပ်များမှ တပါး အခြားစာအုပ်များကို ဖတ်လေ့ဖတ်ထ မရှိဟု ပြောပါသည်။ သို့သော် လီနင်သည် စာရင်းအင်း အထောက်အထားရှိတိုင်း အမှန်ဟူ၍ အရမ်းကာရော လက်မခံဖို့ မပြတ် သတိပေးစကား ပြောကြားခဲ့ပါသည်။ အထက်က ကျွန်တော် ပြောခဲ့သည့် အတိုင်း စာရင်းအင်း အထောက်အထားနှင့် ပြောဆိုခြင်းဟာ အကျိုးရှိ သည့် အလေ့အထမျိုး ဖြစ်သော်လည်း ထိုစာရင်းအင်း အထောက်အထား ပြုလုပ်ထားသည့် ရည်ရွယ်ချက် သဘောလက္ခဏာများကို စေ့ကြေစစ် ဆေးဖို့ရန် အလွန်အရေးကြီးပါသည်။ သို့သော်လည်း အရေးအကြီးဆုံးက တော့ ကျွန်တော်တို့သည် ၎င်းတို့ကို အထောက်အထားပြု၍ လမ်းမှန်အတိုင်း ထင်မြင်ယူဆနိုင်ဖို့ရန် အရေးကြီးပါသည်။

နောက်တချက် ပြောလိုသည်မှာ ရှေးဦးလုပ်သင့်သည့်လုပ်ငန်းကို ရှေးဦး လုပ်ကိုင်သွားသော နည်းစနစ်ကို လိုက်နာရန် အကြောင်းပင် ဖြစ်ပါသည်။ ကိစ္စ အမြောက်အမြားကို တကြိမ်တည်း စဉ်းစားဆွေးနွေးသည့် အလုပ်ကို မပြုမလုပ်ရန် သတိထားရပါလိမ့်မည်။ အရေး မကြီးလှသော ကိစ္စများကို အရေးကြီးသော ကိစ္စများအလျှင် တင်ကူး၍ ဆောင်ရွက်ခြင်း မပြုအပ်ပါ။ မိမိကိုယ်တိုင် တင်ကူးနှစ်ခြိုက်လျက်ရှိနေသော အကြောင်းခြင်းရာများကို ပဌမဦးစွာ အရေးယူလိုသော စိတ်ဆန္ဒများ ပေါ်ပေါက်လာတတ်ပါသည်။ သို့ရာတွင် ဤသို့ မဖြစ်စေရန် သတိမူရန် လိုပါသည်။ မည်သည့်ကိစ္စသည် ပဌမဦးဆုံး ဆောင်ရွက်အပ်သည့် ကိစ္စဖြစ်သည်ကို သဘောတူညီချက်ရယူ ပြီးလျှင် ထိုကိစ္စများကို ဆောင်ရွက်သွားရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အရိုးအစဉ် လုပ်နည်း ကိုင်နည်း၊ အရိုးအစဉ် ယူနည်း ဆနည်းတို့ကို လိုက်နာလိုသော စိတ်များကိုလည်း ပယ်ဖျောက် ပစ်ကြစေလိုပါသည်။ တနေရာရာတွင် သုံးရန် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း စည်းကမ်းချက်မျိုးမှာ လုံးဝ ခေတ်နောက်ကျနေသေးသော လုပ်ထုံးလုပ်နည်း ဖြစ်နေတတ်ပါသည်။ လုပ်ရိုးလုပ်စဉ် သတ်မှတ်ရခြင်းမှာ အလုပ်ကို လျင်မြန်တွင်ကျယ်စေရန် ဖြစ်ပါသည်။ သို့ဖြစ်ငြားသော်လည်း လုပ်ထုံးလုပ်နည်းသည် အကျိုးကျေးဇူး မဖြစ်ရုံမက အလုပ်မတွင်ကျယ်ဘဲ အလုပ်ကို လေးလံနှောင့်နှေးစေမည် ဖြစ်လျှင် ထိုထုံးနည်းကို ဖျက်ပယ်ပစ်ရန်သာ သင့်တော်ပါသည်။ အချို့သော အစိုးရဌာနများ၊ ရုံးများနှင့် ပတ်သက်၍လည်း ဤနည်းပင် ပြောရပေလိမ့်မည်။ အချို့အချို့သော အစိုးရဌာနတို့မှာ ရှေးအခါက အသုံးဝင်ခဲ့သည် ဖြစ်သော်လည်း ယခုအခါတွင် အသုံးဝင်ချင်မှ ဝင်ပေတော့မည်။ ၎င်းဌာနများသည် တိုင်းပြည် အုပ်ချုပ်ရာတွင် ဖင့်နွှေးစေမည် ဖြစ်ပါက၊ ၎င်းတို့ကို လုံးဝ ဖျက်သိမ်းရန်အတွက် အကြံပေးပါက ထိုသို့အကြံပေးချက်မှာ သင့်မြတ်သည်ဟု ဆိုရပေမည်။ အစိုးရဌာန၊ အစိုးရရုံးရှိနေသည်ဟူသော အကြောင်းမျှဖြင့် ထိုဌာနများမှ ထင်မြင်ချက်များ၊ စီမံကိန်းများကို လက်ခံရန် မလိုပေ။ စိတ်ကူးရာတွင် အတူတူ၊ လုပ်ဆောင်ရာတွင် အတူတူ၊ ပြောဆိုရာတွင် အတူတူဆိုသော အလေ့အထမျိုးကို ဂရုမမူစိုက်ထုတ်၍ ရှောင်ရှားရမည်။ ဆွေးနွေး ကြံဆကြရာ၌ တမျိုးတည်း တနည်းတည်း ကြံဆလုပ်ကိုင်နေမည်ဆိုယင် အဟောသိကံ မဖြစ်သင့်ဘဲ ဖြစ်ရခြင်းများ ပေါ်ပေါက်လာမည်ကို တွေ့ရတတ်ပါသည်။

ယခုလုပ်ဆောင်ရမည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ ပြောကြားလိုသော အခြား အကြောင်းတရပ်မှာ တကြိမ်လျှင် ကိစ္စတခုကိုသာ ဆောင်ရွက်၍ ထိုသို့ ဆောင်ရွက်ရာ၌လည်း မကြောက်မရွံ့ ရဲဝံ့စွာဖြင့် လုပ်ကိုင်ကြရန် တိုက်တွန်းလိုပါသည်။ ပြန်လည် ထူထောင်ရေး လုပ်ငန်းကို ရေးဆွဲရာ၌ အရှုပ်အထွေးမရှိ လုပ်ကိုင်၍ ဖြစ်နိုင်သော စီမံချက်တို့ကို ပြုလုပ်ရန် လိုပါသည်။ သို့ရာတွင် တကယ် ဖြစ်ထွန်းမည်ကို ရှေးရှုမြော်မြင်နိုင်သော စိတ်ကူး ဉာဏ်ရှိရပေလိမ့်မည်။ အရေးကြီးသော ကိစ္စများတွင် တတ်စွမ်းနိုင်သမျှ တခုပြီးမှတခု လုပ်ရပေလိမ့်မည်။ တပြိုင်နက် အကြံအစည် များလွန်းက ဘေးဥပဒ်အန္တရာယ်ဆိုက်ရောက် တတ်ပါသည်။ မိမိတို့တိုင်းပြည်အတွင်း အစွမ်းကုန် ဆောင်



ရွက်လိုသော စိတ်ဆန္ဒထက်သန်ခြင်းကြောင့် စီမံချက်များ ပြုလုပ်ရာတွင် လိုဘကြီးလွန်းသောစီမံကိန်းများ မပြုလုပ်မိရန်အတွက် ဂရုပြုရပေလိမ့်မည်။ အစီအမံကောင်းသူမှန်လျှင် တစခန်းပြီးမှ တစခန်းသို့ တက်လှမ်းကြမြဲ ဖြစ်သည်။ ဆိုလိုသော်အချက်မှာ တကြိမ်တခါတည်းတွင်တလှမ်းတည်းသာလှမ်းရမည်ဟူ၍ မဟုတ်ပါ။ လိုအပ်၍ ဖြစ်နိုင်လျှင် တကြိမ်တည်း တလှမ်းတွင်မက နှစ်လှမ်း၊ သုံးလှမ်း၊ တက်လှမ်းရန် အသင့်ရှိရမည့်ပြင် သို့ပြုလုပ်ရန် အရည်အချင်းလည်း ရှိရပေလိမ့်မည်။

လူကြီးများ မည်သို့ ဆောင်ရွက်သင့်သည်ဆိုသည့် အချက်များနှင့် ပတ်သက်၍ ကျွန်တော် အကြံပေးစကား ဤမျှဘဲ ပြောကြားလိုပါသည်။ တို့နောက်၌ တိုင်းပြည်အတွင်းမှာ ယခုမည်ကဲ့သို့ ဖြစ်ပျက်နေသည်၊ ထိုအဖြစ်အပျက် အကြောင်းကိစ္စများကို မည်သို့ ပြုပြင်ပေးသင့်သည် ဆိုသည်များကို အနည်းငယ် ဆက်လက် ပြောကြားလိုပါသည်။ ကျွန်တော့်စာတမ်းမှာလည်း ဤကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော်ဖော်ပြပြီး ဖြစ်သည်ကိုလည်း လူကြီးမင်းများ တွေ့ရှိပါလိမ့်မည်။ ဤကိစ္စမှာ အလွန်ရှုပ်ထွေး ခက်ခဲသည် ဖြစ်သောကြောင့် ပေါ်ပေါက်သည့် ပြဿနာများကို သေသေချာချာ ဝေဖန်ရှင်းလင်းကြည့်ရှုပြီး၊ ထိုပြဿနာများကို ဖြေရှင်းရေးအတွက် မည်သို့သော နည်းများဖြင့် ပြုပြင်အပ်သည်ကို သေသေချာချာ ဝေဖန် သတ်မှတ်ပေးရန် လိုပါလိမ့်မည်။ စစ်ကြီးကြောင့် တိုင်းပြည် စီးပွားရေးမည်မျှ ပျက်စီးသွားသည်ဆိုသည်ကို ကျွန်တော်က အထူးပြောပြနေရန် မလိုပါ။ ကျွန်တော်တို့ ဘာကိုဘဲလုပ်လုပ်၊ စီးပွားရေး ပျက်စီးနေသည့် တခွေ့သဘာက်ကြီးနှင့် မျက်နှာချင်းဆိုင်တွေ့၍သာ နေရပါသည်။ ကျွန်တော်တို့ ဗမာတပြည်လုံး အပျက်အစီးလွတ်သည့် နေရာဟူ၍ မရှိပါဘူး။ ဗမာပြည်သည် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများထက် ပိုမိုပျက်စီးဆုံးရှုံးခြင်း ခံရသည်မှာ ယုံမှားစရာ မရှိပါ။ ကျွန်တော်က လူကြီးများ စိတ်ပျက်ဖွယ်ဖြစ်အောင် ဤစကားကို ပြောရခြင်း မဟုတ်ပါဘူး။ လူကြီးမင်းများ ဆောင်ရွက်ရမည့် ကိစ္စသည် များစွာပင် ခဲခဲယဉ်းယဉ်း ဆောင်ရွက်ရမည့် ကိစ္စကြီးဖြစ်သည်။ ကိုယ့်တိုင်းပြည်အကျိုးကို ကိုယ်ဆောင်ရွက်ရန် ရှေးက ကျွန်တော်တို့ အမျိုးသားများ မရခဲ့ဘူးသော အခွင့်အရေးမျိုးကို လူကြီးမင်းများ ရရှိကြသည်ဆိုသည့် အ

www.burmeseclassic.com

www.burmeseclassic.com



ချက်များကို လူကြီးမင်းများ သေသေချာချာ သိရှိကြဖို့ ကျွန်တော်ပြောရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပဌမဦးဆုံး လိုအပ်သည့်အချက်က စီးပွားရေးဖက်မှ အခြေခံ ကောင်းကောင်းနှင့် ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းစဉ် ရေးဆွဲထားဖို့ ဖြစ်ပါသည်။ အချို့က စီးပွားရေး အခြေခံ ကောင်းကောင်း ပြန်လည် ထူထောင်သလို နိုင်ငံရေးဖက်ကလည်း အခြေခံကောင်းကောင်းနှင့် ပြန်လည် ထူထောင်ရန် လိုသည်ဟု ဆိုကောင်းဆိုကြပါလိမ့်မည်။ စီးပွားရေးနှင့် နိုင်ငံရေး ဆိုသည်မှာ အချင်းချင်း အညမညဆက်သွယ်နေသည့်အတွက် တခုနှင့်တခု သီးခြားစီ ခွဲခြားထား၍ မရနိုင်ပါဘူး။ ယခု အစည်းအဝေးမှာ နိုင်ငံရေးနှင့် ပတ်သက်ပြီး ကျွန်တော်ပြောဖို့ မကြံရွယ်ပါဘူး။ သို့သော် လူကြီးများ ရှက်ဆောင်ရမည့် ကိစ္စတာဝန်နှင့် တမျိုးတမည် သက်ဆိုင်နေသည့် အချက်တချက်ကိုတော့ ပြောပြုလိုပါသည်။

ထိုအချက်မှာ ယခုလို အခြေအနေမှာ ( **Imperialism** ) နိုင်ငံချဲ့ဝါဒကို တိုက်ခိုက်တွန်းလှန်တဲ့ အလုပ်ကိုလုပ်ယင် ကျွန်တော်တို့မှာရှိတဲ့ အချိန်နှင့်အားအင်ကို အလဟဿ ဖြုန်းတီးပစ်ရာ ရောက်လိမ့်မည်ဆိုသည့် အချက်ပါဘဲ။ ရှေးကဆိုလျှင် တိုင်းပြည်မှာ တစုံတရာမကောင်းဖြစ်လျှင် နိုင်ငံချဲ့စနစ်ကြောင့် ဖြစ်သည်ဟု ဝိုင်းပြီးအပြစ်တင်လေ့ ပြုခဲ့ကြပါသည်။ ကျွန်တော့်အတွက်ဆိုလျှင် ထိုကဲ့သို့ နိုင်ငံချဲ့စနစ်ကို အပြစ်တင်ခြင်းသည် မှန်သည့်အခါက မှန်ခဲ့ပါသည်။ အခြားတတိုင်းတနိုင်ငံက နိုင်ငံချဲ့စနစ်နှင့် လွှမ်းမိုးခြင်းခံရလျှင် မည်သည့်နိုင်ငံမျိုးမှ အဟုတ်တကယ် မကြီးပွားနိုင်ပါဘူး။ မည်သည့်လူမျိုးမှလည်း ကိုယ့်ဒူးကိုယ်ချွန်ဘဝမျိုးကို မရနိုင်ပါဘူး။ သို့သော် ဤဗမာနိုင်ငံမှာဆိုလျှင် ခေတ်ကြီးပြောင်းလာခဲ့ပါပြီ။ ကျွန်တော်တို့ အမျိုးသားများလက်သို့ အာဏာပြန်၍ရောက်ရမည်မှာ ဧကန်ဖြစ်နေပါသည်။ အိန္ဒိယပြည်မှာ ယခုဖြစ်ပျက်နေသည့် အကြောင်းအရာများကို ကြည့်လျှင် ဗြိတိသျှ အစိုးရက အိန္ဒိယပြည်နှင့် မြန်မာပြည်တွင် အိန္ဒိယတိုင်းသားနှင့် မြန်မာလူမျိုးများလက်သို့ အာဏာကို လွှဲပြောင်းပေးအပ်ရတော့မည်မှာ မကြာတော့ဘူးဆိုသည်ကို ကျွန်တော်သဘောရသလို လူကြီးမင်းများလည်း သဘောရကြပါလိမ့်မည်။ ဤအစည်းအဝေးမှာ ဤကိစ္စကို ကျွန်တော်က အကျယ်ချဲ့ပြီး ပြောရမည့်အခါ မဟုတ်ပါဘူး။ ရာဇဝင်အစဉ်အလာကိုလည်း ကျွန်တော် သိတန်သလောက် သိပါသည်။ လက်တွေ့နိုင်ငံရေးကိုလည်း လုပ်ခဲ့ဘူးပါသည်။ တရပ်တကျေးမှဖြစ်သော နိုင်ငံချဲ့စနစ်သည် ဖြူးဖြူးဖြောင့်ဖြောင့် သာသာယာယာနှင့် အာဏာကို လက်လွှတ်မည်၊ မလွှတ်မည်ဆိုသည်ကို ကျွန်တော်က ဤနေရာတွင် ပြောနေရန် မလိုပါ။ ထိုကဲ့သို့ သာသာယာယာဖြင့် လက်လွှတ်မည်၊ မလွှတ်ဘူးဆိုသည်ကို နောက်မှပင် သိရမည့် အရာဖြစ်ကောင်း ဖြစ်လိမ့်မည်။ ယခု ကျွန်တော်ပြောလိုသည်မှာကား ကျွန်တော်သည် လှေနံဓားထစ်ဝါဒမျိုးရှိသူ မဟုတ်ကြောင်း ဖြစ်ပါသည်။

www.burmeseclassic.com



ဤအကြောင်းနှင့် ပတ်သက်၍ ပြောရာ၌ ကျွန်တော်ဆိုလိုချက်မှာ ဧစ်ကြီး မဖြစ်မီက နိုင်ငံနယ်ချဲ့ဝါဒသည် တွန်းလှန်တိုက်ဖျက်ရမည့် အရာမည်မျှ မှန်သော်လည်း ယခုမူကား အသစ်ပေါ်ပေါက်သော အကြောင်းခြင်းရာများကို ထောက်ချင့်၍ အခြေအနေကို ဝေဖန်ရပါလိမ့်မည်။ ယခုခေတ်၌ တကယ့် အချုပ်အချာအာဏာသည် တိုင်းသူပြည်သား လူအများတို့လက်တွင် တည်ရှိသည်ဆိုသည့် အချက်ကို နေရာတကာတွင် ယူဆထားကြပြီ ဖြစ်ပါသည်။ ယခု ကျွန်တော်တို့ တွေ့ကြုံနေရတဲ့ လက်ငင်းပြဿနာများနှင့် ပတ်သက်၍ ကျွန်တော်တို့နိုင်ငံမှာ ပေါ်ပေါက်နေသည့် ပြဿနာများကို ထောက်ရှု၍ ဆိုရလျှင် ကျွန်တော်တို့ ချက်ချင်းလက်ငင်း ဖြေရှင်းရေး ရှာကြံရမည့် ကိစ္စကြီး ရှစ်ရပ်ရှိသည်ဟု ဆိုနိုင်ပါသည်။

ထိုကိစ္စများမှာ —

၁။ နေထိုင်ရေး စရိတ်လျော့ပေါ့ရန်၊ တိုင်းသူပြည်သားများ၏ နေထိုင်ရေးစရိတ်ကို နဂိုအခြေသို့ ပြန်ရောက်အောင် ပြုပြင်ပေးရန်၊

၂။ အလုပ်လက်မဲ့များ လျော့သွားအောင် ... တက်နိုင်လျှင် အလုပ်လက်မဲ့ လုံးဝ ပပျောက်သွားအောင် ပြုပြင်ပေးရန်၊

၃။ လမ်းပန်း အဆက်အသွယ်များကို ပြန်လည် ထူထောင်၍ တိုးချဲ့ပေးရန်၊

၄။ အိုးခြေအိမ်ခြေ ထူထောင်နိုင်အောင် စီစဉ်ပေးရန်၊

၅။ ပညာရေး ပြန်လည်ထူထောင်ရန်၊

www.burmeseclassic.com

www.burmeseclassic.com



၆။ ပြည်သူ လူအများ ကျန်းမာရေးအတွက် စီစဉ်ပေးရန်၊

၇။ နိုင်ငံ အုပ်ချုပ်ရေးကို စေတနာကောင်းစွာနှင့် သန့်ရှင်းကျေပြန့်စွာ ထမ်းရွက်ခြင်းရှိအောင် ပြုပြင်ပေးရန်၊

၈။ နိုင်ငံ ငြိမ်းချမ်းသာယာလာစေအောင် ရွက်ဆောင်ပေးရန်။

အထက်ပါ ပြဿနာကြီးများကို ချက်ချင်းလက်ငင်း ရှင်းလင်းရေးအတွက် ကျွန်တော်တို့ လက်ဦးပဌမ အားသွန်ကြိုးပမ်း ရွက်ဆောင်ကြရန် အင်္ဂါကြဖြစ်သည်ဟု ထင်မြင်ပါသည်။

ဤကဲ့သို့ ကျွန်တော်တို့ ရွက်ဆောင်စရာရှိသည့် အချက်များ ထမြောက်အောင်မြင်စေရန် ကျွန်တော်တို့ ဘယ်အချက်အလက်များကို ဆောင်ရွက်သင့်သည် ဆိုသည်ကို ယခု စဉ်းစားကြဖို့ လိုပါသည်။ နေထိုင်ရေး စရိတ်စကလျှော့ကျဖို့ ကိစ္စနှင့် ပတ်သက်၍ဆိုလျှင် ယခုကဲ့သို့ စရိတ်ကြီးမြင့်နေရသည့် အကြောင်းရင်း ပဌမ အချက်မှာ အရေးမကြီး၊ မရှိလည်းဖြစ်နိုင်သော ကုန်စည်များကို ဈေးကြီးကြီးပေး၍ ဝယ်နေရခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ထိုကဲ့သို့ အရေးမကြီးလှသော ကုန်စည်များကို နိုင်ငံခြားမှ အတင်အသွင်းလျှော့ရန်၊ သို့မဟုတ် လုံးဝ ရပ်စဲပစ်ရန် လိုပါသည်။ နိုင်ငံခြားမှ အဆိုပါ ကုန်စည် ပစ္စည်းတွေကို ဝယ်ယူနေရသည်မှာ နိုင်ငံ၏ ငွေကြေးဘဏ္ဍာ မကုန်သင့်ဘဲ အလဟဿကုန်နေရပါသည်။ ဤကဲ့သို့ စီးပွားရေးဖက်က ကျွန်တော်တို့ နစ်နာ ဆုံးရှုံးဖြုန်းတီးနေသည့် အချက်ကို ရပ်စဲဖြတ်တောက်ပစ်ရန် နည်းလမ်းများ ရှာကြရပါလိမ့်မည်။ ကျွန်တော်တို့ငွေတွေ ကျွန်တော်တို့ တိုင်းပြည်အပြင်ကို ထွက်နေရပါသည်။ ဤကဲ့သို့ ထွက်နေခြင်းကို ကျွန်တော်တို့ စစ်ဆေးကြည့်ရှုရပါလိမ့်မည်။ နေထိုင်ရေးစရိတ် လျှော့ပေါ့ သွားစေလိုလျှင် တိုင်းပြည် အုပ်ချုပ်ရေး ဖက်တွင် တတ်နိုင်သမျှ ခြိုးခြံချွေတာရန် လိုပါလိမ့်မည်။ ယခုလက်ရှိ အုပ်ချုပ်ရေးမှာ တိုင်းပြည်က စရိတ်မတတ်နိုင်လောက်သော အုပ်ချုပ်ရေး ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော်တို့က ချက်ချင်းလက်ငင်းပင် အသုံးစရိတ်ကို လျှော့ပစ်ရပါသည်။ ထို့နောက် နေထိုင်ရေး လျှော့ပေါ့ သက်သာလာစေအောင် ရာရှင်ပေးနည်းကို သုံးသင့်၊ မသုံးသင့် စဉ်းစားရပေလိမ့်မည်။ ယခုကမ္ဘာစစ်ကြီးပြီးငြိမ်းသည်မှာ နှစ်နှစ်မျှပင် လွန်ခဲ့ပြီ ဖြစ်သော်လည်း နိုင်ငံပေါင်း များစွာတို့မှာ ရာရှင်ပေးနည်းစနစ်ကို အသုံးပြုနေရတုန်းပင် ဖြစ်ပါသည်။



ထို့ပြင် အရေးကြီးသော ကုန်စည်များ ဝေငှရေးစနစ်ကိုလည်း ကောင်းသည်ထက် ကောင်းလာအောင် စီမံပေးရန် လိုပါသည်။ ဖြုန်းတီးမှုများနှင့် ထိုးလက်ဆောင် စားမှုများကိုလည်း နှိပ်ကွပ်ပစ်ရပါလိမ့်မည်။ ကျွန်တော်တို့ တိုင်းပြည်အတွင်းမှာဘဲ အရေးကြီးသည့် ကုန်စည်များကို စိုက်ပျိုး လုပ်ကိုင်ရန် စီမံကိန်း တရပ်လည်း ပြုလုပ်ရပါလိမ့်မည်။ ကျွန်တော်တို့ စီးပွားရေးအတွက် နိုင်ငံခြားများနှင့် ဆက်ဆံမှုနှင့် ပတ်သက်၍ဆိုလျှင် ကျွန်တော်တို့ ထုတ်ကုန်ဖက်က ငွေပိုရအောင် အားထုတ်ကြိုးပမ်းကြရပါလိမ့်မည်။ နိုင်ငံငြိမ်းသက် သာယာရေးကိစ္စကလည်း ရှိပါသေးသည်။ နေထိုင်ရေးစရိတ်လျှော့ပေါ့ သက်သာရေးကိစ္စကြီးကို ရွက်ဆောင်ကြရာ၌ ဆောင်ရွက်သင့် ဆောင်ရွက်ဖွယ်ဖြစ်သော အခြားကိစ္စများလည်း ဧကန်ပင် ပေါ်ပေါက်လာပါလိမ့်မည်။ နေထိုင်ရေး စရိတ်လျှော့ပေါ့ သက်သာရေးကိစ္စနှင့် စပ်လျဉ်း၍ တည့်တည့်ပြောပြခဲ့ပြီးဖြစ်သော အဆိုပါ ကိစ္စများကို ကျွန်တော်အကျယ်ချဲ့၍ ပြောရမည်ဆိုလျှင် အရေးမကြီး မရှိလည်းဖြစ်နိုင်သော ကုန်စည်များ သွင်းယူမှုဆိုလျှင် ကျွန်တော်တို့မှာမရှိမဖြစ် အရေးကြီးသည့်ကုန်တွေ အကြီးအကျယ် ရှားပါးနေသည့် အခါမှာ စည်းစိမ်ခံကုန် အရေးမကြီးသည့် ကုန်များကို သွင်းယူ စည်းစိမ်ခံနေကြရန် မလိုဘူးဆိုသည့် အချက်ဖြစ်ပါသည်။ တိုင်းသူပြည်သားများမှာ မရှိမဖြစ် အရင်းခံ လိုအပ်သည့် ကုန်ပစ္စည်းများ ပြည့်ဝံမှုလိုပါသည်။ အဆိုပါကုန်ပစ္စည်းမျိုးကိုသာ ကျွန်တော်တို့ကရအောင် စီမံပေး၍ စည်းစိမ်ခံကုန်များကို လုံးဝဖြတ်ပစ်ဖို့လိုပါသည်။

အစိုးရဌာနများနှင့် ပတ်သက်၍မူကား ကျွန်တော် ပြောခဲ့သည့်အတိုင်း အချို့ဌာနများမှာ အမှုထမ်းများ အဆမတန်ပိုနေပါသည်။ ကျွန်တော်တို့က တဌာနစီ၊ တဌာနစီ၌ ဌာနအသီးသီးမှာရှိသည့် ရာထူးတွေ၊ အမှုထမ်းတွေဟာ တကယ်ဘဲလိုသည်၊ မလိုသည်ကို စစ်ဆေးကြည့်ရှုရပါလိမ့်မည်။ ရာထူးများရှိ အမှုထမ်းများ လုပ်ကိုင်နေသည့် အလုပ်များကို စစ်ဆေးကြည့်၍ ထိုအလုပ်များသည် တိုင်းပြည်၏ စီးပွားရေးနှင့် အခြားအရေးများအတွက် မည်မျှလောက် အကျိုးဖြစ်ထွန်းစေသည့် အလုပ်ဖြစ်သည်ကို ဝေဖန် ကြည့်ရပါလိမ့်မည်။

ရာရှင်ပေးရေးစနစ်နှင့် ပတ်သက်၍ဆိုလျှင် ရာရှင်ပေးရေးကို လူအများ မနှစ်မသက် ဖြစ်နေသည်မှာ အထူးအားဖြင့် စစ်အတွင်း တိုင်းပြည်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် အသားယူ၍ မတရားချမ်းသာလိုသူတို့က သူခိုးဈေးဖွင့်ခြင်း၊ အဆမတန် အမြတ်ယူခြင်း၊ မတရားမှုများကို ပြုလုပ်ခြင်းကြောင့်ပင် ဖြစ်သည်ကို လူကြီးများလည်း သိရှိပါလိမ့်မည်။ ထို့ပြင် ကျွန်တော်တို့ တိုင်းပြည်အတွင်း အကြီးအကျယ် ဖွံ့ဖြိုးတိုးတက်မှုများကို လူကြီးမင်းများကိုယ်တွေ့ မျက်မြင်ဖြစ်ပါလိမ့်မည်။ ရာရှင်စံနစ်ကို အသုံးပြုနေသည့် အခြားအခြားသော တိုင်းပြည်များမှာ ဆိုခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုများ အဟောသိကံ ဖြစ်မှုများ မရှိပါ။ ရာရှင်ပေးမှု၏ ရည်ရွယ်ချက်တရပ်မှာ တိုင်းသူပြည်သားအားလုံး ညီညီမျှမျှ ရကြစေရန် ဖြစ်ပါသည်။ ရာရှင်ပေးခြင်းအားဖြင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချရန်အတွက် အဖိုးတန်ပစ္စည်းများ ကုန်ခန်းခြင်းမှလည်း သက်သာစေပါသည်။ ကျွန်တော်တို့ တိုင်းပြည် နဂိုအခြေသို့ ပြန်လည်ရောက်ရှိရေးအတွက် တိုင်းပြည်၏ မနသင်အား၊ စီးပွားရေး အင်အား ပြန်လည် ဖြည့်တင်းစေရန်မှာ ထွက်ကုန်တခုသာလျှင် ရှိပါသည်။ စီးပွားရေး အခြေအနေမှာ မြန်မာပြည်ထက် များစွာကောင်းမွန် တောင့်တင်းသော တိုင်းပြည်ကြီးများစွာတို့မှာ ရာရှင်စံနစ်ကို သုံးနေဆဲပင် ဖြစ်ပါသည်။ ထိုတိုင်းပြည်ကြီးများမှာ ခြိုးခြံချွေတာရတုန်းပင် ဖြစ်ပါသည်။

ကျွန်တော်တို့ တိုင်းပြည်မှာကား ခြိုးခြံခြင်းမရှိသလောက် ဖြစ်ရာ စီးပွားရေး တောင့်တင်းမှုအတွက် အနည်းငယ်မျှ ခြိုးခြံမှုကို မပြုနိုင်ရန် အကြောင်းမရှိပါ။ စုပေါင်းရောင်းဝယ်ရေး အဖွဲ့များလည်း ဖြစ်နိုင်သည့် နေရာတိုင်းမှာ ဖွဲ့စည်းထားရန်လိုပါသည်။ ရှေးက မြန်မာပြည်မှာ စုပေါင်း ရောင်းဝယ်ရေး အသင်းများ ပျက်ပြားခဲ့ရသည်မှာ ထိုအဖွဲ့အသင်းများကို တိုင်းသူပြည်သားတို့က စေတနာဖြင့် ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် ခိုင်မြဲအောင် မပြုခဲ့ကြခြင်းကြောင့် ဖြစ်ပါသည်။ တိုင်းသူပြည်သားတို့က ထိုအဖွဲ့များ၏ အကျိုးသည် ငါတို့၏ အကျိုးပင် ဖြစ်ပါတကားဟု သဘောပိုက်ကြသည့် အရပ်များတွင်ကား ထိုအဖွဲ့များမှာ စည်ပင်ဖွံ့ဖြိုးလျက် ရှိကြပါသည်။

ကျွန်တော်တို့ တိုင်းပြည်မှာဆိုလျှင် စုပေါင်းရောင်းဝယ်ရေး မရှိသည့်အရပ်များ၌ ကုန်စည်များ ဝေငှရေးကို စီမံပေးမှုအတွက် အစည်းအရုံး အမျိုးမျိုး ပါဝင်သည့် ပြည်သူပြည်သား ကော်မီတီများ ဖွဲ့စည်းထားရန် ဖြစ်နိုင်စည့် အရေးကို စဉ်းစားကြရန်လိုပါသည်။ စုပေါင်းရောင်းဝယ်ရေး အဖွဲ့များ



အတွက် စစ်ဆေးကြည့်ရှုရေးအဖွဲ့များ လိုမည်ဖြစ်ရာ ထိုအဖွဲ့မျိုးထားရှိရေး ကိစ္စကိုလည်း စုံစမ်းကြည့်ရန် လိုပါသည်။ အချင်းချင်း စုပေါင်းပြီး သတင်း အပြန်အလှန်ရယူရေးနှင့် စုံစမ်းရှာဖွေရေးသည်လည်း လိုပါသည်။ ဤကိစ္စအတွက် အသင်းအဖွဲ့များက လိုသော သတင်းများကို ပေးနိုင်ပါလိမ့်မည်။ ငွေရင်း နိုင်ငံပြင်ဖက်သို့ ထွက်မသွားစေရန် အချို့သော နိုင်ငံများ၌ တတ်နိုင်သမျှ ကာကွယ်ရန် ကြိုးစားထားကြပါသည်။ ငွေရင်း နိုင်ငံပြင်ပသို့ ထွက်သွားလျှင် ကျွန်တော်တို့၏ ဝယ်အားကို စွန့်ပစ်လိုက်သကဲ့သို့သာ ဖြစ်ပေလိမ့်မည်။ ကျွန်တော်တို့ နိုင်ငံခြားမှ ငွေချေးယူရခြင်းကို တတ်နိုင်သမျှ လျှော့ပေါ့ သက်သာသွားအောင် ငွေစုရေးကို အားပေးရပေလိမ့်မည်။ ဆီ၊ ငရုတ်၊ ကြက်သွန်အစရှိသည်တို့ကို ဝယ်ယူသုံးစွဲရသဖြင့် ကျွန်တော်တို့ ငွေအလွန် ကုန်ကျ နေပါသည်။ ၎င်းကုန်ပစ္စည်းများမှာ မိမိတို့တိုင်းပြည်၌ မိမိတို့ စိုက်ပျိုးနိုင်ပါလျက်နှင့် ဤကဲ့သို့ အခြားနိုင်ငံမှ မှာယူသုံးစွဲရသည် ဆိုသည်မှာ ကျွန်တော်တို့ ငြင်းဆိုခြင်း မပြုနိုင်သည့် စွပ်စွဲချက်ဖြစ်၍ များစွာ ရှက်ဖွယ်မကောင်းလှ၏။ ထိုနည်းတူစွာ လူတို့၏ အရေးကြီးလှသော အသုံးအဆောင်ဖြစ်သည့် နွားနို့ကိုလည်း သွင်းယူလျက်ရှိ၏။ ကျွန်တော်တို့ လုံ့လပြုလျှင် ထိုပစ္စည်းကိုလည်း နိုင်ငံတွင်းမှာပင် လိုသလောက် ရနိုင်ပါသည်။ ယခင်က စီးပွားရေး အခြေအနေကို ပြန်လည် ရရှိစေရန်အတွက် ကျွန်တော်တို့သည် ဤကဲ့သို့ ကြက်သွန်၊ ငရုတ်၊ ဆီ အစရှိသော ပစ္စည်းများတန်ချိန် မည်၍မည်မျှသာ ဝင်လာစေသင့်သည်ကို ကြီးကြပ်အုပ်ချုပ်ရန် လိုမလိုကို စဉ်းစားရန် လိုပေသည်။ ၎င်းကုန်များ ဝယ်ယူသုံးစွဲခြင်းကို မရပ်ဆိုင်းဘဲ နေခဲ့ပါက ကျွန်တော်တို့သည် ၎င်းအသီးအနှံများကို လိုသလောက်ရအောင် စိုက်ပျိုး ဖြစ်ကြတော့မည် မဟုတ်ပါ။

ထို့နောက် ငြိမ်ဝပ် ပိပြားရေးကို ပြောပြလိုပါသည်။ အစီက ပြဿနာများတွင် ငြိမ်ဝပ်ပိပြားရေး အကြောင်းကို နောက်ဆုံးမှ ပြောရန် စီစဉ်ထားပါသည်။ ဤကဲ့သို့ နောက်ဆုံး ထည့်ထားရာ၌ ငြိမ်ဝပ်ပိပြားရေးသည် အရေးမကြီးသော ကိစ္စမဟုတ်ဟု မဆိုလို၊ ကျွန်တော်၏ ရည်ရွယ်ချက်မှာ ငြိမ်ဝပ်ပိပြားရေး၏ အခြေခံ အကြောင်းကား အားလုံးသော ကိစ္စအဝဝနှင့် သက်ဆိုင်သည့် အရင်းခံအကြောင်းကိစ္စဖြစ်သဖြင့် ဤကဲ့သို့ နောက်ဆုံးမှ ပြောဆိုရန် စီစဉ်ခြင်း ဖြစ်ပါသည်။ သာမန်အချိန်မျိုးတွင် နိုင်ငံငြိမ်ဝပ်သာယာမှု

www.burmeseclassic.com

www.burmeseclassic.com



သည်။ စီးပွားရေးအတွက် မည်မျှလောက် အရေးကြီးသည်ကို ကောင်းစွာ မယင်ရှားလှသော်လည်း ယခုကဲ့သို့ ရိုးရိုးမဟုတ်သော အချိန်မျိုးတွင်မူကား မည်မျှလောက် အရေးတကြီး သက်ဆိုင် နေသည်မှာ ထင်ရှားလှသော ကြောင့် ပြောနေရန်ပင် မလိုပါ။

ဥပမာဆိုလျှင် တိုင်းပြည် မငြိမ်မဝပ် ဖြစ်သည့်အတွက်ခရီးသွားလာရေး၊ ကုန်သွယ်ရေး၊ စက်မှု လက်မှု လုပ်ကိုင်ရေး ကိုကို ကျနစွာ မဆောင်ရွက်နိုင်သည့်ပြင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတို့တွင် လုံခြုံမှုများစွာ ချွတ်ယွင်းလျက် ရှိနေပေသည်။ နယ်များတွင် မငြိမ်မသက်ဖြစ်သဖြင့် မြို့များတွင် လာရောက်နေထိုင်၍ လူတွေ ပြည့်ကျပ်လျက် ရှိနေခြင်းဖြစ်ရပါသည်။ အစိုးရကလည်း ဓားပြ လုဆိုးရန်ကို နှိမ်နင်းနိုင်စေရန် လက်နက်ကိုင် ပုလိပ်နှင့် အပိုပုလိပ် အမှုထမ်းများကို ယခင်က အမှုထမ်းဦးရေထက် များစွာ ချဲ့ထွင်ခန့်ထားခြင်းဖြင့် နှိမ်နင်းနေရပါသည်။ အားလုံး တခုနှင့် တခု ဆက်နေပါသည်။ သို့သော် ဤကဲ့သို့ ငြိမ်ဝပ်ပိပြားရေးကို စီမံဆောင်ရွက်ရာ၌ လူကြီးမင်းတို့သည် ဤငြိမ်ဝပ်သာယာရေး ကိစ္စကို အခြား ကိစ္စများနှင့် ခွဲ၍ စီမံခြင်း မပြုကြရန် ကျွန်တော်က တိုက်တွန်းလိုပါသည်။ နည်းမှန် လမ်းမှန်မှာ ဤကိစ္စကို အခြား ပြဿနာများနှင့် ပူးတွဲ စီမံရန် ဖြစ်ပါသည်။

အလုပ် လက်မဲ့ ပြဿနာနှင့် ပတ်သက်၍ ဆိုလျှင် ယခုလို စီးပွားရေး၏ အလိုက်အထိုက် အခြေ အနေများ အတိုင်းဆိုပါက အလုပ်လက်မဲ့ ပြဿနာ ပြေရှင်းသွားလိမ့်မည်ဟု ကျွန်တော်တို့ မြင်နိုင်ရန် အကြောင်းမရှိ။ တိုင်းပြည်နှင့် အစိုးရက ကူညီရပေလိမ့်မည်။ အလုပ်လက်မဲ့ ဖြစ်ခြင်းသည် တိုင်းပြည်အတွက် အကြီးဆုံး ကံဆိုးမိုးမှောင် ဖြစ်လျက် စက်မှု လက်မှု လုပ်ငန်းနှင့်တကွ တိုင်းပြည်တွင် မကောင်းကျိုး ဖြစ်ပေါ် စေတတ်သည်။ အလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် လုပ်သားများ၏ ကျွမ်းကျင်မှုကိုယုတ်လျော့စေပြီး ၎င်းတို့၏ နေရေးထိုင်ရေး အဆင့်အတန်းကို ညှိုးဖျင်းစေသည်။ အလုပ် လက်မဲ့ ပြဿနာသည် အမျိုးသား အတွက် ဂြိုဟ်ဆိုး ဖြစ်သည့် အလျောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကို စီမံပြုလုပ်ရာ၌ ကျွန်တော်တို့သည် သေချာကျနစွာ ပြုလုပ်မှသာလျှင် အခြေ အနေ တိုးတက်လာပြီး အလုပ်လက်မဲ့ ပြဿနာဖြေရှင်းသွားနိုင်လိမ့်မည်။ လူတဦးတယောက် အတွက်သော်၎င်း၊ အိမ်ထောင်စုတွင်



ပါဝင်သော သူများ အတွက် သော်၎င်း အလုပ် ရနိုင်စေရန် ကျွန်တော်တို့ နည်းလမ်းများကို ရှာဖွေရပေသိမ့်မည်။ ထိုသို့ ပြုလုပ်ရာ၌ ကျွန်တော်တို့သည် အချို့သော သူများကို အလုပ်မှ ရပ်စဲရန်လိုလျှင် ရပ်စဲရလိမ့်မည်။ ပြဿနာကို ဖြေရှင်းသွားနိုင်စေရန် နည်းလမ်းကောင်းမှာ နိုင်ငံတော် အစိုးရသည် အရေးပါ၍ အပြောကျယ်သော လုပ်ငန်းများကိုသာ လက်ယံ၍ အဆင်သင့်ရှိစေရမည်။ ထိုအလုပ်များမှာလည်း လုပ်သားပေါင်း အရေအတွက်ကို လိုက်၍ မြန်လိုက မြန်နိုင်သော၊ နှေးလိုက နှေးနိုင်သောအလုပ်မျိုး ဖြစ်စေရမည်။

လမ်းပန်း ဆက်သွယ် ချဲ့တွင်ရေး ကိစ္စမှာ ဆိုလျှင် မြန်မာပြည်သည် စစ်မဖြစ်မီကပင် သယ်ယူပို့ဆောင်ရေးများစွာ မရှိခဲ့ချေ။ ယခုအခါမည်သည့်နေရာမဆို လူများအသုံး ပြုနိုင်သည့် လမ်းပန်း ဆက်သွယ်မှုများမှာ နည်းပါးဆိုးဝါးသည်ဟုသာ ဆိုနိုင်သည်။ ယခုတိုင်းပြည်တွင်း၌ရင်ဆိုင်တွေ့နေရသော ပြဿနာ အရပ်ရပ်တို့တွင် သယ်ယူ ပို့ဆောင်ရေး လုံလောက်စွာ မရှိမှုလည်း ပါဝင် နေလေသည်။ ထို့ကြောင့် လမ်းပန်း ဆက်သွယ်ရေးကို အမြန်ဆုံး ပြန်လည် ထူထောင်ရန် လိုနေသည့် ကိစ္စကို အထူးဖော်ပြရန် မလို။ ရှမ်းပြည်နှင့် တကွ နယ်ခြား ဒေသများနှင့်သော်၎င်း၊ ထိုအရပ်များ၌သော်၎င်း လမ်းပန်းဆက်သွယ်ရေး ကိစ္စ ချဲ့ထွင်ရန် သို့မဟုတ် ပြုပြင်ရန်ကိစ္စတို့သည်လည်း ပဉ္စမ စဉ်းစားစရာ အချက်များတွင် ပါဝင် ပေသည်။

ယခု အိမ်ရာ ပြဿနာနှင့် ပတ်သက်ပြီး ပြောလိုပါသည်။ အရိပ်အာဝါသ ရဖို့ လိုနေသည့်လူတွေ၊ ကိုယ်ပိုင်အိမ် မဆောက်နိုင်သည့်လူတွေကို ကျွန်တော်တို့က ခိုကိုးနေထိုင်စရာ ပေးရမည်။ ပြီးတော့ အုပ်ချုပ်ရေး ရုံးတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ အစရှိသဖြင့် ဤကဲ့သို့ ရုံးတွေ အတွက် လဲ အဆောက်အဦတွေ ရှာဖွေပေးရဦးမည်။ လိုအပ်တဲ့ ကိစ္စတွေကို ဖြည့်စွမ်းပြီးမှသာ အိမ်ရာတွေ ဆောက်ဖို့ ကိစ္စအတွက် လှမ်းနိုင်မည်။ အရေးကြီးသည်မှာ လတ်တလော လိုအပ်တဲ့ အရာများအတွက် စီမံရမည်။ စီမံတဲ့ အခါမှာလဲ ယာယီ စီမံရာထားချက်များ ပြုလုပ်ဖို့လိုလိမ့်မည်။ သို့သော်လည်း ရန်ကုန်မှာ တွေ့ရသည့်အတိုင်း ဆိုလျှင် အိမ်ရာ ဆောက်လုပ်ရေး ကိစ္စမှာ ယာယီ ရာထားချက်များမှာ များသော အားဖြင့် ကျေနပ်ဖွယ်ရာ မရှိကြပါဘူး။ ထို့ကြောင့် အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



တွေကို တတ်နိုင်သလောက် ရှောင်ရလိမ့်မည်။ ပြန်လည် ထူထောင်ဖို့ကိစ္စမှာ ပညာရေးဖက်မှ အလိုအပ်ဆုံး ဖြစ်သည်။

ယခု အခါမှာ မသင်မနေရ ပညာ၊ ကောလိပ်ကျောင်းတွေ အများကြီး ဖွင့်ဖို့ ကိစ္စကို စိတ်ကူး ထည့်ရန် အချိန်မကျသေးဘူး။ စစ်မဖြစ်မီက ကျောင်း ဦးရေကောလိပ်ဦးရေတွေကိုတောင် မှီအောင် မလုပ်နိုင်သေးဘူး။ အဲဒီအရေ အတွက်တွေကို မှီအောင်ဖြစ်လာဖို့ ရည်ရွယ်ရင်း ရှိရမည်။ သို့သော် ကျွန် တော်တို့ လက်မှု ပညာသင်ကျောင်းတွေ များလာအောင် ပိုပြီး ကြိုးစားရ လိမ့်မည်၊ အသက်မွေး ဗမ်းကျောင်း ပညာ၊ အတွေ့ထွေ လက်မှုပညာတွေ ကို ပိုပြီး အားပေးရမည်။ စာအုပ်တွေ ထုတ်တဲ့နေရာမှာလဲ လူအများအတွက် အရေး တကြီး လိုအပ်သည့် စာအုပ်တွေ၊ အသုံးကျမည့် စာအုပ်တွေကို ဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေဖို့ကို စိတ်ထဲမှာ စွဲထားရမည်။ ဘာသာပြန် ဌာနကြီးကြီး တခုကို ဖွင့်ရမည်။ နိုင်ငံခြားကို ပညာသင်တွေ လွှတ်ရမည်။ သို့သော်လည်း ၎င်းတို့ ပြန်လာလျှင် တိုင်းပြည် ပြန်လည်ထူထောင်ရေး အတွက် လုပ်နိုင် ကိုင်နိုင်အောင် အသုံးကျတဲ့ ပညာမျိုးတွေကို ကျကျ နန ယူလာနိုင်အောင် လုပ်ရမည်။ အဆိုပါ ပညာတော်သင်တွေ အတွက် သင် ကြားဖို့ရာ ပညာရပ်တွေ ရွေးချယ်သည့် နေရာမှာ တိုင်းပြည် ပြန်လည် ထူ ထောင်ရေး အသုံးကို ကြည့်ပြီး ရွေးချယ်ရမည်။ အသုံးကျမည် မဟုတ်သော ပညာရပ်တွေကို ယခု အခါမှာ ချန်ပစ်ခဲ့ရလိမ့်မည်။ တိုင်းပြည်တိုင်း၊ တိုင်း ပြည်တိုင်း နိုင်ငံခြားကို ပညာတော်သင် လွှတ်ကြသည်မှာ ကျောင်းသားတွေ ရှေ့ဆက် ပညာ ဆည်းပူးကြဖို့၊ ရှာမှီးကြဖို့ ဖြစ်ပါသည်။ ကျွန်တော်တို့ လည်း ငွေရေး ကြေးရေးကို ကြည့်ပြီး ဒီနည်းအတိုင်း လုပ်ကြရမှာဘဲ။ သို့သော် လည်း အရွေးအချယ် ခံရမည့် ကျောင်းသားတွေဟာ အရည်အချင်းကျကျ နန ပြည့်စုံရမည့် ကျောင်းသားတွေ ဖြစ်ရမည်။ သူတို့ ပညာတော်သင်ပြီး ပြန်လာတဲ့ အခါမှာ အလုပ်ရဖို့ အာမခံ ထားနိုင်ဖို့ သင့်သည်။ ပြီးတော့ ကျကျနန သင်ကြားရမည့် ပညာရပ်တွေကို သူတို့ ကောင်းကောင်း မွန်မွန် သင်ကြဖို့၊ ကျွန်တော်တို့က အရေးယူရလိမ့်မည်။

လူထု ကျန်းမာရေး ကိစ္စအကြောင်းကို ပြောရတော့မည်။ မီးကို မလောင်ခင်က တားရမည် ဆိုတဲ့ စကားသည် ဆိုရိုးဆိုမြဲ စကားပါဘဲ။ သို့



သော်လည်း ကျွန်တော်တို့၏ နေ့စဉ် အရေးတွေထဲမှာ ဒီစကားရဲ့ မှန်ကန်ချက် ကို မမြင်ခဲ့ကြသည်မှာ များပါသည်။ ကာယဗလ ဖွံ့ဖြိုးရေး၊ သန့်ရှင်းရေး၊ ကျန်းမာရေးနဲ့ ညီညွတ်စွာနေထိုင်ရေးတွေအတွက် စီမံကိန်းတွေ ထုတ်ရမည်။ ဆရာဝန်၊ သူနာပြုဆရာမ၊ ကိုယ်လက် လှုပ်ရှားရေး ဆရာများ သင်တန်းဖွင့် ဖို့ကိုလည်း ဆောင်ရွက်ရလိမ့်မည်။

ယခု လက်ရှိ အုပ်ချုပ်ရေးကို လူကြိုက်များလာအောင် ဗြိုရိုကရက်စနစ် က အများကြိုက်စနစ် ပြောင်းဖို့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြောရမည်ဆိုလျှင် အစိုးရက နောက်ဆုံး ဒီစတြိတ်နှင့် မြို့နယ်ဆိုင်ရာ အကြံပေး အဖွဲ့တွေ ဖွဲ့ဖို့ တင်သွင်း ထားသည်။ ဤကဲ့သို့သော အဖွဲ့မျိုးတွေကို ဖွဲ့ခြင်းအားဖြင့် အုပ် ချုပ်ရေးမှာ ပိုမို ရှင်းလင်း လာရမည်။ ပိုမိုကောင်းမွန် လာရမည်။ အုပ်ချုပ် ရေးကို အခြေခံ ကျယ်ဝန်းစွာ ဖွဲ့စည်းထား၍ တိုင်းသူ ပြည်သားများ ပါဝင် သည့် အဖွဲ့တွေကို အာဏာတွေ ဖြန့်ဝေလွှဲအပ်ပြီး တနေရာထဲမှာ အာဏာစုနေ ခြင်းကို ဖျက်ရမည်။ နောက်ပြီး တဦးနှင့်တဦး ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံ ခြင်း၊ ဆွေးနွေးပွဲတွေ ခေါ်ခြင်းများဖြင့် အုပ်ချုပ်မှုသည် ပိုပြီး ကောင်းလာ မည်။ အကုန်အကျလည်း သက်သာလာလိမ့်မည်ဟု မျှော်လင့်ရသည်။ ထို့ပြင် အစိုးရရုံးတွေမှာ ကြိုးနီစနစ် ပျောက်ပြီး အဟုတ်တကယ် ကျကျနန မျက်ဝါး ထင်ထင် ပြဿနာ အရပ်ရပ်တွေကို ရှင်းကြ၊ လင်းကြ၊ လုပ်ကြ၊ ကိုင်ကြ ဖြစ်လာကြမယ်လို့လဲ မျှော်လင့်ရသည်။

ယခု စီမံကိန်းမှာ ငြိမ်ဝပ်ပိပြားရေး အရေးကြီးကြောင်း ပြောခဲ့ပြီးဖြစ်ပါ သည်။ ကျွန်တော် ယခု ပြောခဲ့ပြီးဖြစ်သည့် ကိစ္စရပ်များအပြင် ကုန်ပစ္စည်း ပိုမို ထွက်ရှိမှုနှင့် စက်မှုလက်မှု ထူထောင်ရေး ကိစ္စများကို လူကြီးမင်းများက ဖတ်မိက ထား၍ စဉ်းစားကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့ တိုင်း ပြည်၏ အခြေခံ ထွက်ကုန်သည် ဆန်စပါးပင် ဖြစ်ပါသည်။ ရှေးဦးစွာ လယ် ယာ ကိုင်းကျွန်း ဆန်စပါး စိုက်ပျိုးမှုတွင် စက်ကိရိယာ အသုံးပြုရေး တီထွင် ရမည်၊ ထိုကိစ္စအတွက် စုပေါင်း ဆောင်ရွက်ရေး စနစ်ကို သုံးရန်လိုလျှင် သုံးရ လိမ့်မည်။ အဆိုပါ နည်းများကို အသုံးပြုရန်မှာ ယခု လက်ရှိ စိုက်ပျိုးရေး အခြေအနေ ပိုမို ကောင်းမွန်လာမှု အတွက် လိုသလောက် အထိ သုံးရပေလိမ့် မည်။ ကုန်ထွက်တိုးတက်လာအောင် ပြုလုပ်ခြင်းသည် ဆင်းရဲခြင်း အတွက် မလွဲနိုင်သော ဆေးမျိုး မဟုတ်သည်ကို ကျွန်တော် သိပါသည်။ မလိုသည့်

www.burmeseclassic.com

www.burmeseclassic.com



ကုန်ထွက် ပစ္စည်းများကို တိုးတက် ထွက်အောင် လုပ်ခြင်းသည် အရေးကြီးသော ပစ္စည်းများ လိုနေသူများ အတွက် အကျိုးမများသည့်ပြင် အဆိုးဖြစ်တတ် ပါသည်။ ကျွန်တော်ဆိုလိုသည်မှာ အများအပြား ထွက်အောင် လုပ်သည့် ပစ္စည်းသည် ကောင်းမွန်ဖို့သည်း အရေးကြီးပါသည်။ အခြားတနည်းဆိုသော် လယ်ယာ စိုက်ပျိုးရေးကို သင့်မြတ်စွာ ထွက်ရှိမှု သဘောဖြင့်စီမံသင့်ပါသည်။ လယ်ယာ စိုက်ပျိုးမှု တိုးတက် ဖွံ့ဖြိုးရေးအဖြစ်ဖြင့် လယ်သမားများ ကြွေးမြီ ပြဿနာနှင့် အတိုးနှုန်း သက်သာစွာနှင့် လယ်ယာ လုပ်ကိုင်ရေး အတွက် ငွေချေးငှားခြင်း နည်းစနစ် စသည်တို့ကို စဉ်းစားရပါလိမ့်မည်။ စက်မှု လက်မှု လုပ်ငန်း ပြဿနာများနှင့် ပတ်သက်၍ ဆိုလျှင်လည်း စစ်မဖြစ်မီက အခြေအနေသို့ အဆောတလျင် မည်ကဲ့သို့ ရောက်နိုင်ရန်နှင့် အိမ်တွင်းလက်မှု ပညာကို လက်တွေ့ သဘောထား အားဖြင့် မည်ကဲ့သို့ အားပေးရန် စသည်တို့ကို စဉ်းစားရပါလိမ့်မည်။ နောက်ဆုံး အချက်မှာငှင်းရာထားချက်တို့ကို အကောင်အထည် ဖြစ်အောင် လုပ်ရန် ငွေကို မည်ကဲ့သို့ ရအောင်ရှာရမည်ဆိုသည့်အချက်ပင် ဖြစ်ပါသည်။ ယခုကဲ့သို့ ကိစ္စမျိုးမှာ ကျွန်တော်တို့ အားလုံးပင် အမြင်မှန် မြင်ပြီး ကိုယ်ပိုင်ဥာဏ်ကို အသုံးပြုခြင်းအားဖြင့် အလုပ်သဘောကို ကောင်းစွာ သိရှိရပါမည်။ ကျွန်တော်တို့စီမံကိန်းအားလုံးအတွက် လိုသလောက် ငွေကြေးကို ရနိုင်မည် မဟုတ်ပါ။ သို့အတွက် ကျွန်တော်တို့ လုပ်ရမည်မှာ ရာထားချက်တွေကိုလုပ်၊ နည်းလမ်းတွေရှာ၊ ငွေကြေးကို စီမံကိန်းများ အတွက် နေရာတကျ ခွဲဝေပေးဖို့ပင် ဖြစ်ပါသည်။ ငွေများများ သုံးဖို့ လိုလျှင် များများ သုံးစွဲရန်နှင့် နည်းနည်း သုံးဖို့လိုလျှင် နည်းနည်း သုံးဖို့ရန် ဖြစ်ပါသည်။ မလိုသည့် သုံးစွဲခြင်းအားဖြင့် ငွေကို အလဟဿဖြစ်စေမည် မဟုတ်ပါ။

ယခု ဆွေးနွေးပွဲကြီးကို တက်ရောက် ကြသည့် အတွက် လူကြီးမင်းတို့ အားလုံးကို ကျေးဇူးတင်ပါသည်။ အစည်းအဝေး မရုပ်သိမ်းသေးမီ ယခင်က ကျွန်တော် ပြောခဲ့သည့် အချက်တွေကို လူကြီးမင်းတို့ ရှေ့အဖို့ လုပ်ရမဲ့ လုပ်ငန်းများကို လုပ်သည့်အခါမှာ မမေ့ကြဖို့ သတိပေးလိုပါသည်။ ယခု အဖွဲ့ခွဲများကို ဖွဲ့ကြပါတော့။ လူကြီးမင်းတို့ ရှေ့အဖို့လုပ်ရမဲ့ လုပ်ငန်းများကို ထားသင့်ရှိသင့်သည့် အင်အား၊ စိတ်ဓာတ်များနှင့် ကြိုးပမ်း ဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်ပါသည်။

# အမြဲတမ်း အဆင်သင့် ရှိရမယ်

၁၉၄၇ ခု ဇွန်လ ၁၀ ရက် ဗန္ဓုလပန်းခြံ မိန့်ခွန်း

ယနေ့ ကျွန်တော်တို့ရဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်ကြီး စတင်ကျင်းပပြုလုပ်ရမဲ့ နေ့ဖြစ်တယ်။ ယခု ကျင်းပ ပြုလုပ်မဲ့ တိုင်းပြု ပြည်ပြု လွှတ်တော် အစည်းအဝေးဟာ ဘာအတွက် ကျင်းပပြုလုပ်ရမယ် ဆိုတာ အထူးရှင်းပြနေစရာ လိုမယ် မထင်ဘူး။ ဗမာပြည်မှာ ရှိတဲ့ တိုင်းသူပြည်သားတွေက တင်မြှောက်လိုက်တဲ့ တိုင်းပြည်ကိုယ်စားလှယ် ဖြစ်တဲ့ အမတ်များဟာ တိုင်းပြည်ကို ဘယ်လို ပြုစုပျိုးထောင်မယ်။ ဘယ်လို လုပ်မယ် ဆိုပြီး စီမံ ဆုံးဖြတ်ရမဲ့ လွှတ်တော် အစည်းအဝေးမျှသာ ဖြစ်တယ်။

## အလုပ်လုပ်ကြည့်မှ သိမယ်

ကျွန်တော်တို့ဟာ အားလုံး အချုပ်အချယ်နှင့် ရှိနေသေးတယ်။ အဲဒီလို အချုပ်အချယ်များက လွတ်မြောက်အောင် လုပ်နိုင်မဲ့ စည်းမျဉ်း ရေးဆွဲဖို့ လိုအပ်တယ်၊ အမှန်ကတော့ လူမျိုးရေး လွတ်လပ်အောင် လုပ်ရမှာဘဲ၊ တခြား နိုင်ငံတွေမှာ ဆိုယင် ဟော်လန်ရေးလုပ်ငန်းတွေ လုပ်ပြီးမှ၊ တိုင်းပြုပြည်ပြု လွှတ်တော်ခေါ် နိုင်တာတွေကိုလဲ အများကြီး တွေ့ရမယ်။ ယခုလုပ်မဲ့ လွှတ်တော် အတွက် ဖ၊ ဆ၊ ပ၊ လ ပဏာမ ညီလာခံက ဆုံးဖြတ်လိုက်တဲ့ ဖွဲ့စည်းပုံ ဥပဒေကို ရေးဆွဲလိုက်တာ ဘယ်လို ဖြစ်မယ်ဆိုတာ မသိ၊ အလုပ်လုပ်ကြည့်မှဘဲ သိမယ်။

## နောက်ဆုံးပိတ်မှာ အတည်ဖြစ်မယ်

ကျွန်တော်တို့ဟာ အင်္ဂလန်ပြည်မှာရော၊ တခြား တိုင်းပြည်တွေမှာရော ဖွဲ့စည်းအုပ်ချုပ်ပုံတွေ ကြည့်ယင် အခက် အခဲအမျိုးမျိုးနှင့် တွေ့ခဲ့ရတာ၊



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေတာ အများကြီး မြင်တွေ့ရပါတယ်။ ယနေ့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချမှာကတော့ နောက်ဆုံးပိတ်မှာ အတည်ဖြစ်မှာဘဲ။ ဘာဖြစ်လို့လဲဆိုယင် အင်္ဂလိပ်များ၏ အခြေအနေ၊ ကမ္ဘာ့နိုင်ငံကြီးများ၏ အခြေ အနေကို သိခြင်းအားဖြင့် နောက်ဆုံး ဒီအခြေဆိုက်မယ် ဆိုတာ သိရတယ်။ အခက်အခဲဆိုတာမျိုးကတော့ ဘယ်နေရာမျိုးမဆို ပေါ်ဦးမှာဘဲ။

### အေးအေးဆေးဆေး မနေကြနဲ့အုံး

ကျွန်တော်တို့ ပထမ ညီလာခံမှာ ဆုံးဖြတ်တာကို ကျွန်တော်တို့အတည်ဖြစ်မယ်လို့ ယူဆတယ်။ ဒါပေမဲ့ လွတ်လပ်ရေး တိုက်ပွဲဟာ မပြီးသေးဘူးဆိုတာကို တိုင်းပြည်မှာ ရှိကဲ့ တိုင်းသူပြည်သားတွေဟာ သတိနှင့် အမြဲနေပြီး ကျွန်တော်တို့ လုပ်တာတွေကို ကြည့်ပြီး အမြဲထောက်ခံသွားမှ ဖြစ်မယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်ကို ဆွေးနွေး နေလို့ အေးရတော့မယ် ဆိုပြီး၊ အေးအေး ဆေးဆေးတော့ မနေကြပါနှင့်အုံး။ ကျွန်တော်တို့က ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေကို တတိုင်းတပြည်လုံးက အုံကြွပြီး အမြဲတမ်း ဆန္ဒပြ ထောက်ခံကြမှ ဖြစ်မယ်။

ဒီလိုဆန္ဒတွေ အမြဲတမ်း ပြသနေပါရက်နှင့် အတည် မဖြစ်ယင် ရှေ့တလှမ်း တိုးပြီး လုပ်ဖို့ဘဲ။ ဒီကာခါ တလှမ်းဟာ နောက်ဆုံး လှမ်းမည့် ခြေလှမ်းဖြစ်လို့ ပြင်ဆင်မှုတွေကို အမြဲတမ်း အသင့်ရှိစေရမယ်။ ပြင်ဆင်မှုတွေကိုရှိဖို့ ကလည်း ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ကြီးမှ ညွှန်ကြားချက်များ မကြာ ခဏထုတ်ပေးပါလိမ့်မယ်။

### အနှောင့်အရှက် ပေးနိုင်တယ်

တိုင်းပြည်က ဆန္ဒပြပြီး တိုင်းပြု ပြည်ပြု လွှတ်တော်က ဆုံးဖြတ်ချက်အတိုင်း ရှေ့တလှမ်းတိုးဖို့ အမြဲတမ်း အားပေးကူညီရမယ်။ ပထမညီလာခံရဲ့ ဆုံးဖြတ်ချက် အတိုင်း လွှတ်တော်ထဲမှာ ဆောင်ရွက်သွားမယ်။ အဲဒီ ဆုံးဖြတ်ချက်တွေကို ခင်ဗျားတို့က မှန်တယ်ထင်ယင် ထောက်ခံကြဖို့ဘဲ။ ယနေ့ အဖို့ ရှေရှေ ပြောဖို့မလို၊ ဗမာပြည်ရဲ့ ဖွဲ့စည်းပုံ ဥပဒေကို အောက်တိုဘာလမှာ အပြီး လုပ်နိုင်လိမ့်မယ်လို့ ထင်ရပါတယ်။ ယနေ့ စတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ရဲ့ အတွင်းမှာ ဖ၊ ဆ၊ ပ၊ လ အမတ်တွေ အများကြီး ရှိပေမဲ့ အနှောင့်အရှက် အမျိုးမျိုးကို ပေးနိုင်တာဘဲ။



### အိန္ဒိယကို အတုခိုးပြီး လုပ်မယ်

အိန္ဒိယပြည်နှင့် ဗမာပြည်ရဲ့ အခြေ အနေမှာ နိုင်ငံရေးအခြေ အနေတွင် ဗမာပြည်က သာပြီး တခြားအခြေ အနေမှာ သူတို့က သာနေတယ်။ အဲဒီလို သူတို့ဆီမှာ သာနေတာကို အတုခိုးပြီး ပြုပြင်သွားဖို့ဘဲ၊ နိဂုံးချုပ်စကားကတော့ အားလုံးသော တိုင်းသူ ပြည်သားတို့ဟာ အမြဲတမ်း အဆင်သင့်ရှိဖို့ ပြောလိုတာပါဘဲ။

www.burmeseclassic.com

# ဘယ်သူ့လက်အောက်မှ မနေချင်ဘူး

**၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင်**
**တိုင်းပြုပြည်ပြု လွှတ်တော်၌ လုံးဝလွတ်လပ်ရေး အဆိုကို တင်သွင်းစဉ်**
**မြွက်ကြားသည့် မိန့်ခွန်း**

ကျွန်တော် ယခု ဒီအဆိုကို ပင်သွင်းရတဲ့ အကြောင်းကတော့ ကျွန်တော်တို့ အနယ်နယ် အရပ်ရပ်က လူမျိုးစုတို့ရဲ့ ကိုယ်စားလှယ်များ လာရောက်စုဝေးလျက် တိုင်းပြုပြည်ပြုလွှတ်တော်ဆို၍ ကျွန်တော်တို့ဖွဲ့စည်းပြီးတဲ့နောက် ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ရေးဆွဲဖို့ လာရောက်တာဝန်ယူခြင်း ဖြစ်တယ်။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲမယ်ဆိုတာ ကျွန်တော်တို့ရဲ့ အခြေခံ မူလကို ရှေးဦးစွာ သိထားဖို့လိုတယ်။ ဒီလိုအခြေခံအချက်အလက်ကိုမှ မသိဘဲနှင့် ကျွန်တော်တို့ ရှေ့ဆက်လက်၍ ဗမာပြည်ရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေကို ရေးဆွဲမယ်ဆိုလျှင် တယောက်နှင့်တယောက် သဘောတမျိုးစီဖြစ်၍ ဘာမျှ အခြေခံမရှိ၊ လမ်းစဉ်မရှိဘဲ ညွှန်ကြားပြသမှု မရှိဘဲ၊ ကျွန်တော်တို့ လိုချင်ရာကို အမြန်ဆုံးရောက်တော့မယ် မဟုတ်ဘူး။

## ကော်မီတီ ဖွဲ့ရမယ်

တိုင်းပြုပြည်ပြုလွှတ်တော်၏ အဖွဲ့ကြီး ဤတပတ် အစည်းအဝေးပြီးတဲ့နောက် ဒီတပတ် အစည်းအဝေးမှ ကော်မီတီအသီးသီးခန့်ထားမယ်။ ဒီကော်မီတီများက ဆက်လက်၍ ဗမာပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေထဲမှာ ဘာတွေထည့်သွင်း သင့်တယ်၊ မသင့်ဘူးဆိုတာတွေ သေသေချာချာ ဆွေးနွေးတဲ့အခါမှ အခြေခံအားဖြင့် ဘယ်အပေါ်မှာ မူ ထား၍ ဆွေးနွေးကြမယ်ဆိုတာ၊





တဦးနှင့်တဦး ကျကျနန သိရှိမှ ဖြစ်မယ်။ အဲဒီလို တဦးနဲ့တဦး သိရှိနားလည်မှု မတူခဲ့လျှင် ကော်မီတီများရဲ့ လုပ်ငန်းများမှာ ခက်ခဲတယ်။

## တဖွဲ့တမျိုးစီ မဖြစ်ရန်

အဲဒီတော့ အခြေခံ သဘောအားဖြင့် တိုက်ရိုက် သတ်မှတ်ဆုံးဖြတ်ချက်တရပ်ကို တိုင်းပြုပြည်ပြုလွှတ်တော်မှ ပဌမ ဆုံးဖြတ်ဖို့လိုတယ်။ အဲဒီလို ဆုံးဖြတ်ပြီးမှ ရှေ့ဆက်လက် အလုပ် လုပ်တဲ့နေရာမှာ ဘယ်လို လုပ်ရမယ်ဆိုတာ သိနိုင်မယ်။ သို့မဟုတ်လျှင် ကော်မီတီ အဖွဲ့များမှာ တချို့က သမ္မတသဘောတမျိုး ဆွေးနွေးမယ်။ တချို့ကလဲ ရှင်ဘုရင် သဘောမျိုး ဆွေးနွေးမယ်။ တချို့ကလဲ ပြည်ထောင်စု သဘောမျိုး အစရှိသဖြင့် ဆွေးနွေးကြတော့ အဖွဲ့အဖွဲ့ချင်း မတူကြတော့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ပြန်လှန်စီစစ်ကြတဲ့အခါမှာ ဆက်စပ်လို့ မရအောင် ဖြစ်သွားမယ်။ အဲဒါကြောင့် အခြေခံအားဖြင့် ကျွန်တော်တို့မူကို ပြဋ္ဌာန်းဖို့လိုတယ်။

အဲဒီလိုလုပ်ပြီးတဲ့နောက်မှ တိုင်းပြုပြည်ပြုလွှတ်တော်ကနေ၍ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေရေးဆွဲဖို့ အဖွဲ့အသီးသီးခန့်ထားတဲ့ နေရာမယ်၊ ရှေ့ဆက်လက်၍ အခြေခံရမယ်။ အဲဒီအခါမှာ ကျွန်တော်တို့ အခြေခံလိုတဲ့အတိုင်း ကျွန်တော်တို့ အဆို သွင်းတဲ့အခါမှာ ဒီအဆိုကို တော်တော်ဘဲ စစ်စစ်ဆေးဆေး ရေးဆွဲပြီး တင်သွင်းခြင်း ဖြစ်တယ်။ မူလပဌမအား ကျွန်တော်တင်သွင်းရမဲ့ ဒီအဆိုဟာ ဖ-ဆ-ပ-လ အဖွဲ့ချုပ် ပဏာမပြင်ဆင်မှု ညီလာခံတုန်းက ဆုံးဖြတ်တဲ့အဆိုဘဲ။ အဲဒီအဆိုကို ဖတ်ကြည့်တဲ့အခါမှာ အချို့အချက်အလက်တွေကို ကျွန်တော်တို့ စဉ်းစားပြီးတဲ့အတွက် ဖ-ဆ-ပ-လ ပဏာမ ညီလာခံသဘောက ခင်ဗျားတို့ကို ပြင်ဆင်စေ၍ တိုင်းပြုပြည်ပြုလွှတ်တော်မှာ တင်သွင်းခြင်း ဖြစ်ပါတယ်။

## စုဝေးတိုင်ပင်ရုံမျှသာ

ကျွန်တော်တို့ဟာ ယခုဒီလာ၍ အစုံအညီစုဝေးရုံသာ ရှိပါသေးတယ်။ တောင်တန်းဒေသနှင့် ဗမာပြည်မ ကိုယ်စားလှယ်များဟာ တိုင်းသူပြည်သားတွေ၏ ဆန္ဒအားဖြင့် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအခြေခံရေးဆွဲဖို့ စုဝေးရုံသာရှိတယ်။ နိုင်ငံတော်ကြီး၏ အဖွဲ့အစည်း မဟုတ်သေးဘူး။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီနိုင်ငံတော်မှာ ဘယ်နယ်တွေပါမည်ဆိုတာ ကျကျနန သတ်မှတ်ချက် မဖြစ်နိုင်သေးဘူး။ ကိုယ်စားလှယ်တွေ စုဝေးတိုင်ပင်ရဲသာ ရှိသေးတယ်။]

## ပြည်ထောင်စုသဘော

ကျွန်တော်တို့ တင်သွင်းတဲ့ အဆို (၁) အချက်နှင့် ပတ်သက်လို့ ကျွန်တော်တို့ ရေးဆွဲအပ်တဲ့ နိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေက ဘယ်လိုဖြစ်သင့်သလဲဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဟု ခေါ်တွင်စေသော လွတ်လပ်တဲ့ အချုပ်အချာအာဏာပိုင် သမ္မတနိုင်ငံ ဖြစ်သင့်တယ်ဆိုတဲ့ အချက်နှင့်ကျွန်တော် ပဌမ ရှေးဦးစွာ ဗမာနိုင်ငံရဲ့ ပေါ်ဆဲပေါ်လတ္တံ့သော အခြေခံဥပဒေသဘောများကို ဖော်ပြထားပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတာက အထူးရှင်းပြစရာ မလိုပါဘူး။ နိုင်ငံတော်အတွင်းမှာ ပြည်ထောင်စု သဘောမျိုးအားဖြင့်ဖြစ်တယ်။ ပြည်ထောင်စု နိုင်ငံသဘောမျိုးအဖြစ် ဖွဲ့စည်းမည်ဆိုတာ ရည်ရွယ်ချင်း ဖြစ်ပါတယ်။

## တောင်တန်း မဝိုးရိမ်နှင့်

ဒီပြည်ထောင်စု နိုင်ငံတော်ကို ကျွန်တော်တို့ကနေ၍ တင်ပြထားခြင်းအားဖြင့် ယခုတိုင်းပြုပြည်ပြုလွှတ်တော်ကို ကြွရောက်လာကြတဲ့ တောင်တန်းဒေသဆိုင်ရာ ကိုယ်စားလှယ် အမတ်များဟာ ဒီပြည်ထောင်စု နိုင်ငံတော်ကို သူတို့ သက်ဆိုင်ရာ နယ်များကပါဝင်ပြီးသား ဖြစ်သလား၊ မဖြစ်ဘူးလားဆိုတဲ့ ကိစ္စနှင့်ပတ်သက်လို့ နည်းနည်းသံသယရှိတယ်လို့ ကျွန်တော်သိရတယ်။ ဒီကိစ္စနှင့် ပတ်သက်လို့ တိတိလင်းလင်း ရှင်းပြလိုတာက ပြည်ထောင်စုမြန်မာ နိုင်ငံတော်လို့ ဒီအဆိုထဲမှာ တင်သွင်း ထားခြင်း ဖြစ်ပေမဲ့၊ ဒီပြည်ထောင်စု နိုင်ငံတော်ထဲမှာ ဘယ်နယ်တွေပါတယ်လို့ သတ်မှတ်ထားခြင်း မရှိသေးဘူး။ အဲဒီတော့ တောင်တန်း ဒေသမှနေ၍ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေဟာဘာမျှ ဒီကိစ္စနှင့်ပတ်သက်လို့ စိုးရိမ်စရာ မရှိဘူး။ ဒီပြည်ထောင်စု နိုင်ငံတော်ထဲမှာ ကိုယ်ပါချင်မှ ပါနိုင်တယ်။

## ကတိကို မဖောက်ဖျက်ဘူး

တိုင်းပြုပြည်ပြုလွှတ်တော် ဖွဲ့စည်းတဲ့ နေရာမှာ သဘောတူညီချက် စာချုပ်တဲ့အခါမှာ တောင်တန်းဒေသ ကိုယ်စားလှယ်များနှင့် ကျွန်တော်တို့ ချုပ်ဆိုခဲ့သော ဆိုခဲ့တဲ့ စာချုပ်အရဖြစ်စေ၊ နောက် ဒီတောင်တန်းဒေသဆိုင်ရာ စုံစမ်းရေးအဖွဲ့ အစီရင်ခံစာမှာ ထောက်ခံချက်များကို လက်ခံရလာခဲ့သည့်အတိုင်း ဖြစ်စေ၊ အဲဒီလို လက်ခံထားတဲ့စာချုပ်သဘောတူလိုတဲ့ အချက်တွေကို ကျွန်တော်တို့အဖို့မှာဆိုလျှင် သဘောတူလာတဲ့ တကယ့်အရင်းခံသဘောတားကို လက်ခံထားပြီး၊ ဒီအတိုင်းဘဲ တိုင်းပြုပြည်ပြုလွှတ်တော်မှာ လုပ်မှာဘဲဆိုတာ တောင်တန်း နယ်ဖက်ဆိုင်ရာ ကိုယ်စားလှယ်တို့အား တိတိလင်းလင်း နားလည်စေချင်တယ်။ ကျွန်တော်တို့ဟာ ပေးပြီးသားကတိ၊ နားလည်ပြီးသား သဘောတူညီချက် တို့ကို နယ်ချဲ့သမားလို ဖောက်ဖျက်ခြင်း မရှိဘူး။



## စာတစောင်ရတယ်

တနေ့က ကျွန်တော့်ဆီ စာတစောင် ရောက်လာတယ်။ အမှန်စင်စစ်ကတော့၊ တောင်တန်း ကိုယ်စားလှယ်တွေ ပြောလို့လား၊ သို့မဟုတ် တောင်တန်းနယ် ဆိုင်ရာဌာန ညွှန်ကြားရေးဝန်ကဘဲလား မပြောတတ်ပါဘူး။ သို့သော်လည်း အဲဒီလို တဆင့်နေ၍ တောင်တန်းဒေသ ဆိုင်ရာ ကိစ္စနှင့် ပတ်သက်၍ တိုင်းပြုပြည်ပြု လွှတ်တော်မှာ ဆွေးနွေးတဲ့ အခါ အင်မတန် အစိုးရိမ်ကြီးတဲ့ အကြောင်းတွေ စာတစောင်ရတယ်။ ဒီစာကို တိုင်းပြုပြည်ပြု လွှတ်တော် ရုံးကဘဲ ရမလား မပြောတတ်ဘူး။ ဘာပါသလဲ ဆိုလျှင် မှတ်မိသလောက် ပြောရလျှင် တောင်တန်းနယ်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို တိုင်းပြုပြည်ပြု လွှတ်တော်ကနေ၍ ဆုံးဖြတ်တဲ့အခါ ဆိုင်ရာ ဆိုင်ရာ နယ်ရဲ့ ကိုယ်စားလှယ်လူများစု သဘောတူညီချက် မရဘဲ၊ တိုင်းပြုပြည်ပြု လွှတ်တော်မှ မဆုံးဖြတ်နိုင်ဘူးဆိုတာ၊ တောင်တန်းနယ် ဆိုင်ရာ စုံစမ်းရေး အဖွဲ့တိုင်းက ထောက်ခံချက် ပေးထိုက်တယ်။

## စိတ်ကျူးလွဲလျှင်

ဆိုင်ရာ ကိုယ်စားလှယ်တွေ အချင်းချင်းမှာ လူများစု လူနည်းစု မဖြစ်ဘဲ သဘောကွဲလွဲနေလျှင် တိုင်းပြုပြည်ပြုလွှတ်တော်က ဘာဆုံးဖြတ်မလဲဆိုတဲ့ မေးခွန်းကို တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်တွေက လာတော့ မမေးဘူး။ တိုင်းပြု ပြည်ပြု လွှတ်တော် ဥက္ကဋ္ဌကိုလဲ မမေးဘူး။ မဆိုင်တဲ့ တောင်တန်းဒေသဆိုင်ရာဌာန ညွှန်ကြားရေးဝန်က နေ၍ စိတ်ပူပုံရတယ်။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



သဘောမှာ စည်းကမ်းနည်းလမ်းမမှန်ဘူးလို့ ယူဆတယ်။ ကျွန်တော်တို့ အခု ပြောဆိုခြင်းဟာ တောင်တန်းဆိုင်ရာ ကိုယ်စားလှယ်များကနေ၍ အင်္ဂလိပ်ကို သွားကပ်တယ်လို့ မဆိုလိုဘူး။ သို့သော်လည်း ဒီတိုင်းပြုပြည်ပြု လွှတ်တော်က ဆုံးဖြတ်တဲ့ နေရာမှာ အင်္ဂလိပ်မှ ငါတို့ကိုးကွယ်ရာရမယ်လို့ ဆိုလျှင် ဒီလို စိတ်ဓာတ်ရှိတဲ့ လူတွေဟာ နောင်ကိုးကွယ်ရာ ဘယ်နည်းနှင့်မျှ မရှိနိုင်ဘူးဆိုတာ သတိပေးလိုတယ်။

## ဖိနှိပ်ဆုံးဖြတ်ခြင်း မပြု

ဒီတိုင်းပြုပြည်ပြု လွှတ်တော်နှင့်ပတ်သက်လို့ ပြောရလျှင် ဘယ်အင်္ဂလိပ်ရဲ့ အကူအညီနဲ့ ဒီတိုင်းပြုပြည်ပြုလွှတ်တော်ကို လာ၍ဩဝါဒပေးဖို့၊ အခွင့်အရေး ကို ကာကွယ်ဖို့ သဘောမျိုးရှိသင့်တဲ့ တိုင်းပြုပြည်ပြုလွှတ်တော် မဟုတ်ဘူး။ တောင်တန်း ဒေသဆိုင်ရာကိစ္စကို စဉ်းစားတဲ့အခါမှာ ခင်ဗျားတို့ နယ်ဆိုင်ရာ အချင်းချင်း မချင်းတူနေကြလျှင် ဒီတိုင်းပြုပြည်ပြု လွှတ်တော်ထဲမှာ ဖ-ဆ-ပ-လ အမတ်များဟာ အများ ဆုံးဖြတ်တဲ့ အတိုင်း၊ အများဆုံး အဖွဲ့ ခေါင်း ဆောင်အဖြစ်နဲ့ တိတိလင်းလင်း သတိပေးလိုတာက ခင်ဗျားတို့ အချင်း ချင်း ဘယ်သူ ဘယ်သူမှ မဲမသာဘဲနှင့် မပိုင်နေလျှင် ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော်က ဝင်ရောက် အတင်းဖိပြီး မဆုံးဖြတ်ဘူး ဆိုတာ သတိ ပေးလိုပါတယ်။

## မပါချင်လျှင် မပါပါနှင့်

ကျွန်တော်တို့ဟာ တောင်တန်းနယ် ဆိုင်ရာ ကိစ္စနှင့် ပတ်သက်၍ စေတ နာအင်မတန် သန့်သန့်ရှင်းရှင်း ထားတယ်။ ကျွန်တော် တင်သွင်းတဲ့ အဆိုပြီး သည့် နောက် ဆက်လက်၍ ပြည်ထောင်စု ဖွဲ့သည်းတဲ့ နေရာမှာ ဘယ်နယ်ပါလို့ ဘယ်အချက် အလက် ဘယ်အခွင့် အရေး အခြေခံ တွေ ဘယ်လို စုပေါင်း သင့်တယ် ဆိုတဲ့ ကိစ္စကို ဆွေးနွေးတဲ့အခါ ကျွန်တော်တင်သွင်းတဲ့ အဆိုကို သဘောမကျလျှင် တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်တွေက သဘောရှိ ဗမာပြည်နှင့် မပေါင်းနိုင်လျှင် နေနိုင်တယ်။ ကျွန်တော်တို့ ယနေ့ ဒီတိုင်း ပြု ပြည်ပြု လွှတ်တော်မှာ ဒီစကား ပြောခြင်းဟာ ကျွန်တော်တို့ရဲ့ စိတ်စေတ နာကို ရှင်းရှင်း ပြတ်ပြတ် သားသား ထားတယ်ဆိုတာကို သိစေလို၍ ဖြစ် တယ်။



## မတင်းမလုပ်ပါနှင့်

ကျွန်တော့် အဖို့မှာ ကျွန်တော်တို့နှင့် အတူတူပေါင်းပြီး မလုပ်ချင်လျှင် ကျွန်တော်တို့ ကလဲ (ဗမာစကားတော့ မဟုတ်ပါဘူး ကရင်စကားဘဲ) ခင်ဗျား တို့ကို အတင်းနှသားဘာယား နည်းမျိုး မသုံးပါဘူး။ တောင်တန်းက မိတ် ဆွေများ တိတိ လင်းလင်း နားလည်စေချင်တယ်။ မိတ်ဆွေတယောက် မပြောသလို ခင်ဗျားက ရှင်းရှင်းပြောမှ သူတို့ ပိုရှုပ်သွားပြီလို့ ဆိုသလို မဖြစ်စေ ချင်ဘူး။

## အချုပ်အချာအာဏာပိုင်

အဲဒီတော့ ပြည်ထောင်စု နိုင်ငံတော်မှာ ဘယ်နယ်တွေပါရမယ် မသိသေး ဘူး။ ပါချင်တဲ့ နယ်ပါကြ။ နယ်ကို သတ်မှတ်မထားဘဲ၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်လို့ သာမည ထည့်ထားခြင်းမျှသာ ဖြစ်သေးတယ်။ အချုပ်အချာ အာဏာပိုင် သမ္မတ နိုင်ငံဆိုတဲ့ နေရာမှာ လွတ်လပ်တယ် ဆိုတဲ့ အဓိပ္ပာယ်ဟာ ရှင်းစရာ မလိုဘူး။ အချုပ်အချာ အာဏာပိုင် ဆိုတာ အမျိုးမျိုးရှိတယ်။ အမှန်က နိုင်ငံဆိုတဲ့ သဘောကိုက အချုပ်အချာ အာဏာ အကျုံးဝင်ပြီး သား သဘောတရား ရှိတယ်။ နိုင်ငံတော်ဆိုရုံနှင့် အားမရ မကျေနပ်ဘဲ အချုပ် အချာ အာဏာပိုင်နိုင်ငံမှ ပြည့်စုံလုံလောက်တယ်လို့ သဘောထားကြ တယ်။

## သမ္မတနိုင်ငံစံနစ်

အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတော်မှာ သမ္မတ စံနစ် အားဖြင့် ဖွဲ့စည်းပြီး ထူထောင် လိုတယ်။ သမ္မတ စံနစ်ဆိုတာ ဒီခေတ်အခါမှာ သာ ကျွန်တော်တို့ ရဲ့ ဗမာစာမှာ ပေါ်ပေါက်လာတဲ့ စကားဘဲ၊ ဘာလဲဆို တနိုင်ငံလုံးကို အုပ် ချုပ်ရမဲ့ ပုဂ္ဂိုလ်ကို ၄ နှစ်၊ ၅ နှစ်၊ ၁၀ နှစ်၊ အားဖြင့် တကြိမ်ကျရွေးကောက် တင်မြှောက်တဲ့ ထုံးစံ စံနစ်၊ ဒီခေတ်ကျမှ ပေါ်လာတဲ့ စံနစ် ဖြစ်တယ်။

## ပါလီမန်က ချုပ်နေသေးတယ်

ဗမာပြည် တိုင်းပြု ပြည်ပြု လွှတ်တော်ဟာ အဆင့်အတန်း အားဖြင့် အချုပ် အချာ အာဏာပိုင်သည်ဟု ယူဆရသော်လည်း အခွင့် အရေးအားဖြင့် ဆိုလျှင် အာဏာ မရှိသေးဘူး။ ဘိလပ်ပါလီမန်က အုပ်ချုပ် နေသဖြင့် ပါလီ

www.burmeseclassic.com

www.burmeseclassic.com

မန်က အချုပ်အချာ စိုးပိုးအုပ်ချုပ်နေခြင်းမှ ရပ်စဲပြီးမှ ဥပဒေအရ အချုပ်အချာ အာဏာရရှိမယ်။

### ဒီလွှတ်တော်ဟာ အာဏာအရှိဆုံး

တိုင်းပြု ပြည်ပြု လွှတ်တော်မှာ ပြောဆိုတဲ့ စကားတွေဟာ လွတ်လွတ်လပ်လပ် ပြောဆိုနိုင်တယ်လို့ ယူဆတယ်။ သို့သော် ဥပဒေ အခွင့်အရေးအရ အာဏာ ရှိသလားဆိုတော့ မရှိသေးပါ။ ဒီတိုင်းပြုပြည်ပြု လွှတ်တော်မှာ ဆုံးဖြတ်လိုတဲ့ အဆုံးအဖြတ်များကို အနှောင့် အယှက် မရှိ ဆုံးဖြတ်နိုင်တယ်။ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်များက လွဲလျှင် မည်သူမျှ မနှောင့်ယှက်နိုင်။ ဒီလွှတ်တော်မှာ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌဟာ ရှင်ဘုရင်ဘဲ။ သူ့ရဲ့ အဆုံးအဖြတ် အစောင့် အရှောက်အတိုင်း လုပ်နိုင်တယ်။

### မိတ်ဆွေ သဘောနှင့် နည်းပါ

အကယ်၍ အထက်က ပြောဆိုခဲ့တဲ့ အတိုင်း၊ အာဏာလွှဲပြောင်း မှုမှာ အေးဝအေးဝ ဆေးဆေး မဖြစ်ဘဲ အခက်အခဲများ ပေါ်ပေါက် လာမည်ဆိုလျှင် ဒီပြင် တနည်းကို စဉ်းစားရမှာဘဲ။ ဥပမာဆိုလျှင် တိုင်းပြုပြည်ပြု လွှတ်တော်ဟာအချုပ်အချာအာဏာပိုင် အဖွဲ့ဖြစ်တဲ့ အတိုင်း အာဏာကို အတင်းယူတဲ့နည်းရှိတယ်။ သို့သော် ယခု အဆိုမှာ အတင်းယူတဲ့ နည်းကို မတိုက်တွန်းဘဲ ကြည်ကြည် သာသာ မိတ်ဆွေသဘောမျိုးနှင့် ယူလိုတဲ့ သဘောမျိုးသာ ဖြစ်တယ်။

### အတင်း ကြေညာမယ်ဆိုလျှင်

တကယ်လို့သာ တိုင်းပြုပြည်ပြုလွှတ်တော်က ဗမာပြည်ဟာ လွတ်လပ်တဲ့ ပြည်ဖြစ်တယ်လို့ အတင်းကြေညာပြီး ကြားဖြတ် အစိုးရ ဖွဲ့မည် ဆိုပြီးအတင်းလုပ်လျှင် အင်္ဂလိပ် အစိုးရနှင့် အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်မှာဘဲ။ ဒီလို ဖြစ်လျှင် ပြင်ဆင်မှု လုပ်ငန်းများလုပ်ထားဖို့လဲ လိုမယ်။ ဒီတော့ ဒီလို မလုပ်ဘဲ အေးချမ်းတဲ့ နည်းနှင့်ဘဲ လုပ်လျှင်လဲ ခုကမ္ဘာကြီးမှာ ဖြစ်ပျက်နေတဲ့ အခြေနှင့် အင်္ဂလိပ်များဖြစ်ပျက်နေတဲ့ အခြေအရ ဖြစ်မယ်လို့လဲယူဆတယ်။ အနေးအမြန် ဆိုတာက ကျွန်တော်တို့ဖက်ကလဲ အင်အား တောင့်တောင့် တင်းတင်းနှင့် စည်းစည်း လုံးလုံး ရှိဖို့ လိုသလို ထဖက်ကလဲ မစေတနာရှိဖို့ လိုတယ်။



### လက်တွေ့ သဘောမျိုးနှင့်

လုံးဝ လွတ်လပ်ရေးကို ဒီမူထဲမှာ ထည့်ထားတဲ့ အတွက် ရှေ့အဖို့ ဘယ်လို အနှောင့်အယှက်မျိုးတွေနဲ့ တွေ့မယ်ဆိုတာ မတွေးရဲလောက်အောင်ပါဘဲ။ သို့သော် အခု အဆို အတည်ပြုပြီးနောက် အဆိုအတိုင်း လက်တွေ့ ဖြစ်မြောက်အောင် လုပ်ဖို့ရန်မှာ အချုပ် အချာ အဆင့်အတန်းလို စကား သဘောမျိုးနှင့် မဟုတ်ဘဲ၊ ဥပဒေအားဖြင့် လက်တွေ့ ဖြစ်အောင် လုပ်မယ် ဆိုတဲ့ အဓိဋ္ဌာန်ရှိဖို့ လိုတယ်။

### ဖြောင့်ဖြောင့်ကြီး သွားဖို့ရာ

ဥပဒေရေးတဲ့ အခါမှာ အာဏာလွှဲပြောင်းတဲ့ နေရာမှာ အခက်အခဲဖြစ်ပေါ်အောင် ဖန်တီးဖို့ ဆိုလျှင် ပြည်မမှာ ကရင်ကို မြောက်ပြီး တောင်တန်းကိုယ်စားလှယ်များကို တဖက်က အသုံးချမှာဘဲ ဆိုတာ ပွင့်ပွင့် လင်းလင်း ဖော်ပြထားလိုပါတယ်။ သို့သော် အဲဒီ အရေးများကို အကုန်လုံး ခြုံစဉ်းစားပြီး ကျွန်တော်တို့ဟာ ဘယ်သူကမြှောက်မြှောက်၊ ချောက်ချောက်၊ ချော့ချော့ ရည်မှန်းရာလမ်းကို ဖြောင့်ဖြောင့်တန်းတန်းကြီး ရောက်အောင် သွားရန် ဆုံးဖြတ်ပြီးပါဘဲ။

### အမှောင်မှ အလင်းသို့

သို့သော် တောင်တန်း ဒေသဆိုင်ရာ ကိုယ်စားလှယ်များအား မိတ်ဆွေ သဘောမျိုးသာမက သွေးချင်း သားချင်းများ အနေနှင့် ပြောလိုတာက ကျွန်တော်တို့ဟာ တောင်တန်း ဒေသများနှင့် ဆိုင်လို့ လွန်ခဲ့တဲ့ ၄-၅ လ ကတည်းက အခြေအနေကျအောင် လုပ်ခဲ့ပြီး ကူညီခဲ့ပြီး အမှောင်က အလင်း ရောက်အောင် ဝတ်တရားရှိတဲ့ အတိုင်း ကျေပွန်အောင် လုပ်ခဲ့ပြီ။

### ဘယ်သူ့ အောက်မှ မနေချင်

အဲဒီအထဲမှာ နယ်တနယ်က အင်္ဂလိပ် လက်အောက်နေချင်တယ်လို့ ကြားရတယ်။ ကျွန်တော်တို့ အဖို့မှာ အင်္ဂလိပ် လက်အောက်မှာလဲ မနေချင်၊ ဘယ်သူ့ လက်အောက်မှလဲ မနေချင်။ လွတ်လွတ် လပ်လပ်ဘဲ နေချင်တယ်။ အဲဒီတော့ အလင်းရောင်ထဲက အမှောင်ထဲ သွားချင်တဲ့လူများ ရှိလျှင် ကျွန်တော်တို့ အဆိုကို မထောက်ခံဘဲ နေနိုင်ခွင့် ရှိပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# တိုင်းပြည်လူထုနှင့် ပူးပေါင်း လုပ်ကိုင်ရမည်

၁၉၄၇ ခု နှစ်၊ ဇွန်လအာန်း ဗမာနိုင်ငံလုံးဆိုင်ရာ
မီးသတ် အစည်းအရုံးကြီးတွင် မိန့်ကြားချက်

ကျွန်တော် မနှစ်ကတဲ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ် အစည်းအရုံးကြီး၏ ညီလာခံသဘင်ကို ဖိတ်ကြားသဖြင့် လာရောက်စကားပြောကြားခဲ့ပါပြီ။ ဒီနှစ်လဲ လာရောက်စကားပြောပါဆိုလို့ လာရောက်ပြောဆိုရခြင်း ဖြစ်ပါတယ်။ ယခု စကားလာပြောတဲ့အခါမှာ မီးသတ် အစည်းအရုံးကြီးက အစိုးရထံမှာ တောင်းဆိုထားတာတွေ တွေ့ရှိတယ်။ အဲဒါကို အစိုးရက မလိုက်လျောသေးဘူးလို့ တွေ့တယ်။ အဲဒီကိစ္စကို ဆိုင်ရာတာဝန်ခံဝန်ကြီးနှင့် သွားပြောဖို့လိုတယ်။ ဗိုလ်ချုပ်လဲ နေရာတကာ ဝင်မစွက်တော့ဘူး။ ဗိုလ်ချုပ်လဲ မတတ်နိုင်တော့ဘူး။

## လူထုနှင့် လုပ်မှ ရမယ်

ယခုခေတ်မှာ ပြန်လည်ထူထောင်ရေး လုပ်လုပ်၊ တိုင်းပြည်ကာကွယ်ရေး လုပ်လုပ်၊ ကျွန်တော်တို့ဟာ သူ့ဆိုင်ရာအဖွဲ့ သူ့ဆိုင်ရာ လူလေးလောက်နှင့် လုပ်လို့ မပြီးနိုင်ဘူး။ အဓိပ္ပာယ်က မီးသတ်ကိစ္စကို မီးသတ်အဖွဲ့ထဲရှိတဲ့ လူတွေနှင့် လုံလောက်တဲ့ ခေတ်မဟုတ်ဘူး။ တိုင်းပြည်ကာကွယ်ရေးမှာ စစ်တပ်က လူတွေနှင့် လုံလောက်အောင် ကာကွယ်နိုင်တဲ့ခေတ် မဟုတ်ဘူး။ တိုင်းပြည် ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာလဲ အစိုးရ ဖက်က လူတွေနှင့် မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာဘဲဖြစ်ဖြစ် ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာဘဲဖြစ်ဖြစ်၊ ကာကွယ်ရေး လုပ်ငန်းမှာဘဲဖြစ်ဖြစ်၊ လုပ်တဲ့အခါမယ်၊ တိုင်းပြည် လူထုနှင့်ယှဉ်၍ ကိုယ်တိုင်လက်ရောက် ပါဝင်ကူညီဖို့သဘောတရား တနေ့တခြား ပိုမိုထင်ရှားလာသတယ်။





## တိုင်းပြည်ကာကွယ်ရေး

တိုင်းပြည် ကာကွယ်ရေးကိစ္စ စီစဉ်ရလျှင် အကြမ်းအားဖြင့် ကျွန်တော်တို့ ဗမာပြည်မှာ ဒီလိုကာကွယ်ရေး လုပ်ငန်းပေါ်ပေါက်လာလျှင်၊ အစိုးရက နေ၍ ဖွဲ့စည်းတည်ထောင်ထားတဲ့စစ်တပ်တွေနဲ့ ဘယ်နည်းနှင့်မှ လုံလုံလောက်လောက် မကာကွယ်နိုင်ဘူးလို့ယူဆတယ်။ ထိထိရောက်ရောက် ကာကွယ်နိုင်သလောက် ကာကွယ်နိုင်ဖို့၊ အခြားနိုင်ငံတွေနှင့် မဟာမိတ်ဖွဲ့ပြီး ပေါင်းတိုက်မှ ဖြစ်မယ်။ ၎င်းအပြင် အရေးကြုံယင် သက်ဆိုင်ကောင်းမှ ဖြစ်မဲ့အတွက် ကိုယ့်အားကိုယ်ယုံကြည်ဖို့လဲ လိုတယ်။

## လူ ၁၇ သန်းနှင့် ဗမာပြည်

ဗမာပြည်မှာ လူဦးရေ ၁၇ သန်းရှိတဲ့အနက်မှ ၁၇ သန်းစလုံးမှ လူကြီးကာ ၅ ကလေးအထိ လုပ်ကိုင်တတ်ဖို့လိုတယ်။ အချိန်အရွယ်လိုက် ဝင်လုပ်တတ်ဖို့ စီစဉ်ထားရမယ်။ အဲဒီအတိုင်းဘဲ မီးသတ်ဟာလဲ အဲဒီလို ဝင်လုပ်နိုင်ဖို့ စဉ်းစားထားဖို့ လိုတယ်။ ပြန်လည်ထူထောင်ရေးမှာ သဘာဝ အလျောက် ဖြစ်စေ၊ ဂရုမစိုက်လို့ဖြစ်စေ၊ ရှို့လို့ဖြစ်စေ၊ မီးဘေးကိစ္စများ ပေါ်ပေါက်နိုင်တယ်။ သို့သော် စစ်ဖြစ်လာတဲ့အခါမှာ မီးသတ်ကိစ္စဟာ အင်မတန် အရေးကြီးလာတယ်။ ဒီမီးသတ်အဖွဲ့မှာရှိတဲ့ လူနှင့် မလုံလောက်နိုင်ဘူး။ ယခုခေတ်က မြန်မြန်လုပ်နိုင်ဖို့ အရေးကြီးတယ်။ အချိန်ကလဲ အရေးကြီးတယ်။ ရှေးအခါ ဗမာပြည်မှာ မီးလောင်စာတွေ မရှိဘူး။ မြို့ရွာမှာလဲ အိမ်ခြေနည်းတယ်။ တဦးနှင့်တဦးမှာလဲ ကူညီဝိုင်းဝန်းမှုရှိတယ်။ တအိမ်မီးလောင်လျှင် တရွာလုံးက မိမိ၏ တာဝန်ကို သိရှိတယ်။

## လောင်စာတွေ ပေါတယ်

ယခုခေတ်မှာ လောင်စာဖြစ်တဲ့ ခေတ်ဆီရေနံတွေပေါတယ်။ မြို့ရွာအိမ်တွေ ပြည့်ကျပ်လာတယ်။ လူတွေပိုမိုများပြားလာတယ်။ သို့သော် အိမ်နားနီးချင်းပင် အသိမိတ်ဆွေ မမှတ်သူတွေ အမြောက်အများရှိလာကြတယ်။ ဗမာပြည်ဟာ ရှေ့ရှောက်ပြီး ဒီအတိုင်း ဖြစ်သွားမှာဘဲ။ အဲဒီတော့ တဦးနှင့်တဦး ဝိုင်းဝန်းကူညီမှု မရှိဘူး။ မီးလောင်လျှင် မီးသတ်သမားများဟာ လျင်မြန်စွာ ရောက်နိုင်ဖို့ အရေးကြီးတယ်။ လောင်စာများလာလို့ မီးသတ်

www.burmeseclassic.com

www.burmeseclassic.com



အစည်းအရုံးတွေ များများလိုလာမယ်။ ရှေးက ဇမာဒ်နစ်ကို ပြန်လည်ရရှိဖို့ ကြိုးစားရမယ်။ နှိုးဆော်ပေးရမယ်။ ယခုခေတ်ဟာ အချိန်နဲ့ လိုက်၍ လုပ်ရမယ်။ စစ်တိုက်တဲ့အတွင်းမှာလဲ သူ့အချိန်သူ ဖြစ်လာတာနှင့် မြန်မြန်ထက်ထက်လုပ်ဖို့ အရေးကြီးတယ်။

## မီးသတ်ပညာ သင်ပါ

မီးသတ်လုပ်ငန်းဟာ မြန်မြန်ထက်ထက်နှင့် ရဲရဲဝံ့ဝံ့ လုပ်ရတဲ့ လုပ်ငန်းဖြစ်သဖြင့် သူ့ရဲကောင်းများ၏ လုပ်ငန်းတခုပ်လို့ယူဆတာယ်။ သူများကောင်းကျိုးအတွက် ကူညီစောင့်ရှောက်တဲ့ စေတနာဝန်ထမ်း လုပ်ငန်းများဖြင့် ဒီသူရဲကောင်းစိတ်တွေ မွေးမြူး ကူညီပိုင်းဝန်းဖို့ လုပ်ရမယ်။ မီးသတ်သမားများကို မီးဓလောင်ခင်က ကိရိယာ တန်ဆာပလာ အပြည့်အစုံရှိဖို့နှင့် မီးလောင်လျှင် အမြန်ဆုံး သွားရောက်ငြိမ်းသတ်နိုင်ဖို့ ပညာတွေ သင်ကြားထားရမယ်။ ။



လန်ဒန်ရောက် ဗိုလ်ချုပ်အောင်ဆန်းအား ပေသဒ်ဟက်သစ် လောရင့်နှင့်အတူ တွေ့မြင်ရပုံ

(ဒေါ်ချက်စတာဟော်တယ်၊ ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၈ ရက်)


www.burmeseclassic.com

www.burmeseclassic.com



ဒေလီမြို့ (ဝယ်လင်တန်လေဆိပ်) တွင် ဗိုလ်ချုပ်အောင်ဆန်းကို
အိန္ဒိယခေါင်းဆောင်ကြီး ပဏ္ဍစ်ဂျဝါဟာလာလ်နေရူးက ကြိုဆိုခဲ့စဉ်


(၁၉၄၇ ခု၊ ဇန်နဝါရီလ ၂ ရက်)



[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဂျူးဗလီဟော၌ ဗိုလ်ချုပ်အောင်ဆန်းအား လူထုကြီးက ဩဘာသံ၊ ကြွေးကြော်သံများဖြင့် ကြိုဆိုကြစဉ်



ဗမာနိုင်ငံ ရှမ်းနှင့် [illegible] အစည်းအရုံးကြီး၏ [illegible] အထိမ်းအမှတ်ပြပွဲ
[illegible] ဟူးဘတ်ရန်စ်နှင့်အတူ တွေ့မြင်ရစဉ်

www.burmeseclassic.com



မြန်မာပြည်ကုန်သည်ကြီးများအသင်း နှစ်ပတ်လည် အစည်းအဝေးတွင် မြန်မာနိုင်ငံ၏
အနာဂတ်စီးပွားရေးဝါဒကို ဗိုလ်ချုပ်အောင်ဆန်း ရှင်းပြနေစဉ်

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

# တိုင်းပြု ပြည်ပြု လွှတ်တော်

၁၉၄၇ ခု၊ ဇွန်လ ၁၀ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်အစည်း အဝေးကို စတင် ကျင်းပခဲ့သည်။ ဇွန်လ ၁၆ ရက်နေ့ ကျင်းပသော လွှတ်တော် အစည်းအဝေးတွင် ဗိုလ်ချုပ် အောင်ဆန်းသည် လွှတ်လပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဖွဲ့စည်း အုပ်ချုပ်ပုံ ရေးဆွဲရေး လမ်းညွှန် ပြဋ္ဌာန်းချက်များကို အဆိုတင်သွင်း ဆွေးနွေးလေသည်။ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့ အစည်းအဝေးကြီးတွင် လက်ရှိ တည်နေသော တိုင်းပြု ပြည်ပြု လွှတ်တော် ၏ ပုံသဏ္ဌာန်နှင့် လွတ်လပ်ရေးကို တနှစ် အတွင်း ရစေရန် အာမခံကြောင်း၊ လွတ်လပ်ရေး ရလျှင် လွတ်လပ်ရေးနှင့် ထိုက်တန်အောင် လုပ်ကြိုးစား လုပ်ကြစေလိုကြောင်း.... စသည်များကို ရှင်းလင်းပြောကြားသွား၏။ ဤပြောကြားသော မိန့်ခွန်းမှာ ဗိုလ်ချုပ် အောင်ဆန်း၏ နောက်ဆုံး မိန့်ခွန်းပင် ဖြစ်သည်။ ဤမိန့်ခွန်း ပြောပြီး ဇူလိုင် ၁၉ ရက်နေ့တွင် လုပ်ကြံခံရ၍ ကျဆုံးခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သော နောက်ဆုံးမိန့်ခွန်းအပြည့် အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

မူလတုန်းက အလုပ်ခိုင်းတုန်းကတော့ ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော် အမတ်တွေက ကိုယ့်နယ်ဆိုင်ရာ နယ်ကပရိသတ်ကို တိုင်းပြုပြည်ပြု လွှတ်တော်က ဘာတွေ လုပ်နေတယ် ဆိုတာ အစီရင်ခံဖို့ အလုပ် ခိုင်းတာပါ ဘဲ။ ဘာဖြစ်လို့လဲ ဆိုလို့ရှိယင် အခြားနိုင်ငံတွေမှာတော့ လွှတ်တော် အမတ်တွေရယ်လို့ တိုင်းပြည်က တင်မြှောက်လိုက်တဲ့အခါမှာ အဲဒီလွှတ်တော်အမတ်တွေက လွှတ်တော် အစည်းအဝေး မရှိတဲ့ အခါမျိုးမှာ မိမိတို့ အားလပ်ချိန် ရသမျှ အချိန်အတောအတွင်းမှာ မိမိတို့ကို ရွေးကောက် တင်မြှောက်လိုက်တဲ့ နယ်ကို ပြန်သွားပြီးတော့ ဒီလွှတ်တော်မှာ ဘာဖြစ်နေတယ် ဘာလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတာ အစရှိတဲ့ အခြေ အနေ အရုပ်ရုပ်ကို ကိုယ့်နယ်ကို ပြန်ပြီး အစီရင်ခံတဲ့ ထုံးစံရှိပါတယ်။

အဲဒီ ထုံးစံမျိုးအတိုင်း ဗမာပြည်မှာလဲဘဲ ဒီထုံးစံ ဖြစ်စေ ချင်တဲ့ အတွက် ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ကို ရန်ကုန်မြို့မှာ ရှိတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော် အမတ်တွေက မိမိတို့ကို တင်မြှောက်လိုက်တဲ့ နယ်အသီးသီးကို ပြန်ပြီး အစီရင်ခံတဲ့ အစည်းအဝေးပွဲတွေ လုပ်ဖို့ ပြောလိုက်တဲ့ အခါမှာ ဒီတိုင်းပြု ပြည်ပြု လွှတ်တော် အမတ်တွေကနေပြီး ကိုယ့်နယ် ဆိုင်ရာတွေကို ပြန်အစီရင်ခံဖို့ အခ်ပ္ပာယ် မပါတော့ဘဲ နိုင်ငံရေး ရှင်းတမ်း တရားပွဲ ဆိုပြီး ရပ်ကွက်တွေမှာ လုပ်လာတယ်။ အခုလိုဘဲ ယနေ့ တမြို့လုံး အတွက် နိုင်ငံရေး ရှင်းတမ်း ဆိုပြီးတော့ကာ နိုင်ငံရေး ရှင်းတမ်းပွဲများ ဖြစ်လာတယ်။ သို့သော် လဲဘဲ ကျွန်တော်တို့က နဂိုက ပြောခဲ့တဲ့ အတိုင်းဘဲ ယနေ့ ကျွန်တော်တို့ရဲ့ နိုင်ငံရေး ရှင်းတမ်းက ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌအနေဖြင့်သာ မဟုတ်ဘဲ နှင့် ရန်ကုန်မြို့နယ် တနယ်ကနေပြီးတော့ တင်မြှောက်လိုက်တဲ့ တိုင်းပြုပြည်ပြု လွှတ်တော် အမတ်အနေနဲ့၊ ဒီတိုင်းပြု ပြည်ပြု လွှတ်တော်ထဲမှာ ဘာတွေလုပ် နေလို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာတွေကို နယ်သူနယ်သားတွေ ပြန်သိအောင် အစီရင်ခံဖို့ရည်ရွယ်ချက်က အဓိက ရည်ရွယ်ချက်အဖြစ်နဲ့ ထားပြီးတော့ကာ ကျွန်တော် အခု စကား ပြောသိုပါတယ်။ ဒီတော့ ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော် ဆိုတာကလဲ ရှေးတုန်းက ကျွန်တော်တို့တိုင်းပြည်မှာ ရှိတဲ့ လူတွေဟာ အနည်းအကျဉ်း ကြားဘူးပေမဲ့ ဒီတခါမှဘဲတိုင်းပြုပြည်ပြု လွှတ်တော်ဆိုတာကို တိုင်းပြည်က လူတွေက ရွေးကောက် တင်မြှောက် ရ ပြီးတဲ့ နောက် အဲဒီ တိုင်းပြု ပြည်ပြု လွှတ်တော်ဆိုတာ ကိုလဲဘဲအကောင်အ ထည် သဘောမျိုးနဲ့ မြင်ရတဲ့ အခြေ အနေမျိုး ဒီတခါမှဘဲရောက်လာကြ တယ်။အမှန် စင်စစ်မှာ တိုင်းပြုပြည်ပြုလွှတ်တော်ဆိုပြီးတော့တတိုင်းတပြည် လုံးမယ် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွေ လုပ်ခဲ့ပေမဲ့ ကျွန်တော် ထင်တာ ပြောရမယ် ဆိုယင်တော့ တိုင်းပြည်မှာ ရှိတဲ့ လူအများဟာ တိုင်းပြု ပြည်ပြု လွှတ်တော်ဆိုတာဟာ ရှေးတုန်းက လုပ်နေကျ ဥပဒေပြု လွှတ်တော်လိုဘဲလို့ ထင်နေကြတဲ့ လူတွေ အမြောက်အမြား ရှိကြဦးမှာဘဲ။

အဲဒီလိုဘဲ အခုတော့ တိုင်းပြု ပြည်ပြု လွှတ်တော်ရဲ့ အကြောင်းကို ယစီရင်ခံရမည်ဆိုယင် ပဌမရှေးဦးစွာ တိုင်းပြု ပြည်ပြု လွှတ်တော်ဟာ



ဘာတွေ ဆိုတာက နေပြီးတော့ သေသေချာချာ ကျကျနနကျွန်တော် ရှင်းလင်း ပြောပြလိုပါတယ်။ ယခု ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော် ဟာ ဘယ်နေ့က စပြီးတော့ ထင်ထင် ရှားရှား ပေါ်လာသလဲ လို့ဆိုယင် အမတ်တွေစုံညီညီ ဒီရန်ကုန်မြို့မှာ စုဝေးကြပြီးတဲ့နောက် ဇွန်လ ၁၀ ရက်နေ့ မှာ စတင်ကျင်းပတဲ့ နေ့ကစပြီးတော့မှသာလျှင် တိုင်းပြုပြည်ပြု လွှတ်တော် ဆိုတာ ဖြစ်လာပါတယ်။ အဲဒီ အရင်တုန်းက ရွေးကောက်ပွဲ ပေးပင်ပေးငြား ပေမဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်လို့ အဖွဲ့ကို မဖွဲ့စည်းနိုင်သေးပါဘူး။ သို့သော် လဲဘဲ ဒီတိုင်းပြု ပြည်ပြု လွှတ်တော်ဟာ ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံရေး ရာဇဝင် မှာတော့ အင်မတန် ထူးဆန်းတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်တမျိုး ဖြစ်နေ ပါတယ်။ တိုင်းပြု ပြည်ပြု လွှတ်တော်တွေဟာ အခြား နိုင်ငံတွေမှာ လဲဘဲ အသီးသီး ပေါ်ပေါက်ခဲ့ဘူးတယ်။ အဲဒီ ပေါ်ပေါက်ခဲ့တဲ့ တိုင်းပြည်တွေရဲ့ အခြေ အနေ အရ အမျိုးမျိုး ပေါ်ပေါက်ခဲ့တဲ့ သက်သေသာဓကတွေ ရှိပါ တယ်။ အဲဒီတော့ကာ သဘောတရားသက်သက်နဲ့ကြည့်ပြီး ပြောရမယ်ဆိုယင် တိုင်းပြု ပြည်ပြု လွှတ်တော်ဆိုတာ ဟာ ဘာဖြစ်လို့ ပေါ်ပေါက်လာရသလဲ ဆိုယင် တိုင်းပြည်အသစ်တည်လို့ တိုင်းသစ်ပြည်သစ် နိုင်ငံသစ် တည်ထောင် ဖို့ အတွက် ပေါ်ပေါက်လာရခြင်း ဖြစ်တယ်လို့ အဲဒီလို သဘောတရားမှာ ရှိတယ်။ ကျွန်တော်တို့ ဗမာ့စာပေနယ်မှာ ကြည့်မယ် ဆိုယင် ကျွန်တော်တို့ ကမ္ဘာအစဆိုပြီး ဖွဲ့တဲ့ အခါတုန်းက မဟာသမ္မတပင်း မြှောက်ကြတယ်ဆိုပြီး လူတွေ စုရုံးပြီး မြှောက်ကြတဲ့ အစည်းအဝေးမျိုးက ကမ္ဘာကြီးမှာ ပဌမဆုံး တိုင်းပြု ပြည်ပြု လွှတ်တော်လို့ဘဲ ဆိုရမှာဘဲ။

အဲဒီတော့ကာ အဲဒီ နိုင်ငံအသစ် တည်ထောင်စရာရှိတဲ့ အခါမှာ တိုင်းပြုပြည်ပြု လွှတ်တော်ဆိုတာ ပေါ်လာစမြဲ ဖြစ်ပါတယ်။ နိုင်ငံအသစ် ဆိုတဲ့ သဘောကလဲ ကိုယ့်တိုင်းပြည်ကို အခြား နိုင်ငံက နေပြီးတော့ အုပ်စိုး လွှမ်းမိုးထားလို့ အဲဒီ လွှမ်းမိုး အုပ်စိုးခြင်းကို တွန်းလှန်ပယ်ဖျက် ပြီးတဲ့နောက် မိမိတို့ တိုင်းပြည် မိမိတို့ အစိုးရ ကိုယ့်မင်းကိုယ့်ချင်း တည် ထောင်ဖို့ အတွက် တိုင်းပြု ပြည်ပြု လွှတ်တော် လုပ်တာ က တမျိုး၊ အဲဒီလို တိုင်းသစ် ပြည်သစ် နိုင်ငံသစ် အတွက် တမျိုး၊ နောက်တမျိုး က· ကျွန်တော်တို့ အားလုံး သတင်းစာတွေမှာလဲဘဲ ခဏခဏ ဖတ်နေရ မှာဘဲ။ ဆိုဗီယက် ယူနီယံခေါ်တဲ့ နိုင်ငံကြီးဟာ လွန်ခဲ့တဲ့ အနှစ် ၃၀ လောက်

www.burmeseclassic.com

www.burmeseclassic.com



က တော်လှန်ရေး အကြီးအကျယ် ဖြစ်ခဲ့တယ်။ ဒီလို တော်လှန်ရေး အကြီးအကျယ် ဖြစ်ပြီးတဲ့နောက် သူလဲ နိုင်ငံသစ် ဖြစ်လာတယ်လို့ ပြောရမှာဘဲ။ ဘယ်လို နိုင်ငံသစ် ဖြစ်လာသလဲဆိုယင် ခေတ်ဟောင်း ခေတ်ဆွေးတွေကို မှီခိုနေတဲ့ ဇာဘုရင်စနစ်နဲ့ အုပ်ချုပ်နေတဲ့ တိုင်းပြည်ဟောင်း၊ စနစ်ဟောင်းကြီးကို တော်လှန် တွန်းလှန်ပစ်ပြီးတဲ့နောက် အသစ်ကျပ်ချွတ် ပြန်ပြီးတော့ကာ တိုင်းပြည်ကို စနစ်တမျိုးနဲ့ တည်တဲ့ အတွက်ကြောင့် အဲဒီနိုင်ငံသစ်က တမျိုး ဖြစ်နေတယ်။ ဒီနိုင်ငံသစ်ကတော့ အခြားလူမျိုးခြား အောက်မှာ ရောက်ပြီးတော့မှ ဖြစ်လာတဲ့ နိုင်ငံသစ်မျိုး မဟုတ်ဘဲနဲ့ ကိုယ့်လူမျိုးအချင်းချင်း ဖြစ်တဲ့ လူတန်းစားအချင်းချင်းရဲ့ချုပ်ချယ် အုပ်စိုးမှုမှလွတ်မြောက်လာပြီးတဲ့နောက် နိုင်ငံသစ် ထူထောင်တဲ့ နည်းဖြစ်တယ်။ အဲဒီတော့ နိုင်ငံသစ်ဆိုတာဟာ အကြမ်းအားဖြင့် ဆိုလို့ရှိယင် အဓိပ္ပာယ် နှစ်မျိုးရှိတယ်။ ကျွန်တော်တို့ ဗမာပြည်လို လက်အောက်ခံ နိုင်ငံတွေအဖို့မှာတော့ နိုင်ငံသစ်ဆိုတဲ့ အဓိပ္ပာယ်ဟာ လူမျိုးခြားရဲ့ လက်အောက်က လွတ်မြောက်ပြီးတော့ ကိုယ့်ဘာသာ၊ ကိုယ့်ထီး ကိုယ်နန်း၊ ကိုယ့်အစိုးရနဲ့ ကိုယ့်မင်းကိုယ့်ချင်းနဲ့ တည်ထောင် လာတဲ့ နိုင်ငံသစ်လို့ ဆိုရတယ်။ သို့သော်လဲ လွတ်လပ်နေတဲ့ နိုင်ငံတွေ ဖြစ်တဲ့ ကိုယ့်လူမျိုးအချင်းချင်း အုပ်စိုးတဲ့ အဲဒီလို တိုင်းပြည်တွေမှာတော့ကာ ချည့်ချည့်နဲ့နဲ့ အစိုးရ စနစ် အဆောက်အအုံ တခုလုံးကိုပြောင်းလဲ ဖျက်ဆီးပစ်ပြီးတဲ့နောက် အသစ်ကျပ်ချွတ် ပြန်ပြီးတော့ စနစ်တမျိုးနဲ့ တိုင်းပြည်ဆိုတဲ့ နိုင်ငံသစ်၊ တိုင်းပြည်သစ် တခုကို ထူထောင်ဖို့က တမျိုး၊ အဲဒီလို နှစ်မျိုးရှိပါတယ်။

အဲဒီလို နှစ်မျိုးရှိတဲ့ အခါမယ် နှစ်မျိုးစလုံး ပေါ်ပေါက်လာတဲ့ အချိန်အခါမျိုးမှာ တိုင်းပြုပြည်ပြု လွှတ်တော်ဟာ ထုံးစံအားဖြင့် ပေါ်လာစမြဲ ဖြစ်ပါတယ်။ ဒီတိုင်းပြု ပြည်ပြု လွှတ်တော်ဟာ ဘာဖြစ်လို့ပေါ်လာစမြဲ ဖြစ်သလဲ ဆိုယင် အဲဒီတိုင်းပြည် အသစ်၊ နိုင်ငံအသစ်ဖြစ်နေတော့ ပြန်ပြီးတော့ကာ ဥပဒေတွေ၊ စနစ်တွေ အကုန်အသစ် ပြန်ပြီး ရေးဆွဲရမယ် ဖြစ်တော့ အခြေခံက စပြီးတော့ ပြန် ပြီးတော့၊ ဥပမာအားဖြင့် ရှိနေတဲ့ အိမ်ဟောင်းကို တည်ရုံ အလုပ်မဟုတ်ဘဲနဲ့ တခုလုံး ဖျက်ဆီးပြီးတဲ့နောက် အဲဒီ ပျက်သွားတဲ့ နေရာမှာ ထပ်ပြီး အိမ်သစ်ဆောက်တာနဲ့ တူပါတယ်။ အဲဒီလို အိမ်သစ်ဆောက်တဲ့ အခါမှာလဲ ဒီနိုင်ငံသစ်ကို ဘယ်လိုစနစ်၊ ဘယ်လို



စီမံကိန်း မျိုးနဲ့ တည်ဆောက်မယ်ဆိုပြီးတော့ကာ အင်ဂျင်နီယာတို့၊ ဗိသုကာ အတတ်ဆရာတို့က ပဌမရှေးဦးစွာ အိမ်ပုံစံတွေ ရေးဆွဲပြီးတော့ကာ ဒီအိမ်ပုံစံအရ ငွေပေါင်း ဘယ်လောက်ကုန်မယ်၊ ဘာဖြစ်မယ် စသည်အားဖြင့် ဒါတွေကို တွက်ချက်ပြီးတဲ့နောက် သေသေချာချာ နေ့ကောင်း ရက်သာ ရွေးပြီးတော့မှ အဲဒီလို အိမ်သစ် ဆောက်တာမျိုးဘဲ။ ယခုလဲဘဲ ကျွန်တော်တို့ နိုင်ငံသစ်ကို အဲဒီလို တည်ဆောက်ဖို့အတွက် တိုင်းပြုပြည်ပြု လွှတ်တော်ကနေပြီးတော့ကာ ဒါတွေကို စီစဉ်ရေးဆွဲရပါလိမ့်မယ်။ စီမံကိန်းချရပါလိမ့်မယ်။

ဘယ်လို တိုင်းပြည်ရဲ့ နိုင်ငံသစ်ရဲ့ ပုံစံဟာ ဘယ်လိုရှိသင့်တယ် ဆိုတာကို တိုင်းပြု ပြည်ပြု လွှတ်တော်က နေပြီးတော့ကာ ဖြစ်အောင်လုပ်ဖို့ လိုပါတယ်။ အဲဒီ လိုဆိုတော့ကာ တိုင်းပြုပြည်ပြု လွှတ်တော်ရဲ့ တာဝန်ဟာ ဘာလဲဆိုယင် နိုင်ငံသစ် ထူထောင်ဖို့ တာဝန် ဖြစ်ပါတယ်။ အဲဒီ နိုင်ငံသစ် ထူထောင်ဖို့ဟာ သာမန်အားဖြင့် ပြောရမယ်ဆိုယင် ဘယ်တိုင်းပြု ပြည်ပြု လွှတ်တော်မဆို အချုပ်အချာ အာဏာနဲ့ ပြည့်စုံတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်မျိုးသာ ဖြစ်ရမယ်။ ဘာဖြစ်လို့လဲ ဆိုလို့ရှိယင် နိုင်ငံသစ် တည်ထောင်ရအောင် ဆိုလို့ရှိယင် အဲဒီနိုင်ငံသစ်ကို တည်ထောင်ဖို့ အတွက် ပေါ်ပေါက်လာတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်ဟာလဲ အချုပ်အချာ အာဏာရှိဖို့ လိုပါလိမ့်မယ်။ အဲဒီလို အချုပ်အချာ အာဏာနဲ့ မပြည့်စုံလျှင်လဲ ကိုယ်လိုချင်တဲ့ နိုင်ငံသစ်ကို တည်နိုင်တဲ့ အခြေအနေရှိမှာ မဟုတ်ပါဘူး။

ဒီတော့ကာ ယခု ပြောတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်ဟာ ကမ္ဘာ့နိုင်ငံရေး ရာဇဝင်မှာ အတော်လေး ထူးဆန်းတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော် ဖြစ်တယ်လို့ ဘာဖြစ်လို့ ပြောခဲ့သလဲ ဆိုလို့ရှိယင်၊ ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော် ပေါ်ပေါက်လာတဲ့ အခြေ အနေနဲ့ အခြားတိုင်းပြည်တွေမှာ ပေါ်ပေါက်လာတဲ့ တိုင်းပြုပြည်ပြု လွှတ်တော် အခြေအနေနဲ့ ကွာခြားနေတဲ့အချက် တွေ့ရှိပါတယ်။ အဲဒီ လို ကွာခြားမှု တွေကြောင့် ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော်ဟာလဲ ထူးထူးခြားခြား ဖြစ်တဲ့ အကြောင်းတွေရှိနေတယ်။ အခြားတိုင်းပြည်တွေမှာ ဥပမာ ယခင်ခေတ်တွေက ဟိုရှေးတုန်းက တော်လှန်ရေးဖြစ်ပြီးတဲ့နောက် တိုင်းပြု ပြည်ပြုလွှတ်တော် ဆိုတာမျိုး ပေါ်လာခဲ့ဘူးပါတယ်။ အဲဒီလို ပေါ်လာဘဲ့ အခါမှာလဲ ဒီတိုင်းပြု ပြည်ပြု လွှတ်တော်ဟာ အာဏာရပြီးသား လွှတ်တော်ဖြစ်နေတယ်။ ယခု

www.burmeseclassic.com

www.burmeseclassic.com



အခါ ဒီစစ်ကြီး ဖြစ်ပြီးတဲ့နောက် ပြီးခဲ့တဲ့ စစ်ကြီး အတော အတွင်းမှာ ပြင်သစ် ပြည်တို့ ယူဂိုဆလေး ဗီးယားတို့ဟာ ဂျာမန်တွေရဲ့ လက်အောက် ကိုရောက်ခဲ့တယ်။ အဲဒီလို ဂျာမန်တွေရဲ့ လက်အောက်ကို ရောက်ပြီးတဲ့ နောက် ပြန်ပြီးတော့ ဂျာမန်တွေကို တွန်းလှန် မောင်းထုတ်ပြီး တဲ့ နောက် ကိုယ့်တိုင်းပြည်မယ် ပြန်ပြီးတော့ ဂျင်နရယ် ဒီဂေါ့လ် တိုတိုး အစရှိသည် အားဖြင့် ပြန်ရောက် လာကြတော့ကာ ပြန်ပြီးတော့ တိုင်းသစ် ပြည် သစ် နိုင်ငံသစ်ကို ဖော်ရတယ်။ အဲဒီလို ဖော်ဖို့အတွက် တိုင်းပြု ပြည်ပြု လွှတ်တော်ဆိုတာ တခါ ထပ်ပြီးတော့ လုပ်ရသေးတယ်။ အဲဒီလို လုပ်တဲ့ တိုင်းပြု ပြည်ပြု လွှတ်တော် မျိုးကတော့ အာဏာရပြီးသား တိုင်းပြု ပြည်ပြု လွှတ်တော် ဖြစ်နေတယ်။ အာဏာရပြီးသား တိုင်းပြု ပြည်ပြု လွှတ်တော်ဟာ မိမိတိုင်းပြု ပြည်ပြုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက် ကိစ္စမှန်သမျှကို ချက်ချင်း ဥပဒေအတည် ဖြစ်စေပြီးတော့ တတိုင်းတပြည်လုံးရဲ့ အာဏာစက် တည်အောင် လုပ်နိုင်တယ်။ ချက်ချင်း လုပ်လိုက်တယ်။ အဲဒီတော့ကာ အဲဒါ မျိုး ဖြစ်ပါတယ်။ နောက် အမေရိကန်ပြည်မှာ ဆိုလို့ရှိယင်လဲ ပဌမရှေးဦးစွာ အင်္ဂလိပ်များ လက်အောက်မှာ လူတမျိုးတည်း အဖြစ် နေကြပြီးတဲ့နောက်၊ အင်္ဂလိပ် ပြည်ကရှိတဲ့ အင်္ဂလိပ်အစိုးရကို မကျေနပ်လို့ တော်လှန်ပြီးတော့ကာ လွတ်လပ်ရေး တိုက်ပွဲတွေ၊ စစ်ပွဲကြီး ဆင်နွှဲပြီးတဲ့နောက် နိုင်တဲ့အခါကျ တော့ကာ တိုင်းပြု ပြည်ပြု လွှတ်တော်ဆိုတာ ကျင်းပခဲ့တယ်။ နာမည်တော့ အမျိုးမျိုး ခေါ်ခဲ့တယ်။ သို့ပေမဲ့ သဘောကတော့ တိုင်းပြု ပြည်ပြု လွှတ် တော်ပါဘဲ။ အဲဒီ တိုင်းပြု ပြည်ပြု လွှတ်တော် ကျင်းပတဲ့ အခါတုန်းက လဲဘဲ သူတို့ဟာ အာဏာ ရပြီးတဲ့ အခြေ အနေမှာ တိုင်းပြု ပြည်ပြု လွှတ်တော်ကို ကျင်းပတယ်။

သို့သော်လဲဘဲ ကျွန်တော်တို့ တိုင်းပြည်ကတော့ ယခု တိုင်းပြု ပြည်ပြု လွှတ်တော် ကျင်းပနေတဲ့ အချိန်အခါမှာ ကျွန်တော်တို့တိုင်းပြည်က အာဏာ ရပြီးတဲ့ အခြေ အနေ မရောက်သေးပါဘူး။ ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော် အခြေ အနေဟာ ဘာနဲ့တူသလဲဆိုယင် တောင်ပိုင်း အိုင်ယာလန် မှာ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၂၇ နှစ်လောက်တုန်းက ဖြစ်တဲ့ အခြေ အနေမျိုးနဲ့ တူပါတယ်။ အဲဒီ အိုင်ယာလန်မှာ ဖြစ်ခဲ့တဲ့ အခြေအနေ မျိုးက ဘယ်လို ဖြစ်သလဲဆိုယင် ပဌမ အင်္ဂလိပ် အစိုးရကို ကမ္ဘာစစ်ကြီး



အတောအတွင်း ဆူပူတော်လှန်တာတွေ ဖြစ်ပြီးတော့ နောက်ဆုံးစစ်ပြီး တဲ့ အခါမှာ ဒီသူပုန်ကိစ္စတွေဟာလဲ ရပ်သွားတယ်။ အဲဒီလို ရပ်သွားပြီးတဲ့ နောက်မှာ တခါ ဒီအင်္ဂလိပ် အစိုးရနဲ့ အိုင်ယာလန် ခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြီးတော့ကာ စာချုပ် ချုပ်ကြတယ်။ စာချုပ် ချုပ်ကြပြီးတဲ့နောက် သူတို့ တိုင်းပြု ပြည်ပြု လွှတ်တော်ဆိုတာ လုပ်တယ်။လုပ်တဲ့ အခါမှာ အိုင်ယာ လန်ဟာ အာဏာ မရသေးပါဘူး။ သို့သော်လဲဘဲ ယခု ကျွန်တော်တို့ ရတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်ဟာ အဲဒီ အိုင်ယာလန် လွှတ်တော်လုပ်တဲ့ အခြေ အနေတုန်းကထက် သာတဲ့ အခြေ အနေတွေလဲ ရှိတယ်။ ဘယ်လို သာနေတဲ့ အခြေ အနေတွေရှိသလဲ ဆိုယင် ဟိုအခါတုန်းက အိုင်ယာလန် ပြည်မှာ တိုင်းပြု ပြည်ပြု လွှတ်တော်လုပ်ရတဲ့ အချိန်အခါတုန်းက ဆိုယင် အဲဒီ ပဌမ ကမ္ဘာစစ်ကြီး ပြီးတဲ့ အခါမှာ ဗြိတိသျှ နယ်ချဲ့သမားဟာ အင်အား ဘာမှ လျော့ပါးသွားတာ မရှိပါဘူး၊ ဒီအတောအတွင်း တုန်းက ဗြိတိသျှ နယ်ချဲ့ သမားတွေဟာ အမှန်စင်စစ် စစ်နိုင်ပြီး အတော်ဘဲ တောင့်တောင့် ကင်းကင်း နိုင်ငံကြီး တနိုင်ငံ ဖြစ်တယ်။

ယခု ဒီကမ္ဘာစစ်ကြီး ပြီးတဲ့နောက် ဗြိတိသျှနယ်ချဲ့စနစ်ရဲ့ အခြေ အနေ ကတော့ အင်မတန်မှဘဲ အားနည်းသွားတဲ့ အခြေအနေရောက်ဘယ်။ ဘယ် လောက်ထိအောင် အားနည်းသွားသလဲ ဆိုယင် ဘိလပ်ကို ရောက်တဲ့လူတွေ ဆိုယင် ပိုပြီးသိမယ်။ ဟိုမှာ ကြာကြာနေလို့ရှိယင် တွေ့ရမယ်။ အဲဒီလို ဗြိတိသျှ နယ်ချဲ့စနစ်ဟာ အင်မတန် အင်အားနည်းလာတဲ့ အခြေ အနေမျိုး မှာ ဒီတိုင်းပြုပြည်ပြု လွှတ်တော်ပေါ် ပေါက်လာရတဲ့ အခါဖြစ်တဲ့ အတွက် ဟိုအိုင်ယာလန် ပြည်တုန်းက တိုင်းပြုပြည်ပြု လွှတ်တော်မျိုးကတော့ အမှန် စင်စစ် ဒိုမီနီယံ အဆင့်အတန်းဖြစ်တဲ့ အုပ်ချုပ်ရေးမျိုးကိုသာ ရေးဆွဲဖို့ဆိုတဲ့ သဘောမျိုးလောက်သာ ဖြစ်ပါတယ်။ သို့သော်လဲဘဲ ကျွန်တော်တို့ အခု ရထားတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်ကတော့ကာ ကိုယ်ကြိုက်ရာ ဆုံးဖြတ် ပြီးတော့ လုပ်နိုင်တယ်ဆိုတဲ့ ဟာကို အင်္ဂလိပ် အစိုးရက သဘောတူပြီးသား ဖြစ်တဲ့အတိုင်း ဒီနေရာမှာတော့ ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော် က အိုင်ယာလန်ပြည်က ဟိုအခါတုန်းက ရတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော် ထက် တပန်းသာနေတာကို တွေ့ရပါတယ်။ အဲဒီတော့ကာ ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော်ဟာ ဒီလို အခြေ အနေမျိုးမှာ ပေါ်လာပြီး၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



လို ထူးခြားတဲ့ အချက်တွေ ရှိပါတယ်။ တခါ အိန္ဒိယပြည်မှာ ရှိတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်နဲ့ ကျွန်တော်တို့ ဗမာပြည်မှာ ရှိတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်ကို နှိုင်းယှဉ်ကြည့်ဖို့ လိုပါသေးတယ်။ အိန္ဒိယပြည်မှာ ဖြစ်ပေါ်လာတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်နဲ့ ကျွန်တော်တို့ ဗမာပြည်မှာ ပေါ်လာတဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်နဲ့ အဆင်တူတဲ့ အချက်တွေလဲ ရှိတယ်။ မတူတဲ့ အချက်တွေလဲရှိတယ်။ တူတဲ့ အချက်တွေဆိုတာကတော့၊ အစတင်က အိုင်ယာလန်ပြည်မှာ ဖြစ်တာမျိုးနဲ့ သိပ်ပြီးတော့ မခြားပါဘူး။ အဲဒီသဘောမျိုး အတိုင်းဘဲ။ တိုင်းပြည်က အာဏာမရခင် ရှေးဦးစွာ တိုင်းပြုပြည်ပြု လွှတ်တော် ပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။ သို့သော်လဲဘဲ အိန္ဒိယပြည်မှာ ရှိတဲ့ တိုင်းပြု ပြည်ပြုလွှတ်တော်ကို လုပ်တဲ့ အခါတုန်းက ဘယ်ကနေပြီး လုပ်လိုက်သလဲဆိုယင် ပြည်နယ်မှာရှိတဲ့ ဥပဒေပြု လွှတ်တော်တွေကနေပြီး ရွေးကောက်တင်မြှောက်လိုက်ပါတယ်။ အဲဒီလို ရွေးကောက် တင်မြှောက်လိုက်တဲ့အခါမှာလဲ ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော် ရွေးကောက်သလို သေသေချာချာကြီး၊ ဥပမာ နိုင်ငံခြားသားတွေ မပါရဘူး။ ဘာ၊ ညာ စသည်ဖြင့် အဲဒီလို မဟုတ်ဘဲနဲ့ နားလည်မှုနဲ့ နေပြီး၊ ဥရောပတိုက်သားတွေက မင်းတို့ တိုင်းပြု ပြည်ပြု လွှတ်တော် ရွေးတာထဲမှာ မပါပါဘူးဆိုတဲ့ ဖယ်နေတဲ့သဘောမျိုးသာ ဖြစ်တယ်။ ဒါတောင်မှ ပြည်နယ်တနယ်မှာ သူတို့ဖယ်မနေကြပါဘူး၊ မဲပေးတဲ့ နေရာမှာ ဝင်ပါကြတယ်။ သို့သော်လဲ အကုန်ခြုံကြည့်လိုက်မယ်ဆိုယင်ဖြင့် သူတို့ဟာ သူတို့ တိုင်းပြုပြည်ပြု လွှတ်တော်ကို လွတ်လွတ် လပ်လပ် လုပ်နိုင်တဲ့ အခြေအနေမျိုးတော့ ရောက်သင့် သလောက် ရောက်ပါတယ်။ ရောက်ပြီးတဲ့နောက် အဲဒီ တိုင်းပြု ပြည်ပြု လွှတ်တော်မှာ "မွဆလင်လိ(ဂ်)" ခေါ်တဲ့ မွဆလင် အဖွဲ့ချုပ်ကြီးက ကိုယ်စားလှယ်တွေ အမြောက်အမြားလဲ ပါလာပါတယ်။ အဲဒီလို ကိုယ်စားလှယ် အမြောက်အမြား ပါလာတဲ့အခါမှာ မွဆလင်လိ(ဂ်)က ကိုယ်စားလှယ် အမြောက်အမြားနဲ့ ကွန်ဂရက် ကိုယ်စားလှယ် အမြောက်အမြား အားလုံး စုပေါင်းပြီး ဖွဲ့စည်းပြီးတော့ လုပ်ကြမယ်ဆိုယင်တော့၊ အင်မတန် သင်အား ကောင်းတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ကြီး ဖြစ်သွားမှာဘဲ။ သို့သော်လဲဘဲ မွဆလင် အစည်းအရုံးကြီးကနေပြီး ဟိုဒင်းမကျေနပ်နိုင်ဘူး။ ဒီဒင်းမကျေနပ်နိုင်ဘူး။ ဘာလုပ်ပေးရမယ်၊ ညာလုပ်ပေးရမယ် စသဖြင့် စည်းကမ်းချက်တွေ အမျိုးမျိုးနဲ့ တောင်းဆိုပြီး အဲဒါမျိုးတွေ လုပ်ပါတယ်။



နောက် ကွန်ဂရက်အဖွဲ့ဖက်က ခေါင်းဆောင်တွေကလဲ၊ ဒီအခါတုန်းက မွဆလင် အစည်းအရုံးကြီးကို အင်မတန်ဘဲ သူတို့က မတေမဲ့မြင်လုပ်တာ ရှိပါတယ်။ အဲဒီလို နှစ်ဦး နှစ်ဖက် တဦးနဲ့ တဦး အစေးမကပ်ဘဲ ဖြစ်တော့ မွဆလင် အစည်းအရုံးကြီးက တိုင်းပြု ပြည်ပြု လွှတ်တော်အမတ်တွေဟာ တော်တော်များတယ်။ အဲဒီလူတွေဟာ တိုင်းပြု ပြည်ပြု လွှတ်တော်ထဲမှာ ဒို့မပါဘူး ဆိုပြီးတော့ ဖယ်နေကြတယ်။ ရှောင်နေကြတယ်။ အဲဒီလို ရှောင်နေတဲ့အတွက် ကွန်ဂရက်အဖွဲ့ဝင်တွေ ဖြစ်တဲ့ အမတ်များလောက်သာ အဲဒီ တိုင်းပြု ပြည်ပြု လွှတ်တော်ထဲမှာရှိပြီး တိုင်းပြု ပြည်ပြု လွှတ်တော်မှာ ဆက်ပြီး အလုပ်လုပ်တယ်။ ဒါပေမဲ့ ဒီ တိုင်းပြု ပြည်ပြု လွှတ်တော်ဟာ တော်တော်ကလေး ပျက်ပြယ်ပြယ် ဖြစ်သွားပါတယ်။ အဲဒီလို ဖြစ်သွားပြီးတဲ့နောက် ယခု နောက်ဆုံးကျတော့ မွဆလင် အစည်းအရုံးနဲ့ ကွန်ဂရက် အဖွဲ့နှစ်ဖွဲ့ဟာ စေ့စပ်လို့ မရနိုင်တဲ့ အခြေအနေမျိုး ရောက်သွားတော့ အင်္ဂလိပ် အစိုးရကနေပြီး ကြားဖြန်ပေးတဲ့အတွက် ယခု နောက်ဆုံး အခြေအနေကတော့ ချက်ချင်း လက်ငင်း ယခု ဩဂုတ်လမှာ ကွန်ဂရက်ပိုင်တဲ့ ပြည်နယ်တွေကိုလဲ ဒိုမီနီယံတခု သတ်သတ် လုပ်ပေးမယ်။ နောက်ပြီးတော့ မွဆလင်တွေ ပိုင်တဲ့ ပြည်နယ်တွေကို ပါကစ္စတန်ခေါ်ပြီးတော့ ဒိုမီနီယံတခု သတ်သတ် လုပ်ပေးမယ်ဆိုပြီး အဲဒီလို နောက်ဆုံးကျတော့ နှစ်ဖက် သဘောတူကြတဲ့ အခြေအနေမျိုးရောက်တယ်။ ရောက်ပြီးတဲ့နောက် အဲဒီ ပါကစ္စတန် ဆိုတဲ့ ဒိုမီနီယံမှာလဲ တိုင်းပြုပြည်ပြု လွှတ်တော်တခု သတ်သတ်ပေါ်မယ်။ နောက်ပြီးတော့ အိန္ဒိယလို့ ခေါ်မည့် (ဟိန္ဒူစတန်မခေါ်ဘူး) ကွန်ဂရက်ပိုင်တဲ့ ပြည်နယ်တွေကိုတော့ အိန္ဒိယလို့ ခေါ်ပြီး တိုင်းပြုပြည်ပြု လွှတ်တော်ကလဲ တခုသတ်သတ် ရှိရဦးမယ်။ အဲဒီလို နှစ်ခုရှိပြီးတော့ မဟာရာဇာတွေပိုင်တဲ့ ပြည်နယ်တွေလဲ အိန္ဒိယမှာ အမြောက်အမြား ရှိပါသေးတယ်။

အဲဒီ မဟာရာဇာတွေပိုင်တဲ့ နယ်တွေဟာ ဘယ်လောက်ကြီးသလဲဆိုယင် မဟာရာဇာတယောက်ပိုင်တဲ့ နယ်တချို့တလေဟာ ကျွန်တော်တို့ ဗမာပြည် နီးပါးလောက်ကြီးတဲ့ နယ်တွေ ဖြစ်ပါတယ်။ မဟာရာဇာတွေပိုင်တဲ့ နယ်တွေထဲမှာဆိုယင် ဗမာပြည်လောက်ကြီးတဲ့ နယ်တွေ တော်တော်များများလောက်ရှိတယ်။ အဲဒီတော့ကာ အဲဒီမဟာရာဇာတွေပိုင်တဲ့ နယ်တွေလဲဘဲ တဖက်ဖက်ပါဖို့ ကောင်းတယ်လို့ အင်္ဂလိပ် အစိုးရက ဆိုပေမဲ့ ဒီလူ

www.burmeseclassic.com

www.burmeseclassic.com



တွေက ဒီမပါဘူး။ ဒီဖာသာဒီ သီးသန့်နေမယ်ဆိုယင် နေနိုင်တဲ့ အခြေအနေမျိုးရှိတယ်။ အဲဒီလောက် အိန္ဒိယရဲ့ နိုင်ငံရေး အခြေအနေကတော့ အင်မတန်ကိုဘဲ ရှေ့ကို ရှုပ်ထွေးဦးမယ်ဆိုတာ ကျွန်တော်တို့က မြင်နေပါတယ်။

ဒီတော့ကာ အင်္ဂလိပ်အစိုးရက ဒိုမီနီယံ ပေးထားတာက ဘယ်လိုပေးလိုက်သလဲဆိုတော့ မင်းတို့ ဒိုမီနီယံ ယခုယူထားပါ။ နောက်ပြီးတော့ကာ မင်းတို့တိုင်းပြုပြည်ပြုလွှတ်တော် အသီးသီးကနေပြီးတော့ လုံးဝလွတ်လပ်ရေး လိုချင်တယ်ဆိုယင် မင်းတို့ ဆုံးဖြတ်ယူ၊ သဘောရှိအတိုင်းဘဲ။ သို့သော်လဲ အခုချက်ချင်းလက်ငင်းအားဖြင့် ဒိုမီနီယံဘဲယူထား၊ ယူထားပြီးတဲ့နောက် မင်းတို့ တိုင်းပြုပြည်ပြုလွှတ်တော်က နေပြီးတော့ကာ လွတ်လပ်ရေးကို ဒီအင်္ဂလိပ် ( Commonwealth ) က နေပြီးတော့ ထွက်သွားချင်တယ်ဆိုယင် မင်းတို့ ထွက်သွားနိုင်တယ်ဆိုပြီးတော့ ပြောထားတယ်။ ပြောထားပေမဲ့ တကယ်လက်တွေ့မှာတော့အင်မတန်ဘဲ သူတို့မှာ အင်္ဂလိပ် (Commonwealth) က နေပြီးတော့ ထွက်ဖို့ ခဲယဉ်းတဲ့ အခြေအနေမျိုး ဖြစ်နေတယ်။ ဘာပြုလို့လဲဆိုလို့ရှိယင် အင်္ဂလိပ်အစိုးရက မပေးမှာမို့လို့ မဟုတ်ဘူး။ အချင်းချင်း ဂွကျနေလို့ အခက်အခဲ အမျိုးမျိုးရှိနေလို့ အင်္ဂလိပ် ( Commonwealth) က မထွက်နိုင်တဲ့ အခြေအနေမျိုး ဖြစ်ချင်ဖြစ်နိုင်တယ်။ နောက်ဆုံးတနေ့မှာ အင်္ဂလိပ် ( Commonwealth ) က ထွက်လာတဲ့ အခြေအနေမျိုး ရောက်လာသည့်တိုင်အောင် ချက်ချင်း မရောက်နိုင်သေးဘူး။ တော်တော်ကလေးကြာမှ အင်္ဂလိပ် ( Commonwealth ) က ထွက်နိုင်တဲ့ အခြေအနေမျိုးရောက်လာတယ်။ အဲဒီ အခြေအနေက ဘာပြုလို့လဲဆိုယင် အခုပါကစ္စတန်နဲ့ အိန္ဒိယပြည်ဆိုပြီးတော့ နှစ်ခုခွဲပြီးတော့ ခွဲထွက်လိုက်မယ်ဆိုလို့ရှိယင် နယ်တွေကိုလဲ ခွဲရအုံးမယ်။

ဥပမာ ဘင်္ဂလားပြည် ဆိုလို့ရှိယင် မူဆလင်တွေများတဲ့ အပိုင်းရှိတယ်။ ဟိန္ဒူတွေများတဲ့ အပိုင်းရှိတယ်။ အဲဒီတော့ကာ အဲဒီအပိုင်းတွေလဲ ခွဲရအုံးမယ်။ အာသံပြည်မှာ အချို့နယ်တွေမှာ လူတွေရဲ့ဆန္ဒကို မေးရဦးမယ်။ မင်းတို့ဟာ ပါကစ္စတန်ဖက် ဝင်ချင်သလား၊ အိန္ဒိယဖက် နေချင်သလား စသဖြင့် ဒါတွေမေးရမယ်။ နောက်ပြီးတော့ တခါ ပန်ဂျပ်ပြည်မှာလဲ အဲဒါတွေ လုပ်ရ



ဦးမယ်။ (North-West Frontier Province) ဟာ မူဆလင်တွေနေတဲ့ နယ်ဖြစ်ပေမဲ့ကွန်ဂရက်ကိုထောက်ခံတဲ့ လူတွေက အစိုးရဖြစ်နေတဲ့နယ်ဖြစ်တယ်။ အဲဒီနယ်ကို အခုပြန်ပြီးတော့ကာ ရွေးကောက်ပွဲ လုပ်ပြီးတော့ကာ မင်းတို့ဟာ ပါကစ္စတန်ဖက်ပါချင်သလား၊ အိန္ဒိယဖက် ပါချင်သလားဆိုတာ မေးရဦးမယ်။ အဲဒီတော့ အဲဒါမျိုးတွေ လုပ်တဲ့အခါမှာလဲ အေးအေးလူလူနဲ့ ဖြစ်သလား၊ မဖြစ်ဘူးလားဆိုတာ ကျွန်တော်တို့ စောင့်ကြည့်ဖို့ လိုလိမ့်မယ်။ တော်တော့်ကိုရှုပ်ရှုပ်ပွေပွေ ဖြစ်နိုင်စရာ အကြောင်းတွေရှိတယ်။ သူတို့ဆီမှာ အခုနေအခါမှာဆိုယင် လူမျိုးရေး အဓိကရုဏ်းတွေ ဖြစ်နေတာတွေရှိတယ်။ သို့ပေမဲ့ ဒီတခါကျတော့ကာ ဒီတခါမှာ ကွန်ဂရက်နှင့် မူဆလင်လိဂ်တို့ သဘောမတူဘူးဆိုယင် လူမျိုးရေးအဖြစ်မျိုး မဟုတ်ဘဲနဲ့ တကယ့်ပြည်တွင်းစစ်သဘောကိုရောက်ချင်ရောက်သွားနိုင်တယ်။ အဲဒါတမျိုးရှိတယ်၊ နောက်ပြီးတော့တခါ စစ်တပ် (အိန္ဒိယစစ်တပ်)ဖွဲ့ရမယ်။ အိန္ဒိယစစ်တပ်ကိုမူဆလင်လူမျိုးတွေဖြစ်တဲ့ လူတွေကို မူဆလင်ဖက်၊ ပါကစ္စတန်ဖက် ပါချင်တဲ့ လူတွေကို ပါကစ္စတန်ဖက်ကို ခွဲရမယ်။ အိန္ဒိယ အစိုးရဖက်မှာ နေချင်တဲ့ လူတွေကို အိန္ဒိယ အစိုးရဖက် ခွဲရမယ်။ အဲဒီလိုဟာမျိုးတွေက လုပ်ရမှာ အမြောက်အမြားရှိတယ်။ အဲဒီလို လုပ်ရမည့် အလုပ်တွေက အများကြီးရှိနေတော့ အဲဒီလိုလုပ်နေတဲ့ အချိန်အခါ အတောအတွင်းမှာဆိုယင် အိန္ဒိယပြည်ဟာ ပါကစ္စတန်ရော၊ အိန္ဒိယရော နှစ်ခုစလုံး ဒိုမီနီယံအဖြစ်နဲ့ နေရမှာဘဲ။ ဘာဖြစ်လို့လဲဆိုယင် အင်္ဂလိပ် ကွန်မွန်ဝဲ (လ်) ( Commonwealth ) ကနေပြီး ဝိုး ထွက်နိုင်တဲ့ အခြေအနေကို ဖြစ်ကိုမဖြစ်နိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုယင် ကိုယ့်မှာ စစ်တပ်က ကျကျနန မရှိသေးဘူး။ နယ်ကျကျနန သတ်မှတ်လို့ မပြီးသေးဘူး၊ စကားများနေတုန်း၊ တဖယောက်နဲ့တဖယောက် အဲဒါမျိုးတွေ ဖြစ်နေတယ်။

အဲဒီတော့ အိန္ဒိယပြည်မှာ အဲဒီလို အခြေအနေမျိုးတွေ ဖြစ်နေတယ်။ ဖြစ်ပေမဲ့၊ တခု ထူးခြားသွားတာကတော့ ဘာထူးခြားသွားသလဲ ဆိုယင် ခုတင်က ပါကစ္စတန်တို့၊ အိန္ဒိယပြည်တို့မှာ ပေါ်ပေါက်လာတဲ့ ယခုသီးခြား ပေါ်ပေါက်ကြမယ့် တိုင်းပြုပြည်ပြုလွှတ်တော်တွေဟာ ယခုတော့ တခုဘဲရှိတယ်။ ဒီတခုကလဲဘဲ မူဆလင် လိဂ်(ခ်) မပါဘူး။ မူဆလင်လိဂ်(ခ်) က အမတ်တွေက ပါကစ္စတန် ဒိုမီနီယံဖက်မှာ လုပ်ချင်တာက တိုင်းပြုပြည်

www.burmeseclassic.com

www.burmeseclassic.com



ပြုလွှတ်တော် လုပ်မယ်နဲ့တူတယ်။ ဒီတော့ အဲဒီလိုလုပ်ပြီး တိုင်းပြုပြည်ပြု လွှတ်တော် ပေါ်ပေါက်တဲ့အခါမှာ အဲဒီ တိုင်းပြုပြည်ပြု လွှတ်တော်နှစ်ခုစလုံးဟာ အချုပ်အချာ အာဏာပိုင်တဲ့ လွှတ်တော်အဖြစ်နဲ့ ချက်ချင်းရောက်သွားမယ်။ ဘာဖြစ်လို့ ချက်ချင်းရောက်သွားမလဲဆိုယင် ဒိုမီနီယံဆိုတဲ့ အဓိပ္ပာယ်ဟာ ဥပဒေသဘောအားဖြင့် ပြောရမယ်ဆိုယင် (Semi-sovereign state) အချုပ်အချာ အာဏာရှိသင့်သလောက်ရှိတယ်။ သို့သော်လဲဘဲ ရုပ်ပြအားဖြင့် မရှိဘူး။ ( Formal sovereignty ) မရှိဘူး။ ( Formal sovereignty ) ဆိုတဲ့ အဓိပ္ပာယ်က ရုပ်ပြအချုပ်အချာ အာဏာပိုင်မှုမရှိဘူး။ ဘယ်လို ရုပ်ပြ အချုပ်အချာ အာဏာမရှိဘူးလဲဆိုယင် ဒီအင်္ဂလိပ် ရှင်ဘုရင်ရဲ့ သစ္စာကို စောင့်သိ ရိုသေရမယ်ဆိုတဲ့ သဘောမျိုးရှိတယ်။ အဲဒီသဘောမျိုးရှိနေတဲ့အတွက် ရုပ်ပြ အချုပ်အချာ အာဏာ မရှိဘူးလို့ဆိုရမယ်။ အဲဒါတောင်မှ ဥပမာ အိုင်ယာလန်ပြည်မှာလို့ဆိုယင် အတော် ထူးခြားတဲ့ အခြေအနေရောက်နေတယ်။ အိုင်ယာလန်ပြည်ဟာ အင်္ဂလိပ် ရှင်ဘုရင်ကို သစ္စာစောင့်ရမယ်ဆိုတဲ့ အပိုဒ်ကို ဖျက်လိုက်တယ်။ နောက်ပြီးတော့၊ ဘယ်ရှင်ဘုရင်မှ မထားတော့ဘူး။ သို့သော်လဲ နိုင်ငံခြား ဆက်သွယ်တဲ့နေရာမှာ တခါ၊ အင်္ဂလိပ် ရှင်ဘုရင်ကို အသုံးချတယ်။ အသုံးချရုံဘဲ ချတယ်။ သို့သော်လဲ သူတို့ သစ္စာတော့ မဆိုဘူး။ နောက်ပြီးတော့ သူတို့တိုင်းပြည်မှာလဲ သမ္မတလို သဘောထားမျိုးရှိတယ်။ နန်းရင်းဝန်လို့ခေါ်တဲ့ ဝန်ကြီးချုပ်အပြင် သမ္မတဆိုတဲ့ လူစားမျိုးလဲ အိုင်ယာလန်မှာရှိတယ်။ သို့သော်လဲဘဲ၊ သူတို့တိုင်းပြည်ကို အိုင်ယာလန်လို့ခေါ်တယ်။ ဘာအဓိပ္ပာယ်လဲဆိုတာ ကျွန်တော်လဲ မပြောတတ်ဘူး။

အဲဒီမယ် အိုင်ယာလန်လို့ခေါ်တဲ့အတွက် သူတို့ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကို လိုက်ကြည့်တဲ့အခါကျတော့ သူတို့ဆိုသွားတာတွေကတော့ (It is an independent, democratic sovereign state) လုံးဝလွတ်လပ်တဲ့ ဒီမိုကရေစီစနစ်အရ အချုပ်အချာ အာဏာနှင့် ပြည့်စုံတဲ့ နိုင်ငံတော်ဖြစ်တယ်လို့ အဲဒီလိုလဲ သာမန်ဆိုထားတယ်။ သမ္မတနိုင်ငံရယ်လို့တော့ သေသေချာချာ တိတိလင်းလင်း ဆိုမထားပါဘူး။ အဲဒီလို သမ္မတနိုင်ငံလို့ တိတိလင်းလင်းဆိုမထားတဲ့အတွက် အိုင်ယာလန်ပြည်မှာ တောင်မှ အချို့သူတွေဟာ အငြင်းထွက်နေကြတယ်။ ဥပဒေသဘောအရ သမ္မတနိုင်ငံ မဟုတ်ဘူး။



ဥပဒေ သဘောအရဆိုလို့ရှိယင် အင်္ဂလိပ် ပြည်ထောင်စု အတောအတွင်းမှာရှိတယ် ဘာ၊ ညာအစရှိသဖြင့် အငြင်းထွက်နေကြတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် သူတို့အခြေအနေကတော့ အတော်ဘဲ ထူးဆန်းတယ်။ အဲဒီတော့ကာ နိုင်ငံရေး ဆရာတဦးက နေပြီးတော့ အိုင်ယာလန်ပြည်နဲ့ ပတ်သက်ပြီးတော့ ဘယ်လို ပြောဘူးသလဲဆိုယင်၊ ကျွန်တော် မှတ်မိသလောက် ပြောရမယ်ဆိုယင် ( Eire is in the Commonwealth but not of it. ) အဲဒါ (Commonwealth) အတွင်းမှာလို့ ပြောချင်ပြောနိုင်ပေမဲ့ (Commonwealth) ရဲ့ နိုင်ငံလဲ မဟုတ်ဘူးတဲ့၊ နောက်ပြီးတော့ကာ တခါ ဒီဗလီရာက ဘာခါတုန်းက ပြောဘူးတဲ့ စကားရှိတယ်။ သူက ဘယ်နှယ် ပြောသလဲဆိုယင် အင်္ဂလိပ်အစိုးရက ဒို့အိုင်ယာလန်တိုင်းပြည်ဟာ အင်္ဂလိပ်(Commonwealth )ထဲမှာ ပါတယ်လို့ သူတို့ဖာသာ သူတို့ထင်လို့ရှိယင် ထင်ချင်တာ ထင်စေပေါ့တဲ့၊ ဒို့လဲဘဲ ဒို့လုပ်ချင်တာ လုပ်ပေါ့တဲ့၊ အဲဒီလို ဒီဗလီရာက ပြောတယ်။ အဲဒီတုန်းက အိုင်ယာလန်ရဲ့ အခြေအနေဟာ အင်မတန်ဘဲ ထူးဆန်းတယ်။ သို့ပေမဲ့ ကျွန်တော်တို့ သိနေကြတာက သူ့ကို ဒိုမီနီယံလို့ဘဲ သိနေတယ်။

အိုင်ယာလန်လို ထူးခြားတဲ့ ဒိုမီနီယံကို အပထားလို့ရှိယင် အခြား ဒိုမီနီယံတွေကတော့ အင်္ဂလိပ် ဘုရင်တွေကိုဘဲ သူတို့ ဘုရင်တွေအဖြစ်နဲ့ ထားတယ်။ ဘာပြုလို့လဲဆိုယင် အိန္ဒိယပြည်အတွက်တော့ ကျွန်တော် မပြောလိုဘူး။ ကနေဒါတို့၊ ဩစတြေလီယားတို့၊ တောင်အာဖရိကတို့ဆိုတဲ့ ဒိုမီနီယံတွေကတော့ သွေးတူသားတူ ဥရောပတိုက်သားတွေကနေပြီးတော့ ဆင်းလာတဲ့ လူတမျိုးထဲလို လူစားတွေဖြစ်တော့ အကုန်လုံး မျက်နှာဖြူ လူမျိုးတွေချည်းဘဲ၊ ဥရောပတိုက်လူမျိုးတွေချည်းဘဲ၊ အဲဒီလို ဖြစ်နေတော့ သူတို့အဖို့မှာ အင်္ဂလိပ်ရှင်ဘုရင်ကို ကိုယ့်ရှင်ဘုရင်လို့ဆိုပြီး ယူဆဖို့ မခဲယဉ်းဘူး။ မခဲယဉ်းတဲ့အတိုင်း သူတို့ကိုယ်တိုင်က ကြည်ဖြူပြီးတော့ အင်္ဂလိပ်ရှင်ဘုရင်ကို ကျုပ်တို့ ရှင်ဘုရင်အဖြစ် ထားပါဆိုပြီးတော့ သူတို့က ကြည်ဖြူလို့ထားကြတယ်။ အဲဒီတော့ ဒိုမီနီယံဆိုတဲ့ သဘောကတော့ အင်္ဂလိပ် ရှင်ဘုရင်ကို ထားချင်ထားပြီးတော့ကာ အင်္ဂလိပ်နဲ့ တသဘောတည်း၊ အင်္ဂလိပ်နဲ့ တအိမ်ထောင်တည်း သဘောမျိုးနဲ့ နေကြတာဘဲ။ သို့သော်လဲဘဲ ဒီဥပဒေ သဘောအားဖြင့်ဆိုယင် သူ့တိုင်းပြည်သူ အုပ်ချုပ်တဲ့ နေရာမှာ သူ့ဖာသာသူ အုပ်ချုပ်တာဘဲ။ ဘယ်ဒိုမီနီယံမဆို သူဟာသူ အုပ်ချုပ်တာ၊ အဲဒီလို အုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com

တဲ့ အခါမှာ အဲဒီလို တိုင်းပြည်မှာရှိတဲ့၊ လွှတ်တော်ဟာလဲဘဲ အာဏာရှိတဲ့ လွှတ်တော် ဖြစ်တယ်။

ကျွန်တော်တို့ တိုင်းပြည်မှာတော့ အခု ကျွန်တော်တို့ ရထားတဲ့ အစိုးရ ဆိုတာက လက်တွေ့အားဖြင့် ကျွန်တော်တို့ လုပ်နေတဲ့နေရာမှာတော့ လုပ်နိုင်ပါတယ်။ သို့သော်လဲဘဲ (status) ဆိုတဲ့ အဆင့်အတန်းမှာတော့ ကျွန်တော်တို့က အာဏာရှိတဲ့ အဆင့်အတန်း မဟုတ်ဘူး။ ဒီတော့ နိုင်ငံခြားတွေနဲ့ ဆက်သွယ်တဲ့နေရာမှာ ကျွန်တော်တို့ တိုင်းပြည်ကို တခြားနိုင်ငံတွေက မေးတဲ့အခါမှာ မင်းတို့နိုင်ငံဟာ သမ္မတနိုင်ငံလား၊ လွတ်လပ်တဲ့နိုင်ငံလား၊ ဒါမှမဟုတ် ဒိုမီနီယံ နိုင်ငံလားဆိုယင် ကျွန်တော်တို့က ဘယ်လိုဖြေရမလဲဆိုယင် ကျုပ်တို့တော့ မသိဘူး။ လုပ်တော့လုပ်နိုင်တယ်။ ကျုပ်တို့တိုင်းပြည်ကို တော်တော်ကလေး အုပ်ချုပ်လို့ရတာဘဲ။ ရပေမဲ့ ဘယ်လိုခေါ်ရမယ်လို့တော့ ကျုပ်တို့လဲ မသိသေးဘူးလို့ အဲဒီလိုဘဲ ပြန်ဖြေရမယ်။ ဒါဟာ ကျွန်တော်တို့ အခုအစိုးရရဲ့ အခြေအနေဖြစ်တယ်။

ကျွန်တော်တို့ အစိုးရရဲ့ အခြေအနေဖြစ်နေတော့ အိန္ဒိယပြည်မှာတော့ အခု ဩဂုတ်လမှာဆိုယင် ဒိုမီနီယံ အစိုးရ ဖြစ်သွားကြတဲ့အခါမှာ သူတို့ရဲ့ အဆင့်အတန်းဟာ ကျွန်တော်တို့ အစိုးရ အဆင့်အတန်းထက် မြင့်သွားမယ်။ မြင့်သွားပြီးတော့ အဲဒီဟာထက် ပိုပြီး အရေးကြီးတာက ဘာအရေးကြီးသလဲဆိုယင် သူတို့ရဲ့ နယ်တွေမှာ ပေါ်မဲ့ တိုင်းပြု ပြည်ပြု လွှတ်တော်တွေဟာ အချုပ်အချာ အာဏာနဲ့ ပြည့်စုံတဲ့ လွှတ်တော်တွေ ဖြစ်သွားမယ်။ ဘယ်လို အချုပ်အချာ အာဏာတွေနဲ့ ပြည့်စုံတဲ့ လွှတ်တော်တွေ ဖြစ်သွားမလဲဆိုယင် အဲဒီ လွှတ်တော်ကဆွဲတဲ့ ဥပဒေကို ချက်ချင်း အတည်ဖြစ်အောင် လုပ်နိုင်တဲ့ အခြေအနေရှိတယ်။ အဲဒီတော့ကာ ကျွန်တော်တို့ထက် အိန္ဒိယပြည်က တပန်းသာသွားတာလဲ ရှိတယ်။ ကျွန်တော်တို့ထက် လျော့နေတာလဲ ရှိတယ်။ ကျွန်တော်တို့က အဲဒီနေရာမှာ တိုင်းပြု ပြည်ပြု လွှတ်တော်က အချုပ်အချာ အာဏာမရသေးဘူး။ မရသေးဘူးဆိုတာက ရအောင်လုပ်တဲ့နည်းတွေကတော့ အမျိုးမျိုး ရှိတာပေါ့လေ။ နောက် ကျွန်တော်ပြောပြမယ်။ ဒီ ဥပဒေသဘော ပြောရမယ်ဆိုယင်၊ ကျွန်တော်တို့ တိုင်းပြုပြည်ပြု လွှတ်တော်ဟာ အချုပ်အချာ အာဏာ မရသေးဘူး။ အချုပ်အချာ



အဖွဲ့ရဲ့ အဆင့်အတန်းသာ ရသေးတယ်။ (status) အဆင့်အတန်းကသာလျှင် ကျွန်တော်တို့ အချုပ်အချာ လွှတ်တော်ရဲ့ အဆင့်အတန်းသာရတယ်။ သဘောကတော့ ယခု ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော် လုပ်ကြတယ်ဆိုယင် ဒီလွှတ်တော်ကို ဘုရင်ခံလာပြီးတော့ ရိုးရိုး ဥပဒေပြု လွှတ်တော်လာသလို လာပြီးတော့ စကားမပြောနိုင်ဘူး။ သူလာပြီးတော့ကာ တိုင်းပြုပြည်ပြုလွှတ်တော်ကို နှုတ်ဆက်ချင်တယ်ဆိုယင် ဧည့်သည်အဖြစ်နဲ့ လာနှုတ်ဆက်နိုင်တယ်။ ဘုရင်ခံအဖြစ်နဲ့ လာပြီး ကျွန်တော်တို့ကို ဘာလုပ်ပါ၊ ဘာလုပ်ပါလို့ မပြောနိုင်ဘူး။ ဒီတော့ ရိုးရိုး ဥပဒေပြု လွှတ်တော်ဆိုယင် အဲဒီ ဥပဒေပြု လွှတ်တော်ကို လာပြီး စကားပြောနိုင်တယ်။ အဲဒါမျိုးတွေ ဖြစ်တယ်။

အဲဒီတော့ ယခု အချုပ်အချာ အာဏာသဘောမျိုး အဆင့်အတန်းဆိုပါတော့ ကျွန်တော်တို့ တိုင်းပြု ပြည်ပြု လွှတ်တော် သူဟာသူ လုပ်တဲ့နေရာမှာ လွတ်လွတ်လပ်လပ် ရှိတယ်။ အဲဒီလို လွတ်လွတ်လပ်လပ်ရှိတဲ့အတွက် (status) အဆင့်အတန်းမှာတော့ကာ အချုပ်အချာ အာဏာအဖွဲ့သဘောမျိုးဖြစ်တယ်။ သို့သော်လဲဘဲ ဥပဒေသဘောနဲ့ ပြောမယ်ဆိုယင် အာဏာတော့ မရှိသေးဘူး။ အာဏာရအောင် လုပ်တဲ့နည်းကတော့ အခုတင်က အစီရင်ခံခဲ့တဲ့အတိုင်း ဖြစ်နေတော့ အိန္ဒိယပြည်က တိုင်းပြုပြည်ပြု လွှတ်တော်ဟာလဲဘဲ၊ လွန်ခဲ့တဲ့ အခြေအနေတုန်းကတော့ ကျွန်တော်တို့ တိုင်းပြုပြည်ပြုလွှတ်တော်ထက် ဒီလိုဘဲ မခြားနားတဲ့ အခြေအနေမျိုးရှိတယ်။

ယခုတော့ကာ အိန္ဒိယပြည်မယ် ရှိတဲ့ ပေါ်ပေါက်လာမဲ့ တိုင်းပြုပြည်ပြု လွှတ်တော်တွေဟာ ကျွန်တော်တို့ထက် ပိုပြီးတော့ကာ တဆင့်သာ သွားတယ်။ ဘယ်လို သာသွားသလဲဆိုလို့ရှိယင် အချုပ် အချာ အာဏာလိုအဆင့်အတန်းတင် မကဘဲနဲ့ အာဏာများပါရတဲ့ အခြေအနေမျိုး ရောက်သွားတယ်။ အဲဒီတော့ကာ အဲဒီလိုသာတဲ့ ဖက်ကလဲ သာတယ်။ သို့သော် သူတို့ရှော်တဲ့ ဖက်ကလဲ ဘယ်လိုရှော်သလဲ ဆိုတော့ သူတို့ကို အင်္ဂလိပ်အစိုးရက ဒိုမီနီယံပေးလိုက်တဲ့ အခါမှာလဲ အဲဒီ ဒိုမီနီယံအဖြစ်နဲ့ ဘယ်လောက်ကြာကြာ နေရသလဲဆိုယင်ဟိန္ဒူနဲ့မွတ်စလင်စေ့စပ်တဲ့နေရာမှာကြာလျှင်ကြာသလောက်

www.burmeseclassic.com

www.burmeseclassic.com



နေရပါတယ်။ ဘာဖြစ်လို့လဲဆိုယင် အင်္ဂလိပ် အစိုးရက နေစေချင်လို့ မဟုတ်ဘူး။သူတို့ အချင်းချင်း မတဲ့လို့ နေရတဲ့ အခြေအနေဖြစ်နေတယ်။ အဲဒီတော့ကာ ကျွန်တော်တို့ ဒီလွတ်လပ်ရေး ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ကြီးက ၁၉၄၆ ခု၊ ဇန်နဝါရီလမှာ ကျင်းပခဲ့တဲ့ ပဌမ ဖ၊ဆ၊ပ၊လ ဗမာနိုင်ငံလုံးဆိုင်ရာ အဖွဲ့ချုပ်ညီလာခံကြီးက ဗမာပြည်ဟာ လုံးဝလွတ်လပ်ရေးကို လိုချင်တယ်။ ဘယ်လို ဒိုမီနီယံစတိတ်ကိုမှ မလိုချင်ဘူးဆိုပြီးတော့ ကျွန်တော်တို့ ရည်ရွယ်ချက် အဖြစ်နဲ့ အတိအလင်း ကြေညာ ခဲ့ပါတယ်။ အဲဒီကြေညာခဲ့တဲ့ အတိုင်းဘဲ ကျွန်တော်တို့ လွန်ခဲ့တဲ့ မေလအတွင်းမှာ ကျင်းပကြတဲ့ ဖ၊ ဆ၊ ပ၊ လ ပဉ္စမ ညီလာခံမှာလဲဘဲ ကျွန်တော်တို့ဟာ ဒီဗမာ ပြည်ကြီးကို လုံးဝလွတ်လပ်ပြီးတော့ အချုပ်အချာ အာဏာနဲ့ ပြည့်စုံတဲ့ သမ္မတနိုင်ငံအဖြစ်နဲ့ တည်ထောင်မယ်ဆိုပြီးတော့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့တယ်။နောက်ပြီးတော့လဲဘဲ ဒီတိုင်းပြုပြည်ပြု လွှတ်တော်ကြီးမှာလဲ ကျွန်တော်ကိုယ်တိုင် တင်သွင်းခဲ့ပြီးတော့ကာ ဒီအချုပ်အချာ အာဏာနဲ့ ပြည့်စုံတဲ့ သမ္မတ နိုင်ငံကို တည်ထောင်မယ်ဆိုပြီးတော့ကာ အဲဒီ ဆုံးဖြတ်ချက်ကို တင်သွင်းလို့ ဆုံးဖြတ်လို့တောင် ပြီးပြီ။

ဒီတော့ ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်လုပ်တဲ့ အလုပ်ဟာ အင်မတန် ရှင်းပါတယ်။ ကျွန်တော်တို့ဟာ တိုင်းပြည်ကို ပြောခဲ့တဲ့အတိုင်း လုံးဝလွတ်လပ်ရေးကို ကျွန်တော်တို့ရအောင် လုပ်မယ်ဆိုတဲ့အတိုင်း အဲဒီ လုံးဝလွတ်လပ်ရေးကို ကျွန်တော်တို့ ဆုံးဖြတ်ခဲ့တယ်။ ဒီလုံးဝ လွတ်လပ်ရေးကို ဆုံးဖြတ်ပြီးတဲ့နောက် ကျွန်တော်တို့ ဒီတိုင်းပြည်ကို ကြေညာ ထားတဲ့အတိုင်းတနှစ်အတွင်း လုံးဝလွတ်လပ်ရေး ရအောင် လုပ်မယ်ဆိုတာလဲ ကျွန်တော်တို့ လုပ်နေလျက်ပါဘဲ။ တနှစ်လဲဘဲ မပြည့်သေးပါဘူး။ တနှစ်စေ့လာတဲ့ အနေမျိုး၊ သို့သော်လဲဘဲ စေ့တယ်၊ ပြည့်တယ်ဆိုတဲ့ သဘောမျိုးကတော့ အလျော့အပေါ့ နဲနဲပါးပါး ပါချင်ပါမယ်။ သို့သော်လဲဘဲ ဘယ်လိုဘဲဖြစ်ဖြစ် အဲဒီလို ဖြစ်လာတဲ့ အချိန်အခါမျိုးမှာ တိုင်းပြု ပြည်ပြု လွှတ်တော်က ဗမာပြည်ရဲ့ လွတ်လပ်ရေးကို ရအောင် မလုပ်နိုင်သေးဘူးဆိုလို့ရှိယင် ကျွန်တော်တို့ ဟိုအခါမျိုးမှာ ကတိပျက်တယ်လို့ ပြောချင်ပြောမယ်။ သို့သော်လဲဘဲ အဲဒီအချိန်အခါကလဲ မရောက်သေးဘူး။ကျွန်တော်တို့ကလဲဘဲ အဲဒီ အချိန်အခါ အထိ လွတ်လပ်ရေးကို အေးအေးချမ်းချမ်း ရနိုင်အောင်



ကျွန်တော်တို့ ကြိုးစားမယ်။ အဲဒီလို ကြိုးစားမယ်ဆိုပြီးတော့ ကျွန်တော်တို့ လုပ်နေတယ်။ ဒီလိုလုပ်နေတဲ့ အတိုင်း ကျွန်တော်တို့ လုပ်တဲ့ လုပ်ငန်းဟာ အောင်မြင်သလား၊ မအောင်မြင်ဘူးလား ဆိုတာ အခုနေအခါ ဘယ်သူမှ မပြောနိုင်သေးဘူး။ ဘာဖြစ်လို့လဲ ဆိုယင် အချိန်တွေ လိုပါသေးတယ်။ ကျွန်တော်တို့ လုပ်နေတဲ့ လုပ်ငန်းတွေဟာ မပြီးသေးဘူး။ ပြီးလာတဲ့ တနေ့ ခင်ဗျားတို့ မြင်လာတဲ့ တနေ့မှာ ကျွန်တော်တို့ လုပ်ငန်းတွေဟာ အောင်သလား၊ မအောင်ဘူးလား ဆိုတာ ခင်ဗျားတို့ မြင်နိုင်မှာဘဲ။

အဲဒီလို မြင်လာတဲ့အခါမှာ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ဟာ ဘယ်လို အဖွဲ့ချုပ်မျိုးလဲ၊ အလုပ်လုပ်တဲ့ နေရာမျိုးမှာ ဘယ်လိုထိရောက်အောင် လုပ်နိုင်သလဲ ဆိုတာ ခင်ဗျားတို့ မြင်လာမယ်။ အဲဒီတော့ အခု နေအခါမှာ ကျွန်တော်တို့မှ သိပ်ပြီးတော့ ကြီးကြီးကျယ်ကျယ်တွေ ပြောနေဖို့ မလိုပါဘူး။ အဲဒီတော့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က ဘာမှ သွေဖီပြီးတော့ လုပ်နေတာ မရှိပါဘူး။ ဒီလွတ်လပ်ရေး ရအောင်ဆိုပြီး လုပ်နေတာဘဲ။ သို့သော်လဲဘဲ အဲဒီလို လွတ်လပ်ရေး ရအောင် ကျုပ်တို့က လုပ်တဲ့နေရာမှာ အလွယ်ဆုံး၊ အကောင်းဆုံး၊ အအေးဆုံးနည်းကိုရှာတယ်။ အဲဒီလို ရှာတာကို ကျုပ်တို့ကို ဘာအပြစ်ပြောစရာ ခင်ဗျားတို့ရှိသလဲ၊ အလွယ်ဆုံး၊ အကောင်းဆုံး၊ အအေးဆုံး နည်းတွေနဲ့ ကျွန်တော်တို့ လွတ်လပ်ရေး ရအောင်ရှာတဲ့ နေရာမယ် ဘယ်သူတွေက ဘာဖြစ်လို့ ကျုပ်တို့ကို အပြစ်တင်နေရသလဲ၊ အဲဒီတော့ကာ အဲဒီလို လုပ်တဲ့နေရာမယ် ဒါတွေကို ရှင်းပြနေတဲ့ အထဲကနေပြီးတော့ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က ဒိုမီနီယံဘဲ လက်ခံတော့မလိုလို ဘာလိုလိုအစရှိသည် အားဖြင့် တချို့ကနေပြီးတော့ ဟိုရေး၊ ဒီရေး၊ ဟိုပြော၊ ဒီပြော ပြောတယ်။

ကျုပ်တို့ ဂရုမစိုက်ပါဘူး။ ခင်ဗျားတို့တိုင်းပြည်က အဲဒီလိုလူတွေ ပြောဒါတွေကို ယုံချင်တယ်ဆိုယင် ခင်ဗျားတို့ ယုံနိုင်တယ် (လက်ခုပ်တီးသံနှင့် သြဘာသံများ)။ အဲဒီတော့ ဒိုမီနီယံ ကိစ္စနှင့် ပတ်သက်ပြီး ဒိုမီနီယံ ပြောနေကြတဲ့ လူတွေကလဲ နားလည်လို့ ပြောနေကြတာ မဟုတ်ဘူး။ အမှန်စင်စစ်တော့ ကျွန်တော်တို့ ဗမာနိုင်ငံရေးမှာ ကျွန်တော်နဲ့နဲ့ ( brutal truth ) ဆိုမှာပေါ့၊ တော်တော် ကလေးကိုဘဲ ရက်ရက် စက်စက် မှန်တယ်။ သခင်နုကတော့ ကျွန်တော့်ကို ခဏခဏ ပြောတယ်။ ခင်ဗျား ( painful truth )

www.burmeseclassic.com

www.burmeseclassic.com

သိပ်မပြောပါနဲ့လို့။ (painful truth) ဆိုတာဘာလဲဆိုယင် မှန်တော့မှန်တယ်၊ သို့သော် မှန်လွန်းအားကြီးလို့မခံနိုင်ဘူး၊ အဲဒီလိုဖြစ်တယ်။ သို့ပေမဲ့ ဒီတခါလဲ ကျွန်တော်ပြောရဦးမယ်။ ဘာပြောမလဲဆိုယင် ယခု ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံရေးသမားတွေ လုပ်နေကြတယ်။ သတင်းစာဆရာတွေ လုပ်နေကြတယ်။ သူတို့ရေးနေတာ သူတို့၊ သူတို့ ပြောနေတာ သူတို့နားမလည်တဲ့ သူတွေ အများကြီးဘဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ် (လက်ခုပ်တီးသံနှင့် ဩဘာသံများ)။ ခံချင်မှာတော့ မဟုတ်ဘူး။ ဘာပြုလို့လဲဆိုယင် နားမလည်ဘူး ပြောလိုက်တာကိုး၊ ခံချင်မှာတော့ မဟုတ်ပါဘူးဗျာ့။ သို့သော်လဲဘဲ (It is painful truth) အဲဒါ တခါတည်းကို သေးထွက်အောင် မခံချင်လောက်အောင် မှန်တယ်၊ မှန်တယ်ဆိုတာ ကျွန်တော်ရဲရဲကြီး ပြောရဲတယ်။ (လက်ခုပ်တီးသံနှင့် ဩဘာသံများ)။

အဲဒီတော့ ကိုယ်ပြောနေတာ ကိုယ်ရေးနေတာ ကိုယ်လုပ်နေတာ ဘာမှန်းမသိတဲ့ နိုင်ငံရေးသမားတွေ၊ သတင်းစာ ဆရာတွေက တော်တော်ကလေး များတယ်။ အဲဒီလိုဖြစ်နေတော့ ကျွန်တော်လဲ နိုင်ငံရေးအကြောင်းနဲ့ ပတ်သက်ပြီး နိုင်ငံရေးဆိုတဲ့ စကားက အစ ကျွန်တော်တခါတည်း တိုင်းပြည်ကို နောင်အခွင့်သင့်လို့ရှိယင် အပတ်စဉ် အပတ်စဉ်ဖြစ်စေ၊ တခါတည်း ရက်ဆက် သဘောမျိုးဖြစ်စေ တခါတည်း အဲဒီလို ရှင်းလင်းပြသွားချင်ပါသေးတယ်။ အဲဒီအခါကျယင် နိုင်ငံရေး ဆိုတာ ဘာလဲ၊ တော်လှန်ရေးဆိုတာ ဘာလဲ၊ နောက်ပြီးတော့ လွတ်လပ်ရေး ဆိုတာ ဘာလဲ၊ ဟိုဟာက ဘာလဲ၊ ဒီဟာက ဘာလဲ၊ အဲဒါတွေ ကျွန်တော် ရှင်းပြချင်တယ်။ ခေါင်းဆောင်မှု ဆိုတာ ဘာလဲ၊ အချောင်သမားဆိုတာ ဘာလဲ၊ အဲဒါတွေ ကျွန်တော် ရှင်းချင်တယ်။ သို့ပေမဲ့ ဝမ်းထဲမှာတော့ အများကြီးဘဲ၊ ပုံနေတာဘဲ၊ သို့သော်လဲဘဲ ကျွန်တော့်မှာ အချိန်ကမရတော့ မရှင်းနိုင်အားဘူး။ အဲဒီတော့ သတင်းစာထဲ ရေးချင်တာရေး၊ တချို့ ပြောချင်တာပြော၊ ကြည့်နေရတာဘဲ။ ဘာမှ မတတ်နိုင်ဘူး။ ခင်ဗျားတို့ ကြားချင်တာ ကြားပြီး၊ ထင်ချင်တာ ထင်နေတာဘဲ ဆိုတာလဲ ကျွန်တော် သိပါတယ်။ (လက်ခုပ်တီးသံနှင့် ဩဘာသံများ)။

အဲဒီတော့ ခင်ဗျားတို့ သေသေချာချာ သတိထားကြည့်စေချင်တာက မိ ဖ၊ ဆ၊ ပ၊ လအဖွဲ့ချုပ်ဟာ ဘယ်လို ဖ၊ ဆ၊ ပ၊ လအဖွဲ့ချုပ်လဲဆိုတာ ရာဇဝင်နှင့်ပြန်ကြည့်စေချင်တယ်။ လူတွေကိုလဲ ရာဇဝင်နှင့်ပြန်ကြည့်စေချင်တယ်။ ကျွန်တော်တို့ ဗမာပြည်မှာ ပေါ်ခဲ့တဲ့ နိုင်ငံရေး အဖွဲ့တွေ၊ နိုင်ငံရေး ခေါင်းဆောင်တွေ အားလုံး တယောက်စီ တယောက်စီ ခင်ဗျားတို့ စိတ်ကူးထဲမှာ စဉ်ပြီး၊ မှတ်တမ်းစဉ်ပြီး စဉ်းစားကြည့်စမ်းပါ။ ဘယ်လိုလူစားတွေလဲ၊ ဘယ်လို အဖွဲ့လဲ ဆိုတာ။ အဲဒီအခါမှာ အဖြေထွက်လာမယ်။ ယခု အခါမှာ ကျွန်တော်တို့က အစိုးရလုပ်နေတဲ့ အချိန်အခါမျိုးဖြစ်တယ်။ သို့သော် လဲဘဲ ကျွန်တော်တို့က အစိုးရလုပ်နေတဲ့ အချိန်အခါမျိုးမှာ ဆိုယင် အတိုက်အခံဆိုတာ ရှိစမြဲပါဘဲ။

ဘုရားလက်ထက်က ဘုရားကိုယ်တိုင် အတိုက်အခံနှင့် မကင်းလို့ရှိယင်၊ ကျုပ်တို့လဲ မလွတ်ကင်းနိုင်ဘူး။ အဲဒီလိုအတိုက်အခံနှင့် မကင်းတဲ့အပြင် ကယ်ပျက်ဗိုလ်လုပ်ရတဲ့ အခြေ အနေမျိုးဖြစ်နေတယ်။ ဒီလိုတပ်ပျက် ဗိုလ်လုပ်ရတဲ့ အခြေ အနေမျိုးဖြစ်နေတော့ ချတ်ယွင်းချက်တွေ အမြောက် အမြား ရှိတယ်ဆိုတာ ကျုပ်တို့ကိုယ်တိုင် သိတယ်။ ဘယ်အစိုးရမှလဲ ချွတ်ယွင်းချက် မရှိတဲ့အစိုးရ မရှိဘူး။ သို့သော်လဲဘဲ တိုင်းပြည်အပေါ်မှာ စေတနာရှင်းရှင်း ထားပြီးတော့ တဆင့်ထက် တဆင့် ကျွန်တော်တို့ လုပ်လာတဲ့ လုပ်ငန်းဟာ တိုးတက်သလား မတိုးတက်ဘူးလား ဆိုတာ ခင်ဗျားတို့ ပြန်ကြည့်ပါ။ (ဩဘာသံများ)။ ရက်မကြာခင်လောက်ဆိုယင် သခင်နုတို့လဲပြန်လာမယ်။ နောက် တော်တော်လေး ကြာလာယင် ကျွန်တော်တို့ဟာ တိုင်းပြည်ကိုအတိအလင်း ကြေညာနိုင်တဲ့ စကားမျိုးလုပ်လာနိုင်ပါဦးမယ်။ အဲဒီလို လုပ်လာတဲ့ အခါမှာ ကျွန်တော်တို့ဟာ လွတ်လပ်ရေး လုပ်ငန်းမယ် ဘယ်ထိအောင် တစခန်း တက်လာပြီး ဘယ်ထိအောင် ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာ ဘယ်လို တစခန်း တက်လာပြန်ပြီ အစရှိသည်အားဖြင့် အဲဒီလို အခွင့်အလမ်းတွေကိုလဲ ခင်ဗျားတို့ မြင်ရပါလိမ့်မယ်။ အဲဒီလို တိုင်းပြည် ပြန်လည်ထူထောင်ရေးမယ် လုပ်တဲ့ လုပ်ငန်းမှာလဲ တဆင့်တက်လာတာကို သော်၎င်း၊ အခု လွတ်လပ်ရေး လုပ်ငန်းနဲ့ ပတ်သက်ပြီး တဆင့်တက်လာတာကိုသော်၎င်း အဲဒီလိုတက်လာတာကို ခင်ဗျားတို့ ရက်မကြာမီမှာ မြင်ရပါလိမ့်မယ်။ အဲဒီလို မြင်ရရုံ မကဘူး။ ကျွန်တော်တို့ ဒီအစိုးရနှင့် အရင်က ရှိတဲ့ အစိုးရတွေနှင့် ယှဉ်ကြည့်လိုက်ယင် ကျုပ်ပြောရဲတယ်။ ယခု အစိုးရထဲမှာ လာဘ်စားတဲ့ လူတွေ မရှိပါဘူးဆိုတာ ကျုပ်ပြောရဲတယ် (ဩဘာသံများ)။



www.burmeseclassic.com

www.burmeseclassic.com



အရင်အစိုးရတွေတုန်းက ကျုပ်အတိအလင်း ပြောတယ်။ လာဘ်စားတဲ့ လူတွေရှိတယ်။ ခင်ဗျားတို့ ဘာပြောဦးမလဲ။ အဲဒီလိုလူတွေက ယခုနေ အခါမယ် တိုင်းပြည်ကို မိမိတို့ ပါဘီ ပြန်အာဏာရအောင် ခြေထိုးကြတဲ့ ကိစ္စမှာ ယောင်ယောင်မှားမှား ဖြစ်တဲ့ လူတွေဟာ စေတနာ ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ တိုင်းပြည်သစ္စာဖောက်တဲ့ ကိစ္စမှာ ရန်သူ နံပတ် ၁ တွေ ဖြစ်တယ် (သြဘာသံများ)။ အဲဒီ ရန်သူ နံပတ် ၁ တွေကို ခင်ဗျားတို့ ထောက်ခံချင်တယ်ဆိုလျှင် ခင်ဗျားတို့လည်းပင်း ခင်ဗျားတို့ ကြိုးတင်ကြတာဘဲ၊ (သြဘာသံများ)။ ကျုပ်တို့ဟာ ဒီတိုင်းပြည်မှာ အစိုးရဖြစ်အောင် အတင်းအဓမ္မ လုပ်လာလို့ အစိုးရဖြစ်တာ မဟုတ်ဘူး။ တိုင်းပြည် လူထုရဲ့ ထောက်ခံမှုနဲ့ ကျုပ်တို့ အစိုးရဖြစ်နေတာ တိုင်းပြည်က မကြည်ညိုဘူးဆိုတာ ကျုပ်တို့ သိတဲ့ တနေ့မှာ ကျုပ်တို့လဲ မနေဘူး။ တွယ်မနေပါဘူး။ ထွက်မှာပါဘဲ။ သို့သော်လဲဘဲ တနှစ်လောက် ကျုပ်တို့ကို စောင့်ကြည့်တဲ့ အခါမှာ ကျုပ်တို့ဟာ ဘယ်လိုလူစားတွေလဲ။ ရာဇဝင်မှာ အရေးခံမဲ့ လူစားမျိုးတွေလား။ ရာဇဝင်မှာ အဆဲခံမဲ့ လူစားမျိုး တွေလား ဆိုတာ ခင်ဗျားတို့ ကိုယ်တိုင် သိပါလိမ့်မယ်။

ဒီတော့ကာ လွတ်လပ်ရေး ဆိုလို့ ခင်ဗျားတို့ကို ကျနော် ပြောပြဦးမယ်။ လွတ်လပ်ရေး ဆိုတိုင်း ပဒေသာပင် မြေက မပေါက်နိုင်ဘူး ဆိုတာကို ခင်ဗျားတို့ကို ကျနော်ရှင်းခဲ့ချင်တယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိယင် ခင်ဗျားတို့ စိတ်ထဲမှာ လွတ်လပ်ရေး ရတော့မယ်ဆိုလို့ရှိယင်၊ စိတ်ကူးက ဘယ်လို စိတ်ကူးကြသလဲဆိုလို့ရှိယင် ပဒေသာပင်ကြီး ချက်ချင်း နေ့ချင်း၊ ညချင်းပေါက်လာကြတော့မလို ခင်ဗျားတို့ ထင်ကြတဲ့ လူတွေများ ကြတယ်။ တချို့ကလဲဘဲ ဟာ- လွတ်လပ်ရေးရပြီဆိုပြီးတော့ ဘာလုပ်ချင်သလဲဆိုတော့ ကျနော် အရင်တခါတုန်းကတွေ့ခဲ့တယ်။ ဂျပန်ခေတ်တုန်းက ဂျပန်ခေတ် ဗမာ့ လွတ်လပ်ရေး၊ ဘုရားစူးစေ့ ဗမာ့လွတ်လပ်ရေးတုန်းက အဲဒီတုန်းက ဆိုလို့ရှိယင် လွတ်လပ်ရေးရပြီ ဆိုတော့ကာ ဟသာ်တနယ်ထဲမှာ ကျနော်တွေ့ခဲ့တယ်။ ဘာတွေ့သလဲဆိုယင် လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာ လွတ်လပ်ရေး ရပြီကွ ဆိုပြီးတော့ လူတကာသွားတဲ့ လမ်းမပေါ်မှာ ထွက်ပြီး ဆေးတွေလှန်းတယ်။ အဲဒီတော့ လမ်းသွား လမ်းလာလုပ်တဲ့ လူတွေ အတော်ဂွကျတယ်။ အဲဒါဟာ လွတ်လပ်ရေး မဟုတ်ဘူး။ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်က



ဘာလဲ။ လွတ်လပ်ရေး ဆိုတာဟာ ကိုယ်တဦး တယောက် ကောင်းစားဖို့ ဖြစ်စေ၊ တမျိုးလုံး ကောင်းစားဖို့ ဖြစ်စေ လုပ်တဲ့ နေရာမှာ အခြား တဦး တယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ် လပ်လပ် ကိုယ့်ဘိုးဘက်မှ အတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးဘဲ။

ဥပမာ ခင်ဗျားစီးပွားရေး ဖြစ်ထွန်းအောင် လုပ်တဲ့နေရာမှာ အနှောင့်အယှက် မရှိစေရဘူး။ အခြားလူတွေရဲ့အကျိုးကို မထိခိုက်လို့ရှိယင် အနှောင့်အယှက် မရှိစေရဘူး။ တိုင်းပြည်တပြည်လုံးရဲ့ အကျိုးကို မထိခိုက်စေရဘူး။ အခြား လူတွေရဲ့ အကျိုးကို မထိခိုက်စေရဘူး။ ခင်ဗျား လွတ်လွတ်လပ်လပ် လုပ်နိုင်တဲ့ အခြေအနေရှိရမယ်။ သို့သော်လဲ အခြားနိုင်ငံရဲ့ လွတ်လပ်ရေးကို သွားနှောင့်ယှက်တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေးကို မဟုတ်ဘူး။ အဲဒါက ဘာလဲ ဆိုယင် ( licence ) ခေါ်တယ်။ ဒါဟာ ရမ်းကားမှုသာ ဖြစ်တယ်။

ဒီတော့ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေး ဆိုတာ ဖြစ်နိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေး ဆိုတာကို ကျနော်တို့ရတဲ့အခါမှာလဲ နားလည်ရမှာက ငါတို့ တိုင်းပြည်ဟာ ပိုပြီး စည်းကမ်းရှိဖို့ လိုတယ်။ ငါတို့ တိုင်းပြည်ဟာ လွတ်လပ်ရေး ရအောင် လဲဘဲ စည်းကမ်း ရှိရှိနဲ့ လုပ်ရမယ်။ အဲဒီလိုအားဖြင့် စည်းကမ်း သဘောတွေကို နားလည်ပြီး စည်းနဲ့ ကမ်းနဲ့အလုပ် လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရမယ်။

နောက်ပြီးတော့ လွတ်လပ်ရေးရတဲ့အခါမှာ လွတ်လပ်ရေးအခွင့်အရေးတွေ ရတယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ခင်ဗျားတို့ အခွင့်အရေးတွေ ပိုရတာလဲ ရှိတယ်။ အခွင့် အရေးတွေ ပိုရသလိုဘဲ တာဝန်တွေလဲ ပိုလာလိမ့်မယ်။ ဘယ်လို တာဝန်တွေ ပိုလာမလဲ ဆိုလျှင် ဒီတိုင်းပြည်ကို အင်္ဂလိပ်က အုပ်ချုပ် နေတုန်းက ဒီဗမာပြည်ကို ကာကွယ်ဖို့ တာဝန်ဟာ အင်္ဂလိပ်ရဲ့ တာဝန်သာ ဖြစ်တယ်။ သို့သော်လဲ ဒီဗမာပြည်ကို ကျုပ်တို့ လွတ်လပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ အခါမှာ ကျုပ်တို့ ဗမာတွေကသာလျှင် ဗမာပြည်ကို ကာကွယ်ရမဲ့ တာဝန်ဟာ အဓိက ဖြစ်တယ်။ ဒီတော့ အရင်တုန်းကလို ခင်ဗျားတို့ အေး အေး ဆေးဆေး နေလို့ မဖြစ်နိုင်တော့ဘူး။ ကျုပ်တို့ တိုင်းပြည်အစိုးရ လုပ်တဲ့ လူတွေက တိုင်းပြည် ကာကွယ်ဖို့အတွက် ဗမာပြည်မှာ စစ်သားတွေ နည်းနေတယ်ဆိုလို့ရှိယင် ဗမာတိုင်း ဗမာတိုင်း အရွယ်ရောက်တဲ့ လူမှန်သမျှ ကျန်းမာတဲ့ လူမှန်သမျှ စစ်မှုမထမ်း မနေရဆိုပြီးတော့ အတင်း ဥပဒေနဲ့ စစ်ထဲကို ထည့်ရလိမ့်မည်။ အဲတာမျိုးတွေ လုပ်တန် လုပ်ရလိမ့်မယ်။ နှစ်နှစ် တန်သည်၊ သုံးနှစ်တန်သည် စစ်ထဲဝင်ရမယ်။ ဝင်ပြီးတဲ့နောက် စစ်ဖြစ်တဲ့ အခါမှာ ဝင်တိုက်ရမယ်ဆိုတာ ခင်ဗျားတို့ တိုက်ချင် တိုက်ချင်၊ မတိုက်ချင် မတိုက်ချင် ဝင်တိုက်ရမှာဘဲ။ အဲတာကလဲ တာဝန်ဘဲ။ ဒါဟာ လွတ်လပ် ရေး ရတဲ့ အခါမှာ ဖြစ်ရမဲ့ တာဝန်မျိုးဘဲ။ လွတ်လပ်ရေးရတဲ့ အခါမှာ ဖြစ်ရမဲ့ တာဝန်တွေဘဲ။

အဲဒီအတိုင်းဘဲ ကျွန်တော်တို့ ဒီကိုင်းပြည်မှာ လွတ်လပ်တဲ့ အခါမှာလဲ ယိုးဒယားပြည်လို ဖြစ်ချင်သလား။ တူရကီပြည်လို ဖြစ်ချင်သလား၊ အိုင် ယာလန်ပြည်လို ဖြစ်ချင်သလား။ ယူနိုက်တက်စတိတ် အမေရိကန်လို ဖြစ် ချင်သလား။ အင်္ဂလိပ်ပြည်လို ဖြစ်ချင်သလား။ ဆိုဗီယက် ယူနီယံလို ဖြစ်ချင် သလား။ ဖြစ်ချင်တာတွေ အပေါ် မှာ မှီပြီးတော့ ခင်ဗျားတို့ အလုပ် မလုပ် ဘဲနဲ့တော့ ဖြစ်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော်ပြောပြချင်တယ်။ အလုပ် မလုပ်ဘဲနဲ့တော့ မဖြစ်ဘူး။

အဲဒီတော့ကာ ဘီလပ်မှာ အခု ဒီစစ်ကြီးပြီးတဲ့အခါမှာ အင်မတန်ဘဲ မွဲ နေတယ်။ အရင်တုန်းကတော့ သူတို့ တိုင်းပြည်က ထွက်တဲ့ကုန်က သူတိုင်း ပြည်ကို သွင်းတဲ့ ကုန်ထက်အဆပေါင်း များစွာ ပိုတယ်။ ပိုတဲ့ အတွက်လဲဘဲ သူတို့တိုင်းပြည်မှာ ဝင်ငွေတွေ တော်တော် များများရပြီးတော့ သူတို့တိုင်း သူ ပြည်သားတွေကို တော်တော်ကလေး ချောင်ချောင် ချိချိ ဖြစ်အောင် သူ တို့ ထားနိုင်တယ်။ သို့သော်လဲ ဒီစစ်ကြီးပြီးတဲ့နောက် အင်္ဂလိပ်အစိုးရအဖို့ မှာ ဆိုယင် ဒီနိုင်ငံခြားမှာ သူတို့ရှိနေတဲ့ ငွေပင်ငွေရင်းစိုက်ထားတဲ့ လုပ် ငန်းတွေဟာ အမေရိကန်ကို ရောင်းပစ်လိုက်ရတာလောက်ချည်းဘဲ ဖြစ် တယ်။ နောက်ပြီး ကြွေးလဲဘဲ တော်တော်များများကို တင်တယ်။ ကုဋေ



၁,၅၀၀ လောက်ကို တင်တယ်။ ရှေ့ဒင်္ဂါး ကုဋေသန်းပေါင်း ၁,၅၀၀ လောက် တင်တယ်ခင်ဗျာ။ အဲဒါမျိုးအပြင် နောက်ပြီးတော့ သူတိုင်းပြည်မှာရှိတဲ့ ပစ္စည်းတွေဟာလဲဘဲ အတော်ကလေးဆုံးသွားတယ်။ ဆုံးရုံတင် မကဘူး။ နိုင်ငံခြားကို ကုန်ကူးတဲ့နေရာမှာ ထွက်ကုန်က ဝင်ကုန်ထက် အများကြီး နည်းနေတယ်။ အဲဒီတော့ကာ အခုဒီစစ်ပြီးတဲ့ အခါမှာ ရှေးက နဂိုအနေကို အမြန်ဆုံး ပြန်ရအောင် ဆိုပြီးတော့ အမြန်ဆုံး ပြန်ရအောင် ဆိုပေမဲ့ တနှစ် တည်းနှင့် မရဘူး၊ နှစ်နှစ်တည်းနှင့်မရဘူး၊ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်၊ ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ် အဲဒီလို သူတို့ လုပ်သွားရမယ်။

အဲဒီအထဲမှာ ရှင်နည်းရာ အဂ္ဂလူထွက်ဆိုတာမျိုးလို သူတို့ တိုင်းပြည်မှာ တလောတုန်းက ရာသီဥတု ဆိုးဝါးပြီးတော့ကာ လယ်ယာစိုက်ပျိုးရေး လုပ် ငန်းတွေကလဲ အကြီးအကျယ် ပျက်စီးသွားတယ်။ နောက် ကျောက်မီးသွေး လုပ်ငန်းတွေလဲဘဲ အတော်အကြီးအကျယ် ထိခိုက်သွားတယ်။ အဲဒီအ ကြောင်းတွေကြောင့် သူတို့ အတော့ကိုဘဲ ကြီးပွါးရေး လုပ်ငန်းတွေ ထိခိုက် နေတော့ကာ နဂို အခြေ အနေကို ၄၊ ၅၊ ၁၉ နှစ် ဆိုသလိုနဲ့ အမြန်ဆုံး ပြန် ရောက်အောင်ဆိုပြီးတော့ သူတို့ ဘာကြိုးစားနေသလဲ။ အင်္ဂလိပ် ပြည်မှ ထွက်တဲ့ပစ္စည်း၊ အင်္ဂလိပ်ပြည်မှ လုပ်တဲ့ ပစ္စည်းတွေကို အင်္ဂလိပ်တွေ မဝယ်နိုင် ဘူး။ ဘာပြုလို့လဲ။ ဥပမာ အဝတ်အထည်ကို အင်္ဂလိပ်ပြည်ကလုပ်တယ်။ အဲဒီ တော့ လုပ်တဲ့ အဝတ်အထည်ကို အင်္ဂလိပ် ပြည်က လုပ်ပေမဲ့ အင်္ဂလိပ် လူမျိုး တွေကို တနှစ်ကို နှစ်ထည်၊ သုံးထည် အစရှိသည်အားဖြင့် လိုသလောက်ထက် ပိုပြီး မဝတ်ရအောင်၊ ကူပွန်ဆိုတာတွေ ပေးပြီးတော့ ဆိုင်တွေမှာ ရောင်း တယ်။ အဲဒီ ကူပွန်ရမှ ဝယ်နိုင်တယ်။ အဲဒီတော့ ဒီလိုဝယ်နိုင်တော့ကာ အဲဒီ လို ပေးပြီးတော့ ရောင်းတဲ့၊ အဝယ်ခိုင်းတဲ့ ပိုတာတွေမှန်သမျှကို ဘာလုပ်သလဲ ဆိုယင် နိုင်ငံခြားကို ထုတ်ပြီးရောင်းတယ်။ နိုင်ငံခြားက ဟာခါ ဘီလပ်ကို သွင်းတဲ့ ပစ္စည်းတွေကျတော့လဲဘဲ အရင်ကလို အတိုင်း မသွင်းဘဲနဲ့ လျှော့ လျှော့ပေါ့ပေါ့ တင်သွင်းပြီးနောက် အဲဒီ နိုင်ငံခြားက သွင်းတဲ့ အချို့ကုန် ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ချွေချွေတာတာ အရင်ကထက် အများကြီးလျှော့ ပေါ့ပြီး အသုံးခိုင်းတယ်။ သူတို့ဆီမှာ ဆိုယင် ရှေးက စားရတဲ့ ပေါင်မုန့်နဲ့ အခု စားရတဲ့ ပေါင်မုန့်နဲ့ဆိုယင် အခုအခါမှာ အင်မတန်ကို လျှော့ပြီး စားရတဲ့ အချိန်အခါမျိုး စားရတယ်။ ဒီလို ချွေတာပြီး အခုနေအခါမယ် လုပ်မှု

www.burmeseclassic.com



နောက် လေး၊ ငါး၊ ခြောက်နှစ်၊ ခုနစ်နှစ်၊ ဆယ်နှစ် အစရှိသဖြင့် အဲဒီလို ရှိလာတဲ့ အခါကျမှ အင်္ဂလိပ်ပြည်ဟာ အရင်နဂို အခြေအနေကို ပြန်ရောက်နိုင်မည့် အကြောင်းရှိတယ်။ အဲဒီလို မဟုတ်ဘဲနဲ့နေမယ်ဆိုယင်တော့ သူတို့မရနိုင်ဘူး။

အဲဒီတော့ကာ ဒီလိုတိုင်းပြည် ကျကျနနဖြစ်အောင်၊ထူထောင်နိုင်အောင် ဆိုယင် အင်္ဂလိပ်တွေဟာသဲ လွတ်လပ်တဲ့ တိုင်းပြည် ဖြစ်ပင် ဖြစ်ငြားသော်လည်း အလုပ်လုပ်ရတယ်ဆိုဘာကို ခင်ဗျားတို့ သိစေချင်တယ်။ အဲဒီအတိုင်းဘဲ ဆိုဗီယက် ယူနီယံဆိုဘဲ တိုင်းပြည်ကြီးဟာ တော်လှန်ရေးတွေ ဖြစ်ပြီးတဲ့နောက်၊ ပဌမ ရှေးဦးစွာ စစ်အတောအတွင်းမှာတော့ ဝါးကွန်မြူနစ်ဇင် (War Communism) ဆိုတာ ဒီ အတောအတွင်းမှာ လုပ်တဲ့ ကွန်မြူနစ်စနစ် ဆိုပြီးတော့ လုပ်တယ်။ အဲဒီပြီးတဲ့နောက် စစ်ပြီးတဲ့ အခါ မှာလဲ (New Economic Policy) ခေါ်တဲ့ စီးပွားရေးစနစ် သဘောမျိုးဘဲ လုပ်ရတယ်။ အဲဒီလို လုပ်ပြီးတဲ့ နောက်မှ တခါ ငါးနှစ် စီမံကိန်းတွေဆိုပြီးတော့ ငါးနှစ် စီမံကိန်းတွေ ဆိုဗီယက် ယူနီယံမှာ လုပ်ခဲ့တယ်။ အဲဒီလို ငါး နှစ် စီမံကိန်းတွေ လုပ်စဉ်အခါတုန်းက ဒီတနိုင်ငံလုံးရဲ့ အခြေအနေအားလုံးကို ခြုံကြည့်ပြီးတော့ တတိုင်း တပြည်လုံးကောင်းဖို့၊ အမြဲတမ်းကောင်းဖို့ကို ရှေ့ရှုကြည့်ပြီးတော့ လုပ်ရတဲ့ အခါဖြစ်တဲ့ အတွက် လူတွေဟာစားချင်တိုင်း ပဌမ မစားရဘူး။ ဝတ်ချင်တိုင်း မဝတ်ရဘူး။ နေချင်တိုင်းမနေရဘူး။ အဲဒီလို ဖြစ်ရတယ်။ ဒီတော့ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြမယ်ဆိုလို့ ရှိယင်လဲ (National Planning) ခေါ်တဲ့ အဲဒီ စီမံကိန်းမျိုးတွေနဲ့ မလုပ်ဘဲနဲ့ ဘယ်နည်းနဲ့မှ ကျွန်တော်တို့ တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး၊ မထူထောင်နိုင်ဘူးဆိုတာ ခင်ဗျားတို့ သတိရှိစေချင်ပါတယ်။ အဲဒီတော့ ပဒေသာပင်ဟာ မြေက ပေါက်လာမှာ မဟုတ်ပါဘူး။

ပဒေသာပင် ပေါက်အောင်ဆိုယင်၊ ကျွန်တော်တို့ အလုပ်လုပ်မှ ဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေးရပင် ရသော်ငြားလည်း၊ လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူး ဆိုယင် ခင်ဗျားတို့ ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက် ပြန်ပါသွားမှာဘဲ ဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။

ဒီတော့ အဲဒီ လွတ်လပ်ရေးရတဲ့ အခါမှာ ကျွန်တော်တို့ အခုတင်က စီမံကိန်းအမျိုးမျိုးနဲ့လုပ်တောင်မှ အနှစ် ၂၀ လောက် ကျွန်တော်တို့ စကားခပ်



ရှိင်းရှိင်း ပြောရယင်၊ စကားခပ်ရှိင်းရှိင်း ပြောရတယ်ဆိုတာ စကားခပ် ရှိင်းရှိင်းပြောမှ လူတွေက မှတ်မိတယ်။ စကားခပ်ရှိင်းရှိင်း ဆိုယင် အတော့ကို ကောင်း ကြိုးစားနိုင်မှ၊ လုပ်နိုင်မှ အဲဒါအတော့ကို ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ၊ အနှစ် ၂၀ လောက်ရှိတဲ့ အခါမှာ တော်ကာ ကျမယ်။ အဲဒီလို မဟုတ်ဘဲ ခင်ဗျားတို့ အလုပ် မလုပ်ဘဲ နေမယ်ဆိုလို့ရှိယင် ပိုးဒယားပြည်ရဲ့ အဆင့်အတန်းတောင် မှီမှာ မဟုတ်ပါဘူး။ ယိုးဒယားပြည်ဆိုလို့ရှိယင် လွတ်လပ်တဲ့ နိုင်ငံထဲမှာ ညံ့ညံ့ဘဲ။ ညံ့ညံ့ပင်ဖြစ်ပေမဲ့ ကျွန်တော်တို့ ဗမာပြည်နဲ့ စာလိုက်ယင်တော့ ကျွန်တော်တို့ ဗမာပြည် လွတ်လပ်ယင် လွတ်လပ်ချင်းဘဲ၊ ယိုးဒယားပြည်က ကျွန်တော်တို့ထက်တော့ သာတာဘဲ။ ဘယ်လို သာမလဲဆိုယင် စစ်တပ်တွေ ဆိုလို့ ရှိယင်လဲကောင်းကောင်း ရှိတယ်။ ရေတပ်တွေလဲ ရှိတယ်။ လေတပ်တွေလဲရှိတယ်။ အခြားစစ်တပ်တွေလဲ တော်တော်များများရှိတယ်။ အဲဒီလိုအားဖြင့် ယိုးဒယားက ရှိတာ ရှိတယ်။ ကျွန်တော်တို့မှာ အဲဒီလို မရှိသေးပါဘူး။

ဒီတော့ ကျွန်တော်တို့က တကယ်ဘဲ သူညာကစပြီး အကုန်လုံး ပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြား နိုင်ငံတွေက ခြေလှမ်း တလှမ်း လှမ်းယင်၊ တခြားလွတ်လပ်တဲ့ နိုင်ငံတွေက ခြေလှမ်း တလှမ်းလှမ်းယင်၊ ကျွန်တော်တို့က ခြေလှမ်း ၄၊ ၅၊ ၁၀ လှမ်း လှမ်းလိုက်နိုင်မှ၊ အဲဒီလို လိုက်နိုင်တဲ့အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလိုတန်းတူ ညီတူ ဖြစ်သွားမယ်။ တန်းတူ ညီတူ မဖြစ်သမျှကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ် ဆိုပေမဲ့ ဟိုလူမြင်တဲ့အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူ မြင်တဲ့ အခါ မျက်နှာချိုသွေးရနဲ့ ဖာသယ်လို နိုင်ငံမျိုး ဖြစ်နေမှာဘဲ ဆိုတာ ခင်ဗျားတို့ အတိအလင်း နားလည်ထားစေချင်တယ် (ဩဘာသံများ)။ အားမှ မရှိသေးတော့ အဲဒီလိုဘဲ ဖြစ်နေမှာဘဲ။ အဲဒီတော့ကာ အင်မတန်ကို ကျွန်တော်တို့ တခါထဲ ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ လူတွေ စည်းစည်းရုံးရုံးနဲ့ ရှိပါမှ ဖာသယ်သဘောမျိုး၊ နိုင်ငံမျိုး မဖြစ်ဘဲနေမှာ၊

အဲဒီတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသား လူထု ညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော် မလိုချင်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ တိုင်းရင်းသား အချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သား လူထု ညီညွတ်ရေး၊ အဲဒီညီညွတ်ရေး နှစ်ခုမရှိသမျှ ကာလပတ်လုံး၊ ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လဲ ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ ဖွာသယ်တိုင်းပြည် ဖြစ်နေမှာဘဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီ နှစ်ခုကို ခင်ဗျားတို့မပျက်ပြားပါစေနဲ့။ ဘယ်သူကဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန် အရေးကြီးပါတယ်။

ဒီတော့ ယခုဖြစ်နေတဲ့ အခြေအနေမှာဆိုယင်၊ လွတ်လပ်ရေးကိစ္စနဲ့ ကျွန်တော်တို့မြင်တာပြောရမယ်ဆိုယင်၊ လွတ်လပ်ရေးဟာ ရဖို့အခြေအနေတော့ တော်တော်ကလေးများပါတယ်ဆိုတာ ကျွန်တော်ပြောချင်တယ်။သို့ပေမဲ့လဲ ကျွန်တော်တို့ ဗမာစကားလဲရှိတယ်။ အင်္ဂလိပ်စကားလဲရှိတယ်။ အင်္ဂလိပ်စကားကတော့ Don't halloo till you are out of the wood အရင်တခါလဲကျွန်တော်ပြောသွားပြီးပါပြီ။ စမ်းပုံကြီးအတွင်းက တောကြီးမျက်မဲအတွင်းက မထွက်မီခင် ငါတော့ ဘေးလွတ်ပြီလို့ မအော်ပါနဲ့ဆိုတဲ့ သဘောမျိုးဘဲ။ အဲဒီအတိုင်းဘဲ။ ကျွန်တော်က တခါ ခြင်္သေ့မင်း ဥပမာကို ပြောရမယ်ဆိုယင် ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာကြီးတာငယ်တာ ပမာနမထားဘဲနဲ့၊ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့ နေရာမှာ အဲဒီအတိုင်းဘဲ လုံ့လစိုက်သွားတယ်။ အဲဒီလို ထုံးအတိုင်းဘဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျော့လို့ မဖြစ်နိုင်ဘူး။ ဆထက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။

ကျွန်တော်တို့ ဗမာတွေမှာ စောက်ကျင့်တခုရှိတယ်။ ဘာစောက်ကျင့်တခုရှိသလဲဆိုယင်၊ ဒါကလဲဘဲ ကျွန်တော်တို့ ကျွန်ဖြစ်ခဲ့ကြရတဲ့အတွက် ဖြစ်ချင်ဖြစ်မယ်။ ဘာလဲဆိုတော့ ကျွန်တော် ဂျပန်ခေတ်တုန်းက ပုသိမ်ဖက်ကိုသွားတဲ့အခါ လှေပြိုင်ပွဲတခုရှိတယ်။ လှေပြိုင်ပွဲလုပ်ခဲ့တယ်။ လှေပြိုင်ပွဲလုပ်တဲ့အခါမှာ ဘာဖြစ်သလဲဆိုတော့ လှေတွေပြိုင်လိုက်တာ နှစ်စင်းပြိုင်တဲ့အခါမှာ နိုင်တဲ့အစင်းက ပန်းတိုင်မရောက်သေးဘူး၊ ရှေ့ကို နဲနဲရောက်တယ်ဆိုယင်ဘဲ တက်ထောင်တယ်၊ ကြွားတယ်။ တခါရှုံးတဲ့နောက်က နေတဲ့လှေကလဲဘဲ ပန်းတိုင် မရောက်သေးဘူး။ ကြိုးစားချင် ကြိုးစားနိုင်သေးတယ်။ မကြိုး



စားချင်တော့ဘူး။ ရှုံးတော့မှာပါဘဲကွာဆိုပြီး ခြေပစ်လက်ပစ်နဲ့ တယ်မခတ်ချင်တော့ဘူး။ ဒါဟာ ဘာလဲဆိုယင် တကယ့်တိုင်းပြည်ထူထောင်တဲ့နေရာမှာ လွတ်လပ်တဲ့ လူမျိုးနဲ့ ထိုက်တန်တဲ့ စိတ်ဓာတ်မျိုး မဟုတ်ဘူး။ အဲဒီစိတ်ဓာတ်မျိုးဟာ ကျွန်ဖြစ်မဲ့ စိတ်ဓာတ်မျိုး၊ ကျွန်ရဲ့စိတ်ဓာတ်မျိုး၊ ဒီစိတ်ဓာတ်မျိုးရှိနေသမျှကာလပတ်လုံး ကျုပ်တို့ဗမာတွေ ကျွန်ဖြစ်နေမှာဘဲ။ လွတ်လပ်ရေးရယင်လဲ မြန်မြန် ပြန်ကျွန်ဖြစ်မှာပါဘဲ။ နောက်ဆုံးတနေ့ မရှုံးတဲ့တိုင်အောင် ကျွန်မဖြစ်တဲ့တိုင်အောင် ခုနကလို ဖွာသယ်လွတ်လပ်ရေး ဖြစ်နေမှာဘဲ။ ဘယ်လိုလဲဆိုယင် အကျင့်က အဲဒီလိုနဲနဲလေး နိုင်လာတယ်၊ ရှေ့က သာလာတယ်ဆိုယင် တက်ထောင်ချင်တဲ့ အကျင့်ရှိတယ်။ လှေတစင်းဟာ အဲဒီလို ရှေ့ကသာလာလို့ တက်ထောင်မိတာနဲ့ ပွဲတပွဲမှာ ရှုံးကိုသွားတယ်။ အဲဒီလိုဖြစ်တယ်။

ပြီးတော့ ဘောလုံးပွဲကိုကြည့်။ ကျွန်တော်တို့ဗမာတွေ ဘောလုံးပွဲမှာ ကန်ကြတဲ့ အခါမှာဆိုယင် ကိုယ်က ပဌမ စကိုးသွင်းရတယ် ဆိုယင် အတော် အားတက်လာတယ်။ အားတက်လာတာနဲ့၊ ကန်တာနဲ့၊ ပြုတာနဲ့ နောက်တခါ အဲဒီလိုဖြစ်တဲ့ အခါမှာ တော်တော်လေး ဂိုးလေး များလာတယ်ဆိုယင် လျော့လျော့ ပေါ့ပေါ့ ကန်ချင်လာတယ်။ ငါနိုင်မှာဘဲဆိုပြီး အဲဒါနဲ့နေပြီး တဖက်ကနေပြီး နောက်ဆုံး အပြီးသတ်မှာ ကပ်ပြီး ပြန်ပြီးတော့ ဂိုးသွင်းသွားလို့ သရေဖြစ်ဖြစ်၊ ရှုံးတာဖြစ်ဖြစ်၊ ဖြစ်သွားဒါမျိုးလဲ ကျွန်တော်တို့ဘောလုံးပွဲရာဇဝင်မှာ ခင်ဗျားတို့ ပြန်စဉ်းစားယင်တော့ တွေ့မှာဘဲ။ ဒါတင်မကသေးဘူး ဒီရှုံးသွားတဲ့ လူကလဲ ဘောလုံးကန်လို့ရှိယင် ပဌမအပိုင်းမှာ နာရီဝက်မှာ ရှုံးသွားယင်တော့တော်သေးရဲ့။ ကျန်သေးတဲ့ ဒုတိယ နာရီဝက်မှာ ကန်လို့ ၁၀ မိနစ်လောက်ကြာတော့ ကိုယ့်ဖက်က ဂိုးမသွင်းနိုင်ဘူးဆိုယင် အဲဒီအခါကျယင် လူကိုချတယ်။ ဒါ ကျွန်တော်တို့ ဗမာဘောလုံးကန်တဲ့ဘောလုံးပွဲ အကျင့်ဓာဲ။ အဲဒါ sporting spirit မရှိဘူး။ ဒါဘာလဲဆိုလို့ရှိယင် ဗမာတွေ စိတ်ထဲမှာ ဗမာတွေဟာ စိတ်ဓာတ်, ထက်တယ်ဘာညာနဲ့ တလွဲဆံပင်ကောင်းနေတယ်ဆိုတာနဲ့ အတူတူဘဲ။ ဒီစကားဟာ ဒီနေရာမှာ သုံးဖို့ဟာတွေဘဲ။ ဗမာတွေ စိတ်ဓာတ်က မဟုတ်တဲ့နေရာမှာ သွားပြီး ကောင်းနေတယ်။ တကယ့်နေရာတွေကျတော့ အသုံးမကျဘူး။ ဗမာပြည် လွတ်လပ်ရေးရအောင်ဆိုတာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာ

www.burmeseclassic.com

www.burmeseclassic.com



ပြည် ပြန်လည်ထူထောင်ရေးလုပ်တဲ့နေရာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာ ဗမာချင်း ချဖို့မှာ လုပ်ချင်တယ်၊ အဲဒါမျိုးတွေ လုပ်ချင်တယ်။ ဒါမျိုးတွေ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ ပြန်လည် မထူထောင်နိုင်ဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ မလွတ်လပ်နိုင်ဘူး။ လွတ်လပ် ယင်လဲ ဘယ်တော့မှ ကျကျနန လွတ်လပ်ရေး မဖြစ်နိုင်ဘူး။

အဲဒီတော့ကာကျွန်တော်တို့ အဲဒီ စိတ်ဓာတ်မျိုးကို လုံးဝ ဖျောက်ပစ် ဖို့လိုတယ်။ ကျွန်တော်တို့ဟာ ဘာအလုပ်ဘဲလုပ်လုပ်၊ နောက်ဆုံးတနေ့ပြီး တဲ့အချိန်မှာ ရှုံးမယ်ထင် တယ် ဖြစ်စေ၊ နိုင်မယ်ထင်တယ် ဖြစ်စေ၊ မသေမှ တမ်း ဇွဲနဲ့လုပ်သွားရတယ်။စစ်ဘိုက်တဲ့ နေရာမှာလဲ အဲဒီအတိုင်း သွားရမယ်။

အင်္ဂလိပ်တွေကိုကြည့်။ အင်္ဂလိပ်တွေဟာ ကျွန်တော်တို့ အပေါ်မှာ အုပ် ချုပ်နေလို့ ကျွန်တော်တို့က မုန်းပေမဲ့ အင်္ဂလိပ်တွေမှာ ချီးမွမ်းစရာတွေ အ များကြီးရှိတယ်။ ခုပြီးခဲ့တဲ့စစ်ကြီးမှာ သူတို့ဘယ်လောက် အကျဉ်းအကျပ် ရောက်သလဲ၊ အဲဒီအကျဉ်းအကျပ်ထဲက နေပြီးတော့ကာ တခါတည်းကို လွတ်မြောက်လာအောင်၊ဘယ်လောက်တခါတည်းကို အံကြိတ်ပြီးတော့၊ ခါး တောင်းကျိုက်ပြီးတော့ ကြိုးစားလာသလဲ။ ဒီမှာတော့ကိုကြည့်ပါ။ အခုလဲဘဲ သူတို့တိုင်းပြည်မှာ နေတာတွေကိုကြည့်။ သူတို့တိုင်းပြည်လဲဘဲ အခုလို ကျပ် ကျပ်တည်းတည်းနေရတာ လူတွေ မညည်းဘူးလားဆိုတော့ ပုဂ္ဂိုလ်ဘဝ ညည်းတော့ညည်းကြမှာပါဘဲ၊ ညည်းကြတယ်၊ညည်းပင် ညည်းငြားသော်လဲ ဘဲ စည်းနဲ့ကမ်းနဲ့ ညည်းကြတယ်။ စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြတယ်။ အဲဒီ လို လုပ်နေကြတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာတော့၊ စည်းကမ်းကို ယခု အခါမှာ မရှိဘဲဖြစ်နေတယ်။ စည်းကမ်းမရှိတော့ကာ ယခု နိုင်ငံရေးလုပ်တဲ့ နေရာတွေမှာ ယခုအခါမှာ၊ နယ်ချဲ့သမားသဘောကျမဲ့ အလုပ်မျိုးကို လုပ် နေတယ်။ ယခုကျွန်တော် တိတိလင်းလင်းပြောထားစမ်းမယ်။ ဗမာပြည်မှာ လူထုညီညွတ်ရေး၊ တိုင်းရင်းသား ညီညွတ်ရေးတွေဟာ မပြိုမကွဲဘဲနဲ့ ဘယ်သူ မှ ဖောက်ထွင်းလို့ မရလို့ရှိယင်၊ နောက်ပြီးတော့ကာ လက်ဝဲသမားဆိုတဲ့ လူငယ် နိုင်ငံရေးသမားတွေ ညီညွတ်သည်ထက် ညီညွတ်ယင် အဲဒီ အင်အား ဟာကြီး ကြီးသလောက် ခင်ဗျားတို့ရဲ့ လွတ်လပ်ရေးဟာ ပိုကောင်းလာမယ်။ အဲဒီအင်အားဟာ ငယ် ငယ်သလောက် ခင်ဗျားတို့ လွတ်လပ်ရေးဟာ ရတယ်



ဆိုပေမဲ့ နည်းနေမယ်။ အခွင့်အရေးနည်းနေမယ်။ နောက်တခါ အဲဒီလို နေရာမှာ နိုင်ငံရေးသမားတချို့ ခြေသိုးတာကို ခင်ဗျားတို့ ယောင်မှားလို့ အင်မတန် ဖရိုဖရဲ ဖြစ်ကြယင်တော့ဖြင့်ယင် အဲဒါ ခင်ဗျားတို့ လွတ်လပ်ရေး ရမှာ မဟုတ်ဘူး။ အဲဒါ အင်္ဂလိပ်က ပေးချင်တာ မဟုတ်ဘဲနဲ့၊ ဒီနိုင်ငံမှာ ဆိုယင် မယူမဖြစ်တဲ့ အခြေအနေမျိုးကို ရောက်ပါလိမ့်မယ်။ အဲဒီတော့ အဲဒါမျိုးတွေကိုလဲ သတိထားဖို့ရှိပါတယ်။

အဲဒါတွေကို အားလုံးကုန် သတိထားပြီး၊ ယခုတိုင်းပြည် ပြန်လည်ထူ ထောင်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်အနည်းငယ် ပြောပြချင်ပါသေးတယ်။ ဒီတိုင်းပြည် ပြန်လည် ထူထောင်ရေးနဲ့ ပတ်သက်ပြီးတော့ကာ ယခု ကျွန် တော်တို့ရှိနေကြတဲ့ အခြေအနေမှာ အင်မတန်ဘဲ ဆိုးနေတယ်၊ ကျွန်တော်တို့ ဗမာပြည်ဟာဒီစစ်ကြီးပြီးတဲ့နောက်ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံတွေထဲမှာ မိအေး နှစ်ခါနာဖြစ်တဲ့ ဗမာနိုင်ငံလို နိုင်ငံ မရှိသေးပါဘူး။ ကျွန်တော်တို့ တိုင်းပြည် ဟာ ဂျပန်ဝင်လာတုန်းကလဲ စစ်မြေပြင်ဘဲ။ အင်္ဂလိပ် ပြန်ဝင်လာတော့လဲ စစ်မြေပြင်ဘဲ။ အဲဒီလို မိအေးနှစ်ခါနာဖြစ်တဲ့ ဗမာပြည်ဟာ အင်မတန်ဘဲ စီးပွားရေးမှာ ပျက်စီးတယ်။ အင်္ဂလန်ပြည်မှာလဲဘဲ စီးပွားရေးပျက်စီးတယ်။ အင်္ဂလန်ပြည်မှာ စီးပွားရေး ပျက်စီးတော့ အင်္ဂလိပ်လူမျိုးတွေကတော့ စီမံ ကိန်းတွေ ဘာတွေနဲ့ ပြီးတော့ ကျကျနနတော့ မဟုတ်ဘူးပေါ့လေ။ ဒါပေမဲ့ ကျွန်တော်တို့ တိုင်းပြည်နဲ့စာယင် အင်မတန်ကို ခံနစ်ပိုကောင်း တယ်။ အဲဒါတွေလုပ်ပြီး၊ ချွေချွေတာတာနဲ့ နောင် ၄-၅-၁၉ နှစ်ကြာတဲ့ အခါ ကျလို့ရှိယင် တကယ်ချောင်လည်လာအောင်ဆိုပြီး ကြိုးစားနေကြ တယ်။ အဆင့်အတန်းမြင့်သထက် မြင့်အောင် ကြိုးစားနေကြတယ်။ ဆိုဗီ ယက်ယူနီယံမှာဆိုယင် စစ်ကြီးပြီးယင်ပြီးချင်း ငါးနှစ်စီမံကိန်းဆိုတာ လုပ်ပြီး တော့ကာ တခါထဲ ယခု ခြိုးခြံမှုတွေ လုပ်နေတယ်။ ဆိုဗီယက်ယူနီယံမှာ ဈေးကလို စားရ။ သောက်ရ၊နေရ၊ ထိုင်ရတာ မရှိတော့ဘူး။ ဘာဖြစ်လို့လဲ ဆိုယင် စစ်ကြောင့် အင်မတန်ဘဲ ပျက်စီးတဲ့အတွက်၊ ပြန်ပြီးတော့ ချွေတာ ရတဲ့ အခြေအနေမျိုး ပြန်ရောက်လာတယ်။ အဲဒီလို ဖြစ်နေတယ်။

ကျွန်တော်တို့ ဗမာပြည်မှာတော့ ဒါ နိုင်ငံခြားထွက်ကြည့်မှ ခင်ဗျားတို့ သိမယ်။ စစ်ဖြစ်နေတုန်းက ကျွန်တော် ဂျပန်ပြည်ရောက်ဘူးတယ်။ ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



ပြည် ရောက်ဘူးလို့ ဂျပန်ပြည်က လူတွေဟာ ကျွန်တော်တို့ ဗမာပြည်လို ဝဝ လင်လင်၊ ပေါပေါများများ မစားရဘူး။ အဝတ်အထည်တွေမှာလဲ ပေါပေါ များများ မဝတ်ရဘူး။ အစားစားတဲ့နေရာမှာလဲ၊ ဝဝလင်လင် မစားရဘူး။ နေရတဲ့ နေရာမှာတော့ သပ်သပ်ရပ်ရပ် နေရတယ်၊ ဒါတော့မှန်တယ်။ ဒါ တော့ နှစ်ရှည်လများ လုပ်ထားတဲ့အတွက် သပ်သပ်ရပ်ရပ် နေရတယ်။ ကျွန် တော်တို့ ပြည်ကတော့ အဲသည်လိုမဟုတ်ဘူး။ ပုံပေါလအောစားသောက် နေထိုင်နေကြတာဘဲ။ ကျပ်ကျပ်တည်းတည်း ဆိုတဲ့ အထဲကနေပြီးတော့ အဲဒီလိုနေကြတာဘဲ။ ဟိုတုန်းက ဂျပန်ပြည်ဟာ စံနစ်မကောင်းလို့ ဒီလိုကျပ် တည်းနေရတယ် - ထင်တယ်လို့ ကျွန်တော်စိတ်ထဲမှာ အောက်မေ့နေတယ်။ အခု ဒီစစ်ကြီးပြီးတော့ ကျွန်တော် လိုက်ကြည့်တယ်။ စာထဲမှာလဲ ဖတ်ရ တယ်။ ကိုယ်တိုင်လဲ မြင်ရတဲ့ နိုင်ငံတွေလဲရှိတယ်။ အိန္ဒိယပြည်ကို သွား ကြည့်ပါ။ ဥပမာ ဟော်တယ်တွေ သွားယင် ကိုယ့်မိတ်ဆွေတွေ ခေါ်ပြီး ကျွေးချင်တိုင်း မကျွေးနိုင်ဘူး။ တခါကို ၂၄ ယောက်ထက်ပိုပြီး မကျွေးနိုင် ဘူး။ ပေါင်မုန့်မရဘူး။ အာလူးတခုတည်းရတယ်။ ထမင်းအလျှင်းမရဘူး။ နေ့ခက်ပြီးတော့ တခါတည်းဟင်းလဲ တမယ်ထက် မပိုရ။ ကျွန်တော်တို့ ဆန်း ကဖေးတို့ သွားစားတဲ့ လူတွေက ဟင်းတမယ်မကဘူး၊ နှစ်မယ်မကဘူး၊ သုံး မယ်မကဘူး၊ လေးမယ်မကဘူး၊ စားချင်သလောက်စား၊ ဘာအကန့်အသတ် မှ မရှိဘူး။ ကျွန်တော်တို့ တိုင်းပြည်မှာ ဖြစ်နေတယ်။ အင်္ဂလန်ပြည်မှာ အဲ တာမရဘူး။ ဟင်းတမယ် ထမင်းမရဘူး။ ဆန်မရဘူး။ ပေါင်မုန့်ဆိုယင် အ ရင်ကထက် လျော့ရတယ်။ တခြားတိုင်းပြည်တွေမှာ အဲဒီလို ချွေချွေတာ တာ ကြိုးပမ်းပြီးတော့ အခုနေ့အခါမယ် ပြန်လည်ထူထောင်ရေး လုပ်ငန်း တွေ လုပ်နေကြတယ်။ ကျွန်တော်တို့တိုင်းပြည်က ကျပ်ကျပ်တည်းတည်း နေ ရတဲ့ အထဲက ဒီလိုပုံပေါလအောသုံးကြတုန်း စွဲကြတုန်းဘဲ။

BURMESE CLASSIC .com

အဲဒီတော့ ကျွန်တော်တို့ ဗမာတွေက ဆီမရှိ မစားနိုင်ဘူးလို့ပြောတယ်။ ဆီမရှိမစားနိုင်တာကတော့ မှန်ပါတယ်။ သို့သော် ဒီဆီတွေဟာ ဘာအတွက် သုံးနေကြသလဲ။ ပုံပေါလအောသုံးသလား။ မသုံးဘူးလား၊ ဈေးတွေသွား ကြည့်စမ်း။ အိမ်တွေသွားကြည့်ပါ။ ပုံပေါလအော သုံးသလား၊ မသုံးဘူး လား၊ တခြားတိုင်းပြည်တွေ သွားကြည့်ပါ။ ဆီကိုဒီလို ပုံပေါလအော သုံးနိုင် သလား၊ မသုံးနိုင်ဘူးလား၊ ခင်ဗျားတို့ဆီတွေကို ပုံပေါလအော သုံးနေတာ၊



ခင်ဗျားတို့စိတ်ထဲမှာ ဘာမှ အရေးမကြီးဘူးလို့ ထင်တယ်။ အဲဒီလိုပုံပေါ လအောသုံးတဲ့အတွက် ကုလားပြည်ကနေပြီးတော့ ကျွန်တော်တို့ တိုင်းပြည် ကို နှစ်စဉ် နှစ်စဉ် ဆီတွေ အမြောက်အမြား သွင်းပြီးနေရတယ်။ အဲဒါ ကြောင့် ခင်ဗျားတို့ဈေးကြီးတယ်။ ကြီးတယ်ဆိုတာ အကြောင်းပြချက်မှာ ခင်ဗျားတို့ ပုံပေါလအောသုံးနေလို့ ဒီဆီတွေကို တခြားနိုင်ငံက သွင်းနေရတဲ့ အတွက်၊ အပိုသွင်းနေရတဲ့အတွက် ဈေးကြီးတဲ့ နေရာမှာ အကြောင်းတရပ် ဖြစ်ပါတယ်။

ဥပမာတခု၊ အကြောင်းတရပ်ကိုတော့ ကျွန်တော်ပြောပြမယ်။ ငရုတ်၊ ကြက်သွန်ကြည့်။ ဗမာပြည်မှာ ငရုတ်၊ကြက်သွန်က ကိုယ့်ဖာသာကိုယ် စိုက် ယင် မရနိုင်ဘူးလားလို့၊ ကိုယ့်ဖာသာကိုယ် စိုက်ယင် မရနိုင်ဘူးလား။ ကျွန် တော်တို့ဆိုယင် ကျွန်တော့်အိမ်မှာ ကျွန်တော် စိုက်ထားတယ်။ အဲဒီ ကိုယ့် ဖာသာ ကိုယ့်အိမ်ရာကွက်လပ်ရှိတဲ့လူတွေက၊ စိုက်ကြပါလား။မစိုက်ကြဘူး။ ဈေးမှာ ကိုယ်တော်မြတ်တွေက ဝယ်စားချင်ကြတယ်။ ဈေးမှာ ဝယ်စား တော့ အဲဒီ ငရုတ်၊ ကြက်သွန်ဘယ်က လာတယ်မှတ်သလဲ။ အိန္ဒိယပြည်က လာတယ်။ အိန္ဒိယပြည်ကလာတော့ ခင်ဗျားတို့ အိန္ဒိယပြည်ကို ခင်ဗျားတို့ ပိုက်ဆံ ပေးနေရတယ်။ အဲဒီလိုပေးနေရတဲ့အတွက် ဒီတိုင်းပြည်မှာ ရနိုင်တဲ့ ပစ္စည်းကို တခြားနိုင်ငံက ဝယ်နေရတဲ့အတွက် ခင်ဗျားတို့မှာ အခုဈေးကြီး တယ်၊ ကြီးတယ်ဆိုတာ ဒါတွေဖြစ်တာဘဲ။ အကြောင်းတရပ်က ဆန်စားတဲ့ နေရာမှာ ကျွန်တော်တို့ ဆန်စားတဲ့ အနေနဲ့ ဒီအာဟာရဓာတ်ကျမ်းတွေကို နားလည်တဲ့ လူတွေနဲ့ သေသေချာချာကြည့်မယ်ဆိုယင်၊ ကျွန်တော်တို့တိုင်း ပြည်မှာ စားရတဲ့ အာဟာရဟာ အကုန် ပျမ်းမျှခြင်း တွက်ကြည့်မယ်ဆိုယင်၊ တခြားနိုင်ငံတွေထက် ပိုနေတယ်။ ပိုနေတော့ အခုကျွန်တော်တို့ ပြည်မှာ ဆန်ကတော့ လုံလောက်တယ်။ လုံလောက်ရုံတင်မကဘူး။ပိုနေတယ်။ နိုင်ငံ ခြား တင်ရတယ်၊ တင်ရောင်းရတယ်။ နိုင်ငံခြား တင်ရောင်းရပေမဲ့ ကျွန် တော်တို့ စစ်မဖြစ်ခင်ကလောက် မပိုဘူး။ ပိုပိုလျှံလျှံမရှိဘူး။ အဲဒီမှာ ကျွန် တော်တို့ ကုန်တွေစားတာကလဲ ရှေးကထက် လျော့လဲမစားဘူး။ အရင်က လိုဘဲ ပုံပေါလအောစားတုန်းဘဲ၊ အပိုတွေအများကြီးရှိတုန်းဘဲ။

အဲဒီတော့ကာ ယခုဖြစ်နေတာက စစ်မဖြစ်ခင်ကလောက် ဆန်မထွက် ဘူး။ ဆန်မထွက်တဲ့အထဲမှာ ကျွန်တော်တို့ လျော့စားကြသလားဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



လျှော့ မစားဘဲ ပုံပေါလအော စားနေကြတုန်းဘဲ။ အဲဒီအထဲမှာ ဆန်လုတဲ့အဘွက် ငွေတကုဋေကျော်ဖိုးလဲ ဆုံးသေးတယ်။ ကျွန်တော်တို့တိုင်းပြည်က ဝင်ကုန်နဲ့ ထွက်ကုန်မယ်၊ ထွက်ကုန်မှာ အရင်စစ်မဖြစ်ခင်တုန်းက များတယ်။ အဲဒီများဘဲ့ နေရာမှာလဲ ဆန်ကုန်ကူးတဲ့အတွက် အမြတ်အများဆုံးရတယ်။ ယခု ဆန်ကိုသာလျှင် ကျွန်တော်တို့ အများဆုံး အားကိုးရတယ်။ အဲဒီလို ဗမာတွေရဲ့ အသက်သခင်ဖြစ်တဲ့ ကိစ္စမှာ စစ်ပြီးတော့ ပျက်စီးနေတဲ့အတွက် နွားတွေလုသွား၊ နောက်ပြီးတော့ သူခိုး ဓားပြတွေသောင်းကျန်းမှုတွေကြောင့် လယ်ယာတွေ ကောင်းကောင်း မလုပ်ရတဲ့အတွက်ကြောင့်၊ ရှေးကလောက်လဲ မထွက်ဘူး။ ရှေးကလောက်လဲ မလုပ်နိုင်ဘူး။ အဲဒီအထဲမှာ ခင်ဗျားတို့က ပုံပေါလအော စားတုန်းဘဲ။ အဲဒီအထဲမှာ ဆန်လုတဲ့လူက လုကြတယ်။ ငွေတကုဋေကျော်ဖိုး ဆုံးသွားတယ်။ အဲဒီလိုဖြစ်တော့ကာ ဒီလို ဖြစ်နေတာတွေ ခင်ဗျားတို့ ကျပ်တယ်၊ ကျပ်တယ်ဆိုတာ၊ ဒါဘာအံ့ဩစရာ ရှိသလဲ၊ ကျပ်မှာဘဲလို့ ကျွန်တော်တို့က ပြောချင်တယ်။

အဲဒီတော့ ယခုတိုင်းပြည်မှာ မငြိမ်မသက် ဖြစ်နေတဲ့ကိစ္စ ဆူဆူပူပူ ဖြစ်နေတဲ့ ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား။အကျိုးမရှိဘူးလား ဆိုဘာ ခင်ဗျားတို့ ထပ်စဉ်းစားကြည့်။ ခင်ဗျားတို့ အကျိုးရှိဘယ်၊ မရှိဘူးဆိုဘာ ခင်ဗျားတို့ စဉ်းစားဖို့သိုဘယ်။ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က တခါဘလေ အပြောအဆိုမှားတာရှိယင်ရှိမယ်။ တခါဘလေလဲဘဲ အလုပ်နည်းနည်းပါးပါး မှားတာရှိမယ်။ သို့သော်လဲဘဲ စေတနာကတော့သန့်ရှင်းလျက်ပါဘဲ။ ဒါကျွန်တော်သေသေချာချာ ဝန်ခံရဲပါဘယ်။ ဖ၊ ဆ၊ ပ၊ လ အဖွဲ့က ပုဂ္ဂိုလ် တဦး တယောက်တည်းက ဖောက်ပြန်သွားတဲ့လူရှိချင်ရှိမယ်။ သို့သော်လဲ အဖွဲ့အနေအားဖြင့် ဘယ်တော့မှ မဖောက်ပြန်ဘူးဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။ အဲဒီအတိုင်းဘဲမဖောက်ပြန်တဲ့ သန့်ရှင်းတဲ့စေတနာနဲ့ ခြေလှမ်းမှန်မှန်နဲ့ နေပြီးဗမာပြည် လွတ်လပ်ရေးရအောင်ဆိုပြီး အကောင်အထည်ပေါ်အောင် တစတစ ရုပ်လုံးလဲ ကျွန်တော်တို့ ပေါ်ပေါ်လာခဲ့ပြီ။ နောက်ရက်များမကြာမီမှာဆိုယင် တဆင့်တက်ပြီး ခင်ဗျားတို့ အဲဒီ ရုပ်လုံးပေါ်လာတာကို မြင်ရမှာဘဲ။

တိုင်းပြည် ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာလဲဘဲ အဲဒီလိုဘဲ တဆင့်တက်ပြီး ရုပ်လုံးပေါ်လာတာ မြင်ရအုံးမှာဘဲ။ အဲဒီလိုပေါ်လာပြီးတော့



တဆင့်ထက်တဆင့် လုပ်တဲ့နေရာမှာ အကောင်းဆုံး၊ အလွယ်ဆုံး၊ အအေးဆုံးဆိုတဲ့နည်းကို ကျွန်တော်တို့က ပဌမရှေးဦးစွာ ကျွန်တော်တို့ရှာပြီး လုပ်မှာဘဲ။ သို့သော်လဲဘဲ အဲဒီလိုလုပ်လို့ မရဘူးဆိုယင် ကျွန်တော်တို့ ရှေးကလဲပြောလာခဲ့တာတွေ ရှိပါတယ်။ ခင်ဗျားတို့ပြန်ပြီး စဉ်းစားကြည့်။ အေးအေးနဲ့ မရယင်ရနိုင်တဲ့နည်းနဲ့ လုပ်ရမှာဘဲ။ ဒီတော့ တိုင်းပြည်ပြုလွှတ်တော်ကို အချုပ်အချာ အာဏာနဲ့ ပြည့်စုံတဲ့ လွှတ်တော် မဟုတ်ဘူးလို့ ကျွန်တော်ပြောတယ်ဆိုတာက အေးအေးချမ်းချမ်း အင်္ဂလိပ်အစိုးရနဲ့ ကျွန်တော်တို့ အဆီးအတားအာဏာလွှဲပြောင်းယူနိုင်အောင် ကျွန်တော်တို့ ပဌမရှေးဦးစွာ ဒီသဘောကို ထားခြင်းသာဖြစ်ပါတယ်။ သို့သော်လဲဘဲ ကျွန်တော်တို့ပိုင်းခြား သတ်မှတ်ထားတဲ့ အချိန်အခါရောက်လို့ အကြည်အသာဆိုတဲ့ ကိစ္စမျိုး မဖြစ်လို့ရှိယင် ကျွန်တော်တို့ကအတင်းလုပ်မှာဘဲ ဆိုတာတော့ ဒါပြောထားပြီးသား။ဘာမှ ကျွန်တော်တို့ ထပ်ပြောနေစရာ မလိုပါဘူး။

ဒီတော့ အတင်းလုပ်တဲ့အခါမှာလဲ ခင်ဗျားတို့ အဆင်သင့် ရှိနေရမယ်။ ဆွယ်ရေး တရေး၊ ကိုးရေးတရာ ရှိနေရမယ်။ ယခုအခါမှာလဲဘဲ ကိစ္စမပြီးသေးတော့ ကျွန်တော်တို့ သိပ်အားမလျှော့ရသေးဘူး။ ကျွန်တော် အရင်တခါ ပြောခဲ့သလိုဘဲ နိုင်ငံရေးဖက်က အေးနေပြီးတော့ကာ၊ မဟုတ်တဲ့နေရာမှာ ဆူတဲ့ပူတဲ့ဖက်က ပိုလာသလို ဖြစ်နေပါတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ အဲဒီတော့ကာ အဲဒီလို မဟုတ်တဲ့နေရာမှာ ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့ လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူကိုမှ အားပေးဖို့ မလိုဘူး။ သို့သော်လဲဘဲ ဗမာပြည်ရဲ့ လွတ်လပ်ရေးကို ထူထောင်ရေး၊ ဗမာပြည်တိုင်းသူပြည်သား ညီညွတ်ရေး၊ လူထုရဲ့ညီညွတ်ရေး၊ တိုင်းရင်းသား ညီညွတ်ရေးအတွက်လုပ်တဲ့ နေရာတွေမှာ ယခုထက်ပိုပြီး ဆထက်ထမ်းပိုးတိုးပြီး လုပ်ကြဖို့လိုတယ်။ ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ကလဲ ဒီနေရာမှာဆိုယင် လုပ်လာတဲ့နေရာမှာ လိုသေးတယ်။ ကျွန်တော်လဲ သိပ်မကျေနပ်သေးဘူး။ အဲဒီတော့ကာ ဒါတွေအားလုံး အလုပ်လုပ်ကြဖို့လိုတယ်။ အဲဒီလို လုပ်နိုင်ကြမှသာလျှင် လွတ်လပ်ရေးဆိုတာလဲဘဲ ကျွန်တော်တို့ ရည်ရွယ်မှန်းထားတဲ့ အချိန်ပိုင်းအတွင်းမှာ ရလဲရမယ်။ ရပြီးတဲ့နောက် ကျွန်တော်တို့ ရှေ့ဆက်လက်ပြီးတော့ကာ အားလုံး နင်းကန်ပြီးတော့ အလုပ်လုပ်နိုင်မှ အနှစ် ၂၀ လောက်ကြာယင် တန်ကာကျမယ်။

www.burmeseclassic.com

www.burmeseclassic.com



အနှစ် ၂၀ လောက်ကြာယင် တန်ကာကြမယ်ဆိုတာက ကျွန်တော် နဲနဲ ထပ်ရှင်းပြချင်သေးတယ်။ ဥပမာနဲ့ ပြောခဲ့ချင်တယ်။ ဥပမာ ပညာရေး ကြည့်မယ်။ ပညာရေးမယ် ကျွန်တော်တို့ဗမာပြည်မယ် အရင်စင်မဖြစ်ခင် တုန်းကထက် အင်မတန်အောက်ကျ နောက်ကျ ဖြစ်နေတယ်။ အင်မတန် အောက်ကျနောက်ကျ ဖြစ်နေတော့ကာ အခမဲ့ မူလတန်း ပညာ မသင်မနေ ရ ဥပဒေ လုပ်ပေးပါလို့ပြောတယ်။ ဥပဒေသာလုပ်ပေမဲ့၊ ဘယ်လောက်ကြိုး စား၊ ဘယ်လောက်အလုပ်လုပ်မှု၊ ဘယ်လောက်ကြာမှ အဲဒီအခမဲ့ မူလတန်း မသင်မနေရ ပညာဆိုတာ ဗမာပြည်တပြည်လုံး၊ ရွာတိုင်း၊ မြို့တိုင်းမှာဖြစ်မ လဲဆိုတာက အနှစ် ၂၀ ကြာလောက်မှုဖြစ်လိမ့်မယ်။ ယခုရှိတဲ့ ဆရာတွေက အင်မတန် နည်းနေတယ်။ ဒီဆရာတွေကို သင်ရမည့် ကောလိပ်ကျောင်း တွေ၊ နော်မ်ကျောင်းတွေ ဖွင့်ရဦးမယ်။ ကျောင်း အဆောက် အဦတွေ ပျက်နေငယ်။ အဲဒီကျောင်းတွေမှာ သုံးမဲ့ပစ္စည်းကိရိယာ တန်ဆာပလာ၊ စာအုပ်ခဲတံ၊ ကျောက်သင်ပုန်း၊ ဘီဒိုအကုန်လုံးရှိရမယ်။ ဒါတွေလဲ စုံစုံလင် လင်ရှိရမယ်။ အဲဒီဟာတွေအတွက် ကုန်မည့်ငွေတွေဟာ ဘယ်လောက်ကုန်မ လဲဆိုယင်၊ ကုဋေပေါင်းအများကြီး ချီပြီးတော့ကုန်မယ်။အနှစ် ၂၀ လောက် ကျွန်တော်တို့ ကုန်းလုပ်ပါမှ အနှစ် ၂၀ လောက်ရှိမှ ခင်ဗျားတို့ ဗမာပြည်တ ပြည်လုံး အခမဲ့ မူလတန်း မသင်မနေရ ပညာဆိုတာ တတိုင်းတပြည်လုံး ရွာတိုင်း၊ မြို့တိုင်းမှာဖြစ်မယ်။

နောက်ပြီးတော့ ကျွန်တော်တို့ ကာကွယ်ရေးဖက်ကြည့်၊ စစ်တပ်တွေ၊ အခု ကျွန်တော်တို့ရှိတဲ့ စစ်တပ် ဘာရှိသလဲ။ ကျွန်တော်တို့ရှိတဲ့ စစ်တပ် ဗမာပြည်မှာ ဆူတာပူတာ နှိမ်ဖို့တော့ လုံလောက်တယ်။ ဘာဖြစ်လို့လဲ။ အဲဒီ ဆူတာပူတာရှိတဲ့အတွက် စစ်တပ်ရော၊ ပုလိပ်တပ်ရော ခါတိုင်းထက် နှစ်ဆ အခုပိုထားနေရတယ်။ အဲဒီလို နှစ်ဆပိုထားရတဲ့အတွက် နှစ်ဆ ပိုစ ရိတ်ကုန်တယ်။ နှစ်ဆပို စရိတ်ကုန်တယ်ဆိုတာ ဘယ်သူ့ဆီကလဲ၊ ခင်ဗျား တို့ပေးတဲ့ အခွန်တွေဆီက နှစ်ဆပိုစရိတ်ကုန်တယ်။ အဲဒီတော့ ခင်ဗျားတို့မှ ာ အခုပြန်ဈေးကြီးတယ်၊ ဈေးတွေကြီးတယ်၊ကြီးတယ်ဆိုတာ ဒီလိုအကြောင်း တွေဘဲ။ တိုင်းပြည်ကာကွယ်ဖို့ကိစ္စမှာ ကျွန်တော်တို့ စစ်တပ်တွေက မလုံ လောက်သေးဘူး။ ကုန်းတပ်ဆိုတဲ့ ကုန်းတပ် စစ်တပ်ကလဲ ဘာမှ မဖြစ် လောက်သေးဘူး။ ဘံချုပ်ကာ ကားတပ်ဆိုတာတွေ မရှိသေးဘူး။ ဒီတပ်



မျိုးဟာ အခုလိုခေတ်မှာဖြစ်တဲ့ စစ်ကြီးမျိုးမှာဆိုယင် တော်တော်တန်တန် ကြီးမားတဲ့ရန်သူနဲ့ အင်အားကောင်းကောင်းနဲ့၊ လက်နက်ကောင်းကောင်းနဲ့ တိုက်ခိုက်တယ်ဆိုယင် နာရီပိုင်းအတွင်းပြုတ်မယ်။ ဒီစစ်တပ်မျိုးဟာ ရင်ဆိုင် သာ တိုက်လို့ရှိယင် နာရီပိုင်းအတွင်းပြုတ်မယ်။ အခု ကျွန်တော်တို့မှာ ရှိတဲ့ ရေတပ်ဆိုတာက ဟန်ပြ ရေတပ်ဘဲရှိသေးတယ်။ တကယ့်တကယ် ဘာမှ တိုင်းပြည်ကို တကယ်မကာကွယ်နိုင်သေးဘူး။ လေတပ်ဆိုတာ အခုမှ စတုန်း ရှိသေးတယ်။ အဲဒီတော့ကာ လေတပ်ကိုဘဲ ကျွန်တော်စဉ်းစားပြမယ်။ တ ခြားဟာတွေ မစဉ်းစားနဲ့။ လေတပ်ဆိုလို့ရှိယင် ဒီတိုင်းပြည်လို လေတပ်မျိုး ဟာ အဖျင်းဆုံး လေယာဉ်ပျံအစင်း ၅၀၀ လောက်ရှေ့တန်း လေယာဉ်ပျံ ခေါ်ပါတယ်။ **First Line Plane** ။ **First Line Plane** အဖျင်းဆုံး စစ်ဖြစ် ဖြစ်ချင်း လေယာဉ်ပျံ ၅၀၀ လောက်ရှိမှ၊ ဒါတောင်မှ လုံလောက် တယ်လို့ မခေါ်နိုင်သေးဘူး။ သို့သော်လဲ တူတူတန်တန်ကလေး တိုက်နိုင် တယ်။ လေယာဉ်ပျံတစင်းတစင်း ဘယ်လောက်ကျတယ်၊ ခင်ဗျားတို့ထင် သလဲ။ လေယာဉ်ပျံ တစင်းတစင်းကို တော်တော်ကိုဘဲကျတယ်၊ ငါးသိန်း၊ တသန်းစသည်ဖြင့် ကျတယ်။ အဲဒီတော့ လေယာဉ်ပျံအစင်း ၅၀၀ ဆိုယင် ခင်ဗျားတို့တွက်ကြည့်ပါတော့။ တသန်းနဲ့ စစ်လေယာဉ်ပျံဆိုတော့ ပိုပြီး ပိုက်ဆံကုန်မယ်။တသန်းနဲ့ ခင်ဗျားတို့တွက်ကြည့်။ လေယာဉ်ပျံ အစင်း ၅၀၀ တသန်းနဲ့တွက်ကြည့်။ ကုဋေ ၅၀ ကုန်မယ်။ ကုဋေ ၅၀ ကုန်ပြီး၊ အဲဒီလေ ယာဉ်ပျံတွေ ၅၀၀ က ရှေ့မှာတိုက်တဲ့အခါ နောက်မှာက လေယာဉ်ပျံတစင်း ကို သုံး၊ လေးစင်း အရံထားရမယ်။ အဲဒီနောက်မှာက အဖျင်းဆုံး လေယာဉ် ပျံ ၅၀၀ ထပ်ဖြည့်မှဖြစ်မယ်။

အဲဒီဟာ ကုဋေ ၅၀၊ ကုဋေ ၁၀၀ သွားရော၊ အဲဒီမှာ ပျက်တဲ့လေယာဉ် ပျံတွေကို ပြင်ဖို့ အလုပ်ရုံတွေ၊ ဘာတွေ၊ ညာတွေရှိရမယ်။ စက်ကိရိယာ တန်ဆာပလာ နားလည်တဲ့လူတွေ ရှိရမယ်။ အဲဒီလို လုပ်ပေးရမဲ့ လူတွေ ရှိရမယ်။ အဲဒါမျိုးတွေပေါ့ဗျာ။ ရှောက်ပြီး တွက်လိုက်မယ် ဆိုလို့ရှိယင် အမြောက်အမြားကို ကုန်မယ်။ ကုဋေပေါင်း အများကြီး ချီကုန်မယ်။ ကျွန်တော်တို့ တိုင်းပြည်က တနှစ် တနှစ်ကို ရမဲ့ဝင်ငွေက တိုင်းပြည်ဆီက ရတဲ့ အခွန်ငွေက ဘယ်လောက် ရမလဲ။ စစ်မဖြစ်ခင်က အလွန်ဆုံး ကုဋေ ၂၀ ဘဲ ရတယ်။ အခုဒီစစ်ပြီးတာနဲ့ ကုဋေ ၂၂ ကုဋေရတယ်။ နောင်ကို ကျွန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တော်တို့က ဖျစ်ဖျစ်ညှစ်ညှစ်ရအောင် အမျိုးမျိုး စီမံကိန်းတွေနဲ့ လုပ်မယ်ဆိုယင် ကျွန်တော်တို့ နှစ်စဉ်နှစ်စဉ်ရဖို့ ကုဋေ ၃၀ ဆိုတာ လွန်ရောကျွံရောဘဲ။

ဒါဟာ အင်မတန်ပိုပို ကြိုကြို တွက်ထားတာဘဲ။ ကျွန်တော်တို့ စီမံကိန်းတွေလုပ်တဲ့ အခါမှာ အမြတ်အစွန်းရမယ်ဆိုတာက ချက်ချင်းရချင်မှရမယ်။ အဲဒီတော့ကာ အဲဒီလို ဒီလောကတိုင်းပြည်ရဲ့ ဝင်ငွေကျတော့ နဲနေပြီးတော့ ကျွန်တော်တို့ ကုန်ရမဲ့ ဟာတွေကတော့ လေယာဉ်ပျံတပ်ဘဲ ကြည့်လိုက်မယ်ဆိုယင် ကုဋေ အဖျင်းဆုံး ၁၅၀-၂၀၀ လောက်ကျမဲ့ဟာမျိုးဖြစ်နေတယ်။ အကုန်လုံးခြုံပြီး ကြည့်လိုက်မယ်ဆိုယင် ကျွန်တော်တို့ တိုင်းပြည်ဟာ တကယ်တကယ်တော့ စစ်တိုက်တဲ့ အချိန်မျိုးမှာ လူတသန်း စစ်တပ် အင်အားရှိရမယ်၊ ရှိမှကောင်းမယ်။ လူတသန်း စစ်တပ်အင်အားရှိမှ ကောင်းမယ်ဆိုတော့၊ အဲဒီတော့ အခုကျွန်တော်တို့ ရှိနေတဲ့ စစ်တပ်တွေဟာ အခု နှစ်သောင်းလောက်ဘဲရှိတယ်။ နှစ်သောင်းလောက်ရှိတဲ့ စစ်တပ်ကို နှစ်သောင်းလောက်ဆိုတာ ကျွန်တော် Army တွင်ပြောတာ၊ Navy တို့၊ Air Force တို့ မပါသေးဘူး၊ အဲဒီတော့ နှစ်သောင်းလောက်ရှိတဲ့၊ အဲဒီ နှစ်သောင်းလောက်ဆိုတဲ့ စစ်တပ်တောင်မှ ငွေဘယ်လောက် ကုန်သလဲဆိုယင် ရှစ်ကုဋေလောက် ကုန်တယ်။ အဲဒီ နှစ်သောင်းလောက်ရှိတဲ့စစ်တပ်ကို ရှစ်ကုဋေကုန်ယင်၊ ကျွန်တော်တို့တိုင်းပြည် ကာကွယ်ရေးအတွက် အဖျင်းဆုံး တသန်း လောက် စစ်ဖြစ်လျှင် ဖြစ်ချင်း လိုတော့တာဘဲ။ ဒီတော့ သန်းပေါင်းဘယ်လောက် ကုန်မလဲဆိုတာ ခင်ဗျားတို့ဘဲ တွက်ကြည့်ပါတော့ဗျာ။ အဲဒီလိုကုန်တဲ့ငွေမျိုး၊ လူတွေ၊ ကျွန်တော်တို့က နောက်တခါ စစ်ကြီးမဖြစ်ခင် ကျွန်တော်တို့က အမြန်ဆုံး ရအောင် လုပ်ရမယ်။

ဒီအတောအတွင်းမှာလဲဘဲ၊ ဟိုနေရာက မထိတထိစတာ၊ ဒီနေရာက မထိတထိ စတာကိုလဲ ကျွန်တော်တို့ ပြန်ပြီးတော့ လုပ်ရဲရမယ်။ အဲဒီလို လုပ်နိုင်အောင်က ကျွန်တော်တို့ လုပ်ရမယ်ဆိုယင်၊ ခင်ဗျားတို့ ပြအောင် အလုပ်လုပ်ရမယ်။ အလုပ် မလုပ်ဘဲနဲ့တော့ လွတ်လပ်ရေးရပေမဲ့ ဘယ်နည်းနဲ့မှ ခင်ဗျားတို့ လွတ်လပ်ရေး အရသာကို ကျပ်ပြည့် တင်းပြည့် ခံစား စားရမှာ မဟုတ်ဘူးဆိုတာ ဘယ်လို အစိုးရဘဲ တက်တက်၊ ကွန်မြူနစ် အစိုးရဘဲ တက်တက်၊ ဆိုရှယ်လစ် အစိုးရဘဲ တက်တက်။ ဘာအစိုးရဘဲ တက်တက်၊



အဲဒီ အလုပ် မလုပ်ဘဲနဲ့တော့ ခင်ဗျားတို့ မဖြစ်ဘူးဆိုတာကို ကျွန်တော် တာဝန်ချ ရဲရဲကြီးပြောရတယ်။

အဲဒီတော့ကာ ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ယင်၊ လွတ်လပ်ရေးရနိုင်လောက်တဲ့စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိယင် လွတ်လပ်ရေးကို ရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ယင် လွတ်လပ်ရေးကို ရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေး အရသာကို ခံစားစားချင်တယ်ဆိုယင်၊ အလုပ် လုပ်ကြဖို့၊ စည်းကမ်း ရှိကြဖို့၊ ယခုကာတည်းက ခင်ဗျားတို့ ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့ လိုပြီဆိုတာ ကျွန်တော် ကနေ့ပြောခဲ့ချင်တယ်။

"ဗမာတွေ စိတ်ထက်သံလေး ဘာလေးနဲ့ တာလိုဆံပင်ကောင်းနေကြတယ်။ ဗမာပြည်လွတ်လပ်ရေးရအောင် လုပ်ရမဲ့တိုက်ပွဲမျိုးမှာ အသုံးမချဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးမှာ အသုံးမချဘူး။ ဗမာ ဗမာချင်း ချဖို့မှာလုပ်ချင်တယ်။ ဒါမျိုးတွေလုပ်ချင်လို့ ဘယ်ခေတ်မှ အကျိုးမရှိဘူး။"

ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com